# စံပြအိမ်ထောင်

## ပထမတွဲ

အယ်လင်ဂျီ၊ဝှိုက် ရေးသားသည့် **“THE ADVENTIST HOME”** စာအုပ်ကို ဦးအေ၊
ဘတင်က **“စံပြအိမ်ထောင်”** အမည်ဖြင့်မြန်မာပြန်ဆိုသည်

**တတိယအကြိမ်**

ပထမပုံနှိပ်ခြင်း၊ ၁၉၉၅ ခု၊ နိုဝင်ဘာလ၊ အုပ်ရေ ၅၀၀၀
ဒုတိယပုံနှိပ်ခြင်း၊ ၁၉၉၇ ခု၊ မေလ၊ အုပ်ရေ ၅၀၀၀
တတိယပုံနှိပ်ခြင်း၊ ၂၀၁၅ ခု၊ အောက်တိုဘာလ၊ အုပ်ရေ ၃၀၀၀

**စံပြအိမ်ထောင်**

ပထမတွဲ

ပုံနှိပ်သူ
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
(၂၀၆) ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်

ထုတ်ဝေသူ
ဦးစောမဲမရီထွန်း (၀၀၅၉၄)
ဥက္ကဌ
သတ္တမနေ့အသင်းတော်သာသနာအဖွဲ့ချုပ်၊
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၃၀၀၀

တန်ဖိုး – ၃၀၀၀.၀၀

တတိယအကြိမ်

# စကားချီး

စံပြအိမ်ထောင်ဆိုသည်မှာ၊ ဘုရားတရားကိုင်းရှိုင်းသူတို့၏စံနှုန်းထားများနှင့်အလေ့အကျင့်များကို လက်ခံကျင့်သုံးရသည်ကတစ်မျိုး၊ ဆုံးမသွန်သင်ပေးရသည်ကတစ်ဖုံ အစုံစုံတို့ကိုလိုက်နာကျင့်သုံးရသောဌာနဖြစ်၍ ယင်းအိမ်ထောင်များ၌ မွေးဖွားကြီးပြင်းလာကြသောသားသမီးတို့ကို ဘုရားတရားကြည်ညိုကိုင်းရှိုင်းသောဘောင်အတွင်းသို့ ပြောင်းလဲသွတ်သွင်းပေးရန် သက်ဆိုင်ရာမိဘနှစ်ပါးတို့အား ဖန်ဆင်းရှင်ကမိန့်မှာထားတော်မူသော နေရာ မျိုးလည်းဖြစ်သည်။ ယင်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်စေရန် မြော်လင့်ခြင်းအသင်းသားမိဘများတို့သည် သူတို့အနေဖြင့်တွေ့ရှိနိုင်သမျှသော အကူအညီကိုရှာဖွေလျက် ရှိသည်။

မိဘများအတွက် အယ်လင်ဂျီ၊ ဝှိုက် သည် အလွန်တန်ဖိုးရှိသော အကြံပေးစကားများ မြောက်မြားစွာကိုရေးသားပြုစုထားပြီးဖြစ်သည်။ အိမ်ထောင်ဆိုင်ရာကဏ္ဍတိုင်းနှင့်ပတ်သက်၍ ရေးသားပြုစုထားလျက် ယခုခေတ်တွင် လည်းစဉ်းစားဆင်ခြင်တတ်၍ စိုးရိမ်ကြောင့်ကြတတ်သောမိဘများတို့အား ဓာသကမကင်းဖြစ်စေသောပြဿနာပေါင်းစုံတို့နှင့်ပတ်သက်၍ အထူးညွှန်ကြား ချက်များကိုပေးထားလေသည်။

သူမကွယ်လွန်မသွားမီနှစ်ပေါင်းများစွာအထက်က “မြော်လင့်ခြင်းမိဘများလက်စွဲ” အမည်ရှိသောစာအုပ်ကိုပြုစုဖြန့်ချိရန် ဆန္ဒရှိကြောင်းပြသခဲ့လေသည်။ ယင်းဆန္ဒကိုအကောင်အထည်ဖော်ရန် ဤစာစောင်ကို ကြိုးပမ်းထုတ်ဝေလိုက်ပါသည်။

“စံပြအိမ်ထောင်” ဆိုသောဤစာစောင်သည် မအားမလပ်လုပ်ကိုင်နေကြသောမိဘများအတွက် လက်စွဲစာစောင်တစ်ခုဖြစ်၍ အိမ်ထောင်တစ်ခုဘယ်ကဲ့သို့ဖြစ်လာနိုင်ကြောင်းကိုလည်းကောင်း၊ ဘယ်ကဲ့သို့ဖြစ်သင့်သည်ကိုလည်းကောင်း တင်ပြထားပါသည်။ မိဘများတို့အနေဖြင့် မေးခွန်းပေါင်းစုံ၏အဖြေများနှင့် ကောင်းကင်ဘုံရှင်အဖဘုရားအထံတော်မှ ဉာဏ်ပညာဖြင့်ပြည့်စုံလှသောမိန့်တော်မူချက်များ ဤစာစောင်တွင်ပါရှိပါသည်။

ဤစာစောင်ကိုစုဆောင်းပြုစုရာတွင် နှစ်ပေါင်းခုနစ်ဆယ်အတွင်း အယ်လင်ဂျီ၊ ဝှိုက် ရေးသားပြုစုခဲ့သောစာအုပ်စာတမ်းများ အထူးသဖြင့်

# စကားချီး

အသင်းတော်မှာထုတ်ဝေသောမဂ္ဂဇင်းဂျာနယ်များအတွက် ရေးသားပေးပို့လိုက်သော ထောင်သောင်းမကသောသူမ၏ဆောင်းပါးများမှ ကောက်နုတ်ချက်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ လက်ရှိပုံနှိပ်ထားပြီးဖြစ်သောစာစောင်များ အထူးသဖြင့် စာစောင်ငယ်များအနေဖြင့် ထုတ်ဝေလျက်ရှိသောသက်သေခံချက် စာစောင်များနှင့် အယ်လင် ဂျီ၊ ဝှိုက် စာမူဖိုင်တွဲများမှ ကောက်နုတ်ချက်များအား ဖြင့် **ဤ**စာစောင်ကိုတိုးတက်ကောင်းမွန်အောင် စုဆောင်း**ပြု**စုထားပါသည်။

**ဤ**စာစောင်ကို အယ်လင်ဂျီ၊ ဝှိုက် စာပေတိုက်တွင် စုဆောင်း**ပြု**စုပါသည်။ စာပေများပုံနှိပ်ထုတ်ဝေရန်အတွက် လိုအပ်သောဆောင်းပါးများနှင့် အချက်အလက်များကို သူမ၏**ညွှ**န်ကြားထားချက်အရ သူမ၏စာမူများကို အသုံး**ပြု**ထားပါသည်။ အဘယ်ကြောင့်ဆိုသော် "ကိုယ်တော်ရှင်၏လူတို့ အတွက် ဘုရားသခင်သည် ကျွန်မအားပေးထားတော်မူသော**ညွှ**န်ကြားချက် များ" ပါရှိသောကြောင့်ဖြစ်သည်။

**ဤ**စာစောင်မျိုးကို ယခုခေတ်အချိန်တွင် အထူးလိုအပ်ပါသည်။ မိဘနှင့်သားသမီးတို့အား အနှောင့်အယှက်ပေးနေသောအရာများအတွက် အဖြေမှန်ကိုသူတို့အနေဖြင့် ယခုအချိန်ထက်လိုအပ်သောအချိန်သည် မရှိခဲ့ပေ။ ယခုခေတ်ယခုအခါထက် အိမ်ထောင်များအတွက် ပိုမိုအန္တရာယ်များ သောအချိန်သည်မရှိခဲ့ပေ။

လူမျိုးတစ်မျိုး၏အိမ်ထောင်များ**၌**ရှိသောအခြေအနေက လူ့အဖွဲ့အစည်း**၌**ရှိသောအခြေအနေကိုဖန်တီးပေးကြောင်း လူတိုင်းအသိပင်ဖြစ်သည်။ အိမ်ထောင်**၌**ရှိသောပြောင်းလဲသောအခြေအနေသည် ပြောင်းလဲသောလူ့အဖွဲ့အစည်းတွင် ရောင်ပြန်ဟပ်နေသည်ကို ကျွန်ုပ်တို့အနေဖြင့် သိရှိကြသည်။ ယင်းကဲ့သို့ကောင်းကျိုးမျိုးကို**ပြု**ရာတွင် "စံပြအိမ်ထောင်" စာစောင်က အထောက်အကူ**ပြု**ပါစေဟူသော ကောင်းမြတ်သောစေတနာဖြင့် အယ်လင် ဂျီ၊ ဝှိုက် စာပေတိုက်မှ အုပ်ထိန်းသူများက ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

---o---

# မာတိကာ


## အပိုင်း (၁)

လုပထွန်းပြောင်လူ့အိမ်ထောင်

၁။ အိမ်ထောင်၏ပတ်ဝန်းကျင် ------------------------ ၃

၂။ စစ်မှန်သောအိမ်ထောင်တိုင်း၏အခြေခံအင်္ဂါရပ်များ --------- ၁၀

၃။ ဒေင်စံပြအိမ်ထောင် ------------------------------ ၁၅

## အပိုင်း (၂)

ရပ်ကွက်အကျိုးဆောင်အလင်းရောင်

၄။ ထိရောက်သောအိမ်ထောင်၏သြဇာသက်ရောက်မှု --------- ၂၃

၅။ ခွန်အားကြီးသောသက်သေခံခြင်း -------------------- ၂၉

## အပိုင်း (၃)

ရာသက်ပန်အိမ်ထောင်ရေး

၆။ ကြီးမားသောဆုံးဖြတ်ချက် ------------------------ ၃၉

၇။ မေတ္တာစစ်လော၊ တဏှာချစ်လော ------------------- ၄၉

၈။ ဖြစ်တတ်သော လူပျိုလှည့်သည့် ကာလဆိုင်ရာအလေ့
အထများ ---------------------------------- ၅၇

၉။ တားမြစ်ထားသောထိမ်းမြားမင်္ဂလာများ --------------- ၆၆

၁၀။ အကြံဉာဏ်လိုအပ်ချိန်ဝယ် ------------------------ ၇၉

## အပိုင်း (၄)

အောင်မြင်မှု (သို့မဟုတ်) ရှုံးမှုကိုဖန်တီးပေးသောအကြောင်းအရာများ

၁၁။ အဆောတလျင်အချိန်စောသောထိမ်းမြားခြင်းများ --------- ၈၉

၁၂။ သင့်လျော်အပ်စပ်ခြင်း --------------------------- ၉၅

၁၃။ အိမ်တွင်းမှုဆိုင်ရာပညာသင်ကြားခြင်း ---------------- ၁၀၀

၁၄။ စစ်မှန်သောပြောင်းလဲမှုလိုအပ်ခြင်း ------------------ ၁၁၀

## အပိုင်း (၅)

ထိမ်းမြားမင်္ဂလာပြုချိန်မှ

၁၅။ လေးနက်သောသစ္စာပြုချက်များ ------------------ ၁၁၇
၁၆။ ပျော်ရွှင်၊ အောင်မြင်တွဲဖက်လျှင် ------------------ ၁၂၅
၁၇။ နှစ်ဦးနှစ်ဖက်ဆောင်ရွက်စရာတာဝန်များ ------------- ၁၃၈
၁၈။ ထိမ်းမြားမင်္ဂလာဆိုင်ရာတာဝန်များနှင့်အခွင့်အရေးများ----- ၁၄၉

## အပိုင်း (၆)

အိမ်ဂေဟာသစ်

၁၉။ နေအိမ်သစ်ထူထောင်ထားရှိအပ်သောနေရာ ------------ ၁၆၃
၂၀။ မိသားစုနှင့်မြို့ကြီးပြကြီး------------------------ ၁၆၉
၂၁။ ကျေးလက်ဒေသတို့၏အကျိုးကျေးဇူးများ ------------- ၁၇၇
၂၂။ နေအိမ်တည်ဆောက်ခြင်းနှင့်ပရိဘောဂအနေအထား ------- ၁၈၇

## အပိုင်း (၇)

ဘုရားသခင်၏အမွေအနှစ်

၂၃။ ကောင်းချီးမင်္ဂလာမေ့သည်းချာ------------------- ၂၀၃
၂၄။ မိသားစုစီမံကိန်း ----------------------------- ၂၀၇
၂၅။ ချို့တဲ့သောကလေးများကိုကြည့်ရှုပြုစုခြင်း------------- ၂၁၄
၂၆။ သားသမီးများအတွက်မိဘတို့၏အမွေအနှစ် ------------ ၂၂၁

## အပိုင်း (၈)

အောင်မြင်သောမိသားစု

၂၇။ သန့်ရှင်းသောမိသားစုအသိုက်အဝန်း --------------- ၂၂၇
၂၈။ ကလေးသူငယ်၏ပထမဆုံးစာသင်ကျောင်း ------------ ၂၃၂
၂၉။ လွဲပြောင်း၍မရသောလုပ်ငန်း--------------------- ၂၄၁

၃၀။ မိသားစုဥမကွဲ၊ သိုက်မပျက်နေထိုင်ခြင်း -------------- ၂၄၆
၃၁။ မေတ္တာအားဖြင့်လုံခြုံမှုရယူခြင်း-------------------- ၂၅၂
၃၂။ စိတ်နှလုံး၏ဥယျာဉ်၌တင်ကြိုနေရာယူခြင်း ------------ ၂၅၉
၃၃။ လမ်းပြပို့ဆောင်ရန်ဘုရားသခင်၏ကတိတော်များ -------- ၂၆၄

အပိုင်း (၉)

အိမ်ထောင်ကိုစုစည်းသူဖခင်

၃၄။ ဖခင်၏ရာထူးနှင့်တာဝန်များ -------------------- ၂၇၅
၃၅။ တာဝန်များကိုဝေငှထမ်းဆောင်ခြင်း----------------- ၂၈၂
၃၆။ သားသမီးများ၏အပေါင်းအဖော်------------------ ၂၈၇
၃၇။ မဖြစ်ထိုက်သောခင်ပွန်းမျိုး -------------------- ၂၉၃

အပိုင်း (၁၀)

အိမ်ထောင်၏ဘုရင်မကြီးဖြစ်သောမိခင်

၃၈။ မိခင်၏ရာထူးနှင့်တာဝန်များ --------------------၃၀၃
၃၉။ မိခင်ဩဇာသက်ရောက်ခြင်း --------------------၃၁၆
၄၀။ မိခင်၏လုပ်ငန်းနှင့်ပတ်သက်၍အလွဲယူဆချက် --------- ၃၂၂
၄၁။ မိခင်ဘဝ၏မပြည့်စုံသောပုံစံများ ------------------ ၃၂၈
၄၂။ မိခင်၏ကျန်းမာရေးနှင့်ပုဂ္ဂလိကအမူအရာ ------------၃၃၃
၄၃။ မီးမဖွားမီဩဇာသက်ရောက်မှုများ -----------------၃၃၉
၄၄။ ကလေးငယ်များကိုကြည့်ရှုပြုစုခြင်း ---------------၃၄၆
၄၅။ သားသမီးများအားသွန်သင်ဆုံးမခြင်းသည်
မိခင်၏ပထမဦးဆုံးတာဝန်ဖြစ်ခြင်း----------------- ၃၅၂
၄၆။ မိထွေး-------------------------------------၃၆၀
၄၇။ မိခင်တို့အတွက်ခရစ်တော်၏အားပေးစကား ----------၃၆၅

အပိုင်း (၁)

# လုပတွန်းပြောင်လူ့အိမ်ထောင်

# အခန်း ၁
# အိမ်ထောင်၏ပတ်ဝန်းကျင်

## အိမ်ထောင်သည်လူ့အဖွဲ့အစည်း၏အခြေအမြစ်ဖြစ်ပါသည်။

လူ့အဖွဲ့အစည်းတစ်ခုတွင် မိသားစုများပါဝင်ပါသည်။ ထိုမိသားစုများ၏ အိမ်ထောင်ဦးစီးများသည် ယင်းလူ့အဖွဲ့အစည်းကို ဦးဆောင်တည်ဆောက်ထားခြင်းဖြစ်ပါသည်။ နှလုံးသည် အသက်၏အခြေအမြစ်ဖြစ်သကဲ့သို့ ၎င်းနှင့်တူသည့်မိသားစုသည် လူ့အဖွဲ့အစည်းတစ်ခု၏အခြေအမြစ်ဖြစ်၏။ အလားတူပင် အသင်းတော်၏အခြေအမြစ်သည်လည်းကောင်း၊ တိုင်းပြည်တစ်ပြည်၏အခြေအမြစ်သည်လည်းကောင်း အိမ်ထောင်စုများပင်ဖြစ်ကြ၏။ ယင်းသို့ဖြစ်ရာ လူ့အဖွဲ့အစည်းတစ်ခု၏ကောင်းစားရေး၊ အသင်းတော်၏အောင်မြင်ရေး၊ တိုင်းပြည်တစ်ခု၏တိုးတက်ဖွံ့ဖြိုးရေးများတို့သည် အိမ်ထောင်တစ်ခုစီ၏ပြုပြင်စီမံပေးမှုပေါ်တွင် တည်မှီပါသည်။

အနာဂတ်လူ့အဖွဲ့အစည်းတစ်ခု၏တိုးတက်မှု၊ (သို့မဟုတ်) ဆုတ်ယုတ်မှုသည် ယနေ့လူငယ်များ၏အကျင့်စရိုက်များပေါ်တွင် တည်နေပါသည်။ လူငယ်တို့သည် အတတ်ပညာဆည်းပူးနေချိန်တွင် ကောင်းသောအလေ့အကျင့်ရှိခြင်း၊ မိမိကိုယ်ကိုမိမိချုပ်တည်းခြင်း၊ မူးယစ်ဆေးဝါးရှောင်ကြဉ်ခြင်း စသည်တို့ကိုမိဘတို့သည်ပုံသွင်းပေးပါက သက်ဆိုင်ရာလူ့အဖွဲ့အစည်းသည်လည်း တိုးတက်ဖွံ့ဖြိုးလာလိမ့်မည်။ လူငယ်တို့အားလမ်းညွှန်ဦးဆောင်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းမရှိပါက ကိုယ်စိတ်အလိုသို့လိုက်တတ်၍ ကာမဂုဏ်လိုက်စားတပ်မက်ခြင်း စသည့်လူ့အဖွဲ့အစည်းဖြစ်လာလိမ့်မည်။ နောင်အခါ နှစ်ပေါင်းများစွာတွင်ဖြစ်ပေါ်လာမည့် အနာဂတ်လူ့အဖွဲ့အစည်းသည် ယနေ့လူငယ်များကျင့်စဉ်များပေါ်တွင် မူတည်ပါသည်။

## သာယာဆုံးသောကောင်းကင်နိုင်ငံတော်၏ပုံစံနမူနာ

အိမ်ထောင်ဟုခေါ်တွင်သည့်အတိုင်း၎င်းဝေါဟာရနှင့်ကိုက်ညီသင့်ပါသည်။ အိမ်ထောင်သည် မြေကြီးပေါ်တွင်ရှိသော ကောင်းကင်ငယ်ကလေးပမာ

ချစ်ခင်ကြင်နာတတ်သောသဘောကို **ပြု**စုပျိုးထောင်ရမည်။ ဖိစီးနှိပ်ကွပ်ထားခြင်းမပြုသင့်ပါ။ ကျွန်ုပ်တို့၏စိတ်ချမ်းသာမှုသည် မေတ္တာတရားနှင့်ကြင်နာခြင်းတရားကို**ပြု**စုပျိုးထောင်**၍** တစ်ယောက်ကိုတစ်ယောက် မှန်ကန်သောယဉ်ကျေးမှုနှင့် ဆက်ဆံခြင်းများပေါ်တွင် မူတည်ပါသည်။

အသာယာဆုံးသောကောင်းကင်အိမ်ထောင်မျိုးသည် ဘုရားသခင်၏ဝိညာဉ်တော်ဦးစီးနာယက**ပြု**သောနေရာဖြစ်သည်။ ဘုရားသခင်၏အလိုတော် ကိုလိုက်လျှောက်ကျင့်သုံးကြလျှင် ခင်ပွန်းနှင့်ဇနီးတို့သည် တစ်ဦးကိုတစ်ဦး**ရှိ**သေမြတ်နိုး ကိုးစားကြမည်ဖြစ်သည်။

**အရေးကြီးသောအိမ်ထောင်၏ပတ်ဝန်းကျင်** – မိခင်နှင့်ဖခင်တို့၏အသက်ဝိညာဉ်များကို ဝန်းရံထားလျက်ရှိသော ပတ်ဝန်းကျင်သဘောတရားများသည် တစ်အိမ်ထောင်လုံးတွင် ပြည့်သိပ်လျက်ရှိ**၍** အိမ်ထောင်၏အစိတ်အပိုင်းတိုင်းတွင် တွေ့မြင်သိရှိနိုင်ပေသည်။

အများအားဖြင့်မိဘများသည် အိမ်ထောင်၏အသိုက်အဝန်းတွင် ရှိအပ်သောအခြေအနေကို ဖန်တီးပေးကြသည်။ အဖေနှင့်အမေတို့စပ်ကြားတွင်လည်းယင်းအခြေအနေမျိုးသည် ရောင်ပြန်ဟပ်နေတတ်သည်။ သင်တို့၏ အိမ်ထောင်ပတ်ဝန်းကျင်ကို မွေး**ကြိုင်၍**ကြင်နာထောက်ထားတတ်သောသဘောတို့ဖြင့်တန်ဆာ ဆင်ထားပါသည်။ သင်**၌**စိမ်းကားရက်စက်သော စိတ်ဝင်လာ**၍**သမ္မာတရားနှင့် လျော်ညီသော ခရစ်ယာန်ပီသမှုမရှိသောအခါ မိမိကိုယ်ကိုမိမိဆုံးမပါ။ စိတ်ပြောင်း လဲပါ။ သင်သည် ကောင်းကင်ဘုံ**၌** သန့်ရှင်းသူတစ်ဦးဖြစ်လိုပါက မြေကြီးပေါ် တွင်အစ**ပြု**ရမည်။ သင်၏ အသက်တာတွင် သင်နှစ်သက်မွေးမြူထားသော အကျင့် စာရိတ္တသည် သေခြင်း တရားအားဖြင့်လည်းကောင်း၊ ထမြောက်ရှင်ပြန်ခြင်း တရား အားဖြင့်လည်း ကောင်း ပြောင်းလဲသွားမည်မဟုတ်ပါ။ သင်၏ အိမ်ထောင်နှင့် ပတ်ဝန်းကျင်က ပါလာသည့် ပကတိစိတ်နေသဘောထားနှင့်ပင်သင်သည် သင်၏ဂူသင်္ချိုင်းတွင်းမှ ထလာမည်ဖြစ်ပါသည်။ ခရစ်တော်ပြန်လည်ကြွလာ တော်မူသော

အခါ ကျွန်ုပ်တို့၏အကျင့်စာရိတ္တကို ပြောင်းလဲ**၍**ရတော့မည်မဟုတ်ပါ။ ပုံသဏ္ဍာန် ပြောင်းလဲခြင်းကို ယခုမျက်မှောက်ကာလတွင် **ပြု**လုပ်ရမည်။ ကျွန်ုပ်တို့၏အဆုံး စွန်သောဘဝကို ကျွန်ုပ်တို့၏နေ့စဉ်အသက်တာက ဆုံးဖြတ် လိမ့်မည်။

**သန့်ရှင်းသောပတ်ဝန်းကျင်ဖန်တီးပေးခြင်း** – ခရစ်ယာန် အိမ်ထောင်တိုင်းတွင် စည်းကမ်းရှိသင့်ပါသည်။ မိဘနှစ်ပါးတို့၏အချင်းချင်း ပြောဆိုဆက်ဆံပုံနှင့်အမူအရာများသည် သားသမီးများအားဖြစ်လာစေလိုသည် အတိုင်း မြတ်နိုးဖွယ်သောပုံစံနမူနာများဖြစ်သင့်ပါသည်။ သန့်စင်သောအပြော အဆိုနှင့် မှန်ကန်သောခရစ်ယာန်ယဉ်ကျေးမှုကို မြဲစွဲကျင့်သုံးသင့်ပါသည်။ သားသမီးများနှင့်လူငယ်များအား အချင်းချင်းလေးစားရန်နှင့် ဘုရားသခင်ကို ကြောက်**ရွံ့ရို**သေ**၍** ကျင့်ဝတ်ကျင့်စဉ်များကို လိုက်နာစောင့်ရှောက်ရန် လမ်း**ညွှ**န် ကြပ်မတ်ရမည်။ ဘုရားသခင်၏ပညတ်တော်တို့ကိုလည်း စောင့်ရှောက်**ရို**သေ လေးစားရန် သင်ကြားပေးရမည်။

**ဤ**ကျင့်ဝတ်ကျင့်စဉ်များသည် သူတို့၏အသက်တာကိုလည်းကောင်း၊ လူအများနှင့်ပေါင်းသင်းဆက်ဆံရာတွင်လည်းကောင်း ထောက်မလိမ့်မည်။ သူတို့သည် ဝိညာဉ်ခွန်အားနည်းသောအပေါင်းအဖော်များအား သန့်ရှင်းရာ နိုင်ငံတော်သို့သွားရန်လမ်းနှင့် သန့်ရှင်းဖြူစင်သောပတ်ဝန်းကျင်ကို ဖန်တီး ပေးကြလိမ့်မည်။ သင်တို့၏ဆုံးမသြဝါဒတိုင်းသည် အဆင့်အတန်းမြင့်**၍** မွန်မြတ်သောအကြောင်းအချက်များဖြစ်သင့်ပါသည်။ သို့မှသာလျှင် တရား စီရင်ရာနေ့သို့ရောက်သောအခါ အသက်စာစောင်များတွင် ရှက်ကြောက်ခြင်း နှင့်ကင်းစင်သောမှတ်တမ်းများကို တွေ့မြင်ရလိမ့်မည်။

ယင်းသင်ကြားချက်များကို ရရှိထားသောသားသမီးများသည် ကြီးလေး သောတာဝန်များကိုထမ်းဆောင်နိုင်**၍** **၎**င်းတို့၏ပုံစံနမူနာကျင့်စဉ် များအရ သူတစ်ပါးတို့အား အမှန်တရားကိုလမ်းပြလိမ့်မည်။ ကိုယ်ကျင့် တရားကိုလိုက် စားသူများကလည်း ထိုကျင့်ဝတ်စဉ်မှန်များကို လေးစားကြ

လိမ့်မည်။ သူတို့၏ကာယခွန်အား၊ ဉာဏစွမ်းအင်နှင့်ကျင့်ဝတ်ကျင့်စဉ်တို့ကို အတုယူကြလိမ့်မည်။ ထိုသို့သောသူများသည် ခိုင်ခံ့မြဲမြံသော နံရံနှင့်ကာကွယ်ထားပြီးဖြစ်သောကြောင့် မကောင်းမှုကိုသွေးဆောင်သည့်ဒုစရိုက်ကို လွယ်ကူစွာကျော်ခိုင်းနိုင်ကြလိမ့်မည်။

**ရွှင်လန်းချမ်းမြေ့ဖွယ်ဖြစ်သောအိမ်ထောင်မျိုးတည်ထောင်ပါ** – ကယ်တင်ရှင်၏ဂုဏ်အင်္ဂါလက္ခဏာများကို မွေးမြူကျင့်သုံးရာတွင် သင်တို့ကိုယ်တိုင်နှင့် သားသမီးများအတွက် ရွှင်လန်းချမ်းမြေ့ဖွယ်ဖြစ်သော အိမ်ထောင်တည်ထောင်ရမည့်ဝတ္တရားကို ဘယ်အခါမျှသတိမလစ်ပါနှင့်။ ခရစ်တော်ကို အိမ်ထောင်ထဲသို့ခေါ်ဆောင်ထားလျှင် သင်တို့သည် အမှားနှင့်အမှန်ကို ခွဲခြားသိမြင်ကြလိမ့်မည်။ သားသမီးများတို့သည်လည်း ဖြောင့်မတ်သောသစ်ပင်များအနေဖြင့် ရပ်တည်လျက်ရှိပြီး ဝိညာဉ်တော်အသီးများသီးကြရန် ကူညီမစနိုင်ကြမည်။

ဘဝအသက်တာတွင် ဒုက္ခများဖိစီးလွှမ်းမိုး၍လာကောင်းလာပေ လိမ့်မည်။ သို့သော်ဒုက္ခဆိုသည်မှာ လူသားတို့တွေ့ဆုံရမြဲဓမ္မတာတစ်ခုပင် ဖြစ်ပါသည်။ တိမ်လွှာဖုံးအုပ်ထားသည့်အလား သာယာမှုကင်းမဲ့သောနေ့ရက်ကိုရင်ဆိုင်ရစေကာမူ သည်းခံခြင်းတရား၊ ကျေးဇူးတရားနှင့်မေတ္တာတရား အားဖြင့် ဝမ်းမြောက်ရွှင်လန်း ခြင်း တရားကိုရယူပါ။

**ရိုးရိုး**ရှင်းရှင်းနေအိမ်ဖြစ်စေကာ ရွှင်လန်းဝမ်းမြောက်ဖွယ်သောစကားများကို အမြဲတစေပြောဆို**၍** က**ရု**ဏာတရားလက်ကိုင်ထားလျက် ယဉ်ကျေးသိမ်မွေ့ခြင်းနှင့် မေတ္တာတရားကိန်းအောင်းသောအိမ်ဖြစ်ပါစေ။

အိမ်ထောင်၏စည်းကမ်းကို သံကြိမ်လုံးပမာ မတင်းမာစေဘဲ ဉာဏ်အမြော်အမြင်ဖြင့်လည်းကောင်း၊ မေတ္တာဖြင့်လည်းကောင်း ကြီးကြပ် ကွပ်ကဲသင့်ပါသည်။ သားသမီးတို့သည် မေတ္တာဖြင့်အုပ်ချုပ်ခြင်းကို လိုလားစွာလိုက်နာကြ လိမ့်မည်။ သင်၏သားသမီးတို့အား အလျဉ်းသင့်တိုင်းချီးမွမ်းပါ။ သူတို့၏အ သက်တာကို တတ်နိုင်သမျှပျော်ရွှင်စရာဖြစ်စေပါ။ မေတ္တာက**ရု**ဏာကို

ထင်ရှားစေခြင်းအားဖြင့် သူတို့၏နှလုံးသားကို ပျော့ပျောင်းစေပါ။ သို့မှသာ သူတို့၏နှလုံးသားသည် သမ္မာတရားမျိုးစေ့အတွက် အသင့်ဖြစ်ထားပြီးဖြစ်လိမ့်မည်။ သခင်ဘုရားသည် မြေကြီးပေါ်သို့ မိုးတိမ်နှင့်ရေကိုသာပေးသည်မဟုတ်၊ တင့်တယ်လှပ၍ ရွှင်လန်းသောနေရောင်ခြည်ကိုပါပေးခြင်းအားဖြင့် သစ်စေ့ကလေးများကို အပင်ပေါက်စေလျက် ပန်းပွင့်ကလေးများကိုလည်း ပွင့်လာစေသည်ကို သတိပြုပါ။ သားသမီးတို့အား အပြစ်ကိုဖော်ပြဆုံးမ သွန်သင်ပေးခြင်းပြုသည်သာမက မေတ္တာကရုဏာရေ့ထား၍ အားပေး ချီးမွမ်းပါ။

သင်တို့၏အိမ်ထောင်များတွင် စိတ်ဝမ်းကွဲမှုမရှိစေရာ။ အထက်မှ သက်ရောက်သောပညာမူကား ရှေးဦးစွာစင်ကြယ်၏။ ထိုမှတစ်ပါး အသင့်စောင့်နေတတ်၏။ ဖြည်းညင်းသောသဘောရှိ၏။ သွေးဆောင်လွယ်၏။ ကရုဏာနှင့်လည်းကောင်း၊ ကောင်းကျိုးနှင့်လည်းကောင်းပြည့်စုံ၏။ လျစ်လျူရှုသောစိတ်ရှိ၏။ လျှို့ဝှက်ခြင်းနှင့်ကင်းစင်၏။ အသင့်အတင့်နေစေခြင်းငှာ ပြုစုတတ်သောသူတို့သည် ဖြောင့်မတ်ခြင်းတရား၌ မျိုးစေ့ကိုငြိမ်သက်စွာ ကြဲတတ်ကြ၏။ ကျွန်ုပ်တို့၏အိမ်ထောင်များအတွက် အသင့်အတင့်နေထိုင်ခြင်းနှင့်ငြိမ်သက်ခြင်းရှိရန် ကျွန်ုပ်တို့အနေနှင့် အလိုရှိကြသည်။

**ချည်နှောင်တတ်သည့်သိမ်မွေ့သောနှောင်ကြိုး** – အိမ်ထောင်ရေးဆိုင်ရာနှောင်ကြိုးသည် အရင်းနှီးဆုံး၊ အသိမ်မွေ့ဆုံးနှင့်အသန့်ရှင်းဆုံးဖြစ်သည်။ ယင်းနှောင်ကြိုးကို လူသားတို့အတွက် မင်္ဂလာတစ်ရပ်အနေဖြင့် ရပ်တည်စေရန် ရည်စူးထားတော်မူသည်။ ထိမ်းမြားမင်္ဂလာပဋိညာဉ်ကို ဉာဏ်ပညာအမြော်အမြင်ရှိစွာဖြင့်လည်းကောင်း၊ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသောစိတ်ဖြင့်လည်းကောင်း ယင်း၏တာဝန်ဝတ္တရားများကို အသိစိတ်ဓာတ်ဖြင့်လည်းကောင်းပြုလုပ်လျှင် ဝမ်းမြောက်ဖွယ်ကောင်းသော အကျိုးကျေးဇူးတစ်ရပ်ဖြစ်ပေသည်။

အိမ်ထောင်တိုင်းသည် ချစ်ခြင်းမေတ္တာထွန်းကားသောနေရာ၊ ဘုရားသခင်၏ကောင်းကင်တမန်များစံပျော်ရာအရပ်ဖြစ်လျက် မိဘတို့နှင့်သားသမီးများတို့၏စိတ်နှလုံးများကို နူးညံ့သိမ်မွေ့**၍** အောင်မြင်နိုင်နင်းသောဩဇာသက်ရောက်မှုဖြင့် **ပြု**ပြင်ပေးသောနေရာဖြစ်သင့်ပေသည်။

ကျွန်ုပ်တို့၏အိမ်ထောင်များကို ဗေသလအရပ်ဖြစ်စေရန်လည်း ကောင်း၊ ကျွန်ုပ်တို့၏ စိတ်နှလုံးကိုးကွယ်ရာအရပ်ဖြစ်စေရန်လည်းကောင်း ဆောင်ရွက်ရမည်။ ဘုရားသခင်၏မေတ္တာတော်မွေးမြူသိုလှောင်ထားသော စိတ်နှလုံးတွင်ငြိမ်သက်ခြင်း၊ အလင်းနှင့်ဝမ်းမြောက်ခြင်းတည်းဟူသော မင်္ဂလာများကြီးထွားရင့်သန်လာမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အိမ်သူအိမ်သားများ**ရှေ့**တွင် မေတ္တာဖြင့်ချပြ**၍** "ဘုရားသခင်သည် ဘယ်ကဲ့သို့ မိန့်မြွက်ထားတော်မူသနည်း" ဟူသော မေးခွန်းကိုမေးပါ။

### ခရစ်တော်ရှိလျှင်အိမ်သာယာ၏ –

မေတ္တာက**ရု**ဏာနှင့်သိမ်မွေ့ခြင်းတို့ဖြင့် ပြည့်ဝ**၍** သာယာသောအိမ်ထောင်သို့ ကောင်းကင်တမန်များဝင်ရောက် လည်ပတ် ရန် နှစ်သက်ကြ၏။ ဘုရားသခင်၏ဘုန်းတော်ကိုလည်း ထင်ရှား စေ၏။ သားသမီးများအသက်အ ရွယ်ငယ်စဉ်အချိန်ကာလတွင် သတိဝီရိယဖြင့် အုပ်ထိန်း သောခရစ်ယာန်အိမ်ထောင်**၌** တရားလက်လွတ်ဖြစ်ခြင်း၊ ဖောက်ပြန်ပျက်စီးခြင်း၏ ဘေးအန္တရာယ်မှ ဧကန်မုချအကွယ်အကာ ရရှိမည် ဖြစ်ပါသည်။ ထိုကဲ့သို့သောအိမ် ထောင်၏သားသမီးတို့သည် မိမိတို့၏မိဘ များကိုသာမက ကောင်းကင်ဘုံရှိခမည်းတော်ဘုရားသခင်ကိုပါ ဦး**ည္ဟ**တ် မြတ်နိုးကြလိမ့်မည်။

လောက၏ညစ်ညမ်းသောဩဇာသက်ရောက်မှုတို့သည် သားသမီး တို့အားထိခိုက်မှုမရှိစေရန် သူတို့နှင့်လောကစပ်ကြားတွင် ခိုင်မာတောင့်တင်းသောအကာအ ဆီးကို ယင်းတို့ငယ်စဉ်အရွယ်မှစ**၍** ဆောက်တည်ထားရန် လိုအပ်ပေသည်။

ခရစ်ယာန်များ၏စင်ကြယ်မြင့်မြတ်ကောင်းမွန်ခြင်းတို့ကို ကမ္ဘာ ကြီးအား ခရစ်ယာန်အိမ်ထောင်က ထင်ရှားစွာပြသသင့်ကြပေသည်။ မိဘတို့ သည် သူတို့၏ အိမ်ထောင်များကို ကျင့်ဝတ်ဆိုင်ရာဒုစရိုက်နှင့်လုံးဝ ကင်းရှင်း အောင်ဆောင်ရွက်ရန်တာဝန်ရှိကြောင်း သိရှိနားလည်သင့်ကြပေသည်။

ဘုရားသခင်အားရိုသေမြတ်နိုးစွာခိုလှုံခြင်းသည် အိမ်ထောင်ကို ပြီးပြည့်စုံစေ၏။ မိဘနှင့်သားသမီးတို့သည် ဘုရားသခင်နှင့်မိတ်သဟာယပြုရန် ကိုယ်ကိုပြုပြင်ဆုံးမကြရမည်။ မိမိတို့အနေအထိုင်၊ အကျင့်ဓလေ့များသည် ဘုရားသခင်ထားရှိတော်မူသော အကြံအစည်နှင့်လိုက်လျောညီထွေရမည်။

မိသားစုဆက်ဆံရေးသည် သန့်ရှင်းစင်ကြယ်စေရမည်။ ခရစ်ယာန်အိမ်ထောင်များကို တည်ထောင်ခြင်းနှင့်ကြီးကြပ်ခြင်းသည် ဘုရားသခင်၏အကြံအစည်နှင့်ကိုက်ညီပါက ခရစ်ယာန်အကျင့်စာရိတ္တတည်ဆောက်ရေးအတွက် အံ့သြဖွယ်သောအထောက်အကူဖြစ်၏။ ဘုရားသခင်တစ်ပါးတည်း သာလျှင်လူသားတို့၏မေတ္တာတရားကို မြင့်မြတ်သန့်စင်စေနိုင်သောကြောင့် မိဘနှင့်သားသမီးတို့သည်ပူးပေါင်းရန် ဘုရားသခင်အား ဝတ်ပြုကိုးကွယ် ရမည်။

အိမ်ထောင်သားတိုင်းသည် မိမိလက်ဝါးကပ်တိုင်ကိုထမ်းလျက်သခင်ယေရှုဦးဆောင်ခေါ်ရာသို့ လိုက်လျှောက်နိုင်အံ့ငှာ ခရစ်ယာန်အိမ်ထောင်တိုင်း၏ရှေးဦးလုပ်ရှားမှုလုပ်ငန်းမှာ ယင်းအိမ်ထောင်တွင် ခရစ်တော်၌ရှိသည့်စိတ်သဘောထားမျိုးကို မွေးမြူထားရကြမည်ဖြစ်သည်။

---o---

# အခန်း ၂
# စစ်မှန်သောအိမ်ထောင်တိုင်း၏အခြေခံအင်္ဂါရပ်များ

**ကမ္ဘာပေါ်၌ဆွဲဆောင်မှုအရှိဆုံးနေရာ** – သားသမီးများ၏ အနာဂတ်ကောင်းစားရေးနှင့် ပစ္စုပ္ပန်ပျော်ရွှင်ရေးအတွက် မိဘများတွင် ကြီးလေးသောတာဝန် များရှိပါသည်။ တစ်ချိန်တည်းမှာပင် အိမ်ထောင်ကို သာသာယာယာရှိအောင် တတ်နိုင်သမျှတာဝန်ယူကြရမည်။ ယင်းကိစ္စသည် ဥစ္စာခနကြွယ်ဝချမ်းသာခြင်းနှင့် ငွေရတတ်ခြင်းများထက်သာ**၍** ဂုဏ်အသရေ ရှိပါသည်။ အိမ်ထောင်တွင်းသို့နေ ရောင်ခြည်များထွန်းလင်းဝင်ရောက် နေ သည့်ပမာ အိမ်သည် သာသာယာယာရှိနေ သင့်ပါသည်။ သားသမီးတို့သည် ငယ်စဉ်က သာယာသည့်အိမ်ထောင်တွင် နေထိုင်ရ သည့်အချိန်ကို အမြဲမပြတ် သတိရနေစေသင့်ပါသည်။ သို့မှသာ မိမိတို့နေခဲ့ရသော အိမ်သည် ကောင်းကင်နိုင်ငံတော်ကလွဲလျှင် ငြိမ်သက်ခြင်းအရှိဆုံး၊ ပျော်ရွှင်စရာ အကောင်းဆုံးဖြစ်ပါသည်တကားဟု တွေးမိတိုင်းပီတိဖြစ်နေကြလိမ့်မည်။ သူတို့သည် အချိန်အရွယ်ရောက်လာသောအခါတွင်လည်း မိဘတို့အားနှစ်သိမ့်ဝမ်း မြောက်ခြင်းမင်္ဂလာကို အတုံ့အလှည့်ပြုကြပါလိမ့်မည်။

နေအိမ်သည် သားသမီးများအတွက် ကမ္ဘာပေါ်တွင် နှစ်သက်ဖွယ်အကောင်းဆုံးဖြစ်စေရမည်။ မိခင်နှင့်အတူနေထိုင်ရခြင်းသည်လည်း အသာယာဆုံးဖြစ်စေရမည်။ ကလေးများသည် အကင်းပါး**၍** နဂိုသဘာဝအားဖြင့် ချစ်ဖွယ်ကောင်းကြပါသည်။ သူတို့အားလွယ်ကူစွာနှစ်သိမ့်စေနိုင်သည့်နည်းတူ လွယ်ကူ စွာပင်ဝမ်းနည်းစေနိုင်ပါသည်။ မိခင်တို့သည် မေတ္တာတရားရှေ့ထား**၍** နူးညံ့ သိမ်မွေ့စွာလမ်း**ညွှ**န်သင်ကြားပြောဆိုပါက သားသမီးများသည် မိခင်နှင့်မခွဲ မခွာနိုင်ဘဲရှိကြလိမ့်မည်။

**သန့်ရှင်းခြင်း၊ သပ်ရပ်ခြင်း၊ နေသားတကျရှိခြင်း** – သန့်ရှင်းစင်ကြယ် ခြင်း၊ သပ်သပ်ရပ်ရပ်ရှိခြင်းနှင့်နေသားတကျရှိခြင်းစသည့်စည်းကမ်းသေဝပ်ခြင်း များသည် အိမ်ထောင်တစ်ခုကို အုပ်ချုပ်စီမံ

ရာတွင်မပါလျှင် ပြီးပြည့်စုံခြင်းမရှိနိုင်ပါ။ မိခင်သည် မိမိ၏အသက်တာ၌ အထူးအရေးကြီးသော ဤကိစ္စတာဝန်များကို ဦးစားပေးဆောင်ရွက်ရသော ကြောင့် သားသမီးများ၏ခန္ဓာကိုယ်ကြီးထွားရေးကိုလည်းကောင်း၊ စိတ်နေ သဘောထား ဖြူစင်ရေးကိုလည်းကောင်း၊ ကိုယ်ကျင့်တရားရင့်သန်ရေးကို လည်းကောင်း လမ်း ညွှန်ခြင်းမပြုနိုင်ပါက ဝမ်းနည်းစရာကောင်းသော အမှားတစ်ခုပင်ဖြစ်ပါသည်။

ခရစ်ယာန်များသည် ကြေးငွေဥစ္စာချို့တဲ့မှုရှိလင့်ကစား သူတို့ခန္ဓာနှင့်အိမ်များကို ထိန်းသိမ်းရာတွင် သန့်ရှင်းစင်ကြယ်မှုကင်းမဲ့ရန်မသင့်ကြောင်း သင်ကြားပေးရမည်။ သန့်ရှင်းစင်ကြယ်စွာနေထိုင်ဝတ်စားမှု၏အဓိပ္ပါယ်နှင့် အရေးကြီးပုံကို နားမလည်သဘောမပေါက်သောသူတို့အား ပညာပေးရမည်။ မြင့်မြတ်သန့်ရှင်းတော်မူသောဘုရားသခင်ကို ကိုယ်စားပြုမည့်သူများသည် မိမိတို့၏ဝိညာဉ်များ၊ အဝတ်အစားနှင့်နေအိမ်၌ရှိသောအရာအားလုံးတို့သည် သန့်ရှင်းစင်ကြယ်စွာထိန်းသိမ်းထားရန် သွန်သင်ပေးရမည်။ သို့မှသာ အမှုတော်ထမ်းဆောင်သော ကောင်းကင်တမန်များအနေနှင့် သမ္မာတရားသည် အသက်တာ၌ပြောင်းလဲမှုကိုဖြစ်ပေါ်စေခဲ့သည်ကိုလည်းကောင်း စိတ်ဝိညာဉ် သန့်ရှင်းစင်ကြယ်စေလျက်ရှိရန် ဆန္ဒရမ္မက်များကိုလည်း ယဉ်ကျေးသိမ်မွေ့ လျက်ရှိစေသော အထောက်အထားကို ရရှိကြပေလိမ့်မည်။ သမ္မာတရားကို လက်ခံပြီးသော်လည်း အပြောအဆို (သို့မဟုတ်) အမူအရာနှင့်အနေအထိုင် တို့တွင်လည်းကောင်း၊ အဝတ်အစား (သို့မဟုတ်) ပတ်ဝန်းကျင်အသိုက်အဝန်း ၌လည်းကောင်း ပြုပြင်ပြောင်းလဲခြင်းအလျှင်းမျှမရှိသောသူများသည် သခင် ခရစ်တော်အတွက် အသက်ရှင်နေကြသူများမဟုတ်ဘဲ မိမိတို့အတွက်မိမိတို့ အသက်ရှင်နေကြသူများသာလျှင်ဖြစ်ပါသည်။ သူတို့သည် သန့်ရှင်းစင်ကြယ် ခြင်းဆိုင်ရာ ဘဝ၌ရပ်တည်မှုအတွက် ခရစ်တော်၌ ဖန်ဆင်းခြင်းကိုမခံရ ကြပေ။

လွန်ကဲသောဝတ်စားဆင်ယင်မှုကို ရှောင်သင့်သော်လည်း အသွင်အပြင်အားဖြင့်မူကား သပ်သပ်ရပ်ရပ်ရှိရမည်။ အိမ်ထောင်သည်လည်းကောင်း၊ အိမ်ထောင်သားများသည်လည်းကောင်း သန့်ရှင်းစင်ကြယ်၍ ကြည့်ကောင်း

**ရှု**ကောင်းဖြစ်ရမည်။ လူငယ်တို့အား သူတစ်ပါးကဲ့ရဲ့ပြစ်တင်ဝေဖန်ခြင်းနှင့် ကင်း**၍** ဘုရားသခင်နှင့်သမ္မာတရား၏ဂုဏ်တော်ကိုထင်ရှားစေသည့် အမူအရာ လက္ခဏာ ပေါ်လွင်အောင် ဝတ်စားဆင်ယင်ခြင်းကို သင်ကြားပေးရမည်။

သန့်ရှင်းစင်ကြယ်မှုအားဥပေက္ခာ**ပြု**ခြင်းက ရောဂါကိုဖြစ်ပွားစေပေ မည်။ ဖျားနာခြင်းသည် အကြောင်းမရှိဘဲမပေါ်လာပေ။ ကျန်းမာမှုအပြည့်အဝ ရှိသည်ဟု ယူဆရသော ကျေးရွာများနှင့်**မြို့**ကြီးများတွင် ပြင်းထန်သောရောဂါ ဝေဒနာများဖြစ်ပေါ်ခဲ့မှုကြောင့် လူအသေအပျောက်များခြင်းနှင့် (သို့မဟုတ်) အသင်းအပင်းအဖွဲ့ အစည်း၊ အဆောက်အအုံပျက်စီးခြင်းတို့ဖြင့် ဖြစ်ပျက်ကြ ရမည်။ အများအားဖြင့် ယင်းရောဂါဝေဒနာဖြင့် သေဆုံးသောလူတို့၏နေအိမ် များတွင် ဖျက်ဆီးတတ်သော ပိုးမွှားများဝင်ရောက်နေထိုင်ခဲ့ကြ**၍** ယင်းတို့ အိမ်ထောင်သားများနှင့်အနီးပတ်လည် တွင် နေထိုင်ကြသောသူတို့အား **ရှု**ရိုက် စေရန်သေစေတတ်သောအဆိပ်အတောက် များကို လေထဲသို့မှုတ်ထုတ်ကြ သည်။ ပေါ့လျော့မှုနှင့်သတိမမူမှုတို့၏ဆိုးကျိုးများ နှင့်ပတ်သက်**၍** အသိပညာ ခေါင်းပါးနေခြင်းကို တွေ့မြင်နေရသမျှမှာ အံ့ဩဖွယ် ကောင်းလှပေသည်။

**ပျော်ရွှင်သောအိမ်ထောင်အတွက် စည်းကမ်းသေဝပ်မှုလိုအပ်ခြင်း** – ဘုရားသခင်သည် စည်းကမ်းသေဝပ်မှုမရှိခြင်း၊ ပေါ့ဆခြင်းနှင့်စုံလင်မှုမရှိခြင်းတို့ကို နှစ်သက်တော်မမူ။ **ဤ**ချွတ်ယွင်းချက်များသည် ကြီးလေးသော မကောင်းမှုအန္တရာယ်ဖြစ်၏။ အကယ်**၍** ခင်ပွန်းဖြစ်သူသည် နေသားတကျ ရှိခြင်းကိုလည်းကောင်း၊ စည်းကမ်းသေဝပ်ခြင်းရှိသည့် သားသမီးများကို လည်းကောင်း၊ စနစ်တကျစီမံထားသည့်အိမ်ကိုလည်းကောင်း လိုလားသော သူမဖြစ်ပါက ဇနီးဖြစ်သူအပေါ်**၌** ချစ်ခင်မြတ်နိုးခြင်းများ တဖြည်းဖြည်း လျော့နည်းလာလိမ့်မည်။ ဇနီးသည်နှင့်မိခင်သည် စည်းကမ်းသေဝပ်ခြင်းကိုနှစ်သက်ခြင်း၊ မိမိ၏ဂုဏ်သိက္ခာကိုစောင့်ထိန်းခြင်း၊ ကောင်းစွာအုပ်ထိန်းခြင်း စသည့်အရည်အချင်းများမရှိပါက အိမ်ထောင်သည် နှစ်သက်ပျော်ရွှင်ဖွယ်ကောင်းအောင် မ**ပြု**လုပ်နိုင်ပါ။ သို့ဖြစ်**၍** အိမ်ရှင်မများသည် မိမိ၏

ချွတ်ယွင်းချက်များကို **ပြု**ပြင်ရမည်။ ယင်းချွတ်ယွင်းချက်များအနက် အကြီးဆုံး သောလိုအပ်ချက်ကို ချက်ချင်း**ပြု**ပြင်သင့်သည်။

**နိုးကြားမှုနှင့်ကြိုးစားမှုပေါင်းထပ်ခြင်း** – ကျွန်ုပ်တို့ကိုယ်ကို ခြွင်းချက်မရှိ ဘုရားသခင်အားအပ်နှံလျှင် အိမ်ထောင်၊ အိမ်ထောင် အသက်တာလွယ်ကူ **၍** သာမန်ဖြစ်သောတာဝန်များထက် အရေးကြီးပုံကို မှန်ကန်သော**ရှု**ထောင့်မှ တွေ့မြင်မည်ဖြစ်ပြီး ကျွန်ုပ်တို့အနေဖြင့် ယင်းတာဝန်များကို ဘုရားသခင်၏ အလိုတော်နှင့် ထမ်းဆောင်ကြမည်ဖြစ်သည်။ ကျွန်ုပ် တို့သည် နိုးနိုးကြား ကြားရှိ**၍** လူသားကြွလာတော်မူခြင်းကို စောင့်မျှော် နေကြရမည်။ **၎**င်းအပြင် ကျွန်ုပ်တို့အနေဖြင့် ဝီရိယရှိရကြမည်။ အလုပ် လုပ်လျက်စောင့်မျှော်နေရန် လိုအပ်ပေသည်။ ယင်းနှစ်ခုပေါင်းထပ်မှုရှိရမည်။ ယင်းကဲ့သို့ပေါင်းထပ်လုပ်ကိုင် ခြင်းသည် ခရစ်ယာန်တို့၏စာရိတ္တကို ချိန်ခွင် လျှာကဲ့သို့မျှတစေ**၍** ကောင်းမွန် စွာဖွံ့**ဖြိုး**ထွန်းကားစေလျက် အချိုးအစား **ညီညွ**တ်စေသည်။ အခြားအခြား သောအိမ်အလုပ်ဟူသမျှကို လျစ်လျူ**ရှု၍** ဘုရားကိုအာ**ရုံပြု**ခြင်း၊ ကျမ်းစာကိုလေ့လာခြင်းနှင့်ဆုတောင်း ခြင်းအားဖြင့်သာ အချိန်ကိုကုန်လွန်စေရမည်ဟု ဘယ်အခါမျှကျွန်ုပ်တို့သည်မယူ ဆပါ။ ပုဂ္ဂလိကဘုရားရေး၊ တရားရေးကိစ္စများကို လျစ်လျူ**ရှု**ရလောက်အောင် တစ်ချိန်လုံးသွားလာလှုပ်ရှားလုပ်ကိုင်နေရမည်ဟူ**၍**လည်း မယူဆရပါ။ စောင့်ခြင်း၊ နိုးကြားခြင်းနှင့်လုပ်ကိုင်ခြင်းတို့ကို ပေါင်းစပ်ရမည်ဖြစ်သည်။ "အားထုတ်ခြင်း အရာမှာ ပျင်းရိခြင်းမရှိဘဲလျက် စိတ်တမ်းသဖြင့် သခင်ဘုရား ၏အလိုတော် သို့လိုက်**၍** အားထုတ်ကြလော့။

**လုပ်ငန်းပြီးလွယ်သောအစီအစဉ်ကိုထားရှိပါ** – အိမ်ထောင်အများတွင် ဇနီးဖြစ်သူသည် စာပေများဖတ်**ရှု**ရန်၊ သူမအတွက်အသိအမြင်ပြည့်စုံကြွယ်ဝစေ ရန်၊ ခင်ပွန်းအတွက်အထောက်အမအကူအညီအနေဖြင့်မစရန်၊ ကြီးပြင်းလာသော သားသမီးတို့၏စိတ်များနှင့်တွေ့ထိမှုရှိရန် စသောအချိန်များမရကြပေ။ မြတ်နိုး ဖွယ်သောကယ်တင်ရှင်နှင့် ရင်းနှီးစွာပေါင်းသင်းဆက်ဆံရန်

ကျွန်ုပ်တို့သည် အချိန်နှင့်နေရာမပေးနိုင်ကြပေ။ မိခင်သည် တဖြည်းဖြည်း အိမ်ထောင်**၌** ပင်ပန်းစွာလုပ်ကိုင်နေရသောသူဖြစ်လာလျက် သူမ၏ခွန်အား၊ အချိန်နှင့်စိတ်ဝင်စားမှုတို့သည် လုပ်ငန်းတွင်ပျက်စီးသွားတတ်လေသည်။ အိမ်မှာပင်ဧည့်သည်ဖြစ်သူကို သူမတွေ့မြင်လာသောအခါ မိမိကိုယ်ကိုပြုပြင်ရမည့်အချိန်ကား နောက်ကျနေပေပြီ။ ရင်သွေးငယ်တို့သည် မြင့်မားသည့် ဘဝလမ်းကြောင်းထဲသို့ရောက်ရှိနိုင်မှုအတွက် တစ်ကြိမ်ကမိခင်များတို့သည် မဆောင်ရွက်ပေးမိသောကြောင့် ယင်းအခွင့်အရေးများတို့သည် ထာဝစဉ် ပျောက်ကွယ်သွားကြလေပြီ။

အိမ်ထောင်ဦးစီးတို့သည် နေထိုင်မှုအတွက် ပိုမိုသင့်လျော်သော အကြံအစည်မျိုးတည်ဆောက်ရမည်။ ပျော်ရွှင်သာယာသောအိမ်ထောင် တည်ဆောက် ရန်သင်တို့၏ပထမရည်စူးချက်ဖြစ်ပါစေ။ အိမ်ထောင်ဆိုင်ရာ လုပ်ငန်းများပေါ့ပါးစေရန် ကျန်းမာမှုကိုတိုးတက်စေမည့် အစီအစဉ်များတို့ကို မူချထားပါ။

**အနိမ့်ကျဆုံးလုပ်ငန်းများပင် ဘုရားသခင်လုပ်ငန်းဖြစ်သည်** – နေ့စဉ်ဆောင်ရွက်ရသောလုပ်ငန်းများဖြစ်သည့် ချက်ပြုတ်ခြင်း၊ အိုးခွက်ပန်းကန်ဆေးကြောခြင်း၊ ထမင်းပွဲပြင်ခြင်း၊ အဝတ်လျှော်ဖွပ်ခြင်း၊ လူနာကိုပြုစုခြင်း စသည်တို့သည် မလုပ်လျှင်မပြီးသောလူမှုရေးကိစ္စများဖြစ်ပါသည်။ နိမ့်ကျသောအလုပ်တာဝန်များကိုပင်လျှင် ဆောင်ရွက်ရန်တာဝန်ယူရသောသူရှိရမည်။ ယင်းမလွဲရှောင်သာသောလုပ်ငန်းများကို တာဝန်ယူသူသည် မိမိ၏လုပ်ငန်း ကိုဂုဏ်ရှိသောလုပ်ငန်းဖြစ်သည်ဟု သဘောပေါက်ရန်လိုပါသည်။ ထိုလုပ်ငန်းများသည် မည်မျှနိမ့်ကျစေကာမူ ဘုရားသခင်သည် ကောင်းကင်တမန် ဂါဗြေလအား ပုရောဖက်များထံသို့ အထူးကိစ္စရပ်များအတွက် စေလွှတ်သည့် ပမာမိမိသည်လည်း ဘုရားသခင်**၌**အမှုတော်ကိုဆောင်ရွက်နေသည်ဟုပင်သ ဘောထားရမည်။

–––o–––

# အခန်း ၃
# ဧဒင်စံပြအိမ်ထောင်

**ဘုရားသခင်ပြင်ဆင်ပေးသောလူသားအတွက်ပထမနေအိမ်** – လူသားအတွက် ဘုရားသခင်ပြင်ဆင်ပေးသောပထမနေအိမ်။ ကျွန်ုပ်တို့၏ အစအဦးမိဘနှစ်ပါးအတွက် ဧဒင်အိမ်ကို ဘုရားသခင်ကိုယ်တော်တိုင် ပြင်ဆင်ပေးတော်မူခဲ့၏။ လူသားအနေဖြင့်လိုအပ်သည့် ခပ်သိမ်းသောတန်ဆာ ရှိသမျှကို ဆင်ယင်ခင်းကျင်းပြီးသောအခါ ဘုရားသခင်က "ငါတို့ပုံသဏ္ဍာန်နှင့် တညီ တစ်သဏ္ဍာန်တည်းလူကိုဖန်ဆင်းကြစို့" ဟု မိန့်တော်မူ၏။

ကိုယ်တော်ရှင်သည် ဖန်ဆင်းပြီးသောသတ္တဝါအပေါင်းတို့အနက် နောက်ဆုံးနှင့် အမြင့်မြတ်ဆုံးဖြစ်သည့်လူသားကို ဖန်ဆင်းပြီးသောအခါ အလွန်နှစ်သက်တော်မူ၏။ အပြစ်အနာအဆာကင်းစင်သော ကမ္ဘာလောကတွင် စုံလင်သောလူသားကိုနေထိုင်စေရန် အကြံအစည်ရှိတော်မူ၏။ သို့ရာ တွင် လူသည်တစ်ယောက်တည်းနေရန် ဘုရားသခင်အလိုတော်မရှိ။ သို့ဖြစ် **၍** "ယောကျာ်းသည် တစ်ယောက်တည်းမနေကောင်း၊ သူနှင့်သင့်လျော်သော အထောက်အမကို သူ့အဖို့ငါလုပ်ဦးမည်" ဟု မိန့်တော်မူ၏။

ဘုရားသခင်ကိုယ်တော်တိုင် အာဒံအတွက်အတူသွားလာနေထိုင်ရန် သူနှင့်တူသောအထောက်အမကိုပေးတော်မူ၏။ သူနှင့်ရှေ့သွားနောက်လိုက် ညီ**၍** တော်သင့်သောအဖော်ဖြစ်သည်သာမက တစ်ဦးအပေါ်တစ်ဦး မေတ္တာ နှင့်ကြင်နာခြင်းရှိသူကိုပေးတော်မူ၏။

အာဒံ၏နံဘေးရှိနံရိုးတစ်ချောင်းကိုထုတ်**၍** ဧဝကိုဖန်ဆင်းသည့် အရာမှာ ဧဝသည်အိမ်ထောင်ကိုဦးစီး**၍** အာဒံအားအုပ်ချုပ်ရန်မဟုတ်ဟု အဓိပ္ပါယ်သက်ရောက်သည်သာမက အာဒံအနေဖြင့်လည်း မိမိထက်နိမ့်ကျ သူမဟုတ်၊ ဂုဏ်ရည်တူသည်ဟုသဘောထား**၍** မေတ္တာနှင့်ကာကွယ်စောင့် ရှောက်ရန်ဖြစ်သည်။ အရိုးထဲကအရိုး၊ အသားထဲကအသား၊ လူထဲကလူကို ထုတ်သောကြောင့် ဧဝနှင့်အာဒံတို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်

ကြ၏။ ထို့ကြောင့် သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦးခင်တွယ်**၍** ချစ်ခင်မြတ်နိုးသည့်အိမ်ထောင်ဖက်ဖြစ်သင့်ပါသည်။ ကိုယ်အသားကိုမုန်းသောသူတစ်ယောက်မျှမရှိ၊ ခပ်သိမ်းသောသူတို့သည် မိမိတို့အသားကိုကျွေးမွေး**ပြု**စုတတ်ကြ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကိုစွန့်**၍** ကိုယ်ခင်ပွန်း**၌**မှီဝဲသဖြင့် ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရ လိမ့်မည်။

**အဦးဆုံးထိမ်းမြားမင်္ဂလာကိုဘုရားသခင်ကျင်းပပေးသည်** – ကမ္ဘာဦးကအဦးဆုံးသောထိမ်းမြားမင်္ဂလာပွဲကို ဘုရားသခင်ကိုယ်တော်တိုင်ကျင်းပစီရင်တော်မူခဲ့သည်။ ထို့ကြောင့် **ဤ**အထုံးအဖွဲ့သည် စကြဝဠာကိုဖန်ဆင်းတော်မူသည့် ဘုရားသခင်ကိုယ်တော်တိုင်အစ**ပြု**ခဲ့ပါသည်။ ထိမ်းမြားမင်္ဂလာသည် ဂုဏ်သိက္ခာနှင့်ပြည့်စုံ**၍** လူသားအားဘုရားသခင်ပထမဆုံးပေးသောလက်ဆောင်များအနက် တစ်ခုအပါအဝင်ဖြစ်၏။ အာဒံသည် အပြစ်**ပြု**ပြီးနောက် ဧဒင်ဥယျာဉ်မှထွက်ခဲ့ရသောအခါ မိမိနှင့်အတူပါလာသည့်ထုံးစံနှစ်ခုအနက် တစ်ခုဖြစ်၏။ ဘုရားသခင်ချမှတ်သော ကျင့်ဝတ်ကျင့်စဉ်များ အတိုင်းလိုက်နာကျင့်သုံးပါက အိမ်ထောင်**ပြု**ခြင်းသည် မင်္ဂလာဖြစ်၏။ မျိုး**ရိုး**ကိုသန့်ရှင်းစင်ကြယ်အောင် စောင့်ထိန်းရာရောက်၏။ ပေါင်းသင်းဆက်ဆံရေးနှင့်ဆိုင်သော လိုအပ်ချက်များကိုလည်း အထောက်အကူဖြစ်၏။ ကာယ၊ ဉာဏနှင့် အကျင့်စာရိတ္တကိုလည်းမြင့်တင်ပေး၏။

ဧဝကိုအာဒံအားပေးတော်မူသော ကိုယ်တော်ရှင်သည် မင်္ဂလာဆောင်ပွဲတစ်ခု**၌** ပထမဆုံးနိမိတ်လက္ခဏာပြတော်မူသည်။ မိတ်ဆွေအပေါင်းအသင်းများနှင့် ဆွေမျိုးပေါက်ဖော်များတို့ မင်္ဂလာဧည့်ခံပွဲခန်းမတွင် တပျော်တပါးစားသောက်နေကြချိန်တွင် ခရစ်တော်သည် အများပရိသတ်အတွက် အမှုတော်စတင်ဆောင်ရွက်တော်မူသည်။ **ဤ**နည်းအားဖြင့် ထိမ်းမြားမင်္ဂလာကိုအတည်**ပြု**တော်မူ**၍** ကိုယ်တော်ရှင်ကိုယ်တော်တိုင် တည်ထောင်ထားတော်မူခဲ့သော အထုံးအဖွဲ့ဖြစ်ကြောင်း အသိအမှတ်**ပြု**တော်မူသည်။

ကိုယ်တော်နှင့်ရွေးနုတ်ခြင်းခံရသောသူတို့၏ပေါင်းစည်းခြင်း အထိမ်းအမှတ်ဖော်ပြရန် ထိမ်းမြားမင်္ဂလာဆိုင်ရာဆက်သွယ်မှုကို ဂုဏ်**ပြု**တော်မူသည်။ ကိုယ်တော်ရှင်သည် သတို့သားဖြစ်**၍** အသင်းတော်သည် သတို့သမီးဖြစ်သည်။ အသင်းသူအသင်းသားတို့သည် အ**ရွေး**ခံရသော ပုဂ္ဂိုလ်များဖြစ်**၍ ၎**င်းတို့အားပြောဆိုသည်မှာ ''ငါချစ်သောနှမ၊ သင်သည် အပြစ်တစ်စုံတစ်ခုမျှမရှိ၊ တစ်ကိုယ်လုံးလှပပေ၏။''

**လိုအင်ဆန္ဒရှိသမျှပြည့်ဝစေမည်** – အာဒံ၏လိုအင်ဆန္ဒရှိသမျှသည် သူ၏ပတ်လည်တွင် ဝန်းရံလျက်ရှိခဲ့၏။ သူလိုသမျှပြည့်ဝ၏။ မွန်မြတ်သော ဒေင်ဥယျာဉ်တွင် အပြစ်ကင်းမဲ့**၍** ပျက်စီးခြင်းလက္ခဏာလုံးဝမရှိ။ အပြစ်ကင်းသောဇနီးမောင်နှံနှင့် ဘုရားသခင်၏ကောင်းကင်တမန်များသည် လွတ်လပ်ရင်းနှီးစွာစကားပြောဆိုခဲ့ကြ၏။ ပျော်ရွှင်သောအဆိုသည်များသည် ဝမ်းမြောက်သောသီချင်းများဖြင့် မိမိတို့၏ဖန်ဆင်းရှင်အား လွတ်လပ်စွာချီးမွမ်းထောမနာ**ပြု**ကြ၏။ အာဒံနှင့်ဧဝတို့၏အနီးတစ်ဝိုက်တွင် ယဉ်ပါးသောသားရဲများသည် အန္တရာယ်ကင်းမဲ့စွာသွားလာလှုပ်ရှားကစားမြူးထူးလျက်နေ**၍** အာဒံနှင့်ဧဝတို့၏စကားကိုနာခံ၏။ အာဒံသည် စုံလင်သောလူသားဖြစ်**၍** ဖန်ဆင်းရှင်၏အမြင့်မြတ်ဆုံးသော လက်ရာတစ်ခုဖြစ်သည်။

ထိုဇနီးမောင်နှံနှင့်သူတို့၏ဖန်ဆင်းရှင်စပ်ကြားတွင် မှောင်ရိပ်စိုးစဉ်းမျှကြားဝင်ထိုးခြင်းမရှိ။ ဘုရားသခင်အား သူတို့၏ကျေးဇူးရှင်ခမည်းတော် အနေဖြင့်သိကျွမ်း**၍** အရာခပ်သိမ်းတို့တွင် သူတို့၏လိုအင်ဆန္ဒသည် ဘုရားသခင်၏အလိုဆန္ဒနှင့်ညီ**ညွ**တ်ကိုက်ညီလျက်ရှိသည်။ အာဒံ၏စာရိတ္တတွင် ဘုရားသခင်၏စာရိတ္တတော်ရောင်ပြန်ဟပ်လျက်ရှိသည်။ သဘာဝတရားသည် အရာဝတ္ထုတိုင်းတွင် ကိုယ်တော်ရှင်၏ဘုန်းတော်သည် ဖော်ပြထင်ရှားလျက်ရှိသည်။

**လူပျော်ရွှင်မှုအတွက်အလုပ်စီမံထားခြင်း** – ဘုရားသခင်သည် အလုပ အပကိုနှစ်သက်တော်မူသည်။ ယင်းသည်မှန်ကန်ကြောင်း ကိုယ်တော်ရှင်၏ လက်တော်ဖြင့် ဖန်ဆင်းထားတော်မူသမျှသောအရာတို့တွင် မမှားယွင်းသော အထောက်အထားကိုပေးထားတော်မူသည်။ ကျွန်ုပ်တို့၏ပထမမိဘနှစ်ပါး အတွက် ဧဒင်ဥယျာဉ်အရပ်တွင် လှပသောဥယျာဉ်တစ်ခုကို စိုက်ပျိုးထား တော်မူသည်။ အသုံးကျမှုအတွက်နှင့် တန်ဆာဆင်မှုအတွက် မြေကြီးမှ ထည်ဝါခန့်ညားသောသစ်ပင်ကြီးများကို ပေါက်စေတော်မူသည်။ လှပတင့်တယ် **ရှု**ချင်စဖွယ်ဖြစ်**၍** အရောင်အမျိုးစုံတို့ဖြင့် ပြည့်စုံဖူးပွင့်သောပန်းပင်များကို လည်းပေါက်စေ**၍** ယင်းပန်းပွင့်တို့သည် လေထုကြီးကို ယင်းတို့၏မွှေး**ကြိုင်** သောရနံ့တို့ဖြင့် ထုံသင်းစေပါသည်။ ကိုယ်တော်ရှင်ဖန်ဆင်းထားတော်မူသော အရာများကို ကြည့်**ရှုပြု**စုရသောလုပ်ငန်းကို လုပ်ကိုင်ရာတွင်လည်းကောင်း၊ ဥယျာဉ်**၌**ပေါက်နေသောသစ်ပင်များမှ အသီးအနှံများအားဖြင့် မိမိတို့၏ လိုအပ်ချက်များကို ဖြည့်တင်းပေးရာ**၌**လည်းကောင်း စိတ်ပျော်ရွှင်မှုကိုတွေ့ စေရန် ဘုရားသခင်ကြံရွယ်ထားတော်မူသည်။

အာဒံသည် ဧဒင်ဥယျာဉ်ကိုကြည့်**ရှု**စောင့်ရှောက်ရန် အပ်နှင်းထား တော်မူ၏။ အလုပ်မရှိလျှင်အာဒံသည် ပျော်ရွှင်ခြင်းမရှိနိုင်ကြောင်း ဖန်ဆင်းရှင် သည်သိနှင့်တော်မူသည်။ ဥယျာဉ်၏လှပတင့်တယ်ခြင်းသည် သူ့အား ဟဒယရွှင်မြူးခြင်းပိုပေးနိုင်သော်လည်း လုံလောက်မှုမရှိသေးပေ။ သူအံ့ဩ ဖွယ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းများအတွက် အညောင်းအညာဖြေစေရန် လေ့ကျင့်ခန်း**ပြု**လုပ်ဖို့လုပ်ငန်းလိုအပ်ပါသည်။ အကယ်**၍** အလုပ်အကိုင်မရှိ ဘဲနှင့် ပျော်ရွှင်မှုကိုရရှိနိုင်မည်ဆိုပါက လူသည်အပြစ်မ**ပြု**မီကပင် အလုပ် အကိုင်လုပ်ရန်တာဝန်ပေးခြင်းကို ခံရသည်မဟုတ်ပါ။ သို့ရာတွင် လူသား အတွက်ပျော်ရွှင်မှုသည် မည်သည့်အရာဖြစ်ကြောင်းကို ဖန်ဆင်းရှင်သိနှင့် တော်မူသည်ဖြစ်**၍** သူ့အားဖန်ဆင်းပြီးသည်နှင့်တစ်**ပြိုင်**နက် သတ်မှတ်ထား

သည့်အလုပ်တာဝန်ကိုလည်း ပေးအပ်တော်မူ၏။ လူသားအားအနာဂတ်ကာလတွင် ဘုန်းအသရေကိုပေးမည်ဟု ဆိုသောကတိတော်နှင့် လူသားသည် မိမိနေ့စဉ်ဝမ်းစာအတွက် ပင်ပန်းကြီးစွာလုပ်ကိုင်ရမည်ဆိုသောပညတ်သည် ဘုရားသခင်၏ပလ္လင်တော်တစ်နေရာတည်းမှချမှတ်သော စီရင်ဆုံးဖြတ်ချက်များဖြစ်ပါသည်။

ခရစ်ယာန်အိမ်ထောင်အားဖြင့် ဘုရားသခင်ဂုဏ်**ပြု**ခြင်းခံရပါသည်။ ဘုရားသခင်ကို ခရစ်ယာန်အိမ်ထောင်မှ**ရှိ**သေကိုင်း**ရှိုင်း**ပါသည်။ မိမိတို့အိမ်ထောင်တွင် ဘုရားသခင်ပထမဦးစားပေး**၍** ထာဝရဘုရားသခင်ကို ကြောက်ရွံ့သောသဘောသည် ပညာ၏အချုပ်အခြာဖြစ်ကြောင်း သားသမီးတို့အားသွန်သင်ဆုံးမသော မိခင်နှင့်ဖခင်တို့သည် ကောင်းကင်တမန်တို့**ရှေ့**၊ လူတို့**ရှေ့၌** ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေကြ၏။ ထိုမိသားစုသည် ကိုယ်တော်ရှင်ကိုကြောက်ရွံ့**ရိုသေ၍** စည်းကမ်းသေဝပ်ကြ၏။ ဘုရားသခင်ကိုလည်း ပုန်ကန်ခြင်းမ**ပြု**ကြ။ ထိုကဲ့သို့သောအိမ်ထောင်များ**၌** ခရစ်တော် သည် ဧည့်သည်အာဂန္တုမဟုတ်၊ သူတို့၏အိမ်သည် ခရစ်တော်၏နာမကို ခံယူသောကြောင့် ကိုယ်တော်ရှင်၏ဘုန်းတော်ကို ထင်ရှားစေကြ၏။

ဘုရားသခင်ကိုလည်းကောင်း၊ သမ္မာကျမ်းစာတော်မြတ်ကိုလည်း ကောင်း၊ ဖန်ဆင်းရှင်ကိုလည်းကောင်း **ရို**သေကိုင်း**ရှိုင်း**ရန် လမ်း**ညွှ**န်ဦးဆောင် လျက် ဘုရားသခင်အား အမြင့်မြတ်ဆုံးနေရာ**၌** စိုးစံသောအိမ်ထောင်တွင် ကောင်းကင်တမန်တို့သည် အားရဝမ်းမြောက်ကြ၏။ ယင်းမိသားစုများသည် "ငါတို့ကိုချီးမြှောက်သောသူတို့ကို ငါချီးမြှောက်မည်" ဟု ဘုရားသခင်၏ မိန့်တော်မူချက်ကို ခံစားခွင့်ရှိကြလိမ့်မည်။ ယင်းအိမ်ထောင်**၌** ဖခင်ဖြစ်သူသည်လည်း အောင်နိုင်သောစိတ်အားဖြင့် ဘုရားသခင်၏ထံမှပတ္ထနာဆုပန် လျက် နေ့စဉ်မိမိလုပ်ငန်းခွင်သို့သွားလာနိုင်လိမ့်မည်။

ခရစ်တော်ကိန်းဝပ်တော်မူခြင်းကသာလျှင် လူတို့အားပျော်ရွှင်စေနိုင်သည်။ သာမန်အသက်ရေအားလုံးကို ကောင်းကင်ဆိုင်ရာစပျစ်ရည်အဖြစ်သို့

ခရစ်တော်သည် ပြောင်းလဲပေးနိုင်တော်မူသည်။ ထိုအခါ အိမ်ထောင် ပျော်ရွှင် သာယာဒေင်ဂေဟာအနေဖြင့် ရပ်တည်နေနိုင်သည်။ အိမ်ထောင်သား များမှာမူ ကား၊ ကောင်းကင်ဆိုင်ရာအိမ်ထောင်သားတို့၏လှပသောအထိမ်းအမှတ် အနေ ဖြင့် ရပ်တည်နေလိမ့်မည်။

---o---

# အပိုင်း (၂)

# ရပ်ကွက်အကျိုးဆောင်အလင်းရောင်

# အခန်း ၄
# ထိရောက်သောအိမ်ထောင်၏သြဇာသက်ရောက်မှု

**ခရစ်ယာန်အိမ်ထောင်သည်သရုပ်ပြသင်ခန်းစာဖော်ပြ၏** – အိမ်ထောင်၏လုပ်ငန်းသည် မိသားစုတို့၏စည်းဝိုင်းတစ်ဖက်သို့ ကျော်နင်းတိုးချဲ့သွားသည်။ ခရစ်ယာန်အိမ်ထောင်သည် ပုံစံနမူနာဖော်ပြသောဌာနဖြစ်ရမည်။ ယင်းဖော်ပြခြင်းသည် ကမ္ဘာပေါ်တွင်ကောင်းကျိုးကိုပြုသောအင်အားဖြစ်လာလိမ့်မည်။ **၎**င်းကဲ့သို့အိမ်ထောင်မျိုးမှ ထွက်ခွာသွားသောလူငယ်တို့သည် သူတို့သင်ကြားခဲ့သောအိမ်ထောင်များ**၌** ပိုမိုမြင့်မြတ်သော ဘဝရပ်တည်မှုဆိုင်ရာကျင့်ဝတ်များကို သွတ်သွင်းလာကြ**၍** ရပ်ကွက်တွင်း အခြေအနေမြှင့်တင်ပေးသော သြဇာသက်ရောက်မှုသည် အသက်ဝင်လာ လေသည်။

အိမ်သူအိမ်သားတို့သည် ယဉ်ကျေးချောင်ခြင်းဖြင့် ခရစ်ယာန်ပီသစွာအားထုတ်ဆောင်ရွက်ပါက ကောင်းကျိုးချမ်းသာများစွာ ဖြစ်ထွန်းလိမ့်မည်။ ယင်းအိမ်သူအိမ်သားများ၏အောင်မြင်မှုကို အခြားသောမိသားစုတို့သည် အထူးအာ**ရုံ**စိုက်**၍** အတုယူကြလိမ့်မည်ဖြစ်ရာ စာတန်၏သွေးဆောင်ဖြားယောင်းခြင်းကိုလည်း တွန်းလှန်ကာကွယ်နိုင်ကြလိမ့်မည်။

ဘုရားသခင်၏အလိုတော်စိုးမိုးသောအိမ်ထောင်ကို ကောင်းကင်တမန်များတို့သည် မကြာခဏအလည်အပတ်လာရောက်ကြလိမ့်မည်။ ဘုရားသခင်၏ကျေးဇူးတန်ခိုးအာနိသင်ကြောင့် ယင်းကဲ့သို့သောအိမ်ထောင်မျိုးသည် မောပန်းနွမ်းနယ်သောအာဂန္တုများအတွက် အားဖြည့်သည့်ဌာနများဖြစ်လာသည်။ နိုးနိုးကြားကြားစောင့်ထိန်းထားခြင်းအားဖြင့် အတ္တစိတ်ကိုချုပ်တည်း နှိမ်နင်းထားရမည်။ မှန်သောအကျင့်ဓလေ့များကို လိုက်နာကျင့်သုံးရမည်။ သူတစ်ပါးတို့၏အခွင့်အရေးကို သတိရှိစွာဖြင့် အသိအမှတ်ပြုရမည်။ မေတ္တာ အားဖြင့်လုပ်ဆောင်**၍** စိတ်ဝိညာဉ်ကိုစင်ကြယ်စေသော ယုံကြည်ခြင်းသည် ပဲ့ကိုင်ချုပ်ထားသည်။ ယင်းအိမ်ထောင်မျိုး၏အရှိန်အဝါကြောင့် ဘုရားသခင်၏

နှုတ်တော်ထွက်ထဲ၌မှတ်ထားသော ညီအစ်ကိုချင်းပေါင်းသင်းဆက်ဆံမှု ဆိုင်ရာအကျင့်များကို ပိုမိုကျယ်ပြန့်စွာအသိအမှတ်**ပြု၍** လိုက်နာကျင့်သုံး၏။

**စည်းကမ်းစနစ်ရှိသောမိသားစု၏ဩဇာသက်ရောက်မှု** – ခရစ်ယာန်မဟုတ်သောလူနေရပ်ကွက်တွင် ဘုရားသခင်၏ပညတ်တော်ကို စောင့်ထိန်းသော ယေ**ရှု**ရှင်၏ကိုယ်စားလှယ်တော်များအနေဖြင့် ရပ်တည်နေမှုသည် မိသားစုတစ်ခုအတွက် သေးငယ်သောကိစ္စမဟုတ်ပေ။ ကျွန်ုပ်တို့ သည်လူအပေါင်းတို့သိ**၍** ဖတ်တတ်သောစာဖြစ်ရမည်။ ယင်းအခြေအနေ**၌** ကြီးလေးသောတာဝန်များ အကျုံးဝင်နေသည်။ စည်းကမ်းသေဝပ်သော မိသားစုသည် ဟောပြောနိုင်သောဓမ္မဒေသနာအပေါင်းထက် သာလွန်ပိုမို**၍** ခရစ်တော်၏အမှုတော်ကို ဆောင်ရွက်ရာရောက်ပါသည်။ ယင်းမိသားစု၏ မိခင်နှင့်ဖခင်တို့သည် ဘုရားသခင်၏လမ်း**ညွှ**န်မှုကို ကောင်းစွာလိုက်လျှောက် အောင်မြင်ကြောင်း ထင်ရှားသည့်အပြင် **၎**င်းတို့၏သားသမီးများသည်လည်း အသင်းတော်၏အမှုတော်ကို ဆောင်ရွက်ကြလိမ့်မည်။ သူတို့သည် လက်ခံရရှိကြသည်နှင့်အမျှ ဝေငှကြသူများဖြစ်သောကြောင့် သူတို့၏ဩဇာအာဏာသည်လည်း ရင့်သန်လာလိမ့်မည်။

သားသမီးတို့သည် မိဘတို့အတွက် အထောက်အကူဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် မိသားစု**၌**သူတို့ရရှိသောဆုံးမဩဝါဒကို သူတစ်ပါးတို့အား လက်ဆင့်ကမ်းဝေငှကြသည်။ သူတို့နေထိုင်ရာအရပ်ပတ်ဝန်းကျင်တစ်ခုလုံးသည် သူတို့ထံမှ ယင်းဝေငှပေးကမ်းမှု၏ကောင်းကျိုးကို ခံစားကြရသည်။ ယင်းကောင်းကျိုးကိုခံစားရမှုကြောင့် သူတို့သည် ယခုဘဝနှင့်ထာဝရကာလအတွက် ပါရမီတိုးပွားကြလေပြီ။ မိသားစုတစ်ခုလုံးသည် သူတို့သည်အရှင်သခင်အမှုတော်ကို ထမ်းဆောင်နေကြလေပြီ။ သူတို့၏ ဘုရားတရားကို **ရို**သေသောပုံသက်သေအားဖြင့် ကိုယ်တော်ရှင်၏သိုးစု၊ လှသောသိုးစုနှင့်ဆက်ဆံရာတွင် ဘုရားသခင်အပေါ်**၌** သစ္စာရှိစွာဖြင့် အောင်မြင်စွာဆောင်ရွက်ရန် အားပေးတိုက်တွန်းမှုရရှိကြသည်။

လောကကြီးအားတင်ပြရန် ခရစ်ယာန်ဘာသာတန်ခိုးအာနိသင်၏ အကြီးမားဆုံးသော အထောက်အထားသည် စည်းကမ်းစနစ်ရှိ**၍** စည်းကမ်းသေဝပ်သောမိသားစုဖြစ်သည်။ အခြားဘယ်အရာမျှ သမ္မာတရားကိုမပေးနိုင်သောထောက်ခံချက်မျိုးကို ယင်းမိသားစုမျိုးကပေးလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ယင်းမိသားစုမျိုးသည် စိတ်နှလုံးပေါ်**၌** ယင်း၏လက်တွေ့အာနိသင်ရှိကြောင်းပြသသည့် အသက်ရှင်သောသက်သေခံဖြစ်သည်။

အိမ်ထောင်တစ်ခု**၌** လိုက်နာကျင့်သုံးနေသော ခရစ်ယာန်အယူဝါဒ**၌** အကျိုးသက်ရောက်မှုအတွက် အကောင်းဆုံးစူးစမ်းချက်သည် ယင်းအယူဝါဒဩဇာသက်ရောက်မှုကြောင့် ဖြစ်ပေါ်ရရှိသောစာရိတ္တမျိုးဖြစ်သည်။ ဘုရားတရားမြဲပါသည်ဟု နှုတ်အားဖြင့်အစွမ်းကုန်သက်သေခံခြင်းထက် အပြုအမူများကပို**၍**အကျယ်လောင်ဆုံးသောအသံမျိုးဖြင့်သက်သေခံသည်။

ကမ္ဘာပေါ်**၌** ကျွန်ုပ်တို့၏လုပ်ငန်းမှာ မိမိတို့၏သားသမီးများနှင့်အိမ်ထောင်များသည် အခြားသောအိမ်ထောင်များအပေါ် ကောင်းမွန်သောဩဇာသက်ရောက်မှုရှိစေရန် သူတို့အား မည်သည့်ကောင်းမြတ်သောအရည်အချင်းများကို သင်ကြားပေးရမည်ဖြစ်ကြောင်းကို ရှာဖွေဆက်ဆံရန်ဖြစ်ပါသည်။ သို့မှသာလျှင် ကျွန်ုပ်တို့အနေဖြင့် တရားဟောစင်မြင့်ပေါ်သို့ဘယ်အခါမျှမတက်ရသော်လည်း မိမိတို့အနေဖြင့် အကျိုးပြုသည့်ပညာပေးဌာနများဖြစ်လာနိုင်သည်။ ဘုရားသခင်၏မျက်မှောက်တော်တွင် စည်းကမ်းစနစ်ကျ**၍** စည်းကမ်းသေဝပ်သောမိသားစုသည် ရွှေစင်ထက်လည်းကောင်း၊ ဩဖိရရွှေထက်လည်းကောင်း အဖိုးထိုက်လေသည်။

**ကျွန်ုပ်တို့၏အံ့ဩဖွယ်သောအလားအလာများ** — ကျွန်ုပ်တို့ ၏အသက်တာသည် တိုတောင်းလှ၏။ ကျွန်ုပ်တို့သည် **ဤ**လောက**၌** တစ်ကြိမ်တစ်ခါသာလျှင် အသက်ရှင်ခွင့်ရရှိကြပါသည်။ ယင်းကဲ့သို့အသက် ရှင်ခွင့်ရ ရှိစဉ်အသက်တာကိုအကျိုးရှိနိုင်သမျှရှိအောင် အသုံးပြုရမည်။ ခေါ်တော်မူသောအမှုတော်အတွက် ဥစ္စာခနေကြွယ်ဝချမ်းသာခြင်းသော်

လည်းကောင်း၊ လောကီရာထူးနှင့်အခြေအနေသော်လည်းကောင်း၊ ကြီးမားသောစွမ်းရည်သတ္တိသော်လည်းကောင်း မလိုအပ်ပါ။ လိုအပ်သည့်အရည်အချင်းများမှာ ကျေးဇူးပြုတတ်ခြင်း၊ ကိုယ်စီးပွားကိုစွန့်လွှတ်ခြင်းနှင့် မြဲမြံစွာစိတ်ပြဋ္ဌာန်းချက်ရှိခြင်းတို့ဖြစ်ပါသည်။ မည်မျှပင်သေးငယ်သော အလင်းငယ်ဖြစ်စေကာမူ တည်ငြိမ်စွာထွန်းလင်းနေပါက အခြားများစွာသောအလင်းများသို့ကူးစက်နိုင်ပါသည်။ ကျွန်ုပ်တို့၏ဩဇာသက်ရောက်မှုအတိုင်းအတာသည်ကျဉ်းမြောင်းသည်ဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့၏စွမ်းရည်သတ္တိသည်သေးသိမ်သည်ဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့အတွက် အခွင့်ကောင်းအခါကောင်းနည်းပါးသည်ဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့ရှာမှီးဆည်းပူးထားသည့်ဗဟုသုတများမှာ နည်းပါးသည်ဟူ၍လည်းကောင်း ကျွန်ုပ်တို့ယူဆကောင်းယူဆပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့သည် မိမိတို့၏အိမ်ထောင်၌အခါအားလျော်စွာ ပေါ်ပေါက်လာသောအခွင့်အရေးများကို အလျဉ်းသင့်သလိုယုံကြည်စွာအသုံးပြုပါက ကျွန်ုပ်တို့အတွက် ဘုရားသခင်သည် အံ့ဩဖွယ်ရာကောင်းလောက်အောင် တတ်နိုင်တော်မူကြောင်း သိရှိနားလည်လာလိမ့်မည်။ လူ့အသက်တာအတွက်ချမှတ်ထားသော ဓမ္မကျင့်ဝတ်စဉ်များကိုကျွန်ုပ်တို့၏အိမ်ထောင်တွင်း၌လည်းကောင်း ကျင့်သုံးပါက ကျွန်ုပ်တို့သည်ထာဝရအသက်ကိုပေးနိုင်သည့်တန်ခိုးရှိသူထံသို့ လမ်းပြသူများဖြစ်ကြလိမ့်မည်။ ထိုကြောင့် ကျွန်ုပ်တို့၏အိမ်ထောင်သည် အသီးအပွင့်ကင်းမဲ့ပြီး အဆီအနှစ်ကုန်ခန်းသွေ့ခြောက်နေသောမြေကြီးပေါ်တွင် အပင်များပေါက်၍ အသီးအပွင့်များနှင့်ဝေဝေဆာဆာဖြစ်လာအောင် ပြုစုပျိုးထောင်ပေးသည့် ရေလွှတ်မြောင်းကြီးသဖွယ်ဖြစ်လိမ့်မည်။

ဘုရားသခင်ကိုကြောက်ရွံ့သောမိဘတို့၏ဩဇာသည် မုန့်ညက်သုံးတင်းမျှကိုဖောင်းကြွစေသောတဆေးကဲ့သို့ မိမိတို့၏အိမ်ထောင်မှ အခြားအိမ်ထောင်များသို့ အကျိုးပြုမှုမျိုးကို ပျံ့နှံ့စေကြလိမ့်မည်။

အိမ်ထောင်၌သစ္စာရှိစွာဖြင့်ဆောင်ရွက်သောလုပ်ငန်းက ယင်းလုပ်ငန်းမျိုးကိုဆောင်ရွက်ရန် အခြားသောသူတို့ကိုပညာပေးသည်။ ဘုရားသခင်၌

သစ္စာရှိသောသဘောသည် တဆေးနှင့်တူ**၍** ယင်းစိတ်သဘောကို အသင်းထဲ**၌**ထုတ်ဖော်ပြသောအခါတွင် ယင်းတို့၏စိတ်သဘောထားသည် အခြားသူများအပေါ်**၌**သက်ရောက်မှုဖြစ်ပေါ်ကာ ခရစ်ယာန်ဘာသာတရားကိုလည်းနေရာတကာ**၌**ထောက်ခံသော ထောက်ခံချက်တစ်ရပ်ဖြစ်နေပေလိမ့်မည်။ တက်တက်ကြွကြွဆောင်ရွက်သော ခရစ်တော်၏စစ်သည်တော်၏လုပ်ငန်းသည် ထာဝရကာလကဲ့သို့ အဓွန့်ရှည်စွာအကျိုးသက်ရောက်၏။ ထိုသို့ ဆိုလျှင် ကျွန်ုပ်တို့၏အသင်းတော်များတွင် အဘယ်ကြောင့်သာသနာပြု ဆိုင်ရာစိတ်သဘောထား **ဤ**မျှလောက်လိုအပ်နေရသနည်း။ လိုအပ်နေသော အကြောင်းမှာ အိမ်ထောင်ဆိုင်ရာ ဘုရားတရားကြည်**ညို**ဝတ်**ပြု**ခြင်း လျစ်လျူ**ရှု**သောကြောင့် ဖြစ်သည်။

## စည်းစနစ်မရှိသောအိမ်ထောင်၏ဩဇာသက်ရောက်မှု –

စည်းစနစ်မရှိသောအိမ်ထောင်၏ဩဇာသက်ရောက်မှုသည် နေရာအနှံ့အပြားတွင်ရှိနေ**၍** ယင်းအခြေအနေက လူ့အဖွဲ့အစည်းတစ်ခုလုံးကို အန္တရာယ်**ပြု**နေသည်။ ထိုဩဇာသက်ရောက်မှုမှာ မကောင်းမှုဒီရေအဟုန်ထဲ**၌**စုပုံပြီးမိသားစုများ၊ လူနေရပ်ကွက်များနှင့် အစိုးရတို့ထိခိုက်နစ်နာစေလေသည်။

လောကတွင် သူတစ်ပါးတို့သည် ကျွန်ုပ်တို့အားသတိမ**ပြု**မိအောင်နေ**၍**မဖြစ်နိုင်ပါ။ မိသားစုဝင်တစ်ဦးသည်လည်း အခြားမိသားစုဝင်များမိမိ၏အ**ပြု**အမူအနေအထိုင်နှင့်စိတ်နေသဘောထားကို အလေးမမူဂ**ရု**မ**ပြု**မိ အောင်မိမိကိုယ်ကိုဖုံးကွယ်ဝှက်ထားဖို့မဖြစ်နိုင်ပါ။ မျက်နှာရိပ်မျက်နှာကဲအမူအရာကိုပင်လျှင် သူတစ်ပါးတို့သည် အဆိုးအကောင်းအကဲဖြတ်ကြ လိမ့်မည်။ သူ့စိတ်သဘော၊ သူ့အပြောအဆိုများ၊ သူ့လုပ်ရပ်များ၊ သူတစ်ပါးအပေါ်ထားရှိသော သူ့သဘောထားတို့သည် ထင်ထင်ရှားရှားဖြစ်**၍** လွဲမှားမှုမရှိနိုင်ပေ။ အကယ်**၍** သူသည် ကိုယ်ကျိုးကိုရှာသောဘဝ**၌**ရပ်တည်နေလျှင် သူ့ဝိညာဉ်သည် ရောဂါထူထပ်သောလေထုဝန်းရံထားခြင်းကို ခံနေရပေပြီ။ အကယ်**၍** သူ့စိတ်နှလုံးသည် ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝနေလျှင်

သူ့ဝိညာဉ်သည် ယဉ်ကျေးစွာဆက်ဆံခြင်း၊ သနားညှာတာခြင်း၊ သူတစ်ပါးတို့၏ချစ်ခင်တတ်သောစိတ်သဘောကို လေးစားခြင်းတို့ကို ထင်ရှားစွာပြသ**၍** ချစ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းစိတ်သဘော၊ ကျေးဇူးတင်တတ်သောသဘောနှင့် ပျော်ရွှင်တတ်သောသဘောထားများကို လက်တွေ့ပြသလိမ့်မည်။ သူသည် ယေ**ရှု**ရှင်အတွက် အသက်ရှင်နေကြောင်း၊ ကိုယ်တော်၏ခြေတော်ရင်း**၌** နေ့စဉ်နေ့တိုင်းသင်ကြားလေ့လာနေကြောင်း၊ ကိုယ်တော်အလင်းတရားနှင့် ငြိမ်သက်ခြင်းကိုရရှိနေကြောင်း လက်တွေ့ပြသလိမ့်မည်။ “ကျွန်ုပ်တို့သည် ချီးမြှောက်ခြင်းသို့ရောက်ပါ၏” ဟု သူ့အနေဖြင့်ပြောဆိုနိုင်ပေလိမ့်မည်။

---o---

# အခန်း ၅
# ခွန်အားကြီးသောသက်သေခံခြင်း

**အကောင်းဆုံးသောသာသနာပြုများသည် ခရစ်ယာန်အိမ်ထောင်များမှထွက်ပေါ်လာသည်** – ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသောအိမ်ထောင်၊ ဘုရားကိုချစ်သောအိမ်ထောင်၊ ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်သောအိမ်ထောင်၊ သစ္စာရှိခြင်းသည် ဝမ်းတွင်းပါကဲ့သို့ဖြစ်သောအိမ်ထောင်၊ အိမ်ဂေဟာဆိုင်ရာတာဝန်များကိုသာ သာမန်ကာလျှံကာဖြင့်လည်းကောင်း၊ အမှုမဲ့အမှတ်မဲ့ဖြင့်လည်းကောင်း လုပ်ကိုင်မှုကိုခွင့်မပြုသောအိမ်ထောင်၊ နေ့စဉ်ဆောင်ရွက်ရမည့်တာဝန်များကို သစ္စာရှိစွာထမ်းဆောင်ရန်အတွက် ဘုရားသခင်နှင့်ဆိတ်ငြိမ်စွာမိတ်သဟာယဖွဲ့ခြင်းသည် လိုအပ်သည်ဟုသဘောထားသော ခရစ်ယာန်အိမ်ထောင်မျိုးတွင် ပင်လယ်ရပ်ခြားတိုင်းတစ်ပါး၌ ဘုရားသခင်အတွက်အမှုထမ်းဆောင်မည့်သာသနာပြုများသည် အကောင်းဆုံးပြင်ဆင်မှုကိုရရှိ ကြသည်။

အကယ်၍ အိမ်ထောင်ဆိုင်ရာတာဝန်များကို မှန်ကန်သောသဘောထားဖြင့်ဆောင်ရွက်လျှင် ခရစ်တော်အတွက် အတည်မြဲဆုံးနှင့်အစုံလင်ဆုံးနည်းမျိုးဖြင့် အမှုတော်ကိုထမ်းဆောင်စေမည့် အတွေ့အကြုံမျိုးကိုပေးလိမ့်မည်ဟူသော အသိစိတ်ဓာတ်ဖြင့် ယင်းတာဝန်များကိုထမ်းဆောင်သင့်ပေသည်။ ထိုနေ့စဉ်တာဝန်များကို သစ္စာရှိစွာထမ်းဆောင်ခြင်း၊ ဝမ်းမြောက် ဝမ်းသာစွာလက်ဝါးကပ်တိုင်ကိုမြှောက်ထားခြင်း သဘာဝခံစားချက်များနှင့် မည်မျှပင်ဆန့်ကျင်သော်လည်း မည်သည့်အလုပ်အကိုင်ကိုမျှ လျစ်လျူမရှုဘဲ ဆောင်ရွက်လျှင် မည်သည့်သာသနာပြုဆိုင်ရာလုပ်ငန်းမျိုးကိုမဆို မထမ်းဆောင် ဘဲနေမည့်ခရစ်ယာန်ရှိပါဦးမည်လား။

ခရစ်တော်အတွက် ကျွန်ုပ်တို့၏ဆောင်ရွက်ရမည့်အမှုတော်သည် အိမ်ထောင်မှအစပြုရမည်။ ယင်းနေရာထက်ပိုမိုအရေးပါအရာရောက်သော သာသနာပြုရန်နယ်မြေကား မရှိတော့ပြီ။

အများသောသူတို့သည် သာသနာပြုရမည့်နယ်မြေဖြစ်သော အိမ်ထောင်ကို ရက်ဖွယ်ဖြစ်လောက်အောင် လျစ်လျူရှုထားကြသည်။ **ဤ** ဆိုးရွားသောအခြေအနေကို အမှန်ဖြစ်အောင်ပြုလုပ်နိုင်ရန် ဘုရားသခင်၏ အင်အားတော်နှင့်ကုသနည်းများကိုတင်ပြရန် အချိန်တန်ပေပြီ။

လူငယ်လူရွယ်တို့စွမ်းဆောင်ရန် အကြီးမားဆုံးတာဝန်သည် သူတို့ အိမ်ဂေဟာများမှာပင်ရှိ**၍** မိခင်ဖခင်တို့နှင့်ညီအစ်ကိုမောင်နှမများတို့၏လိုအပ် ချက်များကို မေတ္တာစိတ်နှင့်စစ်မှန်သောစိတ်ဝင်စားမှုတို့ဖြင့် ဆောင်ရွက်ပေး ရကြမည်။ သူတို့၏အိမ်ဂေဟာများတွင် လူငယ်လူရွယ်တို့သည် သူတစ်ပါး တို့အားကြည့်ရှုရာတွင် ကိုယ်ကျိုးငဲ့ခြင်းမရှိကြောင်းကို လက်တွေ့ပြသနိုင် ကြသည်။ အစ်မတစ်ယောက်သည် သူ့မောင်များအပေါ်**၌** ဘယ်မျှလောက် ကြီးမားသော ဩဇာသက်ရောက်မှုရှိနိုင်ပါသနည်း။ အကယ်**၍** သူမ၏ အပြုအမူတို့သည်မှန်ကန်လျှင် သူမမောင်များတို့၏စာရိတ္တများကိုပြုပြင်ပေး နိုင်မည်ဖြစ်သည်။ သူမသည် သူမ၏ဆုတောင်းပတ္ထနာများ၊ သူမ၏နူးညံ့ သိမ်မွေ့ခြင်းနှင့် သူမ၏ချစ်ခြင်းမေတ္တာတို့က အိမ်ထောင်၏သာယာပျော်ရွှင် မှုအတွက် များစွာအထောက်အကူဖြစ်လိမ့်မည်။

အိမ်ထောင်တွင် ခရစ်တော်ကိုလက်ခံပြီးသောသူတို့သည် ကျေးဇူး တော်ကသူတို့အား မည်ကဲ့သို့ပြုပြင်ပေးတော်မူသည်ကိုပြကြရမည်။ "ထိုသူ ကိုလက်ခံသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။" ခရစ်တော်ကိုယုံကြည် သော၊ သူ့အပေါ်သိတတ်သောအာဏာပိုင်တစ်ဦးသည် ဩဇာလွှမ်းမိုးထား**၍** ယင်းအခြေအနေက သက်ဆိုင်ရာပုဂ္ဂိုလ်၏ဩဇာသက်ရောက်မှုကို အိမ်ထောင်

တစ်ခုလုံးအား တွေ့ထိခံစားမှုရရှိစေလေသည်။ ယင်းအခြေအနေသည် အိမ်သူ အိမ်သားအားလုံးတို့၏စာရိတ္တကြွံခိုင်ပြည့်စုံမှုအတွက် အလားအလာကောင်း သည်။

**ဘုရားတရားမယုံကြည်သောသူတို့မငြင်းဆိုနိုင်သောအကြောင်းပြချက်**– စနစ်တကျဖြစ်**၍** စည်းကမ်းသေဝပ်သော ခရစ်ယာန်အိမ်ထောင်သည် ခရစ်ယာန်အယူဝါဒစစ်မှန်သည်ဟူသော အဆိုပြုချက်အတွက် ခိုင်လုံသော အကြောင်းပြချက်ဖြစ်ရာ၊ ယင်းအကြောင်းပြချက်ကို မည်သည့်ဘုရားတရား မယုံကြည်သောသူမျှ မငြင်းဆိုနိုင်ပေ။ သားသမီးများအပေါ်ထိခိုက်မှုရှိသော ဩဇာသက်ရောက်မှုသည် အိမ်ထောင်တွင်အလုပ်လုပ်လျက်ရှိကြောင်းကို လည်းကောင်း၊ အာဗြံ၏ဘုရားသခင်သည် ယင်းအိမ်ထောင်သူအိမ်ထောင် သားနှင့်အတူရှိတော်မူကြောင်း အားလုံးသောသူတို့ကတွေ့မြင်နိုင်ကြသည်။ ခရစ်ယာန်ဟုခေါ်သောသူတို့၏အိမ်ထောင်သားများသည် မှန်ကန်သောဘာသာ အယူဝါဒ၏ပုံသွင်းပြုပြင်မှုကိုရရှိလျှင် သူတို့သည် အမြဲတမ်းကြွံခိုင်ပြည့်စုံ သော ဩဇာသက်ရောက်မှုမျိုးကို ဖြန့်ချိကြလိမ့်မည်။ အဘယ်အမှတ်အား ဖြင့် သူတို့သည် “လောက၏အလင်း” ဖြစ်ကြလိမ့်မည်။

**သားသမီးများကကျမ်းစာဆိုင်ရာကျင့်ဝတ်များကို သူတစ်ပါးတို့အားလက်ဆင့်ကမ်းရမည်။** – ကောင်းမွန်စွာပညာသင်ကြားတတ်မြောက်ကြ သောသားသမီးတို့သည် မိခင်ဖခင်တို့အားကူညီခြင်းအားဖြင့် အသုံးကျသော သူများဖြစ်လိုလျှင် မှန်ကန်သောအယူအဆများနှင့် ကျမ်းစာဆိုင်ရာကျင့်ဝတ် များကို သူတို့အပေါင်းအသင်းရောင်းရင်းဖက်တို့အား လက်ဆင့်ကမ်းရမည်။

ကျွန်ုပ်တို့၏အိမ်ထောင်များသည် ရှိသင့်ရှိထိုက်သောအခြေအနေ တွင်ရပ်တည်နေကြလျှင်၊ ကျွန်ုပ်တို့၏သားသမီးများအား ပျင်းရိခြင်း**၌**

ကီးပြင်းလာခြင်းကိုလည်းကောင်း၊ သူတို့ဘေးပတ်လည်**၌**နေထိုင်လျက်ရှိကြ သော ဆင်းရဲနွမ်းပါးသောသူတို့အတွက် ဘုရားသခင်၏တောင်းဆိုချက်များ ကို ဂ**ရု**မစိုက်ဘဲနေခြင်းတို့ကိုလည်းကောင်း ခွင့်**ပြု**ကြလိမ့်မည်မဟုတ်ပေ။ ကျွန်ုပ်တို့ကိုယ်တော်ရှင်၏အမွေခံများအနေဖြင့် ကျွန်ုပ်တို့၏အိမ်ထောင်များ သည် ရှိသည့်နေရာတွင် ဘုရားသခင်အတွက် အမှုတော်ထမ်းဆောင်ရန် အရည်အချင်းနှင့်ပြည့်စုံသောသူများ ဖြစ်လာကြလိမ့်မည်။ အသိပညာရှိသမျှ စတင်ရရှိရာဌာနသို့ပို့ဆောင်ပေး**၍** အသိပညာမရှိသောသူတို့အတွက် ယင်း၏ ကိုယ်ကိုဖော်ပြမည့်အလင်းရောင်သည် ယင်းအိမ်ထောင်များမှ ထွန်းလင်း လိမ့်မည်။ ဘုရားသခင်အတွက်နှင့် ကိုယ်တော်ရှင်၏သမ္မာတရားအတွက် တန်ခိုးအာနိသင်မဖြစ်စေမည့် သြဇာသက်ရောက်မှုမျိုးတို့ကို ဖြန့်ဖြူးပေး လိမ့်မည်။

အခြားနည်းအားဖြင့်ချဉ်းကပ်**၍** မရသောမိဘတို့အား မကြာခဏ သားသမီးများမှတစ်ဆင့် ရောက်ရှိနိုင်သည်။

**ပျော်ရွှင်သာယာအိမ်ထောင်များသည် အိမ်နီးပါးချင်းများအတွက် အလင်းရောင်ဖြစ်လိမ့်မည်** – နေရောင်ခြည်ကဲ့သို့ထွန်းပြောင်သော မိဘ များနှင့်ခရစ်ယာန်များတို့ကို များစွာလိုအပ်လျက်ရှိပေသည်။ ကျွန်ုပ်တို့သည် ကိုယ်ရေးကိုယ်တာကိစ္စများဖြင့် ထွေးလုံးရစ်ပတ်လျက်ရှိကြသည်။ ကျွန်ုပ်တို့ သားသမီးများအားလည်းကောင်း၊ စိတ်ဒုက္ခရောက်လျက်ရှိသောသူတို့နှင့်နှိပ်စက် ကလူအ**ပြု**ခံနေရသောသူတို့အားလည်းကောင်း သနားညှာတာမှုပြခြင်း၊စိတ်အား တက်ဖွယ်စကားများပြောခြင်းနှင့် ရွှင်ပျ**ပြုံး**ရယ်သောမျက်နှာဖြင့် နှုတ်ခွန်းဆက် ခြင်းများ**ပြု**လုပ်ရန် ကျွန်ုပ်တို့အနေဖြင့် မကြာခဏပျက်ကွက် ကြသည်။

မိဘတို့၊ သင်တို့သည် အလင်းဆောင်သောသူများအနေဖြင့်လည်း ကောင်း၊ အလင်းရောင်ထွန်းလင်းပေးသောသူများအနေဖြင့်လည်းကောင်း ဆောင်ရွက်ရန်တာဝန်ရှိပေသည်။ အိမ်ထောင်တွင် မီးအိမ်သဖွယ်အလင်းရောင် ထွန်းလင်းခြင်းအားဖြင့် သင်တို့သားသမီးများကျော်ဖြတ်ရမည့်ခရီးကို အလင်း ရောင်ဖြင့်ပြည့်စေကြပါ။ ယင်းကဲ့သို့ပြုလုပ်လျှင် သင်တို့၏အလင်းရောင်သည် ပြင်ပ**၌**ရှိသောသူတို့၏သွားရာလမ်းခရီးကို ထွန်းလင်းစေပါလိမ့်မည်။

ခရစ်ယာန်အိမ်ထောင်တိုင်းမှ သန့်ရှင်းသောအလင်းရောင်ထွန်းပြောင်နေသင့်ပေသည်။ ချစ်ခြင်းမေတ္တာကို လက်တွေ့ပြသသင့်ပေသည်။ ယင်းမေတ္တာသည် အိမ်ထောင်ဆိုင်ရာဆက်ဆံမှုရှိသမျှတို့တွင် စီးဆင်းလှုပ်ရှားမှုရှိ**၍** ထောက်မြော်တတ်သောသနားကြင်နာမှု၊ တစ်ကိုယ်ကောင်းစိတ်ကင်းသော**ရိ**သေသမှုပြုခြင်းတွင် ယင်း၏ဆောင်ရွက်ချက်ကိုတွေ့မြင်ရသည်။ **ဤ**ကျင့်ဝတ်များကိုကျင့်သုံးကြသော အိမ်ထောင်များရှိကြသည်။ ယင်းအိမ်ထောင် တို့တွင် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်**၍** စစ်မှန်သောချစ်ခြင်း မေတ္တာစိုး မိုးနေသည်။ ယင်းအိမ်ထောင်များမှာ မွှေးကြိုင်သောနံ့သာပေါင်းကဲ့သို့ နံနက်နှင့်ညချမ်းအချိန်တို့တွင် ဆုတောင်းပဌနာတို့သည် ဘုရားသခင် အထံတော်သို့ တက်ကြသည်။ ယင်းအသနားတော်မြတ်ခံချက်များပေါ်သို့ ကိုယ်တော်ရှင်က**ရ**ဏာတော်နှင့် ကောင်းချီးမင်္ဂလာတို့သည် နံနက်ခင်းဆီးနှင်း များကဲ့သို့ ကျဆင်းလာကြသည်။

**မိသားစုစည်းလုံးမှု၏အကျိုးကျေးဇူးများ** – ခရစ်ယာန် တို့၏ပထမလုပ်ငန်းသည် မိသားစုတို့၏စည်းလုံးမှုကို အရယူရန်ဖြစ်သည်။ ထိုနောက် ယင်းစည်းလုံးမှုလုပ်ငန်းကို အနီးအဝေး**၌**နေထိုင်လျက်ရှိကြသော အိမ်နီးချင်းတို့ဆီသို့ တိုးချဲ့လုပ်ကိုင်ရန်ဖြစ်သည်။ အလင်းတရားကိုရရှိထား သောပုဂ္ဂိုလ်တို့သည် မိမိတို့၏အလင်းကို တောက်ပြောင်သောရောင်ခြည်များဖြင့်

ထွန်းလင်းစေရမည်။ ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ဖြင့် မွေးကြိုင်နေသော သူတို့၏အပြောအဆိုများသည် အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏အမွှေးအကြိုင်များဖြစ်ရမည်။

အိမ်ထောင်မှုဆိုင်ရာဝေယျာဝစ္စအလုပ်အကိုင်များကို ဆောင်ရွက်ကြရာတွင် အိမ်ထောင်သူအိမ်ထောင်သားတို့သည် စည်းလုံးညီ**ညွ**တ်မှုရှိလေ၊ အိမ်ပြင်ပသို့ဆင်းသက်သော မိဘတို့နှင့်သားသမီးတို့၏သြဇာသက်ရောက်မှု သည် ပိုမိုနက်**ရှိုင်း၍** ပိုမိုအထောက်အကူဖြစ်လေဖြစ်ပေမည်။

**ဥာဏ်ပညာကောင်းမှုထက် လူကောင်းသူကောင်းကိုပိုမိုလိုအပ် ခြင်း** – အိမ်ထောင်များနှင့်အသင်းတော်များ၏စိတ်ချမ်းသာမှုသည် အိမ်ထောင်ဆိုင်ရာသြဇာသက်ရောက်မှုများပေါ်တွင်တည်သည်။ ထာဝရ ကာလဆိုင်ရာကောင်းကျိုးများသည် **ဤ**ဘဝသက်တာဆိုင်ရာတာဝန်များကို ကောင်းမွန်စွာထမ်းဆောင်မှုပေါ်တွင်တည်သည်။ လောကကြီးသည် ဥာဏ်ပညာကောင်းမှုထက် မိမိတို့၏ အိမ်ထောင်များတွင် မင်္ဂလာဖြစ်စေမည့် လူကောင်းသူကောင်းများကို ပိုမိုလိုအပ်နေသည်။

**အိမ်တံခါးများကိုပိတ်ထားစေမည့် အမှားအယွင်းများကိုရှောင် ပါ** – အိမ်ထောင်များတွင် ဘာသာရေးကိုထင်ရှားစွာပြသလျှင် ယင်း အခြေအနေ၏သြဇာသက်ရောက်မှုကို အသင်းတော်နှင့်ပတ်ဝန်းကျင်တွင် တွေ့မြင်ရမည်ဖြစ်သည်။ သို့ရာတွင် သူတို့ကိုယ်ကိုခရစ်ယာန်ဟုခေါ်ဆိုကြသော အချို့သော သူတို့သည် သူတို့၏အိမ်ထောင်ဆိုင်ရာပြ**ဿ**နာများကို သူတို့၏ အိမ်နီးချင်းတို့အားပြောပြကြသည်။ သူတို့အိမ်နီးချင်းများက ကိုယ်ချင်းစာသနားလာရလောက်အောင် သူတို့၏မကျေနပ်မှုများကို ပြန်လည်ပြောပြကြသည်။ အထူးသဖြင့် ကျွန်ုပ်တို့၏မကျေနပ်မှုများပေါ်ပေါက်တည်ရှိနေရခြင်း၏

အကြောင်းရင်းမှာ ကျွန်ုပ်တို့၏ဘာသာရေးကင်းမဲ့သောအသက်တာနှင့် ချို့ယွင်းသောအကျင့်စာရိတ္တများကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ဒုက္ခများကို သူတစ်ပါးတို့အားကြားပြောခြင်းသည် မှားယွင်းသောလမ်းစဉ်ဖြစ်သည်။ သူတို့၏ကိုယ်ရေးကိုယ်တာမကျေနပ်မှုများကို သူတစ်ပါးတို့အား ဖောက်သယ်ချကြသောသူတို့သည် ယင်းကဲ့သို့ပြုလုပ်သည်ထက် သူတို့၏လွဲချော်နေသော ဆန္ဒကိုဘုရားသခင်အားအပ်နှံရန်၊ ကျောက်မြတ်တော်ပေါ်၌လဲကျ၍ ကျိုးပဲ့ကြေမွခြင်းခံရန်၊ ယေရှုသခင်က သူတို့အားအသရေရှိသောတန်ဆာအဖြစ်ပြုပြင်ပေးနိုင်ရန် သူတို့၏ဇာတိပကတိသဘောအသေဖြစ်စေရန် သူတို့အိမ်ဂေဟာ၌နေ၍ ဆုတောင်းခြင်းကပို၍ကောင်းမွန်ပေသည်။ ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံမှုကင်းမဲ့ခြင်း၊ စိတ်တိုကြမ်းတမ်း၍ မစဉ်းစားမဆင်ခြင်ဘဲပြောဆိုသောစကားတို့သည် သင်တို့၏ဂုဏ်သိက္ခာကိုကျဆင်းစေ၍ နောင်တွင်ဘယ်အခါမျှမရနိုင်လောက်အောင် သူတစ်ပါး၏စိတ်နှလုံးတံခါးများတို့ကို ပိတ်ထားစေလိမ့်မည်။

**နေအိမ်ထဲမှခရစ်ယာန်ဘာသာသည် ပြင်ပလောကသို့ထွန်းလင်းလိမ့်မည်**– ကောင်းကင်အိမ်ထောင်၏အထိမ်းအမှတ်အနေဖြင့်ရပ်တည်နေစေရန်၊ မိမိတို့၏အိမ်ထောင်များကိုပြုပြင်ရန်ကြိုးပမ်းခြင်းက ပိုမိုကြီးကျယ်ခမ်းနားသောအလုပ်အကိုင်ကို ထမ်းဆောင်နိုင်စေရန် ကျွန်ုပ်တို့အားပြင်ဆင်ပေးသည်။ တစ်ဦးနှင့်တစ်ဦးကြင်နာစွာဆက်ဆံရန်၊ ရရှိသောအသိပညာက စစ်မှန်သောဘာသာရေး၏ကျင့်ဝတ်များကို သင်ကြားပို့ချပေးရန်၊ လိုအပ်နေသောသူတို့ အားဘယ်ကဲ့သို့ချဉ်းကပ်နိုင်မည့်နည်းလမ်းကိုသိရှိရန် ကျွန်ုပ်တို့အားအထောက်အကူပြုလေသည်။ လူခပ်သိမ်းတို့ အထူးသဖြင့် ဘုရားသခင်အိမ်ထောင်မှ နုပျိုသေးသောအိမ်ထောင်သူအိမ်ထောင်သားတို့အား ကောင်းမွန်စွာစောင့်ထိန်းကြည့်ရှုထားနိုင်ရန် အသင်းတော်သည် ရနိုင်သမျှသောစာပေ

သင်ကြားတတ်မြောက်ထားသော ဝိညာဉ်ရေးဆိုင်ရာအင်အားစုကို များစွာ လိုအပ်နေလေသည်။ အိမ်ထောင်**၌**လက်တွေ့ကျင့်သုံးသောသမ္မာတရားသည် ပြင်ပလောက**၌** ကိုယ်ကျိုးကိုမငဲ့ကွက်သောအလုပ်အကိုင်မျိုးတွင် ပေါ်လွင် ထင်ရှားလာသည်။ အိမ်ထောင်တွင် ခရစ်ယာန်ဘာသာကိုလက်တွေ့ကျင့်သုံး သောသူတို့သည် နေရာတိုင်းတွင် ထွန်းတောက်သောအလင်းရောင်ဖြစ်လိမ့် မည်။

---o---

# အပိုင်း (၃)

# ရာသက်ပန်အိမ်ထောင်ရွေးချယ်ခြင်း

# အခန်း ၆
# ကြီးမားသောဆုံးဖြတ်ချက်

**ပျော်ရွှင်ခြင်းလော၊ သို့တည်းမဟုတ် ဝမ်းနည်းဖွယ်ကောင်းသော မင်္ဂလာဆောင်ခြင်းလော** – အကယ်**၍** မင်္ဂလာဆောင်ရန်ခြေလှမ်းပြင် နေကြသောသူတို့သည် မင်္ဂလာဆောင်ပြီးသည့်နောက်ပိုင်းတွင် စိတ်ဆင်းရဲခြင်း၊စိတ်ဒုက္ခရောက်ခြင်းအဖြစ်အပျက်မျိုးကို ရင်မဆိုင်လိုလျှင် ယခုမင်္ဂလာမဆောင်မီအချိန်တွင် ယင်းကိစ္စနှင့်ပတ်သက်**၍** လေးလေးနက်နက် စိတ်ထက်သန်စွာစဉ်းစားရမည်။ ဉာဏ်ပညာကင်းမဲ့စွာမင်္ဂလာဆောင်ကိစ္စကိုပြုလုပ်လျှင် ယင်းသည် လူငယ်လူရွယ်တို့၏အသုံးကျမှုကိုဖျက်ဆီးရာတွင် အထက်မြက်ဆုံးသောလက်နက်တစ်ခုဖြစ်လိမ့်မည်။ ဘဝရပ်တည်မှုသည် ဝန်ထုပ်ကြီး သဖွယ် (သို့မဟုတ်) အမင်္ဂလာသဖွယ်ဖြစ်လာသည်။ အမျိုးသမီးတစ်ဦး၏ ပျော်ရွှင်မှုနှင့်အသုံးကျမှုကို ထိထိရောက်ရောက်ဖျက်ဆီး**၍** ဘဝရပ်တည်မှုကို စိတ်ဒုက္ခရောက်အောင်လုပ်ရာတွင် ယင်းအမျိုးသမီး၏ခင်ပွန်းထက် စွမ်းဆောင်နိုင်သူကားမရှိတော့ပြီ။ တစ်နည်းကား အမျိုးသားတစ်ဦး၏တွေးခေါ်ချက်များနှင့်ရည်စူးချက်များကိုပြို့ကွဲအောင်ပြုလုပ်ရာတွင်လည်းကောင်း၊ သူကြိုးပမ်းမှုများကိုရပ်တန့်စေ**၍** သူ့သြဇာသက်ရောက်မှုနှင့်မျှော်လင့်ချက်များကို ဖျက်ဆီးရာတွင်လည်းကောင်း သူ့ဇနီးထက်စွမ်းဆောင်နိုင်သူကားမရှိတော့ပြီ။ ယောကျ်ားဖြစ်သူနှင့်မိန်းမဖြစ်သူတို့သည် **ဤ**ဘဝအသက်တာတွင် လင်မယားအဖြစ်ပေါင်းသင်းခြင်းသည်လည်းကောင်း၊ သူတို့၏အနာဂတ်ကာလမျှော်လင့်ချက်တို့သည်လည်းကောင်း အောင်မြင်မည် (သို့မဟုတ်) ဆုံးရှုံးမည်ကို သူတို့၏မင်္ဂလာဆောင်သောအချိန်မှစတင်**၍** ရေတွက်သတ်မှတ်ကြသည်။

လူငယ်လူရွယ်တို့အား သူတို့၏အန္တရာယ်ကို အထူးသဖြင့်ထမ်းပိုးမည်သော မင်္ဂလာဆောင်ခြင်း၏အန္တရာယ်ကို ကွက်ကွက်ကွင်းကွင်းတွေ့မြင်သိရှိစေလိုပါသည်။

ထိမ်းမြားခြင်းဆိုသည်မှာ သင်တို့၏ဘဝအသက်တာကို **ဤ**လောက တွင်လည်းကောင်း၊ နောင်လာမည့်ဘဝတွင်လည်းကောင်း သြဇာသက်ရောက်မှုနှင့်ထိခိုက်မှုရှိမည့် ကိစ္စတစ်ရပ်ဖြစ်သည်။ စေတနာရှိသောခရစ်ယာန်တစ်ဦး သည် **ဤ**မင်္ဂလာဆောင်ရေးကိစ္စကို ဘုရားသခင်၏သဘောတူညီချက်ရှိသည် ဟူသော အသိစိတ်ဓာတ်မရှိဘဲနှင့် မည်သည့်အစီအစဉ်မျှအလောဆိုးဆယ် ပြုလုပ်မည်မဟုတ်ပေ။ သူကိုယ်တိုင် သူ့စိတ်ကြိုက်အိမ်ထောင်ဖက်ရွေးချယ် လိုသောဆန္ဒမရှိဘဲ ဘုရားသခင်သည် သူ့အတွက်ရွေးချယ်ပေးရမည်ဟူသော ခံစားချက်ရှိရမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စိတ်ကြိုက်ကိုသာပြုလုပ်ရမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် **ဤ**လောက**၌**သက်တော် ထင်ရှားရှိတော်မူစဉ်က မိမိ၏စိတ်ကြိုက်ကိုပြုတော်မူခဲ့ခြင်းမရှိပေ။ **ဤ**သို့ ဆိုသော် မည်သူမဆို မိမိကြိုက်နှစ်သက်ခြင်းမရှိသောသူကို မင်္ဂလာဆောင် ရမည်ဟု တိုက်တွန်းနေခြင်းမဟုတ်သည်ကို သိစေလိုပါသည်။ ယင်းကဲ့သို့ တိုက်တွန်းမှုသည် အပြစ်ပြုရာရောက်မည်။ သို့ရာတွင် နှစ်ခြိုက်မှုနှင့်စိတ် လှုပ်ရှားထကြွမှုဆိုင်ရာသဘာဝတို့အား ပျက်စီးခြင်းသို့ဦးတည်သွားခွင့်မပြု ထိုက်ပေ။ ဘုရားသခင်သည် စိတ်နှလုံးတစ်ခုလုံး၊ အမြင့်မြတ်ဆုံးဖြစ်သော ချစ်ခြင်းကို အလိုရှိတော်မူသည်။

**ဖြည်းဖြည်းအလျင်လိုပါ** – ထိမ်းမြားမင်္ဂလာနှင့်ပတ်သက်**၍** မှန်ကန်သော**ရှု**ထောင့်ရှိသူသည် မရှိသလောက်နည်းပါးလှသည်။ အများ သောသူတို့က ထိမ်းမြားမင်္ဂလာသည် ပြည့်စုံကုံလုံသောသုခချမ်းသာရရှိမှု ဖြစ်သည်ဟု ယူဆထားဟန်လက္ခဏာရှိသည်။ သို့ရာတွင် အကယ်**၍**သူတို့ သည် ယောကျ်ားမိန်းမတို့၏စိတ်နှလုံးကြေကွဲရမှု၏လေးပုံတစ်ပုံသည် ထိမ်းမြား မင်္ဂလာဆိုင်ရာ ကတိသစ္စာသံကြိုးများနှင့်တုပ်နှောင်ထားမှုကြောင့် သူတို့အနေ ဖြင့် ယင်းကတိသစ္စာများကိုချိုးဖောက်**၍** မရနိုင်ကြောင်းကိုလည်းကောင်း၊ ချိုးဖောက်ဝံ့မည်မဟုတ်ကြောင်းကိုလည်းကောင်းသိရှိကြလျှင် ယခုကျွန်ုပ်တင်ပြ

သောအချက်အလက်များသည် သူတို့အတွက် အံ့သြစရာဖြစ်လိမ့်မည်မဟုတ် ပေ။ အများသောသူတို့အတွက် ထိမ်းမြားမင်္ဂလာသည် အကြီးမားဆုံးသော အနှောင့်အယှက်ဖြစ်နေလေသည်။ ထောင်သောင်းမကသောသူတို့သည် မေတ္တာဂဟေဆက်ပေါင်းဖက်ကြသော်လည်း အတွဲမညီကြပေ။ ကောင်းကင် စာစောင်များတွင် ပူပန်သောကစိတ်ဒုက္ခများ၊ ဆိုးသွမ်းနေမှုများ၊ ထိမ်းမြားမင်္ဂလာဝတ်စားတန်ဆာများအောက်တွင် ဝှက်ထားသော မတော် မမှန်ပြုလုပ်ချက်များကို မှတ်တမ်းတင်ထားလေပြီ။ သို့ဖြစ်သောကြောင့် အိမ်ထောင်ဖက်ကိုရွေးချယ် ရာတွင် ဖြည်းဖြည်းအလျင်လိုဖို့ထိမ်းမြားမင်္ဂလာပြု ရန် အရွယ်ရောက်သော လူငယ်လူရွယ်တိုင်းကို စေတနာဖြင့်သတိပေးပါရစေ။ အိမ်ထောင်ကျပြီးနောက် အိမ်ထောင်သည် ကျေနပ်ခြင်းနှင့်ပျော်ရွှင်ခြင်း အပြည့်အဝခံစားရမည့်ပုံသဏ္ဍာန်ကိုဆောင်သော်လည်း အခြားထောင်သောင်း မကသောအိမ်ထောင်များနည်းတူ သင်၏အိမ်ထောင်သည် အဘယ်ကြောင့် စိတ်ပျက်စရာမဖြစ်ဘဲနေလိမ့်မည်နည်း။

မင်္ဂလာဆောင်ရန်ကြံရွယ်နေကြသောသူတို့သည် သူတို့တည်ထောင်မည့်အိမ်ထောင်သစ်သည် ဘယ်ကဲ့သို့သောအရည်အသွေးနှင့်သြဇာသက်ရောက်မှုရှိလိမ့်မည်ကို ဆင်ခြင်သင့်ကြပေသည်။ သူတို့သည် မိဘအခြေသို့ရောက်ရှိကြသောအခါ ဘုရားသခင်သည် သူတို့လက်၌ကြီးလေးသောတာဝန်ကို ယုံကြည်လွှဲအပ်ထားတော်မူသည်။ သူတို့မှပေါက်ပွားလာသောသားသမီးများ၏လောက၌ကောင်းစားရေးသည်လည်းကောင်း၊ နောင်ဘဝတွင်ပျော်ရွှင်မှုသည်လည်းကောင်း သူတို့အပေါ်တွင် အများဆုံးတည်သည်။ သားငယ်သမီးငယ်တို့အနေဖြင့် ရရှိသောကိုယ်ခန္ဓာနှင့်စာရိတ္တဆိုင်ရာတံဆိပ်မျိုးကို မိဘတို့အနေဖြင့် အများဆုံးဆုံးဖြတ်သတ်မှတ်ပေးကြသည်။ အိမ်ထောင်၏အကျင့်စာရိတ္တပေါ်တွင် လူ့အဖွဲ့အစည်း၏အခြေအနေသည် အမှီတံကဲပြုနေ သည်။ အိမ်ထောင်တိုင်း၏သြဇာသက်ရောက်မှုက ယင်းအိမ်ထောင်၏အတက်အကျအခြေအနေကို ပြောပြလိမ့်မည်။

**ရွေးချယ်မှုတွင်အရေးပါအရာရောက်သောကဏ္ဍများ** – ခရစ်ယာန်လူငယ်များသည် မိတ်ဖွဲ့ရာတွင်လည်းကောင်း၊ အိမ်ထောင်ဖက်ရွေးချယ်ရာမှာလည်းကောင်း သတိကြီးစွာထားကြရမည်။ ရွှေအစစ်ဖြစ်သည်ဟု ယခု သင်တို့ထင်မှတ်သောအရာသည် နောင်သောအခါ ရွှေတုဖြစ်နေမည်ကို သတိ**ပြု**ကြပါ။ လောကီသားတို့နှင့်အိမ်ထောင်ဖက်ခြင်းသည် ဘုရားသခင်အတွက် သင်တို့၏ဆောင်ရွက်မှုကိုအနှောင့်အယှက်ဖြစ်စေတတ်**၍** ဂုဏ်အသရေတိုး တက်အောင်ဘယ်အခါမျှမ**ပြု**လုပ်နိုင်သောသူတို့နှင့် လုပ်ငန်းအနေဖြင့်ဖြစ်စေ၊ အိမ်ထောင်ဖက်အနေဖြင့်ဖြစ်စေ လွဲမှား**၍**ပေါင်းဖက်ဂဟေဆက်မိကြသောသူ မြောက်မြားစွာတို့သည် သူတို့၏ဝိညာဉ်ဆုံး**ရှုံး**မှုနှင့်ရင်ဆိုင်ကြရသည်။

ရာသက်ပန်ရှယ်ကိုးလို့**ရိုး**မြေကျပေါင်းသင်းရန် လက်ထပ်ဖို့သင်ရည်မှန်းထားသောသူ၏စိတ်သဘောထားကို ချင့်ချိန်ကြည့်ပါ။ **၎**င်းအပြင်သူ့စာရိတ္တဗလကြံ့ခိုင်မှုရှိမရှိကိုစောင့်ကြည့်ပါ။ သင့်ဘဝအသက်တာအတွက်ယခုသင်လှမ်းမည့်ခြေလှမ်းထက်ပို**၍** အရေးကြီးသောကိစ္စမရှိသောကြောင့်အလောသုံးဆယ်မ**ပြု**လုပ်သင့်ပေ။ အချစ်ဆိုသည်မှာ မျက်စိရှိအပ်ပေသည်။

သင့်လင်မယားဘဝသည် ပျော်ရွှင်မည်လော၊ သို့တည်းမဟုတ်ညီ**ညွ**တ်မှုကင်းမဲ့**၍** စိတ်ပျက်စရာဖြစ်မည်လောဆိုသည်ကိုအဖြေရအောင်သေသေချာချာဆန်းစစ်ကြည့်ပါ။ ယခုအိမ်ထောင်**ပြု**ခြင်းသည် ကျွန်ုပ်အားကောင်းကင်သို့ချီတက်ရာတွင် အထောက်အကူ**ပြု**မည်လော၊ (သို့မဟုတ်)ဘုရားသခင်အားဆတက်ထမ်းပိုးတိုး**၍**ချစ်စေမည်လော။ ယင်းသည် **ဤ**အသက်တာ**၌** ကျွန်ုပ်၏အသုံးကျမှုနယ်ပယ်ကိုချဲ့ထွင်ပေးမည်လောဆိုသောမေးခွန်းများကိုမေးကြည့်ပါ။ အကယ်**၍** ယင်းသုံးသပ်ချက်များသည်ချွတ်ယွင်းချက်တစ်ခုမျှမပြလျှင် ဘုရားသခင်ကိုကြောက်ရွံ့သောစိတ်ဖြင့်**ရှေ့**သို့ချီတက်ပါလေ။ အများသောယောကျ်ားမိန်းမတို့သည် ထိမ်းမြားမင်္ဂလာ**ပြု**ကြသောအခါ သူတို့အတွက်ဖြေရှင်းရမည့်တစ်ခုတည်းသောပြ**ဿ**နာသည်သူတို့နှစ်ဦးစလုံးအနေဖြင့် တစ်ဦးပေါ်တစ်ဦးချစ်သည်မချစ်သည်ဟူသောကိစ္စဖြစ်ဟန်လက္ခဏာရှိသည်။ သို့ရာတွင် လင်နှင့်မယားဟူ**၍**ဖြစ်လာရာတွင်

ယင်းအချစ်ကိစ္စထက်သာလွန်ကြီးလေးသောတာဝန်ကို သူတို့နှစ်ဦးအပေါ်**၌** ကျရောက်နေသည်ကို သူတို့သိရှိသင့်ကြပေသည်။ သူတို့မှပေါက်ပွားလာသောသားငယ်သမီးငယ်သည် ကာယဗလ၊ ဉာဏဗလနှင့်စာရိတ္တဗလတို့ဖြင့် ပြည့်စုံပါမည်လောဆိုသည်ကို စဉ်းစားဆင်ခြင်ရမည်။ သို့ရာတွင် သူတို့ အနေဖြင့် လွယ်လင့်တကူစွန့်ပစ်**၍**မရနိုင်သော မြင့်မားသည့်ရည်စူးချက်များနှင့် မြင့်မြတ်သောဆင်ခြင်တုံတရားများကို လက်ကိုင်ထား**၍** ရှေ့သို့ ချီတက်ကြသောသူတို့သည် မရှိသလောက်နည်းပါးလှသည်။ ယင်းမြင့်မြတ်သောဆင်ခြင်တုံတရားများဆိုသည်မှာ သူတို့အနေဖြင့် လူ့အဖွဲ့အစည်းအား **ပြု**သင့်**ပြု**ထိုက်သောတာဝန်နှင့် သူတို့အိမ်ထောင်များ၏ဩဇာသက်ရောက်မှုအလေးချိန်က အိမ်ထောင်သည်အထက်ဘက်သို့ဦးတည်နေသည်၊ (သို့မဟုတ်) အဆင်းဘက်သို့ဦးတည်နေသည်ကို ပြသလိမ့်မည်။

မိဘဖြစ်သူတို့နှင့်သားသမီးဖြစ်သူတို့အတွက် ကာယဗလနှင့်ဝိဉာဏဗလတို့ တိုးတက်ကြွခိုင်ရေးတို့ကို အကောင်းဆုံးရရှိစေ**၍** လူသားချင်းအား ကောင်းချီးမင်္ဂလာဖြစ်စေလျက် သူတို့၏ဖန်ဆင်းရှင်အား ဂုဏ်**ပြု**စေသော အိမ်ထောင်ဖက်ရွေးချယ်ခြင်းမျိုးဖြစ်ရမည်။

**ဇနီးလောင်း၌ရှိအပ်သောအရည်အသွေးများ** – ဘဝအသက်တာ**၌** ဝန်ထုပ်များကို ဝေပုံကျကူညီထမ်းဆောင်**၍** ခင်ပွန်းဖြစ်သူအား ဂုဏ်အသရေတင့်တယ်စေခြင်းနှင့်ရည်မွန်စေပြီးလျှင် သူမ၏ချစ်ခြင်း**၌**ပျော်မွေ့စေသော ဇနီးလောင်းမျိုးကို လူငယ်လူရွယ်တို့အနေဖြင့်ရှာဖွေပါစေ။

"သမ္မာသတိရှိသောမယားမူကား၊ ထာဝရဘုရားပေးသနားတော်မူရာဖြစ်၏။" "သူမ၏ခင်ပွန်းသည်သူ့ကိုယုံ**၍**----ထိုမယားသည် မိမိခင်ပွန်းအကျိုးကိုမဖျက် တစ်သက်လုံး**ပြု**စုတတ်၏။" "ပညာစကားကိုပြောတတ်**၍** မေတ္တာတရားအားဖြင့်နှုတ်မြွက်တတ်၏။ အိမ်သူအိမ်သား**ပြု**သမျှတို့ကို ကြည့်**ရှု**တတ်၏။ ပျင်းရိခြင်းအစာကိုမစားတတ်။ သူ၏သားသမီးတို့သည် ထ**၍** အမိကိုကောင်းချီးပေးကြ၏။ သူ၏ခင်ပွန်းကလည်း လူမျိုးသမီးအများ

တို့သည် ကောင်းမွန်စွာပြုကြပြီ။ သို့ရာတွင် သင်သည် ထိုသူအပေါင်းတို့ကို လွန်ကဲပြီဟု သူ့ကိုသူချီးမွမ်းတတ်၏။ ယင်းကဲ့သို့သောအမျိုးသမီးကို ဇနီးအနေဖြင့်ရရှိသောယောကျ်ားသည် ကောင်းသောအရာကိုရရှိ၍ ထာဝရဘုရား၏ကျေးဇူးတော်ကိုခံရ၏။"

စဉ်းစားဆင်ခြင်ရန်ရှိသောအချက်များသည်ကား၊ သင်အိမ်ထောင်ပြုသောအမျိုးသမီးသည် သင့်အိမ်ထောင်အတွက်ပျော်ရွှင်သာယာမှုကို ဆောင်ကြဉ်းပေးပါမည်လား။ ဇနီးလောင်းသည် ချွေတာစုဆောင်းတတ် သလား။ သို့တည်းမဟုတ် အိမ်ထောင်ပြုပြီးသည်နောက် ဝါကြွားမှု (သို့မဟုတ်) အလှအပကိုကြိုက်နှစ်သက်မှုအတွက် သူ့လက်ထဲ၌ရှိသောဝင်ငွေများအားလုံးကိုသာမကဘဲ သင်ရရှိသောလုပ်ငန်းခအားလုံးကိုပါ ဖြုန်းတီးပစ်မည်လား။ ဤကြေးငွေသုံးစွဲရေးနှင့်ပတ်သက်၍ သူမ၏ကျင့်စဉ်တို့သည် မှန်ကန်ပါ သလား။ ယခုအခါတွင် သူ့အနေဖြင့် အားကိုးအားထားပြုစရာပစ္စည်းဥစ္စာ ရှိသလား။ အချစ်စိတ်ဖြင့်မွန်နေ၍ လက်ထပ်ဖို့သာစိတ်စောနေသောပုဂ္ဂိုလ် တစ်ဦးအတွက် ယင်းမေးခွန်းများသည် အရေးပါအရာမရောက်ဟုဆိုလျက် ဘေးဖယ်ထားကြလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ယင်းမေးခွန်းများ၌ဖော်ပြထားသောကိစ္စများကို မစဉ်းစားမဆင်ခြင်ဘဲမနေအပ်ပေ။ အဘယ်ကြောင့် ဆိုသော် ယင်းကိစ္စတို့သည် သင်တို့၏အနာဂတ်အရေးနှင့် တိုက်ရိုက် ဆက်သွယ်နေသည်။

ကြင်ဖော်ကြင်ဖက်ကိုရွေးချယ်ရာတွင် သူကလေး၏အကျင့်စာရိတ္တကိုလေ့လာပါ။ သူကလေးသည် သည်းခံသူ၊ လုံ့လဝီရိယရှိသောသူဖြစ် သလား။ သို့တည်းမဟုတ် မှီခိုအားထားရန် သန်စွမ်းသောသား၏အကူအညီကိုလိုအပ်နေသောအချိန်သို့ရောက်လာသော အိုမင်းမစွမ်းဖြစ်နေသောသင်၏ မိဘနှစ်ပါးကို ချွေးမအနေဖြင့်သူမသည် ဂရုစိုက်ပြုစုစောင့်မနေခြင်းကို ရပ်စဲပစ်မည်လား။ သူမအနေဖြင့် သူမ၏စီမံကိန်းကို အကောင်အထည်ဖော်ပေး စေရန် သူ့အားမိသားစုအဖွဲ့အစည်းမှခွဲထွက်စေ၍ သူ့စိတ်ကြိုက်နှင့်အံဝင် ခွင်ကျဖြစ်စေရန် သူ့ယောကျ်ားအား မိဘတို့၏အရိပ်အာဝါသအောက်မှ

ဆွဲထုတ်သွားမည်လား။ ယင်းကဲ့သို့ပြုလုပ်လျှင် မိဘများအနေဖြင့် ချွေးမကောင်းတစ်ယောက်ကိုရရှိမည့်အစား၊ သားတစ်ယောက်ကိုဆုံးရှုံးရပေမည်။

**ခင်ပွန်းလောင်း၌ရှိအပ်သောအရည်အသွေးများ** – အမျိုးသမီးများသည် အိမ်ထောင်မပြုမီ သူနှင့်ရာသက်ပန်ပေါင်းဖက်မေတ္တာဂဟေဆက်မည့်သူသည် ထိုက်တန်သောသူဖြစ်သည်မဖြစ်သည်ကို စုံစမ်းသင့်ပေသည်။ ခင်ပွန်းလောင်း၏အတိတ်ကိုယ်ရေးရာဇဝင်သည် အဘယ်သို့ရှိသနည်း။ သူ့ဘဝရပ်တည်မှုသည် စင်ကြယ်ပါ၏လား။ သူ့မေတ္တာသည် မြင့်မြတ် ပါသလား။ သို့တည်းမဟုတ် သာမန်ကာလျှံကာမျှသာလော။ သူ၏ဇနီးဖြစ်သူအား ပျော်ရွှင်အောင်ထားနိုင်သောအရည်အသွေးရှိပါသလား။ သူ့မေတ္တာအရိပ်၌ခိုလှုံရာတွင် အမျိုးသမီးသည် ဇနီးအနေဖြင့်စစ်မှန်သော ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းကို တွေ့ရပါမည်လား။ ယင်းမေးခွန်းများသည် အိမ်ထောင်ပြုရန်ခြေလှမ်းပြင်နေသော အမျိုးသမီးတိုင်း၏ကောင်းစားခြင်းနှင့် တိုက်ရိုက်သက်ဆိုင်နေသည်။

အနာဂတ်ကာလတွင် စိတ်ဆင်းရဲခြင်းနှင့်ဝမ်းနည်းခြင်းတို့မှကင်း လွတ်၍ငြိမ်သက်ပျော်ရွှင်သောအိမ်ထောင်ဖက်မျိုးကို လိုအပ်သောဆန္ဒရှိသောအမျိုးသမီးတို့သည် မိမိတို့၏အချစ်ကို အမျိုးသားတစ်ဦးအားမမျှမီ ဤသို့မေးခွန်းထုတ်ကြပါ။ ကျွန်မ၏ခင်ပွန်းလောင်မှာ မိခင်ရှိသလား။ ယင်းမိခင်၌ ဘယ်ကဲ့သို့စာရိတ္တမျိုးရှိသနည်း။ ခင်ပွန်းလောင်းသည် သူ့မိခင်အားပြုအပ်သောဝတ်ကြီးဝတ်ငယ်များကို အသိအမှတ်ပြုပါသလား။ ခင်ပွန်းလောင်းသည် မိခင်၏လိုအင်ဆန္ဒများနှင့်ပျော်ရွှင်မှုကို ဂရုစိုက်ပါသလား။ အကယ်၍သူသည် သူ့မိခင်ကြီးကိုရိုသေလေးစားခြင်း၊ ချစ်ခြင်း၊ ကြင်နာခြင်းနှင့်ဂရုစိုက်ခြင်းရှိပါဦးမည်လား၊ အိမ်ထောင်သက်ကြာသွားသောအခါ သူသည် ဇနီးကိုညားခါစကဲ့သို့ချစ်နေဦးမည်လား၊ သူသည် ဇနီး၏အမှားများကိုသည်းခံမည်လား၊ သို့တည်းမဟုတ် သူသည်အပြစ်ရှာနေမည်လား၊

နိုင်လိုမင်းထက်ပြုမည်လား၊ အာဏာရှိဆန်ဆန်ဆက်ဆံမည်လား။ စစ်မှန်သောမေတ္တာသည် အမှားအယွင်းကိုလျစ်လျူရှုကြလိမ့်မည်။ မေတ္တာသည် ယင်းအမှားအယွင်းများကို ခွဲခြားသိမြင်ခြင်းမရှိပေ။

**စင်ကြယ်၍ယောကျ်ားပီသသော အရည်အသွေးများကိုသာ လက်ခံပါ** – ယောကျ်ားပီသသောအရည်အသွေးများရှိ၍ ဝီရိယရှိပြီးလျှင် မျှော်မှန်းချက်ရှိရုံသာမက ဘုရားသခင်ကိုချစ်ကြောက်ရိုသေသောသူကိုသာ ရာသက်ပန်အိမ်ထောင်ဖက်အနေဖြင့် အမျိုးသမီးများကရွေးချယ်ပါလေစေ။

ရိုသေကိုင်းရှိုင်းမှုမရှိသောသူကိုရှောင်ကြဉ်ပါ။ ပျင်းရိသောသူကိုရှောင်ကြဉ်ပါ။ သန့်ရှင်းသောအရာများကို မထီမဲ့မြင်ပြုသောသူကိုရှောင်ကြဉ် ပါ။ ညစ်ညမ်းသောစကားကိုပြောတတ်သောသူများ၊ သေရည်သေရက်တစ်ခွက် မျှပင်သောက်စားသောသူများကို အပေါင်းအဖော်မပြုလုပ်ပါနှင့်။ ဘုရားသခင် အား မိမိအနေဖြင့်ပြုအပ်သောတာဝန်များကိုမသိသော သူတို့၏ချစ်ကိစ္စနှင့် ပတ်သက်သောအရေးဆိုချက်များကို လက်မခံနားမထောင်ပါနှင့်။ ဘုရားသခင်ကိုကြောက်ချစ်ရိုသေမှုလည်းမရှိ၊ စစ်မှန်သောဖြောင့်မတ်ခြင်းတရားဆိုင်ရာကျင့်စဉ်များကို တစ်လုံးတစ်ပါဒမျှ သင့်ကိုယ်ကိုဖြတ်တောက်ပစ်ရန် ဝိညာဉ်ရေးကိုသန့်ရှင်းစေသောသမ္မာတရားက သင့်အားသတ္တိကိုပေးပါလိမ့်မည်။ ကျွန်ုပ်တို့နှင့်ရင်းနှီးသောမိတ်ဆွေများတို့၏အားနည်းချက်များကိုလည်းကောင်း၊ သူတို့၏အသိပညာခေါင်းပါးချက်ကိုလည်းကောင်း ကျွန်ုပ်တို့အနေဖြင့် ခွင့်လွှတ်သည်းခံနိုင်သော်လည်း သူတို့၏ဆိုးယုတ်ညစ်ညမ်းမှုများနှင့်ကား၊ လုံးဝပတ်သက်ခြင်းမရှိရပေ။

**မှားယွင်းမှုကိုပြုပြင်သည်ထက် ယင်းကိုကျူးလွန်ရန်ပိုမိုလွယ်ကူသည်** – စိတ်ဇောတိုက်တွန်းမှု၏အလိုဆန္ဒပြည့်ဝရေးအတွက်လည်းကောင်း၊ ကိုယ်ကျိုးဖြစ်ထွန်းမှုအတွက်လည်းကောင်း၊ ရည်စူး၍ပြုလုပ်မိခဲ့သော လက်ထပ်မင်္ဂလာပွဲများသည်လည်းကောင်း အကျိုးဖြစ်ထွန်းခဲ့သည်။

နှစ်ဦးနှစ်ဖက်တို့သည် လှည့်စားမှုခံရသည်ကိုတွေ့ရှိလျက် အလွဲတပ်မက်မှုအားဖြင့် ပြုလုပ်ခဲ့သမျှကို ဝမ်းမြောက်ဝမ်းသာစွာပင် ဖျက်သိမ်းလိုကြသည်။ **ဤ**ကိစ္စနှင့်ပတ်သက်**၍** အမှားကိုပြုလုပ်ပြီးနောက် ယင်းအမှားကိုပြင်ဆင်ပြောင်းလဲခြင်းထက် နောက်ထပ်အမှားကိုပြုလုပ်ရန် ပိုမိုလွယ်ကူပါသည်။

**မတော်လျော်သောစေ့စပ်ကြောင်းလမ်းခြင်းကိုဖျက်သိမ်းမှုက ပိုမိုကောင်းမွန်သည်** – သင်နှင့်ရာသက်ပန်မေတ္တာဂဟေဆက်ရန် ကြံရွယ်ထားသောသူ၏အကျင့်စာရိတ္တကိုပြည့်ပြည့်စုံစုံမသိဘဲ စေ့စပ်ကြောင်းလမ်းခဲ့လင့်ကစား၊ သင့်အနေဖြင့်မေတ္တာမမျှနိုင်၊ **ရို**သေလေးစားမှုမပြုနိုင်သောသူနှင့်ထိမ်းမြားမင်္ဂလာဆိုင်ရာကတိသစ္စာ**ပြု၍** ရာသက်ပန်ပေါင်းဖက်မည့်ကိစ္စကို ယင်းစေ့စပ်ကြောင်းလမ်းမှုများကခွင့်မပြုဟု လှေနံဓားထစ်မှတ်မထားပါနှင့်။ စည်းကမ်းချက်ပါသောစေ့စပ်ကြောင်းလမ်းမှုများကိုပြုသောအခါ သတိများစွာထားပါ။ သို့ရာတွင် အများသောသူများပြုလုပ်သကဲ့သို့ မင်္ဂလာဆောင်ပြီးမှပြတ်စဲခြင်းထက် မင်္ဂလာမဆောင်မီစေ့စပ်ကြောင်းလမ်းခြင်းကိုဖျက်သိမ်းခြင်းက အဆပေါင်းများစွာ ပိုမိုကောင်းမွန်ပါသည်။

"သင်တို့က ကျွန်မပြုပြီးကတိသစ္စာကို ယခုပြန်နုတ်ရမှာလား" ဟူ**၍** စောဒကတက်ကောင်းတက်ကြမည်။ ကျွန်ုပ်တို့အနေဖြင့်ပေးလိုသောအဖြေ မှာ သင်သည်သမ္မာကျမ်းစာ၏ **ညွှ**န်ကြားချက်နှင့်ဆန့်ကျင်**၍** ကတိသစ္စာပြုထားလင့်ကစား၊ ဘယ်နည်းနှင့်မဆို ယင်းကတိသစ္စာကို အမြန်မနှေးပြန်လည်နုတ်ယူပါ။ သို့ပြီးမှ ဘုရားသခင်၏**ရှေ့**တော်တွင် နှိမ့်ချသောစိတ်ဖြင့် ယင်းကဲ့သို့သောကတိသစ္စာကို အလောသုံးဆယ်ပြုမိစေသောစိတ်ဇော၏ တိုက်တွန်းမှုကိုနောင်တရပါ။ ယင်းကတိသစ္စာမျိုးကိုစောင့်ထိန်းခြင်းအားဖြင့် ဖန်ဆင်းတော်မူသောအရှင်၏ဂုဏ်တော်ကို**ရှု**တ်ချသည်ထက် ဘုရားသခင်ကိုကြောက်**ရွံ့**သောသဘောဖြင့် ပြန်လည်နုတ်သိမ်းခြင်းက အဆပေါင်းများစွာ ပိုမိုကောင်းမွန်ပါသည်။

ထိမ်းမြားမင်္ဂလာပြုမှုနှင့်ဆိုင်ရာကိစ္စတိုင်းကို ကာယိန္ဒြေရှိစွာဖြင့်လည်းကောင်း၊ **ရိုး**သားစွာဖြင့်လည်းကောင်း၊

စေတနာသန့်သန့်ဖြင့်လည်း ကောင်း၊ ဘုရားသခင်၏အလိုတော်နှင့်ညီလျော်**၍** ကိုယ်တော်အားဂုဏ်**ပြု**ရန် ဟူသောရည်စူးချက်မျိုးဖြင့်လည်းကောင်း **ပြု**လုပ်ဆောင်ရွက်သင့်ပေသည်။ ထိမ်းမြားမင်္ဂလာဆိုသည်မှာ ယခုဘဝနှင့်တမလွန်ဘဝကိုပါ ထိခိုက်သော ကိစ္စဖြစ်ပါသည်။ စေတနာသန့်သောခရစ်ယာန်တစ်ဦးအနေဖြင့် ဘုရားသခင် မကြည်ဖြူသောအကြံအစည်တစ်စုံတစ်ခုကိုမျှ ကြံစည်တွေးဆလုပ်ကိုင်မည် မဟုတ်ပေ။

---o---

## အခန်း ၇
## မေတ္တာစစ်လော၊ တဏှာချစ်လော

**မေတ္တာသည်ယေရှုထံမှဆင်းသက်သည့် အဖိုးထိုက်သောဆုကျေးဇူးဖြစ်သည်** – မေတ္တာဆိုသည်မှာ ယေ**ရှု**အထံတော်မှ ကျွန်ုပ်တို့လက်ခံရရှိသည့် အဖိုးထိုက်သောဆုကျေးဇူးဖြစ်သည်။ စင်ကြယ်သန့်ရှင်းသောမေတ္တာသည် စိတ်၏ခံစားချက်မဟုတ်ဘဲ ကျင့်စဉ်တစ်ခုသာလျှင်ဖြစ်သည်။ စစ်မှန်သော

မေတ္တာအားဖြင့် ချစ်သောသူတို့သည် ဆင်ခြင်တတ်သောသတိကင်းမဲ့သူများ မဟုတ်၊ စက္ခုနှစ်ကွင်းအလင်းကင်းမဲ့သူများလည်းမဟုတ်ပေ။

စစ်မှန်သောမေတ္တာ၊ မျိုး**ရိုး**စစ်သောမေတ္တာ၊ စိတ်စွဲလမ်းသော မေတ္တာ၊ ဖြူစင်သောမေတ္တာဆိုသည်မှာ မရှိသလောက်နည်းပါးလှသည်။ **ဤ** အဖိုးထိုက်သောဝတ္ထုပစ္စည်းသည် ရှာမှရှားသောအရာဖြစ်သည်။ တဏှာကို မေတ္တာဟုကင ပွန်းတပ်ကြသည်။

စစ်မှန်သောမေတ္တာသည် မြင့်မြတ်သန့်ရှင်းသောကျင့်စဉ်တစ်ခုဖြစ်**၍** **ရ**တ်တရက်စိတ်ဇောတိုက်တွန်းမှုကြောင့်နိုးကြားလာ**၍** ပြင်းထန်စွာစုံစမ်း ခံရသောအခါ **ရ**တ်တရက်ဇီဝိန်ချုပ်သွားသောမေတ္တာနှင့်ခြားနားလေသည်။

မေတ္တာသည် ကောင်းကင်မှပေါက်ပွားလာသောအပင်ငယ်ဖြစ်သော ကြောင့် ယင်းကိုမွေးမြူ**၍**ကြီးပွားထွား**ကြိုင်း**လာစေရမည်။ ချစ်တတ်သော စိတ်နှလုံးများ၊ မှန်ကန်**၍**ချစ်ဖွယ်သောအပြောအဆိုများတို့သည် ပျော်ရွှင် သာယာအိမ်ဂေဟာများကိုဆောက်လုပ်ပေး**၍** ယင်းအိမ်ဂေဟာများ၏သြဇာ သက်ရောက်မှုစက်ကွင်း**၌** ရောက်ရှိလာသောသူတို့အပေါ် မြင့်မြတ်သော သြဇာသက်ရောက်မှုရောက်ရှိစေလိမ့်မည်။

**စစ်မှန်သောမေတ္တာတစ်ဖက်၌တဏှာ** – မေတ္တာသည် ဆင်ခြင် တတ်ခြင်းမရှိသောအရာမဟုတ်ပေ။ ယင်း**၌**မျက်စိရှိသည်။ ယင်းသည် သန့်ရှင်းစင်ကြယ်သည်။ သို့ရာတွင် ဇာတိပကတိစိတ်နှလုံး၏တဏှာ (သို့မဟုတ်) တပ်မက်ခြင်းစသည့် ယင်းမေတ္တာနှင့်လုံးဝမတူသောအရာ ဖြစ်သည်။ စင်ကြယ်သောမေတ္တာသည် ယင်း၏အကြံအစည်ရှိသမျှသူတို့**၌** ဘုရားသခင်ကိုနေရာပေး**၍** ဘုရားသခင်၏ဝိညာဉ်တော်နှင့် လုံးဝသဘော ညီ**ညွ**တ်မှုရှိလျှင် တဏှာမူကား၊ ခေါင်းမာ**၍**တစ်ဇွတ်ထိုး**ပြု**လုပ်တတ်ပြီးလျှင် ဆင်ခြင်တတ်သောသတ္တိလည်းကင်းမဲ့လျက် အဟန့်အတားဟူသမျှကို တော်လှန်**၍** ယင်း၏အမြတ်နိုးဆိုးသောအရာအနေဖြင့် ထားရှိလိမ့်မည်။ မေတ္တာစစ်မေတ္တာမှန်ရှိသော သူ၏အမူအရာ၊ အနေအထိုင်၊ အသွင်အပြင် တိုင်းတွင် ဘုရားသခင်၏ကျေးဇူးတော်ကို ဖော်ပြထားလိမ့်မည်။ ကိုယ်နှုတ် စောင့်စည်းခြင်း၊ **ရိုး**သားခြင်း၊ စေတနာရှိခြင်း၊

ကိုယ်ကျင့်တရားရှိခြင်း၊ ဘာသာရေးအယူဝါဒရှိသေကိုင်းရှိုင်းခြင်းတို့သည် မင်္ဂလာဆောင် ရေးနှင့် ပတ်သက်သော လှုပ်ရှားမှုတိုင်းတွင် ထူးခြားနေမည်ဖြစ်သည်။ ယင်းကဲ့သို့ အုပ်ထိန်းမှုရှိသော အကြင်လင်မယားတိုင်းသည် ဆုတောင်းဝတ်ပြုစည်းဝေး တစ်ခုခုကိုဖြစ် စေ၊ စိတ်ဝင်စားမှုပျောက်ကွယ်သွားအောင် သူတို့၏အိမ်ထောင် ရေးကိစ္စကိုသာ အာရုံ စိုက်နေမည်မဟုတ်ပေ။ ဘုရားသခင်က သူတို့အား ကြွယ်ဝစွာပေးသနားတော်မူသောအ ခွင့်အရေးများ လျစ်လျူရှုခဲ့မှုကြောင့် သမ္မာတရားအတွက် သူတို့၏စိတ်ထက်သန်မှုသည် ချုပ်ငြိမ်းမသွားပေ။

ကာမဂုဏ်ခံစားမှုအတွက်ကိုသာ အခြေခံသောမေတ္တာသည် ခေါင်းမာ **၍** မျက်စိမရှိသည့်အပြင်အုပ်မနိုင်ထိန်းမရဖြစ်လိမ့်မည်။ ဂုဏ်အသရေ၊ သစ္စာနှင့်စိတ် ၏မြင့်မြတ်သောစွမ်းအင်များကို တဏှာရာဂ၏ကျေးကျွန်ဘဝ**၌** သွတ်သွင်းထားကြသည်။ ယင်းကဲ့သို့တဏှာရာဂ၏သံ**ကြိုး**ဖြင့် ချည်နှောင် ထားခြင်းခံရသောသူတို့သည် အများအာ းဖြင့် ဆင်ခြင်တုံတရားနှင့်သြတ္တပ္ပ စိတ်တို့၏နှိုးဆော်သောအသံကိုမကြားကြပေ။ သူလိုက် နာကျင့်သုံးနေသော လမ်းစဉ်ကိုတွေ့မြင်စေရန် အကြောင်းပြချက်ဖြင့်ပြောဆို**၍**မရ၊ တောင်းပန် သောစကားပြောကြား**၍**လည်းမရဖြစ်နေသည်။

မေတ္တာစစ်မေတ္တာမှန်သည် လည်ပင်းခိုင်မာခြင်းမရှိ၊ အလွယ်တကူ ဒေါသ မထွက်တတ်၊ အဓမ္မတပ်မက်သောစိတ်မျိုးနှင့်လည်းကင်းသည်။ ယင်းကဲ့သို့သော စိတ်မျိုးမရှိသည့်အပြင် ယင်းသည် သဘာဝအားဖြင့်ငြိမ်သက် နက်ရှိုင်းသည်။ ယင်းသည်အပေါ်ယံကျော်လွှား**၍** တစ်ဖက်သို့ကြည့်မျှော် လျက် ကာယကံရှင်၏အ ရည်အသွေးများကို အာရုံစူးစိုက်သည်။ ယင်းသည် ဉာဏ်အမြော်အမြင်ရှိ**၍** ခွဲခြား သိမြင်တတ်သောသဘောဉာဏ်လည်းရှိသည် ဖြစ်သောကြောင့် ယင်း၏သစ္စာပြုခြင်းသည် စစ်မှန်**၍**တည်မြဲ၏။

တပ်မက်ခြင်းနှင့်စိတ်ဇောတိုက်တွန်းမှုအရ ပြုလုပ်တတ်သောလောကီ ကြီးထဲမှ မြှောက်ပင့်ထားသည့်မေတ္တာသည် ဘာသာဝါဒနှင့်ဆိုင်သော ပြုပြင် မှုကိုခံရသောအခါ ယင်းသည် အပြောအဆိုနှင့်အလုပ်အကိုင်တို့တွင် ရုပ်လုံး ပေါ်လာသည်။ ခရစ်ယာန် တစ်ဦးအနေဖြင့် စိတ်မရှည်ခြင်း၊ (သို့မဟုတ်) သည်းမခံတတ်သောစိတ်ကင်းသည့် သန့်စင်သောနူးညံ့သိမ်မွေ့ခြင်းရှိရမည်။ ကြမ်းတမ်းရိုင်းစိုင်းသောအလေ့အကျင့်များကို ခရစ်တော်၏ကျေးဇူးတော် အားဖြင့် ပျော့ပျောင်းစေရမည်။

**စိတ်ကူးယဉ်မှုကိုအနာကြီးရောဂါကဲ့သို့ရှောင်ကြဉ်ရမည်** – စိတ်ကူးယဉ်မှု၊ စိတ္တဇစွဲကပ်မှု (သို့မဟုတ်) ချစ်**ရူး**ထခြင်းများကို အနာကြီးရောဂါကဲ့သို့ရှောင်ကြဉ်ပါ။ ယခုခေတ်လောကကြီးတွင် အများသော လူငယ်လူရွယ်တို့သည် ကောင်းမြတ်သော အရည်အချင်း၊ ပါရမီလိုအပ် နေကြသည်။ ထိုကြောင့် သတိကြီးစွာထားရန်လိုအပ် နေသည်။ အခြား လိုအပ်သောအရည်အသွေးများမရှိသည်တိုင်အောင် ကောင်းမြတ် သည့် အကျင့်စာရိတ္တများကို မွေးမြူထိန်းသိမ်းထားသောသူတို့သည် ကျင့်ဝတ် ဆိုင်ရာတန်ဖိုးရှိသူများ ဖြစ်လာနိုင်သည်။

ဘုရားတရားမရှိ၊ ထက်မြက်သောဉာဏ်ပွစိတ်၏တိုက်တွန်းမှုမရှိ ဘဲလျက် ဘာသာရေးကိုင်း**ရှိုင်း**မှုရှိသူများကဲ့သို့ နေထိုင်ခဲ့သူများရှိသည်။ သူတို့သည်ဝါကြွား**၍** သိမ်ဖျင်းသောသူများဖြစ်ကြသည်။ သူတို့၏နှုတ်ထွက် စကားများသည် အဆင့်အ တန်းနိမ့်ကျလှသည်။ လူပျိုစကားပြောဆိုခြင်းနှင့် မင်္ဂလာဆောင်ရန်ကိစ္စများကိုသာ အာ**ရုံ**စူးစိုက်လျက်ရှိကြသည်။ ထိုကြောင့် ပိုမိုမြင့်မား**၍** မြင့်မြတ်သောအကြံအစည် များကို ကြံစည်တွေးဆဖို့ပင်အချိန် မရှိကြပေ။

လူငယ်လူရွယ်တို့သည် လူပျိုစကားပြောဆိုခြင်းနှင့် ထိမ်းမြားခြင်း ဆိုင်ရာ ကိစ္စနှင့်ပတ်သက်သော စိတ္တဇရောဂါ၏**ပြု**စားခြင်းကိုခံနေရကြသည်။ စိတ်ကူးယဉ် ခြင်းနှင့်ချစ်**ရူး**ထခြင်းတို့သာလျှင် အနိုင်စီးထားလျက်ရှိသည်။ **ဤ**မှားယွင်းသော ဩဇာသက်ရောက်မှုတို့၏အန္တရာယ်မှ လူငယ်လူရွယ်တို့အား စောင့်ရှောက်ကာ ကွယ်ထားရန် သတိဝီရိယနှင့် နေရာတကျစီမံတတ်ခြင်းတို့ လိုအပ်ပေသည်။

သမီးဖြစ်သူတို့အား ကိုယ်အလိုကိုငြင်းပယ်ရန်လည်းကောင်း၊ ကိုယ်ကို ချုပ်ထိန်းထားရန်လည်းကောင်း သွန်သင်ဆုံးမခြင်းမရှိ၊ သူတို့ကို မြှောက်ပင့်ထား**၍** သူတို့၏မာနထောင်လွှားမှုကို အားပေးကြသည်။ သူတို့ သည်ခေါင်းမာ**၍** ကိုယ့်စိတ် ကိုသာလုပ်သောအခြေအနေသို့ ရောက်ရှိလာ သည့်တိုင်အောင် သူတို့အလိုလိုက်ခြင်း များကို ခွင့်**ပြု**ထားကြသည်။ ထိုကြောင့် သင်တို့သည် မိဘများအနေဖြင့် သူတို့ကို ပျက်စီးရာပျက်စီးကြောင်းမှကယ်တင် ရန် အဘယ်ကဲ့သို့**ပြု**ရမည်ကို မသိဘဲရှိနေကြ သည်။ သူတို့၏အရဲစွန့်ခြင်း၊ အုပ်အုပ်ထိန်းထိန်းမရှိခြင်း၊ အမျိုးသမီးများ၏ကာယိန္ဒြေ ကင်းမဲ့ခြင်းများကြောင့် ခရစ်ယာန်မဟုတ်သောသူတို့တံတွေးခွက်တွင် ပက်လက်မျော သည့်အခြေအနေသို့ သူတို့ကိုစာတန်သည် ပို့ဆောင်ပေးနေသည်။

လူပျိုကလေးများကိုလည်း ကိုယ်စိတ်**ကြို**က်ကိုယ်လုပ်သည့်အခြေအနေတွင် ပစ်ထားကြသည်။ ယေဘုယျအား ကလေးများအသက်တစ်ဆယ့်သုံးနှစ်အတွင်းအရွယ်သာရှိသော်လည်း သူတို့ နှင့်အရွယ်တူသောမိန်းကလေးများနှင့်တွဲလျှောက်၊ တွဲလာ၊ လူပျိုစကားပြောကြ၊ ချစ်ရေးဆိုကြဖြစ်နေကြသည်။ မိဘတို့အနေဖြင့် သူတို့၏သားသမီး များအား အလွန်အကြူးအလိုလိုက်ထား**၍** မှားယွင်းသောမေတ္တာလမ်းစဉ်ကို ကိုယ်တိုင်ကျင့်သုံးလာခဲ့သောအားဖြင့် သူတို့**ကြို**းနှင့်သူတို့ကိုယ်ကိုပြန်လည် ချည်နှောင်ထားပြီးဖြစ်သောကြောင့် သူတို့၏သားသမီးတို့အား သူတို့သုံးနေ သောလမ်းစဉ်ကိုပြောင်းလဲပေး**၍** **ဤ**အဏုမြူခေတ်နှင့်ရင်ပေါင်တန်းမိအောင် **ပြု**လုပ်နေခြင်းကိုဟန့်တားထားရန် မိဘတို့အနေဖြင့်တစ်ခုခုကိုတိကျပြတ်သားစွာ ဆောင်ရွက်မပေးဝံ့ဘဲဖြစ်နေကြသည်။

**စိတ်ကူးနှင့်လွမ်းတတ်၍ အချစ်ရောဂါထနေသောမိန်းမလေးအား အကြံပြုချက်** – **ဤ**ကဲ့သို့သောဆုတ်ကပ်ကြီးထဲတွင် နေရာအနှံ့အပြား **၌**ဖြစ်ပျက်နေသော ဝမ်းနည်းဖွယ်ကောင်းသော မဟာအမှားတော်ကြီး စက်ကွင်းထဲသို့ အထူးသဖြင့် မိန်းကလေးများသည် ကျဆင်းနေကြလေပြီ။ အသင်တို့သည် အမျိုးသားတို့အားနှစ်သက်လွန်းသည်၊ သင်တို့အနေဖြင့် သူတို့၏အသင်းအပင်းကိုနှစ်သက်ကြသည်။ သူတို့အား သင်တို့ဂ**ရု**စိုက်ပုံမှာ သူတို့ကိုမြှောက်ပင့်ခယ**ပြု**နေသည်။ သင်တို့အနေဖြင့် သူတို့အားခွင့်**ပြု**ထားသော (သို့မဟုတ်) အားပေးအားမြှောက်လာသောရင်းနှီးမှုသည် "မကောင်းသော အမှုအမျိုးမျိုးရှိသမျှကိုရှောင်ကြလော့" ဆိုသော တမန်တော်ကြီး၏တိုက်တွန်း ချက်နှင့်ကိုက်ညီခြင်းမရှိပေ။

စိတ်ကူးနှင့်လွမ်းစေသောအရာဝတ္ထုတို့ကို စိတ်ကူးထဲမှမထည့်ပါ လေနှင့်။ သင်တို့အနေဖြင့် သင်တို့၏ဘာသာအယူဝါဒကိုမြှင့်တင်ပေးခြင်း မ**ပြု**ဘဲ နိမ့်ကျစေသောစိတ်ကူးနှင့်လွမ်းတတ်**၍** အချစ်ရောဂါထသမျှကို ရောနှောပစ်ကြလေပြီ။ ယင်းအခြေအနေသည် သင်တစ်ဦးတည်းကိုသာ ထိခိုက်သည်မဟုတ်ပါ။ သင့်ပုံသက်သေနှင့်ဩဇာသက်ရောက်မှုကြောင့် အခြားသူများအနာတရဖြစ်ရကြသည်။ စိတ်ကူးဖြင့်**ရူး**ခြင်းနှင့် ချစ်ကိ**စ္စ**နှင့်ပတ်သက်**၍**

လေထဲ**၌**တိုက်အိမ်ဆောက်ခြင်းတို့သည် သင်၏အသုံးကျမှုကိုဖျက်ဆီးပစ် လေပြီ။ သင်သည် စိတ်ကူးယဉ်လောက**၌**ရပ်နေသည် (သို့မဟုတ်) စိတ်ကူး နှင့်**ရှုး**နေလေပြီ။ သင်သည် စိတ်ကူးအားဖြင့် မာတုရသေခြင်းကို ရင်ဆိုင် ခဲ့ပေပြီ။ စိတ်ကူးမျှသာဖြစ်သော ခရစ်ယာန် တစ်ဦးပေတည်း။ **ဤ**ခေတ် ကမ္ဘာကြီးတွင် စိတ်ကူးဖြင့်လွမ်းတတ်မှုသည် လူငယ်လူရွယ် တို့၏ဘာသာ အယူဝါဒအတွေ့အ**ကြုံ**နှင့် ထွေးရောယှက်တင်ဖြစ်နေသည်မှာ နေရာအနှံ့အပြား တွင် တွေ့မြင်နိုင်သည်။ ကျွန်ုပ်၏ညီမ၊ သင်သည်ပြောင်းလဲမှုရှိရန် ဘုရားသခင် သည် အလိုရှိတော်မူသည်။ သင်၏မေတ္တာစိတ်ကိုမြှင့်တင်ပေးရန် ကျွန်ုပ် တောင်းပန်တိုက်တွန်း လိုက်ပါသည်။ သင့်အားအသွေးတော်ဖြင့်ဝယ်ယူတော် မူသော သခင်၏ကယ်တင်ရှင် အမှုတော်အတွက် သင်တို့၏ဉာဏဗလနှင့် ကာယများကို အသုံး**ပြု**ကြပါ။ သင်တို့၏လုပ် ကိုင်မှုရှိသမျှသည် ဘုရားသခင် **၌ပြု**ပြင်မှုခံရမည်အကြောင်း သင်တို့၏အကြံဉာဏ်များ နှင့်ခံစားချက်များကို သန့်ရှင်းစေကြလော့။

**လူငယ်စာသင်သားအားသတိပေးချက်** – သင်သည် စာသင် သားဘဝ**၌** ရပ်တည်လျက်ရှိသည်။ သင်၏စိတ်ကို ဝိညာဉ်ရေးဆိုင်ရာ အကြောင်းအရာများပေါ်**၌** အာ**ရုံ**စူးစိုက်စေပါ။ စိတ်ကူးဖြင့်လွမ်းတတ်မှုရှိသမျှ ကိုရှောင်ကြဉ်ပါ။ မိမိကိုယ်ကိုဝီရိယရှိရှိ၊ သတိရှိရှိဖြင့်ဆုံးမသြဝါဒပေးပါ။ သင့်ကိုယ်ကိုလည်း ကိုယ်တိုင်ချုပ်တည်းမှုအောက်တွင် ထားရှိပါ။ သင့်အတွက် ယခုအခါ အကျင့်စာရိတ္တအိမ်ကြီးကို စတင်ဆောက်လုပ်နေချိန် ဖြစ်သည်။ သင်၏အမြင့်ဆုံးသန့်ရှင်းဆုံးစိတ်ဝင်စားမှု၊ သင့်အားတာဝန်ပေးထားသော ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်ရန်ပြင်ဆင်ရာတွင် သင်၏အရည် အချင်းပြည့်စုံမှုတို့မှာ အာ**ရုံ**လွဲပြောင်းစေမည့် မည်သည့်အရာကိုမျှ သေးနုပ်သည် (သို့မဟုတ်) အရေးပါအရာ မရောက်ဟူ**၍** သဘောမထားရ။

**ဉာဏ်အမြော်အမြင်ကင်းမဲ့သော သမီးရည်းစားဘဝနှင့်ထိမ်းမြား မင်္ဂလာပြုခြင်း** – ခြေလှမ်းတိုင်းတွင် ကျွန်ုပ်တို့သည် မရေမတွက်နိုင်သော အခက်အခဲများတို့ကိုရင်ဆိုင်ရ ကြောင်း ကျွန်ုပ်တို့အနေဖြင့်တွေ့ရှိနိုင်သည်။ လူကြီးလူငယ်မရွေး မွေးမြူကျင့်သုံးနေသော ဒုက္ခစ**ရိ**က်များ ဉာဏ်အမြော် အမြင်ကင်းမဲ့**၍** မသန့်ရှင်းသောသမီးရည်းစားဘဝနှင့်ထိမ်း မြားမင်္ဂလာ**ပြု**ခြင်း တို့သည် ခိုက်ရန်ဒေါသဖြစ်ခြင်း၊ စကားများခြင်း၊ စိတ်ဝမ်းကွဲမှုများ ဖြစ်ခြင်း၊ အုပ်ထိန်း**၍**မရနိုင်သောတပ်မက်မှုများလိုက်စားခြင်း၊ ကိုယ့်စိတ်အလိုကို ချုပ်ထိန်းထားလိုသောဆန္ဒမရှိခြင်း၊ အလွန်အမင်းတပ်မက်ခြင်းများ၊ လင်မယား

များတစ်ဦးပေါ်တစ်ဦးသစ္စာဖောက်ခြင်းများ၊ ထာဝရကာလဆိုင်ရာကိစ္စတို့ကို လျစ်လျူ**ရှု**ခြင်းများတွင် နိဂုံးချုပ်တတ်သည်။

ဘုရားသခင်ဗျာဒိတ်တော်များ၏သန့်ရှင်းခြင်းကို ကျမ်းစာခရစ်ယာန်များဟု သူတို့ကိုယ်ကို အခိုင်အမာဆိုကြသောသူအများတို့သည် နှစ်သက်မှုမရှိကြပေ။ သူတို့၏စည်းလွတ်ကမ်းလွတ်ဖြစ်သော အကျင့်ဓလေ့အားဖြင့် သူတို့သည် ပို**၍**ကျယ်ပြန့်သောအခွင့်အရေးကို ပိုမိုသဘောကျကြသည်။ သူတို့၏တစ်ကိုယ်ကောင်းလိုက်စားမှုများကို မလိုလားကြပေ။

**ချစ်ခင်စုံမက်ခြင်းများကိုသတိပြုစောင့်ထိန်းပါ** – တမန်တော်က သတိပေးထားသည်မှာ သင်တို့စိတ်နှလုံး၏ခါးစည်းကိုစည်းလော့။ ထိုနောက် သင်တို့၏စိတ်ကူးအကြံအစည်များကိုထိန်းချုပ်ထား**၍** ယင်းတို့အားအခွင့်အရေးရှိသလောက် ပြည့်ပြည့်စုံစုံအသုံးချခွင့်မပေးပါနှင့်။ စိတ်ကူးအကြံအစည်များကို သင်တို့၏**ကြိုး**ပမ်းမှုဖြင့် ကာကွယ်ချုပ်ထားနိုင်ပေလိမ့်မည်။ မှန်ကန်သောစိတ်ကူးများကိုကြံစည်ပါ။ ထိုသို့**ပြု**လျှင် သင်သည် မှန်ကန်သောအ**ပြု**အမူများကို **ပြု**လုပ်ပါလိမ့်မည်။ ထိုမှတစ်ဖန် သင်တို့၏ချစ်ခင်စုံမက်ခြင်းများကို သတိ**ပြု**စောင့်ထိန်းပါ။ မသင့်လျော်သောအရာဝတ္ထုများအပေါ် အာ**ရုံ**မစူးစိုက်စေနှင့်။ ယေ**ရှု**ရှင်သည် သင်တို့အား သွေးအသက်နှင့်လဲ**၍**ဝယ်ယူထားတော်မူခဲ့သည်။ သင်တို့ကို ကိုယ်တော်ရှင်ပိုင်တော်မူသည်။ ထိုကြောင့် သင်တို့စိတ်နှလုံး၏အင်အားနှင့် ချစ်ခင်စုံမက်ခြင်းများကို ဘယ်ကဲ့သို့အသုံး**ပြု**ရမည့်အကြောင်းနှင့်ပတ်သက်**၍** ခပ်သိမ်းသောအမှုကိစ္စတို့နှင့် ကိုယ်တော်နှင့်တိုင်ပင်လုပ်ကိုင်ရကြမည်။

–––o–––

# အခန်း ၈
# ဖြစ်တတ်သောလူပျိုလှည့်သည့်ကာလဆိုင်ရာ အလေ့အထများ

**လူပျိုလှည့်သည်ကာလနှင့်ထိမ်းမြားမင်္ဂလာဆိုင်ရာ မှားယွင်းသောအယူအဆများ–** လူပျိုလှည့်သည့်ကာလတွင် စကားပြောချိုခြင်းဆိုင်ရာ အယူအဆများသည် ထိမ်းမြားမင်္ဂလာနှင့်ပတ်သက်**၍** မှားယွင်းသော အယူအဆများတွင် အခြေခံကြသည်။ ကာယကံရှင်တို့သည် စိတ်ဇော တိုက်တွန်းမှုကြောင့် မျက်စိမှိတ်တပ်မက်မှုလမ်းစဉ်ကို ကျင့်သုံးကြသည်။ ချစ်**ကြို**က်စကားပြောဆိုရာတွင် လျှပ်ပေါ်သောသဘောဖြင့်သာ ပြောဆိုကြသောကြောင့် နှစ်နှစ်ကာကာလေးလေးနက်နက်မရှိပေ။ ကာယကံရှင်မိန်းကလေး နှင့်ယောကျ်ားကလေးတို့သည် ကိုယ်နှုတ်စောင့်စည်းမှုဆိုင်ရာဥပဒေများကို မကြာခဏချိုးဖောက်**၍** သတိကင်းမဲ့စွာကျင့်ကြံ**ပြု**မူခြင်းအားဖြင့်

ဘုရားသခင်၏ပညတ်တော်ကိုလွန်ကျူးကြ၏။ ထိမ်းမြားမင်္ဂလာအနှောင် အဖွဲ့ဆိုင်ရာ ဘုရားသခင်၏မြင့်မားမြင့်မြတ်သောအကြံတော်ကို နားလည်မှု မရှိကြပေ။ ထိုကြောင့် အသည်းကြားကအစင်ကြယ်ဆုံးဖြစ်သော ချစ်ခြင်းမေတ္တာနှင့်အမြတ်ဆုံးဖြစ်သော အကျင့်စာရိတ္တဆိုင်ရာကျင့်ဝတ်များ ကို ဖွံ့ဖြိုးကြီးထွားလာအောင် ဆောင်ရွက်ခြင်းမရှိပေ။

ကောင်းကင်ဘုံ၌ရှိသောစာစောင်တွင် ကောင်းကင်တမန်များတွင် ကောင်းကင်တမန်များအား မှတ်တမ်းမတင်ထားစေလိုသော အပြောအဆို အလုပ်အကိုင်များကို ရှောင်ကြဉ်သင့်ကြပေသည်။ ဘုရားသခင်၏ဘုန်းတော် ကို ထင်ရှားစေမည်ဆိုသည်ကို တစ်သမတ်တည်းလိုက်နာကျင့်သုံးသင့်ကြ သည်။ စိတ်နှလုံးထဲတွင် ခရစ်တော်ယေရှု၏တပည့်တော်များပီသစွာ သန့်ရှင်း စင်ကြယ်သောချစ်ခြင်းမေတ္တာသဘာဝအားဖြင့် မြင့်မြတ်သောမေတ္တာ၊ မြေကြီး ဆိုင်ရာထက်ကောင်းကင်ဆိုင်ရာမေတ္တာမျိုးကိုသာလျှင် မွေးမြူထိန်းသိမ်း ထားသင့်ပေသည်။ ယင်းမေတ္တာမျိုးနှင့်ခြားနားသောမေတ္တာမျိုးဖြင့် ပြောသော ချစ်ကြိုက်စကားတို့သည် ယုတ်ညံ့သိမ်ဖျင်းသောကြောင့် ထိမ်းမြားမင်္ဂလာ သည် ချီးမြှောက်ထားသောကျမ်းစာဆိုင်ရာကျင့်ဝတ်များနှင့် ညီလျော်ခြင်း မရှိလျှင် ယင်းထိမ်းမြားခြင်းမင်္ဂလာသည် သန့်ရှင်းတော်မူသောဘုရားသခင် ၏မျက်မှောက်တော်တွင် သန့်ရှင်းစင်ကြယ်ခြင်းနှင့်ဂုဏ်အသရေမရှိနိုင်ပေ။

လူငယ်လူရွယ်တို့သည် စိတ်ဇောတိုက်တွန်းမှုကို ယုံကြည်ကိုးစား လွန်းသည်။ သူတို့အနေဖြင့် ယင်းကဲ့သို့လွယ်ကူစွာမလိုက်လျောသင့်ဘဲ၊ ချစ်သူ၏မငြင်းသာအောင်ချစ်ဖွယ်ကောင်းလှသော အပြင်ပန်းလက္ခဏာကို လည်း လွယ်ကူစွာမက်မောမသွားသင့်ပေ။ ယခုခေတ်တွင် သမီးရည်းစား ဘဝတွင် လိမ်လည်လှည့်ဖြားမှုနှင့်ဟန်ဆောင်မှုများလှသောကြောင့် ယင်းစိတ် သဘောထားများမှတစ်ဆင့် ဝိညာဉ်ရေး၏ရန်သူတည်းဟူသော စာတန်အတွက် သူ့လိုဘကိုဆောင်ရွက်ရန် အခွင့်အလမ်းသာလေသည်။ **ဤ**နေရာတွင် အခြားသောနေရာများမှာကဲ့သို့ ကောင်းသောအရာကိုပိုင်းခြားဝေဖန်တတ်သော ဉာဏ်ကို လိုအပ်နေသည်။ သို့ရာတွင်အမှန်မှာ ယင်းပိုင်းခြားတတ်သော ဉာဏ်သည် ထိုကဲ့သို့သောကိစ္စမျိုး**၌** မှန်းချက်နှင့်နှမ်းထွက်ကိုက်ခဲလှသည်။

**ညဥ့်နက်သန်းခေါင်နေခြင်း** – ညဥ့်နက်သန်းခေါင်မအိပ်ဘဲနေ ခြင်းသည် ထုံးစံကဲ့သို့ဖြစ်နေလေပြီ။ သင်တို့နှစ်ဦးလုံးသည် ခရစ်ယာန်များ ဖြစ်လင့်ကစား ထိုကဲ့သို့ ညဥ့်နက်အောင်နေခြင်းကို ဘုရားသခင်သည် နှစ်သက်တော်မမူပေ။ ယင်းကဲ့သို့ ညဥ့်နက်သန်းခေါင်နေခြင်းသည် ကျန်းမာခြင်းကိုထိခိုက်**၍** နောက်တစ်နေ့ဆောင်ရွက် ရမည့်တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်နိုင်ဘဲရှိနေတတ်သည်။ ထို့ပြင်မက ယင်းကဲ့သို့ညဥ့်နက်အောင်နှစ်ယောက်တည်းနေထိုင်ခြင်းတွင် ဒုစရိုက်လက္ခဏာပေါ်လွင်နေသည်။

ကျွန်ုပ်၏မောင်ငယ်များ၊ **ဤ**ကဲ့သို့ညဥ့်နက်သန်းခေါင်လူပျိုလှည့်ခြင်း (သို့မဟုတ်) ချစ်ရေးဆိုခြင်းမျိုးကို ရှောင်ကြဉ်နိုင်လောက်အောင် ကိုယ့်ကိုကိုယ်လေးစားမှု၊ ကိုယ့်ဂုဏ်အသရေအဖတ်ဆယ်မှုသည် သင်တို့ **၌**ရှိမည်ဟု ကျွန်ုပ်တို့အနေဖြင့် မျှော်လင့်ပါသည်။ ဘုရားသခင်၏ဘုန်းတော် ကိုထင်ရှားစေရန်ဟူသော စေတနာ မျိုးကိုထားရှိလျှင် သင်တို့သည် မင်္ဂလာ ဆောင်သည့်ကိစ္စနှင့်ပတ်သက်**၍** သတိ ကြီးစွာဖြင့်ခြေလှမ်းကိုလှမ်းကြလိမ့်မည်။ ခရစ်ယာန်တစ်ဦးအနေဖြင့် သင်တို့အား ဘုရားသခင်၏မြင့်မြတ်သော တောင်းဆိုချက်များကို နားလည်ခြင်းမရှိသောအခြေ အနေ**၌** ရပ်တည်နေ ရလောက်အောင် သင်တို့၏**ရူ**ပါ**ရုံ**ကို မှေးမှိန်ထားစေရန် စိတ္တဇနာ (သို့မဟုတ်) အချစ်**ရူးရူး**နေခြင်းကို သင်တို့အနေဖြင့် ခွင့်**ပြု**လိမ့် မည်မဟုတ်ပေ။

ညဥ့်နက်သန်းခေါင်တိုင်အောင်အချိန်ယူကာ ချစ်ရေးဆိုကြသော သူတို့ကို စာတန်၏တမန်တော်များက စောင့်ကြည့်နေကြသည်။ ကာယကံ ရှင်တို့သည် တွေ့မြင်နိုင်သောစွမ်းရည်ကိုရရှိလျှင် ကောင်းကင်တမန်တစ်ပါးက သူတို့၏အပြော အဆိုများနှင့်လုပ်ရပ်များကို မှတ်တမ်းတင်နေသည်ကို တွေ့မြင်ကြလိမ့်မည်။ ယင်းကဲ့သို့ညဥ့်နက်သန်းခေါင်အထိ အချိန်ကို**ဖြု**န်းတီး ခြင်းအားဖြင့် ကျန်းမာခြင်း နှင့်ကိုယ်နှုတ်စောင့်စည်းမှုဆိုင်ရာဥပဒေပညတ်များကို ချိုးဖောက်ကြသည်။ ယင်းချစ် ရေးဆိုကြသောအခါ**၌** **ဖြု**န်းတီးခဲ့သော အချိန်တစ်ချိန်ကို အိမ်ထောင်**ပြု**ပြီးချိန် (သို့မဟုတ်) လင်မယားဘဝ**၌**အသုံး ချလျှင် ပိုမိုသင့်လျော်ပါလိမ့်မည်။ သို့ရာတွင် ယေဘုယျအားဖြင့် ရည်းစား ဘဝ**၌**ပြသခဲ့သောစွဲမက်ခြင်းတို့သည် အိမ်ထောင်ကျပြီး နောက် နိဂုံးချုပ်သွား ကြသည်။

**ဤ**အကျင့်သီလပျက်ပြားသောခေတ်ကြီးတွင် ညဥ့်နက်သန်းခေါင် အထိ အချိန်**ဖြု**န်းတီးခြင်းသည် ယင်းကဲ့သို့အချိန်**ဖြု**န်းတီးခြင်းအားဖြင့် စေ့စပ်ကြောင်းလမ်း ခဲ့သော နှစ်ဦးနှစ်ဖက်သောပုဂ္ဂိုလ်တို့ပျက်စီးခြင်းသို့ မကြာခဏ ပို့ဆောင်ခဲ့သည်။ ယောကျ်ားမိန်းမတို့သည် မိမိတို့ကိုယ်ကိုဂုဏ်အသရေ ယုတ်ညံ့အောင်**ပြု**လုပ်ကြ သောအခါ စာတန်မှာအထူးရွှင်မြူးသော်လည်း ဘုရားသခင်အဖို့မှာ ဂုဏ်တော် မှေးမှိန်စရာဖြစ်သည်။ **ဤ**ကဲ့သို့အလွဲစိတ်ပါ မှု၏ပယောဂကြောင့် ဂုဏ်သိက္ခာ ပျက်ပြား**၍** ဂုဏ်သိက္ခာပျက်ပြားခဲ့သော ကာယကံရှင်နှစ်ဦးတို့၏လက်ထပ်ထိမ်း မြားမင်္ဂလာကို ဘုရားသခင်၏သဘော တူညီချက်ဖြင့်ဆောင်ရွက်ပေးရန် မဖြစ်နိုင်ပေ။ သူတို့လက်ထပ်ကြသည်မှာ

ကာမတပ်မက်မှုတို့၏တိုက်တွန်းမှုကြောင့်သာဖြစ်**၍** ယင်းတပ်မက်ခြင်း၏ ဆန်းသစ်မှုပြီး ဆုံးသွားသောအခါ သူတို့ကျူးလွန်ခဲ့သောမိုက်မှားမှုကို သိမြင် လာကြလိမ့်မည်။

ဘယ်ကဲ့သို့သောပုဂ္ဂိုလ်မျိုးနှင့်သူဆက်ဆံရသည်ကို စာတန်သည် ကောင်းမွန်စွာ သိရှိ၏။ ဝိညာဉ်များပျက်စီးရာပျက်စီးကြောင်းအတွက် ထောင်ဖမ်းရန် သူစက်ဆုပ်ရွံရှာဖွယ်သောပညာကို နည်းလမ်းအမျိုးမျိုးဖြင့် သုံးစွဲထားသည်။ လူ့ခြေလှမ်းတိုင်းကိုစောင့် ကြပ်**၍** မြောက်မြားစွာသောအကြံ ဉာဏ်များကိုပေးသောအခါ ကာယကံရှင်တို့သည် ဘုရားသခင်၏နှုတ်ကပတ် တော်အစား ယင်းအကြံဉာဏ်များကို မကြာခဏလိုက်နာ ကျင့်သုံးကြသည်။ အသက်နုပျို**၍** နိုးနိုးကြားကြားမရှိသောသူတို့ကို ဖမ်းချုပ်ထားရန် **ဤ**အန္တရာယ် များသောပိုက်ကွန်ကို လိမ္မာပါးနပ်ကျင်လည်စွာ ပြင်ဆင်ထားသည်။ ယင်းပိုက်ကွန်ကို အလင်းရောင်အကာအကွယ်တစ်ခုအောက်တွင် မကြာခဏ **ရုပ်**ပြောင်း**ရုပ်**လွဲ လုပ်**၍** ဖျောက်ထားလိမ့်မည်။ သို့ရာတွင် ယင်းပိုက်ကွန်ထဲ**၌** ဖမ်းမိထားခြင်းခံရသော သူတို့သည် သူတို့ကိုယ်ကို စိတ်ဒုက္ခအမျိုးမျိုး ဖြင့် ထိုးဖောက်ကြသည်။ ထိုကြောင့်ပင် နေရာတကာတွင် ပျက်စီးနေသော လူတို့ကို တွေ့မြင်ရကြသည်။

**စိတ်နှလုံးများကိုမထီလေးစားပြုခြင်း** – စိတ်နှလုံးများကို မထီလေးစားပြု လုပ်ခြင်းသည် သန့်ရှင်းသောဘုရားသခင်၏မျက်မှောက် တော်တွင် အလွန်ကြီးလေး သောပြစ်မှုကြီးဖြစ်သည်။ သို့စေကာမူ အချို့သောလူပျိုလူရွယ်တို့သည် မိန်းကလေးများ ကိုမျက်နှာသာပေး**၍** သူတို့၏အချစ်ကိုရအောင်ယူပြီးခဲ့သည့်နောက်ပိုင်းတွင် သူတို့လူပျို လှည့် စဉ်ကပြောဆိုသောစကားတို့နှင့် ယင်းစကားတို့၏အကျိုးသက်ရောက်မှုကို လုံးဝမေ့ ပျောက်**၍** သူတို့စိတ်**ကြို**က်လုပ်ချင်ရာကိုလုပ်ကြတော့သည်။ အသစ်ကိုမြင်သောအခါ အဟောင်းကိုပစ်**၍** ရှေးကအသုံး**ပြု**ခဲ့သော ပျားရည်ဆန်းစကားလုံးများအသုံး**ပြု**လျက် ယင်း "ငါးစိမ်း" များနှင့်ကြည်ဖြူ နေကြပြန်သည်။

ယင်းသဘောမျိုးသည် လင်မယားဘဝတွင်ပြန်လည်ခေါင်းထောင် လာလိမ့်မည်။ အိမ်ထောင်**ပြု**ခြင်းသည် စိတ်သဘောပြောင်းလဲတတ်သော သူအားတည်ငြိမ်စေခြင်း၊ စိတ်အတည်တကျမဖြစ်သောသူအား တည်မြဲ ခိုင်ခံ့စေခြင်းနှင့် ကျင့်ဝတ်များကိုမှန် ကန်စွာသုံးစေခြင်းများအတွက် အမြဲတမ်း **ပြု**ပြင်ပေးခြင်းမရှိပေ။ တည်တံ့ခိုင်မြဲသော စိတ်သဘောမွေးမြူခြင်းသည် သူတို့အတွက်ငြီးငွေ့စရာဖြစ်လာ**၍** မသန့်ရှင်းသောစိတ်ကူး အကြံအစည်တို့ သည် မသန့်ရှင်းသောလုပ်ရပ်များတွင် ပေါ်လွင်လာလိမ့်မည်။ ထိုကြောင့် လူငယ်လူရွယ်တို့သည် သူတို့အားဖြောင့်မတ်ခြင်းတရားထဲမှ လှည့်ဖြား ခေါ်ဆောင်သွားရန် စာတန်၏အကြံမအောင်မြင်စေခြင်းငှာ သူတို့၏ခါးပန်း စည်းထား လျက် သူတို့၏အပြုအမူများကို ကာကွယ်စောင့်ထိန်းထားရန် ဘယ်မျှလောက်လိုအပ်နေ သနည်း။

**လူပျိုလှည့်နေသည့်ကာလတွင် လှည့်ဖြားသောအကျင့်ဓလေ့များ** – မိဘများလုံးဝအသိအကျွမ်းမဖြစ်သေးသော အမျိုးသမီးကလေးတစ်ဦးကိုတွဲ၍ သွားလာနေသည်သာမက ယင်းအမျိုးသမီးရင်းနှီးချစ်ကြိုက်မှုကို ရယူနေသော လူပျိုသည် ယင်းအမျိုးသမီးကိုသော်လည်းကောင်း၊ သူ့မိဘများကိုသော် လည်းကောင်း မြင့်မြတ်သောခရစ်ယာန်တစ်ဦး၏ဝတ္တရားအတိုင်း ဆောင်ရွက် မှုမရှိပေ။ ယင်းအမျိုးသမီးငယ်နှင့်တိတ်တဆိတ်ဆက်သွယ်ခြင်း၊ တိတ်တဆိတ် နှစ်ယောက်တည်းချိန်း၍တွေ့ဆုံခြင်းတို့ကြောင့် သူကလေး၏စိတ်ကိုဆွဲဆောင် ထားနိုင်စေကာမူ ယင်းကဲ့သို့ပြုလုပ်ခြင်းအားဖြင့် သူ့အနေဖြင့် ဘုရားသခင် ၏သားသမီးတိုင်း၌ အပိုင်ရှိထားအပ်သောစိတ်ထားမြင့်မြတ်ခြင်း၊ သစ္စာသမာဓိ ရှိခြင်းတို့ကိုပြသရန် ပျက်ကွက်လေပြီ။ သူတို့၏ရည်မှန်းချက်များကို အကောင် အထည်ဖော်နိုင်ရန် ကျမ်းစာကထားရှိသောအဆင့်အတန်းနှင့်လည်း မညီညွတ်၊ ပွင့်ပွင့်လင်းလင်းမဖြစ်သောကဏ္ဍကို သူတို့သည်လုပ်ကိုင် ဆောင်ရွက်သောအားဖြင့် သူတို့ကိုချစ်၍ သူတို့အတွက်ကြည့်ရှုစောင့်ထိန်း ရသောပုဂ္ဂိုလ်များအပေါ် သစ္စာ မဲ့ကြသည်။ ယင်းကဲ့သို့သောဩဇာသက်ရောက် မှုက ဖန်တီးပေးသောအခြေအနေ အရ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် မညီလျော်ပေ။ သမီးဖြစ်သူအား သမီး အနေဖြင့်ထမ်းဆောင်ရမည့်ဝတ္တရားကို မထမ်းဆောင်စေဘဲ မိဘကိုရိုသေစွာ ပြုလော့ဆိုသော ဘုရားသခင်၏ပြတ်သား တိကျသောပညတ်ချက်များနှင့် ပတ်သက်၍ သူမအားလွဲမှားသောအယူအဆများရရှိ အောင်ပြုလုပ်လျှင် ထိုသူသည် ထိမ်းမြားမင်္ဂလာဆိုင်ရာတာဝန်ဝတ္တရားများအပေါ် သစ္စာစောင့် သောသူမဟုတ်ပေ။

ကျောက်ပြားများပေါ်တွင် "သူ့ဥစ္စာကိုမခိုးနှင့်" ဆိုသောပညတ်ကို ဘုရားသခင်၏လက်ညှိုးတော်အားဖြင့် ရေးသားထားတော်မူသည်။ သို့ဖြစ် လင့်ကစား မေတ္တာကိုတိတ်တဆိတ်ဘယ်နှစ်ကြိမ်မျှခိုးယူ၍ ဘယ်နှစ်ကြိမ်မျှ ခွင့်လွှတ်ခဲ့ပြန်ပြီနည်း။ လှည့်ဖြားသောလူပျိုလှည့်နည်းပရိယာယ်များကို အသုံးပြုခဲ့၍ တိတ်တဆိတ်ချိန်းချက်တွေ့ဆုံကြသည်မှာ အတွေ့အကြုံနည်းပါး ၍ ယင်းကဲ့သို့တိတ်တဆိတ်ချိန်းချက်တွေ့ဆုံခြင်းများသည် အဘယ်အခြေ အနေသို့ဆိုက်ရောက်တတ်သည်ကို မသိရှာသောသူတို့၏ချစ်ခြင်းသည် သူ့မိရင်းဖရင်းတို့ထံမှ ရုပ်သိမ်းဆွဲဆောင်ခံရပြီးသည်နောက် သူမ၏ချစ်ခြင်း ကိုမခံယူထိုက်ကြောင်းကို သူ့လုပ်ရပ်များက ပြသနေသောသူအပေါ်၌ ပုံချ အပ်နှင်းခြင်းကိုခံရလေတော့သည်။ မရိုးသားမှုဟူသမျှကို ကျမ်းစာကပြစ်တင်

**ရှု**တ်ချထားသည်။

ယင်းကဲ့သို့ခိုးကြောင်ခိုးဝှက်ချိန်းချက်တွေ့ဆုံခြင်းအားဖြင့် လူပျို လှည့်အပျိုလှည့်ခြင်းနှင့် ထိမ်းမြားမင်္ဂလာ**ပြု**ခြင်းတို့သည် ကြီးမားသောစိတ် ဆင်းရဲမှုကိုဖန်တီးပေး**၍** မည်သည့်အခြေအနေထိရောက်စေသည်ကို ပြည့်ပြည့် စုံစုံသိသောပုဂ္ဂိုလ်မှာ ဘုရားသခင်တစ်ပါးတည်းသာဖြစ်တော်မူသည်။ ယင်း ကျောက်ဆောင်ပေါ်တွင် ထောင်သောင်းမကသောသူတို့၏ဝိညာဉ်များတို့သည် ပျက်စီးခြင်း၊ ဆုံးပါးခြင်းရှိခဲ့ကြလေပြီ။ **ရိုး**သားဖြောင့်မတ်သောခရစ်ယာန် အများတို့သည် အခြားသောကိစ္စများတွင် သတိတရားရှိစွာဖြင့် လိုက်နာ ကျင့်သုံးကြသော်လည်း **ဤ**မင်္ဂလာထိမ်းမြားခြင်းဆိုင်ရာကိစ္စတွင်မူ ကြောက် မက်ဖွယ်ကောင်းသော မှားယွင်းမှုများကိုကျူးလွန်ခဲ့ကြသည်။ စိတ်ပိုင်းဖြတ်ထား သောလိုအင်ဆန္ဒကို ကျိုးကြောင်းဆင်ခြင်တတ်သော တရားက ပြောင်းလဲ**၍** မရကြောင်းကို သူတို့ဘဝအဖြစ်အပျက်ကပြသည်။ သူတို့သည် မနု**သ**လူ သတ္တဝါတို့၏ခံစားချက်များ၊ စိတ်ဓာတ်ကိုတွန်းမှု များစွာမက်မောနေသည့် အတွက် ကျမ်းစာကိုရှာဖွေဖတ်**ရှု၍** ဘုရားသခင်နှင့် အနီးကပ်ဆုံးရင်းနှီးဆက် သွယ်မှုကိုရယူရန်ပင် လိုအင်ဆန္ဒမရှိကြတော့ပေ။

**အောက်သို့ဆွဲချသောပထမခြေလှမ်းကိုရှောင်ကြဉ်ပါ** – ပညတ်တော်ဆယ်ပါးမှ ပညတ်တော်တစ်ပါးကိုချိုးဖောက်သောအခါ အောက်သို့လှမ်းမည့်ခြေလှမ်းများသည် သေချာသလောက်ဖြစ်နေသည်။ အမျိုးသမီးတို့၏ကာယိန္ဒြေကို ဖျက်ဆီးပယ်ရှားလိုက်သည်နှင့်တစ်**ပြိုင်**နက် အယုတ်ညံ့ဆုံးသောကာမဂုဏ်ကျူးလွန်မှုကိုပင် အကြီးဆုံးသောအပြစ်ဒုစ**ရိုက်** ဟူ**၍** ယူဆဟန်လက္ခဏာမရှိတော့ပေ။ ယခုခေတ်ကမ္ဘာလောကကြီးတွင် အမျိုးသမီးများတို့၏မကောင်းမှုဒုစ**ရိုက်**ကျူးလွန်မှုကြောင့် ဖြစ်ပေါ်လာ သောမကောင်းမှုများက ကြောက်ခမန်းလိလိဖြစ်ပါသည်တကား။ “ထူးခြား သောအမျိုးသမီးများ” ၏သွေးဆောင်မှုကိုလိုက်စားမိသောကြောင့် ထောင် သောင်းမကသောသူတို့သည် ထောင်တွင်းအကျဉ်းခံနေရလျက် များစွာသော ယောကျ်ားတို့သည် ကိုယ့်ကိုကိုယ်သေကြောင်းကြံစည်လုပ်ကိုင် ခဲ့ကြောင်း၊ **ဎ**င်းအပြင် အချို့သောသူတို့သည် အခြားသောသူတို့၏

အသက်တိုအောင်ပြုလုပ်ကြသည်။ "သူ၏ခြေတို့သည် သေခြင်းသို့ဆင်း၍ သူသွားရာလမ်းသည် မရဏာနိုင်ငံသို့ရောက်တတ်၏" ဆိုသောကျမ်း စကား သည် ဘယ်မျှလောက်မှန်ကန်ပါသနည်း။

အန္တရာယ်များ၍ တားမြစ်ထားသောနေရာသို့ချဉ်းကပ်မိခြင်းမှ လူတို့အားတားဆီးကာကွယ်ထားရန် ဘဝလမ်းကြောင်း၏နေရာတိုင်းတွင် သတိပေးအထိမ်းအမှတ်များထားရှိပါသည်။ ယင်းကဲ့သို့ထားရှိလင့်ကစား၊ မြောက်မြားစွာသောသူတို့သည် ကျိုးကြောင်းဆင်ခြေတုံတရား၏နှိုးဆော်ချက်နှင့်ဆန့်ကျင်လျက်၊ ၎င်းအပြင် ဘုရားသခင်၏ပညတ်တော်ကိုလျစ်လျူရှု၍ ကိုယ်တော်ရှင်၏ရန်တုံ့မှုကိုမထီမဲ့မြင်ပြုလျက် သေခြင်းသို့ပို့ဆောင်သော လမ်းကို ရွေးချယ်ကြသည်။

ကိုယ်ခန္ဓာ၏ကျန်းမာခြင်းကိုလည်းကောင်း၊ ထက်မြက်သောဉာဏဗလကိုလည်းကောင်း၊ ကြံ့ခိုင်သောစာရိတ္တဗလကိုလည်းကောင်း ထိန်းသိမ်းထားလိုသောသူတို့သည် "လူပျိုတို့၏တပ်မက်ခြင်းကိလေသာစိတ်ကို ကြဉ်ရှောင်" ကြရမည်။ ၎င်းအတင့်ရဲ၍ရောင့်တက်သောဦးခေါင်းကို ကျွန်ုပ်တို့အထဲတွင်ခေါင်းထောင်လာသော ဆိုးညစ်မှုကိုဟန့်တားရန် အင်တိုက်အားတိုက်ဖြင့်လည်းကောင်း၊ တိကျသောခြေလှမ်းဖြင့်လည်းကောင်း ကြိုးပမ်းကြသောသူတို့ကို ဒုစရိုက်ကျင့်သူတို့က မုန်းတီးကြသည်၊ အလွန်အမင်းရှုတ်ချပြောဆိုကြသည်။ သို့ရာတွင် ဘုရားသခင်သည် သူတို့အားဂုဏ်ပြု တော်မူ၍ ဆုလာဘ်များကိုပေးတော်မူမည်။

**တောပင်များကိုစိုက်ပျိုးလျှင် ခါးသောအသီးများကိုရိတ်သိမ်း ရမည်** – တောပင်များကိုစိုက်ပျိုးခြင်းဖြင့် သင်တို့၏ဝိညာဉ်များကို အန္တရာယ်နှင့်မကင်းအောင်မပြုလုပ်ကြပါနှင့်။ သင်တို့နှင့်ရာသက်ပန်ပေါင်းသင်း နေထိုင်မည့် အိမ်ထောင်ဖက်ကိုရွေးချယ်ရာ၌ သတိမမူဂရုမမြင်မဖြစ်စေသင့်ပေ။

ချစ်သောလူငယ်လူရွယ်မိတ်ဆွေတို့၊ သင်တို့အနေဖြင့် အချိန်အနည်းငယ်ယူကာ စိုက်ပျိုးသောတောပန်းပင်တို့မှ သင်တို့၏ဘဝလမ်းစဉ်တစ်လျှောက်လုံးကိုခါးစေမည့် (သို့မဟုတ်) အတိဒုက္ခရောက်စေမည့်အသီး များကို ရိတ်သိမ်းကြလိမ့်မည်။ တစ်နာရီလောက်မျှစဉ်းစားဉာဏ်ကင်းမဲ့သွား ခြင်း၊ စုံစမ်းသွေးဆောင်ခြင်းကို တစ်ကြိမ်တစ်ခါမျှလိုက်လျောကျင့်သုံးခြင်း

တို့သည် သင်တို့၏ဘဝရေယာဉ်ကျောကို လွဲမှားနေသောနေရာများသို့ စီးဆင်းစေလိမ့်မည်။ သင်တို့အနေဖြင့် တစ်ကြိမ်တစ်ခါသာ လူငယ်လူရွယ်ဘဝတွင် ရပ်တည်နေနိုင်ကြသည်။ ယင်းဘဝရပ်တည်မှုကို အသုံးဝင်ကျေးဇူးရှိအောင်ပြုလုပ်ပါ။ သင်တို့သည် တစ်ကြိမ်တစ်ခါမျှ မြေကွက်ကိုကျော်လွှားသွားပြီး နောက်သင်တို့၏အမှားကိုပြန်လည်ပြုပြင်ရန် ပြန်လမ်းကားမရှိတော့ပြီ။ ဘုရားသခင်နှင့်ဆက်သွယ်မှုရှိရန်ငြင်းပယ်၍ မိမိတို့ကိုယ်ကိုစုံစမ်းသွေးဆောင်ရာနယ်မြေထဲသို့ ထိုးဖောက်ဝင်ရောက်သောသူတို့သည် မုချလဲကြမည်၊အပြစ်ပြုကြမည်။ ဘုရားသခင်သည် လူငယ်လူရွယ်တိုင်းကိုစုံစမ်းတော်မူသည်။ အများသောလူငယ်လူရွယ်တို့က သူတို့၏အသိတရားကင်းမဲ့စွာနေထိုင်ပြုမူ ခြင်းနှင့်ရှိသေလေးစားမှုမရှိသောလမ်းစဉ်ကို လိုက်စားမိသောအကြောင်းမှာ ဝါရင့်သောပုဂ္ဂိုလ်ကြီးများက မှားယွင်းသောပုံသက်သေကိုပြသခဲ့သောကြောင့်ဟု သူတစ်ပါးကိုအပြစ်ဖို့ပြောဆိုကြသည်။ ယင်းကဲ့သို့မှားယွင်းသောပုံသက်သေကို ပြသမှုရှိကောင်းရှိမည်ဖြစ်သော်လည်း ယင်းအခြေအနေအားမှန်ကန်သောလမ်းစဉ်ကိုကျင့်သုံးမှုမဟန့်တား၊ မနှောင့်ယှက်စေသင့်ပါ။ နောက်ဆုံးစာရင်းရှင်းရသောနေ့တွင် ယခုကဲ့သို့သောအခြေမျိုးကိုပေးနိုင်လိမ့်မည် မဟုတ်ပေ။

---o---

## အခန်း ၉
## တားမြစ်ထားသောထိမ်းမြားမင်္ဂလာများ

**ခရစ်ယာန်ဘာသာဝင်များမဟုတ်သောသူတို့နှင့် ထိမ်းမြားခြင်း** – ခရစ်ယာန်ဘာသာဝင်များ ဘာသာမဟုတ်သောသူတို့နှင့် ထိမ်းမြားခြင်းကိစ္စနှင့်ပတ်သက်**၍** ဘုရားသခင်၏နှုတ်ကပတ်တော်က သွန်သင်ထားသောသြဝါဒ ကို ခရစ်ယာန်လောကတွင် လျစ်လျူ**ရှု**နေကြသည်မှာ အံ့သြဖွယ်ကောင်း၊ ကြောက်မက်ဖွယ်လည်းကောင်းလှပေသည်။ ဘုရားသခင်ကိုကြောက်ပါ၊ **ရှိ**သေပါသည်ဟု ပြောဆိုကြသောသူအများတို့သည် ဥာဏ်တော်အနန္တတန်ခိုးရှင်ဘုရားသခင်ကပေးထားတော်မူသောအကြံတော်အစား သူတို့စိတ်**ကြိုက်**လမ်းစဉ်ကိုကျင့်သုံးနေကြသည်။ ယခုဘဝ၊ နောင်ဘဝတွင် ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှု၊ ကိုယ်၏ချမ်းသာမှုအတွက် သေရေးရှင်ရေးတမျှ အရေးပါအရာရောက်သောကိစ္စတွင် ကျိုးကြောင်းဆင်ခြင်တုံတရား၊ ပိုင်းခြားသိမြင် ခြင်းနှင့် ဘုရားသခင်ကိုကြောက်**ရွံ့ရှိ**သေခြင်းတို့ကို ဘေးဖယ်ထားကြ၏။ စိတ်ဇောတိုက်တွန်းမှုကို မျက်စိစုံမှိတ်**၍**လိုက်နာကျင့်သုံးခြင်း၊ ခေါင်းမာစွာတစ်ဖက်သတ်သန္နိဋ္ဌာန်ချထားခြင်းတို့ကို ချုပ်ကိုင်ထားခွင့်ပေးလေသည်။

အသိအလိမ္မာတရားနှင့် ဖြောင့်မှန်သောသဘောရှိသောသူတို့သည် အကြံကောင်းဥာဏ်ကောင်းများကို နားမထောင်ဘဲနေကြသည်။ မိတ်ဆွေ များ၊ ဆွေမျိုးများနှင့်ဘုရားသခင်အမှုဆောင်များတို့၏တောင်းပန်ချက်ကို ပစ်ပယ်ကြသည်။ သတိပေးစကားပြောကြသောအခါ ကိုယ်နှင့်မဆိုင်သော ကိစ္စတွင် ဝင်ရောက်စွက်ဖက်ခြင်းဟုသဘောထား**၍** စေတနာနှင့်တားမြစ် ပြောဆိုသောသူငယ်ချင်းအပေါင်းအသင်းတို့ကို ရန်သူဟုယူဆကြသည်။ **ဤ**အပြု**အ**မူရှိသမျှသည် စာတန်အလိုကျဖြစ်သည်။ စာတန်သည် လူ့ဝိညာဉ် ကိုညှို့သော အခါ ယင်းဝိညာဉ်သည် နှစ်သက်တတ်သောသဘောမကောင်းမှုကို တပ်မက်တတ်သောသဘောတို့ဖြင့် ပြည့်လာသည်။ အမှားအမှန်ပိုင်းခြား ဝေဖန်တတ်သောသဘောတို့ဖြင့် ပြည့်လာသည်။ အမှားအမှန်ဝေဖန်ပိုင်းခြား တတ်သောသတ္တိသည် ကိုယ်ကိုချုပ်တည်းခြင်းတည်းဟူသောဇက်**ကြိုး**ကို တပ်မက်ခြင်း၏လည်တံပေါ်သို့ လျှောကျစေ၏။ ညစ်ညူးသောတပ်မက်ခြင်းက စိုးမိုးခြယ်လှယ်နေသည်။ ကာယကံရှင်သည် နိုးနိုးကြားကြားဖြစ်

လာသောအခါ အလာကောင်းသော်လည်း အခါနှောင်းပြီးဖြစ်သောကြောင့် စိတ်ဆင်းရဲခြင်းနှင့်တပ်မက်ခြင်းတို့၏ကျေးကျွန်ဘဝတွင် ကျင်လည်နေရ တော့သည်။ ယခုပြောနေသောအချက်သည် စိတ်ကူးမဟုတ်ပါ။ အမှန်တ ကယ် ဖြစ်ပျက်ခဲ့သောအဖြစ်သနစ်မျိုးဖြစ်သည်။ ကိုယ်တော်ရှင်ကိုယ်တိုင်ကတားမြစ် ထားသောစုံဖက်ခြင်းကို ကိုယ်တော်ရှင်ကစကားဖျက်**၍** ခွင့်**ပြု**တော်မူလိမ့် မည်မဟုတ်ပေ။

**ဘုရားသခင်၏အမိန့်တော်များသည် ရှင်းလင်းပြတ်သားပါသည်** – ရှေးခေတ်**က**သရေလလူမျိုးတို့အား သူတို့၏ပတ်ဝန်းကျင်**၌** နေထိုင်ကြသော **ရ**ုပ်တုကိုးကွယ်သောသူ လူမျိုးတို့နှင့်စုံမက်ခြင်းမ**ပြု**ကြရန် ဘုရားသခင်သည် အမိန့်တော်ချမှတ်တော်မူခဲ့သည်။ "သူတို့နှင့်စုံမက်ခြင်းကိုမ**ပြု**ရ။ သင်၏သမီး ကိုသူ၏သားနှင့်လည်းကောင်း၊ သင်၏သားကိုသူ၏သမီးနှင့်လည်းကောင်း ထိမ်းမြားပေးစားခြင်းကိုမ**ပြု**ရ။" ယင်းတားမြစ်ချက်၏အကြောင်းရင်းကိုပေး ထားသည်။ ယင်းကဲ့သို့ထမ်းပိုးမညီသောအစီအစဉ်တို့၏ဆိုးကျိုးကို **ကြို**တင် တွေ့မြင်ထားတော်မူသော အနန္တတန်ခိုးရှင်ဘုရားသခင်က "သူတို့သည် သင့်သားကိုငါ**၌**မဆည်းကပ်စေဘဲ အခြားသောဘုရားတစ်ပါးအားဝတ်**ပြု**စေ ခြင်းငှာ သွေးဆောင်ကြလိမ့်မည်။ ထိုအခါ မျက်ရည်ထွက်**၍** သင်တို့ကို ချက်ချင်းဖျက်ဆီးတော်မူလိမ့်မည်။" "အကြောင်းမူကား၊ သင်သည် သင်၏ ဘုရားသခင်ထာဝရဘုရားအဖို့ သန့်ရှင်းသောအမျိုးဖြစ်၏။ မြေကြီးပေါ်မှာ ရှိသမျှသောလူမျိုးထက် သင်၏ဘုရားသခင်ထာဝရဘုရားပိုင်ထိုက်သောအမျိုး ဖြစ်စေခြင်းငှာ သင့်ကိုရွေးယူတော်မူပြီ။"

ဓမ္မသစ်ကျမ်းတွင် ခရစ်ယာန်ဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာ ဝင်မဟုတ်သောသူများ စုံမက်ထိမ်းမြားခြင်းနှင့်ပတ်သက်**၍** အလားတူ တားမြစ် ချက်များဖော်ပြထားသည်။ ကောရိန်သုသို့ရေးသားပေးပို့သော ပထမစာတွင် တမန်တော်ပေါလုကပြောဆိုထားသည်မှာ "လင်ရှိမိန်းမသည် လင်မသေမီ တိုင်အောင် ပညတ်တရားအားဖြင့် လင်**၌**ချည်နှောင်လျက်ရှိ၏။ လင်သေလျှင် မူကား၊ လင်ဝတ်နှင့်လွတ်**၍** ဘုရားသခင်**၌**သာ သူမထိမ်းမြား လိုသူအား ထိမ်းမြားနိုင်၏။" တစ်ဖန်ဒုတိယစာစောင်တွင် ရှင်ပေါလုက ရေးသားထား သည်မှာ "မယုံကြည်သောသူတို့နှင့်တွဲဖက်**၍** ဆန့်ကျင်ဘက် ရှိသောထမ်းပိုးကို မထမ်းကြနှင့်။ မတရားသောအမှုသည် မတရားသောအမှု ကို အဘယ်သို့ လက်ခံနိုင်မည်နည်း။ ခရစ်တော်သည် ဗေလျာလနှင့်အဘယ် သို့သင့်တင့် နိုင်မည်နည်း။" ယုံကြည်သောသူသည် မယုံကြည်သောသူနှင့် အဘယ်အ မျိုးအဖြစ်ကိုခံရမည်နည်း။ ဘုရားသခင်၏ဗိမာန်တော်သည် **ရ**ုပ်တု

တို့နှင့်အဘယ်သို့စပ်ဆိုင်ရမည်နည်း။ ဘုရားသခင်မိန့်တော်မူသည်ကား၊ သူတို့တွင်ကိန်းဝပ်မည်၊ သူတို့တွင်လှည့်လည်**၍** သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူမျိုးဖြစ်ကြလိမ့်မည်။ ထာဝရဘုရားသခင်မိန့်တော်မူပြန်သည်ကား၊ သင်တို့သည် ထိုသူတို့အထဲမှထွက်**၍** အသီးအခြားနေကြလော့။ မစင်ကြယ်သောအရာကို လက်နှင့်မျှမတို့ကြနှင့်။ ထိုသို့**ပြု**လျှင် သင်တို့ကိုငါသည်လက်ခံမည်။ သင်တို့၏အဘဖြစ်မည်။ သင်တို့သည်လည်း ငါ၏သားသမီးဖြစ်ကြလိမ့်မည်ဟု အနန္တတန်ခိုးနှင့်ပြည့်စုံသော ထာဝရဘုရားမိန့်တော်မူ၏။

ယခုခေတ်**ဤ**ကမ္ဘာပေါ်အခါအခွင့်လည်းမသင့်၊ ညီ**ညွ**တ်တော်သင့်ခြင်းလည်းမရှိသော စုံဖက်မှုအများအပြားပေါ်**၌** ဘုရားသခင်၏ကျိန်ခြင်းအမင်္ဂလာသက်ရောက်လျက်ရှိသည်။ အကယ်**၍** ကျမ်းစာတော်မြတ်က **ဤ**ပြ**ဿ**နာများနှင့်ပတ်သက်**၍** မသေမချာမရေရာသောအသုံးအနှုန်းမျိုးဖြင့် ဖော်ပြခဲ့လျှင် ယခုခေတ်လူငယ်လူရွယ်မြောက်မြားစွာတို့ စုံဖက်ထိမ်းမြားနေ ကြပုံသည် ခွင့်လွှတ်နိုင်သောကိစ္စဖြစ်လိမ့်မည်။ သို့ရာတွင် ကျမ်းစာ၏ တောင်းဆိုချက်များသည် တစ်ပိုင်းတစ်စ၊ မစုံမလင်ဖြစ်သောပညတ်ချက်များ မဟုတ်ပေ။ ယင်းပညတ်ချက်များက အတွေးအခေါ်စင်ကြယ်မှု၊ အပြောအဆို စင်ကြယ်မှုနှင့် အလုပ်အကိုင်စင်ကြယ်မှုကို တောင်းဆိုသည်။ ကိုယ်တော်၏ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏**ရှေ့၌** အလင်းဖြစ်သည်သာမက တာဝန် နှင့်ပတ်သက်**၍** ဘယ်သူ့ကိုမျှယောင်ဝါးဝါးဖြစ်စေသောပညတ်ချက်များ မဟုတ်သည်အတွက်လည်း ဘုရားသခင်ကိုကျေးဇူးတင်ပါသည်။ လူငယ် လူရွယ်တို့သည် ယင်းပညတ်ချက်များပါရှိသော နှုတ်ကပတ်တော်အကြံဉာဏ် အတိုင်း တစ်သဝေမတိမ်းလိုက်နာဆောင်ရွက်ခြင်းကို **ပြု**အပ်လှပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းပညတ်ချက်များကို ရှောင်ကွင်းလုပ်ကိုင်ကြရာ တွင် ဝမ်းနည်းဖွယ်သောအမှားအယွင်းများကို ကျူးလွန်ကြသည်။

**တပည့်တော်၊ တပည့်တော်မများသည် မယုံကြည်သောသူတို့နှင့် ထိမ်းမြားခြင်းမပြုရန် ဘုရားသခင်တားမြစ်ထားတော်မူသည်** – ဘုရားသခင်၏သားသမီးတို့သည် တားမြစ်ထားသောမြေပေါ်**၌** ဘယ်အခါမျှ အရဲစွန့်**၍** အခြေချခြင်းမ**ပြု**အပ်ပေ။ တပည့်တော်၊ တပည့်တော်မများသည် မယုံကြည်သောသူတို့နှင့် ထိမ်းမြားစုံဖက်ခြင်းမ**ပြု**ရန် ဘုရားသခင်တားမြစ် ထားတော်မူ သည်။ သို့ရာတွင် မကြာခဏပင်ပြောင်းလဲခြင်းမရှိသောသူတို့သည် မိမိတို့စိတ်အလိုလိုက်လျက် ဘုရားသခင်အနေဖြင့်ခွင့်မ**ပြု**သော ထိမ်းမြား စုံဖက်ခြင်းကို**ပြု**ကြသည်။ ယင်းကဲ့သို့**ပြု**ကြခြင်းကြောင့် မြောက်မြားစွာသော သူတို့သည်

**ဤ**လောကကြီးတွင် မျှော်လင့်ချက်မရှိ၊ ဘုရားမဲ့တရားမဲ့ဖြစ် နေကြသည်။ သူတို့၏မြင့်မြတ်သောရည်စူးချက်များသည် သက်မဲ့ဖြစ်ကြပြီ။

သူတို့အနေဖြင့်ဆက်သွယ်လျက်ရှိသော အဖြစ်အပျက်အားဖြင့် စာတန်၏ထောင်ထဲတွင် ဖမ်းဆီးချုပ်နှောင်ထားခြင်းခံနေကြရပြီ။ တပ်မက်ခြင်းနှင့်စိတ်ဇောတိုက်တွန်းခြင်းတို့၏ စိုးမိုးချုပ်ချယ်ခြင်းကိုခံရသောသူတို့သည်လက်ရှိဘဝတွင် ခါးသောအသီးအနှံကိုရိတ်သိမ်းရ**၍** သူတို့၏အ**ပြု**အမူများ သည်သူတို့၏ဝိညာဉ်ဆုံးပါးရသောအခြေအနေသို့ တွန်းပို့လိမ့်မည်။

မယုံကြည်သောသူတို့နှင့်ထိမ်းမြားစုံဖက်ရာတွင် သမ္မာတရားကိုသက်ဝင်ယုံကြည်လက်ခံပါသည်ဆိုသောသူတို့သည် ဘုရားသခင်၏အလိုတော်ကိုကျော်နင်းကြသည်။ ကိုယ်တော်ရှင်၏ကျေးဇူး**ပြု**တော်မူခြင်းကိုခံစားခွင့်ဆုံး**ရှုံး**ကြရပြီ၊ နောင်တရမှုအတွက် ခါးသီးစွာ**ကြိုး**ပမ်းကြသည်။ မယုံကြည်သောသူတို့**၌** အကြွံခိုင်ဆုံးသောစာရိတ္တဗလရှိကောင်းရှိကြမည်။ သို့ရာတွင် ယောကျာ်းဖြစ်စေ၊ မိန်းမဖြစ်စေ ယင်းကဲ့သို့သောပုဂ္ဂိုလ်မျိုးအနေဖြင့် ဘုရားသခင်၏တောင်းဆိုချက်များကို လိုက်နာခြင်းမရှိ၊ **ဤ**မျှလောက်ကြီးစွာသော ကယ်တင်တော်မူခြင်းတရားကို နားထောင်ခြင်းမရှိခြင်းတို့သည် ယင်းကဲ့သို့သောပုဂ္ဂိုလ်မျိုးနှင့်ထိမ်းမြားခြင်းကိုဘာကြောင့်မပိတ်ပင်ဘဲမနေသင့်ကြောင်းကို လုံလောက်သောအကြောင်းပြချက်ဖြစ်သည်။ မယုံကြည်သောသူ၏စာရိတ္တသည် "သင်သည်တစ်ခုလိုသေး၏" ဆိုသောယေ**ရှု**ရှင်၏မိန့်တော်မူချက်ကိုခံခဲ့ရသော လူငယ်လူရွယ်၏အကျင့်စာရိတ္တနှင့်တူကောင်းတူပေလိမ့်မည်။ လိုအပ်သောအရာ သည်ယင်းတစ်မျိုးသာဖြစ်သည်။

**ရောလမုန်၏ပုံသက်သေ** – ဘုရားသခင်အနေဖြင့် သူတို့၏ဘဝအသက်တာကိုလက်ခံတော်မူ**၍** **ဤ**လောက**၌**အသုံးကျမှုအပြည့်အစုံ ရှိစေလျက်ကောင်းကင်ဘုံ**၌**လည်း ဘုန်းတန်ခိုးနှင့်အပြည့်အစုံကြွယ်ဝစေရန်**ပြု**ပြင်ပေး**၍**ရသော ဆင်းရဲ**၍**ကျော်စောသောသူများရှိပေသည်။ သို့ရာတွင်ဘုရားသခင်၏ရည်စူးချက်များကို ဖျက်ဆီးရန်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်များကိုလည်း အသက်ရှင်သောလမ်းနှင့်ပြောင်ပြောင်ကြီးဆန့်ကျင်သောလမ်း**၌** မိမိတို့ကိုယ်တိုင်ခြေစုံရပ်တည်သောအကျင့်စာရိတ္တမျိုးရှိသောသူတို့နှင့်ထိမ်းမြားစုံဖက်စေခြင်းအားဖြင့် ပျက်စီးခြင်းသို့ဆွဲချရန် **၎**င်းစာတန်သည်မနားမနေ**ကြိုး**ပမ်းလုပ်ကိုင်လျက်ရှိသည်။ **ဤရှု**ပ်ထွေး ပွေလီကျပ်တည်းမှုထဲမှအောင်မြင်စွာလွတ်မြောက်လာသောသူဦးရေမှာ မရှိသလောက်နည်းပါးလှသည်။

နားထောင်ခြင်း၏ရလဒ်အနေဖြင့် ရရှိသောကောင်းကျိုးများ သည်ဘာဖြစ်သည်ကို စာတန်ကောင်းမွန်စွာသိရှိသည်။ ရောလမုန်မင်း ကြီး၏နန်းစံနှစ်ဦးပိုင်းတွင်ဖြစ်သော သူ့ဉာဏ်ပညာ၊ ရက်ရောစွာလှူဒါန်း ခြင်း၊ ဖြောင့်မှန်စွာကျင့်ခြင်းတို့ကြောင့်

သူ့ဘုန်းတန်ခိုးကြီးထွားနေသော အချိန်များတွင် ရှောလမုန်မင်းကြီးအားကျင့်ဝတ်များ ကို သစ္စာရှိစွာစောင့် ထိန်းခြင်းကို လျှို့ဝှက်ဖြိုဖျက်ရန်လည်းကောင်း၊ သူ့အား ဘုရားသခင်ထံတော်မှ ထွက်ခွာကင်းကွာနေစေရန်လည်းကောင်း စာတန်သည်ယုတ်မာ သောဩဇာသက်ရောက်မှုများကို ဖန်တီးပေးရန်ကြိုးပမ်းလေသည်။ ရန်သူသည် သူ့မှန်းချက်နှင့်နှမ်းထွက်ကိုက်ညီကြောင်းကို မှတ်တမ်းတွင် ကျွန်ုပ်တို့တွေ့ရှိရသည်မှာ "ရှောလမုန်သည် အဲဂုတ္တုဖာရောဘုရင်နှင့် မိတ်ဆွေဖွဲ့လျက် သမီးတော်နှင့်စုံဖက်၍ နန်းတော်ဗိမာန်တော်၊ ယေရုရှလင် မြို့ရိုးကို မပြီးမီတိုင်အောင် ဒါဝိဒ်မြို့၌နေရာ ပေးတော်မူ၏။

သာသနာပမျိုးနှင့်မဟာမိတ်ဖွဲ့ရာတွင် ၎င်းအပြင်ရုပ်တုကိုးကွယ် သော ဘုရင့်သမီးတော်ကိုစုံဖက်ခြင်းအားဖြင့် ယင်းပဋိညာဉ်စာချုပ်ကို အတည်ဖြစ်စေရာတွင် ရှောလမုန်သည် မိမိလူတို့၏သန့်စင်မှုကိုထိန်းသိမ်း ထားရန် ဘုရားသခင်ထားရှိတော် မူသောအစီအစဉ်ကို မစဉ်းစားဘဲလျက် လျစ်လျူရှုခဲ့လေသည်။ ဤအဲဂုတ္တုပြည်သူ ရွှေမင်းသမီးသည် ဘုရင်ရှောလမုန် ကိုးကွယ်သော ဘုရားဘက်သို့စိတ်ပြောင်းလဲသွား လိမ့်မည်ဟူသောမျှော်လင့် ချက်သည် အပြစ်ကျူးလွန်မှုအတွက် ချည့်နဲ့အားပျော့ လွန်းသောအကြောင်း ပြခြင်းဖြစ်သည်။ အခြားလူမျိုးတို့ထံမှ သီးခြားနေရန် ဘုရားသခင်အမိန့် တော်ကိုလွန်ဆန်လျက် ရှင်ဘုရင်သည် သူ့အင်အားကို လူသားအချင်းချင်း တို့၏အင်အားဖြင့် အကြောင်းဆက်ပေါင်းဖက်လေသည်။

ကရုဏာတော်ရှင်ဘုရားသခင်သည် ဤမဟာအမှားတော်ကြီးကို ခေတ္တမျှ ပယ်ရှားတော်မူသည်။ ရှောလမုန်၏မိဖုရားသည် မှန်သောဘုရား ဘက်သို့စိတ်ပြောင်း လဲ၍ ရှင်ဘုရင်သည်လည်း ပညာသားပါသောလမ်းစဉ် ကိုကျင့်သုံးခြင်းအားဖြင့် သူ့သတိတရားကင်းမဲ့မှုက ဖန်တီးအသက်သွင်း ပေးလိုက်သော ဒုစရိုက်အင်အားစုများ ကို ဟန့်တားထားနိုင်ပေလိမ့်မည်။ သို့ရာတွင် ရှောလမုန်သည် သူ့ဘုန်းတော်တန်ခိုး ရရှိရာဌာနရင်းကို မျက်ခြည်ပြတ်လာလေသည်။ စိတ်ယိမ်းယိုင်မှုသည် အမှားအမှန် ဝေဖန် ပိုင်းခြားနိုင်သောသတ္တိကို အုပ်စီးသွားလေသည်။ ကံ၊ ဥာဏ်ဝီရိယကို ယုံကြည်မှုသည် ပိုမိုနက်ရှိုင်းလာရာတွင် ဘုရားသခင်၏ရည်စူးချက်ကို သူ့နည်းလမ်း အားဖြင့်အကောင်အထည်ဖော်ရန် ကြိုးပမ်းလေသည်။

ရှောလမုန်ကဲ့သို့အများသောခရစ်ယာန်တို့က သူတို့အနေဖြင့် ဘုရားတရား မကြည်ညိုသောသူတို့နှင့် ထိမ်းမြားစုံဖက်နိုင်သည်။ အဘယ် ကြောင့်ဆိုသော် သူတို့၏ဩဇာသက်ရောက်မှုသည် မှားယွင်းသောလမ်း၌ လျှောက်သွားနေသောသူတို့ အား အကျိုးဖြစ်ထွန်းစေလိမ့်မည်ဟု ယူဆ ကြသည်။ သို့ရာတွင် အများအားဖြင့် သူတို့ကိုယ်တိုင်ထောင်ချောက်တွင် ကျရောက်ခြင်း၊ အနိုင်ခံရခြင်း၊ သူတို့၏သန့်ရှင်း သောယုံကြည်မှုကို လက်လွှတ် ရခြင်း၊ ကျင့်ဝတ်များကိုစွန့်လွှတ်ရခြင်းနှင့် ဘုရား သခင်ထံမှကွေကွင်းရခြင်း စသောဒုက္ခများကိုရင်ဆိုင်ရသည်။ မှားယွင်းသောခြေ လှမ်းများသည် နောက်ဆက်တွဲခြေလှမ်းများကိုမှားယွင်းစေသည်။ နောက်ဆုံးတွင် သူတို့ သည် သူတို့ကိုယ်ကိုတုပ်နှောင်ထားသောသံကြိုးများကို ချိုးဖျက်၍မရနိုင် သောအခြေအနေတွင် ရောက်ရှိနေကြသည်။

ဆင်ခြေ – "သူဟာဘာသာရေးကိစ္စမှာစေတနာထားပါတယ်။"

မယုံကြည်သောသူသည် ဘာသာရေးကိစ္စတွင် စေတနာထားရှိပြီး ခရစ်ယာန် မဟုတ်သည်ကလွဲ၍ အိမ်ထောင်ဖက်တိုင်း၌ ရှိအပ်သောအရည်အချင်း ပြည့်စုံပါသည်ဟူသော ဆင်ခြေမျိုးကို တစ်ခါတစ်ရံပေးတတ်ကြသည်။ ယုံကြည်သောသူ၏ကောင်းမွန်သောဆုံးဖြတ်ချက်က မယုံကြည်သောသူနှင့် ရာသက်ပန်စုံဖက်ခြင်းသည် မသင့်လျော်ကြောင်း အရိပ်အမြွက်အားဖြင့် သော်လည်းကောင်း၊ ဆယ်ပုံတစ်ပုံတွင် စိတ်ယိမ်းယိုင်မှုကသာလျှင် အောင်ပန်း ဆွတ်ခူးသွားလေသည်။ တရားပလ္လင်ရှေ့တွင် ကတိသစ္စာပြုသည်နှင့် တစ်ပြိုင်နက် ဝိညာဉ်ရေးဆိုင်ရာကျဆင်းမှုသည် အစပြုလေသည်။ ဘာသာ ရေးဆိုင်ရာတက်ကြွမှုသည် ထုံထိုင်းလာ၍ နောက်ဆုံးတွင် လင်မယား နှစ်ယောက်စလုံးသည် စာတန်၏အနက်ရောင်အောင်လံအောက်တွင် ဘေးချင်း ယှဉ်၍မတ်တတ်ရပ်နေကြသည်တိုင်အောင် ခံတပ်တစ်ခုပြီးတစ်ခု ပြိုကွဲလေ တော့သည်။ ထိမ်းမြားမင်္ဂလာပွဲကျင်းပနေချိန်မှာ ဩတ္တပ္ပစိတ်၊ ယုံကြည်ခြင်း၊ သမ္မာတရားများအပေါ်တွင် လောကီစိတ်သဘောထားတို့က အနိုင်ယူသွားကြသည်။ အိမ်ထောင် သစ်တွင် ဆုတောင်းချိန်ကိုလေးစားမှုမရှိတော့ပေ။ သတို့သားနှင့်သတို့သမီးတို့ သည် တစ်ဦးကိုတစ်ဦးရွေးချယ်ခဲ့ပြီး ယေရှုရှင်ကိုပစ်ပယ်ကြသည်။

**ယုံကြည်သောသူ၌ပြောင်းလဲခြင်းဖြစ်ပေါ်လာသည်** – ပထမတွင် မယုံကြည်သောသူက အသစ်သောပေါင်းဖက်မှုတွင် ကန့်ကွက်သည့်သဘောထားကိုမပြသပေ။ သို့ရာတွင် ကျမ်းစာထဲမှသမ္မာတရားကိုနားထောင်၍ စဉ်းစားဆင်ခြင်ရန်ပြောကြားသောအခါမှ စိတ်မှခံစားချက်သည် ကွင်းကွင်းပေါ်လာ သည်။ "ကျွန်မဟာအလျင်ကဘယ်လို၊ အခုကဘယ်လိုဆိုတာရှင်သိလျက် နှင့်ရှင်ကျွန်မကိုအိမ်ထောင်ပြုခဲ့ပါတယ်။ အခုအခါ ကျွန်မစိတ်ကိုအနှောင့် အယှက်ဖြစ်စေမယ့်ကိစ္စကိုတော့ မကြားပါရစေနှင့်။ ဒီနေ့ကစပြီး ရှင့်ရဲ့ ထူးဆန်းတဲ့အယူအဆတွေနဲ့ပတ်သက်တဲ့ **ညှိ**နှိုင်းမှုဆိုတာတွေကို လုံးဝပိတ်ပင် ထားရပါမယ်။" ယုံကြည်သောတပည့်တော်အနေဖြင့် သူ့ယုံကြည်ချက်နှင့် ပတ်သက်၍ အထူးစိတ်တက်ကြွမှုကိုပြသလျှင် ခရစ်ယာန်တို့၏အတွေ့အကြုံတွင် လုံးဝစိတ်ဝင်စားမှုမရှိသောသူအား မညှာမတာဆက်ဆံသည့်ပုံပေါ် နေသည်။

ယုံကြည်သောသူအနေဖြင့် အိမ်ထောင်သစ်တွင် သူရွေးချယ်ထား သော အိမ်ထောင်ဖက်၏အလိုကို အတော်အသင့်လိုက်လျောရပေမည်။ လောကီဆန်သောဆိုရှယ်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကိုလိုက်စားကြသည်။

အစပထမတွင် **၎**ကဲ့သို့လိုက်စားခြင်းကို စိတ်မပါ့တပါဖြင့်လိုက်စားကြသည်။ သို့ရာတွင် ယင်းကဲ့သို့လိုက်စားသည်နှင့်အမျှ သမ္မာတရား**၌** စိတ်ဝင်စားမှု သည် ယုတ်လျော့သွား၏။ ယုံကြည်ခြင်းနေရာတွင် စိတ်ဒွိဟဖြစ်ခြင်းနှင့် မယုံကြည်ခြင်းတို့သည် ချင်းနင်းဝင်ရောက်လာကြသည်။ တစ်ကြိမ်က တည် ကြည်**၍** ဖြောင့်မှန်စွာယုံကြည်သောသူ၊ ခရစ်တော်၏နောက်တော်သို့ သစ္စာရှိ စွာလိုက်လျှောက်သောသူသည် ယခုအခါစိတ်ဒွိဟဖြစ်**၍** မတည်မငြိမ် ဖြစ်လိမ့် မည်ဟု ဘယ်သူမျှသံသယမဝင်မိပေ။ ယင်းသည် ဉာဏ်ပညာကင်းမဲ့သော ထိမ်းမြားစုံမက်ခြင်းကြောင့် ဖြစ်ပေါ်လာသောပြောင်းလဲခြင်းပါတကား။

လောကနှင့်မဟာမိတ်ဖွဲ့ခြင်းသည် အန္တရာယ်များလှသည်။ ယောက်ျား ကလေးနှင့်မိန်းကလေးများတို့၏ထိမ်းမြားမင်္ဂလာ**ပြု**သောအချိန်သည် သူတို့၏ ဘာသာရေးနှင့်အသုံးချမှုဆိုင်ရာသမိုင်းစဉ်ပြီးမြောက်သွား ကြောင်းကို စာတန် သည်ကောင်းမွန်စွာသိရှိထားသည်။ သူတို့သည် ခရစ်တော် အတွက်ဆုံး**ရှုံး** ကြပြီ။ သူတို့အနေဖြင့် ခေတ္တမျှခရစ်ယာန်ဘဝ**၌**ရပ်တည်ရန် **ကြိုး**ပမ်းကြ လိမ့်မည်။ သို့ရာတွင် သူတို့၏**ကြိုး**ပမ်းမှုရှိသမျှသည် မျက်နှာ ချင်းဆိုင်ဘက်မှ မှန်မှန်တိုးဖိလာသော သြဇာသက်ရောက်မှုကိုဆန့်ကျင်**၍** **ပြု**လုပ်ကြရသည်။ တစ်ကြိမ်က သူတို့၏ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်း အကြောင်းတို့ကိုပြော ရသည်မှာ အခွင့်အရေးလည်းဖြစ်**၍** ဝမ်းမြောက်ဖွယ် လည်းဖြစ်လှသည်။ သို့ရာတွင် သူတို့နှင့်ရာသက်ပန်ရွယ်ကိုးလို့**ရိုး**မြေကျ ပေါင်းဖက်ရသောသူတို့က ယင်းအကြောင်းများကို စိတ်ဝင်စားမှုမရှိသည်ကို သိရှိသောကြောင့် ယင်းအ ကြောင်းများကို သူတို့အနေဖြင့် ဖော်ပြပြောဆို လိုသောဆန္ဒမရှိကြပေ။ ထိုကြောင့် အဖိုးထိုက်လှသော သမ္မာတရားကို ယုံကြည်ခြင်းသည် စိတ်နှလုံး ထဲမှပျောက်ကွယ်သွားရာ စာတန်သည် သူတို့ ပတ်လည်တွင် မယုံကြည် သောစိတ်တည်းဟူသော ပင့်ကူအိမ်ကိုသူတို့ပတ်ပတ် လည်ဆောက်လုပ်ထား လေသည်။

## ကောင်းကင်ဘုံ၏ပျော်ရွှင်မှုများဆုံးရှုံးဖွယ်ရာရှိခြင်း –

"လူနှစ်ဦးသည် သဘောမတူလျှင် ပေါင်းဖော်**၍**ခရီးသွားနိုင်သလော" "မြေကြီးပေါ်မှာ သင်တို့ တွင် နှစ်ယောက်သည် သဘောချင်းတူ**၍**ဆုတောင်း သမျှသောဆုတို့ကို ကောင်းကင်ဘုံ**၌**ရှိတော်မူသော ငါ၏ခမည်းတော်

သည်ပေးတော်မူလတ္တံ့။ ထူးခြားသောမြင်ကွင်းပါတကား။ ရင်းရင်းနှီးနှီး စုံဖက်ထိမ်းမြားထားသော လင်နှင့်မယားနှစ်ဦးအနက် တစ်ဦးက စိတ်ပါ လက်ပါဆုတောင်းပတ္ထနာပြုစဉ် ကျန်တစ်ဦးကဂ**ရု**မစိုက်ဘဲ အမှုမဲ့ အမှတ် မဲ့နေနေသည်။ တစ်ဦးကထာဝရအသက်ရရှိရန်နည်းလမ်းကိုရှာဖွေ နေစဉ် ကျန်တစ်ဦးသည် သေခြင်းသို့ပို့ဆောင်သော ကျယ်သောလမ်း**၌** ရပ်တည် နေသည်။

ပြောင်းလဲခြင်းမရှိသောပုဂ္ဂိုလ်များနှင့် စုံဖက်ထိမ်းမြားသောကြောင့် ရာပေါင်းများစွာသောသူတို့သည် ခရစ်တော်နှင့်ကောင်းကင်ဘုံကို ဆုံး**ရှုံး**ကြ၏။ သူတို့သည် သေတတ်သောလူသတ္တဝါကိုအိမ်ထောင်ဖက်အနေဖြင့် ရရှိရန် ပိုမိုလိုလားကြသည်မှာ ခရစ်တော်၏မေတ္တာနှင့်မိတ်သဟာယဖွဲ့ခြင်းသည် တန်ဖိုးမရှိ**၍**လော။ မြတ်နိုးဖွယ်သောကယ်တင်ရှင်ကို မချစ်မနှစ်သက်သော သူ့အတွက် ကောင်းကင်ဘုံဆိုင်ရာပျော်ရွှင်မှုများကို အနစ်နာခံကြသည်မှာ ကောင်းကင်ဘုံကိုအထင်သေး**၍**လော။

မယုံကြည်သောသူနှင့်ထိမ်းမြားစုံဖက်ခြင်းသည် သင့်ကိုယ်ကိုစာတန် ၏နယ်မြေပေါ်**၌** နေရာချထားခြင်းဖြစ်သည်။ ထိုကဲ့သို့**ပြု**လုပ်ခြင်းအားဖြင့် သင်သည် သန့်ရှင်းသောဝိညာဉ်တော်ကိုစိတ်နာစေ**၍** သူ၏ကာကွယ် စောင့်ရှောက်မှုကို အဆုံးခံရသည်။ ထာဝရအသက်ရရှိမှုအတွက် တိုက်ပွဲ ဝင်ရာတွင် **ဤ**ကဲ့သို့ကြောက်မက်ဖွယ်အနှောင့်အယှက်များ သင်၏လမ်းခရီး တွင် ရှိသင့်ပါသလား။

သင့်ကိုယ်ကိုမေးကြည့်ပါ။ ''မယုံကြည်သောကျွန်မ၏ယောကျ်ား သည် ကျွန်မ၏အကြံအစည်များကို ယေ**ရှု**အထံတော်မှ အခြားသို့လမ်းပြောင်း သွားစေ ရန် **ပြု**လုပ်မည်မဟုတ်ပါလား။ သူသည် ဘုရားသခင်ထက် အပျော် အပါးကို ပိုမိုနှစ်သက်သဘောကျသည်။ သူနှစ်သက်သဘောကျသောအရာ များကို ကျွန်မ အနေဖြင့် နှစ်သက်သဘောကျစေရန် သူဆောင်ရွက်လိမ့်မည် မဟုတ်ပါလား။ ထာဝရအသက်ဆီသို့ပို့ဆောင်သောလမ်းသည် မတ်စောက်**၍** ကြမ်းတမ်းသည်။ ယင်းလမ်း**၌**လျှောက်ရာတွင် သင်၏တိုးတက်မှုကိုအနှောင့် အယှက်ဖြစ်စေမည့် အပိုဝန်ထုပ်များကိုမသယ်ပါနှင့်။

**အကွယ်အကာများဘယ်အခါမျှ ရုပ်သိမ်းသွားခြင်းမရှိသော အိမ်ထောင်** – လူသားတို့၏ချစ်ခြင်းကို စိတ်နှလုံးအနေဖြင့်တမ်းတ မျှော်မှန်းသည်။သို့ရာ တွင် **ဤ**လူသားတို့၏ချစ်ခြင်းသည် ယေ**ရှု**ရှင်မေတ္တာ တော်နေရာကိုအစား ထိုးရန်

ခိုင်လုံသင့်သလောက်ခိုင်လုံခြင်းမရှိ၊ (သို့မဟုတ်) စင်ကြယ်သင့်သလောက်မဖြစ်ပေ။ ဇနီးအနေဖြင့် ဘ၀အသက်တာ၏ စိုးရိမ်မှုများ၊ တာဝန်များနှင့် ဝမ်းနည်းခြင်းများကို ရင်ဆိုင်နိုင်ရန် သူမ၏ ကယ်တင်ရှင်ထံမှာသာ ဉာဏ်ပညာ၊ ခွန်အားနှင့်ကျေးဇူးတော်ကို တွေ့ရှိ ရယူနိုင်သည်။ ကိုယ်တော်အား သူမ၏ခွန်အားဖြင့် လမ်းပြဖြစ်စေသင့် သောအမျိုးသမီးအနေဖြင့် မိမိကိုယ်ကို မည်သည့်မြေကြီးဆိုင်ရာမိတ်ဆွေ အားအပ်နှံခြင်းမပြုမီ ခရစ်တော်အား ဆက်ကပ်ထားပါစေ။ ၎င်းအပြင် **ဤ**အစီအစဉ်နှင့်အတိုက်အခံဖြစ်မည့် အခြားမည်သည့်ရင်းနှီးဆက်ဆံမှုမျှ မရှိသင့်ပေ။ စစ်မှန်သောပျော်ရွှင်မှုကို လိုလားသော သူတို့သည် သူတို့ပိုင် ပစ္စည်းများနှင့် သူတို့လုပ်ကိုင်သမျှသောအလုပ်အကိုင်များပေါ်သို့ ဘုရားသခင် ၏ကောင်းချီးမိုးရေသွန်းလောင်းမှုရှိရမည်။ ဘုရားသခင်၏စကားတော်ကို နားမထောင်သောကြောင့်သာလျှင် စိတ်နှလုံးများနှင့်အိမ်ထောင်များသည် စိတ်ဆင်းရဲခြင်းနှင့်ပြည့်ဝလျက်ရှိကြသည်။ ကျွန်ုပ်၏ညီမတော်၊ အကွယ် အကာများ ဘယ်အခါမျှ**ရုပ်**သိမ်းသွားခြင်းမရှိသော အိမ်ထောင်မျိုးကိုအလိုရှိ လျှင် သင့်အနေဖြင့် ဘုရားသခင်၏ ရန်သူဖြစ်သောသူနှင့် စုံဖက်ထိမ်းမြား ခြင်းမပြုပါနှင့်။

**ခရစ်ယာန်၏ကျိုးကြောင်းဆင်ခြင်ချက်** – ဘာသာအယူဝါဒ ဆိုင်ရာကျင့်ဝတ်တို့၏ခိုင်လုံမှုကို စုံစမ်းခက်ခဲသောအခြေအနေတို့နှင့် ရင်ဆိုင်ရသောအခါ ခရစ်ယာန်တိုင်းသည် ဘာလုပ်သင့်သနည်း။ အတုယူ လောက်သောတည်ကြည်မှုဖြင့် သူကပွင့်ပွင့်လင်းလင်းပြောသင့်သည်မှာ "ကျွန်ုပ်သည် လုည့်ဖြားမှုကို ရှောင်ကြဉ်သောခရစ်ယာန်တစ်ဦးဖြစ်ပါသည်။ ကျမ်းစာကဖော်ပြထားသည့်အတိုင်း ရက်သတ္တပတ်တွင် သတ္တမနေ့ရက်သည် ဥပုသ်နေ့မှန်ဖြစ်သည်ကို ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်း နှင့်ကျင့်ဝတ်များသည် အခြားသောသူတို့နှင့် ယုံကြည်ခြင်း၊ ကျင့်ဝတ်တို့နှင့် တစ်ဖက်တစ်လမ်းစီဖြစ်နေပါသည်။ အတူတွဲနေ**၍** ပျော်ရွှင်မှုကိုရနိုင် မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏အလိုတော်ကို ပြည့်ပြည့်စုံစုံနားလည်ရန် ကျွန်ုပ်၏ခံယူချက်များအတိုင်း **ရှေ့**သို့ဆက်လက် ခရီးသွားလျှင် ကျွန်ုပ်အနေဖြင့် တစ်နေ့တခြားလောကီပုံသဏ္ဌာန်နှင့် ကွာခြားလာ**၍** ခရစ်တော်ပုံသဏ္ဌာန်နှင့်မှုတူညီလာလိမ့်မည်။ သင်သည် ခရစ်တော်**၌** ချစ်ဖွယ်သောပုံသဏ္ဌာန်ကိုဆက်လက်မတွေ့ရှိလျှင် သမ္မာတရား **၌**လည်းမက်အစာ နှစ်သက်ဖွယ်သောအရသာကို ဆက်လက်မတွေ့လျှင် သင့်အနေဖြင့် လောကကိုချစ်သော်လည်း ကျွန်ုပ်အနေဖြင့်လောကကို မနှစ်သက်နိုင်ပေ။ ဘုရားသခင်နှင့်ဆိုင်သော အရာများကို ကျွန်ုပ်အနေဖြင့် နှစ်သက်မြတ်နိုးသော်လည်း သင့်အနေဖြင့် ယင်းတို့ကိုနှစ်သက်မြတ်နိုးခြင်း မရှိနိုင်ပေ။ ဝိညာဉ်ရေးဆိုင်ရာအရာတို့ကို ဝိညာဉ်ရေးဖြင့်သာ သိရှိနားလည် နိုင်လေသည်။ ဝိညာဉ်ရေးဆိုင်ရာနားလည်ခြင်းမရှိလျှင် သင့်အနေဖြင့် ကျွန်ုပ်ထံမှ ဘုရားသခင်တောင်းဆိုချက်များကို တွေ့မြင်နိုင်ခြင်းမရှိ၊ ၎င်းအပြင် ကျွန်ုပ်ကိုးကွယ်သော ဘုရားသခင်အား ကျွန်ုပ်အနေဖြင့် **ပြု**အပ်သော ဝတ္တရားများကိုလည်း သင့်အနေဖြင့်သိရှိခြင်းမရှိနိုင်ပေ။ ထိုကြောင့် ဘာသာရေးဆိုင်ရာတာဝန်များကို

ထမ်းဆောင်ရန်အတွက် ကျွန်ုပ်သည် သင့်ကိုဂ**ရု**မစိုက်လျစ်လျူ**ရှု**သည်ဆိုသော ခံစားချက်မျိုးသင့်မှာရှိလိမ့်မည်။ သင့်အနေဖြင့်ပျော်ရွှင်မှုရှိမည်မဟုတ်ပေ။ ကျွန်ုပ်အနေဖြင့် ဘုရားသခင်ကို ချစ်သည့်အတွက် သင်သည်မနာလိုဝန်တို ဖြစ်လာ**၍** ကျွန်ုပ်အဖို့မှာလည်း ကျွန်ုပ်၏ယုံကြည်ချက်ကိုလိုက်နာရာတွင် ကျွန်ုပ်တစ်ယောက်တည်းဖြစ်နေ**၍** အဖော်ဟူ**၍**မရှိပေ။ သင်၏သဘောထား များပြောင်းလဲလာသောအခါ သင်၏ စိတ်နှလုံးသည်လည်း ဘုရားသခင် ၏တောင်းဆိုချက်များကိုတုံ့ပြန်သောအခါ သင့်အနေဖြင့် ကျွန်ုပ်၏ကယ်တင် ရှင်ကိုချစ်ခင်မြတ်နိုးလာသောအခါ ကျွန်ုပ် တို့နှစ်ဦး၏ပေါင်းသင်းဆက်ဆံရေးကို အသစ်ပြန်လည်**ပြု**ပြင်နိုင်ပေသည်။

**ဘေးကင်းသောထိမ်းမြားမင်္ဂလာ** – ခရစ်တော်**၌**သာလျှင် ထိမ်းမြား မင်္ဂလာကို ဘေးကင်းစွာဆောင်ရွက်နိုင်သည်။ လူသားတို့ချစ်ခြင်း မေတ္တာ၏ အရင်းနှီးဆုံးအနှောင်အဖွဲ့ကို ဘုရားသခင်၏မေတ္တာတော်မှ ရယူသင့်ပေသည်။ ခရစ်တော်၏စိုးမိုးမှုရှိမှသာလျှင် နက်**ရှိုင်း**၊ စစ်မှန်အတ္တ စိတ်ကင်းသောမေတ္တာ မျိုးရှိနိုင်သည်။

**ထိမ်းမြားပြီးနောက်တစ်ဦးသောအိမ်ထောင်ဖက်က ပြောင်းလဲလာသောအခါ** – ပြောင်းလဲမှုမရှိသေးဘဲ ထိမ်းမြားမင်္ဂလာ**ပြု**ပြီးသောသူသည် သူ၏ပြောင်းလဲလာသည်နောက်ပိုင်းတွင် သူတို့နှစ်ဦး၏ဘာသာရေး ဆိုင်ရာယုံကြည်မှုသည် ဘယ်မျှလောက်ကျယ်ဝန်းစွာကွာဟမှုရှိသော်လည်း သူ့အိမ်ထောင်ဖက်အပေါ်တွင်သစ္စာရှိရန် ရှေးကထက်ကြီးလေးသောတာဝန် ရှိလာသည်။ စုံစမ်းခြင်းနှင့်နှိပ်စက်ညှဉ်းပန်းခြင်းများကို ရင်ဆိုင်ရလင့်ကစား ဘုရားသခင်၏တောင်းဆိုချက်များကို လောကီဆိုင်ရာဆက်သွယ်မှုရှိသမျှ တို့ထက် ဦးစားပေးရမည်။ ချစ်ခြင်းနှင့်နူးညံ့သိမ်မွေ့ခြင်းတို့အရင်းခံ သောသဘောထားကို ပြသကျင့်သုံးခြင်းအားဖြင့် မယုံကြည်သေးသော အိမ်ထောင်ဖက်ကို ကိုယ့်ဘက်ပါနိုင်သောအလားအလာမှာ အလွန်ကောင်းမွန် လေသည်။

———○———

# အခန်း ၁၀
# အကြံဉာဏ်လိုအပ်ချိန်ဝယ်

**သမ္မာကျမ်းမှအကြံဉာဏ်ကိုရယူပါ** – ဘုရားသခင်ကိုယ်တော်တိုင် ဖွဲ့စည်း၍ တည်ထောင်ထားတော်မူသောကြောင့် ထိမ်းမြားမင်္ဂလာသည် သန့်ရှင်းသောစည်းကမ်းနည်းလမ်းဖြစ်၍ ယင်းထိမ်းမြားမင်္ဂလာကိုပြုကြ သောအခါ တစ်ကိုယ်ကောင်းစိတ်မျိုးဖြင့် မပြုသင့်ကြပေ။ ထိမ်းမြားမင်္ဂလာ ပြုရန်ကြံရွယ်ထားကြသောသူတို့သည် ယင်းကိစ္စ၏အရေးကြီးပုံကို ဣန္ဒြေ ရှိစွာဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းဖြင့်လည်းကောင်း စဉ်းစား၍ သူတို့ ကျင့်သုံးနေသောလမ်းစဉ်သည် ဘုရားသခင်၏အလိုတော်နှင့်ညီညွတ် သည်ကို သိရှိရန် ကိုယ်တော်ရှင်အထံတော်မှ အကြံဉာဏ်ကိုရယူဖို့သင့်ပေသည်။ ဤအချက်နှင့်ပတ်သက်၍ ဘုရားသခင်၏နှုတ်ကပတ်တော်ထဲ၌ ပေးထား သောညွှန်ကြားချက်ကို သေချာစွာစဉ်းစားဆင်ခြင်သင့်ပေသည်။ ကျမ်းစာ ထဲ၌ဖော်ပြပါရှိသောညွှန်ကြားချက်များနှင့် ညီညွတ်စေလိုသောထက်သန်သည့် ဆန္ဒဖြင့် ကျင်းပသောထိမ်းမြားမင်္ဂလာမျိုးကို ဘုရားသခင်သည် နှစ်သက် တော်မူသည်။

ငြိမ်သက်စွာအမှားအမှန်ကိုပိုင်းခြားဝေဖန်၍လည်းကောင်း၊ စိတ် အေးအေးဖြင့်စဉ်းစားဆုံးဖြတ်ခြင်းဖြင့်လည်းကောင်း ဆင်ဆင်ခြင်ခြင်ပြုလုပ် ရမည့်အကြောင်းအရာသည် ထိမ်းမြားမင်္ဂလာကိစ္စဖြစ်သည်။ သမ္မာကျမ်းစာ ကိုအကြံပေးအနေဖြင့် အသုံးပြုရမည့်အချိန်သည် လိင်ချင်းမတူသောလူသား နှစ်ဦးအား ရာသက်ပန်ချည်နှောင်ပေးမည့်ကိစ္စမဆောင်ရွက်မီအချိန်ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ခေတ်စားနေသောသဘောတရားမှာ သက်ဆိုင်သော ကာယကံရှင်နှစ်ဦး၏စိတ်အတွင်းခံစားချက်များသာလျှင် လမ်းညွှန်ဖြစ်သည်။

ထို့ကြောင့် အများအားဖြင့် ချစ်ရေးကိုသာဦးစားပေး၍ ယင်းကိုဦးစားကြိုးကိုင်စေသောကြောင့် များစွာသောအိမ်ထောင်များမပျက်စီးသင့်ဘဲ ပျက်စီးပြိုလဲ ရသည်။ ဤနေရာ၌လူငယ်လူရွယ်တို့သည် အခြားအကြောင်းအရာများထက် ဤထိမ်းမြားမင်္ဂလာကိစ္စနှင့်ပတ်သက်လာလျှင် သူတို့အနေဖြင့် အမှားအမှန်ပိုင်းခြားဝေဖန်မှုကို ငြင်းပယ်ကြသည်။ ထိမ်းမြားရေးပြဿနာက သူတို့အား ပြုစားထားသကဲ့သို့ဖြစ်နေသည်။ သူတို့ကိုယ်ကိုဘုရားသခင်အားအပ်နှံထားခြင်းမရှိကြသော သူတို့၏အာရုံငါးပါးတို့သည် ချုပ်နှောင်ထားခြင်းခံရ၍ သူတို့၏အစီအစဉ်များကို အခြားသောသူတို့ဝင်ရောက်နှောင့်ယှက်မည်ကို စိုးရိမ်သည့်အလား၊ ပုန်းလျှိုးကွယ်လျှိုးရှေ့သို့တိုးသွားလျက်ရှိကြသည်။

မြောက်မြားစွာသောသူတို့သည် အန္တရာယ်များသောဆိပ်ကမ်းအတွင်း ရွက်တိုက်သွားလျက်ရှိသည်။ သူတို့သည် ရေကြောင်းပြတစ်ဦးလိုအပ်လျက်ရှိသည်။ သို့ရာတွင် သူတို့အနေဖြင့် အလွန်ပင်လိုအပ်နေသောအကူအညီကိုလက်ခံရန် မထီလေးစားလုပ်နေကြသည့်အကြောင်းမှာ သူတို့၏ယုံကြည်ခြင်းနှင့်ပျော်ရွှင်ခြင်းကို ပျက်စီးဆုံးပါးစေမည့် ဖုံးကွယ်နေသောကျောက်ဆောင် ကို သူတို့၏ရွက်သင်္ဘောငယ်ကလေးသည် ဝင်တိုက်လုနီးပါးဖြစ်သည်ကို မသိဘဲ သူတို့ပိုင်ရွက်သင်္ဘောငယ်ကို သူတို့ကိုယ်တိုင်လမ်းပြပို့ဆောင်ပေးနိုင်စွမ်းရှိသည်ဟု ယူဆနေကြသည်။ နှုတ်ကပတ်တော်တည်းဟူသော သမ္မာကျမ်းစာ ကို စေ့စေ့ရှာဖွေဖတ်ရှုသောသူများမဟုတ်လျှင် သူတို့၏ယခုဘဝနှင့် တမလွန်ဘဝအတွက်ပါ သူတို့ကိုယ်တိုင်ဝမ်းမြောက်ခြင်းနှင့် အခြားသူတို့၏ဝမ်းမြောက်ခြင်းကိုပါ ဖျက်ဆီးမည့်မဟာအမှားတော်ကြီးများကို ကျူးလွန်မိကြမည် ဖြစ်သည်။

**မှန်ကန်သောဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ဆုတောင်းဖို့လိုအပ် ခြင်း** – အမျိုးသားအမျိုးသမီးတို့သည် ထိမ်းမြားမင်္ဂလာပြုရန်မကြံရွယ်မီ၊ တစ်နေ့လျှင်နှစ်ကြိမ်ကျဆုတောင်းပတ္ထနာပြုသောအလေ့အထရှိလျှင် ထိမ်းမြားမင်္ဂလာပြုရန်ကြံရွယ်သောအခါ တစ်နေ့လျှင်လေးကြိမ်ကျဆုတောင်း ပတ္ထနာပြုသင့်ကြပေသည်။ ထိမ်းမြားမင်္ဂလာဆိုသည်မှာ သင်တို့၏ယခုဘဝနှင့် တမလွန်ဘဝအပေါ်သြဇာသက်ရောက်၍ ထိခိုက်မည့်ကိစ္စဖြစ်သည်။

ကျွန်ုပ်တို့ခေတ်၏ထိမ်းမြားမင်္ဂလာအများနှင့် ယင်းတို့ကိုကျင်းပပုံကျင်းပနည်းတို့က ယင်းတို့အားနောက်ဆုံးကာလ၏နိမိတ်လက္ခဏာတစ်ရပ်

ဖြစ်စေလေသည်။ အမျိုးသားအမျိုးသမီးတို့သည် သူတို့စိတ်ကြိုက်လုပ်ကိုင်ရန် အလွန်ပင်ခေါင်းမာကြသောကြောင့် သူတို့၏အစီအစဉ်များတွင် ဘုရားသခင်ကိုနေရာမပေးဘဲချန်လုပ်ထားကြသည်။ ဘာသာရေးသည် ဤအရေးပါအရာရောက်လှသော ထိမ်းမြားမင်္ဂလာကိစ္စနှင့်မဆိုင်သည့်အလား ယင်းကိုဘေးဖယ်ထားကြသည်။

**စွဲလမ်းမှုသည်အကြံဉာဏ်ကိုနားမထောင်သောအခါ** – လူနှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦးအသိကျွမ်းဖြစ်လာကြသည်။ သူတို့သည် တစ်ဦးကိုတစ်ဦး တပ်မက်စွဲလမ်းလာကြသည်။ ထိုကြောင့် တစ်ဦးကိုတစ်ဦး လောကဝတ်ပျူငှာခြင်းအားဖြင့် အချိန်ကုန်လွန်စေသည်။ ဆင်ခြင်နိုင်သော သတ္တိသည်ပျက်ပြယ်သွား၍ သူတို့၏အမှားအမှန်ဝေခွဲပိုင်းခြားနိုင်သော သတ္တိသည်လည်း ပြိုကွဲသွားလေသည်။ မည်သည့်အကြံဉာဏ် (သို့မဟုတ်) ထိန်းချုပ်ပေးမှုကိုမျှ လက်မခံဘဲ ဘယ်ကဲ့သို့သောအကျိုးသက်ရောက်မှု ရှိလင့်ကစား သူတို့စိတ်ကြိုက်ကိုသာ အတင်းအကျပ်ပြုလုပ်ကြသည်။ ယင်း၏သွားရာလမ်းကို အဆုံးတိုင်အောင်သွားသောရောဂါတစ်ခုခု (သို့မဟုတ်) ကူးစက်သောရောဂါကဲ့သို့ သူတို့ကိုအုပ်စီးထားသောစွဲလမ်းမှုသည် ယင်း၏ လုပ်ငန်းကို အပြီးတိုင်အောင်ဆောင်ရွက်လိမ့်မည်ဖြစ်သည်။ ရပ်ဆိုင်းလိုက် သည်ဟူ၍ မရှိပေ။

တစ်ဦးနှင့်တစ်ဦးချစ်ခင်စုံမက်နေကြသော ကာယကံရှင်နှစ်ဦးတို့သည် အိမ်ထောင်ပြုကြသည်ရှိသော် ရာသက်ပန်ပျော်ရွှင်မှုကို ရရှိဖို့သာရှိသည်ဟု ယူဆကြသောပုဂ္ဂိုလ်များ သူတို့၏ပတ်ဝန်းကျင်၌ရှိကောင်းရှိကြလိမ့်မည်။ သို့ရာတွင် တောင်းပန်ခြင်းများနှင့်တိုက်တွန်းခြင်းများတို့သည် ခရီးမရောက် ပေ။ ထိုကဲ့သို့ထိမ်းမြားမင်္ဂလာပြုခြင်းကြောင့် ဘုရားသခင်၏အမှုတော်၌ ကိုယ်တော်ရှင်၏ကောင်းချီးမင်္ဂလာကိုခံစားရမည့် သူ၏အသုံးဝင်မှုသည် ပျက်စီးသွားလိမ့်မည်။ သို့ရာတွင် အကျိုးအကြောင်းတင်ပြချက်နှင့် ဖျောင်းဖျပြောဆိုခြင်းတို့ကိုလည်း နားမထောင်ဘဲနေသည်။ အတွေ့အကြုံများသော အမျိုးသားအမျိုးသမီးတို့၏နည်းပေးလမ်းပြပြောဆိုမှုတို့သည်လည်း အကျိုးသက်ရောက်ခြင်းမရှိပေ။ သူတို့၏အလိုဆန္ဒများကို ပို့ဆောင်ပေးသော ဆုံးဖြတ်ချက်ကို ဘာသာတစ်ခုကမျှပြောင်းလဲနိုင်စွမ်းမရှိပေ။ သူတို့သည် ဆုတောင်းစည်းဝေးတွင်လည်းကောင်း၊

ဘာသာရေးဆိုင်ရာကိစ္စအဝဝတို့တွင် လည်းကောင်း စိတ်ဝင်စားခြင်းမရှိတော့ပေ။ သူတို့နှစ်ဦးမှာ တစ်ဦးကိုတစ်ဦးက တပ်မက်ခြင်းဖြင့်သာ အချိန်ကိုကုန်လွန်စေကြသည်။ ဘဝအသက်တာဆိုင်ရာ တာဝန်များသည် မမျှလောက်သောကိစ္စအ လားလျစ်လျူရှုထားကြသည်။

**လူငယ်လူရွယ်တို့သည် သက်ကြီးဝါကြီးသူတို့၏အသိပညာကို လိုအပ်ကြသည်** – ထိမ်းမြားမင်္ဂလာမှစိတ်ဆင်းရဲမှုအမျိုးမျိုးဖြစ်ပေါ်တတ်မှုကြောင့် လူငယ်လူရွယ်တို့သည် အဘယ်ကြောင့်အသိပညာရှိအောင် မကြိုးပမ်းကြသနည်း။ သက်ကြီးဝါကြီးသူတို့ထံမှ အကြံဉာဏ်ကိုရယူရန်မလိုဟုဘာကြောင့်သူတို့ယူဆကြသနည်း။ ကူးသန်းရောင်းဝယ်ရေးကိစ္စတွင် လူတို့သည်များစွာ သတိထားကြသည်။ အရေးပါအရာရောက်သော လုပ်ငန်းတစ်ခုခုကိုမလုပ်ကိုင်မီ သူတို့သည် သူတို့လုပ်ငန်းအတွက် လိုအပ်သောပြင်ဆင်မှုကိုပြုလုပ်ကြသည်။ သူတို့လုပ်ငန်းအောင်မြင်မှုရရှိစေရန် များစွာသောအချိန်ကြေးငွေတို့ကိုအသုံးပြု၍ သေချာစွာလေ့လာမှုကိုပြုလုပ်ကြသည်။

နောင်လာနောက်သားတို့နှင့်တမလွန်ဘဝကိုပါထိခိုက်မှုရှိသော ထိမ်းမြားမင်္ဂလာကိစ္စကို ဘယ်မျှလောက်ပိုမိုသောသတိဝီရိယဖြင့် ဆောင်ရွက်သင့်ပါသနည်း။ ယင်းကဲ့သို့ဖြစ်မည့်အစား ထိမ်းမြားမင်္ဂလာကိစ္စကိုပြက်ချော်စွာဖြင့်လည်းကောင်း၊ ပေါ့ဆစွာဖြင့်လည်းကောင်း၊ စိတ်ဇောတိုက်တွန်းမှုအားဖြင့်လည်းကောင်း၊ တပ်မက်သောစိတ်ဖြင့်လည်းကောင်း၊ ပညာမျက်စိအမြင်မရှိဘဲလျက်လည်းကောင်း၊ စိတ်အေးလက်အေးဆင်ဆင်ခြင်ခြင်မရှိဘဲလျက်လည်းကောင်း ဆောင်ရွက်ကြသည်။ ဤအခြေအနေအတွက်တစ်ခုတည်းသောဖြေရှင်းချက်မှာ စာတန်သည် လောကဆင်းရဲဒုက္ခနှင့်ပျက်စီးခြင်းများကျရောက်ဖြစ်ပျက်နေသည်ကိုတွေ့လို၍ ဝိညာဉ်များကိုလှောင်အိမ်၌ချုပ်ထားရန် ယင်းထိမ်းမြားမင်္ဂလာတည်းဟူသော ပိုက်ကွန်ကိုအသုံးပြုလေသည်။ စဉ်းစားဆင်ခြင်တိုင်းထွာမှုမရှိသောသူတို့သည် ဤလောကနှင့်တမလွန်ဘဝတို့မှ သူတို့အိမ်ထောင်များတွင် ပျော်ရွှင်မှုနှင့်စိတ်ချမ်းသာမှုများဆုံးပါးရ သည်ကို စာတန်သည်သဘောကျလျက်ရှိသည်။

**မိဘနှစ်ပါးတို့၏ဝါရင့်သောဆုံးဖြတ်ချက်ကို တန်ဖိုးထား သင့်သည်** – သားသမီးတို့သည် သူတို့မိဘများ၏အကြံဉာဏ်နှင့် ဆုံးဖြတ်ချက်ကိုဂ**ရု**မစိုက်ဘဲ သူတို့၏ဆန္ဒနှင့်ယိမ်းယိုင်မှုများနှင့်သာ **ညှိ**နှိုင်းလုပ်ကိုင်ရမည်လား။ အချို့သော သားသမီးတို့သည် သူတို့မိဘတို့၏ ဆန္ဒ (သို့မဟုတ်) စိတ်**ကြို**က်ကို သူတို့၏ စိတ်ထဲသို့မထည့်။ မိဘတို့၏ ဝါရင့်သောဆုံးဖြတ်ချက်ကိုလည်း ဂ**ရု**မစိုက်ကြ ပေ။ တစ်ကိုယ်ကောင်းစိတ် (သို့မဟုတ်) အတ္တစိတ်သည် သားသမီးများဆိုင်ရာ မေတ္တာတရားကို မဖော်ထုတ်နိုင်ရန် သူတို့၏စိတ်နှလုံးတံခါးများကို ပိတ်ထား လိုက်သည်။ ပဥ္စမပညတ်တစ်ခုတည်းသာလျှင် ကတိတော်တစ်ခုပူးတွဲပါလာ သည်။ သို့ရာတွင် ယင်းပညတ်တော်အပေါ် ပေါ့ပေါ့ဆဆသဘောထား**၍** ချစ်သူ ၏တောင်းဆိုချက်ကိုလိုက်လျောရင်း ပညတ်တော်ကိုလုံးဝလျစ်လျူ**ရှု**ထား လိုက်ကြသည်။ မိခင်၏မေတ္တာကိုမထီလေးစား**ပြု၍** ဖခင်၏ကြည့်**ရှုပြု**စုခြင်းကို ငြင်းပယ်ခြင်းတို့သည် လူငယ်လူရွယ်တို့ကျူးလွန်နေကြသော အပြစ်ဒုစ**ရိုက်** ဖြစ်သည်။

**ဤ**ထိမ်းမြားမင်္ဂလာကိစ္စနှင့်ပတ်သက်**၍** မဟာအမှားတော်ကြီးတစ်ခု သည်ကား အသက်နုပျို**၍** အတွေ့အ**ကြုံ**နည်းသောလူငယ်လူရွယ်တို့သည် သူတို့၏ချစ်ရေး**ကြို**က်ရေးကိစ္စတွင် အနှောင့်အယှက်မရှိစေလိုကြ။ အဘယ် သူတစ်ဦးတစ်ယောက်မျှဝင်ရောက်**ရှု**ပ်ထွေးခြင်းမ**ပြု**စေလိုကြပါ။ အကယ်**၍** **ရှု**ထောင့်အမျိုးမျိုးမှကြည့်**ရှု**သင့်သောအကြောင်းအရာရှိလျှင် ယင်းအကြောင်း သည် ထိမ်းမြားမင်္ဂလာကိစ္စပင်ဖြစ်သည်။ သူတစ်ပါးတို့အတွေ့အ**ကြုံ**၏ အကူအညီနှင့် နှစ်ဦးနှစ်ဘက်သောသူတို့အနေဖြင့် ယင်းကိစ္စကို စိတ်အေးအေး ဖြင့်လည်းကောင်း၊ သေချာဂနစွာဖြင့်လည်းကောင်း ချင့်ချိန်ခြင်းတို့သည် အမှန်တကယ်လိုအပ်သောကိစ္စများဖြစ်သည်။ မြောက်မြားစွာသောသူတို့က ယင်းကိစ္စကိုပေါ့ပေါ့ဆဆကိုင်တွယ်ကြသည်။ ဘုရားသခင်နှင့်ဘုရားသခင်ကို ကြောက်**ရွံ့ရို**သေသောမိဘတို့ကို တိုင်ပင်ကြပါ။ လူငယ်လူရွယ်အပေါင်းတို့၊ ယင်းကိစ္စနှင့်ပတ်သက်**၍** ဘုရားသခင်ထံဆုတောင်းကြပါ။

**ဘုရားတရားရှိသောမိဘများကိုယုံမှတ်လွှဲအပ်ပါ** – သင်တို့၏ မိဘတို့သည် ဘုရားတရားရှိသောပုဂ္ဂိုလ်များဖြစ်လျှင် သူတို့ထံမှအကြံဉာဏ်ကို တောင်းယူပါ။ သင်တို့၏မျှော်မှန်းချက်များနှင့်အကြံအစည်များကို သူတို့ အားရင်ဖွင့်ပါ။ သူတို့၏ဘဝအတွေ့အ**ကြုံ**များမှ သင်ခန်းစာများကိုရယူပါ။

သားသမီးတို့သည် သူတို့၏မိဘများနှင့်ပိုမိုရင်းနှီးလျှင် သူတို့၏ ဝမ်းမြောက်ခြင်းများနှင့်ဝမ်းနည်းခြင်းများကို ယုံယုံကြည်ကြည်ဖြင့်ပြောပြလျှင် သူတို့၏အနာဂတ်ရေးတွင် ဦးနှောက်ခြောက်စရာများစွာတို့ကို ရှောင်ရှား

နိုင်ပေလိမ့်မည်။ မည်သည့်လမ်းစဉ်မှန်ကန်ကြောင်းနှင့်ပတ်သက်၍ ခေါင်းရှုပ်နေလျှင် ယင်းကိစ္စကိုအရှိတိုင်း သူတို့မိဘများထံတွင်တင်ပြ၍ အကြံဉာဏ်

ကိုတောင်းယူပါ။ သားသမီးတို့ရင်ဆိုင်ရမည့်အန္တရာယ်များကို**ညွှ**န်ပြရန် ဘုရားတရားရှိသောမိဘတို့ထက် တော်သင့်သေးသောသူရှိပါသေးသလား။ သားသမီးတို့၏ထူးခြားသော စိတ်နေသဘောထားကို မိဘတို့လောက်နားမလည်သောသူရှိသေးသလား။ ခရစ်ယာန်ဖြစ်သောသားသမီးတို့သည် လောကဆိုင်ရာကောင်းချီးမင်္ဂလာတိုင်းထက် သူတို့၏ဘုရားသခင်ကိုကြောက်ရွံ့**ရို**သေသော မိဘတို့၏မေတ္တာနှင့်သဘောတူညီချက်တို့ကို **ရို**သေလေးစားကြမည်။ မိဘများအနေဖြင့် သားသမီးတို့အားကိုယ်ချင်းစာနာပြီး ဘုရားသခင်သည် သူတို့အားကာကွယ်စောင့်ထိန်းလမ်းပြပို့ဆောင်ရန် သူတို့အတွက်သူတို့နှင့် အတူဆုတောင်းပတ္ထနာ**ပြု**နိုင်ကြသည်။ အခြားအရာအားလုံးတို့ထက် သူတို့အားဘယ်အခါမျှမမေ့လျော့သော မိတ်ဆွေကြီးနှင့်အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်တော်မူသောယေ**ရှု**ရှင်ကို **ညွှ**န်ပြနိုင်သည်။

**လူငယ်လူရွယ်တို့၏စုံမက်ခြင်းတို့ကို မိဘတို့ကလမ်းညွှန်ပေးရန်** – လူငယ်လူရွယ်တို့သည် သူတို့နှင့်သင့်လျော်သောသူတို့ကိုသာ **ရွေး**ချယ်မေတ္တာမျှစေရန် မိဘတို့အနေဖြင့် သူတို့၏စုံဖက်ခြင်းတို့ကိုလမ်း**ညွှ**န်ပေးရန်တာဝန်ရှိကြောင်းသိရှိကြရမည်။ သားသမီးတို့သည် ငယ်စဉ်တောင်ကျေးကလေးဘဝမှစတင်**၍** စင်ကြယ်မြင့်မြတ်လျက်ကောင်းသောအရာနှင့် မှန်ကန်သောအရာတို့ကိုအာ**ရုံပြု**စေရန် မိဘတို့သည် မိမိတို့ကိုယ်တိုင်၏ဆုံးမသြဝါဒဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း၊ ဘုရားသခင်၏ကျေးဇူးတော်အကူအညီအားဖြင့်လည်းကောင်း သူတို့၏အကျင့်စာရိတ္တများကို**ပြု**ပြင်ပေးရန် တာဝန်ရှိကြောင်းကိုသိရှိကြရမည်ဟူသောအရာသည် တူသောအရာကိုဆွဲဆောင်သည်။ တူသောအရာသည် တူသောအရာကိုနှစ်သက်သည်။ သမ္မာတရား၊ ဖြူစင်ခြင်းနှင့်ကောင်းမြတ်ခြင်း စသောပါရမီများကို နှစ်သက်သောစိတ်သဘောမျိုးကို စောစောကတည်းက သွတ်သွင်းထားပေးပါလေ။ ထိုသို့**ပြု**လျှင် လူငယ်လူရွယ်တို့သည် ယင်းအကျင့်သီလရှိသောသူတို့၏အသိုက်အဝန်းတွင် ကျင်လည်ရန်**ကြိုး**ပမ်းလိမ့်မည်။

**ဣဇာက်၏စံနမူနာ** – မိဘတို့၊ သားသမီးများ၏အနာဂတ် ပျော်ရွှင်မှုအတွက် စီမံဖန်တီးပေးရမည့်တာဝန်ကို မိဘတို့အနေဖြင့် ဘယ်အခါ မျှမျက်ခြည်မပြတ်သင့်ပေ။ ဖခင်ကြီး၏ဆုံးဖြတ်ချက်ကို သား**ဣ**ဇာက်က **ရို**သေလေးစားခြင်းသည် နားထောင်တတ်သောဘဝအသက်တာမျိုးကို မြတ်နိုးစေသည့်သင်ကြားပို့ချမှု၏ရလဒ်ဖြစ်သည်။

ကမ္ဘာကြီးအားကောင်းချီးမင်္ဂလာများခံစားစေမည့် ကတိတော်များကိုအမွေခံနိုင်သူအဖြစ်ခန့်ထားခြင်းကို ခံစားရသောအခါ **ဣ**ဇာက်သည်

ဘုရားသခင်၏ထူးခြားသောဂုဏ်ပြုခြင်းကိုခံရလေသည်။ သို့စေကာမူ၊ သူသည် အသက်လေးဆယ်သို့ရောက်ရှိသောအခါ သူ့ဖခင်ကြီးကသူ့အတွက်ဇနီးလောင်း

ရွေးချယ်ပေးရန် ဝါရင့်ပြီးဘုရားသခင်ကိုကြောက်ရွံ့**ရို**သေသည့် လူယုံတော်ကြီးဖြစ်သောအစေခံကြီးကို ခန့်ထားသောအခါ သူ့ဖခင်၏ဆုံးဖြတ်ချက်ကို သူလက်ခံလေသည်။ ယင်းအစီအစဉ်အရ ထိမ်းမြားမင်္ဂလာဆောင်ကြဉ်းမှု ကြောင့် ကျမ်းစာထဲ**၌**ဖော်ပြပါရှိသည်အတိုင်း ချမ်းမြေ့သာယာသောဂေဟာ တစ်ခုကို တည်ထောင်နိုင်လေသည်။ "**ဣ**ဇာက်သည် မိမိအမိစာရာ၏တဲသို့ ရေဗက္ကာကိုဆောင်ယူ**၍**စုံဖက်လေ၏။ ရေဗက္ကာကိုချစ်နှစ်**မြို့**သဖြင့် အမိသေသောအမှု**၌** သက်သာခြင်းသို့ရောက်လေ၏။"

**ဉာဏ်အမြော်အမြင်ရှိသောမိဘတို့သည် ချင့်ချိန်ဆင်ခြင်တတ် မည်**

– "သားသမီးတို့၏သဘောထားကိုဂ**ရု**မစိုက်ဘဲ မိဘများအနေဖြင့် သူတို့စိတ်**ကြို**က်အိမ်ထောင်ဖက်ကို ရွေးချယ်သင့်သလား" ဟု သင်တို့က မေးမြန်းကြသည်။ ကျွန်ုပ်အနေဖြင့်သင်တို့အား မေးသင့်မေးထိုက်သော မေးခွန်းတစ်ခုကိုမေးပါမည်။ မိဘများအနေဖြင့် သူတို့၏သားသမီးများကို ချစ်လျှင် သူတို့၏ပျော်ရွှင်မှုကိုအဓိကအားဖြင့်ထိခိုက်သော ယင်းကိ**စ္စ**တွင် သူတို့နှင့်ရှေးဦးစွာ**ညှိ**နှိုင်းခြင်းမရှိဘဲနှင့် သားသမီးတို့က သူတို့စိတ်**ကြို**က်အိမ်ထောင်ဖက်ကိုရွေးချယ်သင့်သလား။ မိဘတို့၏အကြံဉာဏ်နှင့်တောင်းပန်ချက်များကိုဂ**ရု**မစိုက်ဘဲ သားသမီးတို့၏စိတ်**ကြို**က်အိမ်ထောင်ဖက်ကိုသာ အဓမ္မရွေးချယ်သင့်သလား။ ထိုကဲ့သို့လုံးဝမ**ပြု**လုပ်ရဟု ကျွန်ုပ်အနေဖြင့် ပြောပြပါရစေ။ ယင်းကဲ့သို့ဇွတ်တရွတ်**ပြု**လုပ်ခြင်းမျိုးကို ပ**ဉ္စ**မပညတ်တော်ကတားမြစ်ထားသည်။ "သင်၏ထာဝရဘုရားသခင်ပေးသနားတော်မူသော ပြည်**၌** သင်၏အသက်တာရှည်မည်အကြောင်း သင်၏မိဘကို**ရို**သေစွာ**ပြု** လော့။" **ဤ**ပညတ်ချက်တွင် ကတိတော်တစ်ခုပါရှိ**၍** ယင်းပညတ်ကို လိုက်နာကျင့်သုံးသောသူတို့အား ယင်းကတိတော်အတိုင်း မုချဆောင်ရွက်ပေးတော်မူလိမ့်မည်။ ဉာဏ်ပညာအမြော်အမြင်ရှိသောမိဘတို့သည် သားသမီးတို့၏လိုအင်ဆန္ဒကိုမထောက်ထားဘဲ သူတို့အတွက်အိမ်ထောင်ဖက် ကို ဘယ်အခါမျှရွေးချယ်လိမ့်မည်မဟုတ်ပေ။

–––o–––

# အပိုင်း (၄)

# အောင်မြင်မှု (သို့မဟုတ်) ရှုံးမှုကိုဖန်တီးပေးသော အကြောင်းအရာများ

# အခန်း ၁၁
# အဆောတလျင်အချိန်စောသောထိမ်းမြားခြင်းများ

**ကလေးဘဝတွင်နှစ်သက်မြတ်နိုးခြင်း၏အန္တရာယ်များ** – အရွယ်မရောက်သေးသောလူငယ်များ ထိမ်းမြားခြင်းကိုအားမပေးရ။ ထိမ်းမြားမင်္ဂလာကဲ့သို့ အရေးပါအရာရောက်၍ ကြီးမားသောအကျိုးသက်ရောက်မှုရှိသည့်ကိစ္စမျိုးကို သင့်လျော်သောပြင်ဆင်မှုမရှိဘဲ၊ ၎င်းအပြင် လူငယ်တို့၏ ဉာဏဗလနှင့်ကာယဗလများ ကောင်းမွန်စွာထွားကြိုင်းမှုမရှိမီ ရေးကြီးသုတ်ပျာမဆောင်ရွက်သင့်ပေ။

ယောကျာ်းကလေးများနှင့်မိန်းကလေးများတို့သည် နှစ်နှစ်ကာကာမဖြစ်သေးသောချစ်ခြင်း၊ ရင့်ကျက်မှုမရှိသေးသောဆုံးဖြတ်ချက်၊ မြင့်မြတ်ခြင်းမရှိသေးသောစိတ်သဘောထားမျိုးတို့ဖြင့် ထိမ်းမြားမင်္ဂလာဆိုင်ရာကတိသစ္စာဆိုကြသည်မှာ သူတို့၏ကလေးသဘာဝတပ်မက်ခြင်းတို့၏တိုက်တွန်းမှုကြောင့်သာလျှင်ဖြစ်သည်။

ကလေးဘဝတွင် တစ်ဦးနှင့်တစ်ဦးနှစ်သက်မြတ်နိုးခြင်းသည် စိတ်ဒုက္ခရောက်သောအိမ်ထောင် (သို့မဟုတ်) အရှက်တကွဲအကျိုးနည်းဖြစ်ရသောလင်မယားပြတ်စဲမှုသို့ တွန်းပို့တတ်သည်။ မိဘများသဘောမတူဘဲ ငယ်ငယ်ရွယ်ရွယ်ဖြင့်အိမ်ထောင်ပြုခြင်းသည် ပျော်ရွှင်သာယာသောသီရိဂေဟာဖြစ်ခဲ သည်။ ငယ်ရွယ်ချိန်တွင် တစ်ဦးနှင့်တစ်ဦးနှစ်သက်မြတ်နိုးမှုကို အချိန်ရောက်သည်တိုင်အောင် ငံ့လင့်ထားသင့်ပါသည်။ သို့မှသာလျှင် အရွယ်ရောက်ရှိခြင်းနှင့်အတွေ့အကြုံကြွယ်ဝလာခြင်းတို့က ထိမ်းမြားမင်္ဂလာကို မင်္ဂလာအပေါင်းနှင့်ပြည့်ဝစေလိမ့်မည်။ ယင်းကဲ့သို့ငံ့လင့်ထားခြင်းကို ငြင်းဆန်သောလူငယ်လူရွယ်တို့သည် သက်ဆိုးရှည်သောအိမ်ထောင်မျိုးကို တည်ထောင်မိကြမည့်အန္တရာယ်ရှိနေသည်။

အသက်တစ်ဆယ့်သုံးနှစ်နှင့် တစ်ဆယ့်ကိုးနှစ်ကြားအရွယ် လူငယ်

တစ်ဦးသည် သူနှင့်အသက်အရွယ်မတိမ်းမယိမ်းဖြစ်သောသူများ ရာသက်ပန် ပေါင်းသင်းနေထိုင်ရမည့် အိမ်ထောင်ဖက်ဖြစ်သင့်မဖြစ်သင့်ဆုံးဖြတ်ရန် အတွေ့အကြုံနည်းလွန်းလှသည်။ ဆုံးဖြတ်ချက်ရင့်ကျက်မှုရှိလာကြသောအခါ ကာယကံရှင်နှစ်ဦးတို့က တစ်ဦးကို တစ်ဦး ပျော်ရွှင်သောဘဝ၌ရပ်တည်နိုင် သောအခြေအနေကို မဖန်တီးပေးနိုင်ကြသည်တိုင်အောင် တစ်ဦးပေါ်တစ်ဦး သစ္စာထား၍ ရိုးမြေကျပေါင်းသင်းရမည်ဆိုသော အသိဉာဏ်ကိုရရှိထားကြ သည်။ ထိုနောက် သူတို့၏အိမ်ထောင်ဖက်ကို အကောင်းဆုံးအခြေအ နေသို့ရောက်ရှိအောင် ကြိုးပမ်းမည့်အစား အပြန်အလှန်ပြစ်တင်စွပ်စွဲမှုများပြုကြသည်။ သဘောထားချင်းကွာဟမှုမှာ ကျယ်သည်ထက်ကျယ်လာသောနောက် ပိုင်းတွင် တစ်ဦးနှင့်တစ်ဦးဂရုစိုက်မှုလျော့နည်း၍ လျစ်လျူရှုနေကြတော့သည်။ သူတို့အတွက် "အိမ်ထောင်" ဆိုသောဝေါဟာရသည် အနှစ်သာရကင်းမဲ့ လေပြီ။ တစ်ဦးနှင့်တစ်ဦး ရင့်သီးသောစကားလုံးများ၊ အမနာပပြောဆိုမှု များတို့ဖြင့် အခြေအနေသည် ပျက်စီးလုမတတ်ဆိုးရွားနေ သည်။

အချိန်အရွယ်မရောက်မီ ထိမ်းမြားမင်္ဂလာပြုခြင်းတို့သည် ယခုအခါ တွင်တွေ့မြင်နေရသောမကောင်းမှုဒုစရိုက်အမျိုးမျိုးတို့ကို ဖန်တီးပေးသည်။ အရွယ်မရောက်မီအိမ်ထောင်ပြုခြင်းအားဖြင့် ကာယကံရှင်လင်မယားနှစ်ဦး တို့၏ကာယဗလနှင့်ဉာဏဗလတို့ ပိုမိုကြွံခိုင်လာခြင်းမရှိပေ။ ဤကိစ္စနှင့် ပတ်သက်၍ အကျိုးသင့်အကြောင်းသင့်ဆင်ခြင်ကြသောသူတို့သည် မရှိ သလောက်နည်းပါးလှသည်။ မြောက်မြားစွာသောလူငယ်လူရွယ်တို့သည် စိတ်ဇောတိုက်တွန်းမှုအရပြုလုပ်ကြသည်။ သူတို့၏ကောင်းကျိုး (သို့မဟုတ်) ဆိုးကျိုးအတွက် ပြင်းထန်သောထိခိုက်မှုရှိ၍ ရာသက်ပန်ကောင်းချီးမင်္ဂလာ (သို့မဟုတ်) အမင်္ဂလာကိုဖြစ်စေနိုင်သော ဤကိစ္စကိုစိတ်ဇောတိုက်တွန်းမှုအရ ရေးကြီးသုတ်ပျာပြုလုပ်ကြသည်။ မြောက်မြားစွာသောသူတို့သည် ခရစ်ယာန်တို့၏ရှုထောင့်မှပေးသောအကြောင်းပြချက်မဟုတ်၊ သွန်သင်ဆုံးမ ချက်များကို နားထောင်ကြလိမ့်မည်မဟုတ်ပေ။

အတွေ့အကြုံနည်းသောလူငယ်လူရွယ်တို့အား ထိမ်းမြားမင်္ဂလာကို ရေးကြီးသုတ်ပျာပြုလုပ်စေဖို့ စာတန်သည် အမြဲတမ်းမအားမလပ်ဖြစ်နေသည်။ ယခုအခါတွင်ကျင်းပပြုလုပ်နေသော ထိမ်းမြားမင်္ဂလာများကို ကျွန်ုပ်တို့အနေ ဖြင့် ဂုဏ်ယူမှုနည်းပါးလေလေ၊ ကောင်းလေလေဖြစ်သည်။

ဘုရားသခင်၏လူများဟုခေါ်သောသူတို့အထဲမှာပင်လျှင် ရေးကြီး သုတ်ပျာနိုင်သောထိမ်းမြားမင်္ဂလာများကြောင့် လင်မယားကွဲခြင်း၊ ပြတ်စဲ ခြင်းနှင့်ကြီးမားသောအရှုပ်အရှင်းကိစ္စတို့ကို အသင်းတော်၌တွေ့ရှိနေရသည်။ ဣဇာက်ကျင့်သုံးသောလမ်းစဉ်နှင့် ခရစ်ယာန်ဟုခေါ်သောသူတို့အထဲမှာ လူငယ်များအပါအဝင် ကျွန်ုပ်တို့ခေတ်ရှိလူငယ်လူရွယ်တို့ကျင့်သုံးနေကြသော လမ်းစဉ်တို့သည် ဘယ်မျှလောက်ကွာခြားနေပါသနည်း။ လူငယ်များအနေ ဖြင့် တစ်ဦးနှင့်တစ်ဦးမေတ္တာမျှရေး (သို့မဟုတ်) ချစ်ရေးကြိုက်ရေးဆိုသည်

မှာ ဘုရားသခင်သော်လည်းကောင်း၊ သက်ဆိုင်သောမိဘများသော်လည်း ကောင်း အုပ်စိုးမှုလုံးဝမရှိဘဲ မိမိတို့ကိုယ်တိုင်သာဆုံးဖြတ်လုပ်ကိုင်ရမည့် ကိုယ်ရေးကိုယ်တာ လုပ်ငန်းဟူ**၍** သဘောထားကြသည်။ လူငယ်လူရွယ်တို့ သည် ယောကျ်ားအနေဖြင့် လည်းကောင်း၊ မိန်းမအနေဖြင့်လည်းကောင်း အချိန်အရွယ်မရောက်မီ စောစောပိုင်း ကတည်းက မိဘတို့၏အကူအညီကို မရယူဘဲနှင့် ထိမ်းမြားမင်္ဂလာကိစ္စနှင့်ပတ် သက်**၍** သူတို့စိတ်**ကြို**က်စီစဉ် လုပ်ကိုင်ရန် အရည်အချင်းနှင့်ပြည့်စုံသည်ဟု ယူဆကြသည်။ သူတို့၏ ယူဆချက်သည် မှားယွင်းကြောင်းကို သူတို့အိမ်ထောင် သက်နှစ်ပေါင်းအနည်း ငယ်အတွင်းမှာပင် ပြသလာသည်။ သို့ရာတွင် ပူဆွေး ဒုက္ခများကိုကာကွယ် ရန်အချိန်သည် အများအားဖြင့်နောက်ကျလွန်းနေပြီဖြစ်သည်။ အိမ်ထောင် ဖက်ကိုရေးကြီးသုတ်ပျာရွေးချယ်စေသော ဉာဏ်အမြော်အမြင်နည်းပါး မှုနှင့် ကိုယ်ကိုချုပ်တည်းမှုကင်းမဲ့ခြင်းတို့ကပင် အိမ်ထောင်ဖက်တွင်တွေ့**ကြုံ**ရင်ဆိုင် ရသော မကောင်းမှုတို့ကို ပိုမိုဆိုးရွားသောအခြေအနေရောက်အောင် ဖန်တီး ပေးမှုကြောင့် လင်မယားဘဝသည် ကြီးမားသောအနှောင့်အယှက်**ပြု**သည့် ဝန်ထုပ် ကီးဖြစ်လာလေသည်။ အများသောသူတို့သည် **ဤ**နည်းအားဖြင့် ယခုဘဝ၏ ပျော်ရွှင်သာယာမှုကိုလည်းကောင်း၊ တမလွန်ဘဝ**၌**မျှော်လင့် ချက်ကိုလည်းကောင်း ဖျက်ဆီးပစ်ကြသည်။

**ဘုရားသခင်၏လူတော်လူကောင်းအမှုတော်ဆောင်များပင် ရှုပ်ထွေးငြိ တွယ်ကြသည်** – လူငယ်လူရွယ်တို့သည် သမ္မာတရားကို လက်ခံရရှိပြီးနောက် ခေတ္တမျှသူတို့အတွက် အခြေအနေကောင်းနေလေသည်။ သို့ရာတွင် စာတန်သည် ဉာဏ်အမြော်အမြင်နည်းသောခင်မင် စုံမက်မှုများနှင့် မသင့်လျော်သောထိမ်းမြား မင်္ဂလာများတည်းဟူသော ထောင်ချောက်များကို သူတို့ပတ်လည်တွင် ချထားပေး လေသည်။ **ဤ**ကဲ့သို့ သောထောင်ချောက်များချထားပေးခြင်းသည် သူတို့အားသန့် ရှင်းသော အခြေအနေသို့မရောက်ရှိစေရန် ဖြားယောင်းသွေးဆောင်သွားရာတွင် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း သူတို့တွေ့မြင်ထားပါသည်။

ယခုခေတ်လူငယ်လူရွယ်တို့သည် သူတို့၏ကြီးမားလှသောအန္တရာယ် ကို မှန်ကန်စွာနားလည်ခြင်းမရှိကြောင်း ကျွန်ုပ်သည် **ရူ**ပါ**ရုံ**တွင်တွေ့မြင် ရပါသည်။ ကိုယ်တော်ရှင်အမှုတော်၏ဌာနအမျိုးမျိုးတွင် အမှုတော်ဆောင် များအနေဖြင့် ဘုရားသခင်လက်ခံနိုင်တော်မူသော လူငယ်လူရွယ်အမြောက် အမြားရှိပါသည်။ သို့ရာတွင် သူတို့သည် ဘုရားသခင်နှင့်ဝေးကွာ**၍** ကိုယ်တော်၏အမှုတော်**၌** အင်အားမဲ့ဖြစ်သွားစေရန် စာတန်သည် ချင်းနင်း ဝင်ရောက်လာ**၍** သူတို့အားသူ ၏ထောင်ချောက်ထဲ**၌** ဖမ်းထားလေသည်။ စာတန်သည်ထက်မြက်**၍ ကြိုး**စား ပမ်းစားဆောင်ရွက်သောလုပ်သားတစ်ဦး ဖြစ်သည်။ သတိမရှိဘဲပေါ့ပေါ့တန်တန်

နေထိုင်သောသူအား ဘယ်ကဲ့သို့ ထောင်ဖမ်းရန်သူသိရှိပြီး သူ့ပရိယာယ်စက်ကွင်းမှ
လွတ်မြောက်နိုင်သောသူ

တို့သည် မရှိသလောက်နည်းပါးသည်မှာကြောက်စရာပင်။ သူတို့သည် အန္တရာယ်ကိုမမြင်ဘဲ စာတန်၏ပရိယာယ်များကို ကာကွယ်ထားခြင်းလည်း မရှိပေ။ ဘုရားသခင်၏အထံတော်မှလည်းကောင်း၊ သတိပေးခြင်း၊ အပြစ်ဖော်ပြဆုံးမခြင်းနှင့်အကြံဉာဏ်ပေးခြင်း စသောအစီအစဉ်များကိုဆောင်ရွက် ရန် ကိုယ်တော်ရှင်စေလွှတ်လိုက်တော်မူသောသူတို့ထံမှလည်းကောင်း အသိဉာဏ်တောင်းခံဆည်းပူးခြင်းမပြုဘဲ ကာယကံရှင်နှစ်ဦးတို့အား တစ်ဦးကိုတစ်ဦး မေတ္တာမျှကြရန် (သို့မဟုတ်) ချစ်ကြိုက်ကြရန် စာတန်သည်တိုက်တွန်း နှိုးဆော်ပေးလေသည်။ သူတို့သည် ကိုယ်တိုင်လုပ်ရပ်များဖြင့် စိတ်ကျေနပ် မှုရှိ၍ ဟန့်တားမှုကိုသည်းခံခြင်းမရှိကြ။

**အသက်တစ်ဆယ့်သုံးနှစ်နှင့်တစ်ဆယ့်ကိုးနှစ်ကြား လူငယ်လူရွယ်တစ်ဦးအားအကြံဉာဏ်ပေးချက်** – ငယ်ရွယ်သောမိန်းကလေး များကို ချစ်ကြိုက်ခြင်းနှင့်ပတ်သက်၍ သင်၏လူငယ်ဆန်လှသော အယူအဆသဘောတရားများက သင့်ကိုသူတစ်ပါးတို့ကအထင်ကြီးအောင် မပြုပြင်ပေးပေ။ ဤအရွယ်မရောက်သေးသောအချိန်ကာလဆိုင်ရာ ချစ်ရေးကြိုက်ရေးကိစ္စတွင် သင်၏ကိုယ်ကိုစိတ်ဝင်စားခွင့်ပြုခြင်းအားဖြင့် သင်သည်စာသင်ပျက်သည်။ သင့်အနေဖြင့် မသန့်ရှင်းသောရင်းနှီးမှုများကို လိုက်စားလာမည်။ သင်လုပ်နည်းလုပ်ဟန်တို့နှင့် အခြားသောသူတို့၏လုပ်နည်းလုပ်ဟန်တို့သည် ယုတ်ညံ့ပျက်စီးလာမည်။ သင့်ကိစ္စတွင် ကျွန်ုပ်အနေဖြင့် ဤအတိုင်းနားလည်သည်။ သင့်စိတ်ကြိုက်ကိုပြုနေသမျှကာလပတ်လုံး သင့်ကိုလမ်းပြပို့ဆောင်၍ဟန့်တား ရန်ကြိုးပမ်းသောသူတို့ကို သင်သည် ကြံ့ကြံ့ခိုင်တွန်းလှန်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သင်၏စိတ်နှလုံးသည် သမ္မာတရား၊ ဖြောင့်မတ်ခြင်းတရား တို့နှင့် ညီညွတ်မှုမရှိသောကြောင့်ဖြစ်သည်။

**အသက်အရွယ်ကွာခြားမှု** – သက်ဆိုင်ရာပုဂ္ဂိုလ်နှစ်ဦးတို့သည် လောကီဆိုင်ရာပစ္စည်းဉစ္စာကြွယ်ဝမှုမရှိဘဲ ဖြစ်ကောင်းဖြစ်မည်။ သို့ရာတွင် သူတို့အနေဖြင့် ကျန်းမာမှုသုခချမ်းသာကို ပိုမိုကြွယ်ဝစွာရရှိသင့်ကြသည်။ အများအားဖြင့် လင်မယားဖြစ်မည့်ပုဂ္ဂိုလ်နှစ်ဦးတို့၏အသက်မှာ များစွာကွာခြားမှုမရှိသင့်ပေ။ ဤစည်းကမ်းကိုလျစ်လျူရှုလျှင် အသက်ပိုငယ်လွန်းသော

သူ၏ကျန်းမာမှုသည် များစွာထိခိုက်စရာအကြောင်းရှိသည်။ အများအားဖြင့် မွေးဖွားလာသောသားသမီးတို့မှာ ကာယဗလနှင့်ဉာဏဗလချို့ယွင်းမှုရှိတတ် သည်။ သားသမီးတို့၏ငယ်ရွယ်သောဘဝအသက်တာက လိုအပ်နေသော ကြည့်ရှုစောင့်ထိန်းမှုနှင့်ပေါင်းဖော်မှုများကို အိုမင်းမစွမ်းရှိနေသောမိဘများ ထံမှမရရှိနိုင်ပေ။ တစ်နည်းကား၊ ကလေးများအနေဖြင့် မိဘတို့၏ချစ်ခြင်းနှင့်လမ်းပြမှုကို အလိုအပ်ဆုံးသောအချိန်တွင် ဖခင်ဖြစ်စေ၊ မိခင်ဖြစ်စေ သေဆုံးသွားလိမ့်မည်။

———o———

## အခန်း ၁၂

# သင့်လျော်အပ်စပ်ခြင်း

**တစ်ဦးနှင့်တစ်ဦးသင့်လျော်အပ်စပ်ခြင်း** – အိမ်ထောင်အများ၌ ခရစ်ယာန်တို့၏ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ရိုသေလေးစားခြင်း၊ ထောက်ထား စာနာခြင်း၊ အိမ်ထောင်သားများကိုထိမ်းမြား၍ မိမိတို့၏ကိုယ်ပိုင် ပျော်ရွှင်သာယာအိမ်သီရိဂေဟာကိုတည်ထောင်ရန် ပြင်ဆင်ပေးမည့် တစ်ဦးကို တစ်ဦးရိုသေခြင်း စသောအရည်အသွေးများမရှိပေ။ သည်းခံခြင်း၊ ကြင်နာခြင်း၊ ရိုသေကျိုးနွံခြင်းနှင့် ခရစ်ယာန်တို့၏ကိုယ်ချင်းစာနာခြင်းနှင့် မေတ္တာအစား ရင့်သီးသောအသုံးအနှုန်းများ၊ အတိုက်အခံသဘောထားများနှင့် အပြစ်တင် ဝေဖန်၍ နိုင်လိုမင်းထက်လုပ်လိုသောသဘောထားတို့ကြီးစိုးနေ၏။

အများအားဖြင့် မင်္ဂလာဆောင်မည့်ပုဂ္ဂိုလ်နှစ်ဦးတို့သည် မင်္ဂလာ မဆောင်မီ တစ်ဦး၏အကျင့်ဓလေ့များနှင့် စိတ်နေသဘောထားကို တစ်ဦးက ကောင်းမွန်စွာသိကျွမ်းခွင့် မရရှိကြပေ။ သူတို့သည် အကြင်လင်မယားဘဝသို့ ရောက်ရှိရန်အတွက် လက်ထပ်ပွဲကိုကျင်းပနေသောအချိန်မှာ သူတို့၏နေ့စဉ် ကိုယ်စီဘဝရပ်တည်မှုနှင့်ပတ်သက်၍ တစ်ဦးအကြောင်း တစ်ဦးလုံးဝမသိ ဖြစ်နေသည်။ အများသောလူငယ်လူရွယ်လင်မယားသည် အလွန့်အလွန် နောက်ကျနေမှ သူတို့နှစ်ဦးသည် ရှေ့သွားနောက်လိုက်မညီ တခြားစီဖြစ် နေမှန်းတွေ့ ရှိကြရသည်။ ထိုကြောင့် သူတို့နှစ်ဦးသည် လင်မယားဘဝ၌ ရပ်တည်နေသမျှကာလပတ်လုံး စိတ်ဆင်းရဲခြင်းကို ရင်ဆိုင်နေရကြသည်။ မကြာခဏဇနီးဖြစ်သူနှင့်သားသမီးတို့သည် ခင်ပွန်းလည်းဖြစ်၊ ဖခင်လည်းဖြစ်သောသူ၏ပျင်းရိမှုနှင့်အရည်အချင်းမရှိမှု (သို့မဟုတ်) ဆိုးယုတ်သော အကျင့်ဓလေ့များကြောင့် ဒုက္ခရောက်ရကြသည်။

အိမ်ထောင်ဖက်ရွေးမှားယွင်းမှုကြောင့် ယနေ့ကမ္ဘာကြီးသည် ဒုက္ခ ဆင်းရဲခြင်းနှင့် အပြစ်ဒုစရိုက်တို့ဖြင့်ပြည့်နှက်လျက်ရှိသည်။ အများအားဖြင့် လက်ထပ်ပြီး၍ လပေါင်းအနည်းငယ် အတောအတွင်းမှာပင် လင်ဖြစ်သူနှင့် မယားဖြစ်သူတို့က သူတို့နှစ်ဦး၏စိတ်နေသဘောထားကို ဘယ်အခါမျှ ပေါင်းစပ်၍ရမည်မဟုတ်သည်ကို တွေ့ရှိကြသည်။ ထိုကြောင့် မေတ္တာနှင့် ကောင်းကင်ဆိုင်ရာစည်းလုံးညီညွတ်မှုရှိသင့်သော ယင်းအိမ်ထောင်တွင် စိတ်ဝမ်းကွဲမှုသည် ကြီးစိုးနေလေသည်။

မမှုလောက်သောကိစ္စတစ်ခုတွင် စကားနိုင်လုခြင်းအားဖြင့် ခါးသီး သောစိတ်သဘောထားကိုမွေးမြူကြသည်။ ဖြောင့်ကျသောသဘောကွဲလွဲမှု များနှင့်ငြင်းခုံခြင်းတို့သည် အိမ်ထောင်၌စကားအားဖြင့်ဖော်ပြ၍မရသော ဒုက္ခဆင်းရဲခြင်းကိုပေါက်ဖွားစေ၍ မေတ္တာနှောင်ကြိုးဖြင့်ချည်နှောင်စုစည်း ထားအပ်သောမိသားစုတို့အား စိတ်ဝမ်းကွဲစေသည်။ ဤနည်းအားဖြင့် ထောင်သောင်းမကသူတို့သည် ဉာဏ်အမြော်အမြင်နည်းပါးသောထိမ်းမြား မင်္ဂလာပြုခြင်းအားဖြင့် မိမိတို့ခန္ဓာရောဝိညာဉ်ပါဆုံးပါးခံလျက် ပျက်စီးရာ လမ်းထဲ၌ လျှောက်သွားကြသည်။

**စည်းလုံးမှုမရှိသောအိမ်ထောင်တွင် ရာသက်ပန်စိတ်ဝမ်းကွဲမှု ရှိခြင်း** – အိမ်ထောင်ဖက်၏ပျော်ရွှင်မှုနှင့်တိုးတက်ကြီးပွားမှုသည် လင်နှင့်မယားတို့၏ စည်းလုံးညီ**ညွ**တ်မှုပေါ်တွင်တည်သည်။ ဇာတိပကတိ သဘောရှိသောသူသည် ခရစ်တော်၏စိတ်သဘောနှင့်တညီတည်းဖြစ်သော သူနှင့် ဘယ်ကဲ့သို့ပေါင်း စည်းနိုင်မည်နည်း။ တစ်ဦးကဇာတိပကတိမျိုးစေ့ ကိုကြဲလျက် သူ့စိတ်နှလုံး၏ တိုက်တွန်းနှိုးဆော်ချက်အရ ကြံစည်လုပ်ကိုင် နေသည်။ ကျန်တစ်ဦးက ဝိညာဉ်ပကတိမျိုးစေ့ကိုကြဲ**၍** အတ္တစိတ်ကို ချိုးနှိမ်ထားရန်လည်းကောင်း၊ စိတ်ယိုင်မှုကိုအောင်မြင်နိုင်နင်းရန်လည်း ကောင်း၊ သူ့သခင်ဟုခေါ်ဆိုသော ကယ်တင်ရှင်၏စကားတော်ကို နားထောင် လျက်နေရန်လည်းကောင်း **ကြိုး**ပမ်းသည်။ **ဤ**နည်းအားဖြင့် လင်မယား နှစ်ဦးတို့၏ဝါသနာချင်းသည် လည်းကောင်း၊ စိတ်ယိုင်မှုရှိခြင်းသည် လည်းကောင်း၊ ရည်စူးချက်သည်လည်း ကောင်း ထာဝစဉ်ခြားနားကွာဟမှု ရှိနေသည်။ ယုံကြည်သောတပည့်တော်သည် ကျင့်ဝတ်များကိုစွဲမြဲစွာကိုင်ထားလျက် နောင်တမရသောသူကို သူ့ဘက်ပါအောင် မဆွဲနိုင်လျှင် ဖြစ်နေကျအတိုင်း သူသည်စိတ်အားငယ်လာ၏။ ဘုရားသခင်နှင့် အဆက်အသွယ်လုံးဝမရှိသောသူအား နှံချာလှသောအိမ်ထောင်ဖက်အနေဖြင့် ရရှိရေးအတွက် ဘာသာရေးဆိုင်ရာကျင့်ဝတ်များကို ရောင်းစားလိမ့်မည်။

**မိတ်ဖက်မဟုတ်ခြင်းကြောင့်ထိမ်းမြားမင်္ဂလာပျက်ရခြင်း** – မြောက်မြားစွာသောထိမ်းမြားမင်္ဂလာများသည် ဒုက္ခဆင်းရဲခြင်းကိုသာ ဖန်တီးပေးတတ်သည်။ သို့စေကာမူ လူငယ်လူရွယ်တို့၏စိတ်သည် **ဤ**ကဲ့သို့ ထိမ်းမြားခြင်းမျိုးကိုစိတ်ယိုင်ခြင်းမှာ စာတန်၏ပို့ဆောင်လမ်းပြမှုကိုခံရ သောကြောင့်ဖြစ်၏။ သူတို့အနေဖြင့် ထိမ်းမြားမင်္ဂလာ**ပြု**လျှင် စိတ်ပျော်ရွှင် မှုကိုရရှိကြလိမ့်မည်ဟူသော ယုံကြည်ချက်ကိုစာတန်က သွတ်သွင်းပေးထား သည်။ သို့ရာတွင် ကာယကံရှင်အနေဖြင့် ယင်းအချိန်တွင် သူတို့ကိုယ်ကို အုပ်ထိန်းထားနိုင်စွမ်းမရှိ၊ အိမ်ထောင်ကိုလည်း လိုအပ်သောသူ့အသုံးအဆောင် များနှင့် ထောက်ပံ့နိုင်စွမ်းမရှိပေ။ မနှစ်**မြို့**ဖွယ်သောသဘောကွဲလွဲမှုများနှင့် ငြင်းခုံမှုများကိုရှောင်ရှားရန် တစ်ဦး၏စိတ်နေသဘောထားတို့ကို အံဝင်ခွင်ကျ ဖြစ်စေရန် **ပြု**ပြင်လိုသောဆန္ဒမရှိသောသူတို့သည် ထိမ်းမြားမင်္ဂလာမ**ပြု**သင့် ကြသေးပေ။ သို့ရာတွင် **ဤ**နောက်ဆုံးသောကာလ၏သွေးဆောင်ဖြားယောင်း သောထောင်ချောက်သည် အချိန်အရွယ်မရောက်ဘဲနှင့် အိမ်ထောင်**ပြု**ခြင်း ဖြစ်သည်။ ယင်းထောင်ချောက်**၌**မိနေသော ထောင်သောင်းမကသောသူတို့သည် ယခုဘဝနှင့်နောင်ဘဝတွက် ပျက်စီးခြင်းရင်ဆိုင်ကြရသည်။

## မျက်စိမရှိသောချစ်ခြင်း၏နောက်မှပေါ်ပေါက်လာသောအဖြစ်

**အပျက်သစ်** – မျက်စိမရှိသောချစ်ခြင်းတည်းဟူသော **ဤ**ကူးစက်တတ်သည့်ရောဂါစွဲကပ်တတ်သောသူတို့၏စွမ်းရည်တိုင်းသည် ယင်းရောဂါကဖြစ်မှုကုရမည့်ဘ၀သို့ရောက်သွားလေသည်။ သူတို့**၌**ပိုင်းခြားဝေဖန်တတ်သောဉာဏ်ရှိဟန်မတူပေ။ သူတို့ကျင့်သုံးသောလမ်းစဉ်သည်လည်း တွေ့မြင်ရသမျှသောသူတို့အတွက် ရွံရှာဖွယ်ဖြစ်သည်။

မြောက်မြားစွာသောသူတို့အတွက် ယင်းရောဂါ၏အပြင်းထန်ဆုံးဖိစီးနှိပ်စက်မှုကို အချိန်အရွယ်မရောက်သေးသော ထိမ်းမြားမင်္ဂလာအောင် မှုတွင်ခံစားရလေသည်။ **ဤ**အသစ်သောပျော်ရွှင်မှုသည် ကျော်လွန်သွား**၍** ချစ်ကြိုက်မှုမှပေါ်ထွက်လာသော နှစ်ထောင်းအားရမှုသည် ပြီးဆုံးသွားသော အခါတစ်ဦးမဟုတ်တစ်ဦး၊ (သို့မဟုတ်) နှစ်ဦးစလုံးတို့သည် သူတို့၏အခြေအနေမှန်ကိုသိရှိလာကြသည်။ ထိုအခါ သူတို့သည် တစ်ဦးနှင့်တစ်ဦးအိမ်ထောင်ဖက်မညီသော်လည်း ရာသက်ပန်အကြင်လင်မယားအဖြစ်ပေါင်းသင်းရမည့်အရေးကိုတွေ့မြင်ကြသည်။ တစ်ဦးနှင့်တစ်ဦးစည်းစနစ်ကျကျဖြင့် ကတိသစ္စာပြုထားပြီးဖြစ်သောကြောင့် ရှေ့သို့လက်တွဲပြီးလျှောက်သွား ရမည့်စိတ်ဆင်းရဲမှုခရီးလမ်းကြောင်းကြီးအတွက် စိတ်လေးလံမိကြသည်။

သို့ဖြစ်လင့်ကစား သူတို့၏လက်ရှိအခြေအနေကို အကောင်းဆုံးဖြစ်အောင်ပြုပြင်ပေးသင့်ကြပေသည်။ သို့ရာတွင် အများသောသူတို့သည်ယင်းကဲ့သို့မပြုလုပ်ကြပေ။ သူတို့သည် ပြုခဲ့သောထိမ်းမြားမင်္ဂလာဆိုင်ရာကတိသစ္စာများကိုလည်း သစ္စာဖောက်ကြမည်။ သို့တည်းမဟုတ် သူတို့ကိုယ်တိုင်သူတို့ပခုံးပေါ်**၌**တင်ကြသောထမ်းပိုးကို အလွန်အမင်းလေးလံအောင်ပြုလုပ်ကြသောကြောင့် အများသောသူတို့သည် သူရဲဘောနည်းစွာဖြင့် မိမိတို့ကိုယ်ကိုသေကြောင်းကြံစည်ကြသည်။

တစ်ဦးနှင့်တစ်ဦးငြင်းခုံမှုကို ဖန်တီးပေးသောအရာဟူသမျှကိုဘယ်ကဲ့သို့ရှောင်ရှားရမည်ကိုလည်းကောင်း၊ ထိမ်းမြားမင်္ဂလာဆိုင်ရာ ကတိသစ္စာကိုမချိုးဖောက်နိုင်ရန် ဘယ်ကဲ့သို့ပြုလုပ်ရမည်ကိုလည်းကောင်း၊ လင်ဖြစ်သူနှင့်မယားဖြစ်သူတို့သည် ထိမ်းမြားမင်္ဂလာပြုသောနေ့မှစ**၍** ရာသက်ပန်နှစ်ဦးစလုံးအတူတကွ လေ့လာသင့်ကြပေသည်။

**သူတစ်ပါးတို့၏အတွေ့အကြုံသည်သတိပေးချက်ဖြစ်သည်** – မောင်ရွှေလူ**၌**ရှိသောစိတ်သဘောထားမျိုးကို စာတန်သည် အံ့သြဖွယ်ကောင်းလောက်အောင် အောင်မြင်အသုံး**ပြု**လေသည်။ သူ့အဖြစ်အပျက်သည် ထိမ်းမြားမင်္ဂလာနှင့်ပတ်သက်**၍** လူငယ်လူရွယ်တို့ကို သင်ခန်းစာပေးသောအဖြစ်အပျက်ဖြစ်သည်။ အိမ်ထောင်ဖက်ကိုရွေးချယ်ရာတွင် ပိုင်းခြားဝေဖန်တတ်ခြင်းနှင့် မှန်ကန်စွာဆုံးဖြတ်ခြင်းအတိုင်း ရွေးချယ်ခြင်းမဟုတ်ဘဲ စိတ်၏ခံစားချက်နှင့်စိတ်ဇောတိုက်တွန်းမှုတို့အတိုင်း လိုက်နာကျင့်သုံးခြင်းသာဖြစ်သည်။ သူနှင့်သူ့ယောက်ျားတို့အိမ်ထောင်ကျခြင်းတို့သည် စစ်မှန်သောမေတ္တာကြောင့်လော။ မဟုတ်ပါ။ စိတ်ဇောတိုက်တွန်းမှုကြောင့်သာလျှင်ဖြစ်သည်။ သူတို့နှစ်ဦးတွင် တစ်ဦးမျှလင်မယားဘဝ၏တာဝန်များကိုထမ်းဆောင်ရန် သင့်လျော်သောအရည်အချင်းမရှိပေ။ အခြေအနေသစ်၏သစ်ဆန်းမှုများကုန်ခန်းသွား**၍** သူတို့နှစ်ဦးမှာလည်း တစ်ဦးနှင့်တစ်ဦးပိုမိုသိကျွမ်းရင်းနှီးလာသောအခါ သူတို့အနေဖြင့်တစ်ဦးပေါ်တွင်တစ်ဦးထားရှိသောမေတ္တာသည် ပိုမိုခိုင်မာခဲ့သလော။ သူတို့၏ဘဝရပ်တည်မှုသည် လှပညီ**ညွ**တ်စွာဂဟေဆက်မိခဲ့သလော။ အခြေအနေသည်ကား ပြောင်ပြောင်ကြီးဆန့်ကျင်ဘက်ဖြစ်ခဲ့လေသည်။ ကျင့်သုံးမှုကြောင့် အဆိုးရွားဆုံးသောအကျင့်စာရိတ္တတို့သည် ပိုမိုနက်**ရှိုင်း**လာသည်။ သူတို့၏လင်မယား ဘဝသည် အပျော်ရွှင်ဆုံးဖြစ်မည့်အစား ဒုက္ခဆင်းရဲခြင်းများတိုးတက်များပြားလာနေသောဘဝသာလျှင် ဖြစ်နေတော့သည်။

ပျော်ရွှင်သာယာမှုကင်းသောထိမ်းမြားမင်္ဂလာ**ပြု**သည့် သူတို့ကရေးသားပေးပို့လိုက်သောစာများကို ကျွန်ုပ်သည် နောင်နှစ်ပေါင်းတော်တော်ကြာကြာရရှိခဲ့ပါသည်။ ကျွန်ုပ်အားရင်ဖွင့်ပြောဆိုထားခဲ့သော ယင်းမနှစ်**မြို့**ဖွယ်သောအဖြစ်အပျက်များသည် အလွန်ပင်စိတ်မချမ်းသာဖွယ်ဖြစ်ပါသည်။ **ဤ**ကံမကောင်းအကြောင်းမလှသောသူတို့အား ဘယ်ကဲ့သို့သောအကြံပေးရမည်ကိုလည်းကောင်း၊ သူတို့ထမ်းဆောင်နေသော လေးလံသည့်ဝန်ထုပ်ကြီးကိုပေါ့ပါးစေရန်လည်းကောင်း ဘယ်ကဲ့သို့ဆုံးဖြတ်ရမည်မှာ လွယ်ကူသောကိစ္စမဟုတ်ပေ။ သို့ရာတွင် သူတို့၏ဝမ်းနည်းဖွယ်သောအကြောင်းအရာအတွေ့အ**ကြုံ**များသည် အခြားသောသူတို့အတွက် သတိပေးချက်ဖြစ်သင့် ပေသည်။

———o———

# အိမ်တွင်းမှုဆိုင်ရာပညာသင်ကြားခြင်း

**ထိမ်းမြားမင်္ဂလာအတွက်ပြင်ဆင်မှုသည် ပညာရေး၏လိုအပ်သော ကဏ္ဍဖြစ်သည်** – သက်ဆိုင်ရာကာယကံရှင်တို့သည် အိမ်တွင်းမှု ဆိုင်ရာ လက်တွေ့ပညာနှင့်ပတ်သက်သောတာဝန်များကို သိကျွမ်းမှုမရှိဘဲ အိမ်ထောင်မပြုသင့်ကြပေ။ ဇနီးဖြစ်သူသည် မွေးဖွားလာမည့်သားသမီး ရတနာကလေး များကို မှန်ကန်သောသင်ကြားပို့ချမှုကိုပေးနိုင်ရန် စိတ်၏ ယဉ်ကျေးမှုနှင့်အပြုအမူအလုပ်အကိုင်ယဉ်ကျေးမှုရှိရမည်။

ပညာတတ်များစာရင်းဝင်သောအမျိုးသမီးမြောက်မြားစွာတို့သည် ယူနီဗာစတီကျောင်းတော်ကြီးတစ်ခုခုမှ ဂုဏ်ထူးဖြင့်အောင်မြင်တတ်မြောက်လာကြသော်လည်း ဘဝအသက်တာ၏လက်တွေ့တာဝန်ဝတ္တရားများကိုမူကား သိကျွမ်းမှုမရှိကြသည်မှာ ရှက်ဖွယ်ပင်ဖြစ်သည်။ အိမ်ထောင်ပျော်ရွှင် သာယာမှုအတွက် အထူးလိုအပ်သောနည်းစနစ်ကျစွာစီမံနိုင်သောအရည်အသွေး သည် သူတို့၌မရှိပေ။ သူတို့အနေဖြင့် အမျိုးသမီးများတို့၏ဘဝရပ်တည်မှုနှင့်သူတို့၏ အခွင့်အရေးများတိုးတက်မြင့်မားလာကြောင်းကို ပြောဆိုကြ လိမ့်မည်။ သို့စေကာမူ သူတို့သည် စစ်မှန်သောအမျိုးသမီးတို့၏အဆင့်အတန်း အောက်သို့ များစွာနိမ့်ကျသောအခြေ၌ ရပ်တည်နေကြသည်။

အိမ်ထောင်ဆိုင်ရာတာဝန်ဝတ္တရားများကို နားလည်သိရှိရန်လည်းကောင်း၊ အိမ်တွင်းမှုဆိုင်ရာလုပ်ငန်းဌာနအသီးသီးတို့၌ သင်ကြားပို့ချမှုရရှိထားရန်လည်းကောင်း ဇဝသမီးတိုင်းအခွင့်အရေးဖြစ်သည်။ ဇနီးအနေဖြင့်လည်းကောင်း၊ မိခင်အနေဖြင့်လည်းကောင်း ဝင်ရောက်ထမ်းဆောင်ရန် အခွင့်အလမ်းပေါ်လာသောအခါ သူမ၏ပိုင်နက်အတွင်း ဘုရင်မတစ်ပါး ကဲ့သို့ အုပ်ချုပ်မင်းလုပ်နိုင်လောက်အောင် မိန်းမပျိုတိုင်းသည် အသိပညာနှင့်အတတ်ပညာများရရှိထားရမည်။ မိမိသားသမီးများကို ရှေ့ဆောင်လမ်းပြရန်နှင့် ဆုံးမသြဝါဒပေးရန်လည်းကောင်း၊ သူ့အိမ်ဖော်များကိုစီမံပေးရန် လည်းကောင်း အရည်အချင်းဖြင့်ပြည့်စုံရမည်။ (သို့မဟုတ်) လိုအပ်လျှင် သူမ၏အိမ်ထောင်အတွက် ပြုဖွယ်ကိစ္စများကို သူမကိုယ်တိုင်လုပ်ကိုင်ပေး နိုင်ရမည်။

လူ့ခန္ဓာ၏တည်ဆောက်ထားပုံနှင့်အင်္ဂါအစိတ်အပိုင်းတို့ ဆောင်ရွက် ကြပုံတို့၏ ကျန်းမာခြင်းဆိုင်ရာကျင့်စဉ်များကိုလည်းကောင်း၊ စားဝတ်နေရေး ကိစ္စကိုလည်း ကောင်း၊ လုပ်ရေးကိုင်ရေးနှင့်ပြန်**၍**အားသစ်ဖြည့်ရေးတို့ကိုလည်းကောင်း၊ အိမ်ထောင်၏သာယာမှုနှင့်စပ်ဆိုင်သော အခြားမရေတွက် နိုင်သောကိစ္စများ ကိုလည်းကောင်း သိရှိနားလည်ရန် သူမ၏အခွင့်အရေး ဖြစ်သည်။ သူမ၏ သားသမီးရတနာကလေးများကို ကြည့်**ရှု**ပြု**စုရန် သူစိမ်း သူနာ**ပြု**များနှင့်ဆရာဝန် များလက်ထဲသို့ အပ်မထားရဘဲ ဖျားနာချိန်ခါ**၌** သူမကိုယ်တိုင်ကြည့်**ရှုပြု**စုနိုင်ရန် ရောဂါများကုသရာတွင် အကောင်းဆုံးနည်း များကိုသိရှိထားရန် သူမ၏အခွင့် အရေးဖြစ်သည်။

အသုံးဝင်သောလုပ်ငန်းများနှင့်ပတ်သက်**၍** လုပ်ကိုင်နည်းများကို မသိဘဲနေခြင်းသည် လူကြီးလူကောင်းပီသသော ဂုဏ်အရည်အချင်းဖြစ်သည် ဆိုသောအယူအဆသည် လူသားတို့အားဖန်ဆင်းထားတော်မူရာတွင် ဘုရားသခင် ၏ရည်စူးချက်နှင့်ဆန့်ကျင်ပေသည်။

ပျင်းရိခြင်းသည်ဒုစရိုက်ဖြစ်၏။ သာမန်လူ့တာဝန်များကိုမသိခြင်း သည် မိုက်မဲခြင်း၏ရလဒ်ဖြစ်**၍** နောက်သက်ကြီးရွယ်အိုကာလတွင် ယူကျုံး မရဖြစ်ရသောအဖြစ်မျိုးကို ရင်ဆိုင်ရတတ်သည်။

ချက်**ပြု**တ်ခြင်းနှင့် အခြားအိမ်တွင်းမှုလုပ်ငန်းလုပ်ကိုင်ခြင်းသည် ယုတ်ညံ့သည်ဟု ငယ်သောအမျိုးသမီးများက ယူဆကြသည်။ ထိုအတွက် ကြောင့် အိမ်ထောင်**ပြု၍**သားသမီးများကိုကြည့်**ရှု**ရသော အမျိုးသမီးငယ် အများတို့သည် ဇနီးအနေဖြင့်လည်းကောင်း၊ မိခင်အနေဖြင့်လည်းကောင်း ထမ်းဆောင်ရမည့်ဝတ္တရားများကိုမသိကြပေ။

အိမ်ထောင်**၌**မွေးဖွားထွန်းကားလာသော သားသမီးများကိုကြည့်**ရှု** ထိန်းသိမ်းရမည့်နည်းလမ်းကိုမသိရှိဘဲ အဘယ်လူငယ်လူရွယ်မျှ အိမ်ထောင် မ**ပြု**ရဟု ဥပဒေတစ်ရပ်ထုတ်ထားသင့်ပေသည်။ ဘုရားသခင်က သူတို့အား ပေးသနားတော်မူသော **ဤ**အိမ်ထောင်ကို ဘယ်ကဲ့သို့ကြည့်**ရှု**ထိန်းသိမ်း ထားရ မည်ကို သိရှိကြရမည်။ ယင်းအိမ်ထောင်သားမွေးကိစ္စတွင် ဘုရားသခင် တည် ထောင်ထားတော်မူသော ဥပဒေပညတ်များကို သူတို့သည် သိရှိနားလည် ခြင်းမရှိဘဲ ဘုရားသခင်ကိုသော်လည်းကောင်း၊ သူတို့ကိုယ်တိုင်ကိုလည်း ကောင်း **ပြု**အပ်သောဝတ္တရားများကို သူတို့သည်နားလည်နိုင်မည်မဟုတ်ပေ။

**အိမ်တွင်းမှုဆိုင်ရာသင်ကြားပို့ချမှုကို ကောလိပ်ကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင်ထည့်သွင်းထားသင့်သည်** – ကျွန်ုပ်တို့ကောလိပ်

ကျောင်းတွင် တက်ရောက်သင်ကြားလျက်ရှိကြသော လူငယ်လူရွယ်တို့၏ ပညာရေး တွင် အိမ်ထောင်ရေးအကြောင်းထည့်သွင်း**၍** သင်ကြားပို့ချအပ်သည်ကို အထူးသတိပြု အပ်ပေသည်။ ကျွန်ုပ်တို့၏ကောလိပ်ကျောင်းများတွင် တက်ရောက်သင်ကြားလျက်ရှိကြ သော စာသင်သားတို့အား ခန့်အပ်ထား သောအလုပ်အကိုင်များကိုလုပ်ကိုင်ရန်၊ **၎**င်းအပြင် ပျင်းရိခြင်းကိုလုံးဝ ရှောင်ကြဉ်ရန် သွန်သင်ပေးခြင်းသည် အကျင့်စာရိတ္တ ကိုဆောက်တည်ရာတွင် အလွန်ပင်အရေးပါအရာရောက်လှပေသည်။ နေ့စဉ်ဘဝရပ် တည်မှုဆိုင်ရာတွင် တာဝန်ဝတ္တရားများကို သူတို့အနေဖြင့်သိရှိရန် လိုအပ်ပေသည်။ သူတို့၏အိမ်တွင်းမှုဆိုင်ရာ လုပ်ငန်းများကို သေချာစွေ့စပ်စွာဖြင့်လည်းကောင်း၊ ကောင်းမွန်စွာဖြင့်လည်းကောင်း၊ ဆူဆူညံညံဖြစ်ခြင်းနှင့်**ရှု**ပ်ထွေးခြင်း ကင်းစွာဖြင့် လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ကြရန် သင်ကြားပို့ချပေးရမည်။ ခပ်သိမ်းသော အရာတို့ကို သပ်ရပ်စွာဖြင့်လည်းကောင်း၊ နေထား တကျရှိစွာဖြင့်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်သင့်ပေသည်။ မီးဖိုချောင် နှင့်အိမ်အဆောက်အအုံ**၌**ရှိသော အခြားအခန်းများကို လှပသန့်ရှင်းစွာထား ရှိရမည်။ စာအုပ်များကို သူ့အချိန်နှင့်သူ ဖတ်**၍** အိမ်တွင်းမှုဆိုင်ရာလုပ်ငန်းများ ကို လျစ်လျူ**ရှု**ခြင်းမရှိစေရန် စာများကိုလို အပ်သောအချိန်ထက်ကျော်လွန် **၍** လေ့ကျက်ခြင်းမပြုသင့်။ အိမ်ထောင်သားတို့၏ စိတ်ချမ်းသာ၊ ကိုယ် ချမ်းသာမှု၏အခြေခံဖြစ်သော အိမ်တွင်းမှုဆိုင်ရာတာဝန်များကို လျစ်လျူ**ရှု** ရလောက်အောင် စာအုပ်များလေ့လာခြင်းတွင် စိတ်စွဲလမ်းမှုမရှိစေရ။

ယင်းအိမ်တွင်းမှုဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်ရာ**၌**လည်း သတိတရား ကင်းမဲ့ခြင်း၊ ပေါ့လျော့ခြင်း၊ စည်းမဲ့ကမ်းမဲ့ထားတတ်သောအလေ့အကျင့် များကို အောင်မြင်ရမည်။ အဘယ်ကြောင့်ဆိုသော် **ဤ**အလေ့အကျင့်များကို အောင်မြင်ထား မှုမရှိလျှင် ယင်းတို့သည် ဘဝရပ်တည်မှု၏ကဏ္ဍအမျိုးမျိုး အတွင်းသို့ ထိုးဖောက်ဝင် ရောက်လျက် ဘဝအသက်တာသည်လည်း လုံးဝ ပစ်ပယ်ရသောအခြေအနေသို့ ဆိုက် ရောက်လိမ့်မည်။

**အိမ်ထောင်တည်ထောင်မှုဆိုင်ရာအသိပညာသည် အရေးပါအရာ ရောက်ခြင်း** – စာသင်သားတို့၏အချိန်ကုန်ခန်းစေသော အသိပညာ ဆိုင်ရာလေ့လာမှုအများအပြား တို့သည် သူတို့၏အသုံးကျမှု (သို့မဟုတ်) ပျော်ရွှင်မှုကိုမဖြစ်စေပါ။ သို့ရာတွင် လူငယ်လူရွယ်တိုင်းသည် ဝတ္တရားတိုင်းကို နားလည်ကျွမ်းကျင်မှုရှိရန်လိုအပ်လေသည်။ လိုအပ်လျှင်အမျိုးသမီးအနေဖြင့် ပြင်သစ်ဘာသာစကားနှင့်အက္ခရာသင်္ချာ (သို့မဟုတ်) စန္ဒရားတီးခြင်း စသောပညာများကို မသင်ကြားဘဲနေနိုင်ပါသည်။ သို့ရာတွင် အိမ်ရှင် မအနေဖြင့် ပေါင်မုန့်ဖုတ်တတ်သောပညာ (ထမင်းဟင်းချက်တတ်သောပညာ) ကိုလည်းကောင်း၊ ခေတ်နှင့်ဆီလျော်သောအဝတ်အစားများချုပ်တတ်သော ပညာကို လည်းကောင်း၊ အိမ်တွင်းမှုဆိုင်ရာဝတ္တရားအမြောက်အမြားကို

လည်းကောင်း လုပ်ကိုင်တတ်ရန်၊ သင်ကြားတတ်မြောက်ထားရန် အလွန်ပင်အရေးကြီးပေးသည်။

အိမ်ထောင်သားအားလုံးကျန်းမာမှုနှင့်ပျော်ရွှင်မှုရှိရန် အိမ်ထောင်သားတို့စားသောက်မှုအတွက် ချက်ပြုတ်ရသောသူ၏ကျွမ်းကျင်မှုနှင့်ဉာဏ်ကောင်းမှုတို့အတွက် ပိုမိုအရေးပါအရာရောက်သောအရာမရှိပေ။

ချက်ပြုတ်မှုညံ့ဖျင်း၍ အာဟာရမဖြစ်သောအစားအစာများကို ချက်ပြုတ်ကျွေးမွေးခြင်းကြောင့် လူကြီးပိုင်းတို့၏အသုံးကျမှုကိုလည်းကောင်း၊ ကလေးပိုင်း၏ကာယဉာဏကြီးပွားတိုးတက်မှုကိုလည်းကောင်း အဟန့်အတား ဖြစ်စေနိုင်သည်သာမက ဖျက်ဆီးစေနိုင်သည်။ သို့မဟုတ်လျှင်လည်း ကိုယ်ခန္ဓာကလိုအပ်နေသောအစာအာဟာရကို အိမ်ရှင်မသည် ချက်ပြုတ် ကျွေးမွေးလျှင်တစ်ချိန်တည်းမှာပင် ယင်းအာဟာရသည် စားချင်စဖွယ် လည်းဖြစ်၍ အရသာလည်းကောင်းမွန်လျှင် မှားယွင်းသောစီစဉ်လုပ်ကိုင်မှု ကြောင့် ဆိုးကျိုးများဖြစ်ထွန်းသကဲ့သို့ ကောင်းမွန်သောစီစဉ်လုပ်ကိုင်မှုကြောင့် ကောင်းကျိုးများဖြစ်ထွန်းနိုင်ပေမည်။ ထိုကြောင့် သာမန်တာဝန်ဝတ္တရားများ ကိုထမ်းဆောင်ရာတွင်နည်းလမ်းအမျိုးမျိုးအားဖြင့် ဘဝရပ်တည်မှု၏ ပျော်ရွှင်သာယာမှုသည် သစ္စာရှိမှုနှင့်ဆက်သွယ်ပတ်ရစ်နေပါသည်။

**ကျန်းမာမှုဆိုင်ရာကျင့်ဝတ်များကိုဂရုစိုက်ပါ** – အစားအစာချက်ပြုတ်ခြင်း၊ ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်း၊ သားသမီးများအားကြည့်ရှုပြုစုခြင်း၊ လူနာကိုကြည့်ရှုကုသခြင်းမှစသော အလားတူလုပ်ငန်းများတို့ကိုခါတိုင်းပြုလုပ်နေကျထက် ပိုမိုဂရုစိုက်လုပ်ကိုင်သင့်ပေသည်။

ကျန်းမာမှုဆိုင်ရာအကြောင်းအရာများကိုလေ့လာရာတွင် အားသွန်ခွန်စိုက်သင်ကြားပို့ချသောဆရာသမားအနေဖြင့် ပုဂ္ဂလိကအလေ့အကျင့်များ နှင့်ပတ်ဝန်းကျင်တစ်ခုလုံးတွင် ချို့ယွင်းချက်မရှိသောသန့်ရှင်းစင်ကြယ်မှု ရှိရန် လည်းလိုအပ်ကြောင်းကိုပြသရန် ရရှိသမျှသောအခွင့်အရေးကို အသုံးပြုရ မည်။ ကျန်းမာမှုကိုအထောက်အကူပြုသောအိပ်ခန်း၊ သန့်ရှင်းသောမီးဖို ခန်း၊ အာဟာရဖြစ်သောအစားအစာများ တင်ထားသောထမင်းပွဲတို့သည် အိမ်ထောင်သားတို့၏ပျော်ရွှင်မှုကိုလည်းကောင်း၊ သိမြင်တတ်သောဧည့်သည် တို့၏လေးစားမှုကိုလည်းကောင်း ရယူရာတွင် ဧည့်ခန်းတွင်ကြေးကြီးကြီး ပေးရသောစားပွဲ၊ ကုလားထိုင်နှင့်မှန်ဗီရိုကြီးများ ဝယ်ယူထားရှိသည်ထက် ပိုမိုခရီးရောက်ကြောင်းကို စာသင်သားတို့အားသင်ပေးပါ။ "အစာထက်အသက် မြတ်သည်မဟုတ် လော၊ အဝတ်ထက်ကိုယ်မြတ်သည်မဟုတ်လော" (လု၊

၁၂း၂၃) ဆိုသောသင်ခန်းစာသည် နှစ်ပေါင်းတစ်ထောင်ရှစ်ရာလောက်က ဆရာတော်ကြီးယေ**ရှု**ရှင်မိန့်ကြားသောအချိန်**၌**ကဲ့သို့ ယခုအချိန်တွင်လည်း အလားတူလိုအပ်နေပေသည်။

**ဝီရိယရှိသောအလေ့အကျင့်များကိုယ်တိုင်ကြိုးစားရယူရန် အကြံဉာဏ်ပေးခြင်း** – သင့်အနေဖြင့်ဘေးမသီရန်မခတ်ဘဲ အိမ်ထောင်မပြုမီ ပြင်းထန်စွာဆုံးမပဲ့ပြင်ရန်လည်းကောင်း၊ ဖွဲ့ကောင်းကောင်းဖြင့်လည်းကောင်း ချုပ်ထိန်းထားရန် လိုအပ်နေသောထူးခြားသည့်စာရိတ္တမျိုး သင်**၌**ရှိသည်။ သို့ဖြစ်သောကြောင့် သင့်စာရိတ္တ**၌**ချို့ယွင်းချက်တို့ကို အောင်မြင်နိုင်နင်း ထားနိုင်သည်တိုင်အောင် အိမ်ထောင်**ပြု**မည့်ကိစ္စကို သင်စိတ်မကူးပါနှင့်။ အဘယ်ကြောင့်ဆိုသော် သင့်ဇနီးသည်အနေဖြင့် ခင်ပွန်း၏ပျော်ရွှင်စိတ်ချမ်းသာ မှုကို ဖန်တီးပေးနိုင်စွမ်းမရှိသေးပေ။ အိမ်တွင်းမှုဆိုင်ရာလုပ် ငန်းကို စနစ် တကျလုပ်ကိုင်နိုင်ရန်၊ သင့်ကိုယ်ကိုပညာပေးရန် လျစ်လျူ**ရှု**ခဲ့လေပြီ။ ဝီရိယရှိသောအလေ့အကျင့်များကို **ကြိုးပမ်း၍**ရယူထားရန်လိုအပ်သည်ကို သင့်အနေ ဖြင့်တွေ့မြင်သိရှိခြင်းမရှိခဲ့ပေ။ အသုံးဝင်သောလုပ်ငန်းများကိုလုပ်ကိုင်နိုင်ရန် နှစ်**ခြို**က်သောအလေ့အကျင့်ကိုရရှိပြီးနောက် ယင်းကိုဘယ်အခါမျှမဆုံးပါးနိုင်ပေ။ ထိုအခါ သင်သည် မည်သည့်ဘဝအသက်တာမျိုး**၌**မဆို ပစ်တိုင်း ထောင်သဖွယရပ်တည်နေရန် အသင့်ပြင်ပြီးသားဖြစ်**၍** အိမ်ရှင်မရာထူး အတွက်လည်း ထိုက်ထိုက်တန်တန်တာဝန်ယူနိုင်ပြီးဖြစ်လိမ့်မည်။ သင့်အနေ ဖြင့်လုံ့လဝီရိယရှိခြင်းကို နှစ်သက်လိမ့်မည်။ အသုံးဝင်သောလုပ်ငန်းကို လုပ်ကိုင်ရန် သင်သည်နှစ်သက်လျှင် သင်၏စိတ်သည် ယင်းလုပ်ငန်းတွင် စိတ်ဝင်စားနေလျက် လေထဲတိုက်အိမ်ဆောက်သည့်လုပ်ရပ်များကိုလုပ်ကိုင်ရန် သင့်အနေဖြင့်အချိန်ရတော့မည်မဟုတ်ပေ။

အသုံးဝင်သောအလုပ်အကိုင်များကိုသိရှိခြင်းသည် သင်၏ဂနာမငြိမ် **၍** ကျေနပ်မှုမရှိသောစိတ်ကိုအင်အား၊ လက်**ရုံး**ရည်၊ နှလုံးရည်ဖြင့်ပြန့်စေလျက် လူတကာတို့၏လေးစားခြင်းကိုခံရစေမည်။ အစဉ်သင့်လျော်**၍** ကာယိန္ဒြေရှိသောဂုဏ်သိက္ခာကိုပေးလိမ့်မည်။

**မိန်းကလေးများအတွက်လက်တွေ့ပညာ၏တန်ဖိုး** – သား၏ နောင်ရေးစားသောက်နေထိုင်မှုကိစ္စအတွက် သူ့အားပညာသင်ပေးရန် လိုအပ်သည်ဟု ယုံကြည်ကြသောသူအများတို့က၊ သူတို့၏သမီးဖြစ်သူသည် လွတ်လပ်စွာဖြင့်လည်းကောင်း ကိုယ်ထူကိုယ်ထစနစ်ဖြင့် သူ့ဝမ်းသူကျောင်း နိုင်ရန်အတွက် ပညာသင်ကြားတတ်မြောက်ရေးနှင့်မသင်ကြားရေးကိစ္စများ သူ့စိတ်**ကြို**က်သာဖြစ်စေသင့်သည်ဟု ယူဆထားကြဟန်လက္ခဏာရှိသည်။ သူနေ့စဉ်ပရိယေသနဝမ်းစာအတွက် လုပ်ခကြေးငွေများရရှိအောင် လုပ်ကိုင်ရာတွင် လက်တွေ့အသုံးမ**ပြု**နိုင်လောက်သောပညာရေးကို စာသင်ကျောင်းတွင် သင်ကြားတတ်မြောက်သည်။ မီးဖိုချောင်နှင့်အိမ်တွင်းမှု ဆိုင်ရာအသက်တာအကြောင်းနှင့်ပတ်သက်**၍** သင်ကြားပို့ချခြင်းမခံရသော ကြောင့် ယင်းမိန်းကလေးသည် အသက်အရွယ်ရောက်ရှိလာချိန်တွင် သုံး**၍**မရသောကြောင့် မိဘတို့အတွက် မလိုလားအပ်သောဝန်ထုပ်ကြီး ဖြစ်နေလေသည်။

မိမိကိုယ်ကိုထိန်းကျောင်းမှုနှင့်ပတ်သက်၍ သင်ကြားပို့ချမှုခံရသော အမျိုးသမီးတစ်ဦးသည် အခြားသူတို့အားတစ်ဆင့်ထိန်းကျောင်းပေးရန် သင့်လျော်သောပုဂ္ဂိုလ်ဖြစ်သည်။ သူ့အနေဖြင့်အိမ်ထောင်၌ဖြစ်စေ၊ လူ့အဖွဲ့ အစည်းတွင်ဖြစ်စေ "မစွမ်းသောသူ" ဘယ်အခါမျှမဖြစ်နိုင်ပေ။ ကံမကောင်း အကြောင်းမလှ၍ စီးပွားရေးကျပ်တည်းမှုကိုရင်ဆိုင်ရသောအခါ သူသည် တစ်နေရာရာတွင် အလုပ်အကိုင်တစ်ခုခုကိုရမည်ဖြစ်ပြီး ယင်းအလုပ်အကိုင် မှရရှိသောချွေးနည်းစာဖြင့် သူ့ဝမ်းစာသူထိန်းကျောင်းနိုင်သည်သာမက သူ့အပေါ်အားထားနေကြသောသူတို့ကိုပါ လိုအပ်သောအကူအညီကိုပေးနိုင် မည်ဖြစ်သည်။ လိုအပ်လျှင် မိမိဝမ်းစာကိုရှာဖွေနိုင်စေရန် အမျိုးသမီးတို့အား အလုပ်အကိုင်တစ်ခုခုကိုသင်ကြားတတ်မြောက်ထားစေရမည်။ မိန်းကလေး တိုင်းသည် ဏ္ဍန္ဒြေရသောအလုပ်အကိုင်တစ်ခုခုကိုလုပ်ကိုင်သည် သာမက အိမ်ထောင်၏အိမ်တွင်းမှုလုပ်ငန်းများကို စီမံကွပ်ကဲရန်သင်ကြားထားခြင်း၊ ထမင်းဟင်းချက်ပြုတ်တတ်ခြင်း၊ အိမ်ကိုထိန်းသိမ်းကြည့်ရှုတတ်ခြင်းနှင့် အချုပ်အလုပ်များလုပ်ကိုင်တတ်ခြင်း စသောပညာများကို ဆည်းပူးထားရ ကြမည်။ အိမ်ထောင်သည် ချမ်းသာသည် ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ အိမ်ရှင်မအနေဖြင့် သိသင့်သိထိုက်သော အိမ်ထောင်မှုဆိုင် ရာကိစ္စအဝဝကိုသိရှိရပါမည်။ ထိုအခါ အကျပ်အတည်းနှင့်ရင်ဆိုင်ရသောအခါ သူမသည် အရေးပေါ်ကာလအတွက် အဆင်သင့်ဖြစ်နေမည်ဖြစ်သည်။ တစ်နည်းအား ဖြင့် သူမသည် အခြေအနေ၏အုပ်စီးထားခြင်းကို ခံရမည်မဟုတ်ပေ။

အမျိုးသမီးတိုင်းအတွက် အိမ်တွင်းမှုဆိုင်ရာတာဝန်များကို သိရှိ ခြင်းသည် တန်ဖိုးမဖြတ်နိုင်လောက်အောင် အဖိုးထိုက်လှသည်။ ဇနီးလည်း ဖြစ်၊ မိခင်လည်းဖြစ်သော အမျိုးသမီး၏တတ်ကျွမ်းမှုမရှိသောကြောင့် ပျော်ရွှင်မှုပျက်စီးပြိုကွဲခဲ့သော အိမ်ထောင်ပေါင်း မရေတွက်နိုင်လောက်အောင် များပြားလှပါသည်။ ကျွန်ုပ်တို့သမီးဖြစ်သူများသည် ပန်းချီအတတ်၊ ဆီဆေး ဖြင့်ခြယ်လှယ်မှုအတတ်၊ တေးဂီတအတတ်များကိုမတတ်သော်လည်း အရေးမကြီးလှပေ။ ယင်းအတတ်ပညာတို့ထက် ပိုမိုအရေးကြီးသောအတတ်ပညာမှာ ကိုယ်တိုင်ဝတ်မည့်အဝတ်အစားအတွက် ညှပ်ခြင်း၊ ချုပ်လုပ်ခြင်း၊ ဖာထေး ခြင်း (သို့မဟုတ်) အစားအသောက်များကို အရသာရှိရှိချက်ပြုတ်တတ် ခြင်းဖြစ်သည်။ အသက်ကိုးနှစ် (သို့မဟုတ်) ဆယ်နှစ်အတွင်းရောက်ရှိနေ သော မိန်းကလေးများကို တတ်နိုင်သရွေ့အိမ် တာဝန်များကို ပါဝင်ထမ်းဆောင် စေပြီး လုပ်ကိုင်သမျှအလုပ်ကိုလည်း တာဝန်ယူ၍ထမ်း ဆောင်စေရမည်။ သင်၏သားသမီးများအတွက် ဘယ်ကဲ့သို့သောအစီအစဉ်များ ထားရှိပါသ နည်း ဟူသောမေးခွန်းကို ဤအဖြေမျိုးကိုပေးသောဖခင်တို့သည် ဉာဏ်အမြော်အမြင် နှင့်ပြည့် စုံသော ဖခင်များဖြစ်သည်။ "ကျွန်တော်ရဲ့သမီးများကို မိခင်တစ်ဦးအ နေဖြင့် လုပ်ရိုးလုပ်စဉ် များကို လုပ်ကိုင်စေပါသည်။ အကျိုးရှိသောအလုပ် များကို လုပ်ကိုင်စေခြင်းအားဖြင့် အချိန်ကိုအသုံးပြုစေပါသည်။ ဇနီးကောင်း နှင့်မိခင်ကောင်းများ၊ အိမ်ထောင်ဦးစီးများနှင့်အဖွဲ့အစည်းအား အကျိုးပြု လုပ်သားများဖြစ်စေပါသည်။"

**ခင်ပွန်းလောင်းသည် ဗျွောတာစုဆောင်းတတ်၍ ဝီရိယရှိရမည်** – ရှေးခေတ်က သတို့သားလောင်းတစ်ဦးစီထိမ်းမြားမင်္ဂလာပြုရန် စေ့စပ်

ကြောင်းလမ်းခြင်းကိုအတည်မပြုမီ သူ့အခြေအနေအရ ယောက္ခမလောင်းအား ကြေးငွေဖြစ်စေ၊ အခြားပစ္စည်းဥစ္စာတစ်ခုခုဖြစ်စေ ခန်းဝင်အနေဖြင့်ပေးရသော ထုံးစံရှိခဲ့သည်။ တစ်နည်းအားဖြင့် ထိမ်းမြားမင်္ဂလာအတွက် လုံလောက်သော အကာအကွယ်အနေဖြင့် ထားရှိခြင်းဖြစ်သည်။ အိမ်ထောင်တစ်ခုကိုထောက်ပံ့ တင်ကူးစီမံထားခြင်းမရှိသော ယောကျ်ားကလေးများလက်သို့ သူတို့၏သမီး အားထိုးအပ်ရန် သင့်လျော်လိမ့်မည်ဟု အဘယ်မိခင်တို့ကမှမယူဆပေ။ သတို့သားလောင်းအနေဖြင့် ချွေတာစုဆောင်းခြင်း၊ လုပ်ငန်းကိုဦးစီးလုပ်ကိုင် **၍** ကျွဲ၊ နွား (သို့မဟုတ်) မြေယာကိုယ်ပိုင်များရရှိရန် အင်တိုက်အားတိုက် လုပ်ကိုင်**၍**ထားခြင်းမရှိလျှင် သူ့ဘဝအသက်တာမျိုးသည် ကောင်းကျိုးပြုလုပ် မည်မဟုတ်ဟု ယောက္ခမလောင်းများက စိုးရိမ်မကင်းဖြစ်ကြသည်။ သို့ရာတွင် ဇနီးတစ်ယောက်ရဖို့ ပိုက်ဆံကြေးငွေ၊ အခြားပစ္စည်းတစ်စုံတစ်ခု ခန်းဝင်ပစ္စည်းမပေးနိုင်သောသတို့သားလောင်းအတွက် စီမံချက်တစ်ခုထားရှိလေသည်။ ယောက္ခမလောင်းအတွက် အလုပ်တစ်ခုခုကိုလုပ်ခွင့်ပေးထား**၍** လုပ်ကိုင်ပေး ရသောကာလမည်မျှကြာရှည်မည်ကို ခန်းဝင်ပစ္စည်းတန်ဖိုးအားဖြင့် ဆုံးဖြတ်ရသည်။ သတို့သားလောင်းသည် အလုပ်လုပ်ကိုင်ပေးရာတွင် သစ္စာရှိစွာဖြင့် ဆောင်ရွက်လျှင်လည်းကောင်း၊ ၎င်းပြင် အခြားကိစ္စများတွင်လည်း သားမက် ဖြစ်ထိုက်ကြောင်းကို လက်တွေ့ပြလျှင်လည်းကောင်း သူသည် ယင်းသမီးကို ဇနီးအဖြစ်ရရှိလေသည်။ အများအားဖြင့် ဖခင်ရရှိထားသောခန်းဝင်ပစ္စည်းကို သမီး၏လက်ထပ်ချိန်တွင် သမီးအားပြန်လည်လက်ဖွဲ့လိုက်လေသည်။

လာဗန်ကဲ့သို့ တစ်ခါတစ်ရံအလွဲသုံးစားပြုကြသော ယင်းရှေးထုံးစံ သည် ကောင်းကျိုးပြုသည်။ သားမက်လောင်းသည် သတို့သမီးကိုရရှိရန် ယောက္ခမလောင်းအတွက် အလုပ်အကိုင်လုပ်ပေးရလျှင် အလျင်စလိုပြုလုပ် ကြသော ထိမ်းမြားမင်္ဂလာပွဲမျိုးကို တားဆီးထားနိုင်သည်သာမကသားမက် လောင်း၏မေတ္တာအတိမ်အနက်ကိုလည်းကောင်း၊ အိမ်ထောင်တစ်ခုကိုထောက်ပံ့ ပေးနိုင်စွမ်းမရှိသည်ကိုလည်းကောင်း စုံစမ်းရန်အခွင့်အရေးရလေသည်။ ကျွန်ုပ်တို့ခေတ်တွင် ယင်းလမ်းစဉ်မျိုးနှင့်ဆန့်ကျင်သုံးကြသောကြောင့် ဒုက္ခအမျိုးမျိုး ကိုရင်ဆိုင်ကြရသည်။

ကြေးငွေများရှာဖွေနိုင်စွမ်းမရှိသောယောကျ်ားဟူသည် အပြစ်တင် ခံရမှုနှင့်မလွတ်ကင်းနိုင်ပေ။ အများသောယောကျ်ားတို့သည် ကြင်နာတတ်သည်၊ ချစ်ဖွယ်ကောင်းသည်၊ လိုက်ရောသည်၊ လူကောင်းတစ်ယောက် ဖြစ်သည်၊ ခရစ်ယာန်ပီသသည်ဟု ပြောဆိုနိုင်ပေသည်။ သို့ရာတွင် ထိုသူ သည် သူ့ကိုယ်ပိုင်လုပ်ငန်းကိုဦးစီးကြီးကိုင်ပြုရန် အရည်အချင်းမရှိပေ။ ကြေးငွေအရင်းအနှီးပြုလုပ်ရေးတွင် သူသည် ကလေးလူမမယ်ကလေးမျှသာ ဖြစ်သည်။ ကိုယ်ထူကိုယ်ထစနစ်၏ကျင့်ဝတ်များကို နားလည်ကျင့်သုံးရန် သူ့မိဘများက သူ့အားသင်ကြားပို့ချမှုမရှိခဲ့ပေ။

———o———

အခန်း ၁၄

# စစ်မှန်သောပြောင်းလဲမှုလိုအပ်ခြင်း

**ဘာသာအယူဝါဒသည် အိမ်ထောင်၏ပျော်ရွှင်မှုကိုမုချဖြစ် စေသည်** – အိမ်ထောင်၏ဘာသာရေးအယူဝါဒသည် အံ့သြဖွယ်ဖြစ်သော တန်ခိုးအာနိသင်ဖြစ်သည်။ ခင်ပွန်းဖြစ်သူနှင့်ဇနီးဖြစ်သူတို့၏တစ်ဦးနှင့် တစ်ဦးအပြန်အလှန်ဆက်ဆံမှုသည် အိမ်ထောင်၏ဘဝအသက်တာကို ကောင်းကင်**၌**ရှိသောအိမ်ထောင်ကဲ့သို့ဝင်ရောက်မှုအတွက် ပြင်ဆင်ပေး သည့်ဌာနဖြစ်စေလိမ့်မည်။

ခရစ်တော်၏မေတ္တာတော်ဖြင့်ပြည့်ဝနေသော စိတ်နှလုံးများတို့သည် ဘယ်အခါမျှတစ်ခုနှင့်တစ်ခုအလှမ်းဝေးသောနေရာ**၌** ရပ်တည်နေခြင်းမရှိပေ။ ဘာသာအယူဝါဒသည်ချစ်ခြင်းဖြစ်၏။ ခရစ်ယာန်အိမ်ထောင်ဆိုသည်မှာ

မေတ္တာစိုးမိုးရာဌာနဖြစ်**၍** ယင်းမေတ္တာ၏လုပ်ဆောင်ချက်ကို အပြောအဆိုများတွင်လည်းကောင်း၊ ဆင်ခြင်ထောက်ထားကြင်နာသောအ**ပြု**အမူများနှင့်ကြင်နာနူးညံ့သိမ်မွေ့**၍** ယဉ်ကျေးစွာအကျိုးဆောင်ခြင်းများတွင်လည်းကောင်း လှုပ်ရှားနေသည်ကို တွေ့မြင်နိုင်သည်။

အိမ်ထောင်များတွင် ဘာသာအယူဝါဒကိုင်း**ရှိုင်း**မှုလိုအပ်နေသည်။ ယင်းကသာလျှင် လင်မယားဘဝတွင် တစ်ဦးပေါ်တစ်ဦးစိတ်နာကြည်းမှုရှိစေသောအမှားအယွင်းများကို ကာကွယ်တားဆီးထားနိုင်သည်။ ခရစ်တော်အရှင်စိုးမိုးသောနေရာမှသာလျှင် နက်**ရှိုင်း**၊ စစ်မှန်**၍** အတ္တစိတ်ကင်းသောမေတ္တာရှိနိုင်သည်။ ထိုစိုးမိုးမှုရှိမှသာလျှင် ဝိညာဉ်တစ်ခုနှင့်တစ်ခု ချည်နှောင်ပတ်ရစ်ထားခြင်းရှိနိုင်**၍** အသက်နှစ်ချောင်းသည် **ညီညွ**တ်စည်းလုံးမှုရှိကြလိမ့်မည်။ ယင်းအိမ်ထောင်များတွင် ကောင်းကင်တမန်ဧည့်သည်တော်များဝင်ရောက်သွားလာမှုရှိ**၍** ယင်းတို့၏နိုးကြားစွာစောင့်ထိန်းမှုက လင်မယားနေထိုင်ရာအခန်းကို စင်ကြယ်စေလိမ့်မည်။ ယုတ်ညံ့သောကာမဂုဏ်ခံစားမှုကိုရှောင်ရှားလိမ့်မည်။ စိတ်ကူးအကြံအစည်ရှိသမျှသည် ဘုရားသခင်ကိန်းဝပ်တော်မူရာအထက်အရပ်သို့ ဦးတည်လိမ့်မည်။ ကိုယ်တော်ရှင်ကိုသာလျှင် ဆုတောင်းပတ္ထနာ**ပြု**လိမ့်မည်။

ခရစ်တော်ကိန်းဝပ်တော်မူသောအိမ်ထောင်တိုင်းတွင် အိမ်ထောင်သားတို့သာ တစ်ဦး၏ကိစ္စတွင်တစ်ဦးကစိတ်ဝင်စားကြောင်း၊ တစ်ဦးကတစ်ဦးကိုချစ်ကြောင်း လက်တွေ့ပြသကြလိမ့်မည်။ ယုယစွာချော့မော့ပြောဆိုသောအခါ**၌**သာလျှင် တွေ့ရှိရသောပြောက်ကျားမေတ္တာမျိုးမဟုတ်ဘဲ နက်**ရှိုင်း** **၍**တည်မြဲသော မေတ္တာမျိုးဖြစ်သည်။

**ခရစ်ယာန်အယူဝါဒသည် အုပ်ထိန်းသောသြဇာသက်ရောက်မှုဖြစ်ရမည်။** လင်မယားဘဝအပေါ်တွင် ခရစ်ယာန်အယူဝါဒက အုပ်ထိန်းသောသြဇာသက်ရောက်မှုရှိသင့်ပေသည်။ သို့ရာတွင် ယင်းလင်မယားဘဝ သို့ပို့ဆောင်ပေးခဲ့သောရည်စူးချက်တို့သာ အများအားဖြင့် ခရစ်ယာန်ကျင့်စဉ် များနှင့်မညီလျော်ပေ။ စာတန်သည် ဘုရားသခင်၏လူတို့အား သူ့ဘက် တော်သားများနှင့်အိမ်ထောင်**ပြု**စေခြင်းအားဖြင့် သူတို့အပေါ်တွင် သူ့တန်ခိုးအာနိသင်၏အုပ်စီးထားမှုကို ခိုင်မြဲတည်တံ့အောင် အမြဲတမ်း**ကြိုး**ပမ်းလျက်ရှိသည်။ ယင်း**ကြိုး**ပမ်းမှုအောင်မြင်စေရန်လည်း ဘုရားသခင်၏လူတို့စိတ်

နလုံးများထဲ၌ မသန့်ရှင်းသောတပ်မက်မှုများထကြွလာအောင် လှုံ့ဆော်ပေး သည်။ သို့ရာတွင် သူတို့၏စိတ်ထဲ၌ ဘုရားသခင်၏မေတ္တာတော်ကိန်းဝပ်ခြင်း မရှိသောသူ တို့နှင့် အိမ်ထောင်ဖက်မပြုကြရန် ကိုယ်တော်သည် မိမိလူတို့အား မိမိ၏နှုတ်ကပတ် တော်၌ပြတ်သားစွာ ဆုံးမဩဝါဒပေးထားတော်မူသည်။

**အိမ်ထောင်ကျခါစလင်မယားနှစ်ဦးအား အကြံဉာဏ်ပေးထား ချက်။** လူနှစ်ဦးအားရာသက်ပန်ပေါင်းစည်းထားသော ထိမ်းမြားမင်္ဂလာသည် ခရစ်တော်နှင့် ကိုယ်တော်၏အသင်းတော်တို့ဖက်စပ်ခြင်းကို ပုံဆောင်ပေသည်။ ကိုယ်တော်၏အသင်း တော်အပေါ် ခရစ်တော်ထားရှိတော်မူသောစိတ်သဘော မျိုးကို လင်မယားတို့သည် တစ်ဦးပေါ်တစ်ဦးရှိကြရမည်။ သူတို့သည် ဘုရားသခင်ကိုအလွန်မြတ်နိုးကြ၍ တစ်ဦးကိုတစ်ဦးယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံလျက် တစ်ဦးပေါ်တစ်ဦးအချစ်ညီကြ မည်။ နှစ်ဦးစလုံးအတ္တစိတ် ကင်းမဲ့စွာဖြင့်လည်းကောင်း၊ တစ်ဦး၏အကျိုးကိုပြုစုခြင်း ငှာ တစ်ဦး၏ ကိုယ်ကျိုးကို အနစ်နာခံခြင်းဖြင့်လည်းကောင်း တစ်ဦးအတွက်တစ်ဦး သည် စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်စေသည်။

သင်တို့နှစ်ဦးစလုံးသည် ပြောင်းလဲရန်လိုအပ်ပေသည်။ ဘုရားသခင်၏ စကားတော်ကိုနာခံခြင်းဆိုသည့်အဓိပ္ပါယ်ကို သင်တို့နှစ်ဦးစလုံး၌ မှန်ကန်သောနား လည်မှုမရှိကြပေ။ "ငါ့ဘက်၌မနေသောသူသည် ငါ့ရန်ဘက်ဖြစ်၏။ ငါနှင့်အတူမစု သိမ်းသောသူသည် ကြဲဖြန့်သောသူဖြစ်၏" ဆိုသောမိန့်တော် မှုချက်ကိုလေ့လာပါ။ သင်တို့နှစ်ယောက်သည် ဘုရားသခင်၏သားသမီး စစ်များဖြစ်လျက် ကိုယ်တော်ရှင် အနေဖြင့် တာဝန်များကိုယုံကြည်စွာဖြင့် လွှဲအပ်ထားနိုင်သော ပုဂ္ဂိုလ်များဖြစ်ကြလိမ့် မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါ သည်။ ထိုအခါ ငြိမ်သက်ခြင်း၊ ကိုးစားခြင်းနှင့်ယုံ ကြည်ခြင်းတည်းဟူသော ကောင်းချီးမင်္ဂလာများတို့သည် သင်တို့အပေါ်သို့ရောက်ရှိ လာလိမ့်မည်။ မှန်ပါသည်။ သင်တို့နှစ်ဦးစလုံးသည် ဝမ်းမြောက်ရွှင်လန်း၍ အပြော နှင့်အလုပ်ညီ**ညွ**တ်သော ခရစ်ယာန်များဖြစ်လာလိမ့်မည်။ အကောင်းကိုခင်တွယ်၍ မကောင်းကိုဖယ်ရှားရန် နည်းလမ်းကိုသိရှိ၍ သိမှတ်တတ်သောအရည် အချင်းထက် မြက်အောင်**ကြိုး**စားပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာပါ။ သင်တို့သည် ကယ်တင်ခြင်းသို့ဝင်စားစေဖို့ ခရစ်တော်သည် အလိုတော်ရှိတော်မူသည်။ ကျွန်ုပ်ချစ် သောညီအစ်ကိုတော်၊ သင်၏ဘဝ အသက်တာသည် အသုံးဝင်သောအသက်တာမျိုးဖြစ် စေရန် ကိုယ်တော်ရှင် သည် သင့်အသက်ကိုအံ့ဩဖွယ်ကောင်းလောက်အောင် ထိန်း သိမ်းစောင့် ရှောက်ထားတော်မူသည်။ သင့်ဘဝအသက်တာထဲသို့ အကောင်းဟူသမျှကို အတတ်နိုင်ဆုံးသွတ်သွင်း၍ အသုံးချပါ။

သင်တို့နှစ်ဦးသည် ဘုရားသခင်၏သားသမီးများဖြစ်လာရန် စိတ်ပါ လက်ပါဆန္ဒမရှိလျှင် တစ်ဦးကိုတစ်ဦး ဘယ်ကဲ့သို့မစရမည့်နည်းလမ်းကို ပြတ်သား စွာနားလည်ကြလိမ့်မည်မဟုတ်ပေ။ သင်တို့သည် အမြဲတမ်း တစ်ဦးအပေါ်တစ်ဦး သနားကြင်နာသောစိတ်နှင့် တစ်ဦးအကျိုးတစ်ဦးက ပြုလိုသောစိတ်မျိုးကိုမွေးလျက်

တစ်ဦးကိုတစ်ဦးပျော်ရွှင်အောင်ပြုလုပ်နိုင်ရန် သင်တို့၏လိုအင်ဆန္ဒများနှင့်ရည်စူးချက်များကိုစွန့်လွှတ်ပါ။ နေ့စဉ်နေ့တိုင်း မိမိကိုယ်ကိုမိမိသိက္ခမ်းမှု တိုးတက်မှုရှိစေပါ။ နေ့စဉ်နေ့တိုင်း သင်တို့၏ အကျင့်စာရိတ္တတွင် အားနည်းချက်များကို အင်အားဖြင့်ပြည့်ဝစေရန် ပိုမို ကောင်းမွန်စွာသိက္ခမ်းလာပါလိမ့်မည်။ ခရစ်တော် သခင်ကယ်တင်ရှင်သည် သင်တို့၏အလင်းအနေဖြင့်လည်းကောင်း၊ သင်တို့၏ အင်အားအနေဖြင့်လည်း ကောင်း၊ သင်တို့၏ဝမ်းမြောက်ခြင်းသရဖူအနေဖြင့် လည်းကောင်း ရပ်တည် နေတော်မူလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သင်တို့၏လိုအင်ဆန္ဒကို ကိုယ်တော်၏လိုအင်ဆန္ဒတော်သို့ အပ်နှံသောကြောင့်ဖြစ် သည်။

သင်တို့၏နှလုံးအတွင်း**၌** ဘုရားသခင်၏နိုပ်ကွပ်နိုင်သော ကျေးဇူးတော်ကိန်းဝပ်ရန်လိုအပ်နေသည်။ သက်သာ**၍**လုပ်ရှားမှုမရှိသော ဘဝအသက်တာမျိုးကို အလိုမရှိကြပါနှင့်။ ဘုရားသခင်၏အမှုတော်နှင့် ပတ်သက်နေသောသူဟူသမျှသည် အတ္တစိတ်ကိုအမြဲတမ်းသတိထားရှောင်ကြဉ် ရမည်။ သင်၏မီးအိမ်ကို သပ်ရပ်အောင်လုပ်**၍** မီးထွန်းထားပါ။ ထိုအခါ သင်တို့သည် အပြောအဆို၊ အပြုအမူတို့တွင် ဟော့ရမ်းမှုရှိလိမ့်မည်မဟုတ်ပေ။ သင်တို့နှစ်ဦးသည် တစ်ဦး၏ကြိုက်နှစ်သက်ရာကို တစ်ဦးပြုလုပ်လျှင် သင်တို့သည် စိတ်ချမ်းသာမှုကိုရရှိကြလိမ့်မည်။ သင်တို့၏ဝိညာဉ်ရေးဆိုင်ရာ တံခါးများကို မြေကြီးဘက်သို့ပိတ်ထား **၍** ကောင်းကင်ဘက်သို့ဖွင့်ထားကြပါ။

ခရစ်တော်အား မိမိတို့၏ပုဂ္ဂလိကကယ်တင်ရှင်အနေဖြင့် အသိအမှတ်ပြုကြလျှင် လူအပေါင်းတို့သည် မြင့်သောအဆင့်အတန်းသို့ခြေမီလက်မီရောက်ရှိကြလိမ့်မည်။ ဆုတောင်း**၍**စောင့်နေလျက်ရှိသမျှကို ဘုရားသခင်အားအပ်နှံပါ။ သင်တို့အနေဖြင့် ထာဝရအသက်ကိုရအံ့သောငှာ **ကြိုး**ပမ်းနေကြောင်းသိရှိရခြင်းက သင်တို့နှစ်ဦးလုံး၏အခြေကို ခိုင်မာစေ**၍** နှစ်သိမ့်မှုကိုပေးပါလိမ့်မည်။ စိတ်ကူးအကြံများတွင်လည်းကောင်း၊ အပြောအဆိုတွင်လည်းကောင်း၊ အပြုအမူတွင်လည်းကောင်း သင်တို့သည် **ဤ**လောက**၌** အလင်းများဖြစ်ရကြမည်။ သခင်ဘုရား**၌**စည်းကမ်းသေဝပ်မှုရှိပါ။ အဘယ်ကြောင့်ဆိုသော် ယင်းစည်းကမ်းသေဝပ်မှုမရှိဘဲနှင့် ဘုရားသခင်သည် သင်တို့လက်သို့အပ်နှံထားတော်မူသော သမ္မာတရားများကို သင့်လျော်ကောင်းမွန်စွာ ကျင့်သုံးဖြန့်ဖြူးနိုင်ကြလိမ့်မည်မဟုတ်ပေ။ ယေ**ရှု**ရှင်ကိုယုံကြည်သောအားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း သူတစ်ပါးတို့၏ဝိညာဉ်များကိုပါ ကယ်တင်ရန်**ကြိုး**ပမ်းကြရမည်ဖြစ်သည်။ ခရစ်တော်သည် သင်တို့အတွက်ပုံသက်သေဖြစ်ပါလေစေ။ အောင်မြင်မှုအတွက်တန်ခိုးကို

ပေးနိုင် တော်မူသောအရှင်အနေဖြင့် ကိုယ်တော်ကိုချီမထားပါ။ အတ္တစိတ်၏ရေ သောက် မြစ်ကိုခုတ်လှဲပစ်ပါ။ ဘုရားသားသမီးများဖြစ်ကြသည်။ သင်တို့ကယ် တင်ရှင်၏ ဂုဏ်တော်ကိုချီးမွမ်းပါ။ သင်တို့အား ကိုယ်တော်ရှင်နိုင်ငံတော်**၌** နေစရာ အခန်းကို ပေးပါလိမ့်မည်။

---o---

# အပိုင်း (၅)

# ထိမ်းမြားမင်္ဂလာပြုချိန်မှ

# အခန်း ၁၅
# လေးနက်သောသစ္စာပြုချက်များ

**လင်နှင့်မယားတို့အတွက် ဘုရားသခင်၏ရည်စူးချက်** – လူယောကျ်ားအတွက် အပေါင်းအဖော်အနေဖြင့်လည်းကောင်း၊ အထောက်အမအနေဖြင့်လည်းကောင်း၊ ရပ်တည်နေ**၍** သူ့ယောကျ်ားနှင့်တစ်သားတစ်ကိုယ်တည်းဖြစ်စေရန်လည်းကောင်း၊ သူ့အားပျော်ရွှင်စေရန်လည်းကောင်း၊ အားပေးရန်လည်းကောင်း၊ မင်္ဂလာဖြစ်စေရန်လည်းကောင်း လူယောကျ်ား၏အင်္ဂါအစိတ်အပိုင်းထဲမှ လူမိန်းမကိုဖန်ဆင်းတော်မူသည်။ ယောကျ်ားသည် အတုံ့အလှည့်အနေဖြင့် လူမိန်းမအတွက် အင်အားရှိသောအထောက်အကူ

အနေဖြင့် ရပ်တည်နေရမည်။ ယောကျ်ားအနေဖြင့် မိန်းမ၏စင်ကြယ်သော ယောကျ်ား၏အကျင့်စာရိတ္တကိုပျော့ပျောင်းစေခြင်း၊ ပိုမိုကောင်းမွန်လာအောင် ပြုပြင်ပေးခြင်းတည်းဟူသော သန့်ရှင်းသောရည်စူးချက်ဖြင့် အိမ်ထောင်ပြု ကြသောသူတို့သည် သူတို့အတွက်ထားရှိတော်မူသော ဘုရားသခင်၏ရည်စူး ချက်ကို အကောင်အထည်ဖော်ရကြမည်ဖြစ်ပါသည်။

**ဤ**အဖွဲ့အစည်းကိုဖျက်ဆီးပစ်ရန် ခရစ်တော်သည် ကြွလာတော် မူခဲ့သည်မဟုတ်ဘဲ ယင်းအထုံးအဖွဲ့ကိုမူလက သန့်ရှင်းမြင့်မြတ်သော အခြေအ နေသို့ ပြန်လည်ပို့ဆောင်ပေးရန် ကြွလာတော်မူခဲ့သည်။ လူသားတို့**၌** ဘုရား သခင်၏ကိုယ်ကျင့်တရားဆိုင်ရာပုံသဏ္ဍာန်တော်ကို ပြန်လည် သွတ်သွင်းပေး ရန်ကြွလာတော်မူ**၍** ထိမ်းမြားမင်္ဂလာအထုံးအဖွဲ့ကို စီစဉ် ခွင့်ပြုထားခြင်းဖြင့် ကိုယ်တော်၏အမှုတော်ကို စတင်ဆောင်ရွက်တော်မူသည်။

အာဒံအတွက်အထောက်အမအနေဖြင့် ဧဝကိုထားရှိပေးသနားတော် မူသောအရှင်သည် မင်္ဂလာဆောင်ပွဲတစ်ခုတွင် နိမိတ်လက္ခဏာတစ်ခုကို ပြုတော်မူသည်။ မိတ်ဆွေသင်္ဂဟများနှင့် ရွှေပွဲလာဧည့်သည်တော်အပေါင်း တို့အတူတကွ ပျော်ရွှင်နေသောမင်္ဂလာဆောင်ခန်းမကြီးထဲတွင် ခရစ်တော် ရှင်သည် မိမိ၏ပြည်သူလူထုဆိုင်ရာ အမှုတော်ကိုစတင်ဆောင်ရွက်တော် မူသည်။ **ဤ**နည်းအားဖြင့် ကိုယ်တော်ရှင်ကိုယ်တိုင်တည်ထောင်ချပေးတော် မူသောအထုံးအဖွဲ့ကို အသိအမှတ်ပြုတော်မူသည်။ ယောကျ်ားနှင့်မိန်းမတို့ သည် သန့်ရှင်းသောထိမ်းမြားမင်္ဂလာဆောင်ရန်လည်းကောင်း၊ ကောင်းကင် ဘုံ**၌**ရှိသော အိမ်ထောင်သားများအနေဖြင့် အသိအမှတ်ပြုရမည့်ဂုဏ်ဒြပ်နှင့် ပြည့်စုံသော အိမ်သူအိမ်သားများကို မွေးဖွားစေရန်လည်းကောင်း ဘုရားသခင်သည် လူယောကျ်ား၊ လူမိန်းမတို့အတွက် စီမံခန့်ခွဲထားတော်မူသည်။

**ပျော်ရွှင်သောလင်မယားဘဝမျိုးကို ယေရှုရှင်သည်အလိုတော် ရှိတော်မူသည်။** ခရစ်တော်ထံမှဆင်းသက်သောမေတ္တာတော်သည် လူသား တို့ဆိုင်ရာမေတ္တာကို ဘယ်အခါမျှဖျက်ဆီးခြင်းမပြုဘဲ ကိုယ်တော်၏မေတ္တာ တော်ထဲသို့ သွတ်သွင်းထားတော်မူသည်။ ယင်းမေတ္တာတော်အားဖြင့် လူသား တို့၏မေတ္တာကို သန့်ရှင်းစင်ကြယ်မြင့်မြတ်စေတော်မူသည်။ လူသားတို့၏ မေတ္တာသည် ဘုရားသခင်၏ကတိတော်နှင့်ပေါင်းစပ်စည်းလုံး**၍** ကောင်းကင် ဘက်သို့ဦးတည်ကြီးပွားတိုးတက်စေရန်အတွက် သင်ကြားပို့ချမှုမရှိဘဲ ယင်း

မေတ္တာ၏ဖိုးထိုက်အသီးများကို ဘယ်အခါမျှသီးနိုင်စွမ်းမရှိပေ။ ယေရှုရှင် အနေဖြင့် ပျော်ရွှင်သောလင်မယားဘဝနှင့် အိမ်တစ်ဆောင်မီးတစ်ပြောင်အနေဖြင့် ရပ်တည်နေမှုကိုတွေ့မြင်လိုတော်မူသည်။

လူသားတို့အား ထိန်းသိမ်းကျင့်သုံးရန်ပေးထားတော်မူသော အခြားအခြားသောဆုကျေးဇူးများနည်းတူ ထိမ်းမြားမင်္ဂလာသည်လည်း အပြစ်ဒုစရိုက်အားဖြင့် ကမောက်ကမဖြစ်ရလေသည်။ သို့ရာတွင် ယင်းထိမ်းမြားမင်္ဂလာ ကို ယင်း၏မူလစင်ကြယ်ခြင်းနှင့်လှပခြင်းအခြေအနေသို့ ပြန်လည်ပို့ဆောင် ပေးရန် ဧဝံဂေလိတရားတော်ကရည်စူးသည်။

ခရစ်တော်၏ကျေးဇူးတော်တစ်ခုတည်းကသာလျှင် ဘုရားသခင်၏ ရည်စူးထားတော်မူချက်အတိုင်း ယင်းအထုံးအဖွဲ့သည် လူသားတို့အား စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်စေ**၍** သူတို့၏အခြေအနေကိုမြှင့်တင်ပေးသည့် အစီအစဉ်ဖြစ်စေရန် **ပြု**ပြင်ပေးနိုင်သည်။ **ဤ**နည်းအားဖြင့် မြေကြီးပေါ်**၌** ရှိသောအိမ်ထောင်များသည် စည်းလုံးညီ**ညွ**တ်ခြင်း၊ ငြိမ်သက်ခြင်းနှင့်မေတ္တာ တရား**ရှေ့**ထားခြင်းအားဖြင့် ကောင်းကင်အိမ်ထောင်ကို ကိုယ်စား**ပြု**နိုင် ကြသည်။

**ဤ**သန့်ရှင်းသောအထုံးအဖွဲ့အတွက် ဘုရားသခင်ထားရှိတော်မူသည့် ရည်မှန်းချက်များအပေါ်တွင် အဖွဲ့အစည်း၏အခြေအနေက ဝမ်းနည်းဖွယ် ကောင်းသော အရိပ်ထိုးလျက်ရှိသည်။ သို့စေကာမူ အတူလက်တွဲလျက် သွားလာနေထိုင်**၍** ပျော်ရွှင်သောဘဝအသက်တာမျိုးကို မျှော်မှန်းခဲ့သော်လည်း စိတ်ဒုက္ခရောက်ခြင်းနှင့် စိတ်ဆင်းရဲခြင်းတို့ကိုရင်ဆိုင်ခဲ့ရသော အိမ်ထောင်များကိုပင် ခရစ်တော်၊ ဧဝံဂေလိ တရားတော်က စိတ်နှစ်သိမ့်မှုကိုပေးသည်။

**ပျော်ရွှင်ဖွယ်သောအချိန်။** ယေရှုရှင်ကိုယ်တိုင်နှင့်တပည့်တော် များကို ကာန**မြို့၌**ကျင်းပခဲ့သော မင်္ဂလာဆောင်စားသောက်ပွဲသို့ ဖိတ်ကြား ထားခဲ့ကြောင်း ကျမ်းစာထဲတွင် ရေးသားဖော်ပြထားသည်။ မင်္ဂလာဆောင် ပွဲသို့ဖိတ်ကြားခြင်းခံရသောအခါ ယင်းကဲ့သို့ပျော်ရွှင်ဖွယ်သောအချိန်သို့ မတက်ရောက်ရဟု ခရစ်တော်က ခရစ်ယာန်များအား တားမြစ်ထားတော်မမူ ခဲ့ပေ။ ယင်းမင်္ဂလာဆောင်ပွဲကို တက်ရောက်ခြင်းအားဖြင့် ကိုယ်တော်ရှင် ကိုယ်တိုင် စီစဉ်ချပေးထားတော်မူသော **ဤ**အထုံးအဖွဲ့ကိုလိုက်နာကျင့်သုံး ရာတွင် ပျော်ရွှင်ကြသောသူတို့နှင့်လက်တွဲ**၍** ပျော်ရွှင်ကြရန် ကိုယ်တော်ရှင် သည် အလိုတော်ရှိတော်မူကြောင်းကို သွန်သင်တော်မူသည်။ ကိုယ်တော်ရှင် ၏ပညတ်ဥပဒေများနှင့်ညီလျော်သော၊ လူသားတို့၏ အပြစ်ကင်းသော ပွဲတော် များကျင်းပခြင်းကို ဘုရားသခင်သည် တားမြစ်တော်မူခြင်းမရှိခဲ့ပေ။ ခရစ်တော်ကိုယ်တိုင်ကြွရောက်တော်မူခြင်းဖြင့် ဂုဏ်**ပြု**ခြင်းခံရသောပွဲတော်

မျိုးကို ကိုယ်တော်ရှင်၏တပည့်တော်များတက်ရောက်ခြင်းသည် မှန်ကန် သောလုပ်ရပ်ဖြစ်သည်။ ယင်းမင်္ဂလာဆောင်ပွဲတော်ကို တက်ရောက်တော်မူ ပြီးသည့်နောက်ပိုင်းတွင် ခရစ်တော်သည် အခြားပွဲတော်အမြောက်အမြားကို တက်ရောက်ခြင်းဖြင့်လည်းကောင်း၊ ဆုံးမသြဝါဒပေးခြင်းဖြင့်လည်းကောင်း ယင်းပွဲတော်တို့ကို သန့်စင်စေတော်မူသည်။

**မင်္ဂလာဆောင်ပွဲ၌ ဟိတ်ဟန်ပြခြင်းမလိုဘဲ အသုံးအစွဲကြီးမား ခြင်း၊ အပျော်ကြူးခြင်းတို့သည်မသင့်လျော်ပေ။** မင်္ဂလာဆောင်ပွဲများ တွင် ဟိတ်ဟန်ပြခြင်း၊ မလိုအပ်ဘဲကြေးငွေအသုံးအစွဲကြီးမားခြင်းနှင့် ကိုယ့်အလိုလိုက်သော **အပြု**အမူများ**ပြု** လုပ်တတ်ကြသည်။ သို့ရာတွင် မင်္ဂလာ ဆောင်သောသတို့သားသတို့သမီးတို့သည် ဘာသာရေးဆိုင်ရာယုံကြည်ခြင်းနှင့် ကျင့်ဝတ်များကိုယုံကြည်ကြလျှင်၊ **၎**င်းအပြင်အစီအစဉ်အားလုံးတို့သည် ယင်းယုံကြည်ချက်တို့နှင့်ဆီလျော်သင့်မြတ်လျှင် မင်္ဂလာဆောင်ပွဲကို ဘုရားသခင် အနေဖြင့် မနှစ်**မြို့**စရာအကြောင်းမရှိပေ။ သတို့သားနှင့်သတို့သမီးတို့သည် တစ်ဦးနှင့်တစ်ဦးမည်မျှပင်သင့်လျော်ထိုက်တန်ကြသော်လည်း သူတို့၏မင်္ဂလာ ဆောင်ပွဲကို ဟိတ်ဟန်ပြပွဲအနေဖြင့် ကျင်းပရန်အကြောင်းမရှိပေ။

ထိမ်းမြားမင်္ဂလာအထုံးအဖွဲ့ကိုကျင်းပချိန်တွင် အပျော်ကြူးခြင်းနှင့် ဟန်ဆောင်မှုများကို တွေ့မြင်ရသည်မှာ လုံးဝမသင့်လျော်ဟုယူဆပါသည်။ ထိမ်းမြားမင်္ဂလာသည် ဘုရားသခင်၏စီမံခန့်ခွဲထားတော်မူသောကြောင့် ယင်းအထုံးအဖွဲ့ကို **လ**န္ဒြေအရှိဆုံးဖြင့် ကျင်းပရမည့်ကိစ္စအနေဖြင့် တွေ့မြင် ရမည်။ အိမ်ထောင်ရေးကိစ္စကို **ဤ**ကမ္ဘာမြေကြီး ပေါ်**၌**ကျင်းပသောအခါ ယင်း ကျင်းပမှုကမိုးကောင်းကင်**၌** သူတို့တည်ထောင်ရမည့် အိမ်ထောင်ကို ပြသရ ပေမည်။ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေခြင်းအလို့ငှာ အမြဲတမ်း ဦးစားပေး**၍**ဆောင်ရွက်ရမည်။

**မစ္စစ်ဂိုက်အိမ်၌ကျင်းပသောထိမ်းမြားမင်္ဂလာ။** တစ်နေ့သောအင်္ဂါ နေ့နံနက် (၁၁) နာရီအချိန်လောက်တွင် ကျွန်ုပ်တို့အိမ်မှခန်းမကြီးထဲ**၌** မင်္ဂလာဆောင်ပွဲတစ်ခု အတွက် နေရာထိုင်ခင်းများပြင်ဆင်ထားပါသည်။ ဓမ္မဆရာဘီက ယင်းလက်ထပ်ပွဲကို ကျင်းပပေးသည်။ လက်ထပ်ပွဲအစီအစဉ် မှာ ချောချောမောမောပြီးဆုံးသွားပါသည်။ လက်ထပ်ပွဲအပြီးတွင် မစ္စစ်ဂိုက် အားဆုတောင်းခိုင်းပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အထူး လွတ်လပ်မှုကိုပေးပါသည်။ ကျွန်ုပ်၏စိတ်နှလုံးသည် ပျော့ပျောင်း လာ**၍** ဘုရားသခင်ဝိညာဉ်တော်၏နိုပ်ကွပ်မှုကိုခံရပါသည်။ ယင်းအချိန်တွင် ပြောင် လှောင်ပြောဆိုမှုနှင့် ညစ်ညမ်းယုတ်မာသောစကားများ အဘယ်နှုတ် ကမျှမထွက်ပေ။ မင်္ဂလာပွဲနှင့်ပတ်သက်**၍** **လ**န္ဒြေရ**၍**လေးစားဖွယ်လည်း ဖြစ်သည်။ လုပ်ကိုင်လေသမျှသည် အခြေအနေကိုမြှင့်တင်ပေးသည့်သဘော ပါ**၍** အလွန်မှပင်မှတ်သားဖွယ်လည်းကောင်း လှပေသည်။ **ဤ**ထိမ်းမြား မင်္ဂလာကို

ကယ်တင်ရှင်သည် စင်ကြယ်စေတော်မူသောကြောင့် ယခုအခါ **၎င်း**လူငယ်လင်မယားနှစ်ဦးတို့သည် လမ်းလွဲပျောက်ဆုံးသောသူတို့ကို ရှာဖွေ ကယ်တင်ရန် နေရာတစ်နေရာတွင် သာသနာ**ပြု**အမှုတော်ကို ထမ်းဆောင် လျက်ရှိကြပါသည်။ သူတို့သည် နှိမ့်ချသောစိတ်ဖြင့် ကိုယ်တော်ရှင်နှင့်အတူ လက်တွဲ**၍** နှိမ့်ချသော စိတ်ဖြင့်ချီတက်လျက် ကိုယ်တော်ရှင်၏ကတိတော် များကို လုံးဝမှီခိုအားထားလျှင် ဘုရားသခင်သည် သူတို့ဆောင်ရွက်လေ သမျှကို ကောင်းချီးပေးတော်မူလိမ့်မည်။

**အသက်နှစ်ချောင်းစုပေါင်းခြင်း။** ဝိညာဉ်များကယ်တင်ရေးဆိုင်ရာ လုပ်ငန်းအတွက် မိမိတို့၏အကျိုးခံစားမှုများ၊ သူတို့၏ထောက်ထားညှာတာခြင်းများ၊ သူတို့၏မေတ္တာ၊ သူတို့၏လုပ်ငန်းတို့ကိုပေါင်းစပ်ရန် သင်တို့**ရှေ့**ဝယ်မတ်တတ်ရပ်နေသော အကြင်လင်မယားနှစ်ဦးတို့အတွက် ယင်းအချိန်အခါသည် သူတို့၏ကိုယ်ရေးရာဇဝင်တွင် အရေးကြီးသောအချိန်ဖြစ်သည်။ ထိမ်းမြားမင်္ဂလာ**ပြု**သောအခါ အသက်နှစ်ချောင်းကိုတစ်ချောင်းတည်းဖြစ်ရန် ပေါင်းစပ်ခြင်းသည် အလွန်အရေးပါအရာရောက်လှသောခြေလှမ်းဖြစ်သည်။ လင်နှင့်မယားနှစ်ဦးတို့သည် ဘုရားသခင်၏အမှုတော်ကိုလက်တွဲ**၍** ရှေ့သို့ တိုးတက်ဆောင်ရွက်သွားကြရန် မိမိတို့၏အသက်တာကိုပေါင်းစပ်ခြင်းသည် ဘုရားသခင်၏အလိုတော်နှင့်ညီလျော်ပေသည်။ သူတို့နှစ်ဦးအမှုတော်ကို ထမ်းဆောင်နိုင်ကြသည်။

ယင်းကဲ့သို့သောပေါင်းစပ်မှုရှိသောအိမ်ထောင်**၌** ဘုရားသခင်၏ ကောင်းချီးမင်္ဂလာသည် ကောင်းကင်မှလာသောနေရောင်ခြည်ကဲ့သို့ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် လင်မယားနှစ်ဦးတို့သည် ခရစ်တော်၏လက်တော်အောက်တွင် ခရစ်တော်၏ချုပ်ထိန်းမှုနှင့် ကိုယ်တော်၏စိတ်သဘောတော်က လမ်းပြပို့ဆောင်ခံရလျက် ယောကျာ်းနှင့်မိန်းမတို့သည် အိမ်ထောင်ဖက်ထူထောင်ရန် ဘုရားသခင်သည် စီမံခန့်ခွဲတော်မူသည်။

မြေကြီးပေါ်**၌**ရှိသောအိမ်ထောင်သည် ကောင်းကင်ဘုံ**၌**ရှိသော အိမ်ထောင်၏အထိမ်းအမှတ်အနေဖြင့် အပျော်ရွှင်ဆုံးဌာနဖြစ်စေရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။ အိမ်ထောင်ထိမ်းမြားမင်္ဂလာဆိုင်ရာ တာဝန်ဝတ္တရားများကိုထမ်းဆောင်**၍** သူတို့၏လိုအင်ဆန္ဒများကို ခရစ်တော် ယေ**ရှု**နှင့်ဆက်သွယ်ထားသည်သာမက ကိုယ်တော်ရှင်၏လက်**ရုံး**တော်နှင့်

ကတိတော်အပေါ်အမှီတံကဲပြုလျက် လင်နှင့်မယားတို့သည် ဘုရားသခင် ကောင်းကင်တမန်များ ထောက်ခံထောမနာပြုနိုင်သောစုံမက်ခြင်း**၌** ပျော်ရွှင်မှုကိုခံစားနိုင်ကြသည်။

ထိမ်းမြားမင်္ဂလာပြုခြင်းသည် သူတို့၏အသုံးကျမှုကိုမလျော့ကျ စေဘဲ ယင်းကိုပိုမိုသန့်စွမ်းစေသည်။ သူတို့၏လင်မယားဘဝကို ခရစ်တော် ထံဝိညာဉ်များတို့ကိုခေါ်ဆောင်ရသော အမှုတော်ထမ်းဆောင်မှုအတွက် အသုံးပြုနိုင်ကြသည်။ ကျွန်ုပ်တို့သည် ဘာကိုပြောနေကြောင်းကို သိရှိပါသည်။ အဘယ်ကြောင့်ဆိုသော် နှစ်ပေါင်းသုံးဆယ့်ခြောက်နှစ်ဖြစ်သောလင်မယား ဘဝတွင် ကျွန်ုပ်ခင်ပွန်းနှင့်ကျွန်ုပ်သည် ကျွန်ုပ်တို့အရှင်အား ဘုရားသခင်၏ စေလွှတ်တော်မူသော ဘယ်နေရာကိုမဆိုသွားရောက်လျက် ကိုယ်တော်၏ အမှုတော်ကိုထမ်းခဲ့ပါသည်။ **ဤ**ကိစ္စတွင် ကျွန်ုပ်တို့၏လင်မယားဘဝကို ဘုရားသခင်သည် ကောင်းချီးပေး၊ ထောမနာပြုကြောင်း ကျွန်ုပ်တို့အနေဖြင့် သိရှိပါသည်။ ထိုကြောင့် ထိမ်းမြားမင်္ဂလာသည် လေးနက်သောအထုံးအဖွဲ့ ဖြစ်သည်။

ယခုအချိန်တွင် ကျွန်ုပ်အနေဖြင့် **ဤ**ကျွန်ုပ်တို့၏ညီအစ်ကိုတော်၏ လက်ကိုကိုင်စွဲထားနိုင်ပါသည်။ ---- သင့်လက်ကိုကျွန်ုပ်ကိုင်ဆွဲ**၍** သင်နှင့် သင့်ဇနီးတို့အား ဘုရားသခင်၏အမှုတော်ကို စည်းလုံးညီ**ညွ**တ်စွာထမ်းဆောင် ဖို့တိုက်တွန်းပါ၏။ ဘုရားသခင်အား သင်တို့၏တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်ပါစေ၊ ပေါင်းစပ်ကြပါ၊ လက်တွဲဆောင်ရွက်ကြပါ။

**အိမ်ထောင်ကျခါစလင်မယားနှစ်ဦးတို့အားအကြံပေးချက်။**

ချစ်သောညီအစ်ကိုတော်နှင့်ညီမတော်တို့၊ သင်တို့နှစ်ယောက်သည် ရာသက် ပန်ပဋိညာဉ်အားဖြင့် မေတ္တာပေါင်းဖက်ဂဟေဆက်ကြလေပြီ။ သင်တို့လင်မယား ဘဝ၏ပညာရေးသည် စတင်ခဲ့လေပြီ။ လင်မယားဘဝ၏ပထမ နှစ်သည် အတွေ့အကြုံရှိသောနှစ်ဖြစ်သည်။ ယင်းနှစ်တွင် လင်မယားတို့ သည် စာသင် ကျောင်း**၌**ကလေးသူငယ်သည် စာများကိုလေ့ကျက်သင်ကြား သကဲ့သို့ တစ်ဦး ၏အကျင့်စာရိတ္တကို တစ်ဦးကလေ့လာသင်ကြားကြသည်။ သင်တို့လင်မယား ဘဝ၏ပထမနှစ်တွင် သင်တို့၏အနာဂတ်ပျော်ရွှင်မှုကို ဖျက်ဆီးမည့် မည်သည့် စာအခန်းများမရှိပါစေနှင့်။

ကျွန်ုပ်၏ညီအစ်ကိုတော်၊ သင့်မယား၊ အချိန်၊ အင်အားနှင့် ပျော်ရွှင်မှုများသည် သင့်အချိန်၊ အင်အားနှင့်ပျော်ရွှင်မှုတို့နှင့် ယခုအခါ ပေါင်းစပ်ချည်နှောင်ထားလျက်ရှိလေပြီ။ သူမအပေါ်**၌** သင်၏သြဇာ

သက်ရောက်မှုသည် သေခြင်းတိုင်အောင် သေခြင်း၏အမွေအကြွေး ဖြစ်လိမ့် မည်။ သို့တည်းမဟုတ် အသက်ရှင်ခြင်းတိုင်အောင် အသက်ရှင်ခြင်း၏

အမွေးအကြိုင်သော်လည်းဖြစ်လိမ့်မည်။ သူမ၏ဘဝကိုမဖျက်ဆီးမိရန် အထူးသတိပြုပါ။

ကျွန်ုပ်၏ညီမတော်၊ ယခုအခါတွင်သင့်အနေဖြင့် လင်မယားဘဝ၏တာဝန်ဝတ္တရားနှင့်ပတ်သက်၍ ပထမဆုံးလက်တွေ့သင်ခန်းစာများကို လေ့လာသင်ကြားရမည်ဖြစ်သည်။ နေ့စဉ်ရက်ဆက် ယင်းသင်ခန်းစာများကို သစ္စာရှိစွာဖြင့် လေ့လာဖြစ်အောင်လေ့လာပါ။ တစ်ကိုယ်ကောင်းစိတ်ကို လိုက်နာကျင့်သုံးမှုမပြုမိဖို့ အမြဲသတိပြုပါ။

သင်တို့၏လင်မယားဘဝတွင် သင်တို့၏ချစ်ခင်စုံမက်မှုတို့သည် သင်တို့ပျော်ရွှင်မှုစီးဆင်းရာရေစီးကြောင်းများဖြစ်သင့်ပေသည်။ တစ်ဦး၏ ပျော်ရွှင်မှုကို တစ်ဦးကဖန်တီးပေးရမည်။ သင်တို့အနေဖြင့် ယင်းကဲ့သို့ပြုလုပ်ရန် ဘုရားသခင်သည် အလိုတော်ရှိတော်မူသည်။ သင်တို့နှစ်ဦးသည် တစ်ကိုယ်တည်းတစ်သားတည်းအဖြစ်သို့ ပေါင်းစပ်ရမည်ဖြစ်သော်လည်း သင်တို့တစ်ယောက်၏ပုဂ္ဂလိကလွတ်လပ်မှုကိုကား မဆုံးရှုံးမပျောက်ပျက်စေရ။ သင်တို့တစ်ယောက်စီ၏ပုဂ္ဂလိကလွတ်လပ်မှုကို ပိုင်ဆိုင်သောသူကား ဘုရားသခင်ဖြစ်တော်မူသည်။ သင်တို့တစ်ယောက်စီအနေဖြင့် ကိုယ်တော်ရှင် အားမေးမြန်းရမည့်မေးခွန်းများမှာ "အဘယ်အရာသည် ကျွန်ုပ်တို့အတွက် အမှန်ဖြစ်ပါသနည်း။ အဘယ်အရာသည် ကျွန်ုပ်တို့အတွက်အမှားဖြစ်ပါ သနည်း။ အကျွန်ုပ်တို့အတွက် ဖန်တီးထားတော်မူသောရည်စူးချက်ကို ကျွန်ုပ် တို့အနေဖြင့် ဘယ်ကဲ့သို့အကောင်းဆုံးအကောင်အထည်ဖော်ပေးနိုင်ပါသနည်း။"

**ကောင်းကင်သက်သေခံများရှေ့တွင်ကတိသစ္စာပြုချက်။** အိမ်ထောင်ပြုကြသောယောကျ်ားနှင့်မိန်းမတို့သည် တစ်ဦးကိုတစ်ဦးအသည်းရောအူရောချစ်ကြရန် ဘုရားသခင်သည် စီမံခန့်ခွဲထားတော်မူသည်။ ကောင်းကင်သက်သေခံများရှေ့တွင် သတို့သားနှင့်သတို့သမီးတို့က ဘုရားသခင်သည် သူတို့ဇနီးမောင်နှံနှစ်ဦးအတွက် စီမံခန့်ခွဲထားတော်မူချက်နှင့်အညီ တစ်ဦးကိုတစ်ဦးချစ်ပါမည်ဟု ကတိသစ္စာပြုကြပါစေ။ မယားအနေဖြင့် လင်ယောကျ်ားကိုရိုသေလေးစားရမည်။ လင်ယောကျ်ားအနေဖြင့်လည်း သူ့မယားကိုချစ်ခင်မြတ်နိုးရမည်။

အိမ်ထောင်ကျခါစအချိန်၌ ယောကျ်ားနှင့်မိန်းမတို့သည် သူတို့ကိုယ်ကိုဘုရားသခင်အား အသစ်ပြန်လည်ဆက်ကပ်သင့်ကြပေသည်။

သင်တို့၏ထိမ်းမြားမင်္ဂလာဆိုင်ရာကတိသစ္စာပြုချက်များအပေါ် တွင် သံမဏိကဲ့သို့စစ်မှန်ခိုင်မြဲရပ်တည်လျက် နှုတ်ခမ်းအားဖြင့်လည်းကောင်း၊ အပြုအမူအားဖြင့်လည်းကောင်း ဘုရားသခင်ကိုကြောက်ရွံ့၍ ကိုယ်တော်၏

ပညတ်တော်များကိုစောင့်ရှောက်သူဟူသော သင်တို့၏မှတ်တမ်းကိုမပျက်ပါစေနှင့်။

———၀———

# အခန်း ၁၆
# ပျော်ရွှင်၊ အောင်မြင်တွဲဖက်လျှင်

**စစ်မှန်သောတွဲဖက်မှုသည် ရာသက်ပန်အတွေ့အကြုံဖြစ်၏** – ထိမ်းမြားမင်္ဂလာဆိုင်ရာတွဲဖက်မှုကို သင့်လျော်စွာနားလည်ခြင်းသည် ရာသက်ပန်အချိန်ယူဆောင်ရွက်ရသောလုပ်ငန်းဖြစ်သည်။ ထိမ်းမြားမင်္ဂလာ ပြုသောသူတစ်ဦးသည် ဤဘဝအသက်တာတွင် ဘွဲ့မရနိုင်သောစာသင် ကျောင်းကိုတက်ရောက်ခြင်းဖြစ်သည်။

မည်မျှလောက်ပင်သတိဝီရိယဖြင့်လည်းကောင်း၊ အမြော်အမြင်ရှိစွာဖြင့်လည်းကောင်း ထိမ်းမြားမင်္ဂလာကိုစီစဉ်ပြုလုပ်ခဲ့သော်လည်း ထိမ်းမြားမင်္ဂလာကျင်းပချိန်တွင် လုံးဝစည်းလုံးညီညွတ်သောစုံတွဲဟူ၍မရှိပေ။ ဇနီးမောင်နှံတို့၏စစ်မှန်သော စည်းလုံးညီညွတ်စွာပေါင်းစပ်မှုသည် နောင်ကာလများက ပြုပြင်ပေးရသောလုပ်ငန်းဖြစ်သည်။

ရှုပ်ထွေးခြင်းနှင့်စိုးရိမ်ပူပန်ခြင်းဝန်ထုပ်ကြီးကို ထမ်းနေသောဘဝအသက်တာသည် မင်္ဂလာဆောင်ပြီးခါစအိမ်ထောင်သစ်ကို ရင်ဆိုင်သော အခါ မင်္ဂလာဆောင်ခြင်းကိစ္စတွင် အများအားဖြင့်အရင်းအနှီးပြုခဲ့သော နှစ်သက်မြတ်နိုးခြင်းသည် ပျောက်ကွယ်သွားသည်။ ဇနီးနှင့်ခင်ပွန်းတို့သည် တစ်ဦး၏စာရိတ္တကိုတစ်ဦးကလေ့လာသိရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းလေ့လာခြင်းကို မင်္ဂလာမဆောင်မီက ပြုလုပ်ရန်ခဲယဉ်းသောကြောင့် ဖြစ်သည်။ ဤအချိန်ဤအခါသည် ဇနီးမောင်နှံတို့၏အတွေ့အကြုံတွင် အရေး ပါ၍အရေးကြီးဆုံးသော အချိန်ဖြစ်သည်။ သူတို့အနာဂတ်ကာလတစ်ခုလုံး၏ ပျော်ရွှင်မှုနှင့်အသုံးကျမှုသည် ယခုအချိန်တွင် သူတို့၏စစ်မှန်သောလမ်းစဉ် ကို ဖောက်ချလိုက်နာမှုပေါ်တွင်တည်နေသည်။ တစ်ဦးမဟုတ်တစ်ဦး၌ သံသယမဖြစ်ခဲ့ဖူးသော အားနည်းချက်များနှင့် ချို့ယွင်းချက်များကို သူတို့

မကြာခဏသိရှိနားလည်ကြရသည်။ သို့ရာတွင် မေတ္တာကပေါင်းဖက်ထားသောစိတ်နှလုံးတို့သည် ယခုအထိမသိရှိရသော အကောင်းဆုံးအရည်အသွေးများကို သိရှိနားလည်ရကြသည်။ ချို့ယွင်းမှုများအစား အကောင်းဆုံးအရည်အသွေးများကိုရှာဖွေတွေ့ရှိရန် အားလုံးသောသူတို့အား **ကြိုး**ပမ်းကြပါလေစေ။ မကြာခဏဆိုသကဲ့သို့ ကျွန်ုပ်တို့ကိုယ်တိုင်၏စိတ်နေသဘောထား၊ ကျွန်ုပ်တို့ကိုယ်တိုင်အားဝန်းရံထားသောအခြေအနေက တစ်ဖက်သား **၌**ဖော်ပြမည့်အရာကို သတ်မှတ်ဆုံးဖြတ်ပေးသည်။

မေတ္တာကိုမှတ်ကျောက်တင်ရမည်။ ချစ်ခြင်းဆိုသည်မှာ သလင်းကျောက်ကဲ့သို့ကြည်လင်**၍** စင်ကြယ်ခြင်းဖြင့်တန်ဆာဆင်ထားပေလိမ့်မည်။ သို့စေကာမူ၊ ယင်းကိုစုံစမ်းစစ်ဆေးမှု**ပြု**လုပ်ခြင်းမရှိခဲ့သောကြောင့် ယင်းသည်တိမ်နေပေလိမ့်မည်။ အမှုကိစ္စအားလုံးတွင် ခရစ်တော်အားပထမ၊ နောက်ဆုံးနှင့်အကောင်းဆုံးဖြစ်စေပါ။ ကိုယ်တော်ရှင်ကိုအစဉ်မပြတ်အာ**ရုံ**စူးစိုက်ပါ။ ထိုသို့ဖြစ်လျှင် ကိုယ်တော်ရှင်အပေါ်**၌**ထားရှိသောမေတ္တာသည် စုံစမ်းစစ်ဆေးမှုကိုခံရသောကြောင့် နေ့စဉ်ပိုမိုခိုင်မာလာပေလိမ့်မည်။

ခက်ခဲမှုများ၊ **ရှု**ပ်ထွေးမှုများနှင့်စိတ်ပျက်မှုများတို့သည် ပေါ်လာမည်ဖြစ်သော်လည်း၊ သူတို့၏ပေါင်းဖက်မှုသည် မှားယွင်းချက် သို့တည်း မဟုတ်တလွဲတချော်ဖြစ်မှုဟူသော အတွေးခေါ်မျိုးကိုခင်ပွန်းကဖြစ်စေ၊ ဇနီး ကဖြစ်စေလက်ခံထားခြင်းမရှိပါစေနှင့်။ တစ်ဦးအတွက်တစ်ဦးက အကောင်းဆုံးအဖြေထွက်စေရန် ဆောင်ရွက်ပေးဖို့စိတ်ပြဌာန်းပါ။ လက်မထပ်မီကတစ်ဦးကိုတစ်ဦး ဂ**ရု**တစိုက်ရှိသောသဘောထားကို ဆက်လက်ကျင့်သုံးပါ။ ဘဝအသက်တာ၏တိုက်ပွဲများကိုဆင်နွှဲရာတွင် အဘက်ဘက်**၌** တစ်ဦးကိုတစ်ဦးအားပေးပါ။ တစ်ဦး၏ပျော်ရွှင်မှုကို တစ်ဦးကတိုးတက်မှုရှိစေရန်ဆောင်ရွက်ပေးရမည့်နည်းလမ်းများကိုလေ့လာပါ။ တစ်ဦးကတစ်ဦးကိုချစ်ပါ။ တစ်ဦးကတစ်ဦးအပေါ်သည်းခံပါ။ ထိုအခါ ထိမ်းမြားမင်္ဂလာဆောင်ခြင်းသည် မေတ္တာ၏လမ်းဆုံးမဖြစ်ဘဲ အစအဦးသာလျှင်ဖြစ်နေပေလိမ့်မည်။ စစ်မှန်သောအပေါင်းအသင်း၏အရှိန်အဝါစိတ်နှလုံးတစ်ခုကို အခြားတစ်ခုနှင့်ချည်နှောင်ထားသောမေတ္တာတို့သည် ကောင်းကင်ဆိုင်ရာပျော်ရွှင်ခြင်းများကိုတင်**ကြို**မြည်းစမ်းခြင်းဖြစ်သည်။

သည်းခံခြင်းတရားကို လက်တွေ့ကျင့်သုံးခြင်းအားဖြင့် သည်းခံ

ခြင်းကိုအားလုံးက **ပြု**စုပျိုးထောင်ပေးသင့်ကြပေသည်။ သနားကြင်နာတတ်ခြင်းနှင့်သည်းခံတတ်ခြင်းအားဖြင့် စစ်မှန်သောမေတ္တာကို စိတ်နှလုံးတွင်း**၌** ပူပူနွေးနွေးရှိနေ**၍** ဘုရားသခင်နှစ်သက်တော်မူသောအရည်အသွေးတို့သည် ကြီးထွားရင့်သန်လာကြမည်။

**တစ်ဦးအပေါ်တစ်ဦးစိမ်းကားစေရန် ရန်သူသည်ကြိုးပမ်းလိမ့်မည်–** သဘောထားချင်းမတိုက်ဆိုင်သောကိစ္စတစ်ခုခုပေါ်ပေါက်လာတိုင်း စာတန်သည်အခွင့်ကောင်းယူရန် အမြဲတမ်းအသင့်ဖြစ်နေလျက် ခင်ပွန်း**၌**ဖြစ်စေ၊ ဇနီး**၌**ဖြစ်စေ ကန့်ကွက်စရာဖြစ်သော မိ**ရိုး**ဖလာမှအမွေခံထားခဲ့သော အကျင့်ဓလေ့တစ်ခုခုကိုဖော်ထုတ်လှုံ့ဆော်ပေးခြင်းအားဖြင့် ဘုရားသခင်၏**ရှေ့**တော် တွင် တည်ကြည်သောသစ္စာဆိုခြင်းအားဖြင့် သူတို့၏စိတ်ဝင်စားမှုများကို ပေါင်းစပ်လိုက်ကြသောပုဂ္ဂိုလ်နှစ်ဦးတို့အား တစ်ဦးကတစ်ဦးအပေါ် စိမ်းကားရက်စက်စွာဆက်ဆံစေရန် သူသည်ကြိုးပမ်းလိမ့်မည်။ ထိမ်းမြားမင်္ဂလာကျင်းပချိန်တွင် ဆိုခဲ့ကြသောသစ္စာစကားများတွင် သူတို့သည် တစ်လုံးတစ်ဝတည်းဖြစ်ရန်ကတိပြုလျက် ဇနီးဖြစ်သူက သူမ၏ခင်ပွန်းကိုမြတ်နိုးပါမည်ဟု ပဋိညာဉ်**ပြု၍** ခင်ပွန်းဖြစ်သူကလည်း ဇနီးကိုချစ်**၍** ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟု ပဋိညာဉ်**ပြု**လေသည်။ အကယ်**၍** ဘုရားသခင်၏ပညတ်တော်ကိုနာခံလျှင် ရန်သတ္တ**ရုပြု**ခြင်းတည်းဟူသောနတ်ဆိုးကို အိမ်ထောင်အထဲသို့ အဝင်ခံလိမ့်မည်မဟုတ်။ ဇနီးမောင်နှံတို့၏စိတ်ဝင်စားမှုများ ကင်းကွာပြတ်စဲခြင်းရှိလိမ့်မည်မဟုတ်။ တစ်ဦးကတစ်ဦးအပေါ်ထားရှိသော မေတ္တာ၏အရှိန်အဝါသည် မှေးမှိန်ခြင်းရှိလိမ့်မည်မဟုတ်ပေ။

**ခက်ထန်သောစိတ်ထားရှိသည့် ဇနီးမောင်နှံတို့အားအကြံပြုချက်–** ခင်ပွန်းကဖြစ်စေ၊ ဇနီးကဖြစ်စေ တစ်ဦးအပေါ်တစ်ဦး စိုးမိုးချုပ်ချယ်ခွင့်ကို မတောင်းဆိုရ၊ **ဤ**ကိစ္စနှင့်ပတ်သက်**၍** ထိန်းကိုင်ပေးရန်အခြေခံမှုကို ဘုရားသခင်ပေးထားတော်မူသည်။ ခရစ်တော်သည် အသင်းတော်ကို**ပြု**စုထိန်းသိမ်းတော်မူသကဲ့သို့ ခင်ပွန်းသည်ဇနီးကို**ပြု**စုထိန်းသိမ်းရမည်။ ဇနီးဖြစ်သူသည် သူမခင်ပွန်းကို**ရို**သေလေးစား**၍** ချစ်ခင်မြတ်နိုးရမည်။ နှစ်ဦးစလုံးတို့က သနားကြင်နာတတ်သော စိတ်သဘောထားမျိုးကိုမွေးမြူ**၍** တစ်ဦးကတစ်ဦးအားစိတ်နာအောင်မပြုမိဖို့ သန္နိဋ္ဌာန်ချထားရမည်။

ကိုယ့်အလိုသို့လိုက်ရန် တစ်ဦးကတစ်ဦးအပေါ် အခမ္မနည်းကိုမကျင့် သုံးရ။ ယင်းနည်းကိုကျင့်သုံးခြင်းအားဖြင့် တစ်ဦးကတစ်ဦးအပေါ်**၌**ထားရှိသော မေတ္တာထိန်းသိမ်း**၍**မထားနိုင်ပေ။ ကိုယ့်အလိုသို့အခမ္မလိုက်စေသော အပြုအမူမျိုးပြုသမှုက အိမ်ထောင်၏ငြိမ်သက်မှုနှင့်ပျော်ရွှင်သာယာမှုကို ဖျက်ဆီးပစ်သည်။ သင်တို့၏အကြင်လင်မယားဘဝသည် သဘောထားကွဲလွဲ နေသော ဘဝမျိုး မဖြစ်ပါစေနှင့်၊ ဖြစ်စေလျှင် သင်တို့နှစ်ဦးစလုံး**၌** ပျော်ရွှင် သာယာမှုရှိမည်မဟုတ်ပေ။ အပြောအဆိုတို့တွင် ကြင်နာမှုရှိ**၍** အလုပ်အကိုင် တွင်သာယာမှုရှိလျက် သင်တို့ကိုယ်တိုင်၏လိုအင်ဆန္ဒများကိုဖယ်ရှားပစ်ပါ။ နှုတ်မှထွက်သောစကားများကို ဆင်ခြင်**၍**ထွက်စေပါ။ အဘယ်ကြောင့်ဆို သော် ယင်းတို့သည် ကောင်းကျိုးကို သော်လည်းကောင်း၊ ဆိုးကျိုးကိုသော် လည်းကောင်း ဖန်တီးပေးတတ်သည်။ စကားပြောသောလေသံတွင် ထက်မြက် စူးရှမှုမရှိပါစေနှင့်။ သင်တို့၏ဖက်စပ်ထားသောဘဝအသက်တာကို ခရစ်တော် ၏စိတ်သဘောထားမျိုး၏နံ့သာဖြင့် မွှေးကြိုင်နေပါလေစေ။

**မေတ္တာကိုအပြောအဆိုနှင့်အလုပ်အကိုင်များတွင်ဖော်ပြပါ–**

မေတ္တာစိတ်ဖော်ပြခြင်းကို အားနည်းခြင်းဟုသဘောထားသူအမြောက်အမြား ရှိကြသည်။ ထိုကဲ့သို့သောသူများသည် သူတစ်ပါးတို့အား ဆက်ဆံမှုမပြု ရဲစေသော ဟိတ်ဟန်မျိုးကိုထားရှိကြသည်။ ယင်းသဘောထားမျိုးသည် ကိုယ်ချင်းစာသောစိတ်၏အဟုတ်ကို တားဆီးပိတ်ပင်ထားသည်။ ပေါင်းသင်းဆက်ဆံတတ်သောသဘောထားနှင့် ရက်ရောသောသဘောများကို နှိပ်ကွပ်ထားသောကြောင့် ယင်းသဘောထားများသည် သွေ့ခြောက်သွား**၍** ဘဝအသက်တာသည် သာယာစိုပြည်မှုကင်းပြီး အေးစက်စက်ဖြစ်လာလေသည်။ **ဤ**အမှားမျိုးကိုသတိပြုရှောင်ကြဉ်သင့်ပေသည်။ ထုတ်ဖော်ပြသခြင်းမရှိလျှင် မေတ္တာသည် ကြာရှည်ရပ်တည်ခြင်းမရှိနိုင်ပေ။ သင်နှင့်ဆက်သွယ်ထားသော နှလုံးသားအား သနားကြင်နာမှုနှင့်ကိုယ်ချင်းစာနာမှုကင်းမဲ့သည့်အတွက် ငတ်မွတ်ခေါင်းပါးသောအခြေအနေ**၌** ရပ်တည်မနေပါစေနှင့်။

ဇနီးမောင်နှံတို့သည် တစ်ဦးကိုတစ်ဦးမေတ္တာတောင်းဆိုခြင်းမပြုဘဲ ပေးကမ်းခြင်းကိုသာပြုပါလေစေ။ သင်တို့ကိုယ်တိုင်**၌**ရှိသော အမြင့်မြတ်ဆုံးသောသဘောထားများကိုမွေးမြူ**၍** တစ်ဦး**၌**ရှိသောကောင်းသောအရည်အချင်း များကို တစ်ဦးကအသိအမှတ်ပြုရန် မနှောင့်နှေးပါနှင့်။ တစ်ဦး**၌**ရှိသော ကောင်းသောအရည်အချင်းများကို တစ်ဦးကသဘောကျကြောင်းကိုသိရှိရခြင်းသည် အံ့ဩဖွယ်ကောင်းသောအားတက်ဖွယ်လည်းဖြစ်**၍** ကျေနပ်ဖွယ်လည်း ဖြစ်သည်။ ကိုယ်ချင်းစာခြင်းနှင့်လေးစားခြင်းတို့သည် အကောင်းဆုံးအခြေအနေ သို့ တက်လှမ်းရောက်ရှိစေရန်အားပေး**၍** မေတ္တာကိုယ်တိုင်လည်း ပိုမိုမြင့်မြတ်

သောရည်စူးချက်များကိုချမှတ်ရန် တွန်းအားပေးသောကြောင့် တိုးတက်အင်အားကောင်းလာလေသည်။

၁၁၅

ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးပေါ်တွင် က**ရု**ဏာတရားကင်းသောသူတို့ မြောက်မြားစွာတည်ရှိနေခြင်း၏အကြောင်းရင်းမှာ မေတ္တာစစ်မေတ္တာမှန်ကို အားနည်းခြင်းဟုသဘောထား**၍** ယင်းကိုအားပေးအားမြောက်မ**ပြု**ဘဲ နှိမ်နင်း လာကြသောကြောင့်ဖြစ် လေသည်။ **ဤ**လူတန်းစားတို့၏စိတ်ထားကောင်း သဘောကောင်းသည် ငယ်စဉ်တောင်ကျေးကလေးဘဝတွင် မှောက်လှန် နှိပ်လှန်နှိမ်နင်းပစ်လိုက်ခြင်းကို ကြီးစွာခံခဲ့ရသည်။ သူတို့၏အေးစက်ခြင်းနှင့် ခေါင်းမာသောအတ္တစိတ်ကို ဘုရားသခင်ထံတော်မှ လင်းရောင်ခြည်ဖောက် ဖျက်ပေးနိုင်ခြင်းမရှိခဲ့လျှင် ယင်းတို့၏ပျော်ရွှင်ခြင်းသည် ထာဝရပင်ဖုံးဖိနစ် မြုပ်နေပေလိမ့်မည်။ မြေကြီးပေါ်**၌**ကျင်လည်တော်မူစဉ်တွင် ယေ**ရှု**ရှင်အနေ ဖြင့် မွေးမြူထိန်းသိမ်းထားတော်မူခဲ့သော ကြင်နာတတ်သည့်နှလုံးနှင့် အပြစ်ရှိ**၍** သေမျိုးဖြစ်သောလူသားတို့အပေါ် ကောင်းကင်တမန်များကထားရှိသောကိုယ်ချင်းစာနာတတ်သောစိတ်တို့ကိုရယူလျှင် ယင်းကိုယ်တိုင်**ရိုး**သားလျက် ကလေးဘဝ၏ကိုယ်ချင်းစာနာတတ်သောသဘောထားမျိုးကို မွေးမြူထိန်းသိမ်း ထားရကြပေမည်။

ထိုအခါ ကျွန်ုပ်တို့သည် ရည်မွန်ခြင်း၊ မြင့်မြတ်ခြင်းရှိ**၍** ကောင်းကင်ဆိုင်ရာအခြေခံသဘောတရားများအားဖြင့် လမ်းပြပို့ဆောင်မှုကိုခံရကြလိမ့် မည်။

ကျွန်ုပ်တို့၏အိမ်ထောင်များအတွင်းသို့ များပြားလှသောစိုးရိမ်ပူပန် မှုများနှင့်ဝန်ထုပ်များကို သယ်ယူသွတ်သွင်းလာကြ**၍** သဘာဝအလျောက် **ရိုး**သားခြင်း၊ ငြိမ်သက်ခြင်းနှင့်ရွှင်လန်းဝမ်းမြောက်ခြင်းတို့သည် အိမ်ထောင် များ**၌**နည်းပါးလေသည်။ ပြင်ပလောကကြီး၏ဝေဖန်ခြင်းတို့ကို ဂ**ရု**စိုက်လို မှုနည်းပါးစေ**၍** အိမ်ထောင်သားတို့၏သာရေးကို ပိုမိုအာ**ရုံပြု**သင့်ကြပေသည်။ လောကဝတ်တို့ကိုပြသခြင်းနှင့်လုပ်ကိုင်ခြင်းများကိုနည်းပါးစေ**၍** အိမ်ထောင် သားတို့၏ပေါင်းသင်းဆက်ဆံရေးတွင် ကြင်နာခြင်း၊ မေတ္တာထားခြင်း၊ ပျော်ရွှင်ခြင်းနှင့်ခရစ်ယာန်တို့၏ယဉ်ကျေးမှုတို့ကို ပိုမိုကျင့်သုံးသင့်ကြပေသည်။ အိမ်ဂေဟာကိုဆွဲဆောင်မှုရှိစေရန်နှင့် သာယာရွှင်မြူးသောနေရာဖြစ်စေရန် ဘယ်ကဲ့သို့**ပြု**လုပ်ရသည့်နည်းကို အများသောအိမ်ထောင်တို့သည် သင်ကြား လေ့လာရန်လိုအပ်လေသည်။ ကျေးဇူးတင်တတ်သောနှလုံးနှင့်ကြင်နာသော မျက်နှာထားတို့သည် စည်းစိမ်ဥစ္စာနှင့်ဇိမ်ခံခြင်းတို့ထက်တန်ဖိုးရှိ**၍** **ရိုး**သား သောအရာများနှင့်တင်းတိမ်ရောင့်ရဲခြင်းသည် အိမ်ထောင်**၌**မေတ္တာစိုးမိုးလျှင် ယင်းအိမ်ထောင်ကို ချမ်းမြေ့သာယာအိမ်ဂေဟာဖြစ်စေလိမ့်မည်။

**သေးငယ်သောအရေးစိုက်မှုများအရေးပါအရာရောက်ခြင်း** –

ဘဝအသက်တာ၏ သာမန်အဖြစ်အပျက်များအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစမ်းသပ်တော်မူသည်။ အထောက်အထားလည်းဖြစ်တော်မူသည်။ စိတ်နှလုံးအခန်းများကို သေးနုပ်သောအရာများ ကထုတ်ဖော်ပြသည်။ သေးနုပ်သောဂ**ရု**စိုက်မှုများ၊ မြောက်မြားစွာသောမမူလောက်

သည့်အဖြစ်အပျက်များနှင့်ဘဝအသက်တာ၏သာမန်ယဉ်ကျေးမှုများက ဘဝအသက်တာတစ်ခုလုံး

၏ပျော်ရွှင်သာယာမှုကို တည်ဆောက်ပေးကြသည်။ ကြင်နာသောအပြောအဆို များ၊ အားပေးစကားများ၊ မေတ္တာနှင့်ယှဉ်သောအသုံးအနှုန်းများနှင့်ဘဝ အသက် တာ၏သေးနုပ်သောယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းကလေးများကို လျစ်လျူ**ရှု**ခြင်း သည် ဘဝအသက်တာတစ်ခုလုံး၏စိတ်ဒုက္ခရောက်မှုကို ဖန်တီးပေးသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်**၌**နေထိုင်လျက်ရှိကြသော သူတို့၏ ကောင်းကျိုး နှင့်ဝမ်းမြောက်ရွှင်လန်းမှုများအတွက် မိမိတို့ကိုယ်မိမိတို့ငြင်းပယ် ခြင်းကို ကောင်းကင်**၌**ထားရှိသောဘဝမှတ်တမ်းတွင် ကျယ်ကျယ်ပြန့်ပြန့် ရေးမှတ်ထား သည်။ သူတစ်ပါးတို့၏ကောင်းကျိုးနှင့်ပျော်ရွှင်မှုကိုပဓာနမထား ဘဲ မိမိတို့၏ ကိုယ်ကျိုးအာ**ရုံပြု**လုပ်ကိုင်ခြင်းကို ကောင်းကင်ဘုံရှင်ခမည်း တော်ဘုရားသခင် က သတိမ**ပြု**ဘဲမနေဆိုသည်ကိုလည်း ယင်းမှတ်တမ်းက ဖော်ပြလိမ့်မည်။

**မေတ္တာကိုထုတ်ဖော်ပြောဆိုရန်ပျက်ကွက်သောခင်ပွန်း** — နှုတ်အား ဖြင့်လည်းကောင်း၊ **ရ**ုပ်လက္ခဏာအားဖြင့်လည်းကောင်း၊ အ**ပြု**အမူအားဖြင့် လည်းကောင်း ဖော်ပြသောမေတ္တာဖြင့်ပြည့်ဝသောအိမ်ဂေဟာသည် ကောင်းကင် တမန်များက ယင်းအိမ်**၌**သူတို့ရှိနေကြောင်းကိုလည်းကောင်း၊ ဘုန်းတော် ရောင်ခြည်များအားဖြင့် ယင်းမြင်ကွင်းကိုသန့်ရှင်းစေရန် **ၾ**င်း**ပြု**လုပ်လိုသော နေရာဖြစ်သည်။ ယင်းအိမ်ဂေဟာတွင်သေးသိမ်သောဝတ္တရားကလေးများ**၌**ပင် နှစ်**မြို့**ဖွယ်သောအရည်အသွေးအများရှိသည်။ ယင်းကဲ့သို့သောအခြေအနေ မျိုးတွင် သင်တို့၏ဇနီးများအတွက် မည်သည့်ဘဝအသက်တာ၏တာဝန် မျိုးမျှ မနှစ်**မြို့**ဖွယ်ဖြစ်သည်ဟူ**၍**ရှိလိမ့်မည်မဟုတ်ပေ။ သူမသည် ယင်း တာဝန်များ ကိုပျော်ရွှင်သောစိတ်ဖြင့်ထမ်းဆောင်**၍** သူမ၏ပတ်ဝန်းကျင်**၌**ရှိ ကြသောသူ တို့အားလုံးအတွက် နေရောင်ခြည်သဖွယ်ဖြစ်**၍** သူမ၏စိတ်နှလုံး ထဲတွင် ထာဝရဘုရားသခင်ကိုချီးကျူးဂုဏ်**ပြု**သောတေးဂီတမျိုးဖြင့် ကျူးအေးနေမည် ဖြစ်သည်။ လတ်တလောအချိန်တွင် သင့်စိတ်နှလုံးသားမှယိုစီးသော မေတ္တာ သည် သူမထံသို့မရောက်ရှိသေးဟု သူမစိတ်ထဲ**၌**ခံစားချက်ရှိနေသည်။ ယင်းကဲ့သို့ခံစားချက်ရှိရသည့်အခြေအနေကို သင်တည်းဟူသောခင်ပွန်းက ဖန်တီးပေးနေသည်။ သင်အိမ်ထောင်ဦးစီးအနေဖြင့် ထမ်းဆောင်ရမည့်တာဝန် များကိုထမ်းဆောင်သည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် လိုအပ်ချက် ကားရှိနေသည်။ ကြင်နာသောစိတ်ဖြင့်ဂ**ရု**တစိုက်ရှိမှုသို့ပို့ဆောင်ပေးသော မေတ္တာ၏တန်ဖိုးရှိလှသော ဩဇာသက်ရောက်မှုသည်ကား များစွာလိုအပ်

နေသည်။ မေတ္တာဟူသည်ကို**ရုပ်**လက္ခဏာ**၌**လည်းကောင်း၊ အ**ပြု**အမူ**၌**လည်းကောင်း၊ စကားအပြောအဆို၏လေသံ**၌**လည်းကောင်း တွေ့မြင်သင့်ပေသည်။

**စိတ်ပျက်ဖွယ်ဖြစ်၍အတ္တစိတ်ရှိသောဇနီး** – ထိမ်းမြားမင်္ဂလာပြုခြင်းအားဖြင့် ပေါင်းဖက်ကြသောပုဂ္ဂိုလ်နှစ်ဦးတို့၏အကျင့်စာရိတ္တသည် သူတို့၏ပေါင်းဖော်ခြင်းအားဖြင့် မြင့်မားလာလိမ့်မည်။ သို့တည်းမဟုတ် နိမ့်ကျသွားလိမ့်မည်။ ထိမ်းမြားမင်္ဂလာပွဲပြီးဆုံးသွားသည့်နောက်ပိုင်းတွင်နိမ့်ကျ**၍** လှည့်ဖြားတတ်ပြီးလျှင် အတ္တစိတ်နှင့်အုပ်ထိန်း**၍**မရသောဇာတိသဘောအားဖြင့် ပျက်စီးယိုယွင်းမှုသည်စတင်လေသည်။ အကယ်**၍** လူငယ်တစ်ဦးသည် ဉာဏ်အမြော်အမြင်ရှိစွာဖြင့် ကြင်ဖော်ကြင်ဖက်ကိုရွေးယူခဲ့လျှင် သူနှင့်ယှဉ်တွဲ**၍** ဘဝအသက်တာ၏ဝန်ထုပ်ကြီးများကို အတတ်နိုင်ဆုံးခွဲဝေထမ်းဆောင်မည့် ဇနီး၊ သူ့အားဂုဏ်အသရေတိုးမြှင့်စေပြီး ယဉ်ကျေးသိမ်မွေ့စေ**၍** သူမ၏ မေတ္တာ**၌**ပျော်ရွှင်စေမည့်ဇနီးမျိုးကိုရရှိစေနိုင်သည်။ သို့ရာတွင် ဇနီးဖြစ်သူ သည်အကျင့်စာရိတ္တအားဖြင့် မှုမမှန်ခြင်း၊ ကိုယ်ကိုသာလျှင်အမွှမ်းတင်တတ် ခြင်း၊ အတင်းအကျပ်စေခိုင်းတတ်ခြင်း၊ စွပ်စွဲပြောဆိုတတ်ခြင်း၊ သူကိုယ်တိုင်၏မှောက်မှားသောစိတ်နေသဘောထားကြောင့်သာလျှင် စတင်ပေါ်ပေါက်လာခဲ့သောအိမ်ထောင်ရေးအဆင်မပြေမှုနှင့် စိတ်၏ခံစားချက်များအတွက် သူ့ခင်ပွန်းကိုသာအပြစ်ဖို့ပြောဆိုခြင်းများကို**ပြု**လုပ်လျှင်လည်းကောင်း၊ သူ့ယောကျ်ား၏မေတ္တာကို အသိအမှတ်**ပြု**လျက်နှစ်သက်မြတ်နိုးစွာတုံ့ပြန်ရန်နားလည်မှုနှင့်ခွဲခြားသိမြင်တတ်ခြင်းမရှိဘဲ သူ့လိုအင်ဆန္ဒတိုင်းကို လိုက်လျောမှုမရှိသောကြောင့် သူ့အားလျစ်လျူ**ရှု**ထား**၍** သူ့အပေါ်အမြဲတမ်းမြတ်နိုးမှုကင်းမဲ့သည်ဟု ပြောဆိုနေလျှင်လည်းကောင်း၊ သူမကိုယ်တိုင်မလိုလားသောအခြေအနေမျိုးသည် မလွဲမသွေပေါ်ပေါက်လာလိမ့်မည်။ သူမအနေဖြင့် ယင်းစွပ်စွဲပြောဆိုချက်များကို အဖြစ်သနစ်အမှန်များဖြစ်အောင် **ပြု**လုပ်လိမ့် မည်။

**အတွဲညီသောဇနီးနှင့်မိခင်၏ဂုဏ်အင်္ဂါများ** – အိမ်ထောင်၏လုပ်**ရိုး**

လုပ်စဉ်များဖြင့်သာ အချိန်မကုန်စေဘဲ ဇနီးနှင့်မိခင်ဖြစ်သူသည် သိသင့်သိထိုက်သောအချက်အလက်အခြေအနေများကို သိရှိစေရန်လည်းကောင်း၊ သူမ၏ခင်ပွန်းအတွက် မယားကောင်းတစ်ယောက်ဖြစ်စေရန်လည်းကောင်း သားသမီးတို့၏ကြီးထွားရင့်သန်လာနေသော သားသမီးတို့၏စိတ်နှလုံးတို့နှင့်တွေ့ထိမှုရှိစေရန်လည်း အချိန်ယူ၍စာပေများကိုဖတ်ရှုရမည်။ ပိုမိုမြင့်မားသောဘဝအသက်တာကို သူချစ်သောရင်သွေးငယ်များတက်လှမ်းနိုင်စေရေးအတွက် သူမ၏လက်ရှိအခွင့်အရေးများကို ဉာဏ်အမြော်အမြင်ကြီးစွာဖြင့်အသုံးပြုပါလေစေ။ ချစ်ဖွယ်သောကယ်တင်ရှင်အား နေ့စဉ်အပေါင်းအဖော်တော်ကြီးနှင့် မိတ်ဆွေတော်ကြီးအနေဖြင့်ထားရှိရန် သူမအားအချိန်ယူ၍စီစဉ်ပါလေစေ။ ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ကို လေ့လာရန်လည်း ကောင်း၊ လယ်ကွက်များထဲသို့ သားသမီးများနှင့်အတူအလည်အပတ်သွား၍ ကိုယ်တော်ရှင်ဖန်ဆင်းတော်မူသော လှပသောအရာများကို ကြည့်ရှုလေ့လာခြင်းအားဖြင့်လည်းကောင်း၊ ဘုရားသခင်၏အကြောင်းကိုသိရှိရန် ဇနီးနှင့်မိခင်ဖြစ်သောသူအား အချိန်ယူဆောင်ရွက်ပါလေစေ။

ဇနီးနှင့်မိခင်ဖြစ်သူအား အမြဲတမ်းရွှင်လန်းချမ်းမြေ့ဖြစ်နေပါလေစေ။ မပြီးဆုံးနိုင်သောအချုပ်အလုပ်များအားဖြင့် ရှိသမျှသောအချိန်ကိုမကုန်လွန် စေဘဲ မိမိအိမ်ထောင်မှုဆိုင်ရာ တစ်နေ့တာကိစ္စအဝဝတို့ကို လုပ်ကိုင်ဆောင်ရွက်ပြီးသောညနေစောင်းအချိန်တွင် အိမ်ထောင်သားများအတွက် မိတ်ဆုံပွဲကလေးများပြုလုပ်ပေးသင့်ပေသည်။ ယင်းကဲ့သို့သောအစီအစဉ်မျိုးကို ပြုလုပ်ပေးခြင်းအားဖြင့် ခင်ပွန်းလည်းဖြစ်၊ ဖခင်လည်းဖြစ်သော အိမ်ထောင်ဦးစီးသည် ပြင်ပကလပ်အသင်းများ (သို့မဟုတ်) အရက်ဆိုင်များ (သို့မဟုတ်) ဖြေဖျော်ရာဌာနများသို့ သွားလိုသောဆန္ဒရှိတော့မည်မဟုတ်ပေ။ သားလူငယ်တို့သည် လမ်းမကြီးများတွင်သွားရောက်နေထိုင်ခြင်း (သို့မဟုတ်) လမ်းထောင့်တစ်ခု၌ရှိသောစားသောက်ဆိုင်၌ သွားရောက်ထိုင်နေခြင်းမျိုးကိုလုပ်တော့မည်မဟုတ်၊ သားသမီးလူငယ်တို့ကိုလည်း ဟေးလားဝါးလားဖြစ်ရုံမက လမ်းလွဲပို့ဆောင်ပေးတတ်သောအပေါင်းအသင်းတို့၏ဘေးရန်မှ ကင်းလွတ်ကြလိမ့်မည်ဖြစ် သည်။ ထိုအခါ အိမ်ဂေဟာ၏ဩဇာသက်ရောက်မှုသည် မိဘများနှင့်သားသမီးအားလုံးအတွက် ရာသက်ပန်ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်ရမည် ဟူသောဘုရားသခင်၏အစီအစဉ်အကောင်အထည်ပေါ်လာမည်ဖြစ်သည်။

ဇနီးမောင်နှံဘဝသည် အပြစ်အနာအဆာကင်းသောဘဝမျိုးမဟုတ်ပေ။ ယင်း၌ စစ်မှန်သောအခက်အခဲများနှင့် အသေးစိတ်ဆောင်ရွက်ရမည့် အိမ်ထောင်ဆိုင်ရာလုပ်ငန်းများရှိသည်။ ဇနီးဖြစ်သူကသူ့ကိုယ်ကိုအမြဲတစေ ပြုပြင်ခြယ်လှယ်နေရမည့် ကစားစရာအရုပ်ဟုသဘောမထားဘဲ သူသည်

အမျိုးသမီးသာလျှင်ဖြစ်သည်ကိုမမေ့အပ်ပေ။ ထို့ပြင်မကသေး၊ အိမ်ရှင်အနေဖြင့်သူမသည် စိတ်ကူးမျှသာမဟုတ်ဘဲ စစ်မှန်သောတာဝန်များကိုထမ်း ဆောင်၍ သူမကိုယ်တိုင်မှအပ အခြားစဉ်းစားလုပ်ကိုင်ရမည့်အရာရှိသေးသည်ကိုသတိရလျက် နားလည်မှုရှိသောဘဝ၊ စဉ်းစဉ်းစားစားလုပ်ကိုင်ဆောင်ရွက် သောဘဝအသက်တာမျိုး၌ ကျင်လည်ရမည်။ ဘဝစစ်ဘဝမှန်ဆိုသည်မှာ အရိပ်အာဝါသများရှိသည်နှင့်အမျှ ဝမ်းနည်းပူပန်ခြင်းများရှိသည်။ လူတိုင်း သည် ဒုက္ခများကိုရင်ဆိုင်ကြရမည်။ လူတိုင်း၏ယုံကြည်ခြင်းကို မငြိမ်မသက်တုန်လှုပ်ချောက်ချားစေ၍ ရဲစွမ်းသတ္တိနှင့်မျှော်လင့်ချက်ကိုဖျက်ဆီးပစ်ရန် စာတန်သည် အမြဲတမ်းလုပ်ကိုင်ဆောင်ရွက်နေသည်။

**ပျော်ရွှင်သာယာမှုကင်းသော ဇနီးမောင်နှံအတွက်အကြံပေးချက်**– သင်တို့၏လင်မယားဘဝသည် သဲကန္တာရနှင့်တူလှသည်။ သို့ရာတွင် ကျေးဇူးတင်တတ်သောမှတ်မိသတိရခြင်းဖြင့် ပြန်လည်ကြည့်ရှုနိုင်သည့် စိမ်းလန်းစိုပြည်သော ကောင်းကွက်အလွန်နည်းပါးသော ဘဝမျိုးဖြစ်ခဲ့ပြီ တကား။ ယင်းကဲ့သို့သောဘဝအသက်တာမျိုးမဖြစ်သင့်ခဲ့ပေ။ ထင်းမီးသွေးမှစသောလောင်စာမရှိဘဲ မီးသည်တောက်လောင်နေခြင်းမရှိသကဲ့သို့ ပြင်ပဆိုင်ရာအပြုအမူအလုပ်အကိုင်များအား ပြသမှုမရှိသောမေတ္တာမျိုးသည် ကြာရှည်ရပ်တည်ခြင်းမရှိနိုင်ပေ။ အသင်ဦးဖြူ၊ အပြုအမူအားဖြင့် သင်ကြင်နာမှုကိုပြသရန်လည်းကောင်း၊ ကြင်နာသောအပြောအဆိုနှင့် ဂရုတစိုက်ဆောင်ရွက်မှုအားဖြင့်လည်းကောင်း၊ သင့်မယားအပေါ်ထားရှိသော သင်၏မေတ္တာကိုပြသရန် ဆောင်ကြဉ်းပေးနိုင်သောအခွင့်အရေးကို စောင့်မျှော်ရန်လည်းကောင်း သင့်အတွက်ဂုဏ်နိမ့်မည်ဟုယူဆခဲ့တကား။ သင်၏စိတ်ထား သည် ပြောင်းလဲလွယ်၍ ပတ်ဝန်းကျင်၏ထိခိုက်မှုကို ခံခဲ့ရပြီတကား။

သင်၏လုပ်ငန်းဆောင်ရွက်ရာနေရာမှ အိမ်သို့ပြန်လာသောအချိန်တွင် သင်လုပ်ငန်းဆိုင်ရာစိုးရိမ်ပူပန်မှုများ၊ အခက်အခဲများနှင့်အနှောင့်အယှက်ဖြစ်မှုများကို ယင်းလုပ်ငန်းရှိရာဌာန၌ထားရှိခဲ့ပါ။ သင့်မိသားစုများထံသို့ ဝမ်းသာသောသဘောနှင့်မေတ္တာသဘောမျိုးဖြင့်လည်းကောင်း ပြန်လာပါ။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် သင့်မယားအတွက်ဆေးဝါးများဝယ်ယူရခြင်း (သို့မဟုတ်) ဆရာဝန်ခေါ်ယူရခြင်းတို့အတွက် ကုန်ကျစရိတ်ထက် ပိုမိုကောင်းမွန်ပေသည်။

ကိုယ်ခန္ဓာအတွက်ကျန်းမာမှုကိုပေး၍ စိတ်ဝိညာဉ်အတွက် အင်အားကိုပေးသည်။ သင်တို့၏အိမ်ထောင်ဘဝသည် စိတ်မကောင်းစရာဖြစ်သော

အခြေအနေ**၌**ရပ်တည်နေသည်။ ယင်းကဲ့သို့သောအခြေအနေအတွက် သင်တို့ လင်မယားနှစ်ယောက်စလုံး**၌**တာဝန်ရှိသည်။ သင်တို့၏စိတ်မကောင်းစရာ

ဖြစ်သောအခြေအနေအတွက် ဘုရားသခင်သည်နှစ်သက်တော်မမူပေ။ သင်တို့နှစ်ဦးစလုံး**၌** ကိုယ့်ကိုကိုယ်ထိန်းချုပ်မှုကင်းမဲ့သောကြောင့် ယင်းအခြေအနေမျိုးပေါ်ပေါက်ခဲ့ရသည်။

သင်တို့၏စိတ်အလိုသို့လိုက်အားကြီးသည်။ အသင်ဦးဖြူ၊ သင်၏မေတ္တာကိုလက်တွေ့ပြသရန်လည်းကောင်း၊ ကြင်နာစွာနှင့်ခင်မင်ယုယစွာစကားပြောဆိုရန်လည်းကောင်း သင့်အတွက်ဂုဏ်နိမ့်သည်ဟု သင်ယူဆခဲ့သည်။ ယင်းကဲ့သို့သိမ်မွေ့ကြင်နာစွာပြောဆိုဆက်ဆံမှုတို့**၌** ပျော့ညံ့အားနည်း သောကြောင့် ယင်းကဲ့သို့**ပြု**လုပ်ရန်မလိုအပ်ဟု သင့်အနေဖြင့်ယူဆနေသည်။ သို့ရာတွင် ယင်းကဲ့သို့သောအခြေအနေတွင် ညည်းတွားသောစကားများ၊ သဘောကွဲလွဲစေသောအသုံးအနှုန်းများ၊ ရန်စကားနှင့်အပြစ်တင်သောစကား များတို့သည် အစားထိုးဝင်ရောက်လာကြသည်။

သင်**၌**တင်းတိမ်ရောင့်ရဲမှုဗလာနတ္တိဖြစ်သည်။ သင်ရင်ဆိုင်နေရသောဒုက္ခဆင်းရဲခြင်းများက အာ**ရုံပြု**နေသည်။ စိတ်ကူးအားဖြင့်ဝေးလံသော အနာဂတ်ကာလမှ မရှိဆင်းရဲသောဒုက္ခသည် သင့်အားစေ့စေ့ကြည့်**ရှု**နေသည်။ သင့်အနေဖြင့်ဒုက္ခကိုခံစားနေရသည်။ စိတ်အားငယ်နေသည်။ စိတ်ဒုက္ခကြီး ကိုရင်ဆိုင်နေရသည်။ သင့်ဦးနှောက်လောင်ကျွမ်းနေဟန်ရှိသည်။ သင့်စိတ် သည် အလွန်အားငယ်လျက်ရှိသည်။ သင့်အားသနားကြင်နာတော်မူသော ကောင်းကင်ဘုံရှင်ခမည်းတော်ဘုရားက သင့်အားချပေးထားတော်မူသော ကောင်းချီးမင်္ဂလာအပေါင်းတို့အတွက် သင်သည် ဘုရားသခင်ကိုမချစ်၊ ကျေးဇူးတင်သောသဘောလည်းမရှိပေ။ ဘဝအသက်တာ**၌** ရင်ဆိုင်ရသောဒုက္ခ တို့နှင့် အဆင်မပြေမှုများကိုသာ သင့်အနေဖြင့်မြင်တွေ့နေသည်။ မည်းမှောင် သောတိမ်တိုက်ကြီးကဲ့သို့ လောကီဆိုင်ရာကိစ္စဒုက္ခဆင်းရဲခြင်းတို့သည် သင့်အား လျောင်ပိတ်ထားသည်။ သင့်အခြေအနေကိုကြည့်**၍** စာတန်သည် အားရဝမ်းသာဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် သင်သည် ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ရွှင်လန်းခြင်းအစား စိတ်**ညှိုး**ငယ်မှုကိုရင်ဆိုင်နေရသည်။

**နှစ်ဦးနှစ်ဖက်အပြန်အလှန်ချစ်ခြင်းနှင့်သည်းခံခြင်းအတွက်**

**ကောင်းကျိုးခံစားရခြင်း** – နှစ်ဦးနှစ်ဖက်အပြန်အလှန်ချစ်ခြင်းနှင့်သည်းခံ ခြင်းမရှိဘဲ မည်သည့်လောကီဆိုင်ရာအာဏာတန်ခိုးမျှ သင်နှင့်သင့်ခင်ပွန်း တို့အား ခရစ်ယာန်တို့၏စည်းလုံးညီ**ညွ**တ်မှုအခြေအနေတွင် ချည်နှောင်ထား နိုင်စွမ်းမရှိပေ။ ဘုရားသခင်၏စကားတော်မြတ်ကလိုလားတော်မူသည့်အတိုင်း သင်တို့သည် တစ်ဦးနှင့်တစ်ဦးစပ်ကြား အထစ်အငေါ့တစ်ခုမျှပင်မရှိစေရန် သင်တို့၏လင်မယားပေါင်းသင်းဆက်ဆံမှုသည် ရင်းနှီးကြင်နာမှုရှိစေရမည်၊ သန့်ရှင်းမြင့်မြတ်ရမည်။ ဝိညာဉ်ရေးဆိုင်ရာအင်အားတန်ခိုးကိုရရှိလျက် နေရမည်။ ဘုရားသခင်အလိုရှိတော်မူသောအခြေအနေသို့ သင်သည်ရောက် ရှိလျှင် သင်တို့သည်မြေကြီးပေါ်တွင် ကောင်းကင်ကိုတွေ့ရှိ**၍** သင်တို့ဘဝ အသက်တာတွင်

ဘုရားသခင်ကိုတွေ့ရှိမည်ဖြစ်သည်။

ကျွန်ုပ်ချစ်သောညီအစ်ကိုတော်၊ ညီမတော်၊ **ဤ**အချက်ကိုသတိရ ပါ။ ဘုရားသခင်သည် မေတ္တာတော်ဖြစ်သည်။ သင်တို့၏မင်္ဂလာဆောင် ချိန်**၌** တစ်ဦးကိုတစ်ဦးကတိသစ္စာဆိုထားသည့်အတိုင်း ဘုရားသခင်၏ကျေးဇူး တော်အားဖြင့် တစ်ဦးကိုတစ်ဦးပျော်ရွှင်အောင်ထားရှိနိုင်ကြမည်ဖြစ်သည်။

လူသားတို့သည်ခရစ်တော်အား သူတို့၏ကူညီမစသူအနေဖြင့်လက်ခံ ကြလျှင် သူတို့သည် သူတို့အတွက်ဘုရားသခင်ထားရှိတော်မူသော ရည်စူး ချက်အဆင့်အတန်းသို့ တက်လှမ်းနိုင်ကြမည်ဖြစ်သည်။ လူသားတို့၏ဉာဏ် ပညာက **ပြု**ပြင်ပေးနိုင်စွမ်းမရှိသောအရာကို မြတ်နိုးခြင်းဖြင့် ယုံကြည်ကိုးစား **၍** ကိုယ်တော်အား မိမိတို့ကိုယ်ကိုဆက်ကပ်သောသူတို့အတွက် ကိုယ်တော်ရှင် ၏ကျေးဇူးတော်က အပြီးဆောင်ရွက်ပေးတော်မူလိမ့်မည်။ ကောင်းကင် မှအစ**ပြု**ခဲ့သော စည်းလုံးညီ**ညွ**တ်ခြင်းတွင် စိတ်နှလုံးများကို ဘုရားသခင် ၏တန်ခိုးတော်က ချည်နှောင်ထားနိုင်စွမ်းရှိတော်မူသည်။ မေတ္တာဟူသည် ပျော့ပျောင်းမြှောက်ပင့်စကားများ အပြန်အလှန်ပြောဆိုခြင်းမျှသာမဟုတ်ပေ။ မြေကြီးဆိုင်ရာရက်ကန်းစင်များက ရက်လုပ်ပေးနိုင်စွမ်းမရှိသောအထည်အလိပ် မျိုးကို အလွန်သေးငယ်သော်လည်း ခိုင်ခံ့သောချည်၊ သိုးမွေးတို့ဖြင့် ကောင်းကင်ဆိုင်ရာရက်ကန်းစင်များက ရက်လုပ်ပေးသည်။ ရက်လုပ်သော အထည်အလိပ်မဟုတ်ဘဲ ဆွေးမြေ့စုတ်ပြတ်ခြင်းကင်း**၍** စမ်းသပ်ခြင်းအမျိုးမျိုး ကိုခံနိုင်စွမ်းရှိသော အထည်မျိုးဖြစ်သည်။ စိတ်နှလုံးတစ်ခုနှင့်တစ်ခုကိုခိုင်မြဲ သော ရွှေဖြင့်ပြီးသောမေတ္တာနှောင်**ကြိုး**တို့ဖြင့် ချည်နှောင်ထားလိမ့်မည်။

---o---

# အခန်း ၁၇
# နှစ်ဦးနှစ်ဖက်ဆောင်ရွက်စရာတာဝန်များ

**တစ်ဦးစီ၌ထမ်းဆောင်စရာပုဂ္ဂလိကတာဝန်များရှိသည်** – သူတို့၏ဘဝအသက်တာနှစ်ခုကိုပေါင်းဖက်ကြသော ပုဂ္ဂိုလ်နှစ်ဦးတို့တွင် သီးခြားသောဂုဏ်အင်္ဂါများနှင့်ဆောင်**ရွ**က်ရမည့် ပုဂ္ဂလိကတာဝန်များရှိပေသည်။ ခင်ပွန်း တိုင်းနှင့်ဇနီးတိုင်းတွင် သူ့လုပ်ငန်းနှင့်သူရှိသော်လည်း ခိုင်းနွားကဲ့သို့ သူတို့၏လုပ်ရည်ကိုင်ရည်ပေါ်တွင် အမှီ**ပြု၍** သူတို့၏တန်ဖိုးကိုဆုံးဖြတ်ခြင်း မပြုရ။ ဇနီးဖြစ်သူသည် မယားအနေဖြင့် အိမ်ထောင်ကိုအသရေတင့်တယ်စေ**၍** ဉာဏ်အမြော်အမြင်ရှိသောခင်ပွန်းအတွက် အပေါင်းအဖော်ပီသစေရမည်။ ခြေလှမ်းလှမ်းသောအခါတိုင်း ''ဒီခြေလှမ်းဟာ မိန်းမပီသတဲ့အဆင့်အတန်း ဟုတ်ရဲ့လား'' ဟူ**၍**လည်းကောင်း၊ ''ငါ့အိမ်ထောင်မှငါရဲ့ ဩဇာသက်ရောက်မှုကို ဘယ်လိုခရစ်တော်နဲ့တူအောင်လုပ်ရမလဲ'' ဟူ**၍**လည်းကောင်း သူ့ကိုယ်ကိုသူမေးမြန်းသင့်ပေသည်။ သူ့ဇနီး၏ဆောင်ရွက်မှုများကို သူ့အနေ ဖြင့် နှစ်သက်သဘောကျကြောင်းကို သူ့ဇနီးအားသိစေသင့်ပေသည်။

ဇနီးဖြစ်သူသည် ခင်ပွန်းဖြစ်သူအားလေးစားရမည်။ ခင်ပွန်းအနေ ဖြင့် ဇနီးဖြစ်သူကိုနှစ်သက်မြတ်နိုးရမည်။ သူတို့၏မင်္ဂလာဆောင်ချိန်**၌** တစ်ဦးနှင့်တစ်ဦး**ပြု**ကြသောကတိသစ္စာက သူတို့နှစ်ဦးအားတစ်ဦးတည်းအနေဖြင့် ပေါင်းစည်းခဲ့သကဲ့ သို့ ခရစ်တော်ကိုသူတို့၏ယုံကြည်ခြင်းသည် ကိုယ်တော်ရှင်**၌** သူတို့အားတစ်လုံး တစ်စည်းတည်းဖြစ်စေသင့်ပေသည်။ အိမ်ထောင်**ပြု**ကြသောသူနှစ်ဦးတို့သည် ယေ**ရှု**ရှင်အကြောင်းကိုသိရှိနားလည် ရန်လည်းကောင်း၊ ကိုယ်တော်ရှင်ဝိညာဉ်တော်ကိန်းဝပ်မှုကို ရရှိရန်လည်း ကောင်း အတူတကွ**ကြိုး**ပမ်းခြင်းကို တွေ့မြင်ရသည်ထက် ကိုယ်တော် ရှင်အားနှစ်သက်စေသောအရာသည်ကား မရှိတော့ပြီ။

ထိမ်းမြားမင်္ဂလာမ**ပြု**မီက သင်တို့နှစ်ဦး**၌**မရှိခဲ့ဖူးသောတာဝန်များ ကိုထမ်းဆောင်ရန် ယခုရှိလာပြီဖြစ်သည်။ ''ထိုကြောင့်––– ကျေးဇူး**ပြု**ခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းကိုယူတင်ဝတ်ဆောင်ကြ လော့'' ''ခရစ်တော်သည် ငါတို့ကိုချစ်တော်မူသည်နည်းတူ၊ သင်တို့သည် မေတ္တာတရား**၌**ကျင်လည်ကြလော့။'' **ဤ**ဝါဒကိုသေချာစွာလေ့လာပါ။ ''အချင်းမိန်းမတို့၊ သခင်ဘုရား၏အုပ်စိုးတော်မူခြင်းကိုဝန်ခံသကဲ့သို့ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံကြလော့။ အကြောင်းမူကား၊ ခရစ်တော် သည် အသင်းတော်၏အပေါ်မှာခေါင်းဖြစ်တော်မူသကဲ့သို့ ယောကျ်ားသည် မိမိခင်ပွန်းအပေါ်မှာခေါင်းဖြစ်၏။'' အသင်းတော်သည် ခရစ်တော်၏အုပ်စိုး တော်မူခြင်းကိုဝန်ခံသကဲ့သို့ မိန်းမတို့လည်း ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်း အရာရာ**၌**ဝန်ခံရကြမည်။ အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်း တော်ကိုချစ်တော်မူ**၍** ကိုယ်ကိုကိုယ်စွန့်တော်မူသကဲ့သို့ ကိုယ့်ဇနီးကိုချစ် ကြလော့။

**ဧဝအားပေးတော်မူသောဘုရားသခင်၏ဩဝါဒ** – ယခုအချိန်မှစ၍ ဧဝသည်ဝမ်းနည်းခြင်းနှင့်နာကျင်ခြင်းဝေဒနာကို ခံစားရတော့မည်။ ဘုရားသခင်ကမိန့်တော်မူသည်မှာ "ကိုယ့်ခင်ပွန်းကိုခင်မင်၍ သူ၏အုပ်စိုး ခြင်းကိုလည်းခံရမည်။ ဖန်ဆင်းချိန်က ဧဝအား အာဒံနှင့်တန်းတူအခြေအနေ ၌ ထားရှိတော်မူသည်။ သူတို့သည် ဘုရားသခင်၏မေတ္တာတော်၊ ပညတ်တော်နှင့်ညီလျော်စွာ ကိုယ်တော် ၏စကားတော်ကို နာခံကျင့်သုံးနေခဲ့လျှင် သူတို့အချင်းချင်းညီ**ညွ**တ်နေကြမည် ဖြစ်သည်။ သို့ရာတွင် အပြစ်သည် စိတ်ဝမ်းကွဲမှုကိုဖန်တီးပေးသောကြောင့် ယခုအခါတွင် တစ်ဦးကတစ်ဦးကို ဝန်ခံမှသာလျှင် သူတို့၏စည်းလုံးညီ**ညွ**တ် မှုကိုထိန်းသိမ်းထားနိုင်မည်ဖြစ် သည်။ ဧဝသည် ပထမဦးဆုံးအပြစ်ဒုစ**ရိုက်** ကိုကျူးလွန်ခဲ့သည်။ ဘုရားသခင်၏**ညွှ**န်ကြားထားတော်မူချက်ကိုလွန်ဆန်**၍** သူ့ခင်ပွန်းထံမှထွက်ခွာသွား သောကြောင့် စုံစမ်းခြင်းကိုခံခဲ့ရသည်။ သူမ၏တောင်းပန်မှုတို့ကြောင့် အာဒံသည် အပြစ်ဒုစ**ရိုက်**ကိုကျူးလွန်ခဲ့သည်။ ယခုအခါ သူမသည် သူ့ခင်ပွန်း၏အုပ်စိုးမှုအောက်သို့ကျရောက်သွားလေပြီ။ အပြစ်**ပြု**သောလူမျိုးသည် ဘုရားသခင်၏ပညတ်တော်ထဲ**၌** ဖော်ပြပါရှိသော အခြေခံမှုများကိုလိုက်နာကျင့်သုံးနေခဲ့လျှင် ယင်းပြစ်ဒဏ်စီရင်ချက်သည် အပြစ် ကျူးလွန်မှုအတွက် ပေါ်ပေါက်လာခဲ့သော်လည်း သူတို့အတွက် ကောင်းချီးမင်္ဂလာ တစ်ရပ်ဖြစ်ခဲ့ပေလိမ့်မည်။ သို့ရာတွင် လူသားတို့လက်သို့အပ်နှံထားသော အမြင့်မြတ်ဆုံးသောအခွင့်အရေးကို အလွဲသုံးစား**ပြု**သောကြောင့် အမျိုးသမီးတို့၏ ကံကြမ္မာကိုခါးသီးစေ**၍** သူတို့၏ဘဝအသက်တာကိုလည်း ဝန်ထုပ်ထမ်းနေရသကဲ့သို့ဖြစ်စေသည်။

သူမ၏ဒေင်အိမ်ဂေဟာ**၌** ဧဝသည် သူ့ခင်ပွန်းအနီးအပါးတွင် အထူးတလည်ပျော်ရွှင်သာယာထူးကဲသော အခြေအနေ**၌**ရပ်တည်နေခဲ့ရသည်။ သို့ရာတွင် ခေတ်သစ်ဧဝများကဲ့သို့ ဘုရားသခင်ကသူ့အားသတ်မှတ်ပေး ထားတော်မူသောအဆင့်အတန်းထက် မြင့်မားသောအခြေအနေသို့ တက်လှမ်း နိုင်မည်ဟူသောမျှော်လင့်ချက်ဖြင့် စိတ်တက်ကြွလျက်ရှိခဲ့သည်။ သူမ၏ နဂိုအခြေအနေထက်ပိုမိုမြင့်မားသောအဆင့်အတန်းသို့ တက်လှမ်းရန်**ကြိုး**ပမ်း သောအခါ သူမသည် နဂိုအခြေအနေထက်နိမ့်ကျသောနေရာသို့ ကျဆင်း သွားခဲ့သည်။ ဘုရားသခင်၏စီမံကိန်းနှင့်အံဝင်ခွင်ကျအောင် သူတို့ဘဝ အသက်တာ၏တာဝန်များကိုရွှင်လန်းဝမ်းမြောက်စွာ မထမ်းဆောင်လိုသော သူရှိသမျှတို့သည် အလားတူအဖြစ်သနစ်မျိုးနှင့် ရင်ဆိုင်ကြရလိမ့်မည်။

**မိန်းမတို့ဝန်ခံကြလော့။ ယောကျ်ားတို့ချစ်ကြလော့** – "မယားဖြစ်သူသည် သူ့စိတ်တိုင်းကျလုပ်ကိုင်ခွင့်မရှိသလော" ဟူသောမေးခွန်း မကြာခဏကြားရသည်။ ယောကျ်ားသည် အိမ်ထောင်ဦးစီးဖြစ်ကြောင်းကို

ကျမ်းစာကပြတ်သားစွာပြော ထားပါသည်။ “အချင်းမိန်းမတို့၊ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံကြလော့။” အကယ်**၍ ဤ**မှာကြားချက်သည် **ဤ**နေရာ

တွင်ရပ်ဆိုင်းသွားလျှင် မယားဖြစ်သူ၏ဘဝမှာ အားကျစရာဖြစ်သောဘဝ မျိုးမဟုတ်ပေ။ မြောက်မြားစွာသောအမျိုးသမီးများအတွက် ယင်းအခြေအနေ မျိုးသည်ခက်ခဲ**၍** မခံမရပ်နိုင်သောအခြေအနေမျိုးဖြစ်သည်။ ထိုကြောင့် ထိမ်းမြားမင်္ဂလာ**ပြု**ကြသော လူဦးရေနည်းပါးလေလေ၊ ကောင်းလေလေ သဘောမျိုးရှိနေသည်။ အများယောကျ်ားဖြစ်သူတို့သည် "အချင်းမိန်းမတို့၊ ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံကြလော့" ဟူသောစကားလုံးများအဆုံးတွင် ရပ်ထားကြသည်။ သို့ရာတွင် ယင်းမှာကြားချက်၏ကျန်ရှိနေသောစကားလုံး များကိုဖတ်လျှင် "သခင်ဘုရား၏အုပ်စိုးတော်မူခြင်းကိုဝန်ခံသကဲ့သို့" ဆိုသော စကားများကို တွေ့ရှိရသည်။

မယားဖြစ်သူအနေဖြင့် သူမ၏**ရှေ့**မှောက်တွင် ဘုရားသခင်ကို ကြောက်ရွံ့သောစိတ်နှင့် ဘုန်းတော်ကိုထင်ရှားလိုသောစိတ်ကို အမြဲတမ်း ထားရှိရန် ဘုရားသခင်သည်အလိုရှိတော်မူသည်။ လုံးဝဝန်ခံကျိုးနွံခြင်းကိုကား၊ ကိုယ်တော်ရှင်ဘဝအသက်တာ၏တန်ဖိုးမဖြတ်နိုင်သောအဖိုးအခကို ပေး**၍** ကိုယ်တော်၏သားသမီးအနေဖြင့် သူ့အားဝယ်ယူခဲ့တော်မူသော ခရစ်တော် ယေ**ရှု**တစ်ပါးတည်းကိုသာ**ပြု**ရမည်။ သူ့အနေဖြင့် ဘေးကင်းစွာ ချိုးဖောက် ခြင်းမ**ပြု**နိုင်သော သြတ္တပ္ပစိတ်ကိုသူမအား ဘုရားသခင်သည် ပေးထား တော်မူသည်။ သူမ၏ကိုယ်ပိုင်ဆုံးဖြတ်နိုင်သောအခွင့်အရေးကို သူမယောကျ်ား ၏ကိုယ်ပိုင်ဆုံးဖြတ်နိုင်အောင် အခွင့်အရေးနှင့်ပေါင်းစပ်**၍** မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် သူမအားဝယ်ယူထားတော်မူသောသူ ဖြစ်သည်။ စာတန်၏ကျေးကျွန်ဘဝမှရွေးယူကယ်တင်ထားသော သူမ၏ ကိုယ်ခန္ဓာနှင့် စိတ်သဘောတို့ကို ပျက်စီးဆုံးပါးစေမည်ကိုသိလျက်နှင့် ခပ်သိမ်း သောအမှု ကိစ္စတို့တွင်မျက်စိမှိတ်**၍** သူ့ယောကျ်ားကပြောဆိုသည့်အတိုင်း ခရေစေ့တွင်း ကျလုပ်ကိုင်ပေးရမည်ဟု တွေးတောခြင်းသည် မှားယွင်းမှုတစ်ရပ် ဖြစ်သည်။ မယားဖြစ်သူ၏လင်ယောကျ်ားထက် ပိုမိုမြင့်မားသောအခြေအနေ **၌** ရပ်တည် တော်မူသောကိုယ်တော်ရှင်သည် ရှိတော်မူသည်။ ယင်းပုဂ္ဂိုလ် သည် သူမ၏ ကယ်တင်ရှင်ဖြစ်တော်မူ**၍** သူမခင်ပွန်းသည်၏အုပ်စိုးမှုကိုခံ ရာတွင် "သခင်ဘုရား၏အုပ်စိုးတော်မူခြင်းကိုဝန်ခံသကဲ့သို့" **ပြု**ရကြမည်။

အိမ်ထောင်**ပြု**ရာအမှုကိစ္စတို့တွင် အမျိုးသမီးများအနေဖြင့် ဝင်ရောက် **၍**ပြောဆိုစွက်ဖက်ပြောဆိုပိုင်ခွင့်လုံးဝမရှိဘဲ ယောကျ်ားဖြစ်သူ၏လုပ်ကိုင်

ချက်ကို လုံးဝဝန်ခံရမည်ဟုဆိုလျက် ယောကျ်ားဖြစ်သူတို့တွင် အုပ်စိုးမှုကို မိန်းမဖြစ်သူတို့သည် လုံးဝဝန်ခံကြရမည်ဟုသဘောထားလျှင် သူတို့သည် ကျမ်းစာနှင့်ဆန့်ကျင်ဘက်ဖြစ်သော အခြေအနေတို့**၌** သူတို့၏ဇနီးများကို ရပ်တည်စေကြသည်။ ယင်းနည်းအတိုင်း ကျမ်းစာကိုအနက်အဓိပ္ပါယ်ဖော် ရာတွင် သူတို့သည် ထိမ်းမြားမင်္ဂလာဆိုင်ရာအမှုကိစ္စကြီး၏ရည်စူးချက်ကို ချိုးဖောက်ဖျက်ဆီးကြသည်။ သူတို့၏ကိုယ်ပိုင်အခွင့်မဟုတ်သော အဓမ္မ အုပ်စိုးမှုကိုပြုလုပ်နိုင်ရန်အတွက် ယင်းကဲ့သို့အနက်အဓိပ္ပါယ်ဖော်ထုတ်ခြင်း ဖြစ်သည်။ သို့ရာတွင် အောက်**၌**ဖတ်ပါ။ "အချင်းယောကျ်ားတို့၊ ကိုယ့်ခင်ပွန်း ကိုချစ်ကြလော့၊ ကြမ်းတမ်းစွာမပြုကြနှင့်။" ယောကျ်ားဖြစ်သူသည် သူ့မယား ကိုအဘယ်ကြောင့်ကြမ်းတမ်းစွာပြုရမည်နည်း။ အကယ်**၍** သူ့မယားသည် လမ်းလွဲလိုက်**၍**နေလျှင်ဖြစ်စေ၊ မှားယွင်းစွာကျင့်ကြံပြုမူနေသည်ဖြစ်စေ၊ ကြမ်းတမ်းစွာပြုခြင်းသည် အဆိုးကိုအကောင်းဖြစ်စေလိမ့်မည်မဟုတ်ပေ။

**ခင်ပွန်းသည်ခရစ်တော်၏အုပ်စိုးခြင်းကို ဝန်ခံသောအခါမှသာ ဇနီးသည်သူ့ခင်ပွန်း၏အုပ်စိုးခြင်းကိုဝန်ခံစေ** – များသောယောကျ်ားဖြစ်သူတို့သည် မိမိတို့၏မယားများနှင့်ပေါင်းသင်းဆက်ဆံရာတွင် ခရစ်တော် ယေရှုနှင့် ကိုယ်တော်၏အသင်းတော်တို့ဆက်ဆံပုံကို မှန်ကန်စွာကိုယ်စား ပြုခြင်းမရှိကြချေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဘုရားသခင်၏ နည်းလမ်းကိုမလိုက်နာသောကြောင့်ဖြစ်သည်။ သူတို့၏မယားများသည် ခပ်သိမ်းသောအမှုကိစ္စတို့တွင် သူတို့လုပ်ကိုင်သမျှကိုဝန်ခံရမည်ဟု ဆိုကြ သည်။ အိမ်ထောင်ဦးစီးအနေဖြင့် သူကိုယ်တိုင်ခရစ်တော်၏အုပ်စိုးခြင်းကို ဝန်ခံခြင်းမရှိဘဲ ယောကျ်ားဖြစ်သူကအုပ်စိုးခြင်းကို ဘုရားသခင်အနေဖြင့် ကြံရွယ်ထားတော်မမူပေ။ ခရစ်တော်နှင့်အသင်းတော်၏ဆက်ဆံပုံကို ယောကျ်ား ဖြစ်သူသည် ကိုယ်စားပြုနိုင်ရန်သူကိုယ်တိုင် ခရစ်တော်၏အုပ်စိုးခြင်းကို ဝန်ခံရမည်။ အကယ်**၍** ယောကျ်ားဖြစ်သူသည် ကြမ်းတမ်းခက်ထန်နေလျှင် လည်းကောင်း၊ ဆူဆူပူပူဖြစ်တတ်လျှင်လည်းကောင်း၊ "ငါ" တည်းဟူသော မာန်မာနထားလျှင်လည်းကောင်း၊ ရက်စက်ကြမ်းကြုတ်လျှင်လည်းကောင်း၊ သည်းခံခြင်းမရှိလျှင်လည်းကောင်း၊ ယောကျ်ားသည် မိန်းမ၏ဦးဆောင်သူ ဖြစ်သည်ဟူ**၍**လည်းကောင်း၊ သူ့အားအမှုကိစ္စအားလုံးတွင် ဝန်ခံရမည်ဟူ**၍** လည်းကောင်း ဘယ်အခါမျှပြောဆိုခွင့်မပြုပါနှင့်။ အဘယ်ကြောင့်ဆိုသော် သူသည် ဘုရားသခင်မဟုတ်၊ ယောကျ်ားဟူသောအမည်နာမ၏စစ်မှန်သော အဓိပ္ပါယ်ကိုဆောင်သောသူမဟုတ်ပေ။

ခရစ်တော်သည် အသင်းတော်နှင့်ဆက်သွယ်ပုံကို ဧဖက်သြဝါဒစာ**၌**

တင်ပြထားသော ပုံပမာကိုလည်းကောင်း၊ ယင်းပုံပမာသည် ဘယ်ကဲ့သို့ အဓိပ္ပါယ်ဆောင်သည်ကိုလည်းကောင်း၊ ယောကျ်ားဖြစ်သူသည် လေ့လာ သင်ကြားသင့်ကြပေသည်။ သူ့အိမ်ထောင်တွင် ယောကျ်ားဖြစ်သောသူသည် ကယ်တင်ရှင်အနေဖြင့် ရပ်တည်ရမည်။ သူသည် သူ၏မြင့်မြတ်**၍** ဘုရားသခင် ပေးထားတော်မူသော ယောကျ်ားဘဝတွင်ရပ်တည်လျက် သူ့ဇနီးနှင့်သားသမီး တို့၏အခြေအနေကိုမြှင့်တင်ပေးရန် အမြဲတမ်း**ကြိုး**ပမ်းပါမည်လား။ သူ့ပတ်ဝန်း ကျင်ကိုသန့်ရှင်းစင်ကြယ်**၍** ပျော်ရွှင်သာယာစိတ်ချမ်းသာသောအခြေအနေ**၌** ထားရှိပါမည်လား။ သူ့တွင်ဩဇာအာဏာရှိသည်ဟူ**၍** အခိုင်အမာပြောဆို လိမ့်မည်ဖြစ်သည့်အတိုင်း၊ ယေ**ရှု**ရှင်ကို ချစ်မြတ်နိုးသည့် စိတ်ထားမျိုးကို မွေးမြူလျက် သူ့အိမ်ထောင်တွင် ယင်းမြတ်နိုးမှုကို အခြေခံမှုအနေဖြင့်ထား ရှိ**၍** ကျင့်သုံးလိမ့်မည်မဟုတ်ပါ။

တစ်ဖက်သတ်တည်းမကျဘဲ၊ မယားဖြစ်သူသည် ယောကျ်ားဖြစ် သူ၏စိုးမိုးခြင်းကိုဝန်ခံရမည်ဟူသော အချက်တစ်ချက်တည်းကိုသာကွက်**၍** ပြောဆိုခြင်းလည်း မပြုဘဲ ကရာနီကုန်းမှလက်ဝါးကပ်တိုင်ပေါ်တွင် **ပြု**တော် မူသောကိစ္စကြောင့် အိမ်ထောင်တွင်ရပ်တည်မည့်နေရာကိုသိရှိရန် ယောကျ်ား လည်းဖြစ်၊ ဖခင်လည်းဖြစ်သောသူတိုင်းအား ခရစ်တော်၏**ဤ**မိန့်တော်မူ ထားချက်ကို လေ့လာပါလေစေ။ ''အချင်းယောကျ်ားတို့၊ ခရစ်တော်သည် အသင်းတော်ကိုချစ်တော်မူသကဲ့သို့ သင်တို့သည် ကိုယ်ခင်ပွန်းကိုချစ်ကြ လော့။'' ထိုအသင်းတော်သည် သန့်ရှင်းလျက်၊ အပြစ်ကင်းလျက်ရှိသည်ဖြစ်**၍** အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်း စသည်တို့နှင့် လွတ်လပ်သဖြင့် အသရေတင့်တယ်လျက်ရှိသော အသင်းတော်ကိုခရစ်တော်သည် မိမိအား ဆက်သအံ့သောငှာ နှုတ်ကပတ်တော်ရေ**၌** ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည့်အကြောင်း ထိုအသင်းတော်အဖို့အလို့ငှာ ကိုယ်ကိုကိုယ်စွန့် တော်မူ ၏။ ကျွန်ုပ်တို့အား အပြစ်ဒုစရိုက်မှဆေးကြော**၍** သန့်ရှင်းသောဝိညာဉ် တော်၏ဩဇာသက်ရောက်မှုအားဖြင့် အပြစ်ဒုစရိုက်နှင့်အညစ်အကြေးအပေါင်း တို့မှကင်းစင်စေခြင်းငှာယေ**ရှု**ရှင်သည် လက်ဝါးကပ်တိုင်ပေါ်တွင် မိမိ ကိုယ်ကိုအသေခံတော်မူသည်။

**တစ်ဦးအပေါ်၌တစ်ဦးသည်းခံရန်လိုအပ်သည်** – ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်တော်ကိုရရှိကြရမည်။ သို့မဟုတ်လျှင် အိမ်ထောင် တွင်စည်းလုံးညီ**ညွ**တ်မှုဘယ်အခါမျှရှိနိုင်မည်မဟုတ်ပေ။ အကယ်**၍**ခရစ်တော် ၏စိတ်သဘောမျိုးထားရှိလျှင် မယားဖြစ်သူသည် မိမိအပြောအဆိုများကို သတိ**ပြု**ရမည် ဖြစ်သည်။ သူမ၏စိတ်၊ သူမ၏စိတ်သဘောကိုအုပ်အုပ်ထိန်းထိန်း ထားရှိရမည်။ သူ့ယောကျ်ား၏အုပ်စိုးမှုကိုဝန်ခံတတ်မည်။ သို့စေကာမူ သူမသည် ငွေဝယ်ကျွန် မဟုတ်ဘဲ သူ့ယောကျ်ားအတွက် အပေါင်းအဖော် ဖြစ်သည်ဟူသော ယုံကြည်ချက်ကိုမွေးမြူထားမည်။ အကယ်**၍** သူ့ယောကျ်ား ဖြစ်သူသည် ဘုရားသခင်၏သားသမီးတစ်ယောက်ဖြစ်လျှင် သူ့ဇနီးအပေါ်

တွင် အာဏာပြလိမ့်မည်မဟုတ်ပေ။ သူသည် သူ့မယားဖြစ်သူအား သူ့စကား များကိုအတင်းအဓမ္မလိုက်နာကျင့်သုံးစေမည်မဟုတ်ပေ။

အလွန်အကျွံဂရုစိုက်ရုံဖြင့်သာ အိမ်ဂေဟာ၏မေတ္တာအဆောက်အအုံ ကိုမတည်ဆောက်နိုင်ပေ။ အကယ်**၍** ဘုရားသခင်၏ဝိညာဉ်တော်သည် အိမ်ဂေဟာတွင်ကိန်းဝပ်တော်မူလျှင် အိမ်ဂေဟာသည် ကောင်းကင်၏ပုံပမာ ဖြစ်သည်။

အိမ်ထောင်ဖက်တစ်ဦးသည် လမ်းမှားနေလျှင် အခြားတစ်ဦးသည် အေးစက်စွာရှောင်ဖယ်မသွားဘဲ ခရစ်တော်**၌**ရှိသောသည်းခံခြင်းမျိုးကို ကျင့်သုံးရမည်။

ယောကျ်ားဖြစ်သူကဖြစ်စေ၊ မယားဖြစ်သူကဖြစ်စေ တစ်ဦးကတစ်ဦး အပေါ် အဓမ္မနည်းလမ်းဖြင့်စိုးမိုးရန် မကြိုးပမ်းသင့်ပေ။ သင်တို့၏လိုအင် ဆန္ဒအတိုင်း လိုက်လျောလုပ်ကိုင်စေရန် တစ်ဦးအပေါ်တစ်ဦး အဓမ္မနည်းလမ်း ကိုမကျင့်သုံးပါနှင့်၊ ယင်းနည်းလမ်းမျိုးကိုကျင့်သုံးခြင်းအားဖြင့် တစ်ဦးက တစ်ဦးအပေါ်ထားရှိသောမေတ္တာကို ထိန်းသိမ်းထားနိုင်မည်မဟုတ်ပေ။ တစ်ဦး ကိုတစ်ဦးကြင်နာပါ။ သည်းခံပါ။ လိုက်နာပါ။ ယဉ်ကျေးစွာဆက်ဆံပါ။ မင်္ဂလာဆောင်ချိန်က သင်တို့တစ်ဦးကိုတစ်ဦး ကတိသစ္စာပြုကြသည့်အတိုင်း ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် တစ်ဦးကိုတစ်ဦးစိတ်ပျော်ရွှင်အောင် ထားရာတွင် အောင်မြင်မှုကိုရရှိပါလိမ့်မည်။

**တစ်ဦး၏အလိုကိုတစ်ဦးကကြည်ဖြူစွာလိုက်လျောပါ** – လင်မယား ဘဝတွင် ယောကျ်ားများနှင့်မိန်းမတို့သည် တစ်ခါတစ်ရံ စည်းကမ်းမဲ့သော ကလေးဆိုးများနှင့်တူသည်။ ယောကျ်ားဖြစ်သူက မည်သည့်ကိစ္စမဆို သူ့ဆန္ဒအတိုင်းသာဖြစ်စေသည်။ မိန်းမဖြစ်သူကလည်း ထိုနည်းအတိုင်းပင် နှစ်ဦးစလုံးက တစ်ဖက်သား၏ဆန္ဒကိုမလိုက်လျောလိုကြပေ။ ယင်းကဲ့သို့ သောအခြေအနေသည် မဟာစိတ်မချမ်းသာမှုကိုသာ ဖန်တီးပေးလိမ့်မည်။ ယောကျ်ားဖြစ်သူနှင့်မိန်းမဖြစ်သူနှစ်ဦးစလုံးက တစ်ဦး၏ဆန္ဒကိုတစ်ဦးက လိုက်လျောလိုသောဆန္ဒရှိသင့်ပေသည်။ သူတို့နှစ်ဦးစလုံးက သူတို့၏ စိတ်ကြိုက်ကိုသာ အတင်းအဓမ္မလုပ်ကိုင်နေလျှင် ပျော်ရွှင်မှုဆိုသည်မှာ ဗလာ နတ္ထိမရှိခြင်းဖြင့်သာနိဂုံးချုပ်လိမ့်မည်။

ယောကျ်ားမိန်းမအပေါင်းတို့သည် ခရစ်တော်အထံတော်**၌** ကိုယ် တော်ရှင်၏စိတ်နူးညံ့သိမ်မွေ့ခြင်းနှင့် စိတ်နှိမ့်ချခြင်းတို့ကို သင်ကြားလေ့လာ ခြင်းမရှိခဲ့လျှင် သူတို့သည် ကလေးသူငယ်များကဲ့သို့ ခေါင်းမာသောသဘော၊ ဆင်ခြင်တုံတရားကင်းသောစိတ်သဘောများကိုသာ မကြာခဏဖော်ပြကြ

လိမ့်မည်။ ခိုင်မာ၍စည်းကမ်းမဲ့သောလိုအင်ဆန္ဒသည် စိုးမိုးရန်ကြိုးပမ်း လိမ့်မည်။ ယင်းကဲ့သို့သောသူများသည် ပေါလု၏ပြောဆိုထားသောစကား များကို လေ့လာသင့်ကြပေသည်။ "ငါသည်သူငယ်ဖြစ်စဉ်အခါ သူငယ်လို စကားပြော၏။ သူငယ်လိုစိတ်ထင်၏။ သူငယ်လိုကြံစည်၏။ အသက်ကြီး သောအခါမူကား၊ သူငယ်၏အရာများကိုငါပယ်ရှား၏။"

**အိမ်ထောင်ရေးဆိုင်ရာအခက်အခဲများကိုညှိနှိုင်းစေ့စပ်ခြင်း—** လင်မယားနှစ်ယောက်တို့သည် သူတို့၏မြားမြောင်လှသောအိမ်ထောင်မှုကိစ္စ များနှင့်ပတ်သက်၍ နှစ်ဦးစလုံးအတွက် မျှမျှတတကျေကျေနပ်နပ်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သည့်တိုင်အောင် သူတို့၏စိတ်နှလုံးကို ဘုရားသခင်အား အပ်နှံထားရန်ပျက်ကွက်ခဲ့လျှင်၊ အိမ်ထောင်မှုဆိုင်ရာကိစ္စအဝဝတို့၏ခဲရာခဲဆစ် များကို ညှိနှိုင်းစေ့စပ်ရာတွင် အခက်အခဲကိုရင်ဆိုင်ကြရလိမ့်မည်။ ယောကျ်ား ဖြစ်သူနှင့်မိန်းမဖြစ်သူတို့သည် အိမ်ထောင်မှုဆိုင်ရာကိစ္စအဝဝတို့ကိုခွဲထား လျက် သူတို့၏တစ်ဦးအပေါ်တစ်ဦးထားရှိသောမေတ္တာကို ဘယ်ကဲ့သို့ ဆက်လက်၍ ထိန်းသိမ်းထားနိုင်ပါအံ့နည်း။ အိမ်ထောင်မှုကိစ္စအဝဝကို ဆောင်ရွက်ရာတွင် သူတို့သည်လက်တွဲ၍ ဆောင်ရွက်သင့်ကြပေသည်။ မယားဖြစ်သူသည် ခရစ်ယာန်အမျိုးသမီးဖြစ်လျှင် သူ့မယောကျ်ားနှင့်အမြဲတမ်း တစ်စိတ်တစ် ဝမ်းတည်းရှိနေရမည်။ အဘယ်ကြောင့်ဆိုသော် ယောကျ်ားသည် အိမ်ထောင်ဦး စီးအနေဖြင့် ရပ်တည်နေရမည်ဖြစ်သည်။

**စိတ်ဝမ်းကွဲသောအိမ်ထောင်များအတွက်အကြံပေးချက်** – သင်တို့ ၏စိတ်သဘောထားသည် မှားယွင်းနေသည်။ ကိစ္စတစ်ခုခုနှင့်ပတ်သက်၍ ကိုယ့်ယူဆချက်နှင့်ကိုယ်ဖြစ်နေသောအခါ ယင်းကိစ္စနှင့်ပတ်သက်နေသော အချက်အလက်များကို သေချာစွာဖြင့်ချင့်ချိန်တိုင်းဆခြင်းမပြု။ သင့်ယူဆချက် အတိုင်း တွယ်ကပ်ပြောဆိုခြင်းသည် ဘယ်ကဲ့သို့သောအကျိုးသက်ရောက်မှု ရှိရမည်ကို မစဉ်းစားမဆင်ခြင်ဘဲ၊ သင့်မယားဖြစ်သူမှာလည်း သင့်နှင့် အမြင်ချင်းမတူ၊ တစ်မူခြားနေသည်ကိုသိလျှင် ယင်းယူဆချက်များကို လွတ်လပ်စွာဖြင့် သင့်ဆုတောင်းပတ္ထနာများနှင့်စကားအပြောအဆိုများတွင်

ပေါင်းစပ်ထည့်သွင်းပြောဆိုလေသည်။ လူကြီးလူကောင်းတစ်ယောက်အနေဖြင့် သင့်မယားဖြစ်သူ၏စိတ်၌ခံစားမှုကို လေးစားခြင်းမရှိ၊ ကွဲလွဲနေသောအမှုကိစ္စများကိုရှောင်ရှားခြင်းမပြု၊ ကန့်ကွက်ဖွယ်ဖြစ်သောအချက်အလက်တို့ကို ဖြောင်ပြောဆို၍ သင့်ပတ်ဝန်းကျင်၌ရှိသော သူတို့၏အယူအဆများကိုဂရု မစိုက်ဘဲ သင့်ယူဆချက်များကို ခေါင်းမာစွာပြောဆိုလျက်ရှိခဲ့သည်။ မည်သည့်ကိစ္စမျိုး၌မဆို သင့်အမြင်နှင့်ကွဲလွဲသောအမြင်မျိုးကို အခြားသောသူတို့၌ ထားပိုင်ခွင့်မရှိဟု သင့်အနေဖြင့်ယူဆခဲ့သည်။ ယင်းကဲ့သို့သောအသီးများ သည် ခရစ်ယာန်သစ်ပင်ပေါ်တွင်မသီးချေ။

ညီအစ်ကိုမောင်နှမတို့၊ ယေရှုရှင်ကိုလက်ခံရန် သင်တို့၏စိတ်နှလုံး တံခါးကိုဖွင့်ပေးပါ။ ဝိညာဉ်ဗိမာန်ထဲသို့ ကိုယ်တော်ရှင်ကိုဖိတ်ခေါ်ပါ။ လူအားလုံးတို့၏လင်မယားဘဝထဲသို့ ထိုးဖောက်ဝင်ရောက်လာသောခလုတ် တံသင်းများတို့ကို အောင်မြင်နိုင်နင်းရန် တစ်ဦးကိုတစ်ဦးမစကူညီပါ။ မာရ်နတ် တည်းဟူသော သင့်ရန်သူကိုအောင်မြင်နိုင်နင်းရန် သင်သည် ပြင်းထန်သော တိုက်ပွဲကိုဆင်နွှဲရလိမ့်မည်။ ဤတိုက်ပွဲတွင် သင့်ကိုဘုရားသခင်အားကူညီ မစစေရန်မျှော်လင့်နေလျှင် အောင်မြင်မှုအတွက်ဆုံးဖြတ်ရာတွင် သင်တို့ နှစ်ဦးလုံးသည် စည်းလုံးညီညွတ်ရမည်။ သင်သည် ဒူးထောက်၍ "အရှင် ဘုရား၊ အကျွန်ုပ်ဝိညာဉ်၏ရန်သူကိုဆုံးမပေးတော်မူပါ" ဟု ကျယ်လောင် သောအသံဖြင့်ဆုတောင်းရသည်တိုင်အောင် မှားယွင်းသောစကားတစ်လုံး ကိုမျှ သင်၏နှုတ်မှထွက်မလာပါစေနှင့်။

**ခရစ်တော်ကိန်းဝပ်တော်မူသောစိတ်နှလုံးတိုင်းသည် စည်းလုံး ညီညွတ်မှုရှိသည်** – ဘုရားသခင်၏အလိုတော်အတိုင်းဆောင်ရွက်လျှင်၊ လင်မယားနှစ်ယောက်တို့သည် တစ်ဦးကိုတစ်ဦးလေးစား၍ မေတ္တာနှင့် ယုံကြည်မှုစိတ်ဓာတ်ကိုမွေးမြူကြလိမ့်မည်။ အိမ်ထောင်၏ငြိမ်သက်မှုနှင့် စည်းလုံးညီညွတ်မှုကို ဖျက်ဆီးနှောင့်ယှက်သောအရာရှိသမျှကို ပြောင်မြောက် စွာနှိပ်ကွပ်ပစ်၍ ကြင်နာခြင်းနှင့်ချစ်ခြင်းတို့ကို မွေးမြူထိန်းသိမ်းရမည်။ ကြင်နာတတ်သောစိတ်၊ သည်းခံတတ်သောစိတ်နှင့်ချစ်တတ်သောစိတ်မျိုးကို ပြသသောသူတို့သည် ယင်းစိတ်မျိုးတို့ဖြင့်တုံ့ပြန်မှုကိုခံရလိမ့်မည်။ ဘုရားသခင် ၏ဝိညာဉ်တော်စိုးမိုးသောနေရာတွင် အတွဲမညီသောလင်မယား၊ ရှေ့သွား နောက်လိုက်မညီသောဇနီးမောင်နှံဟူသော ဝေဖန်ပြောဆိုမှုမျိုးကိုမထင်ရှား ပေ။ ဘုန်းတန်ခိုး၏မျှော်လင့်ခြင်းဖြစ်သော ခရစ်တော်သည်

အိမ်ဂေဟာ တွင်ကိန်းဝပ်တော်မူလျှင် ယင်းအိမ်ထောင်တွင် စည်းလုံးညီ**ညွ**တ်ခြင်းနှင့် ချစ်ခြင်းမေတ္တာတို့စိုးမိုးနေမည်ဖြစ်သည်။ မယားဖြစ်သူ၏စိတ်နှလုံးထဲ**၌** ကိန်းဝပ်တော်မူသော ခရစ်တော်သည် ယောကျ်ားဖြစ်သူ၏စိတ်နှလုံးထဲ**၌** ကိန်းဝပ်တော်မူသော ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်တော်မူလိမ့်မည်။ ကိုယ်တော်ရှင်အားချစ်သောသူအတွက် ခရစ်တော်အရှင်သွားရောက်ပြင်ဆင် နေတော်မူသော နေစရာအရပ်ကိုရောက်ရှိရန် လင်မယားနှစ်ယောက်တို့သည် အတူတကွ**ကြိုး**ပမ်းလိမ့်မည်။

---o---

# အခန်း ၁၈
# ထိမ်းမြားမင်္ဂလာဆိုင်ရာတာဝန်များနှင့်အခွင့်အရေးများ

**သားမယားမယူဘဲနေရန် ယေရှုရှင်ကအတင်းအကျပ်မတိုက်တွန်း ပေ** – ထိမ်းမြားမင်္ဂလာပြုခြင်းကို ကိုယ်တော်ရှင်၏တိုက်တွန်းသော ပညတ်တော်အားဖြင့် ထိန်းသိမ်းကာကွယ်ထားသော ဘုရားသခင်၏သန့်ရှင်း သောစီရင်ထုံးဖွဲ့မှုတစ်ရပ်ဟု သဘောထားသောသူတို့သည် ဆင်ခြင်တုံတရား နှိုးဆော်ချက်၏အုပ်ထိန်းမှုကို ခံရကြလိမ့်မည်။

မည်သို့သောလူတန်းစားမှ ယောကျ်ားများကိုသားမယားမယူဘဲနေ ရန် ယေ**ရှု**ရှင်က အတင်းအကျပ်တိုက်တွန်းထားခြင်းမရှိပေ။ ထိမ်းမြား မင်္ဂလာ၏သန့်ရှင်းသောတွဲဖက်မှုကိုဖျက်ဆီးရန် ကိုယ်တော်ရှင်သည် ကြွလာတော်မူသည်မဟုတ်။ ယင်းကိုချီးမြှောက်**၍** ယင်း၏မူရင်းသန့်စင်သော အခြေအနေ**၌** ပြန်လည်ထားရှိရန်ဖြစ်သည်။ သန့်ရှင်း**၍**အတ္တစိတ်ကင်းသော မေတ္တာစိုးမိုးသောအိမ်ထောင်ကို ကိုယ်တော်ရှင်သည် နှစ်သက်စွာဖြင့်ကြည့်**ရှု** တော်မူသည်။

**ထိမ်းမြားမင်္ဂလာသည် တရားဝင်ဖြစ်၍သန့်ရှင်း၏** – စားခြင်းသောက်ခြင်းတို့**၌**အပြစ်မရှိ။ ထိုနည်းတူစွာ ထိမ်းမြားမင်္ဂလာ**ပြု**ခြင်း**၌**လည်း အပြစ်မရှိပေ။ နောဧလက်ထက်တွင်ထိမ်းမြားမင်္ဂလာ**ပြု**ရန် တရားဝင်ဖြစ် သကဲ့သို့ ယခုအခါ**၌**လည်းတရားဝင်ဖြစ်၏။ ထိုသို့ဆိုရာ**၌** တရားဝင်ဖြစ်သောထိမ်းမြားမင်္ဂလာကို တော်လျော်စွာအသုံး**ပြု**ရမည်။ အပြစ်ဖြစ်စေသော ကျူးကျူးလွန်လွန်အသုံး**ပြု**မှုကို ရှောင်ကြဉ်ရမည်။ နောဧလက်ထက်တွင် လူတို့သည် ဘုရားသခင်ကိုတိုင်ပင်နှီးနှောခြင်းမရှိ။ ကိုယ်တော်ရှင်၏လမ်းပြပို့ဆောင်မှုနှင့်အကြံဉာဏ်ကိုရယူခြင်းမရှိပေ။

ဘဝအသက်တာတစ်ခုလုံးသည် အနိစ္စတည်းဟူသော မမြဲသောသဘောရှိခြင်းတွင် ကျွန်ုပ်တို့၏အလုပ်အကိုင်အပြောအဆိုများကို **ပြု**ပြင်ပြောင်းလဲပေးသော ဩဇာသက်ရောက်မှုရှိသင့်ပေသည်။ နောဧခေတ်တွင် သင့်လျော်စွာအသုံး**ပြု**လျှင် တရားဝင်ဖြစ်သောကိစ္စတစ်ခုကို မြတ်နိုးရာတွင် လိုသည်ထက်တစ်ဖက်စွန်းရောက်ရှိသည်အထိ ကျူးလွန်သောကြောင့် ထိမ်းမြားမင်္ဂလာသည် ဘုရားသခင်**ရှေ့**တော်တွင်အပြစ်ဖြစ်ခဲ့ရသည်။ ထိမ်းမြားမင်္ဂလာကိစ္စကို တွေးဆမျှော်ခေါ်ချိန်တွင်လည်းကောင်း၊ ထိမ်းမြားမင်္ဂလာ**ပြု**ပြီးသောအခါတွင်လည်းကောင်း တရားလွန်စိတ်ဝင်စားခြင်းနှင့်လိုက်စားခြင်းအားဖြင့် ယခုခေတ်ကမ္ဘာကြီးတွင် မြောက်မြားစွာသောသူတို့ သည် ဝိညာဉ်ဆုံး**ရှုံး**မှုနှင့်ရင်ဆိုင်နေရကြသည်။

ထိမ်းမြားမင်္ဂလာသည်သန့်ရှင်း၏။ သို့ရာတွင် ယခုကဲ့သို့သော ဆုတ်ကပ်ကြီးထဲတွင် ယင်းသည်အညစ်ညမ်းဆုံးလုပ်ရပ်များနှင့် ထွေးရောယှက်တင်ဖြစ်နေသည်။ ယင်းကဲ့သို့အလွဲသုံးစား**ပြု**ကြသောကြောင့် ရေလွှမ်းမိုး

မီခေတ်တွင် ထိမ်းမြားမင်္ဂလာပြုလုပ်ခြင်းသည်ပင် ရာဇဝတ်မှုဖြစ်ခဲ့သကဲ့သို့ ယခုခေတ်အခါတွင်လည်း ယင်းကဲ့သို့အလွဲသုံးစားပြုလျှင် ရာဇဝတ်မှုဖြစ်သည်သာမက နောက်ဆုံးကာလ၏နိမိတ်လက္ခဏာတစ်ရပ်လည်းဖြစ်လာ သည်။ ထိမ်းမြားမင်္ဂလာ၏သန့်စင်သောသဘောနှင့် ယင်း၏တောင်းဆိုချက် များကို နားလည်လျှင် ဘုရားသခင်၏စိတ်တော်နှင့်တွေ့၍ လင်မယားနှစ်ဦး နှစ်ဖက်ပျော်ရွှင်ခြင်းအကျိုးကျေးဇူးကိုခံစားရ၍ ဘုရားသခင်၏ဘုန်းတော် ကိုလည်း ထင်ရှားစေလိမ့်မည်။

**ထိမ်းမြားမင်္ဂလာ၏အခွင့်အရေးများ** — ခရစ်ယာန်ဟု မိမိကိုယ်ကိုခေါ်သောသူအပေါင်းတို့သည် ထိမ်းမြားမင်္ဂလာ၏အခွင့်အရေးများကို သေချာစွာစဉ်းစားဆင်ခြင်၍ လုပ်ရပ်တိုင်းသည် သန့်ရှင်းခြင်းအခြေခံပေါ်တွင် အခြေပြုရမည်။

အများသောမိဘတို့သည် ထိမ်းမြားမင်္ဂလာ၏အခွင့်အရေးများကို အလွဲသုံးစားပြုကြ၍ သူတို့၏တိရစ္ဆာန်များ၌ရှိသော ကိလေသာစိတ်မျိုးကို ခိုင်မာတောင့်တင်းစေကြသည်။

**တစ်ဖက်စွန်းရောက်မှုကိုရှောင်ကြဉ်ရန်တာဝန်** — တရားဝင်ဖြစ်သောကိစ္စတစ်ခုကို တစ်ဖက်စွန်းရောက်အောင်ကျူးလွန်ခြင်းအားဖြင့် ဆိုးရွားသောဒုစရိုက်အဖြစ်သို့ရောက်ရှိစေသည်။

မြောက်မြားစွာသောမိဘတို့သည် လင်မယားဘဝတွင် သူတို့ရသင့်ရထိုက်သော အသိပညာများကိုမရရှိကြပေ။ သူတို့သည် သတိဝီရိယမရှိသောကြောင့် စာတန်သည်အခွင့်ကောင်းယူ၍ သူတို့၏စိတ်နှလုံးများနှင့် ဘဝအသက်တာများကို ထိန်းချုပ်စိုးမိုးထားမည်ဟု စိုးရိမ်စရာရှိသည်။ သူတို့၏လင်မယားဘဝကို တစ်ဖက်စွန်းဖြစ်သောအခြေအနေသို့ ဆိုက်ရောက်အောင်မပြုလုပ်ကြရန် ဘုရားသခင်အလိုရှိတော်မူကြောင်းကို သူတို့နားမလည်ကြပေ။ သို့ရာတွင် မိမိတို့၏ကိလေသာဆန္ဒများကို ထိန်းချုပ်ထားခြင်းသည် ဘာသာရေးဆိုင်ရာတာဝန်တစ်ရပ်ဖြစ်ကြောင်းကို သိရှိသောသူအလွန်နည်းပါးသည်။ သူတို့ရွေးချယ်ထားရှိသောရည်စူးချက်ကို အကောင်အထည်ဖော်ရန် ထိမ်းမြားမင်္ဂလာပြုကြသောကြောင့် သူတို့၏လင်မယားဘဝကို သူတို့စိတ်တိုင်းကျပျော်ပါးခွင့်ရှိသည်ဟု အကြောင်းပြကြသည်။ ဘုရားတရားရှိသောအမျိုးသားအမျိုးသမီးများပင်လျှင် သူတို့၏ကိလေသာစိတ်ကို ပရမ်းပတာဖြစ်စေ၍၊ သူတို့၏ဘဝအသက်တာကို အင်အားဆုတ်ယုတ်စေ၍ ကိုယ်ခန္ဓာတစ်ခုလုံးကို အင်အားဆုတ်ယုတ်စေသည့် အရေးပါအရာရောက်သော ခန္ဓာအင်အားကိုဖြုန်းတီးမှုအတွက် သူတို့သည် ဘုရားသခင်နှင့်စာရင်းရှင်းရကြမည်ကို သူတို့မစဉ်းစားမိကြပေ။

## ကိုယ့်အလိုကိုငြင်းပယ်ခြင်းနှင့်ချုပ်တည်းခြင်းတို့သည် ဆောင်ပုဒ်

**ဖြစ်ပါလေစေ** – သူတို့၏ဖန်ဆင်းရှင်အတွက် ရာနှုန်းပြည့်လုပ်အားပေး နိုင်ရန်၊ သူတို့၏ဖန်ဆင်းရှင်အတွက် သူတို့၏ဉာဏဗလနှင့်ကာယဗလတို့ကို အထက်မြက်ဆုံး အခြေအနေ၌ ထားရှိဖို့လိုအပ်ကြောင်းကို လူအားလုံးတို့ အသိတရားရှိကြရန် ကျွန်ုပ် တိုက်တွန်းနိုးဆော်ပါသည်။ ခရစ်ယာန်ဇနီးဖြစ်သူ သည် သူ့ခင်ပွန်းဖြစ်သူကို တိရစ္ဆာန်၌ရှိသောကိလေသာစိတ်မျိုး အပြောအဆို အပြုအမူတို့ဖြင့် လှုံ့ဆော်ပေးခြင်း မပြုမိစေရန် ရှောင်ကြဉ်ပါလေစေ။ ယင်းနည်းအားဖြင့် မိမိတို့အင်အားကိုဖြုန်းတီး ပစ်ရန် အများသောသူတို့၌ အားအင်မပြည့်စုံကြပေ။ တိရစ္ဆာန်တို့၏ကိလေသာစိတ် မျိုးကို အာသာပြေစေခြင်းအားဖြင့် သူတို့သည် နပ်ျိချိန်မှအစပြု၍ သူတို့၏ဦးနှောက် နှင့်ကာယ အင်အားတို့ကို ဆုတ်ယုတ်စေသည်။ သူတို့၏လင်မယားဘဝတွင် ကိုယ့်အ လိုကိုငြင်းပယ်ခြင်းနှင့် ချုပ်တည်းခြင်းတို့အား ဆောင်ပုဒ်အနေဖြင့် ထားရှိပါလေစေ။

လူသားအချင်းချင်းအတွက်လည်းကောင်း၊ ဘုရားသခင်အတွက် လည်းကောင်း ကောင်းကျိုးကိုဆောင်ရွက်ပေးနိုင်ရန် ကျွန်ုပ်တို့၏စိတ်သဘောကို သန့်ရှင်းစင်ကြယ်စွာထားရှိရန်နှင့် ကိုယ်ခန္ဓာကိုပကတိကျန်းမာသော အခြေအနေ၌ထား ရှိရန် ကျွန်ုပ်တို့၌ကြီးလေးသောတာဝန်ရှိနေသည်။ တမန် တော်ပေါလုက ဤသတိ ပေးစကားကိုပြောဆိုထားသည်မှာ "သင်တို့၏သေ တတ်သောကိုယ်ခန္ဓာ၏တပ်မက် ခြင်းအလိုသို့လိုက်ရသည့်တိုင်အောင် အပြစ် တရားသည် ကိုယ်ခန္ဓာ၌အစိုးမရပါစေ နှင့်။" "ပွဲ၌ပြိုင်၍ အချင်းချင်းတိုက် သောသူမည်သည်ကား၊ အရာရာ၌တပ်မက်ခြင်းကို ချုပ်တည်းတတ်၏" ဟု သူကကျွန်ုပ်တို့အားအကြံပေးစကားပြောခြင်းဖြင့် ရှေ့သို့ချီ တက်သွားရန် တိုက်တွန်းထားပါသည်။ မိမိကိုယ်ကိုခရစ်ယာန်ဟုခေါ်ဆိုသောသူ အားလုံး တို့အား မိမိတို့ကိုယ်ခန္ဓာကို "အသက်ရှင်ခြင်းလက္ခဏာ၊ ဘုရားသခင်နှစ် သက်ဖွယ်သောလက္ခဏာနှင့်ပြည့်စုံသော ယဇ်အနေဖြင့်ဆက်ကပ်ရန်" လည်း သူကနိုး ဆော်ထားသည်။ သူကဆက်လက်၍ပြောထားသည်မှာ "သူတစ်ပါး ကိုဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်း ကိုယ်ကိုကိုယ် ထိုး၍နှိပ်စက်လေ့ရှိသည်။"

သူ့ကိလေသာအလိုကိုဖြည့်တင်းပေးရသောဌာနအနေဖြင့် သူ့မယားဖြစ်သူ အား ထားရှိသောသူ၏မေတ္တာမျိုးသည် စင်ကြယ်သန့်ရှင်းသောမေတ္တာ မျိုးမဟုတ်ပေ။ တိရစ္ဆာန်တို့၏ကိလေသာမျိုးသာလျှင်ဖြစ်သည်။ တမန်တော် ကညွှန်ကြားထားသော နည်းမျိုးဖြင့် သူတို့၏မေတ္တာကိုပြသသောယောကျာ်း များသည် ဘယ်မျှလောက်နည်း ပါသနည်း။ "ခရစ်တော်သည် အသင်းတော် ကိုချစ်တော်မူ၍ ၎င်းအသင်းတော်သည် အညစ်အကြေးတင်ခြင်း၊ အရေတွန့် ခြင်း စသည်တို့နှင့်လွတ်လပ်သဖြင့် စင်ကြယ်စေ မည့်အကြောင်း ထိုအသင်း တော်အဖို့အလိုငှာ ကိုယ်ကိုကိုယ်စွန့်တော်မူ၏။" လင်မယားဘဝတွင် ယင်း ကဲ့သို့သောမေတ္တာမျိုးကိုသန့်ရှင်းသည်ဟု ဘုရားသခင်က အသိအမှတ်ပြု တော်မူသည်။ မေတ္တာသည်စင်ကြယ်၍ သန့်ရှင်းသောအခြေခံကျင့် စဉ်ဖြစ် သည်။ သို့ရာတွင် ကိလေသာကိုအရင်းခံသည့်မေတ္တာမျိုးသည် ဟန့်တား မှုကိုလက်မခံ၊ နိုးဆော်၍လည်းမရ၊ ဆင်ခြင်တုံတရားလည်းမရှိပေ။ ယင်း သည် အကျိုးသက်ရောက်မှုကို လုံးဝဂရုမစိုက်ပေ။ အကြောင်းနှင့်အကျိုးကို ဆက်စပ်၍ ဆင်ခြင်သုံးသပ်ခြင်းမရှိ။

**ကိုယ်ကိုကိုယ်ချုပ်တည်းခြင်းအားအင်နည်းစေရန် စာတန်ဘာကြောင့်ကြိုးပမ်းခြင်း** – ထိမ်းမြားမင်္ဂလာပြုကြသော သူတို့၏စင်ကြယ် သန့်ရှင်းခြင်းအဆင့်အတန်းကို နိမ့်ကျစေရန်လည်းကောင်း၊ ကိုယ်ကိုချုပ်တည်း ခြင်းကိုအင်အားနည်းစေရန် စာတန်သည် **ကြိုး**ပမ်းဆောင်ရွက်နေသည်။ အဘယ်ကြောင့်ဆိုသော် ယုတ်ညံ့သောကိလေသာစိတ်တို့သည် တိုးတက် ပြင်းထန်လာသည်နှင့်အမျှ ကျင့်ကောင်းသီလများကျင့်သုံးနိုင်သောအင်အား ယုတ်လျော့သွားကြောင်းကို သူသိရှိသည်။ သူကိုယ်တိုင်ကမုန်းတီးဖွယ်ဖြစ်သော သူတို့၏**ရု**ပ်ပုံကိုသူ့သားသမီးများပေါ်တွင် **ရိုက်**နှိပ်ထားရာတွင် ယင်း ထက်ကောင်းသောနည်းမရှိသည်ကိုလည်းကောင်း၊ **ဤ**နည်းအားဖြင့် မိဘ တို့၏အကျင့်စာရိတ္တထက် သားသမီးများတို့၏အကျင့်စာရိတ္တများကို သူ့အနေ ဖြင့်လိုရာပုံသွင်းပေးရန် ပိုမိုလွယ်ကူကြောင်းကိုလည်းကောင်း သူသိရှိပါသည်။

**တစ်ဖက်စွန်းရောက်ခြင်း၏ဆိုးကျိုးများ** – အမျိုးသမီးများနှင့် အမျိုးသားတို့၏တပ်မက်ခြင်းဆိုသည်မှာ အဘယ်အရာဖြစ်သည်ကို လည်းကောင်း၊ ယင်းကိုလိုက်စားခြင်း၏ဆိုးကျိုးသည် အဘယ်အရာဖြစ် သည်ကိုလည်းကောင်း သင်တို့သည် တစ်နေ့သောအခါ သိရှိလာကြလိမ့် မည်။ အရည်အသွေးအားဖြင့် အလားတူဆိုးညစ်သောတပ်မက်ခြင်းကို လင်မယား၏စည်းဝိုင်းအတွင်း**၌**တွေ့ရှိရသကဲ့သို့ ယင်းစည်းဝိုင်းအပြင်ဘက် တွင်လည်း တွေ့ရှိနိုင်သည်။

ဆိုးညစ်သောတပ်မက်ခြင်းကို ထိန်းချုပ်မှုမရှိဘဲ၊ လိုက်စားခြင်း၏ဆိုးကျိုးသည် အဘယ်အရာနည်း။ ဘုရားသခင်၏ကောင်းကင်တမန်များ ကြီးကြပ်အုပ်ချုပ်သင့်သောအိမ်ခန်းကို ညစ်ညမ်းသောအ**ပြု**အမူဖြင့်မသန့် ရှင်းအောင်**ပြု**လုပ်ကြသည်။ ရှက်ဖွယ်ဖြစ်သောတိရစ္ဆာန်တို့၏ကိလေသာဆန် သောဝါဒအုပ်ချုပ်သောကြောင့် ကိုယ်ခန္ဓာများသည် ညစ်ညမ်းလာသည်။ ရွံရှာဖွယ်သောအကျင့်ဓလေ့တို့သည် ရွံရှာဖွယ်သောရောဂါများကိုရရှိစေသည်။ ကောင်းချီးမင်္ဂလာတစ်ခုအနေဖြင့် ဘုရားသခင်ပေးထားတော်မူသောအစီအစဉ်သည် ကျိန်ခြင်းအမင်္ဂလာတစ်ခုဖြစ်လာသည်။

ကာမရာဂစပ်ယှက်မှုကို အလွန်အကြူးလိုက်စားခြင်းသည် နံနက်ယံဝတ်**ပြု**ခြင်းတို့ကိုနှစ်သက်သောစိတ်ကို သိသိသာသာဖျက်ဆီးပစ်**၍** ကိုယ်ခန္ဓာအင်္ဂါအစိတ်အပိုင်းများကိုဖွံ့**ဖြိုး**ရန် လိုအပ်သောအစာအာဟာရများကို ဦးနှောက်မှထုတ်ယူပြီးလျှင် ခန္ဓာအင်အားများကို သိသာစွာဆုတ်ယုတ် စေပါလိမ့်မည်။ ယင်းကဲ့သို့ကိုယ်ကိုဖျက်ဆီးသောအလုပ်မျိုးကို မည်သည့် အမျိုးသမီးကမျှအားမပေးသင့်ပေ။ အကယ်**၍** သူမသည် ဉာဏ်ပညာအမြော် အမြင်ရှိ**၍** သူ့ခင်ပွန်းကို ချစ်လျှင် ယင်းအားပေးမှုမျိုးကို **ပြု**လုပ်လိမ့်မည် မဟုတ်ပေ။

တိရစ္ဆာန်ကဲ့သို့သောကိလေသာမျိုးကိုလိုက်စားလေလေ၊ ယင်းလိုက်စားလိုသောဆန္ဒသည် ပြင်းထန်တတ်လာလေလေဖြစ်ပြီး နောက်မဆုတ်ဘဲ **ရှေ့**သို့သာတိုး**၍**လိုက်စားရန် အားပေးလိမ့်မည်။ ဘုရားသခင်ကိုကြောက်ရွံ့

ကြသောအမျိုးသား၊ အမျိုးသမီးများသည် မိမိတို့၏တာဝန်ကိုသိရှိကြပါစေ။ ကိလေသာကိစ္စတွင် **ငြိုး**ခြိုမှုမရှိသောကြောင့် မြောက်မြားစွာသောခရစ်ယာန် ဟုခေါ်ဝေါ်သော ပုဂ္ဂိုလ်တို့သည် အကြောအခြင်များနှင့်ဦးနှောက်တွင် သွက်ချာပါဒ၊ လေငန်းဆွဲရောဂါစွဲကပ်လျက်ရှိကြသည်။

**ယောကျ်ားဖြစ်သူများဆင်ခြင်တုံတရားရှိပါ** – ယောကျ်ားဖြစ်သူများသည် သတိဝီရိယရှိပါ၊ ဂ**ရု**တစိုက်ရှိပါ၊ စိတ်ထားတည်တံ့ပါ၊ သစ္စာ ရှိပါ၊ သနားကြင်နာသောစိတ်ရှိပါ။ သူတို့သည် သူတို့၏မယားဖြစ်သူများ ကိုချစ်ကြောင်းနှင့် ကိုယ်ချင်းစာကြောင်းလက်တွေ့ပြပါ။ ခရစ်တော်၏ မှာကြားတော်မူချက်ကို သူတို့သည်အကောင်အထည်ဖော်လျှင် သူတို့မယား များအပေါ်**၌**ထားရှိသောမေတ္တာသည် သူတို့ကိုယ်တိုင်၏ကိုယ်ခန္ဓာကိုဖျက်ဆီး **၍** သူတို့မယားများအား အားအင်ဆုတ်ယုတ်စေ**၍** ရောဂါစွဲကပ်စေမည့် ညစ်ညမ်း**၍**လောကီဆန်လျက် ကိလေသာသဘောသာရှိသော မေတ္တာမျိုး ဖြစ်လိမ့်မည်မဟုတ်ပေ။ သူတို့၏မယားဖြစ်သူအား အရာရာ**၌**သူတို့၏အုပ်စိုး မှုကိုဝန်ခံရမည်ဖြစ်ကြောင်း တစ်ဖက်ကတဖွဖွပြောဆိုလျက် အခြားတစ်ဖက် တွင် ညစ်ညမ်းသောကိလေသာစိတ်ကိုဖြေဖျော်နှစ်သိမ့်စေရန် **ပြု**လုပ်ကြလိမ့် မည်မဟုတ်ပေ။ ခရစ်ယာန်စစ်ဖြစ်သောယောကျ်ားတိုင်းနှင့် မြင့်မြတ်သော စာရိတ္တနှင့်စင်ကြယ်သောစိတ်နှလုံးရှိလျှင် ယင်းတို့ကိုလင်မယားဘဝတွင် လက်တွေ့ပြသရမည်။ သူ့**၌**ခရစ်တော်တွင်ရှိသောစိတ်မျိုးထားရှိလျှင် သူသည် ခန္ဓာကိုဖျက်ဆီးသောသူ ဖြစ်လိမ့်မည်မဟုတ်ပေ။ သိမ်မွေ့သောမေတ္တာရှိ**၍** ခရစ်တော်**၌**အမြင့်ဆုံးအဆင့်အတန်းသို့တက်လှမ်းရရှိရန် **ကြိုး**ပမ်းလိမ့်မည် ဖြစ်သည်။

**သံသယဖြစ်မှုများဝင်ရောက်လာသောအခါ** – ယောကျ်ားဖြစ်သူ ၏ကျေးကျွန်ဘဝသို့ မိမိကိုယ်ကိုအရောက်ခံလျက် သူ၏ညစ်ညမ်းသော ကိလေသာစိတ်များကို ဖြေဖျော်နေရသောဘဝမျိုး**၌** ကျင်လည်နေရသော မယားဖြစ်လျှင် သူ့အပေါ်**၌**ထားရှိသော ယောကျ်ားဖြစ်သူ၏မေတ္တာသည်

မေတ္တာစစ်၊ မေတ္တာမှန်မျိုးမဖြစ်နိုင်ပေ။ ယင်းကဲ့သို့မပြောဝံ့မဆိုဝံ့ဘဲ ယောကျ်ားဖြစ်သူ၏လိုအင်ဆန္ဒကိုဖြည့်တင်းပေးနေရလျှင် ယောကျ်ားဖြစ်သူ၏အမြင်တွင် သူမ၏တန်ဖိုးရှိမှုသည် ပျောက်ကွယ်သွားလိမ့်မည်။ မြင့်မြတ်လှသော အခြေအနေမှ နိမ့်ကျလှသောအဆင့်အတန်းသို့လျောကျသွားသည်ကို ယောကျ်ား ဖြစ်သူကတွေ့မြင်သောအခါ သူ့အလိုသို့ငြင်းဆန်မှုမရှိဘဲ အသာတကြည် လိုက်လျောသကဲ့သို့ အခြားယောကျ်ားတစ်ဦး၏အလိုသို့လည်း အသာတကြည် လိုက်လျောနိုင်သည့်အကြောင်းရှိသည်ဟု သူ့အနေဖြင့်သံသယဖြစ်စရာဖြစ် လာလေသည်။ သူမ၏တည်တံ့မှုနှင့်စင်ကြယ်မှုကို သူသည်သံသယဖြစ်လာ **၍** သူမကိုလည်းငြီးငွေ့လာပြီးလျှင် သူ့ညစ်ညမ်းရွံရှာဖွယ်သော ကိလေသာ စိတ်များကိုဖြေလျှော့ရန် အသစ်သောနည်းလမ်းများကို ရှာဖွေလေတော့သည်။ ဘုရားသခင်၏ပညတ်တော်ကိုဂ**ရု**မ**ပြု**တော့ပေ။ ယင်းကဲ့သို့သောယောကျ်ား များသည် အဟိတိရစ္ဆာန်ထက်ဆိုးသွမ်းလှသည်။သူတို့ သည် လူ့ပုံသဏ္ဍာန် ကိုဆောင်သော နတ်ဆိုးများဖြစ်ကြသည်။ မေတ္တာစစ်၊မေတ္တာမှန်၊ သန့်ရှင်းသောမေတ္တာတို့၏မြင့်မြတ်သောအခြေခံသဘောတရားတို့ကို မသိကြပေ။

မယားဖြစ်သူကလည်း သူမယောကျ်ားဖြစ်သူက မနာလိုဝန်တိုဖြစ် လာ**၍** အခွင့်အရေးရလျှင် သူမအားဆက်ဆံသကဲ့သို့ အခြားအမျိုးသမီး တစ်ဦးအား လွယ်လင့်တကူဆက်ဆံလိမ့်မည်ဟု သံသယဖြစ်လာသည်။ သူသည် သြတ္တပ္ပစိတ် (သို့မဟုတ်) ဘုရားသခင်အားကြောက်ရွံ့**ရို**သေခြင်း စသောစိတ်တို့ဖြင့် အုပ်ထိန်းခံရခြင်းမရှိဟု သူမတွေ့မြင်လာသည်။ တပ်မက် သောကိလေသာစိတ်တို့ကြောင့် ယင်းသန့်ရှင်းသောအကာအဆီးတို့သည် အားလုံးကျိုးပဲ့ပျက်စီးကုန်ကြသည်။ ယောကျ်ားဖြစ်သူ**၌**ရှိသော၊ ဘုရားအလို တော်နှင့်ညီသော စိတ်သဘောထားရှိသမျှတို့သည် ယုတ်နိမ့်ညံ့၊ **ရိုင်း**စိုင်း သောကိလေသာ၏ကျေးကျွန်ဘဝသို့ သက်ဆင်းလေတော့သည်။

**မတရားတောင်းဆိုမှုများ၏ပြဿနာ** – ယခုဆုံးဖြတ်ရမည့်ကိစ္စမှာ သူမ၏ယောကျ်ားအားယုတ်ညံ့သိမ်ဖျင်းသော ကိလေသာစိတ်ကစိုးမိုး ထားကြောင်းကို တွေ့မြင်သိရှိရသောအခါ**၌**လည်းကောင်း၊ ဘုရားသခင်က သူမအားသန့်သန့်ရှင်းရှင်းနှင့်ဂုဏ်သိက္ခာရှိရှိဖြင့် ထိန်းသိမ်းထားရန် **၎**င်းအပြင် ဘုရားသခင်အတွက် အသက်ရှင်ယဇ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားရန် အပ်နှင်းထားတော်မူသောကိုယ်ခန္ဓာကို ပျက်စီးအောင်**ပြု**လုပ်သည် ဟု သူမ၏ကျိုးကြောင်းဆင်ခြင်တတ်ခြင်းနှင့်ပိုင်းခြားဝေဖန်တတ်ခြင်းတို့အား ယုံကြည်လာသောအခါ**၌**လည်းကောင်း၊ သူမယောကျ်ားဖြစ်သူ၏တရားလွန် တောင်းဆိုခြင်းကို မလိုက်လျောဘဲမနေရဟူသောခံစားချက်ကို မယားဖြစ် သူ**၌**ထားရှိရမည်လား။

သူမ၏ကျန်းမာခြင်းနှင့်အသက်ကိုအနစ်နာခံ**၍** သူမယောကျ်ား ဖြစ်သူ၏ တိရစ္ဆာန်ကဲ့သို့သော ကိလေသာစိတ်ကိုလိုက်လျောစေသောမေတ္တာသည် စင်ကြယ်သန့်ရှင်းသောမေတ္တာမျိုးမဟုတ်ပေ။ အကယ်**၍** သူမ**၌** မေတ္တာစစ်မေတ္တာမှန်နှင့်

ဉာဏ်အမြော်အမြင်ရှိလျှင် သူမယောကျာ်း၏အာ**ရုံ** ကို ကိလေသာလိုက်စားခြင်းမှ စိတ်ဝင်စားဖွယ်ဖြစ်သော

ဝိညာဉ်ရေးဆိုင်ရာ အကြောင်းအရာများကိုပြောပြခြင်းအားဖြင့် မြင့်မြတ်၍ဝိညာဉ်ရေးဆိုင်ရာ အချက်အလက်များသို့ပြောင်းပေးရန် ကြိုးပမ်းလိမ့်မည်။ ကိလေသာအလွန် အကြူးလိုက်စားမှုကို လိုက်လျောခြင်းအားဖြင့် သူမ၏ကိုယ်ခန္ဓာကို အယုတ် ညံ့ဆုံးဖြစ်အောင်မပြုလုပ်နိုင်ကြောင်း သူ့ယောကျ်ား၏ငြင်ပြင်မှုကိုခံရလင့်ကစား စိတ်နိမ့်ချစွာဖြင့်လည်းကောင်း၊ မေတ္တာနှောသောအပြောအဆိုအားဖြင့်လည်း ကောင်း ဖျောင်းဖျပြောဆိုရမည်။ သခင်ဘုရားနေ့ကြီးသို့ရောက်သောအခါ သူမ၏ကိုယ်ခန္ဓာနှင့်ပတ်သက်၍ ဘုရားသခင်နှင့်စာရင်းရှင်းရမည်ဖြစ်သော ကြောင့် သူမတစ်ကိုယ်လုံးကိုမတောင်းဆိုရန် ကိုယ်တော်ရှင်အနေဖြင့် အထူးအခွင့်အရေးရှိကြောင်းကိုလည်းကောင်း ယင်းကြောင့် သူမ၏ယောကျ်ား ဖြစ်သူအား ကြင်နာသိမ်မွေ့စွာပြောပြရမည်။

သူမ၏မေတ္တာအဆင့်အတန်းကိုမြှင့်တင်၍ သန့်ရှင်းစွာဖြင့်လည်း ကောင်း၊ ဂုဏ်သိက္ခာရှိရှိဖြင့်လည်းကောင်း မိန်းမတို့သိမ်မွေ့ခြင်းနှင့်ဂုဏ် ကျက်သရေကိုထိန်းသိမ်းထားလျှင် အမျိုးသမီးများသည် သူတို့၏ချင့်ချိန် တတ်သောဩဇာသက်ရောက်မှုဖြင့် သူတို့ယောကျ်ားဖြစ်သူများအား သန့်ရှင်း အောင်ပြုပြင်ပေးခြင်းအားဖြင့် သူမတို့၏မြင့်မားသောတာဝန်ကို ဆောင်ရွက် ပြီးဖြစ်လိမ့်မည်။ ယင်းကဲ့သို့ပြုပြင်ပေးခြင်းအားဖြင့် သူမတို့၏ယောကျ်ား ဖြစ်သူများကိုလည်းကောင်း၊ သူတို့ကိုယ်တိုင်ကိုလည်းကောင်း၊ ကယ်တင်နိုင်မည်ဖြစ်၍ တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောမျိုးဖြင့်လည်းကောင်း ဆောင်ရွက်ပြီးဖြစ်လိမ့်မည်။ အလွန်နူးညံ့၍ ကိုင်တွယ်ရန်ခဲယဉ်းသော ဤကိစ္စတွင် ဉာဏ်အမြော်အမြင်နှင့်သည်းခံခြင်းအပြင် သတ္တိနှင့်တည်ကြည် ခြင်းတို့ များစွာလိုအပ် သည်။ ခွန်အားနှင့်ကျေးဇူးတော်ကို ဆုတောင်းခြင်း အားဖြင့်ရရှိနိုင်သည်။ စေတနာအရင်းခံသောမေတ္တာသည် စိတ်နှလုံးကိုစိုးမိုး ထားသော ကျင့်စဉ်မှုဖြစ်ရမည်။ ဘုရားသခင်ကိုချစ်ခြင်းနှင့် ယောကျ်ားဖြစ် သူကိုချစ်ခြင်းသာလျှင် ပြုလုပ်သမျှသော အစီအစဉ်တို့၏အရင်းခံဖြစ်ရမည်။

အမှုကိစ္စအားလုံးတို့တွင် ယောကျ်ားဖြစ်သူ၏ဆန္ဒကိုဂရုမပြုဘဲလျက် သူမ၏ကိုယ်ခန္ဓာနှင့်စိတ်နှလုံးတို့ကို ယောကျ်ားဖြစ်သူ၏စိုးမိုးမှုကို ပုံအပ် လျှင်လည်းကောင်း၊ သူမ၏ဩတ္တပစိတ်၊ ဂုဏ်သိက္ခာနှင့်သူမ၏ဘဝမှန်ကို ပင် အနစ်နာခံလျှင်လည်းကောင်း သူမ၏ယောကျ်ားဖြစ်သူအားမြှင့်တင်ပေး ရန် သူမ၏ကိုယ်ပိုင်ဖြစ်စေသင့်သော ကောင်းကျိုးပြုနိုင်သည့် ကြီးမားသော ဩဇာသက်ရောက်မှုအတွက် ကြိုးပမ်းနိုင်သောအခွင့်အရေးကို ဆုံးရှုံးသွား မည်ဖြစ်သည်။ သူမအနေဖြင့် သူ့ယောကျ်ား၏ခက်ထန်သောဘဝကို ပျော့ပျောင်းအောင်ပြုလုပ်နိုင်၍ သူမ၏သန့်ရှင်းအောင်ပြုပြင်ပေးနိုင်စွမ်းရှိသော ဩဇာသက်ရောက်မှု အားဖြင့် သူ့ယောကျ်ားဖြစ်သူအား သိမ်မွေ့စင်ကြယ် လာအောင် ပြုပြင်ပေးရန်ကြိုးပမ်းနိုင်ပြီး၊ တပ်မက်သောစိတ်ကြောင့် လောက ကြီးကိုလွှမ်းမိုးနေသော တရားလက်လွတ်ဖြစ်နေမှုအန္တရာယ်မှ ကင်းလွတ် လာပြီဖြစ်သည့်အတွက် သူတို့နှစ်ဦးသည် ဘုရားဇာတိတော်နှင့်လက်တွဲ၍ ဆက်ဆံနိုင်ကြရန် သူ့ယောကျ်ားအား သူ့ကိလေသာစိတ်ကိုအုပ်အုပ်ထိန်းထိန်းထားရှိလျက် ဝိညာဉ်ရေးဘက်၌ ပိုမိုစိတ်ထက်သန်လာရန် ကြိုးပမ်းပြီးပို့ဆောင် ပေးရမည်။

ကျေးဇူးတော်၏အသစ်ပြုပြင်ခြင်းမခံရသောနှလုံးက ဓမ္မတာ တစ်လျှောက်ရှာဖွေရသော ယုတ်နိမ့်သောကိလေသာလိုက်စားမှုနယ်နိမိတ် အထက်ရပ်တွင်တည်ရှိနေသော မြင့်မားမြင့်မြတ်သောအကြောင်းအရာများကို တက်လှမ်းဆုပ်ကိုင်နိုင်စေရန်ပို့ဆောင်ပေးဖို့ ဩဇာသက်ရောက်မှုအင်အား သည် များစွာအသုံးဝင်လေသည်။ ယောကျ်ားဖြစ်သူ၏မေတ္တာ၊ တိရစ္ဆာန်တို့၏ ကိလေသာစိတ်မျိုးအပေါ်တွင်အခြေခံ၍ သူ့အပြုအမူများတို့ကို ယင်းမေတ္တာ မျိုးက အုပ်ထိန်းထားသောအခါမျိုးတွင် သူ့ယောကျ်ားအားကျေနပ်မှုဖြစ်စေရန်၊ သူ့အဆင့်အတန်းသို့ဆင်းသက်ရန် မယားဖြစ်သူ၏စိတ်၌ခံစားချက်ရှိလျှင် သူမသည် ဘုရားသခင်မနှစ်သက်သောအရာကို ပြုလုပ်ရာရောက်လိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူမသည် သူမယောကျ်ားအား သူ့သန့်ရှင်းစင်ကြယ် စေသောဩဇာသက်ရောက်မှုကိုအသုံးပြု၍ ပြုပြင်ပြောင်းလဲပေးရန် ပျက်ကွက် သောကြောင့်ဖြစ်သည်။ တားမြစ်သောစကားတစ်လုံးတစ်ပါဒမျှပြောဆိုခြင်း မရှိဘဲ သူ့ယောကျ်ား၏တိရစ္ဆာန်တို့၏ကိလေသာတပ်မက်ခြင်းကို လိုက်လျော ရမည်ဟူသော သဘောထားမျိုးကိုထားရှိလျှင် သူမယောကျ်ားအားပြုအပ် သောဝတ်နှင့် သူမဘုရားသခင်အားပြုအပ်သောဝတ်ကို နားလည်ခြင်းမရှိပေ။

**ကျွန်ုပ်တို့ကိုယ်ခန္ဓာများသည် ဝယ်ယူထားသောပစ္စည်းများဖြစ် သည်** – ယုတ်နိမ့်သောကိလေသာတပ်မက်ခြင်းသည် ကိုယ်ခန္ဓာအတွင်း၌ ခိုအောင်း နေသောဌာနရှိလျက် ယင်းဌာန၏လုပ်ငန်းကိုဆောင်ရွက်သည်။ "ဇာတိ" (သို့မဟုတ်) "ဇာတိအလို" (သို့မဟုတ်) "ဇာတိတပ်မက်ခြင်း" ဆိုသော ဝေါဟာရများတွင် ယုတ်နိမ့်ဖောက်ပြန်သောသဘာဝ ပါဝင်နေသည်။ ဇာတိပကတိကိုယ်တိုင် ဘုရားသခင်၏အလိုတော်နှင့်ဆန့်ကျင်သောအလုပ်ကို မလုပ်နိုင်ပေ။ ကိလေသာတပ်မက်သောမေတ္တာမျိုးနှင့် ထွေးရောယှက်တင် ဖြစ်နေသော ဇာတိပကတိစိတ်ကိုကပ်တိုင်တင်ရန် ကျွန်ုပ်တို့အား မိန့်မှာ ထားတော်မူသည်။ ကျွန်ုပ်တို့ဘယ်ကဲ့သို့ပြုလုပ်နိုင်သနည်း။ ကိုယ်ခန္ဓာကို နာကျင်အောင်ထိုးနှက်နှိပ်စက်ရမည်လား။ ထိုသို့မပြုရပါ။ အပြစ်ကျူးလွန် သောစုံစမ်းသွေးဆောင်ခြင်းကို အသေသတ်ရမည်။ ညစ်ညမ်းသောစိတ်ကူး အကြံအစည်များကို ထုတ်ဖယ်ပစ်ရမည်။ စိတ်ကူးအကြံအစည်ရှိသမျှတို့ကို ခရစ်တော်ယေရှု၏အုပ်ထိန်းမှုအောက်သို့ သွတ်သွင်းထားရမည်။ တိရစ္ဆာန် ဆန်သောလိုအင်ဆန္ဒနှင့်တပ်မက်ခြင်းအားလုံးတို့ကို ဝိညာဉ်တော်စိုးပိုင်တော် မူသော ဖန်ဆင်းရှင်၏အုပ်ထိန်းမှုလက်အောက်တွင် ထားရှိရမည်။ ဘုရားသခင်

အားချစ်ခြင်းကို ဦးစားပေးရမည်။ ကွဲပြားခြင်းမရှိသောရာဇပလ္လင်အပေါ်
ခရစ်တော်စိုးစံတော်မူရမည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို ကိုယ်တော်ရှင်ဝယ်ယူ

ထားတော်မူသောပစ္စည်းအနေဖြင့် သဘောထားရမည်။ ကိုယ်ခန္ဓာ၏အစိတ်အပိုင်းတို့သည် ဖြောင့်မတ်ခြင်း၏လက်နက်များ ဖြစ်လာကြလိမ့်မည်။

–––o–––

# အပိုင်း (၆)

# အိမ်ဂေဟာသစ်

# အခန်း ၁၉
# နေအိမ်သစ်ထူထောင်ထားရှိအပ်သောနေရာ

နေအိမ်တည်ဆောက်ရန်နေရာကိုရွေးချယ်ရာတွင် လမ်းညွှန်

**အခြေခံသဘောတရား** – နေအိမ်ထူထောင်ဆောက်လုပ်ရန်နေရာကိုရွေးချယ်ရာတွင် ပထမဆုံးအနေဖြင့် ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့၏အိမ်ထောင်သားများကို ဝန်းရံထားမည့်ကျင့်ဝတ်နှင့် ဘာသာရေးဆိုင်ရာသြဇာသက်ရောက်မှုများကို ဦးစားပေးစဉ်းစားကြရန် ဘုရားသခင်အလိုရှိတော်မူသည်။

ကျွန်ုပ်တို့၏ဝိညာဉ်ရေးဆိုင်ရာတိုးတက်မှုကို အကောင်းဆုံးအထောက်အကူပြုမည့် လူ့အသိုက်အဝန်းကိုရွေးချယ်**၍** ကျွန်ုပ်တို့လက်လှမ်းမီသောအထောက်အကူရရှိသမျှကိုအရယူ**၍** ဝိညာဉ်ရေးတိုးတက်ရာတိုးတက်ကြောင်းဆောင်ရွက်ရမည်။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်သို့သွားရာလမ်း**၌** လျှောက်လိုက်ရာ ကျွန်ုပ်တို့၏တိုးတက်မှုကို ခက်ခဲနိုင်သမျှခက်ခဲအောင်စာတန်သည်ပြုလုပ်လိမ့်မည်။ ကျွန်ုပ်တို့သည် ခဲရာခဲဆစ်အခြေအနေများကိုရင်ဆိုင်ရမည်။ အဘယ်ကြောင့်ဆိုသော် အများသောသူတို့သည် သူတို့စိတ်ကြိုက်ပတ်ဝန်းကျင်များကို မရရှိနိုင်ကြပေ။ သို့ရာတွင် ခရစ်ယာန်စာရိတ္တအဆောက်အအုံကိုဆောက်လုပ်ရာတွင် ကျွန်ုပ်တို့သွားရောက်နေထိုင်မပြုမိရန် သတိပြုရကြမည်။ အကယ်**၍** တာဝန်အရ ယင်းနေရာများတွင်သွားရောက်နေထိုင်ရကြမည်ဆိုလျှင် ကျွန်ုပ်တို့အထူးသတိဝီရိယကြီးစွာထားရှိ**၍** ကျွန်ုပ်တို့ခရစ်တော်၏ကျေးဇူးတော်အားဖြင့် ညစ်ညမ်းမှုများနှင့်မရှိစေ ရန်ဆုတောင်းလျက်နေကြရမည်။

အရာဝတ္ထုခပ်သိမ်းတို့အား အရှိအရှိတိုင်းတန်ဖိုးထား**၍** ရာသက်ပန်တည်တံ့မည့်အရာဖြစ်သော တန်ဖိုးအရှိဆုံးအရာများကိုရယူရန်၊ အတတ်နိုင်ဆုံးကြိုးပမ်းကြရန် ဧဝံဂေလိတရားတော်က သင်ကြားထားသည်။ နေအိမ်ကိုတည်ထောင်ဆောက်လုပ်ရန် တာဝန်ရှိသူများအတွက် **ဤ**သင်ခန်းစာသည်အထူးလိုအပ်သောသင်ခန်းစာဖြစ်သည်။ သူတို့သည် အမြင့်မားဆုံးသောရည်စူးချက်မှ အနည်းငယ်မျှပင်လွဲဖယ်သွားခြင်းမပြုအပ်ပေ။

နေအိမ်တည်ထောင်ဆောက်လုပ်ရန်နေရာကို ရွေးချယ်သောအခါ အထက်ပါရည်စူးချက်အရ ဆောင်ရွက်ရန်မမေ့ပါနှင့်၊ စည်းစိမ်ချမ်းသာတိုးတက်ရေး၊ ခေတ်ဆန်ရေး (သို့မဟုတ်) ရပ်ကွက်၏ထုံးတမ်းစဉ်လာများနှင့်ရင်ပေါင်တန်းရေးများ စသောမက်မောမှုတို့၏ချုပ်ကိုင်မှုကို မခံကြပါနှင့်။ ရိုးသားခြင်း၊ စင်ကြယ်ခြင်း၊ ကျန်းမာခြင်းနှင့်စစ်မှန်သောတန်ဖိုးရှိခြင်းတို့ကိုဆောင်ကြဉ်းပေးမည့်အရာများကို စဉ်းစားဆင်ခြင်ပါ။

လူသားတို့၏လုပ်ဆောင်ချက်ကိုသာ တွေ့ရှိရသောနေရာမျိုး**၌** လည်းကောင်း၊ တွေ့ရသော**ရှု**ခင်းနှင့်ကြားရသောအသံဗလံတို့သည် ဒုစ**ရိုက်** ကိုအားပေးအားမြောက်**ပြု**နေရာမျိုး**၌**လည်းကောင်း၊ စိတ်ပင်ပန်းခြင်းနှင့် စိုးရိမ်ကြောင့်ကြမှုဖြစ်စေသော **ရ**န်းရင်းဆန်ခတ်ဖြစ်သောနေရာမျိုး**၌**လည်း ကောင်း၊ နေအိမ်ဆောက်လုပ်နေထိုင်ခြင်းမ**ပြု**ဘဲ ဘုရားသခင်၏လက်ရာ တော်များကို တွေ့မြင်နိုင်သောနေရာများတွင်နေထိုင်ရာ သဘာဝဓမ္မကြီး၏ လုပခြင်းနှင့် ငြိမ်သက်သာယာခြင်းတို့**၌** စိတ်ဝိညာဉ်၏ငြိမ်သက်သာယာမှု ကိုရှာပါ။ မျက်စိများအားစိမ်းလန်းစိုပြည်သောလယ်ကွက်များ၊ သစ်ပင်အုပ်ငယ် များနှင့် တောင်ကုန်းတောင်တန်းများကို တွေ့မြင်ပါလေစေ။ **မြို့**၏ဖုန်မှုန့် မြူမှုန့်များ၊ မီးခိုးများ တို့ဖြင့် ပိတ်မှောင်မနေသော မိုးကောင်းကင်ကိုမော်ကြည့် **၍** ကောင်းကင်မှအားဖြည့်သောလေကောင်းလေသန့်ကို**ရှူရှိုက်**ပါ။

**စံပြပထမအိမ်ဂေဟာ** – ကျွန်ုပ်တို့ပထမဆုံးမိဘနှစ်ပါးတို့၏အိမ် ဂေဟာသည် လောကကြီးတွင်နေထိုင်ရန် ထွက်ခွာသွားကြသောသူတို့၏ သားစဉ်မြေးဆက်တို့အတွက် စံပြအိမ်ဖြစ်ရမည်။ ဘုရားသခင်ကိုယ်တော် တိုင် လက်တော်ဖြင့်လုပအောင်**ပြု**ပြင်ပေး တော်မူသော ယင်းပထမအိမ်ဂေဟာ သည် ထွန်းတောက်ဆန်းကြယ်သော နန်းတော်ကြီး မဟုတ်ပေ။ ဝါကြွား တတ်သောလူသားတို့သည် လုပ**၍**တန်ဖိုးကြီးသောအဆောက်အအုံများကို ဆောက်လုပ်**၍** သူတို့လုပ်ကိုင်သမျှတို့တွင် ဂုဏ်ယူတတ်ကြသည်။ သို့ရာတွင် ဘုရားသခင်သည် အာဒံအားဥယျာဉ်တစ်ခုထဲတွင် နေရာချထားပေး တော်မူခဲ့သည်။ ယင်းသည် အာဒံ၏ အိမ်ဂေဟာလည်းဖြစ်သည်။ အပြာရောင် မိုးကောင်းကင်သည် ယင်းအိမ်ဂေဟာ၏အမိုးဖြစ်သည်။ လုပတင့်တယ်**ရှု**ချင် စဖွယ်သောပန်းများနှင့် စိမ်းလန်းစိုပြည်သော မြက်ပင်များ ပေါက်ရောက် လျက်ရှိသော ဘူမိကမ္ဘလာမြေမွေ့ရာကြီးသည် ယင်းအိမ်ဂေဟာ၏ကြမ်းပြင် ကြီးဖြစ်သည်။ လုပပေါက်ရောက်နေသောသစ်များ၊ အရွက်ထူထပ်သော သစ်ခက်တို့သည် ယင်းအိမ်ဂေဟာ၏တန်ဆာဆင်အပ်သော နဖူးစည်းလည်း ဖြစ်သည်။ ယင်းအိမ်ဂေဟာ၏ နံရံများကို **ပြို**င်ယှဉ်သူကင်းသည့် ပန်းချီဆရာ ကြီးဖြစ်တော်မူသော ဘုရားသခင်၏ မွမ်းမံခြယ်လှယ်ထားတော်မူသော အလှပဆုံးသဘာဝဓမ္မကြီးဖြစ်သည်။ သန့်ရှင်းသောတူစုံမောင်နှံတို့၏ ပတ်ဝန်းကျင်တွင်ရှိသော ရာသက်ပန်သင်ခန်းစာမှာကား စစ်မှန်သောပျော်ရွှင် မှုကို ကိုယ်တော်ရှင်ဖန်ဆင်းထားတော်မူသောအရာများမှတစ်ဆင့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းတွင် တွေ့မြင်ခြင်းဖြစ်သည်။ လူသားတို့သည် ပကတိမဟုတ်၊ လူလုပ်သော အရာများကိုအာ**ရုံ**မ**ပြု**ဘဲ ပိုမို**ရိုး**သားသောစိတ် သဘောထားများကိုမွေးမြူလျှင် သူတို့ကို ဖန်ဆင်းတော်မူရာတွင် ဘုရားသခင် ၏ရည်စူးချက်နှင့် များစွာနီးကပ်လာကြလိမ့်မည်။ ဝါကြွားမှုနှင့်ကြီးမြတ် ထင်ပေါ်လိုသောဆန္ဒတို့သည် မည်သည့်အခါမျှကျေနပ်မှုကိုမပေးပေ။ သို့ရာ တွင် စစ်မှန်သောဉာဏ်ပညာရှိသောသူတို့သည် ဘုရားသခင်ကလူတိုင်းအား ကမ်းလှမ်းထားတော်မူသော

ဝမ်းမြောက်ရွှင်လန်းမှုတည်ရာဌာနများတွင် တည်တံ့ခိုင်မြဲသောဟာဒယ ရွှင်ဆေးကို တွေ့ရှိကြလိမ့်မည်။

**ကိုယ်တော်ရှင်၏သားတော်အတွက် လောကဆိုင်ရာအိမ်ကို ဘုရားသခင်ရွေးချယ်တော်မူခြင်း** – လူသားတို့အတွက် အကြီးကျယ်ဆုံး အလုပ်ကို အပြီးဆောင်ရွက်တော်မူရန် ယေ**ရှု**ရှင်သည် **ဤ**လောကသို့ကြွလာ တော်မူခဲ့သည်။ ဘဝအသက်တာ၏အမွန်မြတ်ဆုံးသောအကျိုးကျေးဇူးများကို ရရှိစေရန်၊ ဘယ်ကဲ့သို့နေထိုင်ရမည်ကို ကျွန်ုပ်တို့အားပြသရန် ကိုယ်တော်ရှင် သည် ဘုရားသခင်၏သံတမန်အနေဖြင့် ကြွလာတော်မူသည်။ အနန္တတန်ခိုးရှင် ခမည်းတော်ဘုရားသည် ကိုယ်တော်၏သားတော်အတွက် မည်သည့် အခြေအနေများကို ရွေးချယ်ချမှတ်တော်မူသနည်း။ ဂါလိလဲတောင်ကုန်းများ တွင် လူသီးခြားနေသောအိမ်ဂေဟာ၊ **ရိုး**သား**၍**ကိုယ်ကိုလေးစားမှုရှိသော အလုပ်အကိုင်ဖြင့် သက်မွေးဝမ်းကျောင်းရာသောအိမ်ထောင်၊ **ရိုး**သားစွာ နေထိုင်ခြင်း၊ နေ့စဉ်ဘဝအသက်တာ၏**ရုန်း**ကန်မှုကို ရင်ဆိုင်ရသောအိမ်ထောင်၊ ကိုယ်ကိုအနစ်နာခံခြင်း၊ **ခြိုး**ခြံစွာနေထိုင်ခြင်း၊ သည်းခံ**၍**ဝမ်းမြောက်စွာ တာဝန်ကိုထမ်းခြင်း၊ မယ်တော်ထံတွင် ကျမ်းစာစာလိပ်ဖွင့်**၍** သင်ကြား နာယူမှတ်သားခြင်း၊ စိမ်းလန်းစိုပြည်သောတောင်ကြားအရပ်တွင် ဆိတ်ငြိမ် သောအ**ရု**ဏ်တက်ချိန်နှင့်နေဝင်ဆည်းဆာအချိန်၊ သဘာဝ၏ဓမ္မ၏သန့်ရှင်း ဆောင်ရွက်မှုများ၊ ဖန်ဆင်းခြင်းနှင့်ဘုရားသခင်စောင့်ရှောက်တော်မူခြင်းကို လေ့လာခြင်း၊ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရခြင်း၊ **ဤ**အရာများသည် ယေ**ရှု**ရှင်၏နုပျိုသောဘဝအသက်တာတော်တွင် အခြေအနေများနှင့်အခွင့်အရေး များဖြစ်သည်။

**ကတိထားသောပြည်တော်၌တောရွာအိမ်ဂေဟာများ** – ကတိ ထားသောပြည်တော်တွင် မှန်ကန်သောအကျင့်စာရိတ္တများပုံသွင်းမှုအတွက် သင့်လျော်သောအခြေအနေများတွင် တောထဲ**၌**အစပြုခဲ့သောစည်းကမ်းကို ဆက်လက်**၍**ကျင့်သုံးသွားသည်။ လူတို့သည် **မြို့**ကြီးများတွင် ပြွတ်သိပ်**၍** မနေထိုင်ကြဘဲ အိမ်ထောင်တိုင်းသည် ကိုယ်ပိုင်မြေရှိရာ ကျန်းမာမှုအပြည့် အဝဖြင့်နေထိုင်ရသော ကောင်းချီးမင်္ဂလာကို ခံစားရကြသည်။

**ယောဟန်စာရိတ္တအပေါ်ပတ်ဝန်းကျင်၏ထိခိုက်မှု** – ခရစ်တော် **ရှေ့**တော်ပြေးဖြစ်သောယောဟန်သည် သူ့ရှေးဦးပညာသင်ကြားမှုကို သူ့မိဘ များထံမှရရှိခဲ့ပါသည်။ သူသည် တောတွင်း**၌**အကြာဆုံးနေထိုင်ခဲ့သည်။

**မြို့**ကြီးပြကြီးများ၏ပျော်ရွှင်မှုများနှင့် စည်းစိမ်များကိုစွန့်**၍** တောတွင်း**၌** ချို့တဲ့စွာ နေထိုင်ရသောဘဝကြမ်းကို ရွေးချယ်ခဲ့လေသည်။ **ဤ**နေရာတွင် သူ့ပတ်ဝန်းကျင် သည်သူ**ရိုး**သား**၍** ကိုယ်ကိုငြင်းပယ်သောအကျင့်ဓလေ့များ နှင့် အခါအခွင့်သင့် လေသည်။ လောကဆူပူမှုများနှင့်နှောင့်ယှက်ဖျက်ဆီးမှု များကင်းလွတ်သောကြောင့် သူသည်တောထဲတွင် သဘာဝ၏သင်ခန်းစာ များ၊ ဗျာဒိတ်များနှင့်ဘုရားသခင်၏ စောင်မကြည့်**ရှု**ခြင်းတို့ကို လေ့လာနိုင်ကြသည်။ သူငယ်စဉ်တောင်ကျေးကလေး ဘဝမှအစ**ပြု၍** သူ့ရှေ့တွင် သူဆောင်ရွက်ရသောအမှုတော်ကိုထားရှိခဲ့**၍** သူ့အနေဖြင့် သန့်ရှင်းသောအပ်နှင်း မှုကိုလက်ခံလေသည်။ သူ့အတွက်ကန္တာရ၏ဆိတ်ညံမှုသည် မယုံသင်္ကာ ရှိခြင်း၊ မယုံကြည်မှုနှင့်မသန့်ရှင်းခြင်းတို့ဖြင့် ပြည့်နှက်နေသော လူ့အသိုက် အဝန်းမှ ကင်းလွတ်ခွင့်ရရှိလေသည်။ စုံစမ်းနှောင့်ယှက်ခြင်းကိုခံနိုင်ရန် သူ့ခွန်အားကိုသူမယုံကြည်ဘဲ အပြစ်ကြီးမားသည့် သူ့အသိတရားပျောက် ကင်းသွားမည်ကိုစိုးရိမ်သောကြောင့် အပြစ်ဒုစရိုက်နှင့်တွေ့ထိရင်ဆိုင်မှုကို တတ်နိုင်သမျှ ရှောင်ရှားခဲ့သည်။

**အခြားလူကြီးလူကောင်းများဆင်ခြေဖုံးအိမ်ဂေဟာများတွင်**
**မွေးဖွားကြီးပြင်းလာခြင်း** – ခေတ်အမျိုးမျိုးတွင် အတော်ဆုံးနှင့်အမြင့် မြတ်ဆုံးသောပုဂ္ဂိုလ်မြောက်မြားစွာသည် ယောဟန်ကဲ့သို့ တောတွင်းကြီးပြင်း လာသူများဖြစ်ခဲ့ကြသည်။ အာဗြဟံ၊ ယာကုပ်၊ ယောသပ်၊ မောရှေ၊ ဒါဝိဒ် နှင့်ဧလိရှဲတို့၏ကိုယ်ရေးရာဇဝင်များကိုဖတ်ကြည့်ပါ။ ယုံကြည်အားထားရ**၍** တာဝန်ကြီးသောရာထူးများ၊ တာဝန်ယူထမ်းဆောင်ကြသော နောင်တစ်ခေတ် ပုဂ္ဂိုလ်ကြီးများတို့၏ဘဝမှတ်တမ်းများကို လေ့လာကြည့်ပါ။

**ဤ**ပုဂ္ဂိုလ်ကြီးများတို့သည် ဆင်ခြေဖုံးအိမ်ဂေဟာများတွင် မွေးဖွား ကြီးပြင်းလာကြသည်။ သူတို့သည် စည်းစိမ်ဆိုသည်ကိုမသိရှိကြပေ။ သူတို့ ၏လူငယ်ဘဝကို အပျော်အရွှင်များဖြင့် အချိန်ကုန်စေရခဲ့ခြင်းမရှိကြပေ။ အများ သောယင်းပုဂ္ဂိုလ်ကြီးများသည် ဆင်းရဲခြင်းနှင့်ခက်ခဲခြင်းများကို ရင်ဆိုင်**ရ**န်းကန် လာခဲ့ကြရသည်။ သူတို့၏ဘဝဦးပိုင်းတွင် အလုပ်လုပ်ကိုင်ရန် သင်ကြားလေ့လာ ကြသည်။ လဟာပြင်တွင်ကျင်လည်ခဲ့သောသူတို့၏ လှုပ်ရှားမှုများသောဘဝအ သက်တာက သူတို့ကိုအားအင်နှင့်ပြည့်ဝစေ**၍** သူတို့၏နဂိုစွမ်းရည်များကို လိုသလိုအသုံး**ပြု**စေရန် အထောက်အကူ**ပြု**လေသည်။ သူတို့ကိုယ်ပိုင်ဥာဏ်ကြေး နှင့်အင်အားကိုသာ အားကိုးအားထား**ပြု**ခဲ့ရ သောကြောင့် သူတို့သည် အခက် အခဲများကိုဆိုင်**ပြိုင်**တိုက်လှန်**၍** ခလုတ် တံသင်းများကိုကျော်နင်းလျက် သူရသတ္တိ နှင့်ဇွဲလုံ့လတို့ကို ရရှိခဲ့ကြသည်။ ကိုယ်ကိုကိုယ်အားကိုးခြင်းနှင့် ကိုယ်ကိုချုပ် တည်းခြင်းဆိုင်ရာ သင်ခန်းစာ များကိုလေ့လာသင်ကြားခဲ့ကြသည်။ ယုတ်မာ**ရိုင်း** စိုင်းသော အပေါင်းအသင်းများနှင့် အများအားဖြင့်ကင်းလွတ်ခဲ့ကြသောကြောင့်

သူတို့သည် သဘာဝ ပျော်ရွှင်မှုများနှင့်သင့်လျော်သောပေါင်းဖော်မှုများဖြင့် ကျေနပ်ခဲ့ကြသည်။ သူတို့၏ဝါသနာများသည်**ရိုးသား၍** အကျင့်ဓလေ့များ မှာလည်း **ရိုး**ခြံမှု ပေါ်တွင်အခြေ**ပြု**ကြသည်။ သူတို့သည် ကျင့်ဝတ်နှင့်ကြီး စွာပြည့်စုံသူများ ဖြစ်**၍** စင်ကြယ်ခြင်း၊ ကြံ့ခိုင်ခြင်းနှင့်မှန်ကန်ခြင်း စသော ကျင့်ကောင်းသီလ များကို လက်ကိုင်ထား**၍** ကြီးပြင်းလာကြသည်။ သူတို့၏ဘဝအသက်တာ ဆိုင်ရာတာဝန်ကိုထမ်းရန် အချိန်ကျရောက်လာသော အခါ သူတို့သည် ကာယ ဗလ၊ ဉာဏဗလကြံ့ခိုင်သောစိတ်သဘောထား၊ စီမံကိန်းရေးဆွဲခြင်းနှင့်စီမံ ကိန်းများကို အကောင်အထည်ဖော်သောသတ္တိ၏ မကောင်းမှုတို့ကို မဆုတ်မနစ် တွန်းလှန်**ဖြို**ဖျက်ခြင်း စသောအရည်အချင်း တို့ဖြင့် ဆောင်ရွက်ကြသောကြောင့် ကမ္ဘာပေါ်တွင် ကောင်းကျိုး**ပြု**နိုင်သော အင်အားကြီးများအနေဖြင့် ရပ်တည် နေကြသည်။

---ο---

# အခန်း ၂၀
# မိသားစုနှင့်မြို့ကြီးပြကြီး

**မြို့ကြီးပြကြီး၌နေထိုင်ခြင်း၏အန္တရာယ်များ** – **မြို့**ကြီးပြကြီး များ**၌**ကျင်လည်ရသော ဘဝအသက်တာသည်မှားယွင်း**၍** ပင်ကိုအခြေအနေ နှင့်ဆန့်ကျင်သည်။ ကြေးငွေကိုအရ အလုအယက်ရှာဖွေခြင်း၊ အပျော်အပါး များကိုလိုက်စားခြင်း၊ ပေါ်လွင်မှုအတွက်**ကြိုး**ပမ်းခြင်း၊ ဖိမ်ခံလိုခြင်းနှင့်အသုံး ဖွာခြင်းမှစသော အခြေအနေတို့သည် မြောက်မြားစွာသောလူတို့အား ဘဝ အသက်တာ၏စစ်မှန်သောရည်စူးချက်မှ အာ**ရုံ**ပြောင်းပစ်သောအင်အားများ ဖြစ်သည်။ ယင်းတို့သည် သောင်းခြောက်ထောင်သော မကောင်းမှုဒုစ**ရိုက်** များကိုကျူးလွန်စေရန် လမ်းဖွင့်ပေးကြသည်။ ယင်းတို့သည် လူငယ်လူရွယ် တို့အားဖမ်းစားတတ်သည်။ **မြို့**ကြီးပြကြီးများ**၌**နေထိုင်ကြသော ကလေး သူငယ်များနှင့်လူငယ်လူရွယ်တို့ရင်ဆိုင်ရသော အပါးနပ်ဆုံးနှင့်အန္တရာယ် အများဆုံး စုံစမ်းသွေးဆောင်ခြင်းတစ်ခုသည် အပျော်အပါးလိုက်စားခြင်း

ဖြစ်သည်။ ရက်အားများများလွန်းသည်။ အားကစားပွဲများနှင့်ပြိုင်ပွဲများတွင် ထောင်သောင်းမကသောသူတို့သည် သွားရောက်ကြည့်**ရှု**ရုံမဟုတ်ဘဲ လောင်းကစားကြသည်။ ယင်းကဲ့သို့စိတ်တက်ကြွဖွယ်လည်းဖြစ်၊ ပျော်ရွှင်ဖွယ်လည်းဖြစ်သော အခြေအနေများက သူတို့အားအရေးပါအရာရောက်သော ဘဝအသက်တာဆိုင်ရာတာဝန်များကို ကျေပွန်စွာဆောင်ရွက်မှုမှ အာ**ရုံ**ပြောင်းပစ်ကြသည်။ ပိုမိုအကျိုးရှိစွာသုံးစွဲရမည့်ကြေးငွေများကို အပျော်အပါးလိုက်စားခြင်းအားဖြင့် **ဖြုန်း**တီးပစ်ကြသည်။

**ကျန်းမာမှုဆိုင်ရာရှုထောင့်ကိုဆင်ခြင်ပါ** – **မြို့**ကြီးပြကြီးများ တွင်**ရ**ပ်ပိုင်းလောက၏ပတ်ဝန်းကျင်များသည် ကျန်းမာမှုအတွက် အန္တရာယ်ဖြစ်တတ်ကြသည်။ ရောဂါဝေဒနာများနှင့်တွေ့ထိမှုအန္တရာယ်အမြဲတမ်းရှိခြင်း၊ ညစ်ညမ်းသောအနံ့အသက်များ၊ မသန့်ရှင်းသောရေ၊ ကျပ်တည်းကျဉ်းမြောင်း**၍**မှောင်မည်းလျက် ကျန်းမာမှုနှင့်မညီလျော်သောအိမ်၊ အခန်းများတို့သည် **မြို့**ကြီးပြကြီးတို့**၌** တွေ့**ကြုံ**ရသောမကောင်းမှု တချို့တစ်ဝက်ဖြစ်သည်။

**မြို့**ကြီးပြကြီးများထဲ**၌**ရှိသော အိမ်ခန်းများပြတ်သိပ်ကျပ်တည်းစွာနေထိုင်ကြဖို့ ဘုရားသခင်ရည်စူးတော်မမူခဲ့ပေ။ အစအဦး**၌** ဘုရားသခင်သည်ကျွန်ုပ်တို့၏ရှေးဦးမိဘနှစ်ပါးတို့အား၊ ယခုအခါတွင် ကျွန်ုပ်တို့အား ပျော်ရွှင်စွာနေထိုင်စေလိုတော်မူသည့် **ရှု**ခင်းသာယာ**၍** နားဝင်ချိုသာသောအသံများရှိရာနေရာမျိုးတွင် ထားရှိတော်မူသည်။ ဘုရားသခင်၏မူရင်းစီမံကိန်းနှင့်အံဝင်ခွင်ကျဖြစ်လာလေလေ၊ ကိုယ်ခန္ဓာ၊ စိတ်နှင့်ဝိညာဉ်တို့၏ကျန်းမာမှုကို ရရှိရန်ကျွန်ုပ်တို့၏အခြေအနေသည် ပိုမိုကောင်းမွန်လေလေဖြစ်လိမ့်မည်။

**အပြစ်ဒုစရိုက်စတင်သောနေရာ** – **မြို့**ကြီးပြကြီးများသည် စုံစမ်းသွေးဆောင်ခြင်းပေါများသောနေရာများဖြစ်သည်။ ယင်းကဲ့သို့ညစ်ညမ်းသောအခြေအနေမျိုးနှင့် ငြိစွန်းခြင်းများမရှိစေရန် ကျွန်ုပ်တို့၏လူငယ်လူရွယ်များကို ဝေးနိုင်သမျှဝေးသောနေရာများတွင် ထားရှိနိုင်စေမည့်အစီအစဉ်များကိုကျွန်ုပ်တို့သည် ဖောက်ချလုပ်ကိုင်ကြရမည်။

ကလေးသူငယ်များနှင့်လူငယ်လူရွယ်များကို ကျွန်ုပ်တို့သည် ဂ**ရု**တစိုက်ကာကွယ်စောင့်ထိန်းကြရမည်။ ကျွန်ုပ်တို့၏**မြို့**ကြီးပြကြီးများတွင်တွေ့ရှိနိုင်သောအပြစ်ဒုစ**ရိုက်**စတင်ဖြစ်ပေါ်လာရာဒေသများနှင့် ဝေးလံသော

နေရာများတွင် သူတို့ကိုထားရမည်။

**သောင်းကျန်းခြင်းနှင့်ရှုပ်ထွေးခြင်း** – သောင်းကျန်းခြင်းနှင့်ရှုပ်ထွေးခြင်း အမြဲတမ်းရှိသောမြို့ကြီးပြကြီးများတွင် ကိုယ်တော်ရှင်၏လူများ အမြဲတမ်းနေထိုင်စေဖို့ ဘုရားသခင်သည် အလိုရှိတော်မမူပေ။ သူတို့၏ သားသမီးများအား ယင်းသောင်းကျန်းခြင်းနှင့်ရှုပ်ထွေးခြင်းအခြေအနေများကို ရင်ဆိုင်ခြင်းမပြုစေရ၊ အဘယ်ကြောင့်ဆိုသော် မြို့ကြီးပြကြီးတို့၏စာရိတ္တ အခြေအနေတစ်ခုလုံးသည် ပြင်းထန်သောသွားလာလှုပ်ရှားမှုနှင့် ဆူညံသော အသံဗလံများရောနှော၍ ပျက်ပြားနေသည်။

**အလုပ်သမားဆိုင်ရာအရေးအခင်းများ** – အလုပ်သမားအစည်းအရုံးများဖွဲ့စည်း၍ သပိတ်မှောက်ခြင်းအားဖြင့် အလုပ်သမားတို့ရရှိထိုက်သောအခွင့်အရေးများကို တောင်းဆိုသောကြောင့် အလုပ်သမားအရေးအခင်းများပေါ်လာပြီးလျှင် မြို့ကြီးပြကြီးတို့၏အခြေအနေမှာ ပိုမို၍တင်းမာခက်ထန်သယောင်ရှိလာလေသည်။ မြို့ကြီးပြကြီးများတွင် နေထိုင်ကြသောသူတို့ အတွက် အကြောင်းကြောင်းတို့ကြောင့် ပိုမိုခက်ခဲသောအခြေအနေတို့ရင်ဆိုင် နေရဖွယ်ရှိသောကြောင့် အများသောမိသားစုများအတွက် မြို့ကြီးပြကြီးတို့မှ ပြောင်းရွှေ့နေထိုင်မှုသည် လိုအပ်သောအစီအစဉ်တစ်ရပ်ဖြစ်လာလေသည်။

**ရောက်ရှိလာမည့်ပျက်စီးခြင်း** – မြို့ကြီးပြကြီးများပြိုလဲပျက်စီးပျောက်ကွယ်သွားမည့်အချိန်သည် မဝေးတော့ပြီ။ ယင်းကျရောက်လာမည့်တရားစီရင်ခြင်းအကြောင်းနှင့်ပတ်သက်၍ လူအားလုံးတို့အား သတိပေးသင့်ပေပြီ။ ယခုအခါတွင် ဘုရားမဲ့တရားမဲ့နေကြသော ထောင်သောင်းမကသော မြို့ကြီးပြကြီးတို့ရင်ဆိုင်ရမည့်ပျက်စီးခြင်းကို ဘုရားသခင်၏တပည့်သားမြေးများအပေါင်းတို့သည် သိရှိကြပါစေ။

**လောကီဆိုင်ရာတပ်မက်မှုများနှင့် ချမ်းသာကြွယ်ဝမှုတို့ကို မြတ်နိုးခြင်းအတွက်** – သူတို့သားသမီးများ၏ပတ်ဝန်းကျင်ကို မှန်ကန်သောဩဇာသက်ရောက်မှုများဖြင့် ဝန်းရံထားစေရန် မိဘဖြစ်သူတို့သည် သတိဝီရိယမထားကြပေ။ အိမ်ဂေဟာတစ်ခုကိုရွေးချယ်ရာတွင် ပတ်ဝန်းကျင်

၏ကျင့်ကောင်းသီလအခြေအနေနှင့် လူမှုဆက်ဆံရေးအခြေအနေထက် သူတို့၏လောကီဆိုင်ရာတပ်မက်မှုများကို ဦးစားပေးစဉ်းစားတတ်ကြသောကြောင့် သူတို့၏သားသမီးများသည် သူတို့၏ဘုရားတရားကြည်ညိုခြင်းနှင့် မှန်ကန်သောအကျင့်စာရိတ္တများဆောက်တည်ရေးကို အထောက်အကူမပြုသောသူများနှင့် ပေါင်းသင်းဆက်ဆံရေးများကို ပြုလုပ်ကြသည်။

မိမိတို့၏သားသမီးများကို မောလုပ်မိနတ်ဘုရားတို့အား ယဇ်ပူဇော်ကြသော ခါနာန်လူမျိုးများကို ပြစ်တင်ရှုတ်ချသောမိဘတို့၊ သင်တို့သည် ဘာလုပ်နေကြသနည်း။ သင်တို့သည် တန်ဖိုးအများဆုံးဖြစ်သောအလှူကို သင်တို့မက်မောသောရွှေငွေနှင့်ဥစ္စာစည်းစိမ်ဟူသော ဘုရားတို့ကိုပူဇော်ပသကြပြီတကား၊ ထိုသို့ပြုခြင်းကြောင့် သင်တို့၏သားသမီးများတို့သည် မနှစ်မြို့ဖွယ်သောအကျင့်စာရိတ္တမျိုးဖြင့် ကြီးထွားလာကြသောအခါ၌လည်းကောင်း၊ သူတို့သည် ဘုရားတရားကိုယုံကြည်ကိုင်းရှိုင်းမှုလုံးဝမရှိကြောင်းကို ပြသကြသောအခါ၌လည်းကောင်း၊ သင်တို့ယုံကြည်သောဘာသာအယူဝါဒက သူတို့၏ဆိုးပေနေသောသားသမီးများကို မကယ်နိုင်ဟူသောအကြောင်းပြချက်ဖြင့် သူတို့၏ဘာသာအယူဝါဒကို အပြစ်ဖို့ကြသည်။ သင်တို့သည် သင်တို့ကိုယ်တိုင်စိုက်ပျိုးခဲ့သောမျိုးစေ့ကား၊ သင်တို့၏တစ်ကိုယ်ကောင်းစိတ်ဖြင့်လောကကိုချစ်ခြင်းနှင့် ကျေးဇူးတော်ရရှိနိုင်သောနည်းလမ်းကို လျစ်လျူရှုခြင်းများဖြစ်သည်။ သင်တို့၏မိသားစုများကို စုံစမ်းသွေးဆောင်ခြင်းပေါများသောနေရာဒေသများသို့ ပြောင်းရွှေ့နေထိုင်စေကြသည်။ သင်တို့၏ဘုန်းတန်ခိုးတော်နှင့်ကာကွယ်ရာဖြစ်သည့် ဘုရားသခင်၏ပဋိညာဉ်သေတ္တာတော်ကို သင်တို့အတွက်လိုအပ်သည်ဟု ဆင်ခြင်ခြင်းမရှိကြ။ သင်တို့၏သားသမီး များအား စုံစမ်းသွေးဆောင်ခြင်းမှကင်းလွတ်ရန် ဘုရားသခင်သည် နိမိတ် လက္ခဏာကို ပြသတော်မမူခဲ့ပေ။

**မြို့ကြီးပြကြီးများကစစ်မှန်သောကောင်းကျိုးကိုမပြုပေ** – မြို့ကြီးပြကြီးများ၌နေထိုင်ခြင်းအားဖြင့် ကာယဗလ၊ ဉာဏဗလနှင့်ဝိဉာဏဗလ အားဖြင့်တိုးတက်ကောင်းမွန်လာမည့်မိသားစုသည် တစ်နေရာတွင်တစ်ဦး မရှိပေ။ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းနှင့်ပျော်ရွှင်ခြင်းတို့ကို လယ်ကွင်းများ၊ တောတောင်များနှင့်သစ်ပင်များပေါက်ရောက်ရာနေရာဒေသများတွင် ပိုမိုရရှိနိုင်သည်။ မြို့ကြီးပြကြီးများတို့၏မြင်ကွင်းများနှင့် အသံဗလံ မှလည်းကောင်း၊ ပြေးလွှားမောင်းနှင်သွားနေသော ဘတ်စ်ကားကြီးများနှင့် အခြားဆူသံပူသံများမှလည်းကောင်း ဝေးလံသောနေရာများတွင် နေရာချ ထားပေးပါ။ သူတို့၏စိတ်နှလုံးတို့သည် ပိုမိုကျန်းမာလာလိမ့်မည်။ ထိုအခါ ဘုရားသခင်

နှုတ်ကပတ်တော်၌ပါရှိသော သမ္မာတရားကို သူတို့နားဝင်အောင် ပြောရန် လွယ်ပါလိမ့်မည်။

စံပြအိမ်ထောင် ၁၅၀

**ကျေးလက်ဒေသမှမြို့ပြဒေသသို့ ပြောင်းရွှေ့နေထိုင်ခြင်းနှင့် စပ်ဆိုင်၍အကြံပေးချက်** – မြို့ကြီးပြကြီးများသည် ပိုမိုနေထိုင်ဖို့ကောင်း ၍ ပိုမိုအကျိုးဖြစ်ထွန်းနိုင်သောနေရာများ ဖြစ်သည်ဟူ၍ သဘောထားလျက် မြောက်မြားစွာသောမိဘတို့သည် ကျေးလက်ဒေသ၌ ဆောက်လုပ်ထားသော သူတို့၏အိမ်ကလေးများမှ မြို့ကြီးပြကြီးများသို့ပြောင်းရွှေ့နေထိုင် ကြသည်။ ဤကဲ့သို့ပြောင်းလဲနေထိုင်ခြင်းအားဖြင့် သူတို့၏သားသမီးတို့အား များမြောင် ၍ကြီးမားသော စုံစမ်းသွေးဆောင်ခြင်းများနှင့် ရင်ဆိုင်စေကြသည်။ သား ဖြစ်သူတို့တွင် အလုပ်အကိုင်မရှိကြ။ လမ်းကြို့လမ်းကြားများမှ ပညာမျိုး ကိုသာရရှိကြသောကြောင့် သူတို့ မိုက်မဲဆိုးသွမ်းလာကြသည်အဆုံးတွင် ကောင်းမြတ်ခြင်း၊ စင်ကြယ်ခြင်းနှင့်သန့်ရှင်းခြင်း စသောပါရမီတို့ကို လုံးဝ စိတ်မဝင်စားတော့ပေ။ ကာယဗလနှင့်ဉာဏဗလအတွက် အသင့် လျော်ဆုံး ဖြစ်သော သြဇာသက်ရောက်မှုများရှိသော ကျေးလက်ဒေသတွင် နေထိုင်မြဲ နေထိုင်ခဲ့လျှင် ဘယ်မျှလောက်ပိုမိုကောင်းမွန်လိမ့်မည်နည်း။ မြေယာထွန် ယက်စိုက်ပျိုး ခြင်းအလုပ်အကိုင်ကို လူငယ်လူရွယ်များအားသင်ကြားပေး၍ မောပန်းစွာဖြင့်လည်းကောင်း၊ အပြစ်ကင်းစွာဖြင့်လည်းကောင်း နှစ်နှစ် ခြိုက်ခြိုက်အိပ်ပျော်စေသည်။

မိဘဖြစ်သူတို့၏ပေါ့လျော့မှုကြောင့် မြို့ကြီးပြကြီးများ၌နေထိုင်ကြသော ကျွန်ုပ် တို့၏လူငယ်လူရွယ်များသည် ပျက်စီးနေ၍ ဘုရားသခင်၏ ရှေ့တော်တွင် သူတို့၏ဝိညာဉ် များသည် ညစ်ညမ်းလျက်ရှိနေသည်။ အလုပ် အကိုင်မရှိခြင်း (သို့မဟုတ်) အလုပ်တစ် ခုခုမလုပ်ကိုင်ဘဲနေခြင်းအတွက် ဤအခြေအနေမျိုးသည် အမြဲတမ်းဖြစ်ပျက်ရပ်တည် နေလိမ့်မည်။ သူတောင်းစားအိမ်များ၊ အကျဉ်းထောင်များနှင့် လည်ဆွဲတိုင်များတို့သည် မိဘတို့၏တာဝန်မကျေမှုအတွက် ဝမ်းနည်းဖွယ်သောသက်သေခံများဖြစ် ကြသည်။

မိဘတို့၏စောင့်ထိန်းမှုအတွက် အပ်နှံထားသောအဖိုးထိုက်တန်လှ သည့်ဝိညာဉ် များကို အန္တရာယ်ဖြစ်စေသည်ထက် လောကီဆိုင်ရာကြီးထွား မှုအတွက် အကြံအစည်တိုင်းကို အနစ်နာခံသင့်ပေသည်။ သားသမီးတို့ သည် စုံစမ်းသွေးဆောင်ခြင်းများကို ရင်ဆိုင်ကြရလိမ့် မည်ဖြစ်သောကြောင့် ယင်းတို့ကိုရင်ဆိုင်နိုင်နင်းနိုင်စေရန် သူတို့ကိုသင်ကြားပေးရမည်။ သို့ရာတွင် သင်တို့၏ကိုယ်တိုင်နှင့်သင်တို့၏မိသားစုအား ဘုရားသခင်လက်သို့လွတ်လပ် စွာစိတ်ရောကိုယ်ပါစွာဖြင့်လည်း ဆက်ကပ်ခြင်းကိုအနှောင့်အယှက်ပြုသော သြဇာသက် ရောက်မှုရှိသမျှကိုလည်းကောင်း၊ ဆိုးယုတ်သောအကျင့်ဓလေ့ ရှိသမျှကိုလည်းကောင်း၊ ချည်နှောင်မှုရှိသမျှကိုလည်းကောင်း ဖြတ်တောက် ပစ်ရန် သင်တို့၏တာဝန်ဖြစ်သည်။

လူများကျပ်တည်းပြွတ်သိပ်စွာနေထိုင်ကြသော မြို့ကြီးပြကြီးများ အစား၊ သင်တို့၏သားသမီးများသည် တတ်နိုင်သမျှ စုံစမ်းသွေးဆောင်ခြင်း မှဝေးကွာသော စိတ်ငြိမ်ဒေသကိုရှာဖွေနေထိုင်၍ ယင်းနေရာတွင်အသုံးဝင် သောသူများဖြစ်လာစေရန် သွန်သင်ပေးပါ။ သောဒုံမြို့ကြီး၏အပြစ်ဒုစရိုက် များနှင့် ယင်းမြို့ကြီးအားပျက်စီးစေခြင်း အကြောင်းအရာများကို ပုရောဖက် ယေဇကျေလကရေတွက်၍ ဖော်ပြထားသည်မှာ "သူနှင့်သူ့ သမီးတို့သည် မာနကြီးခြင်း၊ ဝစွာစားသောက်ခြင်း၊ ငြိမ်ဝပ်စွာကောင်းစားခြင်းရှိ၍ ဆင်းရဲ ငတ်မွတ်သောသူတို့ကို မထောက်ပံ့ဘဲနေကြ၏။" သောဒုံမြို့၏ကံကြမ္မာမျိုး နှင့်ကင်းလွတ်

လိုသောသူတို့သည် ထိုဆိုးညစ်သောမြို့အပေါ် ချမှတ်တော်မူ သောပြစ်ဒဏ်မျိုးကို လက်ယပ်ခေါ်သောလုပ်ငန်းစဉ်မျိုးကို

ရှောင်ကြဉ်ရမည်။

လောတသည် သောဒုံမြို့သို့ဝင်သောအခါ သူတို့ကိုယ်တိုင်အပြစ်ဒုစရိုက်နှင့်လွတ်ကင်းအောင်နေထိုင်ရန်ကြံရွယ်ခဲ့၍ သူ့အိမ်ထောင်သူအိမ်ထောင်သားများကိုလည်း သူကဲ့သို့ပြုလုပ်ရန်မှာကြားဖို့ အမှန်ရည်ရွယ်ခဲ့လေသည်။ သို့ရာတွင် သူသည် ထူးခြားစွာပျက်ကွက်ခဲ့လေသည်။ သူ့ပတ်လည်ရှိ ညစ်ညမ်းသောသြဇာသက်ရောက်မှုများသည် သူ့ကိုယ်တိုင်၏ယုံကြည်ခြင်းကိုထိခိုက်၍ သောဒုံမြို့သူမြို့သားတို့နှင့်သူ့သားသမီးတို့၏ပေါင်းသင်းဆက်ဆံရာတွင် အလိုတူအလိုပါဖြစ်သည်။ ယင်းလုပ်ရပ်မှဘယ်ကဲ့သို့သောဆိုးကျိုးမျိုးဖြစ်ထွန်းခဲ့ကြောင်း ကျွန်ုပ်တို့အားလုံးသိရှိကြသည်။ အများသောသူတို့ သည် ယင်းအမှားမျိုးကိုကျူးလွန်လျက်ရှိကြသည်။

သင်တို့၏အိမ်ဂေဟာကို သောဒုံမြို့နှင့်ဂေါမောရမြို့ကဲ့သို့သောမြို့ကြီးများမှ ဝေးနိုင်သမျှဝေးလံသောနေရာတွင် ဆောက်လုပ်နေထိုင်ကြဖို့ ဆုံးဖြတ်ကြပါ။ မြို့ကြီးပြကြီးများမှထွက်ခွာကြပါ။ ဖြစ်နိုင်လျှင် သင်တို့၏အိမ်ဂေဟာများကို ကျေးလက်ဒေသများတွင် ဆောက်လုပ်နေထိုင်လျှင် ချမ်းသာကြွယ်ဝမှုကိုမရသည်တိုင်အောင် ယင်းနေရာမျိုးတွင်သာ ဆောက်လုပ် နေထိုင်ကြပါ။ အကောင်းဆုံးသြဇာသက်ရောက်မှုရှိသောနေရာတွင် အတည် တကျနေထိုင်ကြပါ။

မိမိတို့၏မိသားစုများအတွက် အိမ်ဂေဟာများကိုမြို့ကြီးပြကြီးများ တွင် ဆောက်လုပ်ခြင်းမပြုရန် သတိပေးဖို့ဘုရားသခင်သည် ကျွန်ုပ်တို့အား ညွှန်ကြားထားတော်မူသည်။ ဖခင်နှင့်မိခင်များတို့အားပြောကြားရန် ကျွန်ုပ် အားပေးအပ်တော်မူခဲ့သောညွှန်ကြားချက်မှာ "သင်တို့၏သားသမီးများကို သင်တို့၏အိမ်ခြံဝင်းများတွင်သာနေထိုင်စေဖို့ မမေ့လျော့ကြပါနှင့်။"

**မြို့ကြီးပြကြီးများမှပြောင်းရွှေ့နေထိုင်ဖို့အချိန်တန်ပြီ** – ကျွန်ုပ်၏မှာကြားချက်မှာ၊ သင်တို့၏မိသားစုများကို မြို့ကြီးပြကြီးများမှခေါ်၍ ပြောင်းရွှေ့သွားပါ။

ဘုရားသခင်သည် လမ်းဖွင့်ပေးထားလျက်ရှိသောကြောင့် မိသားစုများသည် မြို့ကြီးပြကြီးများမှ ပြောင်းရွှေ့သွားရန်ချိန်တန်လေပြီ။ သားသမီးတို့ကိုခေါ်၍ ကျေးလက်များသို့ပြောင်းရွှေ့သွားသင့်ပေသည်။ မိဘများတို့က သူတို့၏လက်တွင်း၌ရှိသော ကြေးငွေနှင့်ထိုက်သင့်သောနေရာထိုင်ခင်းကို ရှာဖွေရကြမည်။ အိမ်အဆောက်အအုံမှာ သေးငယ်လင့်ကစား ယင်းပတ်လည် တွင်ထွန်ယက်စိုက်ပျိုးနိုင်သော မြေကွက်လပ်ရှိသင့်ပေသည်။

ကမ္ဘာမြေကြီးပေါ်**၌**နေထိုင်လျက်ရှိကြသောသူတို့အပေါ်**၌** ဘေးဒဏ်များမကျရောက်မီ အမှန်တကယ် **ဣ**သရေလလူများဖြစ်ကြသောသူအားလုံးတို့အား ယင်းအချိန်အတွက်ပြင်ဆင်ထားရန် ဘုရားသခင်သည် မိန့်မှာထားတော်မူသည်။ ဘုရားသခင်က မိဘတို့အားသတိပေးစကားမိန့်တော်မူထားသည်မှာ သင်တို့၏သားသမီးတို့အား သင်တို့၏အိမ်ဂေဟာများအတွင်း**၌** စု**ရုံး**ထားကြပါ။ ဘုရားသခင်၏ပညတ်တော်များကို အလေးဂ**ရု**မ**ပြု**ကြသောသူတို့မှလည်းကောင်း၊ မကောင်းမှုဒုစ**ရိ**က်ကိုသွန်သင်**၍** ကိုယ်တိုင်ကျင့်သုံးကြသောသူတို့မှလည်းကောင်း ဝေးလံသောနေရာတွင် သားသမီးများကိုထားရှိပါ။ မြန်နိုင်သ**ရွေ့**မြန်မြန်**မြို့**ကြီးပြကြီးများမှ ထွက်ခွာသွား ကြပါ။

**ဘုရားသခင်သည်ကိုယ်တော်၏လူတို့ကိုကူညီတော်မူမည်** – သစ်သီးဝလံများ၊ သွေးကြောများ**၌**လှည့်လည်သွားနေသော အသက်သွေးကိုညစ်ညူးစေသောအသားဟင်းလျာများနေရာတွင် အစားထိုးအသုံး**ပြု**စားသောက် ရန် ဟင်းသီးဟင်းရွက်များနှင့်သစ်သီးငယ်များကို စိုက်ပျိုးနိုင်သောမြေကွက်လပ်ပါသောအိမ်ဂေဟာများကို ကျေးလက်ဒေသ**၌** မိဘများဝယ်ယူထားနိုင်သည်။ ယင်းကဲ့သို့သောနေရာများတွင် သားသမီးတို့သည် **မြို့**ကြီးပြကြီးများ၏ညစ်ညူးစေသော သြဇာသက်ရောက်မှုတို့၏ဝန်းရံပိတ်ဆို့ထား မှုမှ ကင်းလွတ်ကြလိမ့်မည်။ **မြို့**ကြီးပြကြီးပြင်ပတို့**၌** ယင်းကဲ့သို့သော အိမ်ဂေဟာများကိုရှာဖွေရာတွင် ဘုရားသခင်သည် ကိုယ်တော်၏လူတို့ကို မစတော်မူလိမ့်မည်။

–––o–––

# အခန်း ၂၁
# ကျေးလက်ဒေသတို့၏အကျိုးကျေးဇူးများ

**မြေတစ်ကွက်နှင့်ချမ်းမြေ့သောအိမ်ဂေဟာ** – ဖြစ်နိုင်သောအခါ တိုင်းမိမိတို့၏သားသမီးများအတွက် ကျေးလက်ဒေသများတွင် နေအိမ်များဆောက်လုပ်ထားပေးရန် မိဘတို့၏တာဝန်ဖြစ်သည်။

မြေတစ်ကွက်နှင့်ချမ်းမြေ့သာယာအိမ်ဂေဟာတစ်ဆောင်ရှိသော ဖခင်များနှင့်မိခင်တို့သည် ဘုရင်များနှင့်မိဖုရားများဖြစ်ကြသည်။

**မြို့ကြီးပြကြီးများမှထွက်ခွာ၍** ကျေးလက်ဒေသများသို့သွားရောက် နေထိုင်ရန် တိုက်တွန်းပြောကြားသောအခါ သင်တို့အတွက်အခွင့်ကောင်း လက်လွတ်သွားခြင်းဟု မယူဆပါနှင့်။ ယင်းတိုက်တွန်းပြောကြားချက်ကို လက်ခံဆောင်ရွက်သောသူတို့အတွက် ထားရှိသောကြွယ်ဝသည့်ကောင်းချီး မင်္ဂလာများကိုခံစားစံစားဖို့ ရောက်ရာကျေးလက်ဒေသတွင် စောင့်ဆိုင်းငံ့လင့် နေပါ။

**စီးပွားရေးလုံခြုံမှုအတွက်အထောက်အကူပြုသည်** – မိမိတို့ မိသားစုကြီးများကို **မြို့ကြီးပြကြီးများမှခေါ်ထုတ်၍** မိမိတို့ကိုယ်တိုင်အသီးအနှံ များလုပ်ကိုင်စားသောက်နိုင်သော ကျေးလက်ဒေသများသို့ ပြောင်းရွှေ့နေ ထိုင်ရန် ကျွန်ုပ်တို့အား ဘုရားသခင်သည် အကြိမ်ကြိမ်အခါခါနှိုးဆော် **ညွှ**န်ကြားတော်မူခဲ့လေပြီ။ အဘယ်ကြောင့်ဆိုသော် အနာဂတ်ကာလတွင် အရောင်းအဝယ်ကိစ္စသည် ခက်ခဲလာစရာအကြောင်းရှိသည်။ ကျွန်ုပ်တို့အား အကြိမ်ကြိမ်အခါခါပေးတော်မူခဲ့သော တိုက်တွန်းနှိုးဆော်ချက်ကို ယခုအခါ ကျွန်ုပ်တို့အနေဖြင့် လိုက်နာကျင့်သုံးဖို့အချိန်တန်လေပြီ။ ယင်းတိုက်တွန်း နှိုးဆော်ချက်သည်ကား **မြို့ကြီးပြကြီးများမှထွက်၍** အိမ်ဂေဟာများပြွတ်သိပ် ကျပ်တည်းနေအောင် ဆောက်လုပ်ထားခြင်းမရှိ။ **၎**င်းအပြင် ရန်သူများ၏ နှောင့်ယှက်မှုနှင့်လည်း ကင်းဝေးသောကျေးလက်ဒေသသို့ ပြောင်း**ရွှေ့**နေထိုင် ကြလော့။

**မြို့ကြီးပြကြီးများ၌နေထိုင်သူတို့အားအကြံပေးချက်** – သင်တို့ အားစိတ်အနှောင့်အယှက်**ပြု**သော စိုးရိမ်ပူပန်မှုကိုဖယ်ရှားထား**၍** ငယ်ရွယ် သူတို့၏အကျင့်စာရိတ္တပျက်ပြားမှုကို ပျက်ပြားစေသောသြဇာသက်ရောက်မှု များမရှိသလောက်နည်းပါးသော ကျေးလက်ဒေသများသို့သွားရောက်နေထိုင် အနားယူပါ။ ကျေးလက်ဒေသများတွင် စိတ်အနှောင့်အယှက်**ပြု**သော စိုးရိမ်

ပူပန်မှုများလုံးဝကင်းရှင်းမှုမရှိဆိုသည်မှာ မှန်ကန်ပါသည်။ သို့ရာတွင် ယင်းကျေးလက်ဒေသတို့တွင် သင်တို့သည် မြောက်မြားစွာသောဒုစရိုက်များကိုရှောင်ရှားနိုင်**၍** သင်တို့သားသမီးတို့၏စိတ်များကို အုပ်စီးထားရန် ခြိမ်းခြောက်သော မြောက်မြားစွာသောစုံစမ်းသွေးဆောင်ခြင်းများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။ သင်တို့သားသမီးတို့သည် အလုပ်အကိုင်နှင့် အာ**ရုံ**အပြောင်းအလွဲဖြစ်စေသော အစီအစဉ်များထားရန်လိုအပ်ပေသည်။ သူတို့၏အိမ်ဂေဟာများတွင် အာ**ရုံ**အပြောင်းအလွဲရှိစေသော အစီအစဉ်များ မရှိလျှင် သူတို့သည် နေမထိထိုင်မသာဖြစ်လာ**၍** မြို့ထဲမှဆိုးပေသောကလေးများနှင့်အပေါင်းအဖော်လုပ်သော အလေ့အကျင့်များရရှိသွားခြင်းအားဖြင့် လမ်းသူရဲပညာမျိုးကိုရရှိစေခြင်းသို့ တွန်းပို့ခံရတတ်သည်။

ကျေးလက်ဒေသ**၌**နေထိုင်ခြင်းသည် သူတို့အတွက်များစွာပင်အကျိုးရှိပေမည်။ လဟာပြင်တွင်သွားလာလှုပ်ရှားမှုသည် ဉာဏဗလနှင့်ကာယဗလ တို့ကိုသန်မာထွား**ကြိုင်**လာစေသည်။ စိတ်ပျော်ရွှင်ဖွယ်ရာဖြစ်သည်သာမက အသုံးမဝင်သောအလုပ်အကိုင်နှင့်ဖြစ်နိုင်သော ထွန်ယက်စိုက်ပျိုးခြင်းအတွက် ဥယျာဉ်တစ်ခုကိုသူတို့ထားရှိသင့်ပေသည်။ သစ်ပင်ငယ်များနှင့်ပန်းပင်ငယ် များကို စိုက်ပျိုး**ပြု**ပြင်ခြင်းကား သူတို့၏ဝါသနာနှင့်ပိုင်းခြားဝေဖန်တတ်သော သတ္တိတို့ကိုထက်မြက်စေ**၍**၊ ဘုရားသခင်၏အသုံးဝင်**၍** လှပစွာဖန်ဆင်းထားတော်မူသောအရာများက စိတ်နှလုံးအပေါ်တွင် ရည်မှန်းမြင့်မြတ်သောဩဇာသက်ရောက်မှုရှိလျက် ယင်းကိုဖန်ဆင်းရှင်နှင့် ခပ်သိမ်းသောအရာတို့၏အရှင်သခင်ကို **ညွှ**န်ကြားပေသည်။

**ကျေးလက်ဒေသ၌နေထိုင်သူတို့အား ကြွယ်ဝသောကောင်းချီးမင်္ဂလာများက ကတိထားတော်မူခြင်း** – သဘာဝစမ္မ**၌**ရှိသောရတနာ များကို ရဲစွမ်းသတ္တိဖြင့်လည်းကောင်း၊ ပြင်းပြသောဆန္ဒဖြင့်လည်းကောင်း၊ ဇွဲလုံ့လဖြင့်လည်းကောင်း စုသိမ်းမည့်သူများအတွင်း ယင်းကမ္ဘာမြေကြီး၏ နက်**ရှိုင်း**သောနေရာများတွင် မင်္ဂလာအပေါင်းတို့သည် ဖုံးအုပ်လျက်ရှိသည်။ ထွန်ယက်စိုက်ပျိုးခြင်းကို အောက်ကျသောအလုပ်အကိုင်အနေဖြင့် လုပ်ကိုင် နေကြသောကြောင့် လယ်သမားဦးကြီးတို့သည် သူတို့လုပ်ကိုင်နေရသော လယ်မြေမှရသင့်ရထိုက်သော အကျိုးကျေးဇူးများကိုမရရှိကြ။ သူတို့အတွက် သော်လည်းကောင်း၊ သူတို့၏မိသားစုအတွက်သော်လည်းကောင်း ယင်း အလုပ်အကိုင်ထဲ**၌**ထားရှိသောကောင်းချီးမင်္ဂလာကို သူတို့သည် မသိမြင် ကြပေ။

**စိတ်နှလုံးကိုလျင်မြန်ဖျတ်လတ်စေ၍အကျင့်စာရိတ္တကိုပြုပြင်**

**ပေးသောအလုပ်အကိုင်** – မြေယာကိုထွန်ယက်ရာတွင် စဉ်းစားဆင်ခြင်တတ်သောအလုပ်သမားတစ်ဦးသည် သူ့အနေဖြင့်တစ်ခါမျှမမက်ဖူးသော ဘဏ္ဍာများသူ့**ရှေ့၌**ပေါ်နေသည်ကိုတွေ့ရှိလိမ့်မည်။ ပါဝင်သက်ဆိုင်သော ဥပဒေပညတ်များကို ဂ**ရု**ပြုသောသူဟူသမျှသည် စိုက်ပျိုးရေးလုပ်ငန်း**၌** လည်းကောင်း၊ ဥယျာဉ်လုပ်ငန်း**၌**လည်းကောင်း အောင်မြင်မှုမရှိနိုင်ပေ။ အပင်ငယ်တိုင်း၏သက်ဆိုင်ရာအထူးလိုအပ်ချက်များကိုလေ့လာရကြမည်။ အပင်များတစ်ခုနှင့်တစ်ခုမတူသကဲ့သို့ သူတို့လိုအပ်သောမြေဩဇာနှင့် စိုက်ပျိုးပုံတို့သည်လည်း မတူကြပေ။ ထို့ကြောင့် အပင်အသီးသီးနှင့် သက်ဆိုင်သော ဥပဒေပညတ်များကိုလိုက်နာကျင့်သုံးခြင်းသည် အောင်မြင် ခြင်း၏စည်းကမ်းချက်ဖြစ်သည်။ အပင်ငယ်များကို ပြောင်း**ရွှေ့**စိုက်ပျိုးသောအခါ ယင်းတို့၏အမြစ်ငယ်များကို ကျပ်တည်းပြွတ်သိပ်နေအောင်မထားရန် သို့တည်းမဟုတ် အမြစ်များအထားမှားခြင်းမရှိစေခြင်း၊ ပင်ပျိုများကို ဂ**ရု**တစိုက်ကြည့်**ရှု**ခြင်း၊ အပင်တို့ကို**ပြု**ပြင်ရေလောင်းပေးခြင်း၊ ပေါင်းပင် များရှင်းလင်းပေးခြင်း၊ ရောဂါများနှင့်ပိုးမွှားများတို့၏ရန်မှကာကွယ်ပေးခြင်း၊ အပင်များကို စနစ်တကျစီစဉ်ထားခြင်းများတို့ကို ဂ**ရု**တစိုက်**ပြု**လုပ်ပေးရန် လိုအပ်ပေသည်။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းက အကျင့်စာရိတ္တကြီးထွား ရင့်သန်လာခြင်းနှင့်စပ်ဆိုင်**၍** အရေးကြီးသောသင်ခန်းစာများကို သင်ကြား ပေးသည်သာမဟုတ်ဘဲ ယင်းအလုပ်အကိုင်ကိုယ်တိုင်က ယင်းစာရိတ္တ ကြီးထွားရင့်သန်လာမှုအတွက် ဆောင်ရွက်ပေးသောလုပ်ရပ်ဖြစ်သည်။ သတိဝီရိယရှိခြင်း၊ သည်းခံခြင်း၊ အသေးစိတ်ကို ဂ**ရု**တစိုက်လုပ်ကိုင်ခြင်း၊ ဥပဒေပညတ်ကိုနာခံခြင်း စသောစိတ်ဓာတ်များကို မွေးမြူကျင့်သုံးခြင်းတို့သည် အထူးလိုအပ်သောအရည်အသွေးကို **ပြု**ပြင်ပေးသည်။ ဘဝအသက်တာ၏ နက်နဲရာများ၊ သဘာဝဓမ္မကြီး၏မြတ်နိုးဖွယ်ရာများနှင့် **ဤ**ဘုရားသခင် ဖန်ဆင်းတော်မူသော လုပသည့်အရာများကို လုပ်ကိုင်ထိန်းသိမ်းထားရာတွင် ကျင့်သုံးရသောကြင်နာမှုများတို့နှင့် အမြဲတမ်းတွေ့ထိမှုသည် နှလုံးသားကို လျင်မြန်ဖျတ်လတ်စေ**၍** အကျင့်စာရိတ္တကိုလည်း**ပြု**ပြင်ပေးသည်။

**ဘုရားသခင်သည်သွန်သင်ပြသတော်မူသည်** – အာဒံနှင့်ဧဝတို့ အား ဥယျာဉ်ထိန်းသိမ်းစောင့်ရှောက်နည်းကို သွန်သင်တော်မူသော ကိုယ်တော်ရှင် သည် ယခုလူသားတို့ကိုလည်း သွန်သင်ပေးတော်မူမည်။ ထွန်တုံးနှင့်အပင်ငယ်များကိုကိုင်လျက် မျိုးစေ့ကိုစိုက်ပျိုးသောသူတို့အတွက် ဉာဏ်ပညာထားရှိတော်မူသည်။ မြေကြီးဝမ်းဗိုက်ထဲ**၌**ဖုံးအုပ်နေသော ရတနာ သိုက်များရှိ**၍** **မြို့**ကြီးပြကြီးများထဲတွင် တစ်ဆုပ်စာမျှသောဝမ်းစာရမှုအတွက် ပြွတ်သိပ်ကျပ်တည်းစွာနေထိုင်လျက်ရှိကြသော ထောင်သောင်းမကသည့် လူတို့အား ယင်းမြေကြီးဝမ်းဗိုက်ထဲ**၌**ရှိသော ရတနာသိုက်များကိုတူးဖော် ကြစေရန် ဘုရားသခင်သည် အလိုရှိတော်မူပါသည်။ မိမိတို့၏သားသမီး

များတို့ကို ကျေးလက်ဒေသသို့ခေါ်ဆောင်နေထိုင်ကြသောသူတို့သည် သားသမီးတို့အား စုံစမ်းသွေးဆောင်ခြင်းနည်းပါးသောအရပ်**၌** ထားရှိခြင်းသာဖြစ်သည်။ ဘုရားသခင်ကိုချစ်**၍** ကြောက်ရွံ့**ရို**သေကြသောမိဘတို့နှင့် နေထိုင်ကြသောသားသမီးတို့သည် ဉာဏ်ပညာ၏အရင်းမူလဖြစ်သော ခရစ်တော်ဆရာသမားကြီးထံမှ ဉာဏ်ပညာကိုဆည်းပူးရန် အဘက်ဘက်မှကြည့်လျှင် ကောင်းသောနေရာတွင်ရပ်တည်နေကြသည်။ ကောင်းကင်နိုင်ငံတော်နှင့် သင့်လျော်ထိုက်တန်သောအခြေအနေသို့ရောက်ရှိရန် ပိုမိုကောင်းမွန်သောအခွင့်အရေး ကိုရရှိကြသည်။

**ဣသရေလပြည်အတွက်ဘုရားသခင်၏စီမံကိန်း** – နားမထောင်ခြင်းကြောင့် အာဒံနှင့်ဧဝတို့သည် ဧဒင်အရပ်ကိုဆုံး**ရှုံး**ခဲ့ရသည်။ အပြစ်ဒုစ**ရို**က်ကြောင့် မြေကြီးတစ်ပြင်လုံးသည် ကျိန်ခြင်းအမင်္ဂလာကိုခံခဲ့ရသည်။ သို့ရာတွင် ဘုရားသခင်၏လူတို့သည် ကိုယ်တော်ရှင်၏သွန်သင်တော်မူ ချက်ကိုလိုက်နာကျင့်သုံးခဲ့လျှင် သူတို့၏နေရပ်ဌာနီတိုင်းပြည်သည် မြေသြဇာထက်သန် **၍** လှပသောအခြေအနေသို့ ပြန်လည်ရောက်ရှိလိမ့်မည်။ မြေသြဇာထက်သန်အောင်**ပြု**ပြင်ရာတွင် ဘုရားသခင်ကိုယ်တော်တိုင် သူတို့ကို **ညွှ**န်ကြားချက်ပေးတော်မူခဲ့သည်။ ယင်းမြေဆီမြေနှစ်ကိုနဂိုအခြေအနေသို့ ပြန်လည်ရောက်ရှိရန်ဆောင်ရွက်ရာတွင်သူတို့အနေဖြင့် ဘုရားသခင်နှင့် လက်တွဲဆောင်ရွက်ကြ ရမည်။ **ဤ**နည်းအားဖြင့် ဘုရားသခင်၏အုပ်ချုပ် ကွပ်ကဲမှုအောက်တွင်ရှိသောမြေယာသည် ဝိညာဉ်ရေးဆိုင်ရာအမှန်တရား၏ လက်တွေ့သင်ခန်းစာဖြစ်လာမည်။ ကိုယ်တော်ရှင်၏သဘာဝဆိုင်ရာဥပဒေ ပညတ်များကိုနာခံသည့်အနေဖြင့် မြေကြီးသည် ယင်းဝမ်းဗိုက်ထဲ**၌**ရှိသော ရတနာများကိုထုတ်ဖော်ပေးသကဲ့သို့ ကိုယ်တော်ရှင်၏ကျင့်စဉ်ဆိုင်ရာ ဥပဒေပညတ်များကိုနာခံကျင့်သုံးခြင်းအားဖြင့် လူတို့၏နှလုံးသားသည် ကိုယ်တော်ရှင်၏ စာရိတ္တတော် (သို့မဟုတ်) ဂုဏ်တော်ကိုရောင်ပြန်ဟပ်ရ ကြမည်။

**နေ့စဉ်ဘဝအသက်တာတွင် ဝိညာဉ်ရေးဆိုင်ရာသင်ခန်းစာများကိုရှာဖွေပါ** – စိတ်နှလုံးကိုဆွဲဆောင်**၍** စိတ်ဝင်စားမှုရှိစေရန် ဘုရားသခင် သည်ကျွန်ုပ်တို့အားလှပသောမြင်ကွင်းများဖြင့် ဝန်းရံထားတော်မူသည်။ သဘာဝဓမ္မကြီး၏မင်္ဂလာများနှင့် ကိုယ်တော်ရှင်၏ဂုဏ်တော်ကိုပေါင်းစပ်ထားရှိကြစေရန် ဘုရားသခင်သည်အလိုရှိတော်မူသည်။

ကျွန်ုပ်တို့သည် သဘာဝဓမ္မကြီးကို သစ္စာရှိစွာဖြင့်လေ့လာလျှင် ဘုရားသခင်၏အနန္တ မေတ္တာတော်နှင့် တန်ခိုးတော်ကို စေ့စေ့စပ်စပ်စဉ်းစားဆင်ခြင်ရန်အတွက် အကျိုးကျေးဇူးများသောဌာနဖြစ်သည်ကို ကျွန်ုပ်တို့တွေ့ရှိရကြလိမ့်မည်။

ခရစ်တော်သည် မိမိ၏သွန်သင်ဆုံးမချက်ကို နားလည်စေရန် နေ့ရက်နှင့်သာမဟုတ်ဘဲ ရက်သတ္တပတ်တွင် လုပ်ကိုင်ရမည့်လုပ်ငန်းနှင့်ပါ တွဲဖက်ထားတော် မူသည်။ ထွန်ယက်စိုက်ပျိုးခြင်းတွင်လည်းကောင်း ရိတ်သိမ်း ခြင်းတွင်လည်းကောင်း စိတ်နှလုံးထဲ၌ ကိုယ်တော်ရှင်ကျေးဇူးတော်၏ ဆောင်ရွက်ချက်ရုပ်ဖော်ထားသည်ကို တွေ့မြင်ကြရန် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အား သွန်သင်တော်မူရာတိုင်းတို့တွင် ကိုယ်တော်ရှင်၏အမှန်တရား ဆိုင်ရာသင်ခန်းစာတစ်ခုခုကို ကျွန်ုပ်တို့အနေဖြင့် ရှာဖွေတွေ့ရှိကြစေရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။ ထိုအခါ ကျွန်ုပ်တို့ ၏နေ့စဉ် ဆောင်ရွက်ရသောအလုပ်အကိုင်သည် ယင်း၌ကျွန်ုပ်တို့၏စွဲလမ်းမှုနှင့် ဘုရားသခင်ကိုမေ့လျော့နေမှုကိုရှိစေလိမ့်မည်မဟုတ်ဘဲ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်နှင့် ကယ်တင်ရှင်အကြောင်းကို အမြဲတမ်းသတိပေးနေလိမ့်မည်ဖြစ်သည်။ ဘုရားသခင် အကြောင်းစဉ်းစားဆင်ခြင်မှုသည် ရွှေချည်မှုန်ကလေးကဲ့သို့ ကျွန်ုပ်တို့အိုးအိမ်ဆိုင် ရာစိုးရိမ်မှုများနှင့်အလုပ်အကိုင်ကိုထိုးဖောက်၍ တန်ဆာ ဆင်နေမည်ဖြစ်သည်။ ကျွန်ုပ်တို့အတွက် ကိုယ်တော်ရှင်မျက်နှာတော်၏ ဘုန်းတန်ခိုးသည် သဘာဝဓမ္မကြီး ၏မျက်နှာပေါ်တွင် ပြန်လည်ကိန်းဝပ် တော်မူလိမ့်မည်။ ကျွန်ုပ်တို့သည် ကောင်းကင် ဆိုင်ရာအမှန်တရား၏သင်ခန်း စာသစ်များကို အမြဲတမ်းသင်ကြားလေ့လာနေရ၍ ကိုယ်တော်ရှင်၏စင်ကြယ် သောပုံသဏ္ဌာန်တော်အတိုင်း ကြီးထွားရင့်သန်လာကြ လိမ့်မည်ဖြစ်သည်။

**တူညီသောပညတ်များက သဘာဝဓမ္မနှင့်လူသားတို့ကိုအုပ်ချုပ် ထားသည်** – ဖန်ဆင်းထားတော်မူသော အရာခပ်သိမ်းတို့၌ စကားပြော သောအသံကို သူ့ဓမ္မပရိသတ်တို့ကိုနားထောင်စေခြင်းငှာ ဆရာကြီးအရှင် ခရစ်တော်သခင်သည် သူတို့ကို သဘာဝဓမ္မနှင့် တွေ့ထိပေးတော်မူသည်။ သူတို့စိတ်များတို့သည်နူးညွတ်လာ၍ သူတို့၏နှလုံးသားတို့၏ခံယူနိုင်သော သတ္တိရှိလာကြသောအခါ သူတို့တွေ့မြင်နေသော မြင်ကွင်းများ၏ဝိညာဉ်ရေး ဆိုင်ရာသြဝါဒကို အနက်ပြန်ဆိုနိုင်ရန် သူတို့အားကိုယ်တော်ရှင်ကမစတော် မူသည်။ ကိုယ်တော်ရှင်၏သင်ခန်းစာများတွင် လူတိုင်းအားစိတ်ဝင်စားစေသောအရာနှင့် နှလုံးသားတိုင်းအား တိုက်တွန်းနှိုးဆော်ပေးသောအရာတစ်ခုခု ပါရှိသည်။ ဤနည်းအားဖြင့် နေ့စဉ်နေ့တိုင်းကိုင်တွယ်လုပ်ကိုင်ရသော အလုပ်အကိုင်သည် ပိုမိုမြင့်မားသောအတွေးအခေါ်များကင်းမဲ့သော လုပ်ငန်း သဘောအနေဖြင့်သာ ရပ်တည်ခြင်းမရှိဘဲ ဝိညာဉ်ရေးဆိုင်ရာနှင့်ပကတိ မျက်စိဖြင့်မတွေ့မြင်နိုင်သောအရာများ၏အမြဲတစေသတိပေးမှုအားဖြင့် မြင့်မြတ်သောအခြေအနေသို့ရောက်ရှိလာသည်။

ယင်းကဲ့သို့ကျွန်ုပ်တို့သွန်သင်ပေးရကြမည်။ ဘုရားသခင်၏မေတ္တာတော်နှင့် ဉာဏ်ပညာတော်များဖော်ပြထားချက်ကို သားသမီးတို့အား သဘာဝ ဓမ္မတွင်တွေ့မြင်ပါလေစေ။ ကိုယ်တော်ရှင်အကြောင်းနှင့်ပတ်သက်သော အတွေးအခေါ်ကို ငှက်များ၊ ပန်းပင်များ၊ သစ်ပင်များတို့နှင့်ဆက်သွယ်ထား

ပါလေ။ သူတို့အတွက် သူတို့တွေ့မြင်ပြီးသောအရာတို့သည် မျက်မြင်ဒိဌ မဟုတ်သောအရာတို့ကို ဖော်ပြသောအရာများဖြစ်ပါလေစေ။ ဘဝအသက်တာ၏အဖြစ်အပျက်အလုံးစုံတို့သည် ဘုရားသခင်သွန်သင်ပေးရာဌာနများဖြစ်လာပါလေစေ။

**ဤ**နည်းအားဖြင့် သူတို့သည် ဖန်ဆင်းထားတော်မူသော အရာခပ်သိမ်းနှင့် ဘဝအသက်တာ၏အလုံးစုံသောအတွေ့အ**ကြုံ**များ**၌**ပါရှိသောသင်ခန်းစာများကိုလေ့လာကြသောအခါ သဘာဝဓမ္မကြီးနှင့်ဘဝအသက်တာ၏အဖြစ်အပျက်များကို အုပ်ထိန်းထားသောပညတ်များကို သင်တို့တွေ့ရှိလိမ့်မည်။ ကျွန်ုပ်တို့အားချုပ်ကိုင်ထားစေရန် ကျွန်ုပ်တို့၏ကောင်းကျိုး အတွက်ယင်းပညတ်များကိုပေးထားကြောင်း ယင်းပညတ်များကို နာခံ ကျင့်သုံးမှသာလျှင် ကျွန်ုပ်တို့သည် စစ်မှန်သောပျော်ရွှင်မှုနှင့်အောင်မြင်မှုတို့ကို ရရှိနိုင်မည်ဖြစ်ကြောင်းတို့ကို တွေ့ရှိလိမ့်မည်။

**ထွန်ယက်စိုက်ပျိုးရေးတွင် လက်တွေ့သင်ခန်းစာများသင်ကြားပို့ချပေးပါ** – ကြီးထွားရင့်သန်လာစေသော နည်းအမျိုးမျိုးနှင့်ပတ်သက် **၍** မရေမတွက်နိုင်သောသင်ခန်းစာများကို သင်ကြားပို့ချရာတွင် အဖိုးအထိုက်ဆုံးသင်ခန်းစာအချို့တို့ကို မျိုးစေ့စိုက်ပျိုးမှုဆိုင်ရာ ကယ်တင်ရှင်၏ဥပမာတွင်တွေ့ရှိရသည်။ ယင်းဥပမာသည် လူကြီးလူငယ်တို့အတွက် သင်ခန်းစာများနှင့်ပြည့်နှက်နေလျက်ရှိသည်။

မျိုးစေ့ပေါက်ပွားလာခြင်းသည် ဝိညာဉ်ရေးဆိုင်ရာဘဝအသက်တာ၏အစ**ပြု**ခြင်းကိုပုံဆောင်**၍** အပင်ငယ်ကလေးကြီးထွားရင့်သန်လာမှုသည် စာရိတ္တကြီးထွားရင့်သန်လာမှုကိုပုံဆောင်သည်။ **ဤ**သင်ခန်းစာများကို ဆရာသမားများနှင့်မိဘတို့က သင်ကြားပို့ချကြသောအခါ ယင်းပို့ချချက်ကို လက်တွေ့သဘောဖြစ်စေရမည်။ သားသမီးများကိုယ်တိုင် စိုက်ပျိုးမည့်မြေကိုပြင်ဆင်**၍** မျိုးစေ့ကိုသူတို့ကိုယ်တိုင်စိုက်ပါလေစေ။ သူတို့လုပ်ကိုင်ကြသောအခါ မိဘ (သို့မဟုတ်) ဆရာဖြစ်သူက ကောင်းသောမျိုးစေ့ (သို့မဟုတ်) ဆိုးသောမျိုးစေ့ကိုစိုက်ပျိုးသော စိတ်နှလုံးဥယျာဉ်အကြောင်းကိုလည်းကောင်း၊ ဓမ္မတာမျိုးစိုက်ပျိုးရန် ဥယျာဉ်ကိုလိုအပ်သလို ပြင်ဆင်သကဲ့သို့ သမ္မာတရားမျိုးစေ့စိုက်ပျိုးရန်အတွက် စိတ်နှလုံးကိုပြင်ဆင်ပေးရမည်ဖြစ်ကြောင်းကိုလည်းကောင်း ရှင်းလင်းပြသရမည်။ တစ်ကြိမ်တစ်ခါသီးနှံများရိတ်သိမ်းရ

မည်ဟူသော မျှော်လင့်ချက်ဖြင့် မည်သူမျှမြေ**ရှိ**င်းမြေကွက်ပေါ်**၌** စိုက်ပျိုးလိမ့်မည်မဟုတ်ပေ။ မြေကြီးကိုပြင်ဆင်သောအခါ**၌**ဖြစ်စေ၊ မျိုးစေ့စိုက်ပျိုး

သောအခါ၌ဖြစ်စေ၊ သီးနှံကြီးထွားရင့်သန်လာသောအချိန်၌ဖြစ်စေ ကြိုးစား၍ ဝီရိယရှိစွာဖြင့်ကြိုးစား၍လုပ်ကိုင်ဆောင်ရွက်ရမည်။ ဝိညာဉ်ရေးဆိုင်ရာ စိုက်ပျိုးလုပ်ကိုင်ရာတွင်လည်း ယင်းနည်းအတိုင်း ဆောင်ရွက်ရကြမည်။

**မှားယွင်းသောအကျင့်ဓလေ့များကို ပေါင်းပင်ကဲ့သို့တွေ့မြင်ရမည်** – ဖြစ်နိုင်လျှင် နေအိမ်ကိုသားသမီးများထွန်ယက်စိုက်ပျိုးရန် မြေကွက် မရှိသော မြို့ကြီးပြကြီးအပြင်ဘက်တွင် ဆောက်လုပ်ထားသင့်ပေသည်။ သူတို့အား မြေတစ်ကွက်စီပေးထားပါ။ သူတို့အားဥယျာဉ်စိုက်ပျိုးနည်းကို လည်းကောင်း၊ မျိုးစေ့စိုက်ပျိုးရန်အတွက် မြေကြီးကိုပြင်ဆင်သောနည်းကို လည်းကောင်း၊ ပေါင်းပင်ရှိသမျှကိုနုတ်ပစ်ရန် အရေးကြီးကြောင်းကိုလည်းကောင်း သွန်သင် သောအခါ ဘဝအသက်တာမှမြင်မကောင်းရှုမကောင်းဖြစ်၍ ဖျက်ဆီးတတ် သောအကျင့်ဓလေ့များကို ဖယ်ရှားပစ်ရန် မည်မျှလောက် အရေးကြီးကြောင်း ကိုလည်း သင်ကြားပို့ချပေးပါ။ သူတို့၏ဥယျာဉ်များ၌ ပေါင်းပင်များကိုနုတ်ပစ် ရသကဲ့သို့ မှားယွင်းဆိုးညစ်သောအကျင့်ဓလေ့များ ကို သူတို့ဘဝအသက်တာမှ သုတ်သင်ပယ်ရှားပစ်ရန် သွန်သင်ပေးပါ။ ဤသင်ခန်းစာများကိုသွန်သင်ပေးရန် အချိန်ကြာမည်ဖြစ်သော်လည်း အမျိုး များစွာဖြစ်ထွန်းမည်မှာ မြေခတ်မလွဲပင်။

**အိမ်ပတ်ဝန်းကျင်တို့သည် ကျွန်ုပ်တို့၏ယုံကြည်ချက်များကို သရုပ်ဖော်ရမည်** – မိဘတို့သည် သူတို့ယုံကြည်သောသမ္မာတရားနှင့် ညီလျော် သော အခြေအနေမျိုးကို သူတို့အိမ်ဂေဟာများ၏ပတ်ဝန်းကျင်များ၌ သရုပ်ဖော် ရမည့်တာဝန်ကို ဘုရားသခင်အတွက်ထမ်းဆောင်ကြရမည်။ ထိုအခါ သူတို့၏ သားသမီးများအား မှန်ကန်သောသင်ခန်းစာများကို သင်ကြား ပေးနိုင်မည်ဖြစ်ပြီး၊ သားသမီးများအနေဖြင့်လည်း မြေကြီးပေါ်၌ရှိသော အိမ်ဂေဟာကို အထက်ကောင်း ကင်၌ရှိသောအိမ်ဂေဟာနှင့်ဆက်သွယ်ထားမှု ရှိရန် သင်ကြားသိရှိလိမ့်မည်ဖြစ် သည်။ ဤလောက၌ရှိသောအိမ်ထောင်သည် တတ်နိုင်သရွေ့ ကောင်းကင်ဘုံ ၌ရှိသောအိမ်ထောင်၏ပုံစံဖြစ်ရမည်။ ထိုအခါ ယုတ်ညံ့၍ မဖွယ်ရာသောစုံစမ်း သွေးဆောင်ခြင်းမျိုးကို လိုက်စားလိုသော စိတ်ဆန္ဒသည် အားအင်ဆုတ်ယုတ် သွားလိမ့်မည်။ ဤလောက၌ရှိစဉ် သားသမီးတို့သည် အစမ်းခန့်သဘောမျိုးဖြင့် ဤဘဝအသက်တာ၌ကျင်လည် နေကြောင်းကိုလည်းကောင်း၊ ကိုယ်တော်ကိုချစ်၍ ကိုယ်တော်၏ပညတ်တော် များကို စောင့်ရှောက်ကြသောသူတို့အတွက် ခရစ်တော် ပြင်ဆင်နေတော်မူ သော နေစရာအခန်းများတို့တွင် နေထိုင်ရမည့်သူများဖြစ် လာစေရန် သူတို့ အားပညာများသင်ကြားပို့ချပေးနေရကြောင်းကိုလည်းကောင်း သူတို့အား သွန်သင်ပေးရမည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် မိဘတို့အနေဖြင့်

လုပ်ဆောင် ရန်အမြင့်ဆုံးသောတာဝန်ဖြစ်သည်။

**မိဘတို့၊ မြို့၏ဆင်ခြေဖုံးနေရာများတွင်နေထိုင်ပါ** – ကျွန်ုပ်တို့အသင်းသူအသင်းသားများတို့အား စကားပြောရန်စွမ်းရည်ကို ကျွန်ုပ်တို့အားပေးထားတော်မူသမျှကာလပတ်လုံး **မြို့ကြီးပြကြီးတို့မှထွက်၍** မြေကြီးကိုထွန်ယက်နိုင်**၍** စင်ကြယ်သန့်ရှင်းမှုနှင့်**ရိုး**သားမှုများတည်းဟူသောသင်ခန်းစာများကိုရယူနိုင်သော ဓမ္မတာလောကကြီးရှိရာ**မြို့**၏ဆင်ခြေဖုံးဒေသများသို့ ပြောင်း**ရွှေ့**နေထိုင်ကြရန် ကျွန်ုပ်သည် အမြဲတစေတိုက်တွန်းနေမည်ဖြစ်သည်။ သဘာဝဓမ္မကြီး**၌**ရှိနေကြသောအရာများတို့သည် ဘုရားသခင်၏အသံမထွက်သောဓမ္မဆရာများဖြစ်**၍** ဝိညာဉ်ရေးဆိုင်ရာသမ္မာတရားများကိုကျွန်ုပ်တို့အားသင်ကြားပို့ချပေးစေရန် ကျွန်ုပ်တို့အားပေးထားတော်မူသည်။ ယင်းသဘာဝဓမ္မကြီး**၌**ရှိသောအရာတို့သည် ဘုရားသခင်၏မေတ္တာတော်ကိုကျွန်ုပ်တို့အားကြားပြော**၍** ပန်းချီဆရာကြီးအဖခမည်းတော်၏ဉာဏ်ပညာတော်ကိုလည်း ကြေညာကြလေသည်။

ကျွန်ုပ်သည် လှပသောပန်းများကိုနှစ်**ခြို**က်သည်။ သူတို့သည် ဧဒင်ဉယျာဉ်ကိုသတိရစေ**၍** သစ္စာရှိလျှင်ကျွန်ုပ်တို့အနေဖြင့် များမကြာမီဝင်စားရမည့်မင်္ဂလာအပေါင်းနှင့်ပြည့်စုံသောနိုင်ငံတော်ကို **ညွှ**န်ပြကြသည်။ ပန်းများနှင့်သစ်ပင်တို့**၌**ရှိသော ကျန်းမာမှုကိုဖြစ်စေသောစွမ်းရည်များကိုသိရှိစေရန် ဘုရားသခင်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို ပို့ဆောင်လမ်းပြပေးနေတော်မူပါသည်။

–––o–––

# အခန်း ၂၂
# နေအိမ်တည်ဆောက်ခြင်းနှင့်ပရိဘောဂအနေအထား

**လေကောင်းလေသန့်၊ နေရောင်ခြည်နှင့်ရေနုတ်မြောင်း** –

စည်းဝေးခန်းမဆောင်အတွက်ဖြစ်စေ၊ လူနေအိမ်အတွက်ဖြစ်စေ အဆောက် အအုံများကို ဆောက်လုပ်သောအခါ လေကောင်းလေသန့်နှင့်နေရောင်ခြည် များရရှိသော အဆောက်အအုံ များဖြစ်အောင်ဆောက်လုပ်ပါ။ ဘုရားဝတ်ပြု ကျောင်းများနှင့်စာသင်ခန်းများကိုဆောက်လုပ် ထားရာတွင် **ဤ**ချို့ယွင်းချက် များကို တွေ့မြင်နေရသည်။ လေကောင်းလေသန့်ရရှိရေးကို လျစ်လျူ**ရှု**ခြင်းက တရားဟောပြောချက်၏အကျိုးသက်ရောက်မှုကိုဖျက်ဆီး**၍** စာသင်ဆရာ၏ လုပ်ငန်းကို ပင်ပင်ပန်းပန်းဖြစ်စေသည်သာမက အကျိုးမဲ့ဖြစ်စေသော အိပ်ငိုက်ခြင်းနှင့်ထုံ ထိုင်း ခြင်းကို အားပေးလေသည်။ တတ်နိုင်လျှင်နေထိုင်ရန် အဆောက်အအုံရှိသမျှကိုမြင့်**၍** ရေမဝပ်ဘဲ ကောင်းမွန် စွာစီးဆင်းသောနေရာမျိုး**၌** ဆောက်လုပ်ထားသင့်ပေသည်။ **ဤ** ကဲ့သို့ဆောက်လုပ်ထားလျှင် အဆောက်အအုံပတ်ဝန်းကျင်သည် အမြဲတမ်း ခြောက်သွေ့နေမည်။ **ဤ**အချက်ကိုအများ သောသူတို့သည် လျစ်လျူ**ရှု**ကြ သည်။ မြေကလည်းနိမ့်**၍** ရေစီးဆင်းရန်မြောင်းများကိုလည်း ကောင်းမွန် စွာထားရှိခြင်းမရှိသဖြင့် အဆောက်အအုံနေရာများသည် စိုစွတ်**၍** ငှက်ဖျား ရောဂါများဖြစ်ပါက နိုပ်စက်မှုကြောင်း ယင်းဒေသမျိုး**၌**နေထိုင်ကြသောသူ တို့သည် ကြာရှည်စွာမကျန်းမမာဖြစ်ခြင်း၊ ပြင်းထန်သောအခြားရောဂါများ ခံစားရခြင်းနှင့် အသက်ပေါင်းများစွာဆုံး**ရှုံး**မှုများကို ရင်ဆိုင်ကြရသည်။

အိမ်ဂေဟာများကိုဆောက်လုပ်ရာတွင် လေကောင်းလေသန့်နှင့် နေရောင်ခြည်များ များရရှိနိုင်စေရန် အထူးပင်အရေးကြီးလှပေသည်။ အိမ်ဂေဟာ ဖြင့် အခမ်းအနားတိုင်းတွင် နေရောင်ခြည်နှင့်လေများရရှိနိုင်စေရန် အထူး ဂ**ရု**ပြုပါ။ အိပ်ခန်းများတွင် လေကောင်း လေသန့်များ နေ့ရောညပါတိုက်ခတ် နေစေရမည်။ လေကောင်းလေသန့်နှင့်နေရောင်ခြည် များများမရရှိသောအခန်း ဟူသ**ရွေ့**ကို အိပ်ခန်းအနေဖြင့် အသုံးမပြုအပ်ပေ။ အများသောတိုင်း ပြည် များတွင် အိပ်ခန်းများ**၌**နွေးနွေးရှိစေရန်နှင့် အေးသောရာသီ**၌**ဖြစ်စေ၊ ခြောက်သွေ့စေရန် အပူဓာတ်ရနေအောင်အစီစဉ်များကို ပြုလုပ်ကြသည်။

အမြဲတမ်းအသုံးပြုနေသောအခန်းများကို ဂ**ရု**စိုက်ရသည်နည်းတူ ဧည့်ခန်းကိုလည်း ဂ**ရု**စိုက်ရမည်။ အိပ်ခန်းများကဲ့သို့ ယင်းဧည့်ခန်းတွင် လေကောင်းလေသန့်နှင့် နေရောင် ခြည်များရရှိစေရမည့်အပြင် အမြဲတမ်း အသုံးမပြုသောအခန်းတစ်ခုခုတွင် စုပုံနေတတ်သော၊ စိုစွတ်ထိုင်းမှိုင်းခြင်းကို ခြောက်သွေ့စေရန် အပူဓာတ်သွင်းထားသောအခန်းများထားရှိ သင့်ပေသည်။ နေရောင်ခြည်လုံးဝမရရှိသောအခန်း**၌**ဖြစ်စေ၊ ကောင်းမွန်စွာခြောက်သွေ့ခြင်း မရှိသောအခန်း**၌**ဖြစ်စေ၊ လေမဝင်သောခုတင်**၌**အိပ်သောသူမည်သူမဆို ကျန်းမာခြင်းသာမက အသက်ကိုပင်အန္တရာယ်ပြုသောအခြေအနေကို ရင်ဆိုင် ရလိမ့်မည်။

သက်ကြီးရွယ်အိုများကို စောင့်**ရှောက်**ပြုစုရသောသူတို့သည် ယင်း သက်ကြီးရွယ် အိုကြီးရင့်သောသူတို့အနေဖြင့် နွေး**၍**သက်သောင့်သက်သာ

ဖြစ်ရသောအခန်းများတွင် နေထိုင်ကြရန်လိုအပ်ကြောင်းကို သိရှိရကြမည်။ အသက်ကြီးရင့်လာသောအခါ ခံနိုင်ရည်သတ္တိလျော့နည်းသွား**၍** ကျန်းမာမှုကိုအားမပေးသောအခြေအနေများကို ရင်ဆိုင်နိုင်သောအင်အားချို့တဲ့နေလေ သည်။ ထို့ကြောင့် သက်ရွယ်ကြီးရင့်သောသူတို့သည် နေရောင်ခြည်နှင့် လေကောင်းလေသန့်များတို့ကို များများရရှိရန်လိုအပ်သည်။

**မြေနိမ့်သောရပ်ကွက်များတွင်မနေထိုင်ပါနှင့်** – ကျွန်ုပ်တို့၏ အိမ်ဂေဟာများတွင် ကျန်းမာခြင်းနှင့်စိတ္တသုခများအမြဲတမ်းရှိစေလိုလျှင် ယင်းတို့ကို ဆီးနှင်းနှင့်မြေနိမ့်တို့မှထွက်ပေါ်လာသော မကောင်းသောအနံ့ အသက်များမှကင်းဝေး**၍** ကောင်းကင်မှချပေးထားတော်မူသော၊ အသက်ဆက်ပေးသော၊ ကိုယ်စားလှယ်တော်ဖြစ်သော လေကောင်းလေသန့်ကို လွတ်လွတ်လပ်လပ်ရရှိစေနိုင်သောနေရာများတို့တွင် ဆောက်လုပ်ထားရမည်။ ထူ**၍**လေးလံသောကန့်လန့်ကာများကိုမသုံးဘဲ ပြတင်းပေါက်များနှင့်နေကာယင်းများကိုဖွင့်ထားပါ။ မည်ကဲ့သို့ပင်လှပစွာပေါက်နေစေကာမူ စပျစ်နွယ်ပင်များကို တ**ရ**တ်ကပ်များ (သို့မဟုတ်) ဝါးယင်းများကို အရိပ်ထိုးဖုံးအုပ်**၍**မနေပါစေနှင့်။ နေရောင်ခြည်အိမ်ထဲသို့မဝင်နိုင်လောက်အောင် ကာကွယ်ထားသောသစ်ပင်ကြီးငယ်များကို အိမ်အနီး**၌**မပေါက်ပါစေနှင့်။ နေရောင်ခြည်သည် ကန့်လန့်ကာများ၊ ကော်ဇောများတို့၏အရောင်ကို မှေးမှိန်သွားစေ**၍** ဓာတ်ပုံဘောင်များကိုပျက်စေမည်ဖြစ်သော်လည်း ကလေးသူငယ်များတို့၏ ပါးပြင်များ၊ ကျန်းမာခြင်းအခြေအနေကောင်းကြောင်းကိုပြသော အရောင် အဝါဖြင့် ပြည့်**ဖြိုး**စေလိမ့်မည်။

**အိမ်ဂေဟာ၏ပတ်ဝန်းကျင်** – အိမ်ဂေဟာမှအတော်အတန်ဝေးသောနေရာများတွင် ကျဲတိကျဲတောက်ပေါက်ရောက်နေသော သစ်ပင်ကြီး များနှင့် လှပစွာစီတန်း**၍**စိုက်ပျိုးထားသော ပန်းပင်ကဲ့သို့သောအပင်ငယ်များ တို့သည် အိမ်ထောင်သားများအပေါ်တွင် ပျော်ရွှင်ဖွယ်ဖြစ်သော သြဇာသက်ရောက်မှုကိုဖြစ်စေ**၍**၊ အကယ်**၍** ယင်းအပင်ကြီးအပင်ငယ်များကို ကောင်းမွန်စွာကြည့်**ရှု**ထိန်းသိမ်း**ပြု**ပြင်ပါလျှင် အိမ်သူအိမ်သားတို့အား အန္တရာယ်ဖြစ်စေမည်မဟုတ်ပေ။ သို့ရာတွင် အိမ်ကိုဖုံးကွယ်ထားလောက် အောင် အိမ်အနီးအပါး**၌**ကပ်**၍** ပေါက်ရောက်နေသောသစ်ပင်ကြီးများ၊ သစ်ပင်ပုများနှင့်နွယ်ပင်များတို့သည် အိမ်ထောင်၏ကျန်းမာမှုကို ထိခိုက်

စေသည်။ အဘယ်ကြောင့်ဆိုသော် လေကောင်းလေသန့်ဝင်ထွက်သွားလာမှု ကိုဟန့်တား၍ နေရောင်ခြည်ရရှိမှုကိုလည်း ကာကွယ်ပိတ်ဆို့ထားသောကြောင့်

ဖြစ်သည်။ ထိုကြောင့် အိမ်ဂေဟာအတွင်းတွင် အထူးသဖြင့် မိုးရာသီဥတု များတွင် စိုစွတ်ထိုင်းမှိုင်းလျက်ရှိနေလေသည်။

**အိမ်ထောင်သားများအပေါ် သဘာဝဓမ္မလုပခြင်း၏အကျိုးသက်ရောက်မှု** – ဘုရားသခင်သည် လုပခြင်းကိုနှစ်သက်တော်မူသည်။ ကိုယ်တော်ရှင်သည် ကမ္ဘာမြေကြီးနှင့်မိုးကောင်းကင်တို့ကို လုပခြင်းဖြင့် တန်ဆာဆင်ထား**၍** ကိုယ်တော်ရှင်ဖန်ဆင်းထားတော်မူသောအရာများတို့အား ကိုယ်တော်ရှင်သားသမီးတို့အနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေကြခြင်းကို ခမည်းတော်၏ဝမ်းမြောက်ခြင်းမျိုးဖြင့် စောင့်ကြည့်**ရှု**စားနေတော်မူသည်။ ကျွန်ုပ်တို့အိမ်ဂေဟာများ၏ပတ်ဝန်းကျင်တစ်ခုလုံးတွင် သဘာဝဓမ္မအရာဝတ္ထုများ၏လုပခြင်းများဖြင့် ဝန်းရံနေစေရန် ကိုယ်တော်ရှင်သည် အလိုရှိတော် မူသည်။

ဆင်ခြေဖုံးရပ်ကွပ်များတွင် နေထိုင်သောသူတို့သည် မည်မျှပင်ဆင်းရဲနွမ်းပါးကြလင့်ကစား သူတို့၏အိမ်ဂေဟာအနီးတစ်ဝိုက်တွင် မြက်ခင်း များ၊ အရိပ်အာဝါသကောင်းသောအပင်အနည်းငယ်၊ ပန်းပွင့်သောအပင်ပု များ (သို့မဟုတ်) မွှေး**ကြိုင်**သောပန်းပွင့်များရှိသောအပင်များကို စိုက်ပျိုး ထားရှိနိုင်ကြသည်။ ယင်းအရာဝတ္ထုများသည် လူ့လက်ဖြင့်**ပြု**လုပ်ထားသော ပဝတ္တိအဆောင်အယောင်များထက် အိမ်ထောင်၏သာယာပျော်ရွှင်မှုကို ဆောင်ကြဉ်းပေးပါလိမ့်မည်။ ယင်းသဘာဝဓမ္မအရာဝတ္ထုများသည် အိမ်ထောင် တွင်းသို့ နူး**ညွ**တ်ပျော့ပျောင်း**၍** ယဉ်ကျေးသိမ်မွေ့သောဩဇာသက်ရောက်မှုကို သွတ်သွင်းလာခင်းအားဖြင့် သဘာဝဓမ္မအပေါ် မက်မောခင်တွယ်သော စိတ်သဘောထားကိုခိုင်မာစေ**၍** အိမ်ထောင်သားတို့အား တစ်ဦးနှင့်တစ်ဦး ကိုလည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း ပိုမိုရင်းနှီးမှုရှိစေရန် **ပြု**ပြင် ပေးလိမ့်မည်။

**အိမ်ဂေဟာများ၌ထားရှိသောပရိဘောဂများကို ရိုးရိုးမျှသာဖြစ်စေ ပါ** – ကျွန်ုပ်တို့၏သဘာဝကျသော ဘဝအသက်တာများသည် ကျွန်ုပ်တို့အား မြောက်မြားစွာသောကောင်းချီးမင်္ဂလာများနှင့်ပျော်ရွှင်မှုကို လက်လွတ်စေ**၍** အသုံးဝင်ဆုံးဖြစ်သောဘဝအသက်တာမျိုး**၌** ကျင်လည်မှုနှင့်လည်း ထိုက်တန်မှုမရှိစေရန်**ပြု**လုပ်သည်။ တန်ဖိုးကြီးမြင့်လှသော ပရိဘောဂများသည် ကြေးငွေများကို**ဖြု**န်းတီးခြင်းသာမဟုတ်ဘဲ အဆပေါင်းထောင်သောင်းမကတန်သောအရာများကိုလည်း လက်လွတ်စေခြင်းဖြစ်သည်။ ယင်းတန်ဖိုးကြီးမြင့်သော ပရိဘောဂများသည် ကြည့်**ရှု**ထိန်းသိမ်းရသောတာဝန်ကြီးနှင့် သောကရောက်မှုတို့ကို တိုးတက်များပြားလာစေသည်။

သင်တို့၏အိမ်ဂေဟာများတွင် အကိုင်အတွယ်ခံရ**၍** သန့်ရှင်းစင်ကြယ်မှုရှိအောင် အထားရလွယ်ကူပြီးလျှင်

စရိတ်စကကျဉ်းကျဉ်းဖြင့်အစားထိုးနိုင် သော **ရိုးရိုး**မျှဖြစ်သောပရိဘောဂကိုထားရှိပါ။ မေတ္တာနှင့်ရောင့်ရဲတင်းတိမ် မှုရှိလျှင် မိမိ**၌**ရှိသောအာ**ရုံ**ကိုအသုံး**ပြု**ခြင်းအားဖြင့် သာမန်အိမ်ဂေဟာ တစ်ခုခုကိုဆွဲဆောင်မှုရှိအောင် **ပြု**လုပ်နိုင်သည်။

အနှစ်သာရကင်းမဲ့သောဟိတ်ဟန်**ပြု**မှုတွင် ပျော်ရွှင်မှုကိုမတွေ့ရှိရပေ။ အစီအစဉ်ကျနစွာကို **ရိုးရိုး**အားဖြင့်ထားရှိလေလေ၊ ယင်းအိမ်ဂေဟာ**၌** ပျော်ရွှင်သာယာမှုရှိလေလေဖြစ်ပေလိမ့်မည်။

**ဂုဏ်ပြိုင်တတ်သောစိတ်သဘောကိုရှောင်ကြဉ်ပါ** – ခေလေ့ထုံးစံ ၏တောင်းဆိုမှုကိုလိုက်လျောရာတွင် မလိုအပ်သောလုပ်ငန်းများတို့၏ဝန်ထုပ် ကြီးကို ထမ်းဆောင်နေရသောကြောင့် အများသောသူတို့အတွက် ဘဝ အသက်တာသည် စိတ်အားငယ်စရာနှင့်ပင်ပန်းနွမ်းနယ်မှုတို့ဖြင့် ပြည့်ဝလာ လေသည်။ ဝါကြွားခြင်းနှင့်ဖက်ရှင်လိုက်မှုတို့မှပေါက်ဖွားလာသောလိုအပ် မှုများကို ဝယ်ယူသုံးစွဲနေရသောကြောင့် သူတို့၏စိတ်များသည် အမြဲတမ်း ပူပန်သောက၏ဖိစီးနှိပ်စက်ခြင်းကို ခံနေရလေသည်။

ရက်ရောစွာသုံး**ဖြု**န်းနေသောစရိတ်စကများ၊ စိတ်သောကဖြစ်ရမှု များနှင့် တပင်တပန်းဆောင်ရွက်မှုများကို ဇေကန်မုချအန္တရာယ်**ပြု**စေကာမူ၊ မလိုအပ်သောအရာအတွက်ဖြစ်စေမည့်အစား၊ ပိုမိုအကျိုး**ပြု**သောလုပ်ငန်း အတွက်အသုံး**ပြု**လျှင် ဘုရားသခင်၏အမှုတော်ကို တိုးချဲ့ပြန့်ပွားစေရာတွင် များစွာသောကောင်းကျိုးများ ဖြစ်ထွန်းလိမ့်မည်ဖြစ်သည်။ လူတို့သည် ဘဝ အသက်တာ၏စည်းစိမ်ဟုခေါ်ဆိုအပ်သောအရာကိုမက်မောကြရာတွင် သူတို့ ၏ကျန်းမာခြင်းခွန်အားနှင့် ကြေးငွေတို့ကိုအနာခံလျက်ယင်းစည်းစိမ်ကို ရရှိရန်**ကြိုး**ပမ်းကြသည်။ ဝတ်စားဆင်ယင်မှုမှာဖြစ်စေ၊ အိမ်ထောင်ရေးဆိုင်ရာကုန်ကျစရိတ်များအသုံး**ပြု**ရာ**၌**ဖြစ်စေ လူတို့သည် သူ့ထက်သာအောင် လူတန်းစားအလျောက် တစ်ဦးနှင့်တစ်ဦးဂုဏ်**ပြိုင်**နေကြသည်ကို ပြသနေသည် မှာ ဝမ်းနည်းဖွယ်ကောင်းလှပါသည်။ နားဝင်ချိုလှသော "အိမ်ထောင်" ဆိုသောဝေါဟာရကို "အကာအရံလေးခုရှိ**၍** လှပသောအိမ်ထောင်ပရိဘောဂ၊ အဆောင်အယောင်ပစ္စည်းဥစ္စာများနှင့်ပြည့်လျှံနေသောအဆောက်အအုံ" ဟူသော အဓိပ္ပါယ်မျိုးကိုပေါ်လွင်နေစေ**၍** ယင်းအဆောက်အအုံထဲ**၌** နေထိုင်လျက် ရှိကြသော အိမ်ထောင်သားတို့မှာမူ ဘဝအသက်တာ၏ကဏ္ဍအမျိုးမျိုး ထုံးတမ်းစဉ်လာအရ လိုအပ်နေသောအရာများကိုထားရှိနိုင်မှုအတွက် အမြဲ တစေ သမဝါယမစိုက်ထုတ်လုပ်ကိုင်နေကြရသည်။

လူသူအများတို့အားအထင်အမြင်ကြီးစေရန် **ကြိုး**စားအားထုတ်**ပြု**လုပ်နေကြရသောကြောင့် အများသောသူတို့သည် အိမ်ထောင်မှုဘဝအသက်တာ တွင် ပျော်ရွှင်မှုမရှိကြပေ။ လူတကာအားအထင်ကြီးစေရန်နှင့် သူတို့၏ အပေါင်းအသင်းရောင်းရင်းများ (သို့မဟုတ်) သူတို့ကိုယ်တိုင်ကိုဖြစ်စေ၊ သူတို့၏စီးပွားရေးကိုဖြစ်စေ၊ အမှန်အားဖြင့်လုံးဝဂ**ရု**မစိုက်ကြသော သူတို့၏ ချီးကျူးပြောဆိုမှုကိုခံရစေရန် မြောက်မြားစွာသောကြေးငွေများနှင့်လုပ်အားကို အတိုင်းအတာမရှိအသုံး**ပြု**ကြသည်။ ဈေးနှုန်းကြီးမြင့်သောပရိဘောဂများကို ထပ်လောင်းဝယ်ယူရသည့်တိုင်အောင် အလွန်အရေးကြီးသည်ဟုယူဆထား သောအိမ်ထောင်ဆိုင်ရာ အခင်းအကျင်းများအတွက် အသုံးအဆောင်များကိုတစ်ခုပြီးတစ်ခုဝယ်ယူသောကြောင့် မျက်စိထဲတွင်အမြင်လှ**၍** ဝါကြွားလိုသော စိတ်နှင့်

ကြီးမြင့်ထင်ပေါ်လိုသောစိတ်များ၏လိုအင်ဆန္ဒများသည် ပြည့်စုံ သော်လည်း အိမ်ထောင်၏နှစ်သိမ့်မှုအနည်းငယ်မျှပင် တိုးတက်များပြား လာမှုမရှိပေ။ **ဤ**အရာများသည် ခွန်အားနှင့်သည်းခံသောစိတ်တို့ကို များစွာ ထိခိုက်**၍** ဘုရားသခင်၏အမှုတော်အတွက် အသုံးပြုသင့်သောတန်ဖိုးရှိလှ သည့်အချိန်ကိုလည်း အလဟ**သ**ဖြစ်စေသည်။

အမှန်တကယ်အားဖြင့် အရေးပါအရာရောက်သောကိစ္စများကို ဦးစားပေး**၍** ဖိုးထိုက်တန်ဖိုးမှန်ဖြစ်သော ဘုရားသခင်၏ကျေးဇူးတော် ကိုကား ဒုတိယနေရာတွင်ထားရှိကြသည်။ အများသောသူတို့သည် ပျော်ရွှင် မှုအတွက် ပစ္စည်းဥစ္စာများကိုရှာဖွေစုဆောင်းနေချိန်မှာပင် ဝမ်းမြောက်ရွှင်လန်း နိုင်သောအခြေအနေ**၌** ရပ်တည်ခြင်းမရှိကြပေ။ သူတို့မျှော်လင့်ခဲ့သော စိတ်ကျေနပ်မှုကို သူတို့ကိုယ်ပိုင်ပစ္စည်းဥစ္စာများမှရရှိသည်ကို တွေ့မြင်ကြ သည်။ ယင်းကဲ့သို့အဆုံးမရှိသောလုပ်ကိုင်ဆောင်ရွက်မှု၊ ဧည့်သည်စောင်သည် များနှင့်အာဂန္တုတို့၏ချီးကျူးပြောဆိုခြင်းခံရမှုအတွက် အိမ်ဂေဟာကိုအလှ ပြုပြင်ရန် စိတ်သက်သာမှုကင်းသောစိုးရိမ်ပူပန်မှုတို့သည် ဖြုန်းတီးခဲ့သော အချိန်နှင့်ကြေးငွေများအတွက် ဖြုန်းတီးကျိုးနပ်ခြင်းဘယ်အခါမျှမရှိခဲ့ပေ။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် အလွန်အခံရခက်သောကျေးကျွန်ဘဝဆိုင်ရာ ထမ်းပိုးကြီးကို ပခုံးပေါ်**၌**တင်ထားခြင်းသာလျှင်ဖြစ်သည်။

**မတူညီသောလည်ပတ်မှုနှစ်မျိုးကိုနှိုင်းယှဉ်ပြထားခြင်း** – အချို့ သောအိမ်ထောင်များတွင် အိမ်တွင်းအခင်းအကျင်းလိုသည်ထက် ပိုအောင် ပြုလုပ်ထားကြသည်။ သန့်ရှင်းစင်ကြယ်စွာနှင့် အစီအစဉ်ကျနအောင်ထား ရှိခြင်းသည် နှစ်သိမ့်မှုအတွက်လိုအပ်ပေသည်။ သို့ရာတွင် ယင်းကဲ့သို့သော လုပ်ငန်းများသည် ဘဝအသက်တာကိုအမြဲတမ်းညည်းညူဖွယ်ဖြစ်စေ**၍** အိမ်သူအိမ်သားတို့အားလည်း စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေသည့် အစွန်း သို့တွန်းပို့နေသည်အထိမဆောင်ရွက်ရ။

ကျွန်ုပ်တို့အနေဖြင့် ဂုဏ်ပြုချီးကျူးပြောဆိုကြသော အချို့သော အိမ်ဂေဟာများတွင် အစီအစဉ်ကောင်းမွန်စွာထားရှိခြင်းမရှိမှုကြောင့် သဘောကျ စရာမဖြစ်သကဲ့သို့ အိမ်ထောင်ပရိဘောဂများကို စီစဉ်ထားရှိရာတွင် လိုအပ် သည်ထက်ပို**၍** စနစ်တကျဖြစ်လွန်းအားကြီးသောကြောင့် မနှစ်မြို့စရာဖြစ် နေတတ်သည်။ တစ်အိမ်သားလုံးက ယင်းပရိဘောဂများအထားအသိုနှင့် ဂရုတစိုက်ရှိရမှုများကြောင့် စစ်မှန်သောအိမ်ဂေဟာ**၌**တွေ့ရှိရန် မျှော်လင့် တကြီးဖြစ်ခဲ့သော သက်သောင့်သက်သာစွာအနားယူမှုကိုတွေ့ရှိရန် ခဲယဉ်း

လေတော့သည်။

ခင်မင်သောအပေါင်းအသင်းရောင်းရင်းတို့အိမ်ဂေဟာများသို့ ခဏတစ်ဖြုတ်အလည်အပတ်သွားရောက်ရာတွင် ယင်းအိမ်တွင်တစ်ချိန်လုံးတံမြက်စည်းလှဲခြင်းနှင့် ဖုန်များသုတ်ခါလျက်ရှိသည်ကို တွေ့မြင်နေရသည်ကိုလည်းကောင်း၊ အာလာပသလ္လာပပြောဆိုခြင်းအားဖြင့် မျှော်လင့်ထားသောပျော်ပျော်ရွှင်ရွှင်ဖြစ်ရမည့်အချိန်ကို အိမ်ရှင်ဖြစ်သူက အိမ်ကိုသန့်ရှင်းရေးလုပ်ခြင်းနှင့် ဖုံးကွယ်နေသည့်ဖုန်မှုန့်တို့နှင့်ပင့်ကူအိမ်များ ထောင့်ကြိုထောင့်ကြားလိုက်လံရှာဖွေနေခြင်းအားဖြင့် အသုံးပြုနေလျှင်လည်းကောင်း၊ အလည်အပတ်လာသောဧည့်သည်ဖြစ်သူအတွက် ခိုးလိုးခုလုဖြစ်ရဖွယ်ရှိလေသည်။ အိမ်ထောင်ဦးစီးအနေဖြင့် အိမ်ဂေဟာ၌ရှိနေချိန်ကိုလေးစားသောအားဖြင့် ယင်းသန့်ရှင်းရေးလုပ်ငန်းကိုလုပ်ကိုင်လင့်ကစား ဧည့်သည်လာရောက်ခြင်းထက် အိမ်ရှင်၏သန့်ရှင်းရေးလုပ်ငန်းများက အရေးပါအရာရောက်ပါတကားဟူသော စိတ်ထားမျိုးကို ကာယကံရှင်ဧည့်သည်၏စိတ်ထဲတွင် မှတ်ထားမည်ဖြစ်သည်။

ယင်းကဲ့သို့ခပ်သိမ်းသောလောကဝတ်တို့ထက် အိမ်ဂေဟာ၏သန့်ရှင်းရေးနှင့်အစီအစဉ်ရှိရေးတို့ကို ဦးစားပေးဆောင်ရွက်တတ်သော အိမ်ဂေဟာများနှင့်မတူ တစ်မူထူးခြားသောအိမ်ဂေဟာတစ်ခုကို ၁၈၇၆ ခုနှစ်၊ နွေရာသီ တွင် ကျွန်ုပ်တို့အလည်အပတ်သွားရောက်ခဲ့ရပါသည်။ ကျွန်ုပ်တို့အလည်အပတ်ရောက်ရှိနေသော တိုတောင်းလှသောအချိန်ပိုင်းအတွင်း အိမ်ရှင်ဖြစ်သူ သည် အသုံးမကျမရေရာသောအလုပ်အကိုင်ကိုလည်းကောင်း၊ တခြားအချိန်၌လုပ်ကိုင်နိုင်သော အလုပ်အကိုင်တစ်ခုခုကိုလည်းကောင်း လုပ်ကိုင်နေခြင်း မရှိဘဲ စိတ်နှင့်ကိုယ်ပါအနားယူသည့်အနေဖြင့် ပျော်ရွှင်စွာဖြင့်လည်းကောင်း၊ အကျိုးရှိစွာဖြင့်လည်းကောင်း ဧည့်ခံကြိုဆို၍ အပြန်အလှန်အပေးအယူသဘော ဖြင့် စကားဝိုင်းဖွဲ့ပြောဆိုကြသည်။ ယင်းအိမ်ထောင်သည် ပရိဘောဂများဖြင့် အလွန်အမင်းခြယ်လှယ်မွမ်းမံထားခြင်းမရှိသော်လည်း စိတ်နှလုံးနှစ်သိမ့်ချမ်းသာမှုရှိသော စံပြအိမ်ထောင်ဖြစ်သည်။ အိမ်အခန်းအားလုံးတို့သည်လည်း အလင်းရောင်နှင့်လေကောင်းလေသန့်တို့ကို ကောင်းမွန်စွာရရှိသည်။ ယင်းကဲ့သို့သောအခြေအနေသည် တန်ဖိုးအရှိဆုံးအခင်းအကျင်းထက် တန်ဖိုးအစစ်အမှန်ရှိသည်။ ဧည့်ခန်းများကို မျက်စိထဲတွင်ရုပ်ယှက်ခတ်ဖြစ်နေအောင် ပရိဘောဂများခင်းကျင်းထားခြင်းမရှိသော်လည်း ရှိနှင့်ပြီးသောပရိဘောဂများ သည် တွေ့မြင်ရသောသူတို့အား စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်သော ပရိဘောဂများဖြစ်ရလေသည်။

ကုလားထိုင်များသည် အများအားဖြင့်ပုံစံမတူသောကုလားထိုင်၊ ပက်လက်ကုလားထိုင်များဖြစ်သော်လည်း

အိမ်ထောင်သားအသီးသီးတို့အတွက် နှစ်သိမ့်အားရမှုဖြစ်စေသော ပရိဘောဂများဖြစ်သည်။ ယင်းတို့အထဲတွင် နိမ့်၍ကူရှင်ခေါ်ထိုင်ခုံတပ်ဆင်ထားသော လှုပ်ကုလားထိုင်များနှင့် မြင့်၍ တည့်မတ်သော နောက်ကျောအမှီပါသောကုလားထိုင်များ၊ ကျယ်ကျယ်ဝန်းဝန်း ထိုင်ရသောကုလားထိုင်များနှင့် သက်သောင့်သက်သာဖြစ်သော ကုလားထိုင် များပါဝင်သည်။ ဆိုဖာကြီးများပါသောကုလားထိုင်များလည်း ပါဝင် သည်။ ယင်းကုလားထိုင်အားလုံးတို့က ကျွန်ုပ်တို့အပေါ်မှာထိုင်ကြည့်ပါ၊ အနားယူ ကြည့်ပါဟု ဖိတ်ခေါ်ပြောဆိုနေသကဲ့သို့ဖြစ်နေသည်။ စာအုပ်စာတမ်းများ တင်ထား သော စားပွဲများလည်းရှိသည်။ အားလုံးတို့သည် သန့်သန့်ပြန့်ပြန့် ဖြစ်၍ ဆွဲဆောင်မှုရှိသော်လည်း တို့ထိကိုင်တွယ်လျှင် နေရာရွှေ့သွားမည် ကိုစိုးရိမ်၍ ဧည့်သည် များအား ယင်းတို့ကိုကိုင်တွယ်မကြည့်ဝံ့လောက်အောင် သတိပေးသောအခြေအနေ မျိုးကားမရှိပေ။

ယင်းသာယာသောအိမ်ဂေဟာ၏ပိုင်ရှင်များသည် သူတို့၏နေအိမ်ကိုထည်ထည်ဝါဝါဖြစ်အောင် တန်ဖိုးကြီးသောပရိဘောဂများဖြင့် တန်ဆာဆင်ထားနိုင်စွမ်းရှိသောအခြေအနေ၌ရပ်တည်ကြသော်လည်း သူတို့အနေဖြင့် ကြွားကြွားဝါဝါပြထားမှုထက် သက်သောင့်သက်သာဖြစ်မှုကို ပညာသားပါပါရွေးချယ်ကြသူများဖြစ်သည်။ အထွေထွေကိစ္စအတွက်အသုံးပြုရန် ကောင်းအားကြီးသည်ဟု ပြောဆိုနိုင်သောပစ္စည်းတစ်ခုမျှမရှိဘဲ လိုက်ကာများနှင့်တရုတ်ကပ်များကိုလည်း ခင်းထားသောကော်ဇောများနှင့် ပရိဘောဂများအရောင်ပျက်မည်ကိုစိုးရိမ်၍ အလုံပိတ်ထားခြင်းမရှိပေ။ ဘုရားသခင်ပေးသနားတော်မူသော နေရောင်ခြည်နှင့်လေကောင်းလေသန့်တို့သည် ခြံထဲ၌ပေါက်လျက်ရှိသော ပန်းပင်တို့မွှေးကြိုင်သောရနံ့တို့နှင့်တွဲဖက်၍ ယင်းအိမ်ဂေဟာထဲသို့ လွတ်လပ်စွာတိုက်ခတ်တိုးဝင်ကြသည်။ ယင်းအိမ်ထောင်မှအိမ်သူအိမ်သားများသည် သူတို့အိမ်၏အခြေအနေနှင့် ကိုက်ညီသောသူများဖြစ်ကြသည်။ သူတို့သည် ပျော်ရွှင်၍ဧည့်ဝတ်ပြုသောသူများဖြစ်လျက် ကျွန်ုပ်တို့၏လည်ပတ်မှုသည် အပိုဒုက္ခပေးနေသည်ဟူသောစိုးရိမ်မှုကို ကျွန်ုပ်တို့၏စိတ်ထဲ၌ဖြစ်ပေါ်လာရလောက်အောင် သူတို့၏ပရိဘောဂအပါအဝင် အိမ်ဂေဟာ၏အခင်းအကျင်းများတွင် စိတ်ဝင်စားမှုရှိမနေဘဲ ကျွန်ုပ်တို့အား နှစ်သိမ့်မှုရှိစေရန်အတွက် လိုအပ်သမျှကိုဆောင်ရွက်ပေးလေသည်။ ယင်းအိမ်ထောင်သည် အနားယူရန်ကောင်းသောနေရာဌာနဖြစ်သည်ဟူသော ခံစားချက်မျိုးကို ကျွန်ုပ်တို့၌ဖြစ်ပေါ်လာစေသည်။ ယင်းအိမ်ထောင်သည် အိမ်ထောင်ပီသသောအိမ်ထောင်ဖြစ်ပေသည်။

**မွမ်းမံခြယ်လှယ်မှုတွင်အသုံးပြုသောအခြေခံသဘောတရား** – အိမ်ထောင်များစွာတို့တွင် မလိုလားအပ်သောကဏ္ဍအနေဖြင့် ကျွန်ုပ်တို့ဖော်ပြ ခဲ့သော တင်းကျပ်သည့်စေ့စပ်မှုသည် သဘာဝဓမ္မဆိုင်ရာစီမံကိန်းနှင့်ဆန့် ကျင်သည်။ လယ်ကွက်များတွင်ပေါက်လျက်ရှိသည့် ပန်းပင်များကိုဘောင် ခတ်၍ တစ်နေရာတည်းတွင်စုရုံးစိုက်ပျိုးထားစေဖို့ ဘုရားသခင်သည် အစီအစဉ်

ထားရှိတော်မမူခဲ့ဘဲ ယင်းတို့ကိုစိမ်းလန်းသောမြက်ခင်းများပေါ်တွင် ကျောက် မြတ်ရတနာများကဲ့သို့ ဖြန့်ကြဲထားတော်မူခဲ့**၍** ယင်းတို့၏ပုံသဏ္ဍာန်အမျိုးမျိုးနှင့် အရောင်အမျိုးမျိုးတို့ဖြင့် လှပတင့်တယ်**ရှု**စဖွယ်ဖြစ်တော်မူသည်။ သစ်တော များတို့**၌**ရှိသောသစ်ပင်တို့သည် စီတန်း**၍** ပေါက်နေသည်မဟုတ်ပေ။ သဘာဝ ဓမ္မ၏**ရှု**ခင်းများ၊ တောတောင်များ၊ ချိုင့်ဝှမ်းများ၊ လွင်ပြင်နှင့်မြစ်ချောင်း များတို့ကိုလည်းကောင်း၊ ဆုံးမတိုင်ဖြစ်သော အမျိုးမျိုးသောပုံသဏ္ဍာန်နှင့် အရောင်များတို့၏နှစ်**မြို့**ဖွယ်ကောင်းသော **ရု**ပ်ပုံကားချပ်ကြီးအသွင်ကိုဆောင် စေသော သဘာဝဓမ္မ၏ဥယျာဉ်ကြီးထဲတွင် စု**ရုံး**ပေါက်ရောက်လျက်ရှိသော သစ်ပင်ကြီးများ၊ ဥစ်ပင်ပုများနှင့်ပန်းပင်များတို့ကိုလည်းကောင်း ကြည့်**ရှု** တွေ့မြင်ရာတွင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်း သုခများကို ခံစားကြရသည်။ ယင်းနေရာတို့တွင် ကလေးများလူရွယ်များနှင့် သက်ကြီး ရွယ်အိုတို့သည် အနားယူခြင်းနှင့်စိတ်ကြည်နူးချမ်းသာမှုကို တွေ့ရှိနိုင်ကြသည်။

ယင်းကဲ့သို့တစ်ခုနှင့်တစ်ခုမတူ တစ်မူခြားသောနည်းမျိုးကို အိမ်ဂေဟာ အတွင်း**၌** လည်း ထားရှိကျင့်သုံးနိုင်သည်။ အိမ်ဂေဟာတစ်ခုအတွင်း ထားရှိ သောပရိဘောဂများကို အရောင်အားဖြင့်ဖြစ်စေ၊ အထားအသိုအကျင့်အားဖြင့် ဖြစ်စေ သင့်တော်လျောက်ပတ်သော **ရှု**ကွင်းကို ဖြစ်ပေါ်စေသင့်ပေသည်။ သို့ရာတွင် ပရိဘောဂတိုင်းကို ပုံသဏ္ဍာန်အားဖြင့်လည်းကောင်း၊ လုပ်ကိုင် ထားသောပစ္စည်းအမျိုးအစားအားဖြင့်လည်းကောင်း တစ်မျိုးတည်းတစ်ပုံစံတည်းထားရှိရန်မလိုပေ။ သို့ရာတွင် အမျိုးအစားကွဲပြားသော်လည်း ကြည့်**၍** **ရှု၍**အဆင်ပြေသော ဖက်စပ်မှုမျိုးရှိရန်လိုအပ်သည်။

အိမ်ဂေဟာအနေဖြင့် လှပထည်ဝါမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အိမ်တွင်း**၌** ထားရှိသော ပရိဘောဂများတို့သည် တန်ဖိုးကြီးသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ အိမ်သူအိမ်သားတို့၏စိတ်သဘောထားသည် ဘုရားသခင် ၏အလိုတော်နှင့်ညီ**ညွ**တ်ခြင်းမရှိလျှင် ယင်းအိမ်ဂေဟာတွင်း**၌** ပျော်ရွှင်ခြင်း သုခချမ်းသာသည် တည်မြဲနေလိမ့်မည်မဟုတ်ပေ။ အိမ်ဂေဟာတိုင်းတွင် တင်းတိမ်ရောင့်ရဲမှုရှိရမည်။

အိမ်ဂေဟာ၏အကောင်းဆုံးအခန်း၊ နေ၏လင်းရောင်ခြည်နှင့်နေထိုင် ဖွယ်အကောင်းဆုံးအခန်းနှင့် သက်သောင့်သက်သာအရှိဆုံးအိမ်ထောင် ပရိဘောဂများကို အိမ်သူအိမ်သားတို့အား နေ့စဉ်ရက်ဆက်အသုံး**ပြု**နေစေ ရမည်။ ယင်းကဲ့သို့**ပြု**လုပ်လျှင် အိမ်ဂေဟာသည် အိမ်သူအိမ်သားများအတွက် သာမဟုတ်ဘဲ ကျွန်ုပ်တို့ကအကျိုး**ပြု**နိုင်**၍** ကျွန်ုပ်တို့ကိုလည်း အကျိုး**ပြု**မည့် သူများဖြစ်လျက် ကျွန်ုပ်တို့အားဂ**ရ**စိုက်ကြသောအပေါင်းအသင်းများတို့ အတွက်ပါ ဆွဲဆောင်မှုရှိသောနေရာဒေသဖြစ်ပါလိမ့်မည်။

**သားသမီးတို့၏နှစ်သိမ့်မှုနှင့်ပျော်ရွှင်မှုကိုအမြဲသတိပြု** – သားသမီး တို့အား သူတို့၏အိမ်ဂေဟာများတွင် တင်းတိမ်ရောင့်ရဲမှုနှင့်ပျော်ရွှင်မှုရှိစေရန် အဖိုးအခကြီးမားလှသော ပတ်ဝန်းကျင်အခြေအနေနှင့် ပရိဘောဂများကို ထားရှိရန်မလိုအပ်ဘဲ မိဘတို့အနေဖြင့် သူတို့

အားချစ်ခင်မြတ်နိုးခြင်းနှင့် ဂရုတစိုက်ကြည့်ရှုထိန်းသိမ်းခြင်းတို့ကိုပြုလုပ်ရန် လိုအပ်လှပေသည်။

၁၆၉

အကယ်၍ ကိုယ်ချင်းစာနာတတ်ခြင်းနှင့် မေတ္တာမရှိလျှင် နံရံလေးခုနှင့်တန်ဖိုးကြီးသောအိမ်ထောင်ပရိဘောဂ၊ ကတ္တီပါကော်ဇောများ၊ လှပထည်ဝါသောကြည့်မှန်များနှင့် လှပသောရုပ်ပုံကားချပ်တို့သည် "အိမ်ဂေဟာ" ကိုမဖြစ်စေပါ။ "အိမ်ဂေဟာ" ဆိုသော မွန်မြတ်သောဝေါဟာရသည် အရောင်အဆင်းထွန်းပြောင်နေလင့်ကစား အိမ်ထောင်မှုဆိုင်ရာ ဘဝအသက်တာ၏ ပျော်ရွှင်သာယာမှုကင်းသော အဆောက်အအုံတို့နှင့်လုံးဝမဆိုင်ပေ။

အမှန်အားဖြင့် ယင်းကဲ့သို့သောအိမ်ထောင်မျိုးတွင် သားသမီးတို့၏နှစ်သိမ့်မှုနှင့်ပျော်ရွှင်မှုအတွက် မစဉ်းစားသောအိမ်ထောင်မျိုးဖြစ်သည်။ ဟိတ်ဟန်ကောင်းအောင်ပြုလုပ်နေရမှုနှင့် ခေတ်ဆန်သောအပေါင်းအသင်းတို့၏စိတ်ကြိုက်ကိုလုပ်ကိုင်နေရမှုဖြင့် မအားမလပ်ဖြစ်နေသောမိခင်တို့သည် သူတို့သားသမီးများကို လျစ်လျူရှုထားကြလေသည်။ သားသမီးတို့သည် မိခင်တို့၏ပဲ့ပြင်ဆုံးမမှုကိုမခံရကြ။ သူတို့သည် အကျင့်ဆိုးများကိုတတ်လာကြ၍ လှုပ်လှုပ်ရွရွဖြစ်လျက် ကျေနပ်မှုကင်းမဲ့သူများအဖြစ်သို့ ရောက်ရှိ ကြသည်။ သူတို့၏အိမ်ဂေဟာများတွင် ပျော်ရွှင်သာယာမှုကိုမတွေ့မြင်ရဘဲ အနေရအထိုင်ရကျပ်တည်းသော ချုပ်ချယ်မှုမျိုးကိုသာ ရင်ဆိုင်နေရသော ကြောင့် သူတို့သည် ဆောလျင်စွာ အိမ်ထောင်၏စည်းဝိုင်းပြင်ပသို့ ရောက်ရှိ သွားကြသည်။ စိတ်မပါ့တပါဖြင့် လောကကြီးထဲသို့ဝင်ရောက်လာကြလျက် အိမ်ဂေဟာ၏ ဩဇာသက်ရောက်မှု၏အုပ်ထိန်းမှုနှင့် မိဘတို့၏ကြင်နာယုယသောဆုံးမပဲ့ပြင်မှုနှင့်လည်း ကင်းကွာလာကြသည်။

ကျွန်ုပ်တို့နားဖြင့်ကြားခဲ့ဖူးသော မြောက်မြားစွာသောမိခင်တို့၏ လေသံမျိုးဖြင့် သားသမီးတို့အား ဤကဲ့သို့မပြောပါနှင့်။ "မင်းတို့တစ်တွေ ဧည့်ခန်းထဲမှာမနေကြနဲ့။ လှလှပပခင်းထားတဲ့ဆိုဖာတွေပေါ်မှာ မင်းတို့တက်မထိုင်ကြနဲ့၊ အဲဒါတွေဟာ မင်းတို့တက်ထိုင်ဖို့မဟုတ်ဘူး။" သားသမီးများတို့က တခြားအခန်းတစ်ခုထဲသို့သွားသောအခါ၌လည်း "မင်းတို့တစ်တွေဟာတယ်ဆူညံလှတာကိုး" မီးဖိုချောင်ထဲသို့ရောက်သွားပြန်လျှင်လည်း ထမင်းချက်ပြုတ်သူက ကလေးများအား "သွားကြ၊ လာမရှုပ်ကြနဲ့၊ ဟိုအပြင်မှာ သွားဆူကြ၊ ငါ့ကိုလာပြီးအနှောင့်အယှက်မပေးကြနဲ့" ဟု အော်ငေါက်ကြ ပြန်သည်။ ယင်းသားသမီးတို့သည် ပညာယူရန်ဘယ်နေရာသို့သွားတတ် ကြသနည်း။ လမ်းပေါ်သို့သွားကြသည်။

**ဖိမ်ခံမှုထက်ကြင်နာခြင်းနှင့်မေတ္တာကပိုမိုအဖိုးတန်သည်** – ကျွန်ုပ်တို့၏အိမ်ထောင်များထဲသို့ မြောက်မြားစွာသော စိုးရိမ်ပူပန်မှုများနှင့် ဝန်ထုပ်များကို သွတ်သွင်းလာကြသော်လည်း ဓမ္မတာအလျောက်ရိုးသားခြင်း၊

ငြိမ်သက်ခြင်းနှင့်ပျော်ရွှင်ခြင်းတို့ကိုကား ထိန်းသိမ်းခြင်းမပြုကြပေ။ ပြင်ပလောက၏ဝေဖန်ပြောဆိုမှုအတွက်၊ စိုးရိမ်ကြောင့်ကြမှုအတွက် မိသားစုတို့၏ပျော်ရွှင်သာယာမှုကို ပိုမိုဂရုပြုရမည်။ လောကီဆန်သောဟိတ်ဟန်ပြမှုနှင့်ဟန်ဆောင်မှုများကိုရှောင်ရှား၍ အိမ်ထောင်သားများတို့စည်းဝိုင်းအတွင်း

ကြင်နာခြင်းနှင့်ချစ်ခြင်းမေတ္တာ၊ ရွှင်လန်းမှုနှင့်ခရစ်ယာန်ယဉ်ကျေးမှုများတို့ကို များစွာပိုမိုကျင့်သုံးကြရမည်။ အိမ်ဂေဟာကိုဆွဲဆောင်မှုရှိစေရန်လည်းကောင်း၊ ပျော်ရွှင်သာယာသောအိမ်ဂေဟာဖြစ်စေရန် ဘယ်ကဲ့သို့ဆောင်ရွက်သင့်သော နည်းများကို သင်ကြားလေ့လာရန် များစွာလိုအပ်ပေသည်။ ဥစ္စာခနကြွယ်ဝခြင်းနှင့်ဇိမ်ခံခြင်းထက် ကျေးဇူးတင်တတ်သောနှလုံးသားနှင့် ကြင်နာသောအကြည့်များတို့က ပိုမို**၍**တန်ဖိုးရှိပါသည်။ မေတ္တာတရားစိုးမိုး**၍** **ရိုး**ရိုးဖြစ်သောပရိဘောဂများ၊ အသုံးအဆောင်များနှင့်တင့်တိမ်ရောင့်ရဲမှုရှိသော အိမ်ထောင်သည် ပျော်ရွှင်သာယာအိမ်ဂေဟာဖြစ်လိမ့်မည်။

ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်သောယေ**ရှု**ရှင်သည် မြေကြီးပေါ်တွင် ဘုရင်တို့၏ဂုဏ်ဒြပ်မျိုးဖြင့် နေနိုင်ခဲ့တော်မူသည်။ သို့စေကာမူ ကိုယ်တော်ရှင်သည် နူးညံ့သိမ်မွေ့**၍**နှိမ့်ချသောစိတ်နှလုံးရှိတော်မူသည်။ ကိုယ်တော်ရှင်သည် ဝမ်းမြောက်ခြင်း၊ မျှော်လင့်ခြင်းနှင့်မြဲမြံသောရဲရင့်ခြင်းများတို့ကို ကြွမြန်းတော်မူရာနေရာတိုင်းသို့ ဆောင်ယူသွားခဲ့တော်မူခြင်း ကြောင့် ကိုယ်တော်ရှင်သည် အိမ်ထောင်တိုင်းတွင် အလင်းနှင့်ကောင်းချီးမင်္ဂလာဖြစ်တော်မူသည်။ ကျွန်ုပ်တို့သည် စိတ်ဆန္ဒ၏အလိုကိုလိုက်ခြင်း၊ ကျွန်ုပ်တို့၏အိမ်ဂေဟာများကိုလှပစေရန်၊ ရဖို့ခဲယဉ်းသောအရာဝတ္ထုများကို ရရှိရန်၊ **ကြိုး**စားအားထုတ်ခြင်းတို့ကို နည်းနိုင်သမျှနည်းအောင်**ပြု**လုပ်**၍** ကျောက်သံပတ္တမြားထက် ဘုရားသခင်တန်ဖိုးထားတော်မူသော နူးညံ့သိမ်မွေ့**၍** ငြိမ်သက်သာယာသောစိတ်သဘောထားမျိုးကိုထားရှိရန် **ကြိုး**စားအားထုတ် လျှင် ဘယ်မျှလောက်ကောင်းမွန်လိမ့်မည်နည်း။ **ရိုး**သား**၍**နူးညံ့သောသဘော ထားနှင့် စစ်မှန်သောမေတ္တာတရားတို့သည် အဆင်းရဲဆုံးအိမ်ထောင်ကိုပင် ပါရဒိသုဘုံကဲ့သို့ဖြစ်စေလိမ့်မည်။ ငြိမ်သက်သာယာခြင်းနှင့် တင်းတိမ် ရောင့်ရဲခြင်းတို့ကို လက်လွတ်စေသည်ထက် အဆင်မပြေမှုရှိသမျှတို့ကို ဝမ်းမြောက်ဝမ်းသာစွာ သည်းခံခြင်းက ပိုမိုကောင်းမွန်နေပါသည်။

———o———

# အပိုင်း (၇)

# ဘုရားသခင်၏အမွေအနှစ်

# အခန်း ၂၃
# ကောင်းချီးမင်္ဂလာမေ့သည်းချာ

**အိမ်ထောင်များကိုဘုရားသခင်စီမံထားတော်မူခဲ့သည်** – ယောက်ျား နှင့်မိန်းမတို့သည် သန့်ရှင်းသောထိမ်းမြားမင်္ဂလာပြုခြင်းအားဖြင့် လင်မယား ဘဝသို့ရောက်ရှိလျက် သားသမီးရတနာများမွေးဖွားရန်လည်းကောင်း၊ ယင်း မွေးဖွားသောသားသမီးတို့အား ကောင်းကင်**၌**ရှိသောအိမ်ထောင်သားများတွင် အပါအဝင်ဖြစ်သည်ကို အသိအမှတ်**ပြု**ရန်လည်းကောင်း ဧဝအား အာဒံ၏ လက်ထောက်အကူအနေဖြင့် ပေးစားတော်မူသောဘုရားသခင်သည် စီမံခန့်ခွဲ**၍**ထားတော်မူခြင်းအမှုကို**ပြု**ခဲ့သည်။

သားသမီးများသည် ဘုရားသခင်ကပေးသနားတော်မူသော အမွေ အနှစ်များဖြစ်**၍** ကိုယ်တော်ရှင်ပိုင်သတော်မူသော ယင်းသားသမီးတို့အား ကြည့်**ရှုပြု**စုထိန်းသိမ်းမှုနှင့်ပတ်သက်**၍** ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်နှင့် စာရင်းရှင်းရမည်ဖြစ်သည်။ "ကျွန်တော်မျိုးနှင့်ကျွန်တော်မျိုး၏လက်**၌** အပ်နှင်း ထားတော်မူသော သားသမီးများကိုကြည့်တော်မူပါ" ဟု ဝမ်းမြောက်ရွှင်လန်း စွာဖြင့် ဘုရားသခင်ထံတော်သို့ ချဉ်းကပ်ပြောနိုင်သည်တိုင်အောင် မိဘ တို့သည် မိမိတို့၏အိမ်ထောင်သားများအတွက် မေတ္တာ၊ ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်းတို့ဖြင့် ဆောင်ရွက်ကြပါစေ။

သားသမီးရတနာများမထွန်းကားသောအိမ်ထောင်သည် ခြောက်သွေ့ ပျင်းရိဖွယ်ဖြစ်သောနေရာဖြစ်သည်။ ယင်းကဲ့သို့သောအိမ်ထောင်များ**၌** အိမ်သူ အိမ်သားများတွင် တစ်ကိုယ်ကောင်းစိတ်များကြီးထွားလာခြင်း၊ သူတို့ကိုယ်တိုင် ၏သက်သာမှုကိုသာ အာ**ရုံပြု**သောစိတ်မျိုးမွေးမြူခြင်း၊ သူတို့၏လိုအင်ဆန္ဒ နှင့်အကြောင်းညီ**ညွ**တ်မှုများကိုသာ **ညှိ**နှိုင်းတိုင်ပင်ခြင်း စသောအန္တရာယ် များပေါ်ပေါက်နိုင်သည်။ သူတို့အနေဖြင့် သူတို့ကိုယ်တိုင်ကိုသာ ကိုယ်ချင်းစာ တရားထားရှိတတ်ပြီး အခြားသူတို့ကိုကား ကိုယ်ချင်းစာတရားလုံးဝမထားရှိပေ။

**သားသမီးရတနာမထွန်းကားသောဇနီးမောင်နှံတို့အတွက်အကြံ ပေးချက်** – အခြေအနေရလည်းကောင်း၊ ထူးခြားသောပုဂ္ဂလိကဆိုင်ရာ ဆောက်တည်ထားမှုအရ လည်းကောင်း နည်းမျိုးစုံဖြင့်ခေါင်းဆောင်ပေါ်ပေါက် လာသောတစ်ကိုယ်ကောင်းစိတ် မျိုးကချိုးနှိမ်ပစ်ရမည်။ အကယ်**၍** သင်တို့ **၌**သားသမီးရတနာထွန်းကား**၍** သင်တို့၏ စိတ်သည် သင်တို့ကိုယ်တိုင်အပေါ် မှာမဟုတ်ဘဲ ယင်းရတနာကလေးများအား ကြည့် **ရှု**ထိန်းသိမ်းကျွေးမွေးရမည့် ကိစ္စအပေါ်**၌**ဖြစ်စေ၊ သူတို့အားဆုံးမသွန်သင်ပေးရမည့် တာဝန်အပေါ်**၌**ဖြစ်စေ၊ သူတို့အားကောင်းသောပုံသက်သေပြရမည့်ကိစ္စအပေါ်**၌**ဖြစ်စေ အာ**ရုံ** စူးစိုက်နေလျှင် သင်တို့အတွက်အကျိုးရှိလိမ့်မည်။ သင်တို့ကဲ့သို့လင်မယား နှစ်ယောက်အနေဖြင့်ရပ်တည်နေသော အိမ်ထောင်တွင်သည်းခံခြင်း၊ စိတ်ရှည် ခြင်း၊ စစ်မှန်သည့်မေတ္တာ စသောသီလများကိုကျင့်သုံးရန် သားသမီးရတနာ များထွန်းကား မှုမရှိလျှင် တစ်ကိုယ်ကောင်းစိတ်ကြီးထွားစိုးမိုးမှုမရှိစေရန် လည်းကောင်း၊ သင်တို့၏ ကိုယ်ရေးကိုယ်တာအတွက်သာကွက်**၍** စဉ်းစား လုပ်ကိုင်မှုမရှိစေရန်လည်းကောင်း သင်တို့ကိုယ်ကိုသာဂ**ရု**စိုက်ခြင်း၊ ထိန်းသိမ်း ကြည့်**ရှု**ခြင်းနှင့်စိတ်ဝင်စားခြင်းရှိပြီး အခြားသောသူတို့အတွက် ယင်းဝတ္တရား များဆောင်ရွက်ပေးရန် သင်တို့**၌**တာဝန် လုံးဝမရှိဟူသော စိတ်သဘောမျိုး မရှိစေရန်လည်းကောင်း အမြဲတမ်းသတိဝီရိယ ထားရှိရမည်။

မြောက်မြားစွာသောသူတို့သည် မိမိကိုယ်တိုင်၏ကောင်းစားရေး ကိုသာကွက် ပြီး ကျင့်ကြံ**ပြု**မှု**၍**အာ**ရုံ**စူးစိုက်နေသောကြောင့် သူတို့၏ကာယဗလသည်လည်းကောင်း၊ ဉာဏဗလသည်လည်းကောင်း၊ ဝိဉာဏဗလသည် လည်းကောင်း ချည့်နဲ့နေကြသည်။ နပျို**၍**အမျိုးမျိုးသောနည်းလမ်းများကို ကြံစည်တွေးဆလုပ်ကိုင်သောအရည်အချင်းရှိ**၍** ကျန်းမာသန်စွမ်းသောအင်အား ဖြင့်လည်းကောင်း၊ ကလေးသူငယ်များတို့၏အငြိမ်မ ထားတတ်သောစွမ်းရည် မျိုးကို အသုံး**ပြု**ခြင်းအားဖြင့်လည်းကောင်း သူတို့၏**ရေ**့တိုး နောက်ဆုတ်မရှိ သောဘဝအသက်တာ**၌** ရပ်တည်မှုကင်းလွတ်နိုင်ကြပေလိမ့်မည်။

**သားသမီးများကိုထိန်းကျောင်းရာတွင်မြင့်မြတ်သောစာရိတ္တ မျိုးကိုဖွံ့ဖြိုးလာ စေနိုင်သည်** – ကျွန်ုပ်သည် ငယ်ရွယ်စဉ်အချိန်**၌** ဝေဒနာ တစ်ခုကိုခံစားရခဲ့ဖူးသည့် အတွက်ကြောင့် ကလေးသူငယ်အားလုံးတို့အား ကြင်နာသနားတတ်သောစိတ်ရှိသည်။ ကျွန်ုပ်သည် မြောက်မြားစွာသော ကလေးသူငယ်များကို ဝိုင်းဝန်းကူညီစောင့်ထိန်း ပေးခဲ့ရာ၊ **ရိုး**သားလှသော လူငယ်ဘဝအသက်တာများနှင့်တွေ့ထိမှုသည် ကျွန်ုပ်အ တွက် သုခချမ်းသာကြီးတစ်ရပ်ဖြစ်ခဲ့ပေသည်။

ကလေးသူငယ်များနှင့်ဆက်ဆံရာတွင် လိုအပ်သောကိုယ်ချင်းစာနာခြင်း၊

စိတ်ရှည်ခြင်းနှင့်မေတ္တာထားခြင်းတို့ကိုကျင့်သုံးခြင်းသည် မည်သည့် အိမ်ထောင်အတွက်မဆို မင်္ဂလာတစ်ရပ်ဖြစ်နိုင်သည်။ ရွှင်လန်းခြင်းနှင့်စိတ်ငြိမ်သက်မှုကို ပိုမိုလိုအပ်နေသောသူတို့အား ယင်းပါရမီများကိုကျင့်သုံးမှုက စိတ်သဘောထားကိုပျော့ပျောင်းစေ၍ မလိုလားအပ်သောသဘောများကို စာရိတ္တမှဖယ်ရှားပေးပေလိမ့်မည်။ အိမ်ထောင်တစ်ခု၌ ကလေးသူငယ်ရှိခြင်း သည် ယင်းအိမ်ထောင်သားတို့၏စိတ်နေသဘောထားကို နူးညံ့ပျော့ပျောင်းလာစေရန်အတွက် ပြုပြင်ပေးသည်။ ထာဝရဘုရားကိုကြောက်ရွံ့ရိုသေခြင်း၌ ကြီးထွားလာသောကလေးသူငယ်သည် မင်္ဂလာတစ်ရပ်ဖြစ်ပေသည်။

ကျွန်ုပ်တို့အပေါ်မှီခိုအားထားနေကြသော ကလေးသူငယ်များကို ကြည့်ရှုထိန်းသိမ်း၍ ချစ်ခင်နေခြင်းသည် ကျွန်ုပ်တို့၏ဘဝမှ ကြမ်းတမ်းသောစိတ်များကိုဖယ်ရှား၍ နူးညံ့သိမ်မွေ့သောသဘောနှင့် ကိုယ်ချင်းစာနာတတ်သောသဘောထားများကို ဖန်တီးသွတ်သွင်းပေးလျက် အကျင့်စာရိတ္တကိုလည်း မြင့်မြတ်သောအခြေအနေသို့ ပို့ဆောင်ပေးနိုင်စွမ်းရှိသည်။

**ဧနောက်အပေါ်ကလေးသူငယ်တစ်ယောက်၏ဩဇာသက် ရောက်မှု** – သူ၏သားဦးမွေးဖွားပြီးသည့်နောက် ဧနောက်သည် ပိုမို မြင့်မားသောအတွေ့အကြုံကို ရင်ဆိုင်ခဲ့ရသည်။ သူသည် ဘုရားသခင်နှင့် ပိုမိုရင်းနှီးသည့် မိတ်သဟာယဖွဲ့သောအခြေအနေသို့ ရောက်ရှိခဲ့သည်။ ဘုရားသခင်၏သားတစ်ပါးအနေဖြင့် သူဆောင်ရွက်ရမည့်တာဝန်ဝတ္တရား များကို ပိုမိုနက်ရှိုင်းစွာသိမြင်လာသည်။ သားငယ်ကသူ့ဖခင်ကိုချစ်ခင် မြတ်နိုးပုံနှင့် ဖခင်၏ကာကွယ်စောင့်ထိန်းမှုကို **ရိုးရိုး**သားသားယုံကြည်ကိုးစားသည်ကို တွေ့မြင်ရသောအခါ၌လည်းကောင်း၊ ယင်းသားဦးအား သူ့ကိုယ် တိုင်နှစ်နှစ်ကာကာချစ်ခင်မြတ်နိုးသော ခံစားမှုမျိုးရရှိသောအခါ၌လည်းကောင်း၊ ကိုယ်တော်၏သားတော်ကိုလူသားတို့အား ပေးကမ်းလှူဒါန်းတော်မူသော ဘုရားသခင်၏အံ့ဩဖွယ်သောမေတ္တာတော်နှင့် သူတို့၏ကောင်းကင်ဘုံရှင် အဖဘုရားသခင်ကို ကိုယ်တော်ရှင်၏သားသမီးတို့သည် ယုံကြည်စိတ်ချ နိုင်သည်ဟူသော၊ အဖိုးထိုက်တန်လှသော သင်ခန်းစာကိုရရှိလေသည်။

**မြတ်နိုးဖွယ်သောယုံကြည်လွှဲအပ်ခြင်း** – ဘုရားသခင်သည် မိဘဖြစ်သူတို့အား သားသမီးများကိုမြတ်နိုးဖွယ်သောရတနာများအနေဖြင့် လွှဲအပ်ထားတော်မူသည်။ တစ်နေ့သောအခါ ဘုရားသခင်သည် ယင်းသားသမီးရတနာများအတွက် စာရင်းရှင်းရန်တောင်းဆိုလိမ့်မည်ဖြစ်သည်။

သူတို့အား ပညာသင်ကြားရေးအတွက် ကျွန်ုပ်တို့သည် အချိန်ကြည့်**ရှု** စောင့်ထိန်းခြင်းနှင့်ဆုတောင်းခြင်းများကို ဆတက်ထမ်းပိုးတိုး**၍** အသုံး**ပြု**

ရမည်၊ ဆောင်ရွက်ရမည်။ သူတို့သည် မှန်ကန်သောသင်ကြားမှုကိုရရှိရန် လိုအပ်ပေသည်။

သင်တို့၏သားသမီးတို့သည် ဘုရားသခင်၏အိမ်ထောင်တွင် နုပျို သောအိမ်ထောင်သားများဖြစ်သည်ကို သတိပြုကြပါ။ သူတို့အား ကောင်းကင် နိုင်ငံတော်အတွက်ပညာသင်ကြားပေးရန် သင်တို့လက်ထဲ**၌** လွှဲအပ်ထား တော်မူသည်။ **ဤ**အရေးပါအရာရောက်လှသော တာဝန်လွှဲအပ်ထားခြင်းကို ဘယ်ပုံဘယ်နည်းထမ်းဆောင်ခဲ့သည်နှင့်ပတ်သက်**၍** သင်တို့သည်ကိုယ်တော် အား စာရင်းရှင်းပြရကြလိမ့်မည်။

---o---

# အခန်း ၂၄
# မိသားစုစီမံကိန်း

**မိခင်၊ သားသမီးနှင့်လူ့အဖွဲ့အစည်းတို့အားစိတ်ဆင်းရဲစေနိုင်သော အမှား** – သားသမီးများမွေးထားခြင်းသည် တရားမျှတမှုဖြစ်သည်မဖြစ် သည်ကို စဉ်းစားဆင်ခြင်မှုမရှိဘဲ ကြည့်**ရှု**ပြုစုခြင်းခံရရန်လည်းကောင်း၊ သွန်သင်ဆုံးမခြင်းခံရရန်လည်းကောင်း၊ မိဘများပေါ်တွင် လုံးဝအားကိုး အားထားပြုနေသော မစမဲ့ကလေးသူငယ်မြောက်မြားစွာမွေးထားကြသော မိဘများလည်းရှိကြသည်။ **ဤ**ကဲ့သို့ပြုလုပ်ခြင်းသည် မိခင်ဖြစ်သူကိုသာမက သူမ၏သားသမီးငယ်များနှင့် လူ့အဖွဲ့အစည်းကိုပါပြုသော မှားယွင်းမှုတစ်ရပ် ဖြစ်သည်။

မိဘများအနေဖြင့် သူတို့သားသမီးတို့၏အနာဂတ်ကောင်းစားရေး ကို အမြဲတမ်းနှလုံးသားတွင် ပိုက်ထားသင့်ပေသည်။ ဘဝအသက်တာ၏ လိုအပ်မှု များကို ဖြည့်တင်းပေးနိုင်ရန်အတွက် တစ်နေကုန်တစ်နေခန်း ပင်ပန်းကြီးစွာ လုပ်ကိုင်ဆောင်ရွက်ရသောအခြေအနေမျိုးသို့ မရောက်ရှိသင့်ကြပေ။

အိမ်ထောင်သားဦးရေတိုးပွားအောင်မပြုမီ သူတို့၏သားသမီးများ မွေးဖွားခြင်းသည် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းရာရောက်သည်မရောက် သည်ကို စဉ်းစားဆင်ခြင်သင့်ကြပေသည်။ အိမ်ထောင်ပြုပြီးသော ပထမ

ဆုံးနှစ်မှအစပြု၍ အိမ်ထောင်သက်တစ်လျှောက်လုံးတွင် သူတို့၏အကြင်လင်မယားဘဝသည် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းစေမည့်ဘဝမျိုးဖြစ် စေရန်ကြိုးပမ်းသင့်ကြပေသည်။

**မိခင်၏ကျန်းမာရေးသည်အရေးကြီးသည်** – မိဘများအပေါ် တွင်ကြီးလေးသောတာဝန်ရှိနေမှုကြောင့် အိမ်ထောင်တွင်သားသမီးများမွေးဖွားခြင်းသည် အကောင်းဆုံးဖြစ်သည်မဖြစ်သည်ကို သေချာစွာစဉ်းစားဆင်ခြင်သင့်ပေသည်။ သူမ၏သားသမီးများကိုကြည့်ရှုပြုစုပေးရန် မိခင်၌လုံလောက်သောအင်အားရှိသလား။ ဖခင်အနေဖြင့်သားသမီးအား မှန်ကန်စွာပုံသွင်းပေးခြင်းနှင့် ပညာသင်ပေးခြင်းများဖြစ်သော အကျိုးကျေးဇူးများကိုဆောင်ရွက်ပေးနိုင်စွမ်းရှိပါသလား။ ကလေး၏ကံကြမ္မာကို ကြိုတင်စဉ်းစားဆင်ခြင်မှုသည် နည်းပါးလှသည်တကား။ ကိလေသာတပ်မက်ခြင်းကိုအာသာဖြေရန်ကိုသာ နှလုံးသွင်းထားကြသည့်အတွက် မိခင်နှင့်ဇနီးဖြစ်သူ၏ခန္ဓာအင်အားကိုဆုတ်ယုတ်စေ၍ သူမ၏ဝိဉာဏအင်အားကို ထုံထိုင်းစေသောဝန်ထုပ်ကြီးများကို သူမအပေါ်သို့ရောက်စေသည်။ ချို့တဲ့သောကျန်းမာရေးနှင့်စိတ်အားငယ်ရသောအချိန်တွင် သူမကြည့်ရှုပြုစုခြင်းမပြုနိုင်သော သိုးစုငယ်ကလေးများသည် သူမအားဝန်းရံထားကြသည်ကို သူမတွေ့မြင်နေရသည်။ သူတို့ရသင့်ရထိုက်သော သွန်သင်ဆုံးမမှုကိုမရရှိသောကြောင့် ယင်းကလေးသူငယ်တို့သည် ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းရမှန်းမသိဘဲ ကြီးပြင်း လာ၍ သူတို့ကိုယ်တိုင် သဘာဝ၏ဆိုးယုတ်ညစ်ညမ်းမှုတို့ကို သူတစ်ပါးတို့အားလက်ဆင့်ကမ်းခြင်းအားဖြင့် စာတန်စိတ်ကြိုက်ခြယ်လှယ်နိုင်သောတပ်စုတစ်စုပေါ်ပေါက်လာလေသည်။

**အခြားကိစ္စများကိုစဉ်းစားဆင်ခြင်ရမည်** – ကလေးသူငယ်တိုင်း သည်သင့်လျော်စွာပညာများဆည်းပူးလျက် သူတို့အားကလေးသူငယ် အသိုက်အဝန်းတွင် ခေါင်းဝင်ကိုယ်ဆံ့ဖြစ်စေရန် သွန်သင်ဆုံးမရာတွင် မိခင်၌ခွန်အားနှင့်အချိန်ရရှိစေအံ့သောငှာ၊ မိဘများတို့သည် ဆင်ခြင်တုံ တရားရှိသောပုဂ္ဂိုလ်များအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ကြစေရန် ဘုရားသခင် သည် အလိုရှိတော်မူပါသည်။ သူမ၏သားသမီးတို့သည် အိမ်ထောင်နှင့် လူ့အဖွဲ့အစည်းအတွက်မင်္ဂလာတစ်ရပ်ဖြစ်စေခြင်းငှာ မိခင်သည် မိမိနှင့် ဆိုင်သောကဏ္ဍကို စိတ်ထားမြင့်မြတ်စွာဆောင်ရွက်ရန်နှင့် ဘုရားသခင်ကို ချစ်ကြောက်ရိုသေသောစိတ်သဘောဖြင့် သူမ၏လုပ်ငန်းကိုဆောင်ရွက်ရန် သူမ၌သူရသတ္တိရှိရမည်။

ဇနီးဖြစ်၍သားသမီးများ၏မိခင်လည်းဖြစ်သောသူသည် အချည်းနှီး

အလုပ်များနေလျက် စိတ်အားငယ်နေရသောအခြေအနေမျိုးနှင့် ရင်ဆိုင်မှု မရှိစေရန် ခင်ပွန်းလည်းဖြစ်၊ ဖခင်လည်းဖြစ်သောပုဂ္ဂိုလ်သည် **ဤ**အချက် အလက်များအာလုံးကို စဉ်းစားဆင်ခြင်သင့်ပေသည်။ မြားမြောင်လှသော သူ့ရင်သွေးကလေးများသည် သင့်လျော်သောသင်ကြားပြသမှုကိုမခံရဘဲ ကြီးပြင်းလာစေခြင်းအားဖြင့် သူတို့အတွက်တရားမျှတသောတာဝန်ကို မထမ်းဆောင်နိုင်သောအခြေအနေမျိုးတွင် သူ့သားသမီးငယ်တို့၏မိခင်သည် ရပ်တည်မနေစေရန် အိမ်ထောင်ဦးစီးဖြစ်သူသည် ကြည့်**ရှု**စီမံရမည်။

မိဘတို့သည် သူတို့အနေဖြင့် ကောင်းမွန်စွာကြည့်**ရှုပြုစု၍** ပညာ သင်ကြားပေးနိုင်သောဦးရေထက်ပို**၍** သားသမီးများကိုမမွေးသင့်ကြပေ။ နှစ်တိုင်းမိခင်၏ရင်ခွင်**၌**မွေးဖွားစသူငယ်ကို ပိုက်ပွေ့နေရခြင်းသည် သူမအား **ပြု**သည့်မဟာမတရားမှုတစ်ရပ်ဖြစ်သည်။ ယင်းကဲ့သို့အဆက်မပြတ် သားသမီး များမွေးဖွားနေရခြင်းသည် လူမှုရေးဆိုင်ရာပျော်ရွှင်မှုကိုနည်းပါးစေ**၍**၊ အများ အားဖြင့် ယင်းပျော်ရွှင်မှုကိုဖျက်ဆီး**၍** အိမ်တွင်းမှုဆိုင်ရာစိတ်ဒုက္ခများကို ပိုမိုများကြစေသည်။ သားသမီးဦးရေများပြားခြင်းသည် မိဘများကသူတို့၏ တာဝန်အနေဖြင့် သားသမီးတို့အား ပေးကမ်းအပ်သောထိန်းသိမ်းကြည့်**ရှု ပြု**စုခြင်း၊ ပညာသင်ကြားပေးခြင်းနှင့်ပျော်ရွှင်မှုတည်းဟူသော ခံစားခွင့်များ ရရှိခြင်းကို လက်လွတ်စေသည်။

**မိသားစုများသောအိမ်ထောင်အတွက်အကြံပေးချက်** – မိဘများ အနေဖြင့် ဖြေရှင်းရမည့်ပြ**ဿ**နာမှာ "မှောင်မိုက်၏တန်ခိုးအာနိသင်များ၏ ဩဝါဒသက်ရောက်မှုကို ခိုင်မာတောင့်တင်းစေ**၍** ယင်းအာနိသင်များ၏ ဘက်တော်သားများဦးရေတိုးတက်စေရန်လည်းကောင်း၊ သို့တည်းမဟုတ် ခရစ်တော်အတွက် သားသမီးများကိုကြည့်**ရှု**ထိန်းသိမ်းပေးရန်လည်းကောင်း ကျွန်ုပ်တို့သည် သားသမီးများကိုမွေးထားကြပါသလား။"

သင်တို့၏သားသမီးများကိုအုပ်ထိန်းခြင်းမရှိ၊ ထို့အပြင် ဘုရားသခင် ၏လိုအပ်ချက်များနှင့်အညီ သူတို့၏စာရိတ္တများကိုပုံသွင်းပေးခြင်းမရှိလျှင် သင်တို့၏ချို့တဲ့သောသင်ကြားပြသမှုကြောင့် အနစ်နာခံရမည့်သားသမီးဦးရေ နည်းပါးလေလေ၊ သင်တို့ကိုယ်တိုင်အတွက်လည်းကောင်း၊ သူတို့၏မိဘ အတွက်လည်းကောင်း ပိုမိုကောင်းမွန်လေလေဖြစ်သည်။

မိမိ၏တာဝန်ကို သိရှိခြင်းနှင့် ကိုယ်ပိုင်ဉာဏ်ထက်မြက်ခြင်းတို့ဖြင့်ပြည့်စုံ၍ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသောသဘောအားဖြင့် မိမိတို့၏အိမ်ထောင်သားတို့ကိုစိုးမိုး လျက် ဖြောင့်မတ်ခြင်းအဆင့်အတန်းနှင့် ရင်ပေါင်တန်းမိအောင် သားသမီး အကျင့်စာရိတ္တများကိုပုံသွင်းပေးနိုင်သော မိခင်၏သင်ကြားပြသမှုနှင့် ဆုံးမသွန်သင်ခြင်းတို့ကို ရင်သွေးငယ်တို့သည် ငယ်စဉ်တောင်ကျေးကလေး ဘဝ မှအစပြု၍ ခံစားမှုမရှိလျှင် သင်တို့၏သားသမီးဦးရေကို တိုးပွားအောင် ပြုလုပ် ခြင်းသည် အပြစ်သာဖြစ်သည်။ ဘုရားသခင်သည် သင်တို့အားကျိုး ကြောင်း ဆင်ခြင်နိုင်သောစွမ်းရည်ကို ပေးထားတော်မူသောကြောင့် ယင်းစွမ်း ရည်ကို လက်တွေ့ကျင့်သုံးကြရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။

ဖခင်နှင့်မိခင်အပေါင်းတို့၊ ကိုယ်တော်ရှင်မြတ်အတွက် သင်တို့၏ သားသမီးများကို သင်ကြားပြသမှုဆိုင်ရာ သင်တို့၏အသိပညာသည် ချို့တဲ့နေသည်ကိုသိလျက်နှင့် သင်တို့သည်ဘာကြောင့်သင်ခန်းစာကိုမယူတတ်ကြ သနည်း။ စာတန်၏ဘက်တော်သားများ၏ဦးရေတိုးတက်လာအောင် အဘယ် ကြောင့် သင်တို့၏သားသမီးဦးရေများပြားလာအောင် ဆောင်ရွက်နေကြသနည်း။ ဤကဲ့သို့အစီအစဉ်မျိုးကို ဘုရားသခင်သည် နှစ်သက်ပါသလား။ လူဦးရေများပြားလှသောအိမ်ထောင်သည် သင်တို့၏ဥစ္စာကြေးငွေများကို ထိခိုက်စေသည်ကိုတွေ့မြင်ရလျှင်လည်းကောင်း၊ ဝန်နှင့်အားမညီမျှအောင် မိခင်၏လက်သို့ သားသမီးများမွေးထားသောကြောင့် ကလေးတစ်ယောက် နှင့်တစ်ယောက်မမွေးဖွားမီစပ်ကြား မိခင်သည် မိမိပြုအပ်သောဝတ္တရားများ ကိုဆောင်ရွက်ရန် အချိန်မလောက်အောင် သားသမီးများကိုဆက်တိုက်မွေး နေသည်ကိုတွေ့မြင်ရလျှင်လည်းကောင်း အိမ်ထောင်ဦးစီးအနေဖြင့် ဘာကြောင့် ယင်းအကျိုးဆက်များကို ဆင်ခြင်မှုမရှိသနည်း။ မွေးဖွားလာသောသားသမီး တိုင်းသည် မိခင်၏အင်အားကိုဆုတ်ယုတ်စေသည်။ ဖခင်ဖြစ်သူနှင့်မိခင် ဖြစ်သူတို့သည် ဤကိစ္စတွင် မိမိတို့၏ဆင်ခြင်တုံတရားကိုမကျင့်သုံးလျှင် ကလေးသူငယ်တို့အား သင့်လျော်စွာဆုံးမပဲ့ပြင်ရန်အခွင့်အရေးသည် မိဘ များ၌ဖြစ်စေ၊ သားသမီးတို့၌ဖြစ်စေ အဘယ်ကဲ့သို့ရှိအံ့သနည်း။ အနာဂတ် ကာလ၏အမှန်တရားများကိုရှေးရှုလျက် ဤကိစ္စကိုမိဘတို့အနေဖြင့် စဉ်းစား ဆင်ခြင်ကြရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။

**စီးပွားရေးဆိုင်ရာစဉ်းစားဖွယ်ရာများ** – မိမိတို့သားသမီးများအတွက် ဘယ်ကဲ့သို့သောအစီအစဉ်များပြုလုပ်ပေးနိုင်သည်ကို မိဘတို့အနေ ဖြင့် တည်ငြိမ်စွာစဉ်းစားဆင်ခြင်သင့်ပေသည်။ သူတစ်ပါးတို့အတွက် ဝန်ထုပ်ဖြစ်စေမည့်သားသမီးများကို မွေးထုတ်ရသောအခွင့် မိဘတို့၌လုံးဝမရှိပေ။ သားသမီးတို့သည် သူတစ်ပါးတို့အတွက်ဝန်ထုပ်မဖြစ်စေအောင် သူတို့အားလုံလောက်စွာကျွေးမွေးသုတ်သင်ထားနိုင်စွမ်းရှိသော လုပ်ငန်းတစ်ခုခုမိဘတို့၌ရှိသလော။ မရှိလျှင် ကောင်းမွန်စွာကြည့်ရှုပြုစုခံရခြင်း၊ စားသောက်ခြင်း

နှင့် ဝတ်စားဆင်ယင်မှုမရှိသည့်အတွက် ဒုက္ခဆင်းရဲခြင်းကိုခံရစေရန် သားသမီးများကိုမွေးထားခြင်းသည် ပြစ်မှုကျူးလွန်ခြင်းသာဖြစ်သည်။ ကူးသန်းရောင်းဝယ်မှုတစ်ခုခု (သို့မဟုတ်) လုပ်ငန်းတစ်ခုခုဆောင်ရွက်ရန် ပုံဆောင်မှုဆိုင်ရာအသိပညာအလွန်အမင်းချို့တဲ့နေသောသူတို့နှင့် လောကကြီးနှင့်ရင်ပေါင်တန်းမိအောင် ပြုနိုင်စွမ်းမရှိသောသူတို့သည် အများအားဖြင့် မိမိတို့၏အိမ်ထောင်များတွင် သားသမီးများစွာကိုမွေးထားတတ်ကြသည်။ သို့ရာတွင် ပစ္စည်းဥစ္စာကိုရှာဖွေစုဆောင်းနိုင်စွမ်းရှိသောသူတို့သည် အများအားဖြင့် သူတို့သုတ်သင်ကျွေးမွေးထားနိုင်သော သားသမီးဦးရေထက်ပို၍ မွေးထားခြင်းမရှိပေ။ မိမိတို့ကိုယ်တိုင်ကို ကျွေးမွေးပြုစုထိန်းသိမ်းထားနိုင်စွမ်းမရှိသော သူတို့သည် သားသမီးများမမွေးသင့်ပေ။

**တစ်ခါတစ်ရံရှုပ်ထွေးခြင်းကိုအသင်းသို့ ဘယ်ကဲ့သို့ယူဆောင် လာပုံ** – တစ်ကိုယ်တည်းနေရစဉ် မိမိတို့ကိုယ်တိုင်ကို သုတ်သင်ကျွေးမွေး နိုင်စွမ်းမရှိသောသူတို့သည် အိမ်ထောင်ကိုဘယ်နည်းနှင့်မျှ ထောက်ပံ့နိုင်စွမ်း မရှိသည်ကိုသိလျက်နှင့် အိမ်ထောင်ပြု၍သားသမီးများကို မွေးကြလေသည်။ ဤအရာထက်ပို၍ဆိုးရွားသောအချက်မှာ အိမ်ထောင်ဆိုင်ရာအုပ်ချုပ်ကွပ်ကဲ မှုလုံးဝမရှိခြင်းဖြစ်သည်။ အိမ်ထောင်သားအားလုံးတို့သည် စည်းလွတ် ကမ်းလွတ်နေထိုင်သွားလာစားသောက်နေကြသည်။ ကိုယ်ကိုကိုယ်ချုပ်တည်း မှုမရှိ၊ ဇာတ်လိုက်မာန်ပါပြုလုပ်တတ်၍ သည်းခံခြင်းလည်းကင်းမဲ့လျက် စိတ်တို တတ်ကြသည်။ ယင်းကဲ့သို့သောပုဂ္ဂိုလ်တို့သည် ဧဝံဂေလိသတင်းစကားကို လက်ခံကြသောအခါ သူတို့ထက်ချမ်းသာကြွယ်ဝသောအသင်းသားများထံမှ အကူအညီအထောက်အပံ့ရရှိထိုက်သည် ဟူသောခံစားချက်မျိုးရင်မှာပိုက်ထား ကြသည်။ အကယ်၍သူတို့၏မျှော်လင့်ချက်အကောင်အထည်မပေါ်လျှင် သူတို့သည် အသင်းတော်များကိုဝေဖန်ပြောဆို၍ ထိုကြောင့် ကြွယ်ဝသော သူတို့သည် အပြောနှင့်အဟောမညီကြဟု စွပ်စွဲပြောဆိုကြသေးသည်။ ဤ ကိစ္စမျိုး ဘယ်သူသကအနစ်နာခံရမည်နည်း။ ဤကဲ့သို့ဆင်းရဲနွမ်းပါး၍ လူဦးရေ များသောအိမ်ထောင်ကြီးများကို ကြည့်ရှုပြုစုရန်အတွက် ဘုရားသခင်၏ အမှုတော်ကိုအနစ်နာခံစေရမည်လား၊ နေရာတကာတွင်ရှိသောဘဏ္ဍာ တော်များကို သူတို့အတွက်အသုံးပြုလိုက်ရမည်လား။ ထိုသို့မပြုရပါ။ ကာယ ကံရှင်မိဘများ သာလျှင်အနစ်နာခံရကြမည်လား။ များသောအားဖြင့် ယင်း မိဘတို့သည် ဥပုသ်နေ့ကိုလက်ခံပြီးသည့်နောက်ပိုင်းတွင် ရှေးကထက်သူတို့ ၏အခြေအနေသည် ပိုမိုဆိုးရွားခြင်းမရှိပေ။

**ပြည်တွင်းသာသနာပြုလုပ်ငန်းကိုအကျဉ်းချုံးနိုင်သည်** – ဝေးလံသောနိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ သာသနာပြုသူတို့စေလွှတ်ရာတွင် ချွေတာ

ရေးကိုနားလည်သောအိမ်ထောင်ဦးရေမများသောသူတို့ကို ရွေးချယ်ရမည်။
လုပ်ဆောင်ရမည့်အချိန်ကားတိုတောင်း၍ အပြီးဆောင်ရွက်ရမည့်အမှုတော်

ကား ကြီးမားကြောင်းကို အသိတရားရှိလျက် မိမိတို့၏အိမ်ဂေဟာများ၌ သားသမီး မြောက်မြားစွာကိုမွေးထားခြင်းမပြုဘဲ သူတို့ဆောင်ရွက်ရမည့် တစ်ခုတည်းသောအမှု တော်ကြီးမှ သူတို့၏စွဲလမ်းမှု (သို့မဟုတ်) အာရုံပြုမှု ကိုလွှဲပြောင်းစေမည့် မည်သည့် အရာနှင့်မဆို မိမိတို့ကိုယ်တိုင်ကို ကင်းကွာ နေစေမည်ဖြစ်သည်။ မိမိကိုယ်ကိုဘုရား သခင်အားဆက်ကပ်ထားသောဇနီး ဖြစ်သူသည်လည်း မိမိ၏ခင်ပွန်းနှင့်လက်တွဲ၍ သူ့ခင်ပွန်းကဲ့သို့ပင် အမှုတော် ကိုဆောင်ရွက်နိုင်မည်ဖြစ်သည်။ သားသမီးမြောက်မြား စွာတို့ကို ဘုရားသခင် အထံတော်သို့ပို့ဆောင်ရာတွင် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေရန် မိမိတို့၌ရှိသောစွမ်းရည်ကို အသုံးပြုနိုင်သောသားသမီးများကို ကိုယ်တော်ရှင်သည် ကောင်းချီးပေးတော်မူခဲ့သည်။ သို့ရာတွင် စွမ်းစွမ်းတမန်အမှု တော်ကို ဆောင်ရွက်နိုင်သော မြောက်မြားစွာသောအမျိုးသမီးတို့သည် မိမိတို့သည် မိမိတို့နေအိမ်များတွင် သားငယ်သမီးငယ်များကို ကြည့်ရှုထိန်းသိမ်းနေရ သောကြောင့် မအားမလပ်ဖြစ်နေကြရသည်။

သာသနာပြုပီသသောသာသနာပြုသူများကို ကျွန်ုပ်တို့လိုအပ်နေပါသည်။ မိမိတို့၏ကိုယ်ကျိုးများကိုဘေးဖယ်၍ ဘုရားသခင်၏အမှုတော်ကို ဦးစားပေး သောသူများကိုလည်းကောင်း၊ ကိုယ်တော်၏ဘုန်းတော်ကိုထင်ရှား စေမည်ဆိုသော တစ်ခုတည်းသောဦးတည်ချက်ထားရှိလျက် သမ္မာတရား မျိုးစေ့ကိုကြဲဖြန့်စိုက်ပျိုးရန် မည်သည့်တာဝန်မဆိုထမ်းဆောင်ရန်နှင့် ကိုယ်တော်ရှင်စေလွှတ်တော်မူသော မည် သည့်နေရာမဆိုသွားရောက်ရန် အမြဲတမ်းအသင့်ဖြစ်နေသောသူတို့ကိုလည်းကောင်း ကျွန်ုပ်တို့လိုအပ်နေပေသည်။ ဘုရားသခင်ကိုချစ်ကြောက်ရိုသေ၍ မိမိ၏ခင်ပွန်း များနှင့်လက်တွဲ ဆောင်ရွက်နိုင်သောဇနီးများရှိသောသူတို့ကို သာသနာပြုလုပ်ငန်း အတွက် လိုအပ်လျက်ရှိသည်။ များစွာသောအိမ်ထောင်ရှိသူများသည် အမှုတော်ကို ဆောင်ရွက်ရန် ကွင်းဆင်းသွားကြသော်လည်း အမှုတော်ကိုဆောင်ရွက်ရာ တွင် အင်တိုက်အားတိုက်မရှိကြပေ။ သူတို့၏အာရုံစူးစိုက်မှုသည် အမှုတော် တစ်ခု တည်းအပေါ်၌မရှိကြပေ။ သူတို့သွားရောက်၍ အမှုတော်ကိုထမ်းဆောင် ရမည့် နေရာများကို သွားရောက်ခြင်းမရှိဘဲ သားမယားတို့၏ဆွဲငင်ခေါ်ဆောင် ထားမှုတို့ ကြောင့် သူတို့သည် အိုးအိမ်မကွာနေထိုင်ခဲ့ကြသည်။

———o———

## အခန်း ၂၅
# ချို့တဲ့သောကလေးများကိုကြည့်ရှုပြုစုခြင်း

**မိဘမဲ့ကလေးသူငယ်များ** – ယုံကြည်ခြင်း၌ကွယ်လွန်သွားကြသည့် မြောက်မြားစွာသောဖခင်ဖြစ်သူတို့သည် ဘုရားသခင်၏ထာဝရကတိ တော်ကို

အမှီတံကဲပြုလျက်၊ ကိုယ်တော်ရှင်သည် သူ့ဇနီးသားသမီးများကို ကြည့်ရှုထိန်းသိမ်းတော်မူမည်ကိုစိတ်ချ၍ သူ့ချစ်သူတို့နှင့်ခွဲခွာသွားကြသည်။

**ဤ**ကဲ့သို့ကျန်ရစ်ခဲ့သောမိသားစုများကို ဘုရားသခင်သည် ဘယ်ကဲ့သို့ ကြည့်**ရှု**စောင့်ထိန်းတော်မူသနည်း။ ကောင်းကင်မှသူတို့အတွက် မန္နမုန့်ကို ချပေးတော်မူခြင်းအားဖြင့် ကိုယ်တော်ရှင်သည် နိမိတ်လက္ခဏာတော်ကိုမပြ ပေ။ သူတို့အတွက်အစားအစာကိုဆောင်ယူခဲ့ရန် ကျီးအများကိုအသုံး**ပြု**တော် မမူပေ။ သို့ရာတွင် လူသားတို့၏နှလုံးသားပေါ်တွင် ကိုယ်တော်ရှင်သည် နိမိတ်လက္ခဏာတော်ကိုပြတော်မူခြင်းအားဖြင့် သူတို့၏စိတ်နှလုံးများမှ တစ်ကိုယ်ကောင်းစိတ်များကို ဖယ်ရှားတော်မူ**၍** ရက်ရောစွာလှူဒါန်းသော စိတ်များကို သွတ်သွင်းပေးတော်မူသည်။ ဒုက္ခရောက်သောသူတို့နှင့်မိတဆိုး ဖတဆိုးဖြစ်သောသူတို့အား သူတို့၏က**ရု**ဏာများပိုင်နက်ထဲသို့ပို့ပေးတော် မူခြင်းအားဖြင့် ဘုရားသခင်၏တပည့်တော်များဟု မိမိကိုယ်ကိုခေါ်ဆိုကြ သောသူတို့အတွက် မေတ္တာ၏အတိမ်အနက်ကို ကိုယ်တော်ရှင်သည်စမ်းသပ် တော်မူသည်။

ဘုရားသခင်၏မေတ္တာတော်ကို ရင်ဝယ်ပိုက်ထားသောသူတို့သည် **ဤ**ဒုက္ခသည်ကလေးသူငယ်များအားဝင်စေရန် မိမိတို့၏စိတ်နှလုံးတံခါးများနှင့်နေအိမ်မှတံခါးများကို ဖွင့်ပေးထားကြပါစေ။

မိဘတို့၏လမ်းပြပို့ဆောင်မှုကိုလည်းကောင်း၊ ခရစ်ယာန်အိမ်ထောင်၏ထက်မြက်သောသြဇာသက်ရောက်မှုကိုလည်းကောင်း မရရှိကြသော **ဤ** ကလေးသူငယ်များနှင့်လူငယ်လူရွယ်များကို ကြည့်**ရှု**ထိန်းသိမ်းရာတွင် ကိုယ်တော်ရှင်အတွက်အမှုတော်ဆောင်ရွက်လိုသောသူတို့အတွက် ကျယ်ဝန်းလှသောအလုပ်ခွင်ကြီးရှိပေသည်။ ယင်းကလေးသူငယ်များနှင့် လူငယ်လူရွယ်အများတို့သည် ဆိုးသွမ်းသောအကျင့်ဓလေ့များကို အမွေခံထားခဲ့ကြသည်။ အကယ်**၍**သူတို့အား အသိတရားကင်းမဲ့သောအခြေအနေမျိုး**၌** ကြီးထွားလာခွင့်**ပြု**လျှင် ပြစ်မှုကျူးလွန်သောလူ့အသိုက်အဝန်းထဲသို့ သူတို့သည်ရောက်ရှိသွားကြလိမ့်မည်ဖြစ်သည်။ **ဤ**ကဲ့သို့အလားအလာမကောင်းလှသော ကလေးများနှင့်လူငယ်လူရွယ်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်လာစေရန် ကောင်းသောအကျင့်စာရိတ္တများ ဆောက်တည်ပေးနိုင်မည့်အခြေအနေများတွင် ထားရှိပေးရန်လိုအပ်ပေသည်။

**အသင်းတော်၏တာဝန်** – ဖခင်မဲ့မိခင်မဲ့ကလေးသူငယ်တို့သည် အသင်းတော်၏အမိုးအောက်သို့ရောက်ရှိလာကြသည်။ ယင်းတို့နှင့်ပတ်သက်**၍** ခရစ်တော်ကမိမိတို့၏တပည့်တော်တို့အား မိန့်မှာထားတော်မူသည်မှာ "**ဤ**ဒုက္ခသည်ကလေးများကိုခေါ်ထားကြပါ။ သူတို့အား ကျွန်ုပ်အတွက် ကြည့်**ရှုပြု**စုထိန်းကျောင်းပေးပါ။ သင်တို့သည် အခကိုရရှိကြမည်။ **ဤ**ကိစ္စ

မျိုးတွင် တစ်ကိုယ်ကောင်းစိတ်မွေးမြူကြသောသူအမြောက်အမြားကို ကျွန်ုပ် တွေ့ရှိခဲ့ရသည်။ ကျွေးမွေးသုတ်သင်ပြုစုပေးရမည့် အိမ်ထောင်များကိုလိုအပ် နေသောသူတို့အား မိမိတို့၏အိမ်ထောင်များတွင် ခေါ်ယူမွေးစားထားလျှင် မိမိတို့ကိုယ်တိုင်အတွက်အကျိုးဖြစ်ထွန်းမည့် အထူးအထောက်အထားများ မရှိလျှင် သူတို့ကမမွေးစားနိုင်ဟု ငြင်းပယ်ပြောဆိုကြသည်။ ယင်းကဲ့သို့ သောသူငယ်များ၊ ကယ်တင်ခြင်းခံစားရမည်၊ သို့တည်းမဟုတ်လျှင် ပျက်စီး ခြင်းသို့ရောက်မည်ဆိုသောကိစ္စကို သူတို့အနေဖြင့်သိရှိဟန်မတူပေ၊ ဂရု လည်းစိုက်ဟန်မတူပေ။ သူတို့နှင့်မစပ်ဆိုင်သောကိစ္စဟူ၍ရွှေ့သဘောထားကြ သည်။ သူတို့သည် ကာ**ဣ**န၏နမူနာကိုလိုက်**၍** "ကျွန်ုပ်တို့သည် ကျွန်ုပ်၏ ညီကိုထိန်းသောသူဖြစ်သလော" ဟုဆိုကြသည်။ မိဘမဲ့ကလေးများအတွက် သူတို့သည်အခက်အခဲကိုရင်ဆိုင်လိုစိတ်မရှိကြပေ။ (သို့မဟုတ်) အနစ်နာ ခံလိုစိတ်မရှိကြပေ။ ထိုကြောင့်ဒုက္ခသည်ကလေးများကိုလက်ခံ**၍** ကြည့်**ရှု** ပြုစုထိန်းကျောင်းပေးရန်ကိစ္စအတွက် မိမိကိုယ်ကိုခရစ်ယာန်များဟု ခေါ်ဆို ကြသောသူများထက် တစ်ခါတစ်ရံပိုမိုဆန္ဒရှိကြသော လောကီသားတို့၏ လက်သို့လွှဲအပ်ကြသည်။ သခင်ဘုရား၏နေ့ရက်တွင် ကယ်ဆယ်ရေးလုပ်ငန်း ကို လုပ်ကိုင်ခွင့်ပေးထားခြင်းခံရသောသူတို့သည် စစ်ကြောစီရင်ခြင်းကိုခံရ ကြမည်။ သို့ရာတွင် သူတို့အနေဖြင့် ယင်းတာဝန်ကိုမထမ်းဆောင်လိုကြပေ။ ယင်းကောင်းသောလုပ်ငန်းသည် သူတို့အတွက်အကျိုးမရှိလျှင် သူတို့**၌** လုပ်ကိုင်သောဆန္ဒမရှိပေ။ ယင်းကဲ့သို့ကောင်းသောလုပ်ငန်းကို လုပ်ကိုင်ရန် အခွင့်အရေးကိုငြင်းဆန်သောသူတို့သည် ယေ**ရှု**ရှင်၏**ဤ**မိန့်ကြားချက်ကို ကြားရလိမ့်မည်ဟု ကျွန်ုပ်တို့အား**ရှု**ပါ**ရုံ**တွင်ပြထားတော်မူသည်။ "သင်တို့ သည် **ဤ**သူတည်းဟူသောငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက် အားမပြုကြသမျှ ငါ့အားမပြုကြပြီ" ဟေရှာ၊ ၅၈း၅–၁၁ ကိုဖတ်ကြည့်ပါ။

**သားသမီးရတနာမထွန်းကားသောဇနီးမောင်နှံတို့အားမှာကြား ထားချက်** – သားသမီးအရင်းအချာမရှိသောသူတို့သည် သူတစ်ပါးတို့၏ သားသမီးများကို ချစ်ခင်မြတ်နိုးစောင့်ရှောက်လိုသော စိတ်မျိုးမွေးမြူသင့် ကြပေသည်။ သူတို့ အနေဖြင့် ပင်လယ်ရပ်ခြားတိုင်းတစ်ပါးသို့သွားရောက်**၍** အမှုတော်ကိုဆောင် ရွက်ရန် ဖိတ်ခေါ်ခြင်းကိုခံရကြမည်မဟုတ်ပေ။ သို့ရာတွင် သူတို့နေထိုင်လျက်ရှိ သောရပ်ကွက်ဒေသတို့တွင် အမှုတော်ကိုထမ်းဆောင်ရန် ဖိတ်ခေါ်ခြင်းကိုခံရ ပေမည်။ အိမ်**၌**လက်သပ်မွေးထားသောတိရစ္ဆာန် သတ္တဝါများကို အလွန်အမင်း ဂရုတစိုက်လုပ်နေမည့်အစား၊ စကားမပြော တတ်သောအဟိတ်တိရစ္ဆာန်များကို ခင်တွယ်နေမည့်အစား ကောင်းကင်ကို

ရောက်ရှိနိုင်ခွင့်နှင့် ငရဲကိုရှောင်ရှားခွင့်ရှိ သောလူသတ္တဝါတို့အတွက် မိမိတို့၏ စွမ်းရည်တို့ကိုအသုံးပြုအပ်ကြပေသည်။ စာရိတ္တများကိုပုံသွင်းပေးနိုင်၍

ဘုရားသခင်၏အလိုတော်နှင့်ညီလျော်နေသော **ပြု**ပြင်မှုမျိုးကိုရရှိအောင် ဆောင်ရွက်ပေးနိုင်သောသူငယ်များကိုကြည့်**ရှုပြု**စုကြပါလေစေ။ သင်တို့၏ ပတ်ဝန်းကျင်**၌**ရှိသော အိမ်ခြေရာခြေမဲ့ကလေးသူငယ်များကို ချစ်ခင်မြတ်နိုးကြပါ။ လူသားတို့၏အိမ်ထောင်များအား သင်တို့၏စိတ်နှလုံးတံခါးများကို ပိတ်မထားဘဲ အိမ်ခြေရာခြေမဲ့သောကလေးသူငယ်ဘယ်လောက်များများ သင်တို့သည် ဘုရားသခင်၏ဩဝါဒအတိုင်း ကြည့်**ရှုပြု**စုပေးနိုင်သည်ကို ဂ**ရု**စိုက်ပါ။ အလုပ်လုပ်ကိုင်လိုသောသူတို့အတွက် လုပ်ကိုင်စရာအလုပ် မြောက်မြားစွာရှိသည်။ **ဤ**ကဲ့သို့သောခရစ်ယာန်တို့၏**ကြိုး**စားဆောင်ရွက်မှု များကို လုပ်ကိုင်ခြင်းအားဖြင့်၊ အသင်းတော်အနေဖြင့် အသင်းသား ဦးရေတိုးတက်လာနိုင်**၍** စိတ်သဘောထားများလည်း ကြွယ်ဝရင့်ကျက်လာနိုင် သည်။ အိုးအိမ်မဲ့ကလေးသူငယ်များနှင့် မိဘမဲ့ကလေးသူငယ်များကိုကယ်ဆယ် မှုသည် လူတိုင်း၏တာဝန်ဖြစ်သည်။

သားသမီးရတနာများမထွန်းကားသော်လည်း ဥစ္စာကြေးငွေမြောက်မြားစွာကိုဘဏ္ဍာစိုးအနေဖြင့် ဘုရားသခင်၏ခန့်အပ်ထားတော်မူခြင်းကို ခံရသောသူတို့သည် မေတ္တာက**ရု**ဏာနှင့်ကြည့်**ရှုပြု**စုခြင်းကိုလည်းကောင်း၊ လောကီဆိုင်ရာဥစ္စာပစ္စည်းအားဖြင့် ထောက်ပံ့ခြင်းကိုလည်းကောင်း လိုအပ် နေသောကလေးသူငယ်များကိုကြည့်**ရှုပြု**စုလျှင် ယခုအချိန်ထက်ပိုမိုပျော်ရွှင် သောအချိန်အခါမျိုးကို လက်တွေ့ရင်ဆိုင်ကြရမည်ဖြစ်သည်။ ဖခင်၏ ယုယစွာထိန်းသိမ်းစောင့်ရှောက်ခြင်းကိုလည်းကောင်း၊ မိခင်၏ကြင်နာစွာ ချစ်ခင်မှုကိုလည်းကောင်း မခံစားရသောလူငယ်လူရွယ်တို့သည် နောက်ဆုံးကာလ၏ဆိုးသွမ်းယုတ်မာသော ဩဇာသက်ရောက်မှုများကို ရင်ဆိုင်နေသမျှ ကာလပတ်လုံး တချို့သော**ဤ**လူငယ်လူရွယ်မျိုးအတွက် ဖခင်နှင့်မိခင်တို့၏ တာဝန်ကိုထမ်းဆောင်ပေးရန် လူတစ်ဦးဦး၏တာဝန်သာလျှင်ဖြစ်သည်။ ယင်းကဲ့သို့သောလူငယ်လူရွယ်များကိုချစ်ပါ၊ ကိုယ်ချင်းစာပါ။ ကောင်းကင်ဘုံ**၌** ခမည်းတော်တစ်ပါးရှိတော်မူသည်ကိုလည်းကောင်း၊ ထိုခမည်းတော်သည် သူတို့ကိုကြည့်**ရှုပြု**စုတော်မူ**၍** နောက်ဆုံးတွင် သူတို့အတွက်ပြင်ဆင်ထား တော်မူသောအိမ်တော်သို့ ခေါ်ဆောင်သွားမည်ကို လည်းကောင်း ယုံကြည် ကြသောသူတို့သည် မိတ်ဆွေမဲ့ဖြစ်သောသူတို့အတွက် မိတ်ဆွေဖြစ်**၍** မိဘ မဲ့ဖြစ်သောသူတို့အတွက် ဖခင်အနေဖြင့်ကြည့်**ရှု**ရန်လည်းကောင်း၊ မုဆိုးမများကိုထောက်ပံ့**၍** လူသားတို့အားကောင်းကျိုး**ပြု**ခြင်းအားဖြင့် **ဤ**ကမ္ဘာ ပေါ်တွင် လက်တွေ့အသုံးကျသောသူများအနေဖြင့် ရပ်တည်ရန်လည်းကောင်း သူတို့၏တာဝန်ဖြစ်သည်ဆိုသော ခံစားချက်မျိုးထားရှိပေသည်။

**ဓမ္မဆရာများ၏ဇနီးတို့သည် ကလေးများမွေးစားထားသင့်သလား** – ဓမ္မဆရာတစ်ဦး၏ဇနီးသည် ကလေးများကိုမွေးစားထားသင့်သလားဆိုသော မေးခွန်းကို မေးထားပါသည်။ ကျွန်ုပ်တို့အနေဖြင့်ဖြေလိုသည်မှာ ဓမ္မဆရာ၏ ဇနီးသည် ပြင်ဘက်လောကတွင် သာသနာ**ပြု**လုပ်ငန်းကို လုပ်ကိုင်လိုသော ဆန္ဒမရှိ၊ လုပ်ကိုင်နိုင်သောအရည်အချင်းမရှိသော်လည်း မိဘမဲ့ကလေးများကို

ကြည့်**ရှု**ပြုစုပေးရန် သူမ၏တာဝန်ဖြစ်သည်ဟူသော ခံစားချက်မျိုးရှိလျှင် သူမသည် ကောင်းမြတ်သောအလုပ်တစ်ခုကို လုပ်ကိုင်နိုင်သည်။ သို့ရာတွင် ဥပုသ်နေ့ကိုစောင့်ထိန်းသောမိဘများမှ ကျန်ရစ်ခဲ့သောမိဘများကို ဦးစား ပေးရွေးချယ်ပါသည်။ **ဤ**အိုးအိမ်မဲ့ကလေးများကို မိမိတို့နေအိမ်များတွင် လိုလိုလားလားနေထိုင်ခွင့်**ပြု**သောသူတို့ကို ဘုရားသခင်သည် ကောင်းချီး ပေးတော်မူသည်။ သို့ရာတွင် ဓမ္မဆရာ၏ဇနီးကိုယ်တိုင်က အခြားသူတို့အား တစ်တပ်တစ်အားအနေဖြင့် ပါဝင်ပညာသင်ကြားပို့ချပေးနိုင်လျှင် သူမသည် ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးအနေဖြင့် မိမိ၏စွမ်းရည်များကို ဘုရားသခင် အားဆက်ကပ်နိုင်သည်။ သူမသည် သူမ၏ခင်ပွန်းအတွက် စစ်မှန်သော အထောက်အပံ့ဖြစ်သင့်**၍** သူဆောင်ရွက်ရသောလုပ်ငန်းတွင် ကူညီဆောင်ရွက် လျက်၊ သူမ၏ပညာအရည်အချင်းကိုလည်း ပိုမိုတိုးတက်အောင် ယင်းသတင်း စကားတော်ကိုဟောပြောရာတွင်လည်း သူ့ခင်ပွန်းနှင့်လက်တွဲဆောင်ရွက်သင့် ပေသည်။ ကူညီမှုကိုလိုအပ်နေသောလူတို့ထံသို့သွား**၍** စိတ်အားငယ်နေသော သူတို့အား အလင်းတရားကိုထွန်းလင်းပေးရန် ခရစ်တော်၏ကျေးဇူးတော် အားဖြင့် ချီးမြှင့်ခံရသောစိတ်နှိမ့်ချ**၍** မိမိကိုယ်ကိုဆက်ကပ်ထားသော အမျိုး သမီးများအတွက် လမ်းသည်ဖွင့်လျက်ရှိသည်။ အတူတကွဆုတောင်း ခြင်းဖြင့် လည်းကောင်း၊ သူတို့အားခရစ်တော်ကို**ညွှ**န်ပြခြင်းအားဖြင့်လည်းကောင်း စိတ်အားငယ်**၍**မောပန်းသူတို့အား ချီကြွပေးနိုင်သည်။ သို့ရာတွင် အမြဲတမ်း ကြည့်**ရှု**ပြုစုနေရမည့် မစမဲ့ကလေးတစ်ယောက်တည်းအတွက် ယင်းကဲ့သို့အချိန် ကုန်လူပန်းမဖြစ်သင့်ပေ။ ယင်းကဲ့သို့ တစ်ယောက်တည်းသောကလေးသူငယ် များအတွက် အချိန်ကုန်လူပန်းကိစ္စမျိုးနှင့် သူတို့၏လက်များကိုရစ်နှောင် မထားသင့်ကြပေ။

**မိဘမဲ့ကလေးများနှင့်မိတ်ဆွေမဲ့သူတို့အတွက် အိမ်တံခါးများကို ဖွင့်ပေးထားပါ** – တတ်နိုင်သရွေ့သင့်အိမ်ကို အိုးအိမ်မဲ့သူတို့အတွက် နေထိုင်ရာအရပ်ဖြစ်စေပါ။ **ဤ**လုပ်ငန်းမျိုးကိုဆောင်ရွက်ရာတွင် တစ်တပ် တစ်အားအနေဖြင့် ပါဝင်ဆောင်ရွက်ကြဖို့ လူတိုင်းအသင့်ဖြစ်နေပါလေစေ။ ကယ်တင်ရှင်ကပေတ**ရု**အားမိန့်တော်မူသည်မှာ "ငါ၏သိုးသငယ်တို့ကို ကျွေးမွေးလော့" **ဤ**အမိန့်တော်သည် ကျွန်ုပ်တို့အတွက်ဖြစ်**၍** အိုးအိမ်မဲ့ ဖြစ်သောမိဘမဲ့ကလေးများအား ကျွန်ုပ်တို့၏အိမ်တံခါးများကိုဖွင့်ပေးခြင်း အားဖြင့် ယင်းအမိန့်တော်ကိုနာခံကျင့်သုံးကြသည်။ **ဤ**ကိစ္စတွင် သင့်အ တွက် ကြောင့် ယေ**ရှု**ရှင်အားစိတ်မကောင်းမဖြစ်ပါစေနှင့်။

ဤကလေးသူငယ်များကိုယူ၍ သူတို့အားမွေးကြိုင်သောပူဇော်သကာအနေဖြင့် ဘုရားသခင်အားဆက်ကပ်ပါ။ သူတို့အားကောင်းချီးပေးတော်မူရန်ဆုတောင်းပြီးနောက် ခရစ်တော်၏အမိန့်တော်အတိုင်း သူတို့ကိုပြုပြင်

ပုံသွင်းပေးပါ။ **ဤ**ဘာသာအယူဝါဒနှင့်ဆိုင်သော ယုံကြည်လွှဲအပ်မှုကို ကျွန်ုပ်တို့၏အသင်းသူအသင်းသားများသည် လက်ခံကြမည်လော။

**ဘုရားသခင်၏လူတို့အတွက်စမ်းသပ်ချက်** – အိုးအိမ်မဲ့ဖြစ်သူတို့အား နေထိုင်ရာအရပ်ကိုရှာဖွေဖန်တီးပေးသောကိစ္စနှင့်ပတ်သက်**၍**လည်းကောင်း၊ သမ္မာတရားကိုယုံကြည်လက်ခံသည့်အတွက်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်မည့်သူမြောက်မြားစွာရှိလိမ့်မည်အကြောင်းနှင့်ပတ်သက်**၍**လည်းကောင်း နှစ်ပေါင်းများစွာအထက်က ကျွန်ုပ်တို့အားပြတော်မူပါသည်။ ကန့်ကွက်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုခံရသောကြောင့် ယုံကြည်သောသူတို့သည် အိုးအိမ်မဲ့ဖြစ်ရကြသည်။ ထိုကြောင့် အိုးအိမ်မဲ့သောသူတို့အား အိုးအိမ်ရှိသောသူတို့က မိမိတို့၏အိမ်တံခါးများကို ကျယ်ကျယ်ဖွင့်ပေးကြရန် တာဝန်ရှိပေသည်။ **ဤ**ကိစ္စနှင့်ပတ်သက်**၍** ကိုယ်တော်ရှင်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏စမ်းသပ်မှုကိုခံရလိမ့်မည်ဖြစ်ကြောင်းတို့ကို ကျွန်ုပ်တို့အား များမကြာမီကပင်ပြသတော်မူသည်။ ကိုယ်တော်ရှင်၏ဆင်းရဲနွမ်းပါးခြင်းအားဖြင့် ကျွန်ုပ်တို့သည် ချမ်းသာကြွယ်ဝလာစေခြင်းငှာ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ဆင်းရဲနွမ်းပါးခြင်းကိုခံတော်မူသည်။ ကမ္ဘာလောကကြီးပေါ်တွင် ကျင်လည်နေရသောအချိန်တွင် ကောင်းကင်ပြည်တည်းဟူသော သာ**၍**မြတ်သောပြည်ကို တောင့်တရှာဖွေနေကြသောဧည့်သည်များနှင့် အာဂန္တုများအတွက် နေထိုင်ရာဇရပ်ရှိစေခြင်းငှာ ခရစ်တော်ယေ**ရှု**သည် မိမိကိုယ်ကိုယ်ဧပူဇော်ခံတော် မူသည်။

---o---

# **အခန်း ၂၆**

# **သားသမီးများအတွက်မိဘတို့၏အမွေအနှစ်**

**ရိုးရာလိုက်ခြင်းဆိုင်ရာနိယာမ** – မိဘတို့၏ကာယဗလနှင့် ဉာဏဗလအခြေအနေတို့မှ ပေါက်ပွားမွေးဖွားလာသောသားစဉ်မြေးဆက်တို့တွင် ဆက်ဆံတည်မြဲနေတတ်သည်။ **ဤ**ကိစ္စကိုကောင်းမွန်စွာစဉ်းစားဆင်ခြင် မှုမရှိကြပေ။ ကာယဆိုင်ရာနိယာမတရားကို ဆန့်ကျင်သောအကျင့်ဓလေ့များ ကြောင့် မိဘခံစားရသောဝေဒနာသည် အနာဂတ်လူမျိုးအစဉ်အဆက်တို့တွင် ပြန်လည်ပေါ်ပေါက်လာလိမ့်မည်။

ကာယဉာဏနှင့်စာရိတ္တတို့ဆိုင်ရာလိုအပ်သော**ပြု**ပြင်မှုတို့ကို **ပြု**လုပ်ခြင်းအားဖြင့် အားလုံးသောသူတို့သည် ခရစ်တော်နှင့်လက်တွဲလုပ်ကိုင်ကြသောသူများဖြစ်လာနိုင်ကြသည်။ မိဘတို့အပေါ်တွင် အများဆုံးရပ်တည်နေသည်။ မင်္ဂလာသော်လည်းကောင်း၊ အမင်္ဂလာသော်လည်းကောင်း ဖြစ်စေမည့် သားသမီးကိုမွေးဖွားပေးရာတွင် မိဘတို့အပေါ်**၌** အများဆုံးတာဝန်ရှိနေသည်။

ရည်စူးချက်ပိုမိုမြင့်မြတ်လေလေ၊ ဉာဏဗလနှင့်ဝိဉာဏဗလပိုမို မြင့်မားလေလေ၊ **ၶ**င်းပြင် မိဘတို့၏ကာယဗလတို့သည် ပိုမိုကြီးထွားလေလေ၊ သူတို့၏သားသမီးများအား သူတို့လက်ဆင့်ကမ်းသောဘဝအသက်တာဆိုင်ရာ တန်ဆာပလာသည် ပိုမိုကောင်းမွန်လေလေဖြစ်မည်။ သူတို့ကိုယ်တိုင်**၌**ရှိသော အကောင်းဆုံးသောအရည်အသွေးကို မွေးမြူထိန်းသိမ်းမြေတောင် မြှောက်ပေးရာတွင် မိဘတို့သည် လူ့အဖွဲ့အစည်းကိုပုံသွင်းပေးရန်နှင့် အနာဂတ် လူမျိုးအစဉ်အဆက်များကိုမြှောက်ပင့်ပေးရန်**ကြိုး**ပမ်းမှုပေါ်တွင် များစွာ ဩဇာသက်ရောက်မှုရှိစေလေသည်။

**မိဘများတို့သည် ဝမ်းနည်းဖွယ်ကောင်းအောင်အသိပညာနည်းပါးကြသည်** – ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထား တော်မူ**၍** ကိုယ်တော်ရှင်ပိုင်တော်မူသော ကလေးသူငယ်တို့၏ဝိညာဉ်များနှင့် ကိုယ်ခန္ဓာများကို ထိန်းသိမ်းကြည့်**ရှု**ရသောသူတို့သည် ထောင်သောင်းမကသောသူတို့၏ကာယဗလနှင့်စာရိတ္တဗလတို့ကို ဖျက်ဆီးနေသော ယခုခေတ်၏ကာမဂုဏ်လိုက်စားမှု၏အန္တရာယ်မှ ကလေးသူငယ်တို့ကိုကာကွယ်ထားသင့်ပေသည်။ ယခုခေတ်ရာဇဝတ်မှုကျူးလွန်ခြင်းတို့၏အကြောင်းအရာကိုကြည့်**ရှု**လျှင် **ဤ**အကြောင်းအရာနှင့်ပတ်သက်**၍** ဂ**ရု**မစိုက်သောမိဘတို့၏ အသိပညာကင်းမဲ့ခြင်းဖြစ်သည်ကို တွေ့မြင်ရပါလိမ့်မည်။ **ဤ**ဝမ်းနည်းဖွယ်သောအသိပညာကင်းမဲ့ခြင်းကြောင့် ကျန်းမာခြင်းနှင့်ဘဝရပ်တည်မှုကိုပင် အနစ်နာခံရသည်။ မိဘတို့၊ သင်တို့၏သားသမီးတို့အား ပညာသင်ပေးရမည့် ဘုရားသခင်အပ်နှင်းထားတော်မူသောတာဝန်ကို ပညတ်အားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း

ဆောင်ရွက်ရန်ပျက်ကွက်လျှင် သက်ရောက်သောအကျိုးအတွက် ဘုရားသခင်နှင့်စာရင်းရှင်းရကြလိမ့်မည်။ အကျိုးသက်ရောက်မှုများသည် သင်တို့၏သားသမီးများနှင့်သာသက်ဆိုင် သည်မဟုတ်ပေ။ ယင်းတို့သည် လူမျိုးအစဉ်အဆက်ပေါင်းများစွာအထိ ရောက်ရှိလိမ့်မည်။ လယ်ထဲတွင်ပေါက်ခွင့်ပြုထားသောဆူးပင်တစ်ပင်သည် ယင်းကဲ့သို့သောအပင်ကလေးမြောက်မြားစွာတို့ကိုရိတ်သိမ်းစေသကဲ့သို့ သင်တို့၏ပေါ့လျော့မှုနှင့်ဂရုမစိုက်မှုကြောင့် ဖြစ်ပျက်ခဲ့သောဒုစရိုက်တို့သည် ယင်း၏သြဇာသက်ရောက်မှုအောက်သို့ ဝင်ရောက်လာသောသူအားလုံးတို့၏ ပျက်စီးရာပျက်စီးကြောင်းကို လုပ်ကိုင်လိမ့်မည်ဖြစ်သည်။

**ချုပ်တည်းမြိုးခြံကင်းမဲ့ခြင်း၏အပြစ်များကို အမြဲတမ်းကျင့်သုံးခြင်း** – စည်းစိမ်ဖြင့်နေထိုင်**၍** အရက်သေစာသောက်စားခြင်းသည် သွေးကိုညစ်ညမ်း **စေ၍** စိတ်ကိုခက်ထန်စေပြီး လျင်မြန်စွာရောဂါအမျိုးမျိုးကိုပေါ်ပေါက်လာ စေသည်။ သို့ရာတွင် မကောင်းမှုသည် ယင်းနေရာတွင်ရပ်စဲနေခြင်းမရှိပေ။ မိဘတို့သည် အမွေအနှစ်အနေဖြင့် ရောဂါဝေဒနာများကိုသားသမီးတို့အား လက်ဆင့်ကမ်းကြသည်။ အများအားဖြင့် ချုပ်တည်းမြိုးခြံကင်းမဲ့သောသူ တိုင်းသည် သားသမီးတို့အား ဝေဒနာများနှင့်ဆိုးသွမ်းမှုလိုက်စားလိုသော ဆန္ဒများကို လက်ဆင့်ကမ်းကြသည်။ သူ့ညစ်ညမ်းသောသွေး**၌**ရှိနေသော ရောဂါဝေဒနာများကို သားသမီးတို့ဆီသို့သက်ဆင်းစေသည်။ ကာမဂုဏ် လွန်ကျူးခြင်းရောဂါဝေဒနာနှင့်လူစဉ်မမီခြင်း စသောအကုသိုလ် များကိုဒုက္ခအမွေအနှစ်အနေဖြင့် ဖခင်မှသားထံသို့လည်းကောင်း၊ လူမျိုး တစ်ဆက်မှနောက်တစ်ဆက်သို့လည်းကောင်း လက်ဆင့်ကမ်းသောကြောင့် ကမ္ဘာလောကကြီးတွင် စိတ်ဒုက္ခကိုယ်ဒုက္ခများကို ပေါ်ပေါက်လာစေလျက် ယင်းအပြစ်များကိုလည်း ထပ်တလဲလဲကျူးလွန်နေကြလေသည်။

အထက်ပါအခြေအနေရှိနေလင့်ကစား ယခုခေတ်အမျိုးသား၊ အမျိုးသမီးတို့သည် စဉ်းစားဆင်ခြင်မှုနှင့်စိုးရိမ်မှုမရှိဘဲ ချုပ်တည်းမြိုးခြံမှုကိုကျော်ခိုင်းလျက် အရက်သေစာများကိုသောက်စားမူးယစ်နေကြခြင်းအားဖြင့်နောင်လာနောက်သားတို့အား ရောဂါဝေဒနာများ၊ ချို့တဲ့သောဉာဏ်စွမ်းရည်၊ ဉာဏ်စများနှင့် ညစ်ညမ်းသောကိုယ်ကျင့်တရားများကို အမွေအနှစ်အနေဖြင့်လက်ဆင့်ကမ်းကြသည်။

**နှစ်ထပ်ကွမ်းနားလည်မှုနှင့်သည်းခံဖို့အတွက်အကြောင်းရင်း –**

ဖခင်နှင့်မိခင်တို့သည် မိမိတို့၏အကျင့်စာရိတ္တများကို မိမိတို့၏သားသမီး များတွင် လေ့လာနိုင်ကြသည်။ သူတို့၏သားသမီးများ**၌** တစ်ဆင့်ထွက်ပေါ် လာသောသူတို့ကိုယ်တိုင်၏ချို့ယွင်းချက်များကို တွေ့မြင်ကြသောအခါ သူတို့ သည် မကြာခဏဆိုသကဲ့သို့ရှက်ဖွယ်ဖြစ်သော သင်ခန်းစာများကိုဖတ်**ရှု**ကြ သည်။ မကောင်းသောအကျင့်ဓလေ့များအမွေခံထားသော မိမိတို့၏သားသမီး များကို သွန်သင်ဆုံးမပဲ့ပြင်ရန် **ကြိုး**ပမ်းနေချိန်တွင် မိဘတို့သည် နှစ်ထပ် ကွမ်းသည်းခံမှု၊ ဖွဲလုံ့လရှိမှုတို့ကို နှစ်ထပ်ကွမ်းထားရှိကျင့်သုံးရန် လိုအပ် ပေသည်။

မိဘတို့ထံမှအမွေခံထားသောအကျင့်ဆိုးတစ်ခုကို သားသမီးတစ်ဦးဦး ကထုတ်ဖော်ကျင့်သုံးနေလျှင် သူတို့ကိုယ်တိုင်၏ချွတ်ယွင်းချက်များကို ပြန်လည် ကျင့်သုံးနေသည့်အတွက် မိဘတို့အနေဖြင့် ဒေါသပုန်ထ**၍**နေသင့်သလော၊ မထသင့်ပါ။ မိဘတို့သည် မိမိတို့ကိုယ်တိုင်၏အ**ပြု**အမူအလုပ်အကိုင်များကို သေချာစွာသတိ**ပြု**စောင့်ကြည့်**၍** ကြမ်းတမ်း**ရိုင်း**စိုင်းသောအ**ပြု**အမူအလုပ် အကိုင်များကို သေချာစွာသတိ**ပြု**စောင့်ကြည့်**၍** ကြမ်းတမ်း**ရိုင်း**စိုင်းသော အပြောအဆိုအလုပ်အကိုင်များကို ရှောင်ရှားရမည်။ သို့မဟုတ်လျှင် ယင်း ချွတ်ယွင်းချက်များကို သားသမီးများတွင် တစ်ဖန်တွေ့မြင်ရလိမ့်မည်။

လမ်းလွဲမှားယွင်းနေသောသူငယ်များနှင့်ဆက်ဆံရာတွင် ခရစ်တော် ၏နူးညံ့သိမ်မွေ့သောသဘောကိုကျင့်သုံးပါ။ စိတ်နေသဘောထားများကို သားသမီးတို့သည် ဖခင် (သို့မဟုတ်) မိခင်ထံမှအမွေခံတတ်သည်ကို အမြဲ သတိ**ပြု**ပါ။

သားသမီးများအား လက်ဆင့်ကမ်းလိုက်သော မှားယွင်းသည့်အရာ များကိုကြံဆလုပ်ကိုင်တတ်သော ဝါသနာများကိုပြောင်းလဲပစ်နိုင်သော ခရစ်တော်၏တန်ခိုးတော်ကို မိဘတို့အနေဖြင့်လုံးဝယုံကြည်ကိုးစားပါ။

မိခင်ဖခင်တို့၊ သည်းခံခြင်းတရားရှိကြပါ။ အများအားဖြင့် အတိတ် ကာလမှ သင်တို့၏ပေါ့လျော့မှုသည် သင်တို့၏လုပ်ကိုင်သမျှကို ခဲယဉ်း စေလိမ့်မည်။ သို့ရာတွင် ကိုယ်တော်ရှင်ကိုယုံကြည်ကိုးစားလျှင် သင်တို့အား ဘုရားသခင်သည် ခွန်အားကိုပေးတော်မူလိမ့်မည်။ သင်တို့၏သားသမီးများ အား ပညာသားပါပါနှင့် နူးညံ့သိမ်မွေ့စွာဆက်ဆံပါ။

———○———

# အပိုင်း (၈)

# အောင်မြင်သောမိသားစု

## အခန်း ၂၇

# သန့်ရှင်းသောမိသားစုအသိုက်အဝန်း

**မိသားစုစည်းဝိုင်း၏သန့်ရှင်းမှု** – မိသားစုတိုင်းအားဝန်းရံထား သော သန့်ရှင်းသည့်ထိုစည်းစိမ်ကို ထိန်းသိမ်းထားရမည်။ သန့်ရှင်းသော စည်းဝိုင်းအတွင်းသို့ အခြားအဘယ်သူတစ်ဦးတစ်ယောက်မျှ ထိုးဖောက် ဝင်ရောက်ခွင့်မရှိပေ။ ခင်ပွန်းဖြစ်သူနှင့်ဇနီးဖြစ်သူတို့သည် တစ်ဦးနှင့်တစ်ဦး တစ်မိုးအောက်တွင် တစ်ယောက်လျှင်ဖြစ်ရကြ မည်။ ဇနီးဖြစ်သူအနေဖြင့် မိမိခင်ပွန်းဖြစ်သူအားမပြောပြဘဲ အခြားသူတို့အားပြောပြသော မည်သည့်လျှို့ဝှက်မှုမျိုးမှမရှိစေရ။ ထိုနည်းအတိုင်း ခင်ပွန်းဖြစ်သူအနေဖြင့် ဇနီးအား မပြောပြဘဲ အခြားသူတို့အားပြောပြသောလျှို့ဝှက်မှုမျိုးမရှိစေရ။ ဇနီးဖြစ်သူ ၏စိတ်နှလုံး သည် ခင်ပွန်းဖြစ်သူ၏မှားယွင်းမှုများကို မြှုပ်နှံသင်္ဂြိုဟ်ထား သောသင်္ချိုင်းဖြစ်သကဲ့သို့ ခင်ပွန်းဖြစ်သူစိတ်နှလုံးသည် ဇနီးဖြစ်သူ၏မှားယွင်း မှုများကို မြှုပ်နှံသင်္ဂြိုဟ်ထားသောသင်္ချိုင်းဖြစ်**၍**နေရမည်။ ခင်ပွန်းနှင့်ဇနီး သည်တို့သည် တစ်ဦးနှင့်တစ်ဦးထိခိုက်နစ်နာစေမည့်နောက်ပြောင်ခြင်းမျိုး ကိုရှောင်ရှားရမည်။ နောက်ပြောင်သောနည်းဖြင့်ဖြစ်စေ၊ အခြားနည်းတစ်ခုခု ဖြင့်ဖြစ်စေ ဇနီးမောင်နှံတို့သည် တစ်ဦးအကြောင်းကိုတစ်ဦးက အခြားသူတို့ဘယ်အခါမျှညည်းညူပြောဆိုခြင်းမပြုရ။ အဘယ်ကြောင့်ဆိုသော် **ဤ**ကဲ့သို့ လုံးဝသောအန္တရာယ်ကင်းရှင်းဟန်ရှိသော နောက်ပြောင်းခြင်းမျိုးသည် တစ်ဦး အပေါ်တစ်ဦး စိတ်ကွက်စရာဖြစ်လာလိမ့်မည်။ မိသားစုတိုင်းတွင် သန့်ရှင်း သောအကွယ်အကာထားရှိသင့်ပါသည်ဟု ကျွန်ုပ်တို့အားပြသထားတော်မူ သည်။

အိမ်ထောင်စည်းဝိုင်းသည် သန့်ရှင်းသောနေရာကောင်းကင်ဘုံ၏ ပုံပမာ၊ ကျွန်ုပ်တို့ကိုယ်တိုင်ကို ရောင်ပြန်ဟပ်သောကြည့်မှန်ဟူ**၍** သဘော ထားရမည်။ ကျွန်ုပ်တို့**၌** အပေါင်းအသင်းရောင်းရင်းများရှိပေလိမ့်မည်။ သို့ရာတွင် အိမ်ထောင်မှုကိစ္စတွင် **၎**င်းတို့သည် ဝင်ရောက်စွက်ဖက်ခြင်း မပြုရပေ။ အိမ်ထောင်သည် တစ်ဦးတည်းပိုင်နေထိုင်ရာအရပ်၊ စိတ်အေးချမ်းသာဖြစ်မှုတို့နှင့် ယုံကြည်ကိုးစားမှုကျင့်သုံးရပ်တည်ရာဒေသဖြစ်ရမည်။

**လျှာများ၊ နားရွက်များနှင့်မျက်စိများတို့ကိုသန့်ရှင်းစေရမည်** – မိသားစုစည်းဝိုင်းထဲတွင်ပါဝင်သောသူတို့သည် သူတို့၏လျှာများ၊ နားရွက် များ၊ မျက်စိများနှင့်ကိုယ်ခန္ဓာမှအင်္ဂါအစိတ်အပိုင်းအားလုံးတို့သည် သန့်ရှင်း စင်ကြယ်အောင်ပြုတော်မူရန် ဘုရားသခင်အထံတော်သို့ဆုတောင်းကြပါစေ။ အပြစ်နှင့်တွေ့ထိသောအခါ အပြစ်၏အောင်မြင်လွှမ်းမိုးမှု ကို ခံရန်မလိုပေ။ အကျင့်စာရိတ္တသည် ကောင်းမြတ်ခြင်းရနံ့သင်းကြိုင်နေရန် ခရစ်တော်စီစဉ်ထားပြီးဖြစ်သည်။

အိမ်ဂေဟာစည်းဝိုင်းအတွင်း ခရစ်တော်၏ဂုဏ်တော်ကို**ရှ**တ်ချ**၍** ကိုယ်တော်၏စာရိတ္တတော်ကို အလွဲဖော်ပြကြသောသူ ဘယ်လောက်များပြား ပါသနည်း။ သည်းခံခြင်း၊ စိတ်ရှည်ခြင်းနှင့်အပြစ်ဖြေလွှတ်ခြင်း၊ မေတ္တာစစ် မေတ္တာမှန်မပြသဘဲနေသောသူ ဘယ်မျှလောက်များပြားပါသနည်း။ အများ သောသူတို့**၌** သူတို့စိတ်ကြိုက်ဖြစ်သောအရာများရှိ သကဲ့သို့ သူတို့စိတ်ကြိုက်

မဖြစ်သောအရာများလည်းရှိသည်။ ခရစ်တော်၏အလိုတော်၊ ကိုယ်တော်ရှင်၏ဆောင်ရွက်မှုများနှင့် ကိုယ်တော်ရှင်၏စာရိတ္တတော်ကိုဖော်ရမည့်အစား သူတို့၏ဆိုးသွမ်းညစ်ညမ်းသောသဘောထားကို ပြသကြသည်။ ယေရှုရှင်၏ဘဝအသက်တာတော်သည် သနားကြင်နာခြင်းနှင့်မေတ္တာတော်ဖြင့် ပြည့်လျှံလျက်ရှိသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင်၏ဇာတိတော်၌ ကြီးထွားရင့်သန်မှုရှိကြပါသလား။

**စည်းလုံးညီညွတ်ခြင်း၊ ချစ်ခြင်းနှင့်ငြိမ်သက်ခြင်း** – မိခင်နှင့်ဖခင်တို့သည် ကိုယ်တော်ရှင်၏ကျေးဇူးတော်အားဖြင့် သူတို့အချင်းချင်း သဘောကွဲလွဲမှုမရှိဘဲ သူတို့၏ဘဝအသက်တာနှင့်စိတ်သဘောထားတွင် သူတို့သားသမီးများ၌ထားရှိစေရန် လိုသောစိတ်သဘောမျိုးကိုပြသပါမည်ဟု သူတို့ချစ်၍စကားတော်ကိုနာခံပါသည်ဆိုသော ဘုရားသခင်အားကတိသစ္စာ ပြုကြပါစေ။

အိမ်ဂေဟာအတွင်းသို့ စိတ်ဝမ်းကွဲစေသောသဘောထားထိုးဖောက်ဝင်ရောက်ခွင့်မပြုရန် မိဘတို့သည်သတိပြုရကြမည်။ အဘယ်ကြောင့်ဆိုသော် ယင်းစိတ်ဝမ်းကွဲမှုသည် အကျင့်စာရိတ္တပေါ်တွင် စာတန်၏တံဆိပ်ရိုက်နှိပ်သောနည်းလမ်းတစ်ခုဖြစ်သည်။ ခရစ်တော်၏ဘဝအသက်တာကို စိုးမိုးအုပ်ချုပ်ထားသောကျင့်စဉ်မှုတို့ကို အကြိမ်ကြိမ်အဖန်ဖန်သင်ကြားပို့ချပေးခြင်းအားဖြင့် အိမ်ထောင်တွင်စည်းလုံးညီညွတ်မှုရှိစေရန် မိဘတို့သည်ကြိုးပမ်းလျှင် စိတ်ဝမ်းကွဲမှုသည်ပျောက်ကွယ်သွား၍ ယင်းနေရာတွင် စည်းလုံးညီညွတ်ခြင်းနှင့်ချစ်ခြင်းတို့သည် ရပ်တည်နေကြလိမ့်မည်။ မိဘတို့သည် သားသမီးတို့နှင့်သန့်ရှင်းသောဝိညာဉ်တော်၏ဆုလာဘ်များကို ခံစားရကြလိမ့်မည်။

စိတ်ဝမ်းကွဲမှုများကိုဝင်ရောက်လာစေခြင်းအားဖြင့် သူတို့၏ဘဝအသက်တာများကို ဒုက္ခရောက်အောင်မပြုလုပ်ဘဲ သူတို့နှစ်ယောက်လက်တွဲ ၍ ထမ်းဆောင်စရာတာဝန်များရှိသည်ကို ခင်ပွန်းနှင့်ဇနီးဖြစ်သူတို့သည် သတိပြုကြပါလေစေ။ အနည်းငယ်သောစိတ်ဝမ်းကွဲမှုများကို လက်ခံသောသူတို့သည် သူတို့၏အိမ်ဂေဟာအတွင်းသို့ စာတန်ကိုခေါ်ဖိတ်ကြသည်။ သားသမီးတို့သည် သေးနုပ်သောကိစ္စများတွင် အငြင်းအခုံပြုတတ်သောစိတ်သဘောကိုထားကြသည်။ မိဘများနှင့်သားသမီးတို့အား ဘုရားသခင်အပေါ်တွင်သစ္စာမဲ့စေရန် ဒုစရိုက်ကိုယ်စားလှယ်တို့သည် မိမိတို့၏တာဝန်ကိုထမ်းဆောင်ကြသည်။

အကြင်လင်မယားဘဝတွင် စုံစမ်းနှောင့်ယှက်ခြင်းများပေါ်ပေါက်

လာနိုင်သော်လည်း ခင်ပွန်းဖြစ်သူနှင့်ဇနီးဖြစ်သူတို့သည် မိမိတို့၏ဝိညာဉ် များကို ဘုရားသခင်မေတ္တာတော်**၌**ထားရှိရမည်။ သူ့သားသမီးတို့၏မိခင်သည် ကြင်နာမှု၊ နူးညံ့သိမ်မွေ့စွာဆက်ဆံမှုနှင့်ကိုယ်ချင်းစာနာမှုများကို ခံထိုက် သောသူအနေဖြင့် ဖခင်ဖြစ်သူကသဘောထားရမည်။

**မိသားစုစည်းလုံးညီညွတ်မှု၏လျှို့ဝှက်ချက်** – မိသားစုများနှင့် အသင်းတော်တွင်စိတ်ဝမ်းကွဲမှုတို့သည် ခရစ်တော်နှင့်ကင်းကွာနေသောကြောင့် ဖြစ်သည်။ ခရစ်တော်ထံသို့ချဉ်းကပ်ခြင်းဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာချဉ်းကပ်ခြင်းဖြစ်သည်။ အသင်းတော်နှင့်မိသားစုတို့တွင် စည်းလုံး ညီ**ညွ**တ်ခြင်း၏လျှို့ဝှက်ချက်သည် နိုင်ငံရေးပရိယာယ်မဟုတ်၊ ကွပ်ကဲ အုပ်ချုပ်မှုမဟုတ်၊ အခက်အခဲများကိုအောင်မြင်နိုင်နင်းရန် လူသားတို့ဆိုင်ရာ **ကြိုး**ပမ်းမှုမဟုတ်ဘဲ ခရစ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခြင်းပင်ဖြစ်သည်။

စက်ဝိုင်းကြီးတစ်ခုကိုမြင်ယောင်ကြည့်ပါ။ ယင်းစက်ဝိုင်းမှမျဉ်းကြောင်း များတို့သည် အလယ်ဗဟိုသို့ထိုးစိုက်သွားကြသည်ဆိုပါစို့။ ယင်းမျဉ်းကြောင်း တို့သည် စက်ဝိုင်း၏အလယ်ဗဟိုနှင့် ပိုမိုနီးကပ်လာလေ၊ သူတို့အချင်းချင်း တစ်ခုနှင့်တစ်ခုပိုမိုနီးကပ်လာလေဖြစ်သည်။

ခရစ်ယာန်ဘဝအသက်တာ**၌** ကျင်လည်ရခြင်းသည်လည်း ယင်း နည်းအတိုင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ထံသို့ပိုမိုနီးကပ်စွာ ချဉ်းကပ်လေလေ၊ ကျွန်ုပ်တို့တစ်ဦးနှင့်တစ်ဦး ပိုမိုနီးကပ်ရင်းနှီးလေလေဖြစ် မည်။ ကိုယ်တော်ရှင်၏လူတို့သည် တစ်လုံးတစ်ဝတည်းရပ်တည်ကြသောအခါ ဘုရားသခင်၏ဘုန်းတော်သည် ထင်ရှားတော်မူလိမ့်မည်။

**တစ်ဦးကတစ်ဦးကိုကူညီမစပါစေ** – မိသားစုဝင်တိုင်းသည် သန့်ရှင်း**၍** လူမှုရေးဆန်သောအဖွဲ့အစည်းဖြစ်ရာ ယင်းအဖွဲ့အစည်း**၌**ပါဝင် ကြသောသူတို့ သည် တစ်ဦးကိုတစ်ဦးကူညီမစခြင်းအားဖြင့် မိမိနှင့်ဆိုင်သော ကဏ္ဍကိုဆောင် ရွက်ရပါမည်။ ကောင်းမွန်စွာဆောက်လုပ်ထားသော စက်ဝိုင်း ကြီးတစ်ခု**၌**ရှိ သော အစိတ်အပိုင်းများကဲ့သို့ အိမ်ထောင်၏လုပ်ငန်းဆောင်တာသည် ချောချော **မွေ့မွေ့**အထစ်အငေါ့မရှိဘဲ ပြီးမြောက်ရပါမည်။

မိသားစုတို့၏သာယာမှု၊ အစီအစဉ်ရှိမှုနှင့်မှန်ကန်ခြင်း စသော ထိုကောင်းကျိုးများကို ပိုမိုခံစားနိုင်ရန် မိသားစုတွင်ပါဝင်သောပုဂ္ဂိုလ်တိုင်းက မိမိတို့ကိုယ်တိုင်နှင့်ဆိုင်သောကဏ္ဍကိုဆောင်ရွက်ရန် တာဝန်ရှိကြောင်းကို သိရှိသင့်ပေသည်။ မိသားစုတွင်ပါဝင်သူတို့က တစ်ဦး၏အကျိုးပျက်မှုအတွက်

အခြားတစ်ဦးကမဆောင်ရွက်သင့်ပေ။ တစ်ဦးကိုတစ်ဦး အားပေးစကားပြော ကြသောလုပ်ငန်းကောင်းတွင် မိသားစုအားလုံးတို့က စည်းလုံးညီ**ညွ**တ်စွာ ပါဝင်ဆောင်ရွက်သင့်ပေသည်။ သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့်သည်းခံခြင်း စသောအကျင့်သီလများကို ကျင့်သုံးကြရမည်။ စကားပြောသောအသံနေ အသံထားသည် ငြိမ်သက်မှုကိုဖြစ်စေရမည်။ **ရှု**ပ်ထွေးမှုနှင့်ကင်းဝေးစေရမည်။ တစ်ဦး၏ဝန်ထုပ်ကိုတစ်ဦးကပေါ့ပါးစေရန် အတတ်နိုင်ဆုံးဆောင်ရွက်ရမည်။

အခြားသောမိသားစုအဖွဲ့ဝင်တို့နှင့်လက်တွဲ**၍** ညီ**ညွ**တ်စွာဖြင့် ဆောင်ရွက်ရမည့် မိမိကိုယ်တိုင်ပါဝင်ဆောင်ရွက်ရမည့်ကဏ္ဍကို မိသားစု အဖွဲ့ဝင်တိုင်းက နားလည်သင့်ပေသည်။ ခြောက်နှစ်သားအရွယ်အစ**ပြု၍** ယင်းအသက်ထက်ကြီးရင့်သောသူအားလုံးတို့သည် ဘဝအသက်တာ၏ဝန်ထုပ် များကို ထမ်းဆောင်ကြရာတွင် မိမိတို့ဆောင်ရွက်ရမည့်ကဏ္ဍကို သိရှိနားလည် ထားရန် အရေးကြီးပေးသည်။

**သင့်လျော်သောစိတ်ပြဋ္ဌာန်းချက်** — ကျွန်ုပ်၏ဆောင်ရွက်သမျှ အားလုံးတွင် တွန်းအားပေးနိုင်ရန် ကျွန်ုပ်သည် မိမိနေထိုင်ရာအရပ်**၌**ဖြစ်စေ၊ အခြားအဘယ်ဒေသ**၌**ဖြစ်စေ ကျွန်ုပ်တို့သည် ကျေးဇူးတော်**၌**ကြီးထွားရင့်သန် ခြင်းရှိရမည်။ ကျွန်ုပ်တို့၏နေထိုင်ရာဒေသတွင် ကျွန်ုပ်၏စိတ်သဘော၊ ကျွန်ုပ်၏လုပ်ရပ်များနှင့် ကျွန်ုပ်၏အပြောအဆိုများတွင် ကျွန်ုပ်တို့သည် အုပ်အုပ်ထိန်းထိန်းရှိရမည်။ ပုဂ္ဂလိကယဉ်ကျေးမှုအတွက်လည်းကောင်း၊ မှန်ကန်သောအခြေခံကိုယ်ကျင့်တရားများ သင်ကြားလေ့လာမှုအတွက်လည်း ကောင်း ကျွန်ုပ်သည် အချိန်ယူ**၍**ဆောင်ရွက်ရမည်။ ကျွန်ုပ်သည် ဘုရားသခင် ၏နှုတ်ကပတ်တော်ကို နေ့ညမပြတ်ဖတ်**ရှု**လေ့လာဆင်ခြင်**၍** လက်တွေ့ ကျင့်သုံးရမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော ဝိညာဉ်တော်၏ ဓားသည် ကျွန်ုပ်အသုံး**ပြု**နိုင်သောတစ်ခုတည်းသော ဘေးကင်းသောဓား ဖြစ်သည်။

---o---

# အခန်း ၂၈
# ကလေးသူငယ်၏ပထမဆုံးစာသင်ကျောင်း

**ပညာသင်ကြားရေးအတွက်ဘုရားသခင်၏မူလစီမံကိန်း** – ဧဒင်ဥယျာဉ်**၌**တည်ထောင်ထားသော ပညာသင်ကြားရေးစနစ်သည် မိသားစုပေါ် တွင် ဗဟိုပြုထားတော်မူသည်။ အာဒံသည် "ဘုရားသခင်၏သား" ဖြစ်၏။ (လု၊ ၃း၃၈) ထိုကြောင့်အမြင့်ဆုံးသော ဘုရားသခင်၏သားသမီးတို့သည် သူတို့၏ခမည်းတော်ထံမှ သင်ကြားပို့ချမှုကိုရရှိခဲ့ကြသည်။ အမှန်ကန်ဆုံးအဓိပ္ပါယ်အားဖြင့်ဆိုသော် သူတို့တက်ရောက်သင်ကြားခဲ့ကြသော စာသင်ကျောင်းသည် မိသားစုစာသင်ကျောင်းဖြစ်သည်။

လူသည်အပြစ်ဒုစ**ရိုက်**ကျူးလွန်ပြီးသည့်နောက်ပိုင်းတွင် လူသားတို့အခြေအနေနှင့်ဆီလျော်သင့်လျော်သော ဘုရားသခင်စီမံထားတော်မူသည့်ပညာသင်ကြားမှုတွင် ဘုရားသခင်နှင့်လူသားတို့စပ်ကြား**၌** ကွင်းဆက်ဖြစ်တော်မူသောခရစ်တော်သည် ခမည်းတော်၏ကိုယ်စားလှယ်တော်အနေဖြင့်ရပ်တည်နေတော်မူသည်။ ကိုယ်တော်ရှင်သည် လူသားတို့၏ဆရာကြီးဖြစ်တော်မူသည်။ လူယောကျ်ားလူမိန်းမတို့သည် ကိုယ်တော်ရှင်၏ကိုယ်စားလှယ်တော်များဖြစ်ကြစေရန် ကိုယ်တော်ရှင်သည် စီမံခန့်ခွဲထားတော်မူသည်။ မိသားစုသည် စာသင်ကျောင်းဖြစ်**၍** မိဘတို့သည် ဆရာသမားများဖြစ်ကြ သည်။ မိသားစု**၌**ဗဟိုပြုထားသော ပညာသင်ကြားရေးသည် ဘိုးဘွားများ ခေတ်**၌**ခေတ်စားခဲ့သောအရာဖြစ်သည်။ ယင်းကဲ့သို့တည်ဆောက်ခဲ့သော စာသင်ကျောင်းများအတွက် ဘုရားသခင်ဖန်တီးပေးတော်မူခဲ့သော အခြေအနေများသည် စာရိတ္တဗလကြံ့ခိုင်လာမှုအတွက် အကောင်းဆုံးအခြေအနေများဖြစ်သည်။ ကိုယ်တော်ရှင်၏**ညွှ**န်ကြားမှုကို လိုက်နာခဲ့သောသူတို့သည် အစ အဦး**၌** ကိုယ်တော်ရှင်ချထားတော်မူခဲ့သော ဘဝအသက်တာရပ်တည်မှုမျိုး ကိုပင် လိုက်နာကျင့်သုံးလျက်ရှိကြသည်။ ဘုရားသခင်အထံတော်မှထွက်ခွာ

သွားကြသောသူတို့သည် သူတို့နေထိုင်ရန်အတွက် **မြို့ကြီးပြကြီးများ** တည်ဆောက်ခဲ့ကြသည်။ ယင်း**မြို့ကြီးပြကြီးများတွင်** စု**ရုံး**နေထိုင်လျက် ကမ္ဘာ၏ဝါကြွားမှုနှင့်ကျိန်ခြင်းအမင်္ဂလာဖြစ်စေသော ယခုခေတ်**မြို့ကြီးပြကြီး** တို့၏ထည်ဝါမှု၊ စည်းစိမ်ဖြင့်ယစ်မူးမှုနှင့် ဆိုးသွမ်းညစ်ညမ်းမှုတို့တွင် ဂုဏ်ယူကြလေသည်။ သို့ရာတွင် ဘုရားသခင်၏ဘဝအသက်တာဆိုင်ရာ အခြေခံကိုယ်ကျင့်တရားများကို စွဲကိုင်ကျင့်သုံးနေကြသောသူတို့သည် လယ်ကွင်းများနှင့်တောတောင်များတွင် နေထိုင်ကြသည်။ သူတို့သည် မြေကို ထွန်ယက်စိုက်ပျိုးသောသူများနှင့် သိုးအုပ်နွားအုပ်တို့ကိုမွေးမြူထိန်းကျောင်း လုပ်ကိုင်သောသူများဖြစ်ကြသည်။ အပိုလုပ်ကိုင်လျက်လေ့လာအာ **ရုံပြု**ရန်အခါအခွင့်သင့်**၍** လွတ်လပ်သော**ဤ**ဘဝမျိုးတွင် ကျင်လည်ရသောအချိန်**၌** သူတို့သည် ဘုရားသခင်၏သွန်သင်မှုကိုခံရသည်အတိုင်း ကိုယ်တော်ရှင်၏ဆောင်ရွက်တော်မူခြင်းနှင့်နည်းလမ်းများကို သူတို့၏သားသမီးတို့အား သင်ကြားပို့ချပေးကြသည်။ **ဤ**ကဲ့သို့သောပညာသင်ကြားရေးဆိုင်ရာစနစ်ကို ဘုရားသခင်သည် **ဣ**သရေလနိုင်ငံတွင် တည်ဆောက်တော်မူရန် အလိုရှိ တော်မူသည်။

သာမန်ဘဝအသက်တာတွင် မိသားစုသည် စာသင်ကျောင်းနှင့်ဘုရားဝတ်**ပြု**ကျောင်းဖြစ်**၍** လောကနှင့်ဘာသာရေးဆိုင်ရာကိစ္စများတွင် မိဘတို့သည် သင်ကြားပို့ချပေးသောဆရာသမားဖြစ်ကြသည်။

**မိသားစုတိုင်းသည်စာသင်ကျောင်းဖြစ်သည်** – မိသားစု (သို့မဟုတ်) အိမ်ထောင်သည် အားလုံးသောပညာသင်ကြားရေးဆိုင်ရာ အဖွဲ့အစည်းများတွင် အကြီးမားဆုံးသောဌာနဖြစ်စေရန် ဘုရားသခင်သည် မိမိ၏အနန္တဉာဏ်တော်အားဖြင့် မိန့်မှာထားတော်မူခဲ့သည်။ ကလေးသူငယ် ၏ပညာသင်ကြားရေးသည် အိမ်ဂေဟာထဲတွင်အစ**ပြု**ရမည်ဖြစ်သည်။ **ဤ** နေရာသည် သူ့ပထမစာသင်သည့်ကျောင်းဖြစ် သည်။ **ဤ**နေရာတွင် သင်ကြားပို့ချသောသူအနေဖြင့် ဆောင်ရွက်ရသောမိဘတို့ နှင့်အတူတကွ သူ့အားအသက်တာတစ်လျှောက်လုံး လမ်းပြပို့ဆောင်ပေးရမည့် သင်ခန်းစာ များဖြစ်သော **ရို**သေကိုင်း**ရှိုင်း**ခြင်း၊ နားထောင်ခြင်း၊ လေးစားခြင်းနှင့် ကိုယ်ကိုချုပ်တည်းခြင်းတို့ကို သူသည်လေ့လာသင်ကြားရေးဆိုင်ရာ သြဇာသက် ရောက်မှုတို့သည် ကောင်းကျိုး (သို့မဟုတ်) ဆိုးကျိုးအတွက် အဆုံး အဖြတ်ကို ပေးကြသည်။ ယင်းတို့သည် အများအားဖြင့်အသံတိတ်**၍** ဖြည်းဖြည်း ဆောင်ရွက် သောမှုကိုကျင့်သုံးကြလျက်၊ မှန်ကန်သောဘက်တွင် ယင်းတို့ကို အသုံး**ပြု**လျက်နေ လျှင် ယင်းတို့သည် သမ္မာတရားနှင့်ဖြောင့်မတ်ခြင်းအတွက် အလွန်အကျိုးရှိ**၍** ဖြစ်ထွန်းသောအာနိသင်ဖြစ်လာသည်။ အိမ်ဂေဟာတွင် ကလေးသူငယ်များမှန်ကန်စွာသင်ကြားပြသမှုမရှိလျှင် စာတန်သည် သူ့ကိုလက်ရွေးစင်ကိုယ်စားလှယ်များအားဖြင့်

ပညာသင်ကြားပေးမည်ဖြစ်သည်။ ထိုကြောင့် အိမ်ဂေဟာ**၌**ရှိသောစာသင်ကျောင်းသည် ဘယ်မျှလောက်အရေးပါ အရာရောက်သနည်း။

မိသားစုတိုင်းကိုသင်ကြားပို့ချရာသင်တန်းအနေဖြင့် သဘောထား ပါ။ ယင်းသင်တန်းတွင် သင်တို့၏သားသမီးများအား အိမ်**၌**ဖြစ်စေ၊ လူ့အဖွဲ့အစည်း**၌**ဖြစ်စေ၊ အသင်းတော်**၌**ဖြစ်စေ သူတို့ထမ်းဆောင်ရမည့်တာဝန်များကို ဆောင်ရွက်စေရန် လိုအပ်သောပြင်ဆင်မှုကို **ပြု**လုပ်ပေးရသည်။

**အရေးပါအရာရောက်ဆုံးသောပညာသင်ကြားရေးသည် အိမ်ဂေဟာ၌ပေးသောပညာရေးဖြစ်သည်** – ယခုခေတ်လူငယ်လူရွယ်တို့အား အိမ်ဂေဟာ**၌**ပညာသင်ကြားပေးမှုနှင့် သွန်သင်ဆုံးမမှုကို လျစ်လျူ**ရှု**ထားကြ သည်။ **ဤ**အကြောင်းကို ကမ္ဘာတစ်ဝန်းကဝမ်းနည်းစကားပြော**၍** ဝန်ခံထား ကြသည်မှာ အလွန်ဝမ်းနည်းဖွယ် ကောင်းလှပေသည်။ အိုးအိမ်များကို တည်ထောင်**၍** ထိန်းသိမ်းကြည့်**ရှု**ထားကြသောသူတို့အား အပ်နှင်းထားတော် မူသောလုပ်ငန်းထက် ပိုမိုအရေးပါအရာရောက်သောလုပ်ငန်းသည်မရှိပေ။
လူသားတို့အားအပ်နှင်းထားတော်မူသောလုပ်ငန်းများတွင် မိခင်နှင့်ဖခင်တို့ ဆောင်ရွက်ရသောလုပ်ငန်းထက် အကျိုးထူးများသက်ရောက်သောလုပ်ငန်း သည်မရှိပေ။

အနာဂတ်ကာလ၏လူ့အဖွဲ့အစည်းသည် ဘယ်ကဲ့သို့သောပုံစံမျိုးဖြင့်ရပ်တည်မည်ကို ယခုခေတ်၏ကလေးများနှင့်လူငယ်လူရွယ်တို့က အဆုံးအဖြတ်**ပြု**ရကြမည်ဖြစ်သည်။ **ဤ**ကလေးများနှင့်လူငယ်လူရွယ်တို့သည် ဘယ်ကဲ့သို့သောသူများဖြစ်လိမ့်မည်ဆိုသည့်ကိစ္စမှာ အိမ်ထောင်များပေါ်တွင် အမှီ**ပြု**သည်။ လူသားတို့၏ဘဝအသက်တာကို ဒုက္ခပေးသောရောဂါဝေဒနာ၊ စိတ်ဒုက္ခကိုယ်ဒုက္ခနှင့်ရာဇဝတ်မှုများအတွက် အများဆုံးရှိနေသောအဖြစ်သနစ် မှာ မှန်ကန်သောအိမ်ထောင်ဆိုင်ရာ သွန်သင်ဆုံးမမှုဗလာနတ္ထိမရှိခြင်းဖြစ် သည်။ အကယ်**၍** အိမ်ထောင်ဆိုင်ရာဘဝအသက်တာသည် စင်ကြယ်သန့်ရှင်းမှန်ကန်မှုရှိလျှင်လည်းကောင်း၊ အိမ်ထောင်၏ထိန်းသိမ်းစောင့်ရှောက်မှု၏ အရိပ်အာဝါသအောက်မှ ထွက်ခွာသွားသောသားသမီးတို့သည် ဘဝအသက်တာ ၏တာဝန်များနှင့် အန္တရာယ်များကိုရင်ဆိုင်ရန် အသင့်ဖြစ်နေလျှင်လည်း ကောင်း ကမ္ဘာပေါ်တွင် အဘယ်မျှထူးခြားသောပြောင်းလဲမှုကြီးကို တွေ့မြင်ရမည်ဖြစ်သနည်း။

**အခြားအားလုံးသောအမှုကိစ္စများသည်အရေးမကြီးပေ** – ကမ္ဘာပေါ်တွင်မွေးဖွားလာသော ကလေးသူငယ်တိုင်းသည် ခရစ်တော်ယေ**ရှု**ပိုင်

ပစ္စည်းဖြစ်**၍** ဘုရားသခင်အားချစ်**၍** စကားတော်ကိုနာခံစေရန် ပညတ်အားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း သွန်သင်ဆုံးမကြရမည်။ သို့ရာတွင် မြောက်မြားစွာသောမိဘတို့သည် ကလေးများ**၌**စဉ်းစားဉာဏ်စတင်ပေါ်ပေါက်လာချိန်ကတည်းက ခရစ်တော်ကိုသိရှိရန်နှင့်ချစ်မြတ်နိုးစေရန် သွန်သင်ပေးဖို့သူတို့အား ဘုရားသခင်ပေးထားတော်မူသောတာဝန်ကို ထမ်းဆောင်စေရန်ပျက်ကွက်ခြင်းအားဖြင့် ယင်းတာဝန်ကိုလျစ်လျူ**ရှု**ကြသည်။ အားစိုက်ခွန်စိုက်**ကြိုး**ပမ်းခြင်းအားဖြင့် မိဘတို့သည်ဖွင့်ဟထား**၍**လက်ခံနာယူရန် အသင့်ရှိနေသောစိတ်နှလုံးကိုစောင့်ကြည့်လျက် အိမ်ထောင်ဘဝ၏မှုကိစ္စတိုင်းသည် အရေးမကြီးဟုသဘောထား**၍** ယင်းတို့ထက်အရေးပါအရာရောက်သော သခင်ဘုရားအလိုတော်နှင့်အညီ သူတို့၏သားသမီးများကိုသွန်သင်ဆုံးမဩဝါဒပေးလျက် ကျွေးမွေးခြင်းတည်းဟူသောသူတို့အားကိုယ်တော်ရှင်အပ်နှင်းထားတော်မူသောတာဝန်ကို ဦးစားပေးဆောင်ရွက်ရကြမည်။

မိဘတို့သည် မိမိတို့၏သားသမီးများကို ငယ်စဉ်တောင်ကျေးကလေးဘဝမှအစ**ပြု၍** ကြီးပြင်းလာသည်အထိ သွန်သင်ဆုံးမဩဝါဒမပေးနိုင်လောက်အောင် လုပ်ငန်းဆိုင်ရာစိုးရိမ်ပူပန်မှုများ၊ လောကီဆိုင်ရာဓလေ့ထုံးစံများနှင့်လုပ်**ရိုး**လုပ်စဉ်တို့၏ထိန်းချုပ်ထားခွင့်ကို အလေးမပေးသင့်ကြပေ။

ယခုခေတ်ကမ္ဘာပေါ်**၌** ဆိုးသွမ်းညစ်ညမ်းမှုများပြားနေသောအကြောင်းရင်းကြီးတစ်ခုမှာ သည်းခံခြင်းဖြင့်လည်းကောင်း၊ ကြင်နာယုယခြင်းဖြင့်လည်းကောင်း မိမိတို့သားသမီးများအား ဘုရားသခင်၏အလိုတော်နှင့်အညီ သွန်သင်ဆုံးမရသောလုပ်ငန်းတွင် ကျွမ်းကျင်မှုရှိအောင် မိမိတို့ကိုယ်ကို**ပြု**ပြင်ခြင်းတည်းဟူသော အရေးပါအရာရောက်ဆုံးဖြစ်သောလုပ်ငန်း ထက်အခြားကိစ္စများအားဖြင့် စိတ်မအားကိုယ်မအားသောအခြေအနေ**၌**ရပ်တည်နေခြင်းဖြစ်သည်။ အကယ်**၍** ကန့်လန့်ကာကိုဖယ်**၍**တစ်ဖက်သို့ကြည့်လိုက်လျှင် ယင်းကဲ့သို့သောပေါ့လျော့မှုကြောင့် ကောင်းမွန်သောဩဇာသက်ရောက်မှုများအောက်သို့မရောက်ရှိလာဘဲ လမ်းလွဲသို့ရောက်ရှိသွားသော ကလေးသူငယ်များမြောက်မြားစွာရှိသည်ကို ကျွန်ုပ်တို့တွေ့မြင်ရပေလိမ့်မည်။ မိဘများတို့၊ ယင်းအခြေအနေမျိုးသည် သင်တို့၏ဘဝအသက်တာများတွင်ရပ်တည်နေသည်ကို လက်ပိုက်**၍**ကြည့်နေနိုင်ကြပါမည် လား။ ကိုယ်တော်ရှင်၏စကားတော်ကိုနာခံ**၍** ကိုယ်တော်ရှင်ကိုလုံးဝကိုးစား

ခြင်းဆိုသည်မှာ ဘယ်ကဲ့သို့သောအဓိပ္ပါယ်ဆောင်သည်ကို သင်တို့သားသမီးများသိရှိနားလည်အောင်ပြုလုပ်ရာတွင် လိုအပ်သမျှသောအချိန်ရယူမှုကို

နှောင့်ယှက်တားဆီးထားနိုင်လောက်အောင် အရေးကြီးသောလုပ်ငန်းဟူ၍ သင်၌လုံးဝမရှိသင့်ပေ။

သင်ကြိုးပမ်းမှုအတွက် ဘာအကျိုးကျေးဇူးကိုရိတ်သိမ်းလိမ့်မည် နည်း။ သင်တို့၏သားသမီးများသည် သင်တို့ဘက်တွင်နီးကပ်စွာရပ် တည်လျက်၊ သင်တို့ပေးသောအကြံဉာဏ်အတိုင်း လိုလိုလားလားနာခံ၍ လက်တွဲလုပ်ကိုင်လိုသောဆန္ဒကို ပြကြမည်ဖြစ်သည်။ သင်တို့၏လုပ်ငန်းကိုထမ်းဆောင်ရာတွင် လွယ်ကူသွားမည်ဖြစ်ပါသည်။

**အိမ်ထောင်စာသင်ကျောင်းတွင် ဘုရားသခင်၏သွန်သင်မှုဆိုင်ရာ တန်ဆာပလာများ** – အာဗြဟံပြုလုပ်ခဲ့သကဲ့သို့ သူတို့၏သားသမီးများကို ဆုံးမသွန်သင်၍ ဘုရားသခင်အလိုတော်အတိုင်းဆောင်ရွက်ရာတွင် မိဘ တို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်၏ကိုယ်စားလှယ်တော်များဖြစ်သည် ဟူသော အထူးအခွင့်ပါယ်မဲ့မျိုးဖြင့် သဘောထားသင့်ကြပေသည်။

သူတို့၏အိမ်ထောင်သားများအား သွန်သင်ပေးရမည့်ဘုရားသခင်၏အကြံအစည်တော်သည် ဘာဖြစ်သည်ကိုသိရှိရန် မိဘတို့သည် သမ္မာကျမ်းစာကို လုံ့လဝီရိယရှိစွာဖြင့် စေ့စေ့စပ်စပ်လေ့လာကြရမည်။ မိက္ခာက ပြောထားသည်မှာ "တရားသဖြင့်ပြုခြင်း၊ ကရုဏာတော်ကိုနှစ်သက်ခြင်း၊ သင်၏ဘုရားသခင်ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့်ကျင့်နေခြင်းမှတစ်ပါး အဘယ်ပူဇော်သကာကို ထာဝရဘုရားတောင်းတော်မူသနည်း။ (မိက္ခာ ၆း၈) ဆရာသမားများဖြစ်နိုင်ရန် မိဘတို့သည် သင်ကြားသောသူများဖြစ်လာ၍ ဘုရားသခင့်ဗျာဒိတ်တော်ရရှိထားသောသူတို့၏စကားများကို အမြဲတမ်းလေ့လာမှတ်သားထားလျက် သူတို့သားသမီးများတို့၏ပညာသင်ကြားရေးတွင် ဤတန်ဖိုးရှိလှသောအလင်းတရားကို ပညတ်တော်ဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း သွတ်သွင်းထည့်ပေးကြရမည်။

ကျွန်ုပ်တို့အား ဘုရားသခင်ပေးသနားတော်မူသော အလင်းတရားမှ ကျွန်ုပ်တို့သိရှိရသောအချက်မှာ ခင်ပွန်းဖြစ်သူနှင့်ဇနီးဖြစ်သူတို့သည် အိမ်ထောင်တွင် ဓမ္မဆရာကြီး၊ သမားတော်ကြီး၊ သူနာပြုများနှင့်စာသင်ကျောင်းဆရာများအနေဖြင့် သူတို့၏သားသမီးများအား သူတို့ကိုယ်တိုင်နှင့်လည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း ချည်နှောင်ထား၍ ကိုယ်ခန္ဓာ၌ဘုရားသခင်

ဆောင်ရွက်ပေးတော်မူသမျှကို ရသည့်နည်းဖြင့် တိုက်ခိုက်တွန်းလှန်ပစ်မည့် အလေ့အကျင့်ဟူ သမျှကိုရှောင်ရှားရန် သွန်သင်ပေးလျက် ကိုယ်ခန္ဓာမှ အင်္ဂါအစိတ်အပိုင်းအားလုံးတို့ကို ကောင်းမွန်စွာကြည့်**ရှု**ထိန်းသိမ်းထားရန် သွန်သင်ပေးရကြပါမည်။

သားသမီးတို့အားဆုံးမသွန်သင်ပေးရသောလုပ်ငန်းတွင် မိခင်သည် အရေးပါအရာရောက်ဆုံးသောအခြေအနေတွင် ရပ်တည်နေရမည်။ လွန်စွာ ကြီးလေး**၍** အရေးကြီးသောတာဝန်များကို ဖခင်ဖြစ်သူက ထမ်းဆောင်နေ ရသောအခါတွင် မိခင်ဖြစ်သူသည် သားသမီးများနှင့်အထူးသဖြင့် သူတို့၏ နုနယ်ချိန်တွင် အမြဲတမ်းလက်ပွန်းတတီးနေထိုင်လျက် သူတို့၏အထူး သင်ကြားပြသသူနှင့်အပေါင်းအသင်းအနေဖြင့် ရပ်တည်နေရမည်။ သားသမီးတို့သည် စင်ကြယ်သန့်ရှင်း**၍** ပိပိရိရိနေထိုင်ဖို့သွန်သင်ပေးရန်လည်းကောင်း၊ မှန်ကန်သောအလေ့အကျင့်များကို လိုက်နာကျင့်သုံးဖို့**ညွှ**န်ကြားပေးရန်လည်း ကောင်း မိခင်သည် အထူးဂ**ရု**စိုက်ဆောင်ရွက်ရမည်။ သားသမီးတို့သည် ဝီရိယရှိရန်လည်းကောင်း၊ သူတစ်ပါးတို့အားအထောက်အကူဖြစ်စေရန် လည်းကောင်း၊ ဘုရားသခင်၏မျက်မှောက်တော်တွင် အမြဲတမ်းရပ်တည်နေ ရသကဲ့သို့ နေထိုင်**ပြု**မူလုပ်ကိုင်ရန်လည်းကောင်း မိခင်အနေဖြင့်သွန်သင်ပေးရမည်။

အစ်မကြီးဖြစ်သူတို့က အိမ်ထောင်မှညီငယ်ညီမငယ်များအပေါ်တွင် ထူးထူးခြားခြားဆောင်ရွက်ကူညီပေးနိုင်ကြသည်။ ငယ်ရွယ်သောအိမ်ထောင် သားများက သူတို့ထက်ကြီးသောသူတို့၏ပုံသက်သေကို တွေ့ပြီးရသည် နောက် မကြာခဏအမိန့်အားသုံး**၍** စေခိုင်းရသည်ထက် ယင်းပုံသက်သေ ကိုအတုမြင်အတတ်သင်ဆိုသောစနစ်အရ လိုက်နာကျင့်သုံးကြလိမ့်မည်။ အလွန်များပြား**၍** မအားမလပ်ဆောင်ရွက်ရသောအိမ်တွင်းလုပ်ငန်းများကို ဆောင်ရွက်နေသောမိခင်အားကူညီရန် မိမိအပေါ်တွင် ခရစ်ယာန်ဆိုင်ရာ တာဝန်ရှိနေသည်ဟူသောခံစားချက်မျိုးကို အကြီးဆုံးသမီးသည် မိမိနှလုံးသား တွင် ပိုက်ထားသင့်ပေသည်။

မိဘတို့သည် သူတို့၏အိမ်ဂေဟာ**၌**အနေများရမည်။ ပညတ်အား ဖြင့်လည်း ကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း မိဘတို့သည် သူတို့ ၏သားသမီးများအား ဘုရားသခင်၏မေတ္တာတော်နှင့် ကိုယ်တော်ရှင်အား ကြောက်**ရွံ့ရို**သေမှုတို့ကို သင်ကြားပေးရမည်။ သားသမီးတို့သည် ဉာဏ် ပညာအမြော်အမြင်ရှိရန်လည်းကောင်း၊ ပေါင်းသင်းဆက်ဆံမှုပြေပြစ်ရန် လည်းကောင်း၊ ချစ်တတ်ခင်တတ်ရန်လည်းကောင်း၊ ဝီရိယရှိရန်လည်းကောင်း၊ ချွေတာစုဆောင်းတတ်ရန်လည်းကောင်း၊ ကိုယ်ထူကိုယ်ထစနစ်ကျင့်သုံးရန်လည်းကောင်း မိဘတို့အနေဖြင့် သင်ကြားပေးရမည်။ အိမ်ထောင်တွင် သားသမီးတို့အားချစ်ခြင်း၊ ကိုယ်ချင်းစာနာခြင်းနှင့်အားပေးစကားပြောခြင်း အားဖြင့် မိဘတို့သည် သူတို့၏သားသမီးများအား လောက၏စုံစမ်းနှောင့်ယှက် ခြင်းအမျိုးမျိုးတို့မှ ကာကွယ်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

**အသင်းတော်စာသင်ကျောင်းအတွက်ပြင်ဆင်ခြင်း** – အသင်းတော်စာသင်ကျောင်း တွင်တက်ရောက်**၍** စာပေသင်ကြားနိုင်စေရန် ကလေး သူငယ်များကို အိမ်ထောင်စာသင် ကျောင်းတွင် လိုအပ်သောပြင်ဆင်မှုကို

လုပ်ပေးရမည်။ မိဘတို့သည် **၎င်း**အချက်ကိုအမြဲတမ်းနှလုံးတွင်ပိုက်ထားရမည်။ အိမ်ထောင်စာသင်ကျောင်းဆရာ၊ ဆရာမများအနေဖြင့် သူတို့၏မြင့်မြတ်သန့်ရှင်းသောတာဝန်ကိုထမ်းဆောင်နိုင်ရန် မိမိတို့၏ကိုယ်ကိုဘုရားသခင်အားဆက်ကပ်အပ်နှံထားရမည်။ စာသင်ကျောင်းများတွင် တက်ရောက်သင်ကြားနိုင်မှုအတွက် ဝီရိယရှိရှိ၊ သစ္စာရှိရှိဖြင့် အိမ်ထောင်တွင်သွန်သင်ဆုံးမခံရမှု သည် သားသမီးများအတွက် အကောင်းဆုံးပြင်ဆင်မှုဖြစ်သည်။

**ဘုရားသခင်၏အမိန့်တော်များသည်အရေးကြီးဆုံးဖြစ်သည်** – မိဘများနှင့်သားသမီးများအပါအဝင်တို့အားလုံးအား လမ်းပြပို့ဆောင်ပေးရန်အတွက် ကျမ်းစာဆိုင်ရာဥပဒေပညတ်များရှိသည်။ ယင်းပညတ်ဥပဒေများ သည် မြင့်မြတ်သန့်ရှင်းသောကြောင့် ယင်းတို့မှတိမ်းရှောင်လွဲဖယ်သွားရန်အကြောင်းမရှိပေ။ ဘုရားသခင်အမိန့်တော်များကို အရေးကြီးဆုံးနေရာတွင်ထားရှိရမည်။ စိတ်နှလုံးများကိုစစ်ဆေးသော ဘုရားသခင်၏**ရှေ့**တော်တွင် မိဘတို့သည် ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ကိုဖွင့်လျက် စေတနာသန့်သန့်ဖြင့် “ဘုရားသခင်သည် အဘယ်ကဲ့သို့မိန့်ကြားတော်မူသနည်း” ဟူ**၍** မေးမြန်းကြပါစေ။

သမ္မာတရားသည် သမ္မာတရားဖြစ်သောကြောင့်လည်းကောင်း၊ သားသမီးတို့သည် သမ္မာတရားအားဖြင့် သန့်ရှင်းခြင်းသို့ရောက်ရှိမည်ဖြစ်**၍** သူတို့သည် အဆင့်အတန်းမြင့်သောလုပ်ငန်းတွင် ပါဝင်နိုင်သောအရည်အချင်းနှင့်ပြည့်စုံသည်မပြည့်စုံသည်ကိုလည်းကောင်း၊ ကောင်းကင်ဘုရင်၏သားသမီး များ (သို့မဟုတ်) ဘုရင့်အိမ်ထောင်သားများဖြစ်လာမည်မဖြစ်လာမည်ကိုလည်းကောင်း၊ မကြာမီအဆုံးအဖြတ်ပေးမည့် စစ်ဆေးမှုကြီးတွင် ရပ်တည်ထိုက်သောသူဖြစ်သောကြောင့်လည်းကောင်း သမ္မာတရားကိုနှစ်သက်မြတ်နိုးစေရန် သင်တို့၏သားသမီးများကို သင်ကြားပေးကြပါ။

**လာမည့်ဆိုင်ပြိုင်တိုက်လှန်မှုအတွက်ပြင်ဆင်ပါ** – စာတန်သည် တပ်ထောင်ဗိုလ်ထုလူစုလျက်ရှိသည်။ အနာဂတ်ကာလတွင် ကျွန်ုပ်တို့ရင်ဆိုင်ရမည့် ဆိုင်ပြိုင်တိုက်လှန်မှုအတွက် ကျွန်ုပ်တို့ပုဂ္ဂလိကပြင်ဆင်မှုရှိကြပါ သလား။ ယင်းအရေးကြီးသောခေတ်ကာလကိုရင်ဆိုင်စေဖို့ ကျွန်ုပ်တို့၏ သားသမီးများကို အဆင်သင့်ပြင်ဆင်ပေးနေကြပါသလား။ ကျွန်ုပ်တို့၏ ရန်သူများနှင့် ယင်းတို့၏စစ်တိုက်ပုံတိုက်နည်းများကိုနားလည်စေရန် ကျွန်ုပ် တို့ကိုယ်တိုင်နှင့် ကျွန်ုပ်တို့၏အိမ်ထောင်သားများကို အသင့်ပြင်ဆင်နေကြ ပါသလား။

အခြေခံကျင့်ဝတ်နှင့်တာဝန်ဆိုင်ရာကိစ္စတိုင်း ကျွန်ုပ်တို့၏သား သမီးတို့တည်တံ့နိုင်ရန် သန္နိဋ္ဌာန်ချတတ်သောအလေ့အကျင့်များကို မွေးမြူ

ကျင့်သုံးနေကြပါသလား။ ကျွန်ုပ်တို့သည် ခေတ်ကာလ၏နိမိတ်လက္ခဏာများကိုနားလည်**၍** ဆိုင်ပြိုင်တိုက်လှန်သောအချိန်တွင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ခိုလှုံရာနှင့်အကာအကွယ်ဖြစ်လာစေရန် ကျွန်ုပ်သည်ဆုတောင်းပါသည်။

---o---

# အခန်း ၂၉
# လွှဲပြောင်း၍မရသောလုပ်ငန်း

**အခြားဘယ်သူမျှမထမ်းဆောင်နိုင်သောမိဘတို့၏တာဝန်များ** – မိဘတို့၊ သင်တို့အတွက်အခြားဘယ်သူမျှ မထမ်းဆောင်နိုင်သောတာဝန် များကို သင်တို့သည် ထမ်းဆောင်နေပါသည်။ သင်တို့သည် အသက်ရှင်နေသမျှကာလပတ်လုံး ကိုယ်တော်ရှင်ချမှတ်ထားတော်မူသောလမ်း**၌** တစ်သဝေမတိမ်းလျှောက်လိုက်ရန်ကိစ္စနှင့်ပတ်သက်**၍** သူတို့သည် ဘုရားသခင်နှင့်စာရင်းရှင်းရမည်ဖြစ်သည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မိမိတို့၏လမ်းပြအနေဖြင့်လက်ခံ**၍** သူတို့၏သားသမီးတို့သည် သူတို့၏စာရိတ္တများကိုတည်ထောင်ရန်အတွက် သူတို့၏မိဘများအပေါ် အဘယ်မျှလောက်အားကိုးအားထားပြုကြသည်ကို သိရှိကြသောမိဘတို့သည် သူတို့၏သားသမီးများအနေဖြင့် အန္တရာယ်ကင်းရှင်းစွာအတုယူနိုင်သောပုံသက်သေကို ထားကြလိမ့်မည်ဖြစ်သည်။

သားသမီးတို့၏ကျန်းမာရေး၊ ကိုယ်လက်ကြံ့ခိုင်ရေးနှင့်စာရိတ္တဗလကြံ့ခိုင်ရေးတို့အတွက် မိခင်နှင့်ဖခင်တို့သည် တာဝန်ယူကြသည်။ **ဤ**လုပ်ငန်း ကို အခြားသူတစ်ဦးတစ်ယောက်မလုပ်ကိုင်ရပေ။ သားသမီးတို့၏မိခင်ဖခင်များဖြစ်လာသောအခါ သားသမီးတို့အားအခြေခံကျင့်ဝတ်များကို သွန်သင်ပေးရာတွင် မိဘတို့သည် ကိုယ်တော်နှင့်လက်တွဲ**၍**ဆောင်ရွက်ရကြမည်။

သားသမီးတို့အားပြုရမည့် ဘုရားသခင်ချပေးထားတော်မူသော တာဝန်ကို မိဘများတို့သည်စွန့်ပစ်**၍** သူတို့ကိုယ်စားလူစိမ်းသူစိမ်းတို့အပေါ် တာဝန်လွှဲလိုသောဆန္ဒကိုပြကြသည်မှာ ဘယ်မျှလောက်ဝမ်းနည်းဖွယ်ဖြစ် သနည်း။ သူတို့သားသမီးများအတွက် အခြားသောသူတို့ကိုဆောင်ရွက်စေ**၍**

**ဤ**ကိစ္စတွင်သူတို့အနေဖြင့် လုံးဝတာဝန်မယူလိုကြပေ။

ယခုအခါတွင် သားသမီးတို့၏ဆိုးသွမ်းမှုကြောင့် ညည်းတွား ပြောဆိုနေကြသောမိဘတို့သည် သူတို့၏အပြစ်သာလျှင်ဖြစ်သည်။ **ဤ**ကဲ့သို့ သောသူတို့သည် သူတို့၏ကျမ်းစာများကိုဖွင့်ကြည့်**၍** မိဘနှင့်အုပ်ထိန်းသူ များအနေဖြင့် သူတို့အားဘာတာဝန်များကို ဘုရားသခင်ကအပ်နှံထားတော် မူသည်ကို ရှာဖွေကြည့်**ရှု**ကြပါလေစေ။ ကြာရှည်စွာလျစ်လျူ**ရှု**ခဲ့သော သူတို့ ၏တာဝန်များကိုမပျက်ကွက်အောင် ဆောင်ရွက်ကြပါစေ။ သူတို့၏သားသမီး များကိုဆုံးမသွန်သင်ရာတွင် ကိုယ်တော်ရှင်၏**ညွှ**န်ကြားချက်များကို လိုက်နာ ကျင့်သုံးရန် ပျက်ကွက်ခဲ့ကြသည့်အတွက် မိမိတို့ကိုယ်ကိုနှိမ့်ချလျက် ဘုရား သခင်၏မျက်မှောက်တော်တွင် နောင်တရကြပါစေ။ သူတို့လိုက်နာ ကျင့်သုံးနေ သောလမ်းစဉ်ကိုပြောင်းလဲ**၍** သူတို့၏လမ်းပြနှင့်အကြံပေးအနေဖြင့် ကျမ်းစာ ကိုတိတိကျကျနှင့်သေသေချာချာလိုက်နာကျင့်သုံးရန် လိုအပ် နေပေသည်။

**အသင်းတော်တွင် တစ်ခုတည်းသောထိုတာဝန်များကိုမထမ်း ဆောင်နိုင်ပေ** – လူငယ်လူရွယ်များနှင့်ကလေးသူငယ်များတို့သည် မိမိ တို့၏စိတ်နှလုံးများကို ခရစ်တော်အားဆက်ကပ်ကြလျှင် ဘယ်မျှကောင်းမွန် လိမ့်မည်နည်း။ ထိုအခါ ဖြောင့်မတ်ခြင်းသို့ အခြားသူတို့ကိုခေါ်ဆောင်လာရန် တပ်မကြီးတစ်ခုပေါ်ပေါက်လာနိုင်ပေမည်။ သို့ရာတွင် မိဘများအနေဖြင့် **ဤ**လုပ်ငန်းကိုဆောင်ရွက်ရန် အသင်းတော်တစ်ခုတည်းကိုသာ လွှဲအပ်မထား သင့်ပေ။

ဓမ္မဆရာသည် ထိုတာဝန်များကိုလုံးဝပုံအပ်**၍** သင်တို့သားသမီး များတို့၏ဝိညာဉ်အတွက် သူ့ကိုသာလျှင် အားကိုးအားထား**ပြု**နေကြသည်။ မိဘများနှင့်အုပ်ထိန်းသူများအနေဖြင့် သင်တို့ကိုယ်တိုင်ထမ်းဆောင်ရမည့် တာဝန်များကို သင်တို့သည်သိကျွမ်းခြင်းမရှိကြပေ။ သင်တို့ကိုယ်တိုင်၏ ပုံသက်သေနှင့်လျော့ရိလျော့ရဲနိုင်သောစည်းမျဉ်းများကြောင့် သင်တို့၏သားသမီး များသည် ညစ်ညမ်းဆိုးသွမ်းလျက်ရှိကြသည်။ **ဤ**အိမ်တွင်းသွန်သင်ဆုံးမမှု ကင်းမဲ့နေလင့်ကစား၊ ဓမ္မဆရာကသင်တို့နေရာတွင်ဝင်ရောက်**၍** သင်တို့ သားသမီးတို့၏စိတ်နှလုံးများနှင့်ဘဝအသက်တာတို့ကို ကောင်းမြတ်ခြင်းနှင့် ဘုရားတရားရှိသောအခြေအနေသို့ပို့ဆောင်ပေးခြင်းတည်းဟူသော အံ့ဩဖွယ် သောပြီးမြောက်မှုအတွက် ဆောင်ရွက်ပေးရန်

သင်တို့မျှော်လင့်နေကြသည်။ ဝိညာဉ်ကိုကယ်ဆယ်မှုအတွက် သစ္စာရှိစွာဖြင့်လည်းကောင်း၊ မေတ္တာနှော သောသွန်သင်ဆုံးမမှုဖြင့်လည်းကောင်း၊ သည်းခံသောစိတ်ဖြင့်လည်းကောင်း၊ စည်းကျအောင်ပြုပြင်နေခြင်းဖြင့်လည်းကောင်း၊ စိတ်ပါသောဆုတောင်းပေး မှုဖြင့်လည်းကောင်း ဓမ္မဆရာကအသင်းတော်အတွက် တတ်နိုင်သမျှဆောင်ရွက် ပေးသော်လည်း မှန်းချက်နှင့်နှမ်းထွက်မကိုက်လျှင် သူတို့၏သားသမီးများ ပြောင်းလဲမှုမရှိသည့်အတွက် မိဘတို့ကဓမ္မဆရာကိုအပြစ်တင်ကြသည်။ အမှန် အားဖြင့် မိဘတို့၏လျစ်လျူရှုမှုကြောင့်သာလျှင်ယင်းအခြေအနေမျိုးကို ရင်ဆိုင်ရသည်။ တာဝန်သည် မိဘများအပေါ်၌ရှိသည်။ သူတို့အားဘုရားသခင် အပ်နှင်းထားတော်မူသော လုပ်ငန်းကိုလက်ခံ၍ ယုံကြည်သောစိတ်ဖြင့် ယင်း လုပ်ငန်းကိုဆောင်ရွက်ကြမည်လား၊ သူတို့ကိုယ်တိုင်မြင့်မားသောအဆင့်အတန်း သို့ရောက်ရှိ၍ သူတို့၏သားသမီးများကိုလည်း ယင်းအဆင့်အတန်းသို့ လက်တွဲခေါ်ဆောင်သွားရန် မိဘတို့သည် ရှေ့သို့တိုးတက်၍နိမ့်ချသောစိတ်၊ သည်းခံသောစိတ်နှင့်ဖွဲလုံ့လရှိသောစိတ်တို့ဖြင့်ဆောင်ရွက်ကြမည်လား။

အများသောမိခင်ဖခင်တို့သည် သူတို့၏တာဝန်များကို အခြားသောသူတို့၏လက်သို့လွှဲအပ်ထားကြသည်မဟုတ်ပါလော။ ဓမ္မဆရာကတာဝန်ယူ၍ သားသမီးများပြောင်းလဲစေရေးနှင့် သူတို့နဖူးများပေါ်၌ ဘုရားသခင်၏တံဆိပ်တော်ကိုခတ်စေရန်အတွက် ဆောင်ရွက်ပေးသင့်သည်ဟု အများသောမိဘတို့က ယူဆကြသည်မဟုတ်ပါလော။

**ဥပုသ်စာဖြေကျောင်းကလည်းထိုတာဝန်များကိုမထမ်းဆောင် နိုင်ပေ** – သူတို့၏အနာဂတ်ဘဝအသက်တာသို့ သားသမီးများအနေဖြင့် သယ်ယူသွားနိုင်သောအသိပညာရရှိရေးအတွက် သူတို့အားကူညီမစရန် မိဘတို့၏တာဝန်ဖြစ်သည်မဟုတ်ပါလော။ သို့ရာတွင် အကြောင်းတစ်ခုခု ကြောင့် အများသောမိဘတို့သည် သူတို့၏သားသမီးများအား ဘာသာ အယူဝါဒဆိုင်ရာသင်ကြားပို့ချမှုကို ပြုလုပ်ပေးလိုသောဆန္ဒမရှိကြပေ။ သားသမီးများအနေဖြင့် ဘုရားသခင်အတွက်ဆောင်ရွက်ရမည့်တာဝန်များ ဆိုင်ရာအသိပညာကို မိဘတို့က သူတို့အားသင်ကြားပို့ချပေးခြင်းမပြုဘဲ သားသမီးတို့ကိုယ်တိုင် ယင်းအသိပညာကိုဥပုသ်စာဖြေကျောင်းတွင်ရှာဖွေ လေ့လာကြသည်။ အသိပညာသင်ကြားပေးမှု၊ စည်းကမ်းထိန်းသိမ်းပေးမှုနှင့် သားသမီးတို့အားသွန်သင်ဆုံးမပေးမှုများကိုဆောင်ရွက်၍ သူတို့သည် ယခု ဘဝနှင့်နောင်ဘဝအသက်တာတို့အတွက်အကျင့်စာရိတ္တများတည်ဆောက် လျက်ရှိကြသည်ဆိုသောအချက်ကို သူတို့ရှေ့

**၌**အမြဲတမ်းထားရှိကြစေရန် ဘုရားသခင်အလိုတော်ရှိကြောင်းကို ယင်းမိဘတို့ သိရှိနားလည်ရန် လိုအပ်ပေသည်။

သူငယ်သွားရာလမ်း၀၌ဆုံးမသွန်သင်ရသော သင်တို့၏အလုပ်ကို လုပ်ကိုင်စေရန် ဥပုသ်စာဖြေကျောင်းဆရာ၊ ဆရာမအပေါ် အားကိုးအား ထားမပြုပါနှင့်။ ဥပုသ်စာဖြေကျောင်းသည် ကောင်းချီးမင်္ဂလာကြီးတစ်ရပ် ဖြစ်သည်။ ယင်းသည်သင့်လုပ်ငန်းတွင် အထောက်အကူပြုနိုင်သည်။ သို့ရာတွင် ယင်းသည် သင်တို့နေရာတွင် ဘယ်အခါမျှအစားထိုး၀င်ရောက်၍ မဆောင်ရွက်နိုင်ပေ။ မိမိတို့၏သားသမီးများကို ယေရှုထံတော်သို့ယူဆောင် လာရန်တာ၀န်ကိုလည်းကောင်း၊ ဆုတောင်းနည်းကိုသင်ပေးရန်တာ၀န်ကို လည်းကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုယုံကြည်ရန် သင်ကြား ပေးဖို့တာ၀န်ကိုလည်းကောင်း မိဘတို့အားဘုရားသခင်က အပ်နှင်းထား တော်မူသည်။

သင်တို့သားသမီးများကိုပညာသင်ကြားပေးရာတွင် သင်တို့အနေဖြင့် လျစ်လျူရှုခဲ့သောလုပ်ငန်းကို ဥပုသ်စာဖြေကျောင်းနှင့်သင်းအုပ်ဆရာက ဆောင်ရွက်လိမ့်မည်အထင်နှင့် ကျမ်းစာထဲမှသမ္မာတရားတို့ကိုမသင်ပြဘဲ ဘေးဖယ်မထားပါနှင့်၊ ကျမ်းစာသည် ယင်းကိုနေ့စဉ်နေ့တိုင်းဖွင့်၍ စေ့စေ့ ဖတ်ရှုလေ့လာရန်မသင့်အောင် မြင့်မြတ်သန့်ရှင်းလှသည်မဟုတ်ပေ။ ဘုရားသခင်၏နှုတ်ကပတ်တော်မှသမ္မာတရားများကို ဘ၀အသက်တာ၏ သေးနုပ်သောအရာများဟု ယူဆသောဆရာတို့နှင့် တွေ့ထိမှုရှိအောင်ပြုရ မည်။ ယင်းသမ္မာတရားများကို မှန်ကန်သောရှုထောင့်မှ တွေ့မြင်၍နေရာ ထားလျှင် သာမန်ဘ၀အသက်တာကိုထွန်းပြောင်စေ၍ မှန်ကန်သောအကျင့် စာရိတ္တ တည်ဆောက်ရန်အတွက် နားထောင်ခြင်းနှင့် အခြေခံကျင့်၀တ်များ အတွက် ရည်စူးချက်များကို ဖန်တီးပေးပေလိမ့်မည်။

---o---

# အခန်း ၃၀
# မိသားစုဥမကွဲသိုက်မပျက်နေထိုင်ခြင်း

**မိဘများနှင့်သားသမီးတို့ရင်းနှီးမှုရှိရမည်** – အချို့သောမိဘတို့ သည် သူတို့၏သားသမီးတို့အကြောင်းကိုနားမလည်ခြင်းမှာ အမှန်အားဖြင့် ရင်းနှီးမှုမ ရှိကြပေ။ အများအားဖြင့်မိဘတို့နှင့်သားသမီးတို့စပ်ကြား ကြီးမား သောကွာဟ မှုရှိနေသည်။ အကယ်၍မိဘတို့သည် သားသမီးတို့၏စိတ်ခံစား မှုဘောင်အ

တွင်းသို့ အတွင်းကျထိုးဖောက်ဝင်ရောက်နိုင်လျှင် ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် သားသမီးများအပေါ် အကျိုးဖြစ်ထွန်းသောသြဇာသက်ရောက် မှုရှိပေလိမ့်မည်။

၂၀၇

မိခင်နှင့်ဖခင်တို့သည် တစ်ဦးအပေါ်တစ်ဦးကိုယ်ချင်းစာတရား ထားရှိရခါ လက်တွဲ၍ဆောင်ရွက်ကြရမည်။ သူတို့သည် သားသမီးများ၏ အပေါင်းအဖော်ဖြစ်ရမည်။

သားသမီးတို့အားလမ်းမှန်သို့လမ်းပြပို့ဆောင်နိုင်ရန် သူတို့၏ချစ်ခြင်း နှင့်ယုံကြည်ခြင်းရရှိအောင် မိဘတို့သည် အကောင်းဆုံးနှင့်အအောင်မြင်ဆုံး နည်းလမ်းကို အသုံးပြုရကြမည်။ သူတို့၏မေတ္တာလင်းရောင်ခြည်ကို အိမ် ထောင်ပေါ်သို့ ထွန်းလင်းနေစေရမည်။

**အားပေးသောစကားနှင့် ချီးကျူးစကားပြောကြားခြင်း** – ကလေး သူငယ်များသည် အပေါင်းအဖော်များကိုနှစ်သက်သောကြောင့် သူတို့တစ်ဦး တည်းထီးထီးနေရလျှင် ပျော်ရွှင်မှုရှိခဲသည်။ သူတို့သည် ကိုယ်ချင်းစာနာမှုနှင့် ကြင်နာမှုကိုမျှော်မှန်းတမ်းတနေတတ်သည်။ သူတို့နှစ်သက်သမျှသော အရာ များကို မိခင်ဖြစ်သူလည်းနှစ်သက်လိမ့်မည်ဟု သူတို့ယူဆထားကြ သည်။ ထို့ကြောင့် သူတို့ရင်ဆိုင်ရသောဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်း တို့ဖြင့် မိခင်ထံသို့ချဉ်းကပ်တတ်ကြသည်မှာ သဘာဝကျကျရှိလှပါသည်။ မိခင်အ တွက် သေနုပ်၍မရေမရာဖြစ်သော်လည်း သူတို့အတွက် အလွန်မှအရေးပါ အရာရောက်သောကိစ္စများကို ဂရုမစိုက်ဘဲနေခြင်းအားဖြင့် မိခင် တို့သည် သားသမီးတို့၏နုနယ်သောစိတ်နှလုံးများကို နာကြည်းသွားအောင် မပြုလုပ် သင့်ပေ။ သူမ၏ကိုယ်ချင်းစာမှုနှင့်လိုက်လျောမှုတို့သည် အလွန်တန်ဖိုးရှိလှ သည်။ လိုက်လျောသောအမူအရာပြခြင်းနှင့် အားပေးစကား (သို့မဟုတ်) ချီးကျူးစကားပြောကြားခြင်းတို့ကို သူတို့၏နှလုံးသားများအတွက် ရောင်ခြည် ထွန်းလင်းနေဘိသကဲ့သို့ဖြစ်၍ အများအားဖြင့် သူတို့အား တစ်နေ့လုံးပျော်ရွှင် မှုကိုရရှိစေလေသည်။

**မိဘတို့သည်ကလေးသူငယ်များ၏လူယုံတော်များဖြစ်ရမည်** – သားသမီးတို့သည် နေ့စဉ်သူတို့ရင်ဆိုင်ရသောစိတ်အနှောင့်အယှက်များ၊ စိတ်မကောင်းစရာများနှင့်ဆုံရခြင်းများကို သူတို့စိတ်ထဲ၌မထားရှိဘဲ မိဘတို့ အားရင်ဖွင့်ကြစေရန် အားပေးကြရမည်။

သူတို့အားကြင်နာစွာဆုံးမပဲ့ပြင်**၍** သူတို့အားသင်တို့၏စိတ်နှလုံး ဖြင့်ချည်နှောင်ထားပါ။ **ဤ**ခေတ်ကလေးသူငယ်အတွက် အရေးကြီးသော အချိန်ဖြစ်ပါသည်။ သူတို့အားမိဘတို့နှင့်ကင်းကွာစေမည့် ဩဇာသက်ရောက်

မှုကို သင်တို့သည်တိုက်ဖျက်ရမည်ဖြစ်သည်။ သင်တို့အားသူတို့၏လူယုံတော်များအနေဖြင့်ဆက်ဆံရန် သင်ကြားပေးပါ။ သူတို့၏စုံမက်ခြင်းများနှင့် ပျော်ရွှင်မှုကို သင်တို့အားတီးတိုးပြောပါလေစေ။

သားသမီးတို့သည် မိဘဖြစ်သူတို့နှင့်ပိုမိုရင်းနှီးမှုရှိလျှင် မကောင်းမှုဒုစရိုက်အမျိုးမျိုးတို့နှင့်ကင်းလွတ်နေမည်ဖြစ်သည်။ မိဘတို့အားပွင့်ပွင့်လင်းလင်းဆက်ဆံရန်လည်းကောင်း၊ သူတို့ရင်ဆိုင်ရသောအခက်အခဲများနှင့်လမ်းမှန်ကိုလိုက်ရန် အခက်**ကြုံ**သောအခါ မိမိတို့ထံသို့ချဉ်းကပ်ရန်လည်းကောင်း၊ ကိစ္စတစ်ခုခုနှင့်ပတ်သက်**၍** မိဘတို့**ရှေ့၌** သူတို့၏ထင်မြင်ယူဆချက်ကိုဖော်ပြပြီးလျှင် အကြံဉာဏ်ကိုတောင်းခံရန်လည်းကောင်း မိဘတို့ကသား သမီးတို့အားပေးရမည်။ ဘုရားတရားရှိသောမိဘများလောက် သားသမီး တို့၏အန္တရာယ်ကိုသိရှိ**ညွှ**န်ပြနိုင်စွမ်းသောပုဂ္ဂိုလ်ဟူ**၍** ရှိပါသေးသလား။ ကိုယ့်သားသမီးတို့၏စိတ်နေသဘောထားများကို မိဘတို့ထက်နားလည်သောသူရှိပါသလား။ သားသမီးတို့၏စိတ်နေသဘောထားများကို ငယ်စဉ်တောင်ကျေးကလေးဘဝမှအစ**ပြု၍** စောင့်ကြည့်တွေ့မြင်ခဲ့ရပြီးဖြစ်သောမိခင်သည် သားသမီးတို့၏သဘောသဘာဝအလိုကိုသိရှိပြီးဖြစ်သောကြောင့် သားသမီးတို့အား လိုအပ်သောအကြံဉာဏ်ကိုပေးရန် အကောင်းဆုံးပြင်ဆင်မှုရှိသောသူဖြစ်သည်။ မည်သည့်အရာမျိုးကိုဟန့်တားထားရန်နည်းကို ဖခင်၏အကူအညီရရှိထားသောမိခင်လောက် ပြောဆိုနိုင်သောသူရှိပါသလား။

**အချိန်မရှိ** – ဖခင်ဖြစ်သူက၊ "ကျွန်တော်များမှာတော့ အချိန်မရှိ ဘူး၊ ကျွန်တော့်သားသမီးတွေကို သွန်သင်ဆုံးမပေးဖို့အချိန်မရှိဘူး။ အိမ် မှာလည်းပျော်ပွဲရွှင်ပွဲလုပ်ပေးဖို့အချိန်မရှိ၊ မရှိ" ဟုဆိုကြသည်။ ထိုသို့ဆိုလျှင် သင်သည်အိမ်ထောင်၏တာဝန်ကို အစကတည်းကမထမ်းခဲ့သင့်ပေ။ သားသမီးတို့တရားသဖြင့်ရသင့်ရထိုက်သောအချိန်ကို မပေးဘဲနေခြင်းဖြင့် သင့်ထံမှသူတို့ရသင့်သောပညာရေးကို သင်သည်လက်လွတ်စေသည်။ သင်တို့**၌**သားသမီးရှိလျှင် သူတို့၏အကျင့်စာရိတ္တများကိုတည်ဆောက်ပေး ရာတွင် မိခင်ဖြစ်သူနှင့်အတူလက်တွဲ**၍** သင်တို့ဆောင်ရွက်စရာလုပ်ငန်းရှိ သည်။

မြောက်မြားစွာသောမိခင်များက ကြွေးကြော်ကြသည်မှာ "သားသမီးတွေနဲ့လက်ပွန်းတတီးနေဖို့တော့ ကျွန်မတို့တစ်တွေမှာတော့အချိန်မရှိဘူး" ထိုကဲ့သို့ဆိုလျှင် ခရစ်တော်၏မျက်နှာတော်ကိုထောက်**၍** မိခင်တို့သည်

သူတို့၏ဝတ်စားဆင်ယင်မှုအတွက် အသုံးပြုနေသောအချိန်ကိုလျှော့ပစ်ပါ။ ဝတ်စားဆင်ယင်မှုအတွက် အချိန်ကိုများစွာမဖြုန်းပါနှင့်။ အိမ်လည်ခြင်း အားဖြင့် အချိန်ကိုမဖြုန်းပါနှင့်။ ဟင်းလျာမျိုးစုံချက်ပြုတ်ခြင်းအားဖြင့် အချိန်ကိုမဖြုန်းပါနှင့်။ သင်တို့နှင့်သားသမီးများတို့၏ကောင်းကျိုးဖြစ်မှုစပ်ကြားတွင် မည်သည့်အရာများကိုမျှ သပ်မထိုးပါစေနှင့်။

စိုးရိမ်ကြောင့်ကြမှုမျိုးစုံကို ရင်ဆိုင်နေရသောကြောင့် မိခင်များသည် သားသမီးငယ်များကိုသွန်သင်ဆုံးမရန်နှင့် သူတို့မေတ္တာနှင့်ကိုယ်ချင်းစာနာမှုများကိုပြသရန် သူတို့အနေဖြင့်သည်းခံသောစိတ်ဖြင့် အချိန်ပေးနိုင်စွမ်းမရှိဟုဆိုကြသည်။ သားသမီးတို့သည် သူတို့လိုချင်တောင့်တလျက်ရှိသော မေတ္တာနှင့်ရင်းနှီးမှုကို သူတို့၏မိဘများထံ၌လည်းကောင်း၊ သူတို့၏အိမ်ဂေဟာများတွင်လည်းကောင်း မတွေ့ရလျှင် စိတ်နှလုံးရောအကျင့်စာရိတ္တပါ အန္တရာယ်မကင်းဖြစ်စေမည့် အခြားနည်းလမ်းများကို ရှာဖွေအသုံးပြုလိမ့်မည်ဖြစ်သည်။

**သားသမီးများတို့နှင့်လက်တွဲ၍အလုပ်လုပ်ပါ၊ ကစားပါ** – အားလပ်ချိန်တွင် သားသမီးများနှင့်အတူနေပါ။ သူတို့၏အလုပ်အကိုင်များနှင့်ကစားမှုများတွင် ပါဝင်ဆောင်ရွက်ပါ။ သူတို့၏ယုံကြည်မှုကိုရယူပါ။ မိတ်ဆွေသဘောထားမျိုးကို သူတို့၌ပြုစုပျိုးထောင်ပေးပါ။

ညနေပိုင်းများတွင် မိဘတို့သည် သားသမီးများနှင့်အတူတကွနေထိုင်သွားလာပါ။ တစ်နေ့တာ၏စိုးရိမ်ပူပန်မှုမျိုးနှင့်စိတ်ရှုပ်ထွေးမှုများကို မေ့ပျောက်ထားပါ။

**ဆုတ်ခွာနေတတ်၍အာဏာရှင်ဆန်သောမိဘများအတွက် အကြံပေးချက်** – သူတို့၏သားသမီးများနှင့် ရင်းရင်းနှီးနှီးဆက်ဆံခြင်းမပြုဘဲ အမြဲတမ်းအမိန့်ပေးနေတတ်သောမိဘများရှိသကဲ့သို့ မိမိတို့၏တပည့်များကို အမြဲတမ်းအော်ဟစ်ငေါက်ငေါ်နေတတ်သော ဆရာသမားများရှိတတ်သည်။ ယင်းဆရာသမားများနှင့်မိဘတို့သည် ဆုတ်ခွာခွာနေတတ်၍ သူတို့၏သားသမီးများနှင့်တပည့်များတို့၏ချစ်ခင်လေးစားမှုကိုမရယူနိုင်သည့်အေးစက်စက်ဖြစ်သော အပြုအမူမျိုးဖြင့်လည်းကောင်း၊ ကိုယ်ချင်းစာနာမှုကင်းသောနည်းမျိုးဖြင့်လည်းကောင်း သူတို့၏အာဏာကိုအသုံးပြုတတ်ကြသည်။ သူတို့သည် ကလေးသူငယ်တို့နှင့်ရင်းနှီးအောင်ပြုလုပ်၍ သူတို့အားချစ်ကြောင်း

ကိုပြလျက် သူတို့၏**ကြိုး**ပမ်းမှုများနှင့်အားကစားမှုများတွင်လည်း စိတ်ဝင်စားမှုရှိကြောင်းကိုပြသပြီး တစ်ခါတစ်ရံကလေးများကဲ့သို့ပင်**ပြု**မူလုပ်ကိုင်လျှင် ကလေးများအားပျော်ရွှင်**စေ၍** သူတို့၏မေတ္တာနှင့်ယုံကြည်မှုကိုလည်း ရယူနိုင်ကြမည်ဖြစ်သည်။ ကလေးတို့သည် လျင်မြန်စွာပင် မိဘတို့နှင့်ဆရာသမားတို့အားလေးစားလာ**၍** သူတို့၏စကားကိုနားထောင်လာကြမည်ဖြစ်သည်။

**အိမ်ထောင်၏ဂုဏ်တုဂုဏ်ပြိုင်ဖြစ်သည့် ဆိုးညစ်သောအပေါင်းအဖော်များ** – ကလေးသူငယ်များတို့၏အာ**ရုံ**ကိုလွှဲပြောင်းပစ်ရန် စာတန်နှင့်သူ့ဗိုလ်ခြေအပေါင်းတို့သည် အင်တိုက်အားတိုက်**ကြိုး**ပမ်းလျက်ရှိကြသည်။ ထိုကြောင့် ယင်းကလေးသူငယ်တို့နှင့်ပွင့်လင်းစွာဖြင့်လည်းကောင်း၊ ခရစ်ယာန်တို့၏သိမ်မွေ့ခြင်းဖြင့်လည်းကောင်း၊ ခရစ်ယာန်တို့၏မေတ္တာဖြင့်လည်းကောင်း ဆက်ဆံကြရမည်။ **ဤ**ကဲ့သို့**ပြု**လုပ်ခြင်းသည် သူတို့အပေါ်တွင် သင်တို့၏ဩဇာများစွာညောင်း**စေ၍** သူတို့အနေဖြင့်လည်း သင်တို့အားလုံးဝလုံးဝယုံကြည်အားထားမှုရှိနိုင်သည်ဆိုသော ခံစားမှုရှိနေလိမ့်မည်။ မိသားစုကိုခင်တွယ်စိတ်နှင့် သင်တို့အားယုံကြည်ကိုးစားလိုသောစိတ်မျိုးကို သားသမီးတို့**၌**ဖန်တီးပေးပါ။ **ဤ**ကဲ့သို့**ပြု**လုပ်လျှင် သားသမီးတို့သည် အပြင်လောကမှရွယ်တူတို့နှင့်ပေါင်းဖော်မှုကိုရယူလိုသော ဆန္ဒရှိတော့မည်မဟုတ်ပေ။ လောကကြီးတွင် မကောင်းမှုဒုစရိ**ုက်**များပြားလှသောကြောင့်လည်းကောင်း၊ သားသမီးတို့အားအုပ်အုပ်ထိန်းထိန်းထားရန်လိုအပ်သောကြောင့်လည်းကောင်း သူတို့၏ခင်တွယ်မှုကိုရရှိရန်နှင့် မိဘတို့အနေဖြင့် သားသမီးတို့၏ပျော်ရွှင်မှုတို့အတွက် အမြဲတမ်းလိုလား**ကြိုး**ပမ်းနေကြောင်းကို သူတို့သိရှိစေရန် မိဘတို့သည် ဆတက်ထမ်းပိုးတိုး**၍**ဆောင်ရွက်ရကြမည်။

**သားသမီးများအကြောင်းကိုမိဘတို့သိကျွမ်းရမည်** – မိဘတို့နှင့်သားသမီးတို့စပ်ကြားတွင် အေးစက်နေတတ်ခြင်း၊ ဆုတ်ခွာခွာနေတတ် ခြင်းမျိုးလုံးဝမရှိစေရ။ မိမိတို့အနေဖြင့် သားသမီးတို့အကြောင်းကို ကောင်းမွန်စွာသိကြပါစေ။ သားသမီးတို့၏အာသီသနှင့်စိတ်နေသဘောထား များကိုနားလည်ရန်**ကြိုး**ပမ်း**၍**

သူတို့၏အတွင်းခံစားချက်များကို သိကျွမ်း ရန်လည်းအားထုတ်သင့်ပေသည်။

မိဘတို့၊ သင်တို့သည် သူတို့ကိုချစ်ကြောင်းနှင့် သူတို့သာယာပျော်ရွှင်မှုအတွက် အစွမ်းကုန်ကြိုးပမ်းကြောင်းကို သားသမီးတို့အားအသိပေး ပါ။ **ဤ**ကဲ့သို့ပြုလုပ်လျှင် သင်တို့၏တားမြစ်ခြင်းနှင့်စည်းကမ်းထားရှိခြင်း သည် သူတို့အပေါ်**၌**ပိုမိုအကျိုးဖြစ်ထွန်းသော ဩဇာသက်ရောက်မှုရှိလိမ့် မည်။ သားသမီးတို့အား နူးညံ့သိမ်မွေ့စွာဖြင့်လည်းကောင်း၊ သနားကြင်နာ ခြင်းဖြင့်လည်းကောင်း စိုးမိုးအုပ်ချုပ်လျက် "သူတို့၏ကောင်းကင်တမန်တို့ သည် ကောင်းကင်ဘုံ**၌**ရှိတော်မူသော ငါ့အဘ၏မျက်နှာတော်ကို အစဉ်မပြတ်ဖူးမြင်ကြ၏" ဆိုသောအချက်ကို အမြဲတမ်းနှလုံးသွင်းပိုက်ထားပါ။ ဘုရားသခင် သည် သင်တို့အားအပ်နှင်းထားတော်မူသောသားသမီးများတွင် ပြုလုပ်ရမည့် အလုပ်ကို သင်တို့ကိုယ်စားကောင်းကင်တမန်များကို ဆောင်ရွက်စေလိုလျှင် သင်တို့နှင့်ဆိုင်သောကဏ္ဍကိုဆောင်ရွက်ခြင်းအားဖြင့် ကောင်းကင်တမန်များ နှင့်လက်တွဲဆောင်ရွက်ပါ။

စစ်မှန်သောအိမ်ထောင်၏ဉာဏ်အမြော်အမြင်ရှိစွာဖြင့်လည်းကောင်း၊ ချစ်ခင်ယုယစွာဖြင့် လမ်းပြပို့ဆောင်မှုဖြင့်လည်းကောင်း ကြီးထွားလာသော သားသမီးတို့သည် လောကီပျော်ရွှင်မှုနှင့်ပေါင်းသင်းဆက်ဆံမှုမျိုးကို ရှာဖွေကြတော့မည်မဟုတ်ပေ။ မကောင်းမှုဒုစရိုက်ကို သူတို့သည်စွဲလမ်းကြတော့မည်မဟုတ်ပေ။ အိမ်ထောင်**၌**စိုးမိုးခဲ့သောစိတ်သဘောထားသည် သူတို့၏ အကျင့်စာရိတ္တကိုပုံသွင်းပေးလိမ့်မည်။ သူတို့သည် အိမ်ထောင်၏အရိပ်အာဝါသမှထွက်ခွာ**၍** လောကကြီးတွင်ဝင်ရောက်နေထိုင်ကြသောအခါသူတို့အားစုံစမ်းသွေးဆောင်ခြင်းများကို ကြံ့ခိုင်စွာကာကွယ်ထားမည့်အကျင့်ဓလေ့များနှင့် အခြေခံကျင့်ဝတ်များကို သူတို့တည်ဆောက်ကြမည်ဖြစ်သည်။

---o---

# အခန်း ၃၁

# မေတ္တာအားဖြင့်လုံခြုံမှုရယူခြင်း

**မေတ္တာအရင်းခံသောဆောင်ရွက်မှုစွမ်းရည်** – မေတ္တာပြုပြင်**၍** အံ့ဩဖွယ်ကောင်းသောစွမ်းရည်ရှိသည်။ ယင်းမေတ္တာသည် ဘုရားသခင် အထံတော်မှဆင်းသက်လာသောကြောင့်ဖြစ်သည်။ "ဒေါသကိုငြိမ်းစေတတ် သော" ဖြည်းညင်းစွာပြန်**၍**ပြောခြင်း၊ "စိတ်ရှည်တတ်**၍**" "ကျေးဇူးပြုတတ် သော"

မေတ္တာ၊ “ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်သော” ချစ်ခြင်း၊ ယင်းအရည်အသွေးမျိုးတို့သည် ကျွန်ုပ်တို့၌ရှိလျှင် ကျွန်ုပ်တို့၏ဘဝအသက်တာ

မျိုးသည် သူတစ်ပါးတို့၏ဝေဒနာဒုက္ခတို့ကို ကုသပေးနိုင်သောစွမ်းရည်ဖြင့် ပြည့်စုံကြမည်မဟုတ်ပါလား။ ဘဝအသက်တာသည်ပြောင်းလဲ**၍** ကမ္ဘာမြေကြီးသည် ကောင်းကင်၏အသွင်ကိုဆောင်**၍** ကောင်းကင်၏အရသာကို **ကြို**တင်မြည်းစမ်းသောဘဝတွင် ရပ်တည်နေကြမည်မဟုတ်ပါလား။

**ဤ**ဘဝအဖိုးထိုက်အဖိုးတန်ဖြစ်သောသင်ခန်းစာများ (သို့မဟုတ်) အရည်အသွေးများကို ငယ်ရွယ်သောကလေးများနားလည်နိုင်လောက်အောင် အလွယ်ဆုံးနည်းဖြင့် သင်ကြားပေးနိုင်သည်။ ကလေးများ၏နှလုံးသားသည် နုနယ်သည်။ ကျွန်ုပ်တို့သည် "သူငယ်ကဲ့သို့ဖြစ်လျှင်" ကယ်တင်ရှင်၏ **ရိုး**သားခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့်ချစ်ကြင်နာသောသင်ခန်းစာများကို သင်ကြားလေ့လာကြပါလျှင် ကလေးများတို့၏နှလုံးသားများတို့ထိရန်လည်းကောင်း၊ မေတ္တာအရင်းခံသော**ကြိုး**စားကုသမှုမျိုးကိုဆောင်ရွက်ဖို့ သင်ကြားပို့ချပေးရန်လည်းကောင်း ကျွန်ုပ်တို့အနေဖြင့် အခက်အခဲကိုရင်ဆိုင်ရန် အကြောင်းမရှိပေ။

လောက**ရှု**ထောင့်မှကြည့်လျှင် ငွေသည်အင်အားဖြစ်သည်။ သို့ရာတွင် ခရစ်ယာန်**ရှု**ထောင့်မှကြည့်လျှင် မေတ္တာသည်အင်အားဖြစ်သည်။ **ဤ**အခြေခံသဘောတရားတွင် ဉာဏဗလနှင့်ဝိဉာဏဗလတို့ အကျုံးဝင်နေသည်။ စင်ကြယ်သောမေတ္တာသည် ကောင်းမှုပြု**ရ**န် အထူးအာနိသင်ရှိ**၍** ကောင်းမှု မှအပ အခြားမည်သည့်အရာကိုမျှမပြုပေ။ ယင်းသည် စိတ်ဝမ်းကွဲခြင်းနှင့် ဒုက္ခကိုတားဆီး**၍** စစ်မှန်ဆုံးဖြစ်သောပျော်ရွှင်မှုကို ယူဆောင်လာသည်။ ချမ်းသာကြွယ်ဝခြင်းဆိုသည်မှာ ညစ်ညမ်းစေရန်နှင့်ဖျက်ဆီးရန် သြဇာညောင်းသောအခြေအနေဖြင့် ရပ်တည်တတ်သည်။ အင်အားသည်ထိခိုက်ကြင်နာမှုကို**ပြု**ရန်သန်စွမ်းသည်။ သို့ရာတွင် အမှန်တရားနှင့်ကောင်းမြတ်ခြင်းတို့သည် စင်ကြယ်သောမေတ္တာ၏သတ္တိများဖြစ်သည်။

**မေတ္တာသည်ပျိုးထောင်ပြုစုပေးရမည့်အပင်ငယ်ဖြစ်သည်** –

အိမ်ဂေဟာသည် အစင်ကြယ်ဆုံးနှင့်ထိပ်တန်းအကျဆုံးမေတ္တာ၏ဗဟိုမဏ္ဍိုင်ဖြစ်ရမည်။ ငြိမ်သက်ခြင်း၊ စည်းလုံးညီ**ညွ**တ်ခြင်း၊ ချစ်ခြင်းနှင့်ပျော်ရွှင်ခြင်း တို့ကို နေ့စဉ်ဖွဲလုံ့လဖြင့် ထိန်းသိမ်းထားရမည်။ အိမ်ထောင်သားတိုင်း၏ စိတ်နှလုံးသားများထဲတွင် ယင်းတန်ဖိုးရှိလှသောအရည်အသွေးများ အမြစ်

တွဲနေသည်တိုင်အောင် ယင်းတို့ကိုထိန်းသိမ်းထားရမည်။ မေတ္တာအပင်ငယ် ကိုသတိ ဝီရိယရှိစွာဖြင့် ပျိုးထောင်ပြုစုပေးရမည်။ သို့မဟုတ်လျှင် ယင်းသည် ခြောက်သွေ့ ပျက်စီးသွားမည်။ ကောင်းမွန်သောအခြေခံကျင့်ဝတ်တိုင်းကို နှလုံးထဲတွင်ကြီးထွားရင့် သန်လာစေလိုလျှင် ယင်းကိုပြုစုထိန်းသိမ်းထားရမည်။ မနာလိုပြူစူခြင်း၊ မကောင်း မှုဒုစရိုက်ကိုတွေးတောကြံစည်ခြင်း၊ ညစ်ညမ်း ဆိုးယုတ်သောစကားပြောဆိုခြင်း၊ သည်းခံစိတ်ကင်းမဲ့ခြင်း၊ အာဃာတစိတ် မွေးမြူခြင်း၊ အတ္တစိတ်ထားရှိခြင်း၊သူတစ် ပါးဥစ္စာပစ္စည်းတပ်မက်ခြင်းနှင့် ဝါကြွားခြင်းမှစသော စာတန်စိုက်ပျိုးထားသောအပင် ငယ်များကို စိတ်နှလုံး သားများထဲမှ အမြစ်မှနေ၍ဆွဲနုတ်ပစ်ရမည်။ ယင်းမကောင်း မှုဒုစရိုက်များကို နှလုံးသားထဲတွင်ရပ်တည်ခွင့်ပြုထားလျှင် ကာယကံရှင်တို့၏ပျက်စီး ရာပျက်စီး ကြောင်း ဖန်တီးပေးသောအသီးများ ယင်းတို့မှသီးပွင့်လာကြလိမ့်မည်။ မေတ္တာ ၏တန်ဖိုးထိုက်တန်လှသောအသီးများကိုသတ်ပစ်၍ စိတ်ဝိညာဉ်ကိုညစ်ညူး စေသော အဆိပ်ပင်များကိုမွေးမြူကြသော သူတို့၏ဦးရေသည် မြားမြောင် လှပါသည်တကား။

**သင်ကိုယ်တိုင်ကလေးသူငယ်ဘဝကိုသတိရပါ** – သင်တို့ကိုယ်တိုင်၏ ကလေးသူငယ်ဘဝကိုမေ့လျော့လျက် သူတို့ကိုကြမ်းကြမ်းတမ်း တမ်းမဆက်ဆံကြပါ နှင့်။ သူတို့သည် လုံးဝအပြစ်ကင်းသောသူများဖြစ်လိမ့် မည်ဟုမမျှော်လင့်ပါနှင့်။ သို့တည်းမဟုတ် သူတို့အားသူတို့၏ငယ်ရွယ် ချိန်၌ပင်လျှင် လူကြီးဘဝသို့ချက် ချင်းမြှင့်တင်ပေးရန် မကြိုးပမ်းပါလေနှင့်။ ယင်းကဲ့သို့ပြုလုပ်ပေးခြင်းအားဖြင့် သူတို့ထံသို့ချဉ်းကပ်ရန် အခြားနည်းလမ်း အားဖြင့် မရရှိနိုင်သောနည်းလမ်းကိုပိတ် ဆို့၍ သူတို့ရင်ဆိုင်ရမည့်အန္တရာယ်ကို သင်တို့အနေဖြင့်မသိရှိမီ အန္တရာယ်များသော ဩဇာသက်ရောက်မှုများ ဝင်ရောက်စေရန်လည်းကောင်း၊ သူတို့၏နုနယ်သောစိတ်များ ကို အဆိပ် အတောက်ဖြစ်စေရန်လည်းကောင်း အခြားသောသူတို့အား အခွင့်အရေး ပေး ပြီးဖြစ်လိမ့်မည်။

မိဘများသည် သူတို့ကျင်လည်ခဲ့သောကလေးသူငယ်ဘဝကိုလည်း ကောင်း၊ ငယ်ရွယ်သူများအနေဖြင့် ကိုယ်ချင်းစာနာမှုနှင့်ချစ်ခြင်းကို ဘယ်မျှ လောက်မျှော်လင့် တောင့်တခဲ့သည်ကိုလည်းကောင်း၊ ဆူပူကြိမ်းမောင်းခြင်းနှင့် ဆုံးမခြင်းကိုခံရသောအခါ သူတို့ဘယ်မျှလောက်စိတ်မကောင်းဖြစ်မိခဲ့ရသည် ကိုလည်းကောင်း မမေ့အပ်ပေ။ သူတို့၏ခံစားမှုများတွင် နုပျိုနေသင့်၍ သူတို့သားသမီးများ၏လိုအပ်ချက်များကိုလည်း နားလည်မှုရှိသင့်ကြပေ သည်။

သားသမီးများသည် နူးညံ့သိမ်မွေ့၍ အားပေးသောစကားများကို လိုအပ် ကြသည်။ သူတို့၏သားသမီးငယ်တို့၏စိတ်နှလုံးများအား အားရွှင်မြူး ရောင်ခြည် ထူးများပေး၍ သူတို့၏အခက်အခဲများကိုမေ့လျော့စေမည့် ကြင်နာ ၍မေတ္တာဖြင့်ရွှန်း ရွှန်းဝေသောစကားများကိုပြောဆိုရန် မိခင်များအတွက် အဘယ်မျှလွယ်ကူဘိသနည်း။

မိဘတို့၊ သင်တို့၏သားသမီးများအား မေတ္တာကိုပေးကြလော့။ ငယ်စဉ် တောင်ကျေးကလေးဘဝအစ၌လည်းကောင်း၊ သူငယ်ဘဝ၌လည်းကောင်း၊ လူငယ် လူရွယ်ဘဝ၌လည်းကောင်း သားသမီးများအားမေတ္တာကို ပေးကြလော့။ သူတို့အား

မျက်မှောင်ကြုတ်နေသော မျက်နှာထားမျိုးမဟုတ်ဘဲ သာယာရွှင်မြူးသောမျက်နှာထားမျိုးကို အမြဲတမ်းပြပါလေ။

၂၁၄

**သားသမီးများအားရွှင်ပျသောအခြေအနေမျိုးတွင်ရပ်တည်နေပါစေ** – ကလေးသူငယ်များသည် စိတ်မချမ်းသာသောအခြေအနေမျိုးကို ရင်ဆိုင်နေရကြသောအခါ သူတို့ကိုသတိဝီရိယဖြင့် စိတ်ချမ်းသာအောင်ရပ်တည် ပေးရမည်။ သားသမီးတို့သည် ကလေးဘဝနှင့်လူကြီးဘဝစပ်ကြားအချိန် ပိုင်းတွင် သူတို့ရရှိသင့်သောဂ**ရု**တစိုက်**ပြု**စုမှုမျိုးကို အများအားဖြင့်မရရှိကြပေ။ သားသမီးများက သူတို့သည် အိမ်ထောင်၏တစ်စိတ်တစ်ဒေသဖြစ်သည် ဟူသော စိတ်သဘောထားမျိုးရှိစေရန် လမ်းပြဖို့ဆောင်ပေးနိုင်မည့် မိခင် မျိုးလိုအပ်နေပေသည်။ သားသမီးတို့၏မျှော်လင့်ချက်များ၊ အခက်အခဲများ နှင့်ပတ်သက်**၍** မိခင်အနေ ဖြင့် သူမ၏သားသမီးများနှင့် ညှိနှိုင်းဆွေးနွေး ပါလေစေ။ သူတို့၏သားသမီး များအား သူစိမ်းများထက်ကြည့်**ရှုပြု**စုမည်ကို မိဘတို့သည် သတိရကြပါစေ။ သားသမီးတို့အား မိခင်၏လမ်းပြပို့ဆောင် မှုအောက်တွင် သာယာပျော်ရွှင်သော အခြေအနေ**၌** ထားရှိရကြမည်။

အောင်မြင်မှုများရှိစေရန် သင်တို့၏သားသမီးများအား ကူညီမစ ကြပါ။ သူတို့အားမေတ္တာ၏အရိပ်အာဝါသအောက်တွင်ထားရှိပါ။ **ဤ**နည်း အားဖြင့် သင်တို့သည် သူတို့၏ဆိုးမရခက်သောစိတ်နေသဘောထားများကို အောင်မြင်နိုင်နင်းနိုင်မည်ဖြစ်သည်။

သားသမီးတို့သည် အစားအစာထက်မေတ္တာလိုအပ်နေချိန်**၌** အဝတ်အစားများတွင် ဇာထိုးပန်းချုပ်လုပ်ရန်အတွက်ဖြစ်စေ၊ သူတို့သားသမီးများ၏အဝတ်အစားများတွင် မလိုအပ်သောမွမ်းမံခြယ်လှယ်မှုများ**ပြု**လုပ်ရန်အတွက်ဖြစ်စေ အချိန်ယူဖို့သားသမီးများအား ရက်ဖွယ်ကောင်းအောင်လျစ်လျူ**ရှု** ကြသည်။ သားသမီးများသည်မောပန်း**၍** မိဘတို့၏ကြည့်**ရှု**မှုကိုလိုအပ်နေ ချိန်တွင် သူတို့ကိုလျစ်လျူ**ရှု**ထားသည်။ (သို့မဟုတ်) စားစရာတစ်ခုခုကို ပေးထားလိုက်သည်။ သူတို့သည် အစားအစာကိုလိုအပ်ခြင်းမရှိသည်သာမက ယင်းကဲ့သို့လျစ်လျူ**ရှု**ခြင်းခံရခြင်းသည် သူတို့အတွက်အလွန်ကြီးမားသော နစ်နာမှုတစ်ရပ်ဖြစ်သည်။ သူတို့လိုအပ်နေသောအရာသည် မိခင်၏နှစ်သိမ့်ဖွယ်သော ပိုက်ဖက်ထားခြင်းဖြစ်သည်။ သားသမီးများသည် မွေးကင်းစ အရွယ်၊ ကလေးသူငယ်အရွယ်တို့တွင် အထူးလိုအပ်နေသည့် ချစ်ခင်ယုယသောအ**ပြု**အမူမျိုးကို မိဘတိုင်းအချိန်ယူ**၍** ဆောင်ရွက်သင့်ကြပေသည်။ **ဤ**ကဲ့သို့**ပြု**လုပ်ခြင်းအားဖြင့် မိခင်သည် သားသမီးတို့၏စိတ်နှလုံးများနှင့် သာယာပျော်ရွှင်မှုများ ပေါင်းစည်းချည်နှောင်မှု**ပြု**ပြီးဖြစ်လိမ့်မည်။ ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်ဆက်သွယ်မှုရှိသကဲ့သို့ မိခင်သည် သားသမီးတို့နှင့် ဆက်သွယ်မှုရှိလိမ့်မည်။

**သင့်လျော်သောလိုအင်ဆန္ဒများကိုလိုက်လျောခြင်း** – မိဘများ

အနေဖြင့် သားသမီးများအားချစ်ကြောင်းကိုလည်းကောင်း၊ သူတို့ကောင်းစားရေးအတွက် သင်တို့သည် လုပ်ကိုင်ဆောင်ရွက်နေရကြောင်းကိုလည်းကောင်း၊ သူတို့၏စိတ်ပျော်ရွှင်သာယာမှုကို သင်တို့အနေဖြင့် ဘယ်မျှလိုလားကြောင်းကိုလည်းကောင်း၊ သူတို့အားကောင်းကျိုးပြုမည့်အရာကိုသာ သင်တို့ရည်စူးထားကြောင်းကိုလည်းကောင်း သူတို့သိရှိအောင်ပြုလုပ်သင့်ပေသည်။ မိဘများအနေဖြင့် သားသမီးတို့၏သင့်လျော်သောလိုအင်ဆန္ဒများကိုလိုက်လျောရန် လက်မနှေးသင့်ပေ။

သားသမီးများကိုအုပ်ထိန်းရာတွင် ဘယ်အခါမျှဒေါသအလျောက် မပြုလုပ်ပါလေနှင့်။ ဩဇာအာဏာနှင့်မေတ္တာကို အမြဲတမ်းဒွန်တွဲထားပါ။ ကောင်းမွန်၍နှစ်မြို့ဖွယ်သောစိတ်နေသဘောထားမျိုးကို မွေးမြူထိန်းသိမ်း ထား၍ သားသမီးတို့အား ခရစ်တော်ကိုပြသခြင်းအားဖြင့် မြင့်မားသောကောင်းမြတ်ခြင်းကို လိုချင်သောဆန္ဒရှိအောင်ပြုပြင်ပေးပါ။ သူတို့အားအန္တရာယ်ပြုမည့်အရာများကို မိဘများအနေဖြင့်ဟန့်တားထားသောအခါ သူတို့အားချစ်ကြောင်းနှင့် သူတို့၏စိတ်ပျော်ရွှင်မှုကိုလိုလားကြောင်းကိုသူတို့တွေ့ရှိသိမြင်ပါလေစေ။ သားသမီးတို့သည် ချစ်ဖွယ်မကောင်းသောအခြေအနေမျိုးတွင် ပိုမိုကျင်လည်လေလေ၊ မိဘများအနေဖြင့် သူတို့ကိုချစ်ကြောင်း ပြသရန် ပိုမိုကြိုးပမ်းသင့်လေလေဖြစ်ရမည်။ သူတို့၏စိတ်ပျော်ရွှင်မှုအတွက် မိဘတို့ကလိုလားကြောင်းကို သူတို့ယုံကြည်မှုရှိလာလျှင် မေတ္တာသည် ခပ်သိမ်းသောအကာအဆီးများကို ဖြိုလှဲပစ်မည်ဖြစ်သည်။ လူသားတို့နှင့် ဆက်ဆံတော်မူရာတွင် ကယ်တင်ရှင်သည် ယင်းအခြေခံကျင့်စဉ်ကိုအသုံးပြုတော်မူခဲ့သည်။ ယင်းအခြေခံကျင့်စဉ်မျိုးကို အသင်းတော်ထဲသို့ယူဆောင်လာရပေမည်။

**ချစ်ခြင်းမေတ္တာကိုဖော်ပြရမည်** – အချို့သောအိမ်ထောင်များတွင် တစ်ဦးကိုတစ်ဦးက ချစ်ခင်ကြောင်းကိုဖော်ပြခြင်းသည် အလွန်နည်းပါးလှ သည်။ စိတ်နေသဘောထားကိုပြောပြရန်မလိုအပ်သော်လည်း ချစ်ခြင်းမေတ္တာနှင့်သနားခြင်းကြင်နာမှုတို့ကို စင်ကြယ်စေရန်လည်းကောင်း၊ ဂုဏ်ရှိရှိဖြင့်လည်းကောင်း ဖော်ပြရန်လိုအပ်ပေသည်။ အများသောသူတို့သည် စိတ်များခက်ထန်သယောင်ရှိသောစိတ်နှလုံးများကိုမွေးမြူ၍ အပြောအဆိုအားဖြင့်လည်းကောင်း၊ အလုပ်အကိုင်အားဖြင့်လည်းကောင်း ဆိုးသွမ်းယုတ်မာသောအကျင့်စာရိတ္တမျိုးကို ထုတ်ဖော်ပြသကြသည်။ လင်မယားစပ်ကြားတွင်

လည်းကောင်း၊ မိဘနှင့်သားသမီးတို့စပ်ကြားတွင်လည်းကောင်း၊ ညီအစ်ကို မောင်နှမတို့၏စပ်ကြားတွင်လည်းကောင်း ကြင်နာသောစိတ်မျိုးကိုအမြဲတမ်း မွေးမြူထားရှိသင့်ပေသည်။ ဒေါသပါသောအပြောအဆိုများကို ဟန့်တားထား**၍** တစ်ဦးအပေါ်တစ်ဦးမေတ္တာမရှိကြောင်းပြသော ပုံသဏ္ဍာန်မျိုးကိုပင်မရှိစေရ။ အိမ်ထောင်တွင်နှစ်သက်ဖွယ်သောအမူအရာများကိုပြ**၍** ကြင်နာစွာ စကားပြော ဆိုဆက်ဆံရန် အိမ်သူအိမ်သားတိုင်း၏တာဝန်ဖြစ်သည်။

သေးငယ်သောယဉ်ကျေးဖွယ်အ**ပြု**အမူများ**၌**လည်းကောင်း၊ အပြော အဆိုအချိန်**၌**လည်းကောင်း၊ ထောက်ချင့်တတ်သောဂ**ရု**တစိုက်ကြည့်**ရှုပြု**စု ခြင်းများ**၌**လည်းကောင်း ပေါ်လွင်နေသောနူးညံ့သိမ်မွေ့ခြင်းနှင့်ချစ်ခြင်းမေတ္တာ မျိုးကို မွေးမြူကျင့်သုံးကြည့်ပါ။

မိခင်နှင့်ဖခင်တို့အား **ရို**သေကိုင်း**ရှိုင်း**စေရန် သားသမီးတို့အား သွန်သင်ရန်အကောင်းဆုံးနည်းလမ်းသည် ဖခင်ကမိခင်အားကြင်နာစွာဖြင့် ကြည့်**ရှုပြု**စုခြင်းနှင့် ဖခင်အား**ရို**သေကိုင်း**ရှိုင်း**စွာ**ပြု**စုဆက်ဆံခြင်းတို့ကို သားသမီးတို့အား မြင်တွေ့ခွင့်ပေးခြင်းဖြစ်သည်။ သူတို့၏မိဘကိုတွေ့မြင် ရခြင်းဖြင့် သားသမီးတို့သည် ပ**ဉ္စ**မပညတ်တော်ကိုနာခံ**၍** "သားသမီးတို့ သခင်ဘုရား၏အလိုတော်နှင့်အညီ မိဘစကားကိုနားထောင်ကြလော့။ မိဘ စကားကိုနားထောင်ခြင်းအမှုသည် တရားသောအမှုဖြစ်၏" ဆိုသော ဆုံးမ သွန်သင်ချက်ကို လိုက်နာကျင့်သုံးကြလိမ့်မည်ဖြစ်သည်။

**ယေရှု၏မေတ္တာတော်ကို မိဘတို့တွင်မှန်ကဲ့သို့အရိပ်အရောင် ထင်စေရမည်** – မိခင်သည် သူမ၏သားသမီးများထံမှ ယုံကြည်မှုကိုရယူ ပြီး**၍** သူမအားချစ်**၍** သူမ၏စကားကိုနားထောင်ရန် သွန်သင်ပြီးသောအခါ သူမသည်သားသမီးတို့အား ခရစ်ယာန်ဘဝအသက်တာ၏ပထမဆုံးသင်ခန်းစာ ကို သင်ကြားပေးပြီးဖြစ်လိမ့်မည်။ သားသမီးတို့သည် သူတို့၏မိဘများကို ချစ်**၍** ယုံကြည်ကိုးစားနားထောင်ကြသကဲ့သို့ သူတို့၏ကယ်တင်ရှင်ကိုလည်း ယုံကြည်ကိုးစားနားထောင်ရကြမည်။ သစ္စာရှိစွာဖြင့်ကြည့်**ရှု**ထိန်းသိမ်း**၍** မှန်ကန်သောသွန်သင်မှုကို**ပြု**ရာတွင် သားသမီးတို့အတွက် မိဘတို့ပြသော မေတ္တာသည် သစ္စာရှိသောကိုယ်တော်ရှင်၏လူတို့အပေါ်ထားရှိတော်မူသော ယေ**ရှု**ရှင်၏မေတ္တာတော်ကို မေးမှိန်စွာ မှန်ကဲ့သို့အရိပ်အရောင်ထင်စေသည်။

---o---

# အခန်း ၃၂
# စိတ်နှလုံး၏ဥယျာဉ်၌တင်ကြိုနေရာယူခြင်း

**ဥယျာဉ်မှူးများဖြစ်သောမိဘများ** – ဘုရားသခင်သည် မိဘတို့အားလေးနက်**၍** သီးသန့်ဖြစ်သောတာဝန်တစ်ခုကို မိဘတို့အားအပ်နှင်းထားတော်မူသည်။ သူတို့သည် စိတ်နှလုံး၏မြေဩဇာကို သေချာစွာပြုစုထိန်းသိမ်းထားရမည်။ **ဤ**နည်းအားဖြင့် သူတို့သည် ဘုရားသခင်နှင့်လက်တွဲ**၍** ဆောင်ရွက်ကြသောအမှုထမ်းများဖြစ်နိုင်သည်။ သူတို့သားသမီးများ၏ဥယျာဉ် ကိုစောင့်ရှောက်**၍** သေချာစွာထိန်းကျောင်းလုပ်ကိုင်ပေးရန် ဘုရားသခင်သည် မျှော်လင့်တော်မူသည်။ မိဘတို့သည် ကောင်းသောမျိုးစေ့ကိုစိုက်ပျိုးကြည့်ရှု**၍** မကောင်းသောဆူးပင်ပေါင်းပင်တိုင်းကို နုတ်ပစ်ရမည်။ အကျင့်စာရိတ္တ**၌**ချွတ်ယွင်းချက်တိုင်းကိုလည်းကောင်း၊ စိတ်နေသဘောထားမှားယွင်းမှုတိုင်း ကိုလည်းကောင်း ပယ်ရှားပစ်**၍**နေဖို့ရန် လိုအပ်ပေသည်။ အဘယ်ကြောင့် ဆိုသော် ယင်းတို့ကိုတည်မြဲနေရန်ခွင့်ပြုထားလျှင် ယင်းတို့သည် စာရိတ္တ အလှအပကို ဖျက်ဆီးကြလိမ့်မည်ဖြစ်သည်။

မိဘတို့၊ သင်တို့လုပ်ကိုင်ဆောင်ရွက်ရမည့် ပထမဆုံးလယ်ကွက် သည် သင်တို့၏ကိုယ်ပိုင်အိမ်ပင်ဖြစ်သည်။ အိမ်ဂေဟာဥယျာဉ်တွင်စိုက်ပျိုး ထားသည့် အလွန်မြတ်နိုးဖွယ်သောအပင်ငယ်များကို သင်တို့သည် ဦးစားပေးကြည့်ရှုပြုစုရမည်။ တစ်နေ့သောအခါ သူတို့အတွက် စာရင်းရှင်းပြရမည့် အနေဖြင့် ဝိညာဉ်များကိုစောင့်ထိန်းရန် သင်တို့အားခန့်ထားတော်မူသည်။ သင်၏အလုပ်ကိုလည်းကောင်း၊ ယင်းအလုပ်၏သဘာဝကိုလည်းကောင်း၊ ယင်းအလုပ်၏အမှုအရာကိုလည်းကောင်း၊ ယင်းအလုပ်၏အကျိုးကျေးဇူး တို့ကိုလည်းကောင်း သေချာစွာစဉ်းစားဆင်ခြင်ပါ။

မိဘများကြည့်ရှုပြုစုလုပ်ကိုင်ရန်အတွက် သင်တို့၏အိမ်ရှေ့တွင် မြေကွက်ငယ်ကလေးတစ်ကွက်ရှိသည်။ သင်တို့အားအပ်နှံထားသော **ဤ** လုပ်ငန်းအတွက် သင်တို့သည် ဘုရားသခင်အား စာရင်းရှင်းပြရကြမည် ဖြစ်သည်။

**ဥယျာဉ်ကိုထိန်းသိမ်းကြည့်ရှုခြင်း** – လောကတွင်ခေတ်စားနေ သောလုပ်ရပ်တစ်ခုမှာ လူငယ်လူရွယ်တို့အား သူတို့စိတ်ကြိုက်ဖြစ်သောအရာကို လုပ်ကိုင်ခွင့်ပေးထားခြင်းဖြစ်သည်။ လူငယ်လူရွယ်ဘဝတွင် သောင်းကျန်း သောအခါ၊ သူတို့သည် ခေတ္တခဏကြာသောအခါ အမှန်တရားကိုသိလာ ကြသည်။ တစ်ဆယ့်ခြောက်နှစ် (သို့မဟုတ်) တစ်ဆယ့်ရှစ်နှစ်အရွယ်သို့ ရောက်လျှင် သူတို့ကိုယ်တိုင်စဉ်းစားဆင်ခြင်တတ်ကာ သူတို့၏မှားယွင်းသော အကျင့်ဓလေ့များကိုစွန့်ပစ်လျှင် နောက်ဆုံးတွင် အသုံးကျလုသောယောကျ်ား ကြီးများနှင့်မိန်းမကြီးများဖြစ်လာကြလိမ့်မည်။ ဘယ်မျှလောက်မှားယွင်းသော အယူအဆဖြစ်ဘိသနည်း။ မိဘတို့အနေဖြင့် စိတ်နှလုံး၏ဥယျာဉ်ကို ရန်သူ တို့အား လုပ်ကိုင်ခွင့်နှစ်ပရိစ္ဆေဒ မြောက်မြားစွာပေးခဲ့လေပြီ။ မှားယွင်းသော အခြေခံကျင့်စဉ်များပေါက်ရောက်လာသည်ကို ခွင့်ပြုကြ၍ များသောအားဖြင့် ယင်းကျင့်စဉ်များပေါက်ရောက်လာပြီးသည့်နောက်ပိုင်းတွင် ယင်းမြေသြဇာပေါ်၌ ဆောင်ရွက်လေသမျှသည် အချည်းနှီးသာလျှင်ဖြစ်သည်။

အချို့သောမိဘများသည် သူတို့၏သားသမီးများက မှားယွင်းသော အကျင့်ဓလေ့များ လိုက်နာကျင့်သုံးနေသည်ကို လက်ပိုက်၍ကြည့်နေကြသည်။ ယင်းအကျင့်ဓလေ့ဆိုးတို့၏ဒဏ်ရာဒဏ်ချက်များကို ကာယကံရှင်၏ ဘဝတစ်လျှောက်လုံးတွင် တွေ့မြင်နိုင်သည်။ ယင်းအပြစ်ဒုစရိုက်အတွက် မိဘတို့၏တာဝန်ဖြစ်သည်။ ယင်းသားသမီးသည် မိမိတို့ကိုယ်ကိုခရစ်ယာန် ဟု ခေါ်ဆိုသောသူများဖြစ်နိုင်သည်။ သို့စေကာမူ စိတ်နှလုံးအားကျေးဇူး တော်၏ပြုပြင်မှုကင်းမဲ့သောကြောင့် ဘဝအသက်တာကိုလုံးဝပြုပြင်မှုမရှိလျှင် သူတို့၏အတိတ်ကာလမှကျင့်သုံးခဲ့သော အကျင့်ဓလေ့များကို သူတို့၏ အတွေ့အကြုံတိုင်းတွင်တွေ့မြင်နိုင်၍ သူတို့၏မိဘများက သူတို့အားပုံသွင်း ခွင့်ပြုထားသော အကျင့်စာရိတ္တမျိုးကိုသာ ထုတ်ဖော်ပြသကြမည်ဖြစ်သည်။

အနာဂတ်ကာလတွင် ကောင်းသောအကျင့်ဓလေ့များသည် အနိုင်ရရှိ၍ အကျင့်ဆိုးများသည်အရေးရှုံးနိမ့်ကာ ပျောက်ကွယ်သွားကြမည်ဟူသော အယူအဆမျိုးဖြင့် ကောင်းသောအကျင့်များနှင့်အကျင့်ဆိုးများကိုတစ်ချိန် တည်းတွင်လိုက်နာသုံးစွဲခွင့်ကို လူငယ်လူရွယ်တို့အားမပေးပါလေနှင့်။ အကျင့်ဆိုးများသည် ကောင်းသောအကျင့်ဓလေ့များထက် ပိုမိုလျင်မြန်စွာ တိုးတက်များပြားလာလိမ့်မည်။ သူတို့ကျင့်သုံးခဲ့သောအကျင့်ဓလေ့များသည် နှစ်ပရိစ္ဆေဒပေါင်းများစွာကြာမြင့်လာသောအခါ ဖျောက်ဖျက်၍ရနိုင်ကောင်း ရနိုင်ပေမည်။ သို့ရာတွင် ဘယ်သူကအရဲစွန့်၍ ယင်းဖျောက်ဖျက်မှုကိုပြုလုပ် လိမ့်မည်နည်း။ အချိန်သည်တိုတောင်းလှသည်။ နောင်သောအခါ၌ ဆူးပင် ပေါင်းပင်များကိုနုတ်ပစ်ရမည်ထက် သင်တို့သားသမီးများ၏နှလုံးသားများ တွင်စင်ကြယ်ပြီး ကောင်းသောမျိုးစေ့များကိုစိုက်ပျိုးခြင်းက ပိုမိုလွယ်ကူ၍ ပိုမိုဘေးကင်းပေသည်။ လူငယ်လူရွယ်တို့၏စိတ်နှလုံးထဲ၌ စွဲမြဲနေသော သဘောတရားများကိုဖယ်ရှားပစ်ရန် ခဲယဉ်းပေသည်။ ထို့ကြောင့် လူငယ် လူရွယ်များ၏

ပြုပြင်ပြောင်းလဲလွယ်သည့်သတ္တိများကို မှန်ကန်သောဦးတည် ချက်ဘက်သို့ **ညွှ**တ်ကိုင်းလာစေရန်

ယင်းစွဲမြဲနေသောသဘောတရားများ သည် မှန်ကန်သောအရာများဖြစ်ရန် မည်မျှလောက်အရေးကြီးသနည်း။

**မျိုးစေ့စိုက်ပျိုးခြင်း၊ ပေါင်းပင်များကိုနုတ်ပစ်ခြင်း** – ကလေး သူငယ်၏အစောဆုံးအချိန်အခါတွင် ဘုရားသခင်ကျေးဇူးတော်၏ကောင်းချီး မိုးရေများကို ရရှိနိုင်စေရန်အတွက် စိတ်နှလုံး၏မြေဩဇာကို သေချာစွာ ပြင်ဆင်ထားပေးသင့်သည်။ ထို့နောက်မှ တရားမျိုးစေ့များကိုဂ**ရုစိုက်၍** သေချာစွာစိုက်ပျိုးလျက် လုံ့လဝီရိယရှိစွာဖြင့် ယင်းစိုက်ပျိုးထားသောမျိုးစေ့ ကို ကြည့်**ရှုပြု**စုရမည်။ ကိုယ်တော်၏နာမတော်ကိုထောက်**၍** **ကြိုး**ပမ်း ဆောင်ရွက်မှုရှိသမျှကို ဆုလာဘ်များပေးတော်မူသော ဘုရားသခင်သည် စိုက်ပျိုးထားသောမျိုးစေ့ထဲ**၌** အသက်ကိုသွတ်သွင်းတော်မူမည်။ ထိုအခါ ရှေးဦးစွာအညှောက်၊ ထိုနောက်အနှံ၊ ထိုနောက်အနှံထဲမှာအောင်မြင်သော အဆန်ကိုဖြစ်စေလိမ့်မည်။

မကြာခဏပင် မိဘတို့၏ဆိုးယုတ်သောလျစ်လျူ**ရှု**မှုကြောင့် သားသမီးများ၏စိတ်နှလုံးများထဲတွင် စာတန်သည် သူ့မျိုးစေ့များကိုစိုက်ပျိုး ထား**၍** အရုက်ကွဲခြင်းနှင့်ဝမ်းနည်းခြင်းအသီးအနှံများကို ရိတ်သိမ်းရသည်။ ယခုခေတ်လောကကြီးတွင် စစ်မှန်သောကောင်းမြတ်ခြင်း ကင်းမဲ့နေခြင်း အကြောင်းမှာ မိဘတို့သည် သားသမီးတို့အား မိမိတို့အိမ်ဂေဟာများ**၌** ထိန်းထိန်းသိမ်းသိမ်းမထားရန် ပျက်ကွက်သောကြောင့်ဖြစ်သည်။ မိဘတို့ သည် သားသမီးတို့အား သတိဝီရိယနည်း**၍** ဟော့ဟော့ရမ်းရမ်းနိုင်လှသော အပေါင်းအသင်းရောင်းရင်းတို့နှင့် ပေါင်းသင်းဆက်ဆံမှုမ**ပြု**ရန် ဟန့်တား ထားမှုမရှိကြပေ။ ထို့ကြောင့် သားသမီးတို့သည် သေခြင်းတည်းဟူသော မျိုးစေ့ကိုကြဲရန် လောကကြီးထဲသို့တိုးဝင်သွားကြသည်။

သွန်သင်ဆုံးမသောလုပ်ငန်းကြီးဖြစ်သည့် အသုံးလည်းမဝင်၊ အဆိပ် အတောက်လည်းဖြစ်စေတတ်သော ဆူးပင်ပေါင်းပင်များကိုနုတ်ပစ်ခြင်းသည် အရေးအကြီးဆုံးသောလုပ်ငန်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့ကို မနုတ်ပစ်ဘဲထားရှိလျှင် ယင်းတို့သည် ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံ ကျင့်ဝတ်နှင့်အမှန်တရားတည်းဟူသော တန်ဖိုးထိုက်တန်လှသည့်အပင်ငယ် များကို ပျက်စီးသေကျေစေလောက်အောင် ယင်းပေါင်းပင်သည် ကြီးထွား ရင့်သန်လာကြလိမ့်မည်။

လယ်ကွက်တစ်ခုကို ထွန်ယက်စိုက်ပျိုးခြင်းမရှိဘဲထားလျှင်၊ နုတ်ပစ် ရန်ပင်ခဲယဉ်းသော ဆူးပင်ပေါင်းပင်တို့သည် ယင်းလယ်ကွက်တွင်ပေါက် လာကြလိမ့်မည်။ ထို့ကြောင့် အဖိုးထိုက်တန်သောအပင်ငယ်များမပေါက် လာနိုင်မီ

မြေဆီလွှာကိုထွန်ယက်လုပ်ကိုင်**၍** ဆူးပင်ပေါင်းပင်များကို နိုင်နင်း
အောင်ပြုလုပ်ထားရမည်။

**၍**အဖိုးထိုက်လှသောအပင်ငယ်များမပေါက်မီ မျိုးစေ့ကိုရွေးဦးသေချာစွာ စိုက်ပျိုးရမည်။ မိခင်များသည် အဖိုးထိုက်တန်လှသော မျိုးစေ့စိုက်ပျိုးခြင်းကို လျစ်လျူ**ရှု**ပြီးမှ မြောက်မြားစွာသောသီးနှံများကို ရိတ်သိမ်းနိုင်မည်ဟုမျှော်လင့် လျက် စိတ်ပျက်မှုနှင့်သာရင်ဆိုင်ရပေမည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဆူးပင်နှင့်ဆူးများကိုသာရိတ်သိမ်းကြ ရမည်။ မျိုးစေ့များသည်ပေါက်ရောက် လျက် သူကိုယ်တိုင်၏အကျင့်စာရိတ္တ မျိုးနှင့်ထပ်တူထပ်မျှဖြစ်သော သီးနှံများ ကိုမြောက်မြားစွာရိတ်သိမ်းစေမည့် မျိုးစေ့များကိုစိုက်ပျိုးရန် စာတန်သည် အမြဲ တမ်းစောင့်ကြည့်လျက် အဆင် သင့်လည်းဖြစ်နေသည်။

ကျွန်ုပ်တို့၏သားသမီးများ၏ကိစ္စနှင့်ပတ်သက်**၍** ထာဝစဉ်နိုးနိုး ကြားကြားဖြစ်ကြောင်းကို ပြသကြရမည်။ သူ၏နည်းလမ်းမျိုးစုံတို့ဖြင့် စာတန်သည် သားသမီးတို့မွေးဖွားလာသည်နှင့်တစ်**ပြိုင်**နက် သူတို့၏စိတ် သဘောထားနှင့်လိုအင်ဆန္ဒများကို စတင်သွေးဆောင်လုပ်ကိုင်လေသည်။ သားသမီးတို့၏လုံ**ခြုံ**မှုသည် မိဘတို့၏ဉာဏ်အမြော်အမြင်နှင့် ဝီရိယရှိစွာ စောင့်ထိန်းမှုပေါ်တွင် အမှီတံကဲ**ပြု**သည်။ ဘုရားသခင်အားချစ်ခြင်းနှင့် ကြောက်ရွံ့ခြင်းအားဖြင့် စိတ်နှလုံး၏ဥယျာဉ်တွင် အလျင်ဝင်ရောက်လုပ်ကိုင် နေထိုင်လျက် မှန်ကန်သောစိတ်သဘော၏ကောင်းမွန်သော မျိုးစေ့များကို မှန်ကန်သောအကျင့်ဓလေ့များနှင့် ဘုရားသခင်အားကြောက်ရွံ့**ရို**သေခြင်း တို့ကို စိုက်ပျိုးထားရမည်။

**သဘာဝအလှကိုဖော်ပြခြင်း** – မိဘများနှင့်ဆရာသမားများသည် ယေ**ရှု**ရှင်ကပေးကမ်းရန် အမြဲတမ်းအဆင်သင့်ဖြစ်နေသောဉာဏ်ပညာကို အင်တိုက်အားတိုက်ရှာဖွေသင့်ကြပေသည်။ အဘယ်ကြောင့်ဆိုသော် စိတ်ဝင်စား ဖွယ်အကောင်းဆုံးဖြစ်**၍** ကြီးထွားရင့်သန်လာမှုအတွက်**ပြု**ပြင်ရအလွယ်ကူ ဆုံးသောအချိန်**၌** ရပ်တည်နေသောလူသားတို့၏စိတ်နှလုံးကို ကိုင်တွယ် လုပ်ကိုင်နေရသောကြောင့်ဖြစ်သည်။ ဥယျာဉ်**၌**ပေါက်နေသောအပင်ငယ်များ နှင့်ပန်းပင်များကဲ့သို့ လူငယ်လူရွယ်တို့သည် သူတို့၏ဘဝအသက်တာ၏ ဆုံးခန်းတိုင်တွင် ယင်းအချိန်အသီးသီးတို့နှင့် သင့်လျော်သောသဘာဝအလှ ကိုယ်စားလှယ်**ပြု**လျက် ယင်းသဘာဝအလှကို တဖြည်းဖြည်းထုတ်ဖော်ကြ

စေရန် သူတို့၏စိတ်ယိုင်မှုများကို ပြုစုပျိုးထောင်ပေးရန် မိဘတို့သည် ရည်စူးသင့်ကြပေသည်။

---ဝ---

# အခန်း ၃၃
# လမ်းပြပို့ဆောင်ရန်ဘုရားသခင်၏ကတိတော်များ

**မိတ်ဆွေတော်ကြီးကယ်တင်ရှင်ရှိကြောင်းသိရခြင်းသည် နှစ်ထောင်းအားရဖွယ်ဖြစ်ခြင်း** – သင်တို့အားသနားကြင်နာသောကယ်တင်ရှင်သည် မေတ္တာနှင့်လည်းကောင်း၊ ကိုယ်ချင်းစာသောစိတ်တော်နှင့် သင်တို့အားစောင့်ကြည့်နေတော်မူ**၍** သင်တို့၏ဆုတောင်းပတ္ထနာများကို နားညောင်းတော်မူရန်လည်းကောင်း၊ သင်တို့လိုအပ်သောအကူအညီပေးတော်မူရန်လည်းကောင်း အဆင်သင့်ဖြစ်နေတော်မူသည်။ ကိုယ်တော်ရှင်သည် မိခင်တိုင်း၏နှလုံးသားကိုသိရှိတော်မူ**၍** အရေးပေါ်ကာလတိုင်းတွင် သူမ၏အကောင်းဆုံးသောမိတ်ဆွေအနေဖြင့် ရပ်တည်နေတော်မူသည်။ ကိုယ်တော်ရှင်၏ထာဝရခိုင်မြဲသောလက်**ရ**န်းတော်တို့သည် ဘုရားသခင်ကိုကြောက်**ရွံ့ရို**သေ**၍** သစ္စာရှိသောမိခင်ကိုထောက်ပံ့ထားတော်မူသည်။ ကယ်တင်ရှင်သည် မြေကြီးပေါ်တွင်ကျင်လည်နေရစ်တော်မူသောအချိန်တွင် ကိုယ်တော်ရှင်၏မယ်တော်သည် ဆင်းရဲနွမ်းပါးခြင်း**၌ရ**န်းကန်နေရ**၍** ပူပန်သောကစိတ်**ရှု**ပ်ထွေးမှုပေါင်းစုံတို့ကို ရင်ဆိုင်ရရှာသည်။ ထိုကြောင့် ကိုယ်တော်ရှင်သည် ပူပန်သောကနှင့်စိုးရိမ်မှုများကိုရင်ဆိုင်နေရသော ခရစ်ယာန်မိခင်တိုင်းကို ကိုယ်ချင်းစာသနားတော်မူသည်။ နတ်ဆိုးစွဲနေသော သူငယ်မ၏စိုးရိမ်နေသောမိခင်အား စိတ်သက်သာမှုရှိစေရန်အတွက် ခရီးဝေးကိုလျှောက်သွားခဲ့တော်မူသော ကယ်တင်ရှင်သည် မိခင်၏ပတ္ထနာများကို နားညောင်းတော်မူ**၍** သူမ၏သားသမီးတို့အားကောင်းချီးပေးတော်မူမည်။

မြှုပ်နှံသင်္ဂြိုဟ်ရန် သချိုင်းသို့ယူဆောင်သွားသော မုဆိုးမ၏တစ်ဦး

တည်းသောသားအလောင်းကို အသက်ရှင်စေပြီး မိခင်ဖြစ်သူ၏လက်သို့ ပြန်လည်အပ်နှင်းခဲ့သောကိုယ်တော်ရှင်သည် ယခုအခါတွင် ပရိဒေဝမီး တောက်လောင်နေရသော မိခင်၏ဒုက္ခများအတွက် စိတ်နှလုံးထိခိုက်တော် မူသည်။ လာဇရု၏သင်္ချိုင်းတွင် ကိုယ်ချင်းစာသောမျက်ရည်များကျဆင်း၍ သူတို့မောင်ကိုချစ်သောမာရိနှင့်မာသတို့အား သူတို့မောင်ကိုအကောင်းပကတိ ပြန်လည်ပေးအပ်ခဲ့သောယေရှုရှင်၊ မာဂဒလမာရိအား အပြစ်လွှတ်ခွင့်ပေး တော်မူသောကယ်တင်ရှင်၊ လက်ဝါးကပ်တိုင်ပေါ်တွင် နာကျင်ခြင်းဝေဒနာ ကိုခံစားနေရစဉ်တွင် သူ့မိခင်ကိုသတိရတော်မူသောယေရှုရှင်၊ ငိုကြွေးနေ သောအမျိုးသမီးတစ်စုတို့အား ကိုယ်ထင်ရှား၍ထမြောက်ရှင်ပြန်တော်မူခဲ့သော ကယ်တင်ရှင်၏ဝမ်းမြောက်ဖွယ်သောသတင်းကို ပထမဦးဆုံးအကြိမ်ဖြင့် ဖြန့်ကြရန် ယင်းအမျိုးသမီးများအား ကိုယ်တော်ရှင်၏စေတမန်များအနေဖြင့် အသုံးပြုတော်မူခဲ့သောယေရှုရှင်သည် ယခုအခါတွင် အမျိုးသမီးတိုင်း၏ အကောင်းဆုံးမိတ်ဆွေအနေဖြင့် ရပ်တည်နေတော်မူ၍ ဘဝအသက်တာနှင့် ပတ်သက်သော အမှုကိစ္စအမျိုးစုံတို့တွင် အမျိုးသမီးများအားကူညီမစရန် အဆင်သင့်ရှိနေတော်မူသည်။

ခရစ်ယာန်မိခင်၏လုပ်ငန်းနှင့်ရင်ပေါင်တန်းနိုင်သောလုပ်ငန်းဟူ၍ မရှိတော့ပြီ။ သူမ၏လုပ်ငန်းကိုဆောင်ရွက်သောအခါ သူမ၏သားသမီးများအား ဘုရားသခင်၏ဆုံးမသွန်သင်ခြင်းအားဖြင့် ထိန်းသိမ်းကြည့်ရှုရကြမည် ဆိုသည်မှာ ဘယ်ကဲ့သို့သောအဓိပ္ပါယ်ဆောင်သည်ကို အသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရသည်။ သူမထမ်းရသောဝန်ထုပ်ကြီးသည် သူမထမ်းနိုင်သည် ထက် ပိုမိုလေးလံလှပါတကားဟူသော ခံစားမှုမျိုးကို သူမ၏စိတ်အတွင်းဝယ်မကြာခဏပေါ်လာတတ်သည်။ ထိုနောက် ယင်းဝန်ထုပ်ကြီးကိုဆုတောင်း ခြင်းအားဖြင့် ကိုယ်ချင်းစာနာတတ်သောကယ်တင်ရှင်ထံတော်သို့ ယူဆောင် သွားရသောအခါ အခွင့်အရေးသည် သူမအတွက်အဘယ်မျှလောက်တန်ဖိုး ရှိဘိသနည်း။ သူမသည် သူမ၏ဝန်ထုပ်ကိုကိုယ်တော်ရှင်၏ခြေတော်ရင်း တွင်ချထား၍ ဒုက္ခကိုရင်ဆိုင်ရသောအချိန်တွင် သူမအားထောက်ပံ့ထားသည် သာမက ဝမ်းမြောက်ခြင်း၊ မျှော်လင့်ခြင်း၊ ရဲစွမ်းသတ္တိနှင့်ဉာဏ်ပညာကိုပေးသည့်ခွန်အားကို ကိုယ်တော်၏ရှေ့တော်တွင် တွေ့ရှိနိုင်သည်ဟု သူမ ရင်ဆိုင်ရသောအခက်အခဲအားလုံးအတွက် ယေရှုရှင်ကဲ့သို့သောမိတ်ဆွေ ကောင်းတစ်ယောက်သည် သူမနှင့်အတူအမြဲတမ်းရှိကြောင်းသိရှိရခြင်းသည် ပူပန်သောကပေါင်းစုံ၏ဖိစီးနှိပ်စက်ခြင်းကိုခံနေရသောမိခင်အတွက် ဘယ်မျှ လောက်နှစ်မြို့ဖွယ်ကောင်းဘိသနည်း။ မိခင်တို့သည် ခရစ်တော်ထံသို့ ပိုမိုချဉ်းကပ်၍ ကိုယ်တော်ရှင်ကိုပိုမိုယုံကြည်ကိုးစားလျှင် သူတို့ထမ်းရသော ဝန်ထုပ်သည်ပိုမိုလွယ်ကူ၍ သူတို့၏စိတ်ဝိညာဉ်တို့သည် ငြိမ်သက်ချမ်းသာ ခြင်းကို ခံစားရမည်ဖြစ်သည်။

**ကောင်းကင်ဘုံရှင်ဘုရားသခင်သည် သင်တို့၏ပတ္တနာကို နားညောင်းတော်မူသည်** – ဘုရားသခင်၏မစတော်မူခြင်းမပါရှိဘဲ သင်တို့ ၏သားသမီးများကို သင်တို့ထိန်းသိမ်း ကြည့်ရှုသင့်သည့်အတိုင်း ထိန်းသိမ်း

ကြည့်ရှုခြင်းကိုမပြုလုပ်နိုင်ကြပေ။ အဘယ်ကြောင့်ဆိုသော် အာဒံ၏အပြစ် ပြုလုပ်တတ်သော သဘာဝသည် အောင်မြင်မှုအတွက်အမြဲတမ်းကြိုးပမ်းလျက် ရှိသည်။ အမှန်တရား၏အခြေခံ ကျင့်ဝတ်တို့သည် စိတ်ဝိညာဉ်၌အမြဲစွဲ၍ ဘဝအသက်တာတွင်အင်အားရရှိစေရန် ယင်းအခြေခံကျင့်ဝတ်များကိုခံယူဖို့ စိတ်နှလုံးသည် အဆင်သင့်ဖြစ်နေရမည်။

သူတို့၏သားသမီးများကို သွန်သင်ဆုံးမပဲ့ပြင်ရာတွင် ဘုရားသခင် ၏ညွှန်ကြားတော်ချက်များကို လိုက်နာကျင့်သုံးလျှင် သူတို့သည် အထက် အရပ်မှအကူအညီရရှိမည်ကို မိဘများအနေဖြင့်နားလည်နိုင်သည်။ သူတို့သည် အကျိုးကျေးဇူးများစွာခံစားကြရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သွန်သင် ပေးကြသောအချိန်တွင် သူတို့လည်းသင်ကြားလေ့လာကြရသည်။ သူတို့၏ သားသမီးတို့သည် ဘုရားသခင်၏တရားတော်အတိုင်း လိုက်နာကျင့်သုံး ရာတွင် ရရှိခဲ့သောအသိပညာအားဖြင့် အောင်မြင်မှုများရရှိကြလိမ့်မည်။ သူတို့သည် သဘာဝအားဖြင့်လည်းကောင်း၊ ရိုးရာအားဖြင့်လည်းကောင်း အပြစ်ကျူးလွန်သောဆန္ဒများကို အောင်မြင်နိုင်ကြမည်ဖြစ်သည်။

မိဘတို့၊ သင်တို့သားသမီးတို့အတွက် မဆုတ်မနစ်အင်တိုက်အား တိုက် ဆောင်ရွက်နေကြပါသလား။ ကောင်းကင်ဘုံရှင်ဘုရားသခင်သည် သင်တို့၏စိုးရိမ်ကြောင့်ကြခြင်း၊ သင်တို့၏စိတ်ပါကိုယ်ရောက်ဆောင်ရွက် ခြင်းနှင့် သင်တို့၏မပြတ်သောလုံ့လဖြင့် စောင့်ကြည့်ခြင်းတို့ကိုမှတ်သား တော်မူသည်။ သင်တို့၏ပဌနာများကို ကိုယ်တော်ရှင်သည် နားညောင်း တော်မူသည်။ သည်းခံသောစိတ်ဖြင့်လည်းကောင်း၊ နူးညံ့သိမ်မွေ့စွာဖြင့် လည်းကောင်း သင်တို့၏သားသမီးတို့အား ဘုရားသခင်အတွက်သင်ကြား ပေးပါလော့။ ကောင်းကင်တစ်ခုလုံးသည် သင်တို့၏လုပ်ငန်းတွင် စိတ်ဝင်စား လျက်ရှိကြသည်။ ဘုရားသခင်သည် သင်တို့နှင့်လက်တွဲ၍ဆောင်ရွက်တော် မူကာ သင်တို့၏ကြိုးပမ်းမှုများကို အောင်မြင်စေတော်မူသည်။

ကယ်တင်ခြင်းဆိုင်ရာသမ္မာတရားကို ရှင်းပြရန်လည်းကောင်း၊ ခရစ်တော်အား ပုဂ္ဂလိကကယ်တင်ရှင်အနေဖြင့် သင်တို့သားသမီးများအား ညွှန်ပြရန်လည်းကောင်း သင်တို့ ကြိုးပမ်းကြသောအခါ ကောင်းကင်တမန် များသည် သင်တို့အနီးတွင်ရှိနေကြလိမ့်မည်။ လောက၏မျှော်လင့်ချက် ဧကန်အမှန်ဖြစ်သော ဗက်လင်မြို့မှသူငယ်တော်နှင့်ပတ်သက်၍ တန်ဖိုးရှိ လှသောအတ္ထုပ္ပတ္တိကို သူတို့၏သားသမီးတို့သည် စိတ်ဝင်စားစေရန် ဆောင်ရွက်ဖို့ ဘုရားသခင်သည် ဖခင်နှင့်မိခင်တို့အားကျေးဇူးတော်ကိုပေး တော်မူသည်။

**တောင်းကြလော့၊ ယူကြလော့။** သူတို့၏အရေးပါအရာရောက် လှသောတာဝန်ကို ထမ်းဆောင်ရာတွင် မိဘတို့သည် ဘုရားသခင်၏ အကူအညီတောင်းခံရကြမည်၊ ရယူကြရ မည်။ မိဘတို့၏အကျင့်ဓလေ့များ

နှင့်အကျင့်စာရိတ္တတို့သည် အဆင့်အတန်းနိမ့်ကျသောပုံသွင်းမှုကိုခံခဲ့ရစေကာမူ သူတို့၏ငယ် စဉ် တောင်ကျေးကလေးဘ၀နှင့် လူငယ်လူရွယ်ဘ၀တို့တွင် သင်ကြားနာယူခဲ့သောသင်ခန်းစာ တို့သည် နှစ်**မြို့**ဖွယ်မကောင်းသောစာရိတ္တ များကို မွေးမြူခဲ့စေကာမူ၊ သူတို့အနေဖြင့် စိတ်အားငယ်စရာမလိုပေ။ **ပြု**ပြင်ပြောင်းလဲပေးတော်မူသော ဘုရားသခင်၏တန်ခိုးတော်သည် အမွေခံ ထားပြီးသောစိတ်**ရိုင်း**မှုများနှင့် မွေးမြူထားပြီးဖြစ်သော စိတ်ဆန္ဒများကို အကောင်း ဘက်သို့ ပြောင်းလဲပေးနိုင်စွမ်းရှိသည်။ အဘယ်ကြောင့်ဆိုသော် ယေ**ရှု**ရှင်၏ဘာသာအယူ၀ါဒ သည် နိမ့်ကျသောအခြေအနေမှ မြင့်မားသော အခြေအနေသို့မချီပေးသည်။ ဒုတိယမွေးခြင်း ဆိုသည်မှာ ပြောင်းလဲခြင်း၊ ခရစ်တော်ယေ**ရှု၌** အသစ်သောမွေးဖွားခြင်းဖြစ်သည်။

နှုတ်ကပတ်တော်ထဲ**၌**ဖော်ပြပါရှိသောဩ၀ါဒများကို ကျွန်ုပ်တို့၏ သားသမီး များအား သွန်သင်ပေးကြပါစို့။ သင်တို့သည် ကိုယ်တော်ကိုခေါ် လျှင် ကိုယ်တော်ရှင်သည် သင်တို့၏ခေါ်သံကိုနားညောင်းတော်မူမည်။ ကိုယ်တော်ရှင်က ငါသည်**ဤ**နေရာတွင်ရှိသည်။ သင့်အတွက် ကျွန်ုပ်အား ဘာကိုဆောင်ရွက်ပေးစေလိုပါသနည်းဟု ကိုယ်တော်ရှင်ကမိန့်တော် မူလိမ့် မည်။ လူတိုင်းအားစေခိုင်းထားသောအမှုတော်ကို ထမ်းဆောင်နိုင်စေရန် ဘုရားသခင် သည် မြေကြီးသားတို့နှင့်ဆက်သွယ်လျက်ရှိတော်မူသည်။ ဘုရားသခင်သည် ကလေးသူငယ် တို့ကိုချစ်တော်မူသည်။ သူတို့အားမြင့်မြတ် သည့်ခေါ်တော်မူခြင်းဖြင့်ခေါ်ယူသည်ဟူသော အသိဉာဏ်မျိုးနှင့်ကြီးပြင်း လာစေရန် ဘုရားသခင်သည် အလိုရှိတော်မူသည်။

**သန့်ရှင်းသောဝိညာဉ်တော်သည် လမ်းပြပို့ဆောင်တော်မူသည်** – သူမသည် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြပို့ဆောင်တော်မူခြင်းလိုအပ် သည်ကိုလည်းကောင်း၊ ဘုရားသခင်၏နည်းလမ်းနှင့်အလိုတော်အတိုင်း ဆောင်ရွက်ရာတွင် သူမကိုယ်တိုင်အတွက် စစ်မှန်သောအတွေ့အ**ကြုံ**မျိုး ရရှိနိုင်သည်ကိုလည်းကောင်း မိခင်သည်သိရှိထားသင့်ပေသည်။ ထိုအခါ ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သူမသည် ဉာဏ်ပညာဖြင့်လည်းကောင်း၊ နူးညံ့ သိမ်မွေ့ခြင်းဖြင့်လည်းကောင်း၊ ချစ်တတ်ခြင်းဖြင့်လည်းကောင်း ပြည့်၀သောဆရာသမား တစ်ဦးဖြစ်လာလိမ့်မည်။

သန့်ရှင်းသောဝိညာဉ်တော်၏အုပ်ထိန်းမှုကို ခံယူကြမည့်မိဘတိုင်းအား အိမ်ထောင် **၌**ဆရာသမားဖြစ်လာနိုင်စေရန်၊ လိုအပ်သောခွန်အားနှင့် ကျေးဇူးတော်ကိုပေးရန် ခရစ်တော် သည် လိုအပ်သောအစီအစဉ်ရှိသမျှကို ဆောင်ရွက်ထားတော်မူပြီးဖြစ်သည်။ အိမ်ထောင်**၌** သင်ကြားပို့ချပေးသော အသိပညာနှင့်စည်းကမ်းရှိမှုတို့သည် သားသမီးတို့အားလိုအပ်သောပုံ သွင်းမှု ကို ဆောင်ရွက်စေနိုင်မည်ဖြစ်သည်။

**ဘုရားသခင်၏တန်ခိုးတော်သည် လူ့ကြိုးပမ်းမှုနှင့်လက်တွဲမည်** – လူ့ကြိုးပမ်းမှုမပါလျှင် ဘုရားသခင်၏ကြိုးပမ်းမှုသည် အကျိုးမရှိပေ။ ကိုယ်တော်ရှင်ကိုယုံကြည်ကိုးစားသောအမှီတံကဲပြုခြင်းဖြင့် မိဘတို့သည် သူတို့အပေါ်၌ရပ်တည်နေသောတာဝန်ကို နိုးကြားသောအသိတရားဖြင့် သူတို့၏သားသမီးများအား နည်းမှန်လမ်းမှန်သွန်သင်ပြသရန်ကြိုးပမ်းလျှင် ဘုရားသခင်သည် ထပ်ဆင့်အနေဖြင့် တန်ခိုးတော်အာနိသင်ဖြင့်ဆောင်ရွက်တော်မူလိမ့်မည်။ သေချာစေ့စပ်စွာဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းအားဖြင့်လည်းကောင်း မိမိတို့၏သားသမီးများအား ပညာသင်ကြားပေးလျက် ရှိစဉ် သူတို့ကိုယ်တိုင်နှင့် သားသမီးတို့၏ကယ်တင်ခြင်းခံစားရမှုအတွက် တစ်ဖက်ကဆောင်ရွက်သောမိဘတို့နှင့်ဘုရားသခင်သည် လက်တွဲဆောင်ရွက် တော်မူသည်။

ကောင်းကင်တွင်စံမြန်းနိုင်မှုအတွက် စာရိတ္တကိုတည်ဆောက်နိုင်စေရန် သင်တို့၏သားသမီးများအား ကူညီမစရာတွင် လူသားတို့၏ကြိုးပမ်းမှု တစ်ခုတည်းဖြင့်သာ အရာထင်မည်မဟုတ်ပေ။ သို့ရာတွင် ဘုရားသခင်၏ ကူညီမစတော်မူခြင်းဖြင့် ခမ်းနားကြီးကျယ်၍ သန့်ရှင်းမြင့်မြတ်သောအလုပ်ကို အပြီးဆောင်ရွက်နိုင်မည်ဖြစ်သည်။

သင်တို့၏ကြိုးပမ်းမှုများကို ဘယ်အခါမျှအလံမလဲဟူသောတည်ကြည်သောသန္နိဋ္ဌာန်မျိုးဖြင့်လည်းကောင်း၊ ဘုရားသခင်၏အလိုတော်နှင့်အညီ သင်တို့၏သားသမီးများကို ပံ့သွင်းပေးရန်ကြိုးပမ်းရာတွင် သင်တို့၏တာဝန်ကို ဘယ်သောအခါမျှစွန့်ပစ်လိမ့်မည်မဟုတ်ဟူသော စိတ်ထားမျိုးဖြင့်လည်းကောင်း မိဘများတို့အနေဖြင့်သင်တို့သည် ဘုရားသခင်၏အင်အားဖြင့် သင်တို့၏တာဝန်များကိုထမ်းဆောင်လျှင် ကိုယ်တော်ရှင်သည် သင်တို့၏ ဆောင်ရွက်မှုကိုနှစ်သက်သဘောကျတော်မူမည်။ သင်တို့အနေဖြင့် အတတ်နိုင်ဆုံးဆောင်ရွက်နေသည်ကို ကိုယ်တော်ရှင်သည် သိရှိတော်မူလေသည်။ ထိုကြောင့် သင်တို့၏စွမ်းရည်များတို့ကို တိုးတက်လာစေတော်မူလေသည်။ မိခင်သော်လည်း ကောင်း၊ ဖခင်သော်လည်းကောင်း မလုပ်ကိုင်နိုင်သော အလုပ်ကို ကိုယ်တော် ရှင်သည် ကိုယ်တော်တိုင်ဆောင်ရွက်ပေးတော်မူမည်။ ကိုယ်တော်ရှင်သည် ဘုရားသခင်ကိုရိုသေလေးစားသော မိခင်၏ဉာဏ် အမြော်အမြင်ရှိမှု၏သည်းခံခြင်းပါရမီနှင့် ကောင်းသောရည်စူးချက်များအပေါ်

မှုတည်သော **ကြိုး**ပမ်းမှုများတွင် ပါဝင်ဆောင်ရွက်တော်မူသည်။ မိဘတို့၊ သင်တို့၏အိမ်ထောင်များတွင် သင်တို့ကိုယ်တိုင်ဆောင်ရွက်ရန် ပေးထားတော်မူသောတာဝန်ကို ကိုယ်တော်သည် ဆောင်ရွက်ရန်ကြံစည်ထားတော်မမူ။ **ဤ**လောကတွင် သင်တို့၏သားသမီးတို့အား ဝန်းရံထားသောဘေး အန္တရာယ်များမှ သူတို့ကိုကယ်တင်ရန်လိုလားလျှင် ယင်းသားသမီးများတို့အား သွန်သင်ပြသဆုံးမရသောလုပ်ငန်းကို ပျင်းရိသောသင်တို့၏အခိုင်းအစေ များလက်သို့ အပ်မထားပါနှင့်။

**စုံစမ်းမှုများလာလျှင် ယေရှုရှင်ကိုကိုင်တွယ်ထားပါ** – မိဘတို့၊ သင်တို့၏လမ်းခရီးတွင်ထွန်းတောက်လျက်ရှိသော ဘုရားသခင်၏လင်းရောင်ခြည်များကိုစုသိမ်းထားပါ။ ခရစ်တော်သည် အလင်း**၌**စံပယ်တော်မူ သကဲ့သို့ သင်တို့သည် အလင်း**၌**လျှောက်လိုက်ကြပါ။ သင်တို့၏သားသမီးများကိုကယ်တင်ရသောအလုပ်နှင့် သန့်ရှင်းသောမင်းလမ်းမကြီးအပေါ်**၌** သင်တို့၏ရပ်တည်မှုကို ဆက်လက်ထားရှိသောအခါ အစူးရှဆုံးစုံစမ်းခြင်း တို့သည် ရောက်ရှိလာကြလိမ့်မည်။ သို့ရာတွင် သင်တို့၏ဆုပ်ကိုင်ထားမှုကို မလွှတ်လိုက်ပါနှင့်။ ယေ**ရှု**ရှင်ကိုကိုင်စွဲထားပါ။ ကိုယ်တော်ရှင်က "ငါ၏အစွမ်းသတ္တိကိုကိုးစား**၍** ငါနှင့်မိတ်သဟာယဖွဲ့ကြစေ။ ငါနှင့်မိတ် သဟာယဖွဲ့ကြစေသော။" အခက်အခဲများသည် ပေါ်ပေါက်လာလိမ့်မည်။ သင်တို့သည် ခလုတ်တံသင်းများကိုရင်ဆိုင်ရလိမ့်မည်။ ယေ**ရှု**ရှင်ကို အမြဲတမ်းကြည့်ပါ။ အရေးပေါ်ကာလဆိုက်ရောက်လာသည်ရှိသော်၊ ကိုယ်တော်ရှင်အား "အကျွန်ုပ်သည် ယခုဘာလုပ်ရပါမည်နည်း" ဟု ဆုတောင်း**၍**မေးမြန်းပါ။

တိုက်ပွဲသည်ပြင်းထန်လေလေ၊ မိဘတို့သည် သူတို့၏ကောင်းကင်ဘုံရှင်ဘုရားသခင်ထံမှ အကူအညီကိုလိုအပ်လေလေဖြစ်**၍** ရရှိမည့်အောင်မြင်မှုများမှာလည်း ပိုမိုထင်ရှားလေလေဖြစ်လိမ့်မည်။

**ထိုကြောင့်ယုံကြည်ခြင်းဖြင့်ဆောင်ရွက်ပါ** – ခရစ်တော်၏မြားမြောင်လှသော ကျေးဇူးတော်၏သစ္စာရှိသောဘဏ္ဍာစိုးများအနေဖြင့် မိမိတို့သည် မိမိတို့အားခန့်အပ်ထားသောအလုပ်ကို သည်းခံသောစိတ်ဖြင့်လည်းကောင်း၊ နှစ်**ခြိုက်**စွာဖြင့်လည်းကောင်း ဆောင်ရွက်ရကြမည်။ မိဘတို့သည် သူတို့၏တာဝန်များကို သစ္စာရှိစွာထမ်းဆောင်ကြရမည်ဖြစ်သည်။ မှုကိစ္စအားလုံးတို့ကို ယုံကြည်ခြင်းအားဖြင့်ဆောင်ရွက်ကြရမည်။ ကိုယ်တော်ရှင်၏ကျေးဇူးတော်မိုးကို သားသမီးများအပေါ်ရွာချပေးရန် မိဘတို့သည်

အမြဲတမ်းဆုတောင်းကြရမည်။ မိဘတို့သည် မောပန်းခြင်း၊ သည်းခံစိတ်ကင်းခြင်းအလုပ်နှင့်ပတ်သက်**၍** ညည်းတွားခြင်းဘယ်အခါမျှမရှိရကြ။ မိဘတို့သည် သူတို့၏သားသမီးများကိုလည်းကောင်း၊ ဘုရားသခင်ကိုလည်း ကောင်း ရင်းနှီးစွာဆက်ဆံမှုရှိရကြမည်။ မိဘတို့သည် သည်းခံသောစိတ်၊ မေတ္တာစိတ်တို့ဖြင့်ဆောင်ရွက်**၍** သန့်ရှင်းစင်ကြယ်ခြင်းနှင့်ကာယိန္ဒြေတွင် အမြင့်မားဆုံးအဆင့်အတန်းသို့ရောက်ရှိစေရန် မိမိတို့၏သားသမီးများအား ကူညီရန်ကြိုးပမ်းလျှင် သူတို့သည်အောင်မြင်ကြလိမ့်မည်။

---o---

# အပိုင်း (၉)

# အိမ်ထောင်ကိုစုစည်းသူဖခင်

# အခန်း ၃၄
# ဖခင်၏ရာထူးနှင့်တာဝန်များ

**ခင်ပွန်း၏စစ်မှန်သောအခေါ်ပွါယ်** – အိမ်ထောင်သည် ဘုရားသခင်၏ဖွဲ့စည်းတည်ထောင်ပေးခဲ့တော်မူသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဖခင်၊ မိခင်နှင့်သားသမီးများပါဝင်သော မိသားစုအသိုက်အဝန်းသည် **ဤ**ကမ္ဘာမြေကြီးပေါ်တွင် ခိုင်မြဲတည်ကြည်သော အဖွဲ့အစည်းအနေဖြင့်ရပ်တည်စေရန် ဘုရားသခင်သည် ကြံရွယ်ထားခဲ့တော်မူသည်။

အိမ်ထောင်၏ပျော်ရွှင်မှုအတွက် ဆောင်ရွက်ခြင်းသည် မိခင်တစ်ဦး တည်းပေါ်**၌** တည်သည်မဟုတ်ပေ။ ဖခင်များအနေဖြင့် ပါဝင်ဆောင်ရွက် ရမည့်ကဏ္ဍရှိသည်။ ခင်ပွန်းသည် အိမ်ထောင်၏ရတနာများကိုစုစည်းသော ပုဂ္ဂိုလ်ဖြစ်သည်။ အိမ်ထောင်၏ရတနာများတွင်ပါဝင်သော ဇနီးနှင့်သားသမီး တို့ကို သူ၏ခိုင်မာတည်မြဲသစ္စာနှင့်ပြည့်ဝသော မေတ္တာနှောင်**ကြိုး**ဖြင့် အခိုင်မာဆုံးအခြေအနေတွင် စုစည်းထားရသောပုဂ္ဂိုလ်ဖြစ်သည်။

အင်္ဂလိပ်ဘာသာအားဖြင့် ခင်ပွန်းကို "ဟောက်စ်ဘင်း" ဟုလည်း အဓိပ္ပါယ်ပေါ်လွင်သော "ဟတ်စ်ဘင်းဒ်" (ခင်ပွန်း) အနေဖြင့် စုစည်းရမည့် တာဝန်ကိုသိရှိနားလည်သော ဖခင်တို့သည်နည်းပါးလှသည်။

**အိမ်ထောင်ဦးစီး** – ခင်ပွန်းလည်းဖြစ်**၍** ဖခင်လည်းဖြစ်သော ပုဂ္ဂိုလ် သည် အိမ်ထောင်ဦးစီးဖြစ်သည်။ ဇနီးအနေဖြင့် သားသမီးတို့အား သွန်သင် ဆုံးမနည်းပေးလမ်းပြပြုလုပ်ရာတွင် ဖခင်၏မေတ္တာကို ကိုယ်ချင်း စာနာခြင်းနှင့် ကူညီခြင်းတို့ကို မျှော်လင့်သည်။ ယင်းကဲ့သို့မျှော်လင့်ခြင်းသည် နည်းမှန်လမ်း မှန်ဖြစ်သည်။ သားသမီးများကို မိခင်ပိုင်ဆိုင်သကဲ့သို့ ဖခင်လည်းပိုင်ဆိုင် သည်။ ဖခင်အနေဖြင့်မိခင်ကဲ့သို့ သားသမီးတို့၏ကောင်းစား ရေးကိုလိုလား သည်။ ထောက်ပံ့ခြင်းနှင့်လမ်းပြပို့ဆောင်ရန်အတွက် သားသမီးများက ဖခင်ကိုအားကိုးကြသည်။ ဘဝအသက်တာနှင့်ပတ်သက်**၍** လည်းကောင်း၊ သူ၏အိမ်ထောင်အားပတ်ရစ်ထားသင့်သော သြဇာသက်ရောက် မှုများနှင့် ပေါင်းသင်းဆက်ဆံမှုတို့နှင့်ပတ်သက်**၍**လည်းကောင်း ဖခင်သည် မှန်ကန် သော**ရှု**ထောင့်မှတွေ့မြင်ရန် လိုအပ်သည်။ ခပ်သိမ်းသောအရာထက် သူ့သား သမီးတို့အား မှန်ကန်သောလမ်းထဲသို့ပို့ဆောင်ပေးနိုင်ရန် သူသည် ဘုရားသခင် အားချစ်ကြောက်**ရို**သေသော စိတ်၏လွှမ်းမိုးထိန်းချုပ်မှုကိုထားရှိရန် လိုအပ်ပေ သည်။

အိမ်ထောင်သည် သာယာပျော်ရွှင်သောအိမ်ထောင်ဖြစ်စေရန်**ပြု**လုပ် ရာတွင် ဖခင်အနေဖြင့် သူနှင့်ဆိုင်သောကဏ္ဍကို ဆောင်ရွက်သင့်ပေသည်။ ဘယ်ကဲ့သို့သောစိုးရိမ်မှုများနှင့် လုပ်ငန်းဆိုင်ရာ**ရှု**ပ်ထွေးပွေလီမှုများရှိသော် လည်း ယင်းတို့ကိုသူတို့အိမ်ထောင်အပေါ် လောင်းရိပ်ထိုးနေခွင့်မပေးသင့် ပေ။ အလုပ်ခွင်မှအိမ်သို့ပြန်လာသောအခါ **ပြုံး**ရွှင်သောမျက်နှာထားနှင့် သာယာကြည် နူးဖွယ်သောအပြောအဆိုများဖြင့် အိမ်အမိုးအောက်သို့ဝင်လာ သင့်ပေသည်။

**ဥပဒေပြုစုသူနှင့်ယဇ်ပုရောဟိတ်** – အိမ်ထောင်တွင် မိသားစု

အားလုံးတို့သည် ဖခင်ကိုဗဟိုပြုထားကြသည်။ သူသည် ဥပဒေပြုစုသူဖြစ်၍ သူ့ယောက်ျားပီသသောကိုယ်နေဟန်ထားအားဖြင့် ကျင့်ကောင်းသီလများ၊ အားအင်ရှိခြင်း၊ **ရိုး**သားဖြောင့်မှန်ခြင်း၊ သည်းခံခြင်း၊ ရဲစွမ်းသတ္တိရှိခြင်း၊ လုံ့လဝီရိယရှိခြင်းနှင့်လက်တွေ့အသုံးကျမှုတို့တွင် လက်တွေ့ပုံစံနမူနာဖြစ် ရမည်။ တစ်နည်းကား၊ ဖခင်သည် အိမ်ထောင်၏ယဇ်ပုရောဟိတ်ဖြစ်၍ နံနက်နှင့်ညဥ့်ဦးဆိုင်ရာယဇ်များ (ဘုရားဝတ်ပြုခြင်းများ) ကို ဘုရားသခင် ပလ္လင်တော်ပေါ်တွင်ပြုလုပ်ရမည်။ ယဇ်ပူဇော်ခြင်းတွင် ဇနီးနှင့်သားသမီးများ တို့ပါဝင်ဆောင်ရွက်ကြရန် အားပေးစကားပြောကြားလျက် ကိုယ်တော်ရှင်၏ ဂုဏ်တော်ကိုချီးကျူးသော ဓမ္မသီချင်းများသီဆိုရာ၌လည်း ပါဝင်ဆောင်ရွက် ရကြမည်။ နံနက်နှင့်ညဥ့်ဦးယံအချိန်တွင် အိမ်ထောင်၏ယဇ်ပုရောဟိတ် အနေဖြင့် ဖခင်ဖြစ်သူသည် တစ်နေ့တာအတွင်း သူကိုယ်တိုင်နှင့်သားသမီး များကျူးလွန်ခဲ့သောအပြစ်များအတွက် ဘုရားသခင်ထံဝန်ချတောင်းပန်ရမည်။ သူသိရှိသောအပြစ်များနှင့် ဘုရားသခင်တစ်ပါးတည်းသာတွေ့မြင်သော လျှို့ဝှက်စွာကျူးလွန်ခဲ့သောအပြစ်များကို ဝန်ချတောင်းပန်ရမည်။ ဖခင် ဖြစ်သူသည် အိမ်ထောင်၌ရှိသောအခါ ဖခင်ကလည်းကောင်း၊ အိမ်၌မရှိ သောအခါမိခင်ကလည်းကောင်း ဤအပြစ်ဝန်ချတောင်းပန်သောအလုပ်ကို မပျက်မကွက်ဆောင်ရွက်လျှင် အိမ်ထောင်အနေဖြင့် ကောင်းချီးမင်္ဂလာများ ခံစားရမည်။

သူ့အိမ်ထောင်၌ဖခင်သည် ဥပဒေပြုစုတော်မူသောအရှင်ဘုရားသခင် ကို ကိုယ်စားပြုသည်။ ဘုရားသခင်၏ကရုဏာတော်နှင့်ပြည့်ဝသော ရည်စူး ချက်များကို အကောင်အထည်ဖော်ပေးခြင်း၊ သားသမီးတို့၏မှန်ကန်သော အခြေခံကျင့်ဝတ်များကိုတည်ဆောက်ပေးခြင်း၊ သားသမီးတို့အား ဖြောင့်မတ် ဖြူစင်သောစာရိတ္တများကိုတည်ဆောက်ပေးခြင်း စသောကိစ္စများကိုဆောင်ရွက် ရာတွင် ဖခင်သည် ဘုရားသခင်နှင့်လက်တွဲ၍ ဆောင်ရွက်ရသည်။ ယင်းသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် သားသမီးတို့သည် လောကဆိုင်ရာမိဘများကို သာမက သူတို့၏ကောင်းကင်ဘုံမှအဖဘုရားသခင်ကိုလည်း နားထောင် သောစိတ်သဘောထားကို သွတ်သွင်းထားပြီးဖြစ်လိမ့်မည်။

ဖခင်သည် သူ့အားအပ်နှံထားသည့် သန့်ရှင်းသောလုပ်ငန်းအပေါ် သစ္စာမဖောက်ရ။ သူ့မိဘတို့ဆိုင်ရာဩဇာအာဏာကို ဘယ်အခါမျှမစွန့်လွှတ်ရ။

**ဘုရားသခင်နှင့်အတူလမ်းလျှောက်ခြင်း** – ဖခင်သည် လက်ရှိ ယုံကြည်ခြင်းကိုကျင့်သုံးခြင်းအားဖြင့် သူ့သားသမီးများအား ဘုရားသခင် ၏ရာဇပလ္လင်တော်နှင့်ချည်နှောင်ထားရမည်။ သူ့ခွန်အားကိုအားမကိုးဘဲ

သူ့မစမဲ့ဝိညာဉ်ကို ယေ**ရှု**အားအပ်နှံ**၍** အမြင့်ဆုံးသောဘုရားသခင်၏ခွန်အားတော်ကို ကိုင်ဆွဲရသည်။ ညီအစ်ကိုမောင်နှမတို့၊ နံနက်အချိန်၊ ညဦး

အချိန်တို့**၌** သင်တို့၏အိမ်ထောင်မိသားစုတို့နှင့် ဆုတောင်းပတ္ထနာ**ပြု**ကြပါ။ ဆိတ်ကွယ်ရာအရပ်တွင် စိတ်ပါကိုယ်ပါဆုတောင်းပါ။ နေ့စဉ်အလုပ်အကိုင်ကိုလုပ်ကိုင်နေစဉ် ဘုရားသခင်ထံဆုတောင်းပါ။ ယင်းကဲ့သို့**ပြု**လုပ်ခြင်း အားဖြင့် ဧနောက်သည် ဘုရားသခင်နှင့်အတူလျှောက်ခဲ့သည်။ တိတ်ဆိတ်**၍**စိတ်ရောကိုယ်ပါ**ပြု**သောပတ္ထနာသည် သန့်ရှင်းသောအမွှေးအ**ကြိုင်**ကဲ့သို့ ကျေးဇူးပလ္လင်ဆီသို့တက်ရောက်သွား**၍** ဗိမာန်တော်**၌**ပြသည့်အလား ယင်းပတ္ထနာကိုဘုရားသခင်သည် လက်ခံတော်မူလိမ့်မည်။ **ဤ**ကဲ့သို့ဘုရားသခင်ကိုရှာဖွေသောသူတို့အတွက် လိုအပ်သောအချိန်တွင် ခရစ်တော်သည် မစကူညီတော်မူမည်။ သူတို့သည်စုံမက်ခြင်းခံရသောကာလတွက် အင်အားနှင့်ပြည့်စုံကြလိမ့်မည်။

**ရင့်ကျက်သောအတွေ့အကြုံလိုအပ်ခြင်း** – ဖခင်သည် ကလေးသူငယ်ကဲ့သို့ စိတ်လိုက်မာန်ပါမ**ပြု**ရ။ သူသည် မိသားစုနှင့်သန့်ရှင်းသောနှောင်**ကြိုး**များအားဖြင့် ချည်နှောင်ထားသည်။

အိမ်ထောင်**၌** ဘယ်ကဲ့သို့သောဖခင်၏ဩဇာသက်ရောက်မှုရှိမည်ကို သူ့အနေဖြင့်မှန်သောဘုရားသခင်တစ်ပါးကိုသိကျွမ်းခြင်းနှင့် ကိုယ်တော်ရှင်စေလွှတ်တော်မူခဲ့သော ယေ**ရှု**ကိုသိကျွမ်းခြင်းပညာတို့က အဆုံးအဖြတ်ပေးလိမ့်မည်ဖြစ်သည်။ ပေါလုက "ငါသည်သူငယ်ဖြစ်စဉ် သူငယ်ကဲ့သို့ပြော**၍** သူငယ်ကဲ့သို့နားလည်၏။ သူငယ်ကဲ့သို့ကြံစည်၏။ သို့ရာတွင် ကြီးရင့်လာသောအခါမူကား၊ သူငယ်၏အရာများကိုပယ်ရှား၏။" ဖခင်သည် အသက်နှင့်မလိုက်အောင်ထွား**ကြိုင်း၍** စည်းမဲ့ကမ်းမဲ့ဖြစ်သောသားကဲ့သို့မဟုတ်ဘဲ လူကြီးပီသသောစာရိတ္တမျိုးနှင့်ထိန်းချုပ်မှုရှိသော စိတ်ဆန္ဒများရှိသောလူကြီးအနေဖြင့် အိမ်ထောင်ဦးစီးနေရာတွင် ရပ်တည်နေရမည်။ သူသည် မှန်ကန်သောကိုယ်ကျင့်တရားများနှင့် သင်ကြားလေ့လာထားမှုရှိရမည်။ အိမ်ထောင် သည် ဘဝ**၌**ကျင်လည်နေရသောအချိန်တွင် သူသည် ဘုရားသခင်နှုတ်ကပတ်တော်၏စင်ကြယ်သော အခြေခံကျင့်ဝတ်တို့၏လမ်းပြပို့ဆောင်မှုနှင့်ထိန်းချုပ်မှုကိုရရှိရမည်။ ထိုအခါသူသည် ခရစ်တော်ယေ**ရှု**ရှင်**၌** လူ့ယောကျ်ား၏ပြည့်စုံသောအခြေအနေသို့ ကြီးထွားရင့်သန်လာလိမ့်မည်။

**လိုအင်ဆန္ဒကိုဘုရားသခင်အားအပ်နှံပါ** – ခင်ပွန်းလည်းဖြစ်**၍** ဖခင်လည်းဖြစ်သောယောကျ်ားတစ်ဦးအား ကျွန်ုပ်ပြောဆိုလိုသည်မှာ သင့်အားသန့်ရှင်းမြင့်မြတ်သောအခြေအနေက ဝန်းရံထားပါလေစေ။ သင်သည် နေ့စဉ်

ခရစ်တော်အထံတော်မှနည်းခံယူရမည်။ အိမ်ထောင်တွင် ဘယ်အခါမျှရက်စက်ကြမ်းကြုတ်သောအမူအရာကိုမပြပါနှင့်။

ယင်းကဲ့သို့သောအမှုအရာကိုပြသော သူသည် စာတန်၏ကိုယ်စားလှယ်တို့နှင့် လက်တွဲဆောင်ရွက်နေသောသူ ဖြစ်သော သင့်စိတ်၏လိုအင်ဆန္ဒကို ဘုရားသခင်၏အလိုတော်သို့အပ်နှံပါ။ သင့်ဇနီး၏ဘဝအသက်တာသည် သာသာယာယာနှင့် ပျော်ပျော်ရွှင်ရွှင်ဖြစ်နေ စေရန် သင့်အနေဖြင့်အတတ်နိုင်ဆုံး**ကြိုး**ပမ်းပါ။ဘုရားသခင်၏နှုတ်ကပတ် တော်အား သင့်အကြံပေးအရာရှိအဖြစ်နေပါလေစေ။ အိမ်ထောင်တွင်နှုတ်ကပတ် တော်၏ဩဇာများကို လိုက်နာကျင့်သုံးပါ။ ထိုအခါ ယင်းဩဝါဒများကို အသင်းတော်တွင်လည်းကျင့်သုံး**၍** သင့်အလုပ်ခွင်သို့လည်းယူဆောင်သွားလိမ့်မည်။ ကောင်းကင်၏အခြေခံကျင့်ဝတ်တို့သည် သင်လုပ်ကိုင်သမျှတို့ကို မြင့်မြတ်စေလိမ့်မည်။ ဘုရားသခင်၏ကောင်းကင်တမန်တို့သည် သင်နှင့်လက်တွဲလုပ်ကိုင်**၍** ကမ္ဘာကြီးအားခရစ်တော်ကိုဖော်ထုတ်ပြသရာတွင် သင့်ကို မစပါလိမ့်မည်။

**စိတ်မြန်သောခင်ပွန်းအတွက်သင့်လျော်သောပတ္တနာ** – သင့်အလုပ်ခွင်ဆိုင်ရာစိတ်**ရှု**ပ်ထွေးမှုများအား သင့်အိမ်ထောင်၏ဘဝအသက်တာ ကိုမှောင်ရိပ်လွှမ်းစေရန် ယင်းတို့ကိုအိမ်သို့သယ်ယူမလာပါနှင့်။ သင့်စိတ်ကူး နှင့်အံဝင်ခွင်ကျမဖြစ်သော သေးငယ်သည့်ကိစ္စတစ်ခုခုပေါ်ပေါက်လာသော အခါ သင်သည်သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ ကြင်နာခြင်းနှင့်ချစ်ခြင်းတို့ကို ပြသရန်ပျက်ကွက်လျှင် ကိုယ်တော်ရှင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်စေရန် လည်းကောင်း၊ သင့်အတွက် ကိုယ်တော်၏အသက်တော်ကိုစွန့်သည့်တိုင် အောင် သင့်ကိုချစ်သောကိုယ်တော်ရှင်ကို သင်၏အပေါင်းဖော်အနေဖြင့် ရွေးချယ်ခြင်းမပြုခဲ့ကြောင်းကိုလည်းကောင်း သင်ပြသသည်။

သင်နေ့စဉ်ဘဝရပ်တည်မှုတွင် သင်သည် ရှောင်တခင်အံ့ဩဖွယ်သောအဖြစ်အပျက်များ၊ စိတ်ပျက်ဖွယ်ရာများနှင့်စုံစမ်းသွေးဆောင်ခြင်းများကို ရင်ဆိုင်ရလိမ့်မည်။ နှုတ်ကပတ်တော်ကဘာပြောထားသနည်း။ ဘုရားသခင်အပေါ်တွင် တည်မြဲစွာအားကိုးခြင်းအားဖြင့် "မာရ်နတ်ကိုဆီးတားလော့။ သို့**ပြု**လျှင်သူသည်သင့်ထံမှထွက်ပြေးသွားလိမ့်မည်။" "ဘုရားသခင်**၌**ချဉ်းကပ် ကြလော့။ သို့**ပြု**လျှင် သင်တို့**၌**ချဉ်းကပ်တော်မူလိမ့်မည်။" "ငါ၏အစွမ်းသတ္တိ ကိုကိုးစား**၍** ငါနှင့်မိတ်သဟာယဖွဲ့ကြစေ။ ငါနှင့်မိတ်သဟာယဖွဲ့ကြစေသော။" ခပ်သိမ်းသောနေရာများတွင် ခပ်သိမ်းသောအချိန်တို့**၌** ယေ**ရှု**ရှင်ကို အာ**ရုံပြု**လျက် ကိုယ်တော်ရှင်၏အလိုတော်ကို ဘယ်ကဲ့သို့ဆောင်ရွက်ရမည် ဖြစ်ကြောင်းကိုသိရှိရန် စေတနာသန့်သန့်ဖြင့် အသံတိတ်ပတ္တနာ**ပြု**ပါ။ ထိုအခါသူသည် ဒီရေအလား အဟုန်ဖြင့် ချဉ်းကပ်တိုးဝင်သောအခါ ဘုရားသခင်၏ဝိညာဉ်တော်သည် သင့်ကိုအောင်လံတော်ဖြင့် ရန်သူထံမှ ကာကွယ်ပေးတော်မူမည်။ သင်၏အခြေအနေသည်

လက်မြှောက်ရတော့ မလောက်ဆိုးရွားနေလျှင်ဖြစ်စေ၊ သည်းခံခြင်းနှင့်ကိုယ်ကိုချုပ်ထိန်းမှုတို့ ပျောက်ကွယ်မတတ်ဖြစ်နေသောအခါဖြစ်စေ၊

ခက်ခဲခြင်းနှင့်ပြစ်တင်ပြောဆို ခံရသောအခါမျိုးဖြစ်စေ၊ **ကြုံကြို**က်လာလျှင် သင်တို့**ပြု**ရမည့်ပတ္ထနာမှာ "အို၊ ထာဝရအရှင်ဘုရားသခင်၊ စုံစမ်းသွေးဆောင်ခြင်းကိုတားဆီးထားရန်လည်း ကောင်း၊ အကျွန်ုပ်၏နှလုံးသားထဲမှ မကောင်းသောစိတ်ထားနှင့်အမျက် ဒေါသရှိသမျှတို့နှင့် သူတစ်ပါးအတင်းပြောဆိုခြင်းများကို ဖယ်ရှားပစ်ရန် လည်းကောင်း၊ အကျွန်ုပ်တို့ကိုမစသွန်သင်တော်မူပါ။ ကိုယ်တော်ရှင်၏ နူးညံ့သိမ်မွေ့ခြင်း၊ ကိုယ်တော်ရှင်၏နှိမ့်ချခြင်း၊ ကိုယ်တော်ရှင်၏စိတ်ရှည် ခြင်းနှင့်ချစ်ခြင်းမေတ္တာကို အကျွန်ုပ်တို့အားမစသနားတော်မူပါ။ အကျွန်ုပ်၏ ကယ်တင်ရှင်ဂုဏ်သိက္ခာကိုကျစေရန်လည်းကောင်း၊ အကျွန်ုပ်၏ ဇနီး၊ သားသမီး များနှင့်ယုံကြည်ခြင်း**၌** အကျွန်ုပ်၏မောင်နှမများတို့၏အပြောအဆိုနှင့်ရည်စူး ချက်များကို အထင်မှားအမြင်မှားစေရန်လည်းကောင်း အကျွန်ုပ်အားထားရစ် တော်မမူပါနှင့်။ အကျွန်ုပ်**၌**ကြင်နာသောစိတ်၊ သနားတတ်သောစိတ်၊ သိမ်မွေ့ သောစိတ်နှင့်ခွင့်လွှတ်တတ်သောသဘောတို့ကို သွတ်သွင်းထားရှိတော်မူပါ။ အကျွန်ုပ်၏အိမ်ထောင်တွင် အကျွန်ုပ်သည် အိမ်ထောင်ကိုအမှန်မှချစုစည်း သောသူဖြစ်စေတော်မူ**၍** အခြားသောသူတို့အား ခရစ်တော်၏စာရိတ္တတော်ကို ကိုယ်စား**ပြု**သူဖြစ်စေတော်မူပါ။"

**ဩဇာအာဏာကိုနှိမ့်ချသောသဘောနှင့်အသုံးပြုပါ** – ခင်ပွန်းဖြစ်သော သူက သူသည်အိမ်ထောင်ဦးစီးဖြစ်ကြောင်းကို ဂုဏ်ယူ**၍**ပြောဆိုနေခြင်းသည် သူယောကျ်ားပီသသောဂုဏ်ဒြပ်၏အထောက်အထားမဟုတ်ပေ။ သူ**၌**ဩဇာအာဏာရှိသည်ဟု အခိုင်အမာပြောဆိုခြင်းအတွက် အထောက်အထားအနေဖြင့် ကျမ်းချက်များကိုရွတ်ဆိုပြခြင်းက သူ့အား**ရှိ**သေလေးစားမှုကိုပိုမိုတိုးတက်စေ သည်မဟုတ်ပေ။ သူ့စီမံကိန်းများသည် မှားယွင်းမှုမရှိသည့်အလား သူ့ဇနီး အား ယင်းတို့ကိုအကောင်အထည်ဖော်စေခြင်းအားဖြင့် သူ့အားပိုမိုယောကျ်ားပီသ စေသည်မဟုတ်ပေ။ မိန်းမ၏ဦးခေါင်းအနေဖြင့် ခင်ပွန်းကိုထားရှိတော်မူသည်မှာ သူမအားကာကွယ်စောင့်ထိန်းစေရန် ဖြစ်သည်။ ခရစ်တော်သည် အသင်းတော် ၏ဦးခေါင်းလည်းဖြစ်**၍** ကိုယ်ခန္ဓာ၏ကယ်တင်ရှင်ဖြစ်သကဲ့သို့ သူသည်မိသား စုတို့အားစုစည်း**၍** အိမ်ထောင်သားအားလုံးတို့ကို မေတ္တာ**ကြီး**ဖြင့်ချည်နှောင် ထားသောသူဖြစ်သည်။ ဘုရားသခင်ကိုချစ်သည်ဟုဆိုကြသော ခင်ပွန်းတိုင်း သည် သူ့ရာထူး**၌** ဘုရားသခင်ဆောင်ရွက်စေလိုတော်မူသောတာဝန်များကို သေချာစွာလေ့လာပါ။ ခရစ်တော်ပေးထားတော်မူသောအလိုတော်၏အာဏာတော်

ကိုဉာဏ်ပညာရှိစွာဖြင့်လည်းကောင်း၊ ကြင်နာစွာဖြင့်လည်းကောင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ဖြင့်လည်းကောင်း ကျင့်သုံးတော်မူခဲ့သည်။ ထိုနည်းတူစွာ၊ ခင်ပွန်းဖြစ်သူသည် သူ့အခွင့်အာဏာကိုအသုံးပြုသောအခါ အသင်းတော်၏ဦးခေါင်းကြီးဖြစ်သော ခရစ်တော်သည် ယေရှုရှင်၏နည်းနာများကို အတုယူကျင့်သုံးပါလေစေ။

---o---

# အခန်း ၃၅
# တာဝန်များကိုဝေငှထမ်းဆောင်ခြင်း

**ဖခင်၏တာဝန်များကိုလွှဲပြောင်း၍မရနိုင်** – သားသမီးတို့အတွက် ဖခင်ဆောင်ရွက်ရမည့်တာဝန်များကို မိခင်ပခုံးများပေါ်သို့ လွှဲပြောင်းထား**၍** မရနိုင်ပေ။ မိခင်သည် သူမဆိုင်ရာတာဝန်များကိုထမ်းဆောင်လျှင် သူမအနေဖြင့်ထမ်းရသောဝန်ထုပ်တို့သည် သူမအတွက်လုံလောက်ပေသည်။ မိခင်နှင့်ဖခင်တို့လက်တွဲဆောင်ရွက်မှသာလျှင် ဘုရားသခင်က သူတို့လက်သို့ အပ်နှံထားသောအလုပ်ကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ကြလိမ့်မည်ဖြစ်သည်။

သူ့သားသမီးတို့အား ဘဝအသက်တာတစ်လျှောက်လုံးအတွက်နှင့် မသေနိုင်သောဘဝအသက်တာအတွက် ပညာများသွန်သင်ပေးရသောအလုပ်ကိုဆောင်ရွက်ရာတွင် ဖခင်သည် သူဆောင်ရွက်ရမည့်ကဏ္ဍကို ခေါင်းမရှောင်သင့်ပေ။ **ဤ**တာဝန်ကိုဆောင်ရွက်ရာတွင် ဖခင်သည် ဝေပုံကျဆောင်ရွက် ရမည်။ ဖခင်နှင့်မိခင်တို့အသီးသီးဆောင်ရွက်ရမည့်တာဝန်ရှိသည်။ သူတို့**၌**ရှိသောအရည်အသွေးများကို သူတို့၏သားသမီးများ**၌** ထွန်းကားလာသည်ကိုတွေ့မြင်လိုလျှင် မိဘဖြစ်သူတို့က တစ်ဦးအပေါ်တစ်ဦး မေတ္တာတရားထားရှိခြင်းနှင့်လေးစားခြင်းတို့ကို ပြသကြရမည်။

ဖခင်သည် မိမိ၏ပျော်ရွှင်သောမျက်နှာထားနှင့် ကြင်နာသောအပြောအဆိုများအားဖြင့် အိမ်ထောင်ကိုထိန်းသိမ်းကြည့်ရှုသောဇနီးဖြစ်သူကို အားပေးထောက်ပံ့သင့်ပါသည်။

ဇနီးအနေဖြင့် ယှဉ်ပြိုင်ရသောတိုက်ပွဲတွင် ဖခင်သည်သူ့ဇနီးအား ကူညီမစရန် ကြိုးပမ်းပါ။ အပြောအဆိုများတွင်သတိထားပါ။ အနေအထိုင် အပြုအမူတို့တွင်ယဉ်ကျေးပါ။ ကြင်နာမှုကျင့်သုံးပါ။ ယင်းကဲ့သို့ပြုလုပ်ခြင်း အားဖြင့် များစွာသောကောင်းကျိုးများကို ခံစားရပါလိမ့်မည်။

**ကြင်နာသောကူညီမှုသည် မိခင်၏ဝန်ထုပ်ကိုပေါ့ပါးစေလိမ့် မည်** – ဘယ်ကဲ့သို့သောအလုပ်အကိုင်မျိုးကိုလုပ်ကိုင်သည်မဆို၊ ယင်း အလုပ်အကိုင်ကိုလုပ်ကိုင်ရာတွင် ဘယ်ကဲ့သို့သောအခက်အခဲများရင်ဆိုင် ရသည်မဆို၊ ဖခင်ဖြစ်သူသည် လုပ်ငန်းခွင်တွင်ရှိနေချိန်က သူ့ထံသို့လာ ရောက်တွေ့ဆုံကြသော ဧည့်သည်အာဂန္တုရှိသမျှတို့အားပြခဲ့သော ပြုံးရွှင်သောမျက်နှာထားမျိုးနှင့် အသုံးပြုခဲ့သောချိုသာသောလေသံမျိုးတို့ကိုပင် အိမ်သို့ပြန်လာသောအခါ ယူဆောင်လာသင့်ပေသည်။ ဇနီးအနေဖြင့် သူမခင်ပွန်း၏ကြီးမားလှသော မေတ္တာပေါ်တွင် မှီငြမ်းနေနိုင်သည်ကိုလည်းကောင်း၊ သူမ၏တပင်တပန်းလုပ်ကိုင်နေရသော အလုပ်အကိုင်များနှင့် စိုးရိမ်ကြောင့်ကြ မှုများကို ရင်ဆိုင်နေရချိန်တွင် သူ့ခင်ပွန်း၏အင်တိုက်အားတိုက်ထောက်ပံ့ မှုကို ရရှိလိမ့်မည်ဟူ၍လည်းကောင်း၊ သူ့ခင်ပွန်း၏ဩဇာသက်ရောက်မှုကို သူမသည် အပြည့်အဝရရှိလိမ့်မည်ကိုလည်းကောင်း ခံစားမှုရှိပါလေစေ။ ယင်းကဲ့သို့သော သူမ၏ထမ်းနေရသောဝန်ထုပ်ကြီး၏အလေးချိန်သည် ထက်ဝက်မျှလျော့ပါးသွားလိမ့်မည်။ သားသမီးတို့ကိုမိခင်ပိုင်ဆိုင်သကဲ့သို့ ဖခင်လည်းပိုင်ဆိုင်သည်မဟုတ်ပါလော။

ခင်ပွန်းကသူ့တာဝန်များကိုထမ်းဆောင်ရာတွင် သူ့အားအကူအညီ ပေးမှုထက် အရေးပါအရာရောက်သည်ဟု သူမယူဆသောဝန်ထုပ်များကို ဇနီးဖြစ်သူကစုဆောင်းထားကောင်းထားပေလိမ့်မည်။ ခင်ပွန်းဖြစ်သူကလည်း ယင်းနည်းအတိုင်းပြုကောင်းပြုပေလိမ့်မည်။ တစ်ဦးအပေါ်တစ်ဦးညှာတာ သောသဘောဖြင့်ကူညီမှုသည် များစွာတန်ဖိုးရှိသည်။ ခင်ပွန်းဖြစ်သူသည် မိသားစု၏အိမ်ထောင်ဦးစီးထက် မိမိကိုယ်ကိုထမင်းလခပေးစားသောသူဟူသော သဘောထားမျိုးဖြင့် သူ့အိမ်ကိုစိတ်ကြိုက်လွတ်လပ်စွာ ဝင်ထွက်သွားလာ နေသောအကျင့်မျိုးရှိတတ်သည်။

အိမ်ထောင်မှုဆိုင်ရာတာဝန်များသည် သန့်ရှင်း၍အရေးပါအရာ ရောက်လှပေသည်။ သို့စေကာမူ ယင်းတာဝန်များကို သက်ဆိုင်ရာတာဝန်ခံ များက စိတ်မပေါ့တပါးဆောင်ရွက်တတ်ကြသည်။ ခင်ပွန်းလည်းဖြစ်၊ ဖခင် လည်းဖြစ်သောပုဂ္ဂိုလ်က မကြာခဏအပြောင်းအလွဲသဘောမျိုးဖြင့်လည်း ကောင်း၊ အပန်းဖြေသဘောမျိုးဖြင့်လည်းကောင်း နားနားနေနေ မရှိလျှင် ရေတွက်၍မရနိုင်လောက်အောင် များပြားလှသောစိုးရိမ်ကြောင့်ကြမှုများနှင့် စိတ်ရှုပ်ထွေးဖွယ်ရာကိစ္စအဖြာဖြာတို့သည် မိခင်ဖြစ်သူအတွက် ဒေါသထွက် စရာဖြစ်လာတတ်ကြသည်။ ထို့ကြောင့် ယင်းကဲ့သို့နားနားနေနေ နေထိုင်သော အချိန်အခါမျိုးကို ဇနီးဖြစ်သူအား ခင်ပွန်းဖြစ်သူက ဖန်တီးစီစဉ်ပေးသင့် ပေသည်။ ရရစားစားဘဝမျိုး၌ ကျင်လည်ရသော မိခင်မျိုး၏ဘဝရပ်တည်မှု သည် အဆုံးမရှိသောအနစ်နာခံရသည့်ဘဝ မျိုးဖြစ်၍ သူမ၏အခက်အခဲများ ကို ခင်ပွန်းဖြစ်သူကနားလည်မှုရှိ၍ သူ့ထောက်ပံ့မှုကို မပေးလျှင် ဇနီး၏ ဘဝရပ်တည်မှုသည် ပိုမိုခက်ခဲလျက်ရှိလာသည်။

**အားအင်နည်းသောဇနီးအားထောက်ထားညှာတာပါ** – ခင်ပွန်း ဖြစ်သောသူသည် သူ့အိမ်ထောင်သားများတွင် ကြီးမားသောစိတ်ဝင်စားမှု ရှိကြောင်းကိုပြပါ။ အထူးသဖြင့် အားအင်နည်းသောဇနီးအပေါ် ထောက်ထား ညှာတာမှု၊ ကြင်နာမှုရှိပါ။ အိမ်ဂေဟာ**၌** ရောဂါဝေဒနာများမကပ်နိုင်စေရန် ခင်ပွန်းအနေဖြင့် များစွာဆောင်ရွက်နိုင်သည်။ ကြင်နာသောအပြောအဆို၊ ဝမ်းမြောက်ဖွယ်သောအပြောအဆိုနှင့် အားပေးစကားများတို့သည် အထက်မြက် ဆုံးသောဆေးဝါးများထက် ပိုမိုအကျိုး**ပြု**သည်။ ယင်းစကားတို့သည် စိတ် အားငယ်နေသောမိခင်အား စိတ်အားတက်စေ**၍** ကြင်နာသောအ**ပြု**အမူနှင့် အားပေးစကားတို့က အိမ်ထောင်တွင်းသို့သွတ်သွင်းလာသော ပျော်ရွှင်မှုနှင့် နေရောင်ခြည်တို့သည် **ကြိုး**ပမ်းသမျှတို့အား ဆယ်ဆသောအကျိုးကျေး ဇူးများကို**ပြု**လိမ့်မည်။ ဖခင်သည် သားသမီးများကိုသွန်သင်ဆုံးမရာတွင်လည်း ကောင်း၊ သူတို့၏စိတ်နှလုံးများကို ပုံသွင်းပေးရာတွင်လည်းကောင်း မိခင်ဖြစ်သူက ကြီးလေးသောတာဝန်ကိုထမ်းနေရသည်ကို ခင်ပွန်းဖြစ်သူက သတိ**ပြု**သင့်ပေသည်။ ယင်းသို့သောအခြေအနေက ခင်ပွန်းဖြစ်သူအား ဇနီးအပေါ်အသက်ညှာဆုံးစိတ်မျိုးထားရှိစေ**၍** သူမထမ်းရသောဝန်ထုပ် ကြီးကိုပေါ့ပါးအောင် ကူညီမစလိုသောဆန္ဒမျိုး ဖန်တီးပေးစေသင့်ပေသည်။

သူမ၏မေတ္တာက**ရု**ဏာကို အားကိုးအားထား**ပြု**ဖို့ အားပေးတိုက် တွန်းစကားပြောရန်လည်းကောင်း၊ ခွန်အားငြိမ်သက်ခြင်းနှင့်မောပန်းသော သူအားနားရန်အရပ်ရှိသောကောင်းကင်သို့ သူမ၏အာ**ရုံ**ကိုစူးစိုက်စေရန် လည်းကောင်း ဖခင်ဖြစ်သူသည် ဆောင်ရွက်သင့်ပေသည်။ သူသည် အလုပ်ခွင်မှအိမ်သို့ပြန်လာသောအခါ မျက်မှောင်ကုတ်ကြီးဖြင့်ပြန်မလာဘဲ ပျော်ရွှင်သောနေရောင်ခြည်ကိုယူဆောင်လာကာ သူ့ဇနီးအား ဘုရားသခင်ထံ သို့မျှော်ကြည့်လျက် ကိုယ်တော်ရှင်ကိုယုံကြည်ရန် အားပေးသော စကား၊ တိုက်တွန်းသောစကားပြောကြားသင့်ပေသည်။ မိသားစုတို့သည် စည်းလုံး ညီ**ညွ**တ်စွာဖြင့် ဘုရားသခင်၏ကတိတော်များကိုတောင်းဆို**၍** ကိုယ်တော်ရှင်၏ ကြွယ်ဝသောကောင်းချီးမင်္ဂလာများကို အိမ်ထောင်တွင်းသို့ဝင်ရောက်ပါလေစေ။

**တဖြည်းဖြည်းပို့ဆောင်ပါ** – သစ္စာရှိသောသိုးထိန်း၏သေချာမှုရှိသောလုပ်ကိုင်ဆောင်ရွက်ခြင်းမှ ခင်ပွန်းလည်းဖြစ်**၍**ဖခင်လည်းဖြစ်သော ပုဂ္ဂိုလ်များသည် ကောင်းသောသင်ခန်းစာတစ်ခုကိုရယူနိုင်သည်။ လျင်မြန်စွာဖြင့်လည်းကောင်း၊ ခက်ခဲစွာဖြင့်လည်းကောင်း ခရီးထွက်ရန်တိုက်တွန်းခြင်းခံရသောအခါ ယာကုပ်က **"ဤ**သူငယ်တို့သည် နုနယ်ပါ၏။ သားငယ် ပါသောသိုး၊ ဆိတ်၊ နွားမတို့သည် ကျွန်တော်**၌**ပါပါ၏။ တစ်နေ့ချင်းတွင် အနှင်လွန်လျှင် ရှိသမျှတို့သည် သေကြပါလိမ့်မည်။" "ကျွန်တော်ဆောင်ခဲ့ သောတိရစ္ဆာန်များ၊ သူငယ်များတတ်နိုင်သမျှအတိုင်း တဖြည်းဖြည်းပို့ဆောင်

ပါမည်။ ဘဝအသက်တာ၏ပင်ပန်းစွာလုပ်ကိုင်ရသောလမ်းခရီးတွင် ခင်ပွန်းလည်းဖြစ်၍ဖခင်လည်းဖြစ်သောပုဂ္ဂိုလ်သည် ဖြည်းညင်းစွာဦးဆောင်မှုပေးပါလေစေ။ သို့မှသာလျှင် သူနှင့်လိုက်ပါလာသောအပေါင်းအဖော်သည် ခရီး၏ဒဏ်ကိုခံနိုင်မည်ဖြစ်သည်။ ပစ္စည်းဥစ္စာနှင့်အခွင့်အာဏာအတွက်ဦးတည်၍ရေးကြီးသုတ်ပျာလုံးပန်းနေသော ယခုကဲ့သို့သောအချိန်အခါမျိုးတွင် ဖခင် သည်သူ့ခြေလှမ်းကိုမှန်မှန်လှမ်းရန်လည်းကောင်း၊ သူ့အပါးတွင်လက်တွဲ လျှောက်ရန်ခေါ်ယူခြင်းခံရသောအမျိုးသမီးအား နှစ်သိမ့်မှုနှင့်ထောက်ပံ့မှု ပေးရန်လည်းကောင်းသင်ကြားသိရှိထားမှုရှိပါစေ။

မိမိကိုယ်ချင်းစာနာခြင်းနှင့် ပျက်ကွက်ခြင်းမရှိသောချစ်ခြင်းဖြင့် ခင်ပွန်းဖြစ်သူသည် မိမိ၏ဇနီးကိုကူညီမစပါ။ အိမ်ထောင်တွင်ဇနီးဖြစ်သူအားနေရောင်ခြည်ပမာထွန်းလင်းတောက်ပြောင်နေစေနိုင်ရန် သူမအားအမြဲတမ်းစိမ်းလန်းစိုပြည်နေစေလိုလျှင် သူမ၏ဝန်ထုပ်များကိုထမ်းနေရာတွင် ခင်ပွန်းဖြစ်သူက ယင်းဝန်ထုပ်များကိုကူညီ၍ထိန်းပေးပါ။ သူ့ကြင်နာခြင်းနှင့်ချစ်ဖွယ်သောအမူအရာသည် သူမအတွက်တန်ဖိုးရှိလှသော အားတက်စရာ ဖြစ်၍သူကလက်ဆင့်ကမ်းသောပျော်ရွှင်ခြင်းသည် သူကိုယ်တိုင်၏စိတ်နှလုံး သို့ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်းကို ယူဆောင်လာလိမ့်မည်။

မိခင်သည် ရသင့်ရထိုက်သောကြည့်**ရှုပြု**စုခြင်းနှင့် နှစ်သိမ့်ခြင်းကိုမရရှိလျှင်လည်းကောင်း၊ အလုပ်ပင်ပန်းခြင်းအားဖြင့် (သို့မဟုတ်) စိတ်ပူပန်သောကများ၏ဖိနှိပ်မှုအားဖြင့်လည်းကောင်း သူမ၏အင်အားများကိုကုန်ခန်းနွမ်းနယ်သွားခွင့်**ပြု**လျှင် သားသမီးတို့သည် သူတို့ခံစားထိုက်သောအမွေအနှစ်တည်းဟူသော၊ အရေးပါအရာရောက်သော ကာယဗလနှင့်ဉာဏဗလတို့ကိုလက်လွတ်သွားကြမည်ဖြစ်သည်။ မိခင်ဘဝအသက်တာ၏ရွှင်လန်းချမ်းမြေ့စေခြင်းသည်လည်းကောင်း၊ အရာရာ**၌**ချို့တဲ့ခြင်း၊ ပင်ပန်းစွာလုပ်ကိုင်ရခြင်းနှင့်စိုးရိမ်ကြောင့်ကြမှုများမှ ကာကွယ်ခြင်းသည်လည်းကောင်း အကောင်းဆုံးဆောင်ရွက်မှုဖြစ်သည်။ သားသမီးတို့အား သူတို့၏ကိုယ်ပိုင်အင်အားဖြင့်ဘဝအသက်တာ၏တွန်းလှန်**ရု**န်းကန်မှုကို အောင်မြင်စွာဆင်နွှဲစေရန် ထက်မြက်ကြီးမားသောကာယဗလများကို အမွေခံကြပါစေ။

---o---

# အခန်း ၃၆

# သားသမီးများ၏အပေါင်းအဖော်

**သားသမီးများနှင့်အချိန်ယူ၍နေထိုင်ပါ** – သားသမီးတို့၏ ခင်တွယ်မှုနှင့်စည်းလုံးမှုကို ရယူနိုင်သောအခွင့်ကောင်းအခါကောင်းများကို အများသောဖခင်တို့သည် ကိုင်စွဲခြင်းမပြုဘဲလက်လွှတ်ခံကြသည်။ လုပ်ငန်းခွင်

မှအိမ်ဂေဟာသို့ပြန်လာကြသောအခါ ဖခင်ဖြစ်သူသည် အပြောင်းအလဲအနေ ဖြင့် အချိန်ယူလျက် သားသမီးတို့နှင့်ခင်မင်ရင်းနှီးစွာ လက်ပွန်းတတီးနေထိုင် သင့်ပေသည်။

ဖခင်တို့သည် မှားယွင်းစွာဂုဏ်သိက္ခာထိန်းသိမ်းခြင်းကို ဖယ်ရှား၍ အားလပ်ချိန် များတွင် မိမိတို့၏စိတ်ပျော်ရွှင်မှုအတွက် သုံးဖြုန်းခြင်းများ ကိုရပ်ဆိုင်းလျက် ယင်းအချိန် များတွင် သားသမီးများနှင့်ရောရောနှောနှော နေထိုင်ခြင်း၊ သူတို့၏အခက်အခဲများကိုကူညီ ဖြေရှင်းပေးခြင်း၊ ခိုင်မာသော မေတ္တာနှောင်ကြိုးဖြင့် သူတို့ကိုချည်နှောင်ထားခြင်း၊ မိဘစကား ကိုမြေဝယ် မကျနားထောင်စေရန် သူတို့၏ရင့်သန်ထွားကြိုင်းလျက်ရှိသော စိတ်များအပေါ် သင့်လျော်သောဩဇာသက်ရောက်မှုရှိစေခြင်း စသောဆောင်ရွက်မှုများကို ပြုလုပ်သင့်ကြ ပေသည်။

**သားယောကျ်ားများကိုအထူးစိတ်ဝင်စားပါ** – ဖခင်ဖြစ်သူသည် ယောကျ်ားများ နှင့်ရင်းနှီးမှုရှိလျက် သူတို့၏ရင့်ကျက်သောအတွေ့အကြုံများကို သားယောကျ်ားတို့အား ဝေလျက် သူတို့အားရိုးသားစွာနှင့်နူးညံ့သိမ်မွေ့ စွာ စကားပြောဆိုဆက်ဆံခြင်းအားဖြင့် သူတို့၏မေတ္တာကိုခံယူသင့်ကြပေ သည်။ ဖခင်အနေဖြင့် သူတို့၏ကောင်းကျိုး၊ သူတို့၏ ပျော်ရွှင်မှုများကို အထူးလိုလားလျက် ယင်းတို့ကိုအကောင်အထည်ဖော်ရန် ဦးတည်ဆောင် ရွက်လျက်ရှိကြောင်းကို သားယောကျ်ားတို့အားသိရှိတွေ့မြင်ပါလေစေ။

သားယောကျ်ားများကိုမွေးထားသောဖခင်သည် မည်ကဲ့သို့သော အလုပ်အကိုင်မျိုးကို သူလုပ်ကိုင်နေရသည်မဆို သူ့လက်တွင်း၌အပ်နှံထား သော ယင်းသားတို့အား ဘယ်အခါ မျှလျစ်လျူရှုထားခြင်းမရှိစေရ။ သူသည် ယင်းသားများကို ဤလောကကြီးထဲသို့သွတ်သွင်း လာခဲ့ပြီးဖြစ်၍ သူတို့အား မသန့်ရှင်းသောအပေါင်းအဖော်များ၊ ဆိုးယုတ်သောသူတို့၏ အသိုက်အဝန်း များအတွင်းသို့ ဝင်ရောက်သွားခြင်းမရှိစေရန် သူသည်တတ်နိုင်သမျှ ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်သည်။ သူ၏ဂနာမငြိမ်သော သားယောကျ်ားများကို ကြည့်ရှုထိန်းသိမ်း ရန် မိခင်ဖြစ်သူလက်သို့ လုံးလုံးအပ်နှံထားခြင်းမရှိစေရ။ မိခင်အတွက် ကြီးလေးသောဝန် ထုပ်ကြီးများဖြစ်နေလိမ့်မည်။ မိခင်ဖြစ်သူနှင့် သားသမီးတို့အတွက် အကျိုးအများဆုံးဖြစ် စေရန် ခပ်သိမ်းသောအရာများကို စီစဉ်ပြုလုပ်ပေးရမည်ဖြစ်သည်။ မိမိကိုယ်ကိုချုပ်တည်းရန် နှင့် တစ်ချိန်တည်း မှာပင် သားသမီးတို့အား ဉာဏ်ပညာအမြော်အမြင်ရှိစွာဖြင့် သွန်သင် ဆုံးမရန် သူမအတွက်အလွန်ခက်ခဲပေလိမ့်မည်။ ယင်းကဲ့သို့ဖြစ်လျှင် ဖခင်သည် တာဝန်ကို ပိုမိုထမ်းသင့်ပေသည်။ သူ့သားသမီးတို့အားကယ်ဆယ်ရန် သူအတတ်နိုင်ဆုံး ကြိုးပမ်း ဆောင်ရွက်သင့်ပေသည်။

**သားသမီးတို့အားအသုံးဝင်သောသူများဖြစ်လာစေရန် သင်ကြား**

**ပေးပါ** – အိမ်ထောင်ဦးစီးအနေဖြင့် ဖခင်ဖြစ်သူသည် မိမိသားသမီးများ အား အသုံးဝင်သောသူများနှင့် တာဝန်ထမ်းဆောင်သောသူများဖြစ်လာစေရန် သင်ကြားပုံသင်ကြားနည်းကို နားလည်သင့်ပေသည်။ အခြားသောလုပ်ငန်း ထက် **ဤ**လုပ်ငန်းသည် ဖခင်၏တာဝန်ဖြစ်သည်။ သားသမီးတို့၏နုနယ် သောဘာဝအသက်တာတွင် သူတို့၏အပြုအမူအနေအထိုင်ကို လိုအပ်သော ပုံသွင်းပေးရန် အများအားဖြင့် မိခင်ဖြစ်သူကဆောင်ရွက်ရသည်။ သို့ရာတွင် ယင်းလုပ်ငန်းကိုဆောင်ရွက်ပေးရာတွင် မိခင်ဖြစ်သူသည် ဖခင်ဖြစ်သူ၏ လက်တွဲဆောင်ရွက်မှုရရှိသည်ဟူသောခံစားချက်ကို အမြဲတမ်းရင်ဝယ်ပိုက် ထားသင့်ပေသည်။ အကယ်**၍** ဖခင်ဖြစ်သူသည် သူ့မိသားစုအတွက် အသုံးဝင် လှသောလုပ်ငန်းကို ပါဝင်ကူညီ**၍**ဆောင်ရွက်ရန် မအားမလပ်အချိန်မရ လောက်အောင် ဝင်ငွေရလုပ်ငန်းတစ်ခုခုကိုလုပ်ကိုင်နေလျှင် သူ့သားသမီး တို့အား ပြုအပ်သောမိဘဝတ်ကိုထမ်းဆောင်ခွင့်ပြုသည့် အခြားလုပ်ငန်းသစ် တစ်ခုခုကို ရှာဖွေလုပ်ကိုင်သင့်ပေသည်။ အကယ်**၍**သူသည် သားသမီးတို့ အားလျစ်လျူ**ရှု**ထားလျှင် သူ့အားဘုရားသခင်ကအပ်နှင်းထားတော်မူသော တာဝန်အပေါ် သစ္စာမဲ့ရာကျလေသည်။

လောကကြီး၏သွေးဆောင်မှုများထက် ပိုမိုအားကောင်းသောဖခင် ၏ဩဇာသက်ရောက်မှုမျိုးသည် သားသမီးများအပေါ်တွင် ရှိနေသင့်ပေသည်။ သူ၏သေးငယ်သောမိသားစုစက်ဝိုင်းအတွင်း**၌** နေထိုင်လျက်ရှိကြသော အိမ်သူအိမ်သားတို့၏လိုအပ်ချက်များနှင့်အန္တရာယ်များကို နားလည်သိရှိထား ခြင်းအားဖြင့် မှားယွင်းမှုများကိုနှိပ်ကွပ်ဖယ်ရှား**၍** အမှန်ကိုအားပေးနိုင်ရန် သူတို့၏စိတ်နေသဘောထားနှင့်အကျင့်စာရိတ္တတို့ကို လေ့လာသင့်ပေသည်။

ဖခင်၏အလုပ်အကိုင်သည် ဘယ်ကဲ့သို့သောအမျိုးအစားပင်ဖြစ် သော်လည်း ထာဝရဘုရားချမှတ်ပေးထားတော်မူသောလမ်း**၌** သူ့သားသမီး များအားလျှောက်လိုက်စေရန် ဆုံးမဩဝါဒပေးရသောအလုပ်ကို လျစ်လျူ**ရှု** စေလောက်အောင် သူ့အလုပ်အကိုင်သည် အရေးပါအရာရောက်လှသည် မဟုတ်ပေ။

**စိတ်နေသဘောထားအမျိုးမျိုးတို့ကိုသိကျွမ်းမှုရှိပါစေ** – ဖခင် အနေဖြင့် သူ့သားသမီးတို့၏သဘာဝများနှင့်လိုအပ်ချက်များကို လေ့လာရန် အချိန်မရရှိ လောက်အောင် သူ့လုပ်ငန်းများ**၌**သော်လည်းကောင်း၊ စာပေများ လေ့လာမှုများ **၌**သော်လည်းကောင်း စိတ်ဝင်စားနေမှုမရှိသင့်ပေ။ သားသမီး တို့၏စိတ်နေသ ဘောထားများနှင့်ကိုက်ညီသော အသုံးဝင်သည့်အလုပ်အကိုင် များကို ဆောင် ရွက်စေခြင်းအားဖြင့် သူတို့၏အချိန်ကိုကုန်လွန်စေနိုင်မည့် နည်းလမ်းများကို ကြံစည်တွေးဆရှာဖွေရာတွင် ဖခင်သည် ကူညီသင့်ပေ သည်။

ဖခင်တို့၊ သင်တို့၏သားသမီးများနှင့်လက်ပွန်းတတီးနေထိုင်နိုင်သည့်အချိန်ကို များများပေးပါ။ သင့်သားသမီးတို့အား

ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်လျော်ညီစွာ သင်ကြားပြသပေးနိုင်မည့် နည်းလမ်းကို သိရှိရန်၊ သူတို့၏စိတ်နေသဘောထားများကိုသိရှိရန် **ကြိုး**ပမ်းကြပါ။ စိတ် အားငယ်သောစကားမျိုးတစ်လုံးတစ်ပါဒမျှ သင်တို့နှုတ်မှမထွက်ပါစေနှင့်၊ အိမ်ထောင်တွင်းသို့မယူလာပါနှင့်။ သင်တို့၏သားသမီးများနှင့်ကြည်နူးမှုရှိပါ၊ ကြင်နာပါ၊ ချစ်ပါ။ သို့ရာတွင် မိုက်မဲစွာအလိုလိုက်ခြင်းကိုရှောင်ကြဉ် ပါ။ သားသမီးတို့အား လူတိုင်းကဲ့သို့ သူတို့၏စိတ်ပျက်မှုများကို သူတို့ခံပါ လေစေ။ သူတို့၏တစ်ဦးကိုတစ်ဦး မဖြစ်လောက်သောစွပ်စွဲပြောဆို မှုတို့နှင့် သင်တို့ထံသို့ချဉ်းကပ်မှုကိုအားမပေးပါနှင့်။ သားသမီးတို့သည် တစ်ဦးကိုတစ်ဦး သည်းခံ**၍** တစ်ဦးအပေါ်တစ်ဦးယုံကြည်လေးစားမှုထားရှိရန် **ကြိုး**ပမ်းဖို့သင်ကြားပေးပါ။

**အလုပ်အကိုင်နှင့်အားကစားမှုများတို့တွင် သားသမီးတို့နှင့် ပေါင်းဖက်ဆောင်ရွက်ပါ** – ဖခင်တို့၊ မေတ္တာနှင့်အာဏာကိုလည်းကောင်း၊ ကြင်နာခြင်း၊ ကိုယ်ချင်းစာခြင်းနှင့် တင်းကျပ်သောတားမြစ်ခြင်းတို့ကိုလည်းကောင်း ပေါင်းစပ်**၍**ဆောင်ရွက်ပါ။ သင်တို့၏အားလပ်ချိန်ကို သားသမီးများနှင့်လက်ပွန်းတတီးနေထိုင်ခြင်းဖြင့်အသုံး**ပြု**ပါ။ သူတို့နှင့်ပိုမိုရင်းနှီးအောင် **ပြု**ပါ။ အလုပ်အကိုင်နှင့်အားကစားမှုတို့ဖြင့် သားသမီးတို့နှင့်ပေါင်းဖက်ဆောင်ရွက်ခြင်းအားဖြင့် သူတို့၏ယုံကြည်မှုကိုရယူပါ။ အထူးသဖြင့် သင်တို့၏သားသမီးများနှင့်ရင်းနှီးမှုရှိရန်**ကြိုး**စားပါ။ **ဤ**နည်းအားဖြင့် သင်တို့သည် သူတို့အပေါ်အမြဲတမ်းသြဇာသက်ရောက်မှုရှိလိမ့်မည်။

**သဘာဝဓမ္မကြီးမှသင်ခန်းစာများကို သားသမီးတို့အားသင်ကြားပေးပါ** – ဖခင်ဖြစ်သူ၏တာဝန်ကိုပေါ့ပါးစေရန် ဖခင်ဖြစ်သူသည် **ကြိုး**ပမ်း**၍**ဆောင် ရွက်ပါ။ လှပသောပန်းပွင့်များ၊ အရွက်များ**၌**ပင် ဘုရားသခင်၏ ဆောင်ရွက် ချက်နှင့်မေတ္တာတော်ကိုတွေ့ရှိနိုင်သော မြင့်မားသောသစ်ပင်ကြီးများကို သားသ မီးတို့အား**ညွှ**န်ပြပါ။ ယင်းအရာဝတ္ထုများကို ဖန်ဆင်းတော်မူသောဘုရားသခင် သည် လှပခြင်းနှင့်ကောင်းမြတ်ခြင်းတို့ကိုနှစ်သက်တော်မူကြောင်းကို သူတို့ အားသင်ကြားပေးပါ။ ခရစ်တော်သည် တပည့်တော် များအား တောနှင်းပန်း များနှင့်ငှက်သတ္တဝါများကို**ညွှ**န်ပြလျက် သူတို့ ဘုရားသခင်သည် ဘယ်ကဲ့ သို့ကြည့်**ရှု**တော်မူကြောင်းနှင့် ဘုရားသခင်သည် သတ္တဝါများနှင့်ပန်းပင်များ ထက် မြတ်သောလူသားတို့ကို အလားတူကြည့်**ရှု**တော်မူမည်ကို ယင်းတို့သည် အထောက်အထားဖြစ်ကြောင်းတို့ကို ကိုယ်တော်ရှင်သည် မိန့်ကြားတော်မူခဲ့ သည်။ ကျွန်ုပ်တို့သည် မည်သည့်

အရာကိုမဆို လုပခြင်းကိုပြသရန်ကြိုးပမ်း ရာတွင် မည်မျှလောက်များပြားသောအချိန်ကိုသုံးဖြုန်း၍ ပြုလုပ်ကြသော်လည်း

ယင်းလူပြုပြင်သောလုပခြင်း သည် လယ်တောမှအရိုးဆုံးပန်းပွင့်ကလေး၏ လုပခြင်းခြေဖျားကိုပင်မမီကြောင်း သားသမီးတို့အားပြောပြပါ။ ဤနည်းအားဖြင့် သူတို့၏စိတ်စွဲလမ်းမှုကို ပဝတ္တိဖြစ်သော (သို့မဟုတ်) လူလုပ်သောအရာမှ သဘာဝဖြစ်သောအရာသို့ အာရုံလွှဲပြောင်းပေးနိုင်သည်။ သူတို့၏နှစ်ထောင်းအားရမှုအတွက် ယင်းလုပ သောအရာများကို သူတို့ကိုပေးကမ်းထားတော်မူသည်ကိုလည်းကောင်း၊ ခပ်သိမ်းသောအရာတို့ကိုချစ်သည်ထက် ပိုမိုကြီးမားသောမေတ္တာမျိုးဖြင့် ကိုယ်တော်ကိုချစ်စေလိုတော်မူသည်ကိုလည်းကောင်း သူတို့သည် လေ့လာ သင်ကြားနိုင်သည်။

ဖခင်ဖြစ်သူသည် သားသမီးတို့အား ဥယျာဉ်ထဲသို့ခေါ်ဆောင်သွား၍ ပွင့်လျက်နေသောပန်းအဖူးများနှင့် ပွင့်နေသောပန်းမျိုးစုံတို့၏အရောင် အမျိုးမျိုးတို့ကိုပြနိုင်သည်။ ဘုရားသခင်၏မေတ္တာတော်ကို ဖော်ပြထားသော သစ်ပင်များ၊ ပန်းပင်များနှင့်မြက်ပင်များပေါက်ရောက်လျက်ရှိသော သဘာဝ စာအုပ်ကြီးကို သားသမီးများတို့၏ရှေ့၌ဖွင့်ပြပြီး ဖန်ဆင်းရှင်နှင့်ပတ်သက်၍ အရေးအကြီးဆုံးဖြစ်သော သင်ခန်းစာများကို သားသမီးတို့အား သင်ကြား ပေးနိုင်သည်။ ဘုရားသခင်သည် သစ်ပင်များနှင့်ပန်းပွင့်များကို ထိုမျှလောက် ဂရုစိုက်လျှင် ကိုယ်တော်ရှင်၏ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားတော် မူသောလူသတ္တဝါများကို ထိုထက်မက ဂရုစိုက်တော်မူမည်ဖြစ်ကြောင်းကို သားသမီးတို့အားပြောပြနိုင်သည်။ သားသမီးတို့သည် လူလုပ်သော လုပသည့်ဝတ်စားဆင်ယင်မှုမျိုးဖြင့်မဟုတ်ဘဲ လုပသောစာရိတ္တ၊ သူတို့အား စိတ်ချမ်းမြေ့စေသည့် ကြင်နာတတ်သောသဘော၊ ချစ်တတ်သောသဘော တို့ဖြင့် တန်ဆာဆင်ထားသည်ကို ဘုရားသခင်အလိုတော်ရှိတော်မူကြောင်း သားသမီးတို့အား စောစောကတည်းကပြောပြထားရန် လိုအပ်ပေသည်။

---o---

# အခန်း ၃၇
# မဖြစ်ထိုက်သောခင်ပွန်းမျိုး

**ဇနီးဖြစ်သူအားနှစ်ဆသောတာဝန်များကိုထမ်းစေလိုသောခင်ပွန်း** — အများသောအိမ်ထောင်များတွင် အသက်အရွယ်အမျိုးမျိုးရှိသောကလေးများရှိတန်ရာ အချို့ကလေးများသည် မိခင်ဖြစ်သူ၏ဂရုစိုက်မှုနှင့် ဉာဏ်

အမြော်အမြင်ဖြင့်ဆုံးမသွန်သင်ခြင်းသာမက ဖခင်၏ပြင်းထန်သော်လည်း ကရုဏာရှေ့ထားသော ထိန်းသိမ်းစောင့်ရှောက်မှုကို လိုအပ်ကြသည်။ **ဤ**

အတိုင်းထက်အလွန်အရေးပါသော၊ အရာရောက်သောကိစ္စကိုစဉ်းစားမိကြ သောဖခင်မျိုးသည် မရှိသလောက်နည်းပါးကြသည်။ သူတို့ကိုယ်တိုင်လုပ်သင့် လုပ်ထိုက်သောတာဝန်ကို ထမ်းဆောင်ရန်ပျက်ကွက်မှုကြောင့် မိခင်ဖြစ်သူသည် ကြီးလေးသောတာဝန်ပိုတို့၏ဖိနှိပ်မှု ကိုခံနေရကြရှာသော်လည်း ခင်ပွန်း ဖြစ်သူတို့က သူတို့၏စိတ်လိုက်မာန်ပါမိခင်ဖြစ်သူတို့အား အားမနာဝေဖန် ပြောဆိုကြသေးသည်။ ဤကဲ့သို့ကြီးလေးသောတာဝန်များကိုထမ်းဆောင်၍ ပြစ်တင်ရှုတ်ချမှုကိုခံနေရသည့်ကြားမှ အခြေအနေအရ အကောင်းဆုံးဖြစ်စေ ရန်ဆိုသော ဆန္ဒဖြင့် အတတ်နိုင်ဆုံးဆောင်ရွက်ခဲ့သော်လည်း သူမတို့အနေဖြင့် အမှတ်မထင်ပြုမိခဲ့သော အရာများအတွက် မိမိတို့တာဝန်မကင်းဖြစ်ရ သည်ဟူသောခံစားချက်ဖြင့် စိတ်မကောင်း ဖြစ်ရကြရှာသည်။ သူမတို့၏ တပင်တပန်းကြိုးစားဆောင်ရွက်နေမှုများအတွက် ခင်ပွန်းတို့ သည် နှစ်သက် သဘောကျသောအမူအရာကို ကြိုးစားပြသခြင်းအားဖြင့် သူမတို့၏စိတ် ပျော်ရွှင်မှုကိုဖြစ်စေသင့်သော်လည်း၊ သူတို့ဆောင်ရွက်ရမည့်တာဝန်ကို လျစ်လျူရှုလျက် သူမတို့ကိုယ်တိုင်၏တာဝန်နှင့် သူတို့၏တာဝန်များကိုပါ သူတို့စိတ်ကြိုက်ထမ်းဆောင်စေရန် အခြေအနေကခွင့်မပြုသော်လည်း သူတို့က စောင့်စားမျှော်လင့်နေမှုကြောင့် ဇနီးဖြစ်သူတို့သည် ဝမ်းနည်းခြင်းနှင့်ရှုတ်ချ မှုတို့၏ဒဏ်ကို ခံစားရကြရှာသည်။

တစ်နေ့ကုန်တစ်နေ့ခန်း အများအားဖြင့် အိမ်ထောင်ဆိုင်ရာတာဝန် များကို မနေမနားထမ်းဆောင်နေရမှုအတွက် ဇနီးဖြစ်သူတို့ရင်ဆိုင်၍နေရ သော စိုးရိမ်ကြောင့် ကြမှုများနှင့်စိတ်ရှုပ်ထွေးမှုများကို အများသောခင်ပွန်း ဖြစ်သူတို့သည် အသင့်အတင့်နား လည်မှုမရှိကြပေ။ မကြာခဏပင်သူတို့သည် မျက်မှောင်ကုတ်များဖြင့်အိမ်သို့ပြန်လာလျက် မိသားစုတို့အတွက် ပျော်ရွှင် သာယာမှုကိုလုံးဝသယ်ဆောင်လာခြင်းမပြုကြပေ။ ထမင်းကို အချိန်မီမစားရလျှင်၊ တစ်ကြိမ်တည်းမှာပင် အိမ်ထောင်ဆိုင်ရာတာဝန်ကိုထမ်းဆောင်ရ သောမိခင်၊ ကလေးထိန်းအနေဖြင့်ဆောင်ရွက်ရသောမိခင်၊ ထမင်းချက်အနေ ဖြင့်ဆောင် ရွက်ရသောမိခင်၊ အခိုင်းအစေအနေဖြင့်ဆောင်ရွက်ရသောမိခင်၊ မောပန်းနေသောမိခင်သည် ခင်ပွန်း၏ဝေဖန်အပြစ်တင်ခြင်းကိုခံရရှာသည်။ မိသားစုများစားသောက်ရမည့်အစားအစာကို မိခင်ဖြစ်သူအားအဆောတလျင် ချက်ပြုတ်နိုင်စေရန် စိတ်လိုက်မာန်ပါပြောတတ်သောခင် ပွန်းဖြစ်သူသည် သူမ၏ညောင်းနေပြီဖြစ်သော လက်ထဲမှကလေးကိုယူ၍ ခေတ္တထိန်းထား ပေးရန်တာဝန်မလေးသင့်ပေ။ အကယ်၍ကလေးသည် ဖခင်၏လက်ထဲတွင် အငြိမ်မနေဘဲ ရန်းကန်အော်ဟစ်နေလျှင် ကလေးအားချော့မော့၍ငြိမ်သွား အောင် ထိန်းထားသင့်ပေသည်။ မိခင်အနေဖြင့် ကလေး၏ရုန်းကန်အော်ဟစ် ငိုကြွေးမှုကို နာရီပေါင်းမည်မျှကြာကြာခံနေခဲ့ရ သည်ကို စဉ်းစားဆင်ခြင်မှု မရှိဘဲ သည်းခံစိတ်ကင်းမဲ့စွာဖြင့် "အမေရေ၊ရော့၊ဟောဒီမှာ ကလေးချီ လိုက်ပါ" ဟုခင်ပွန်းဖြစ်သူကပြောတတ်သည်။ ယင်းကလေးသည် မိခင် ဖြစ်သူ ၏ကလေးဖြစ်သကဲ့သို့ ဖခင်ဖြစ်သူ၏ကလေးလည်းဖြစ်သည်မဟုတ် ပါလော။ သူ့သားသမီး များကိုမွေးထားရာတွင် ဖခင်အနေဖြင့်ဝိုင်းဝန်း

ကြည့်**ရှု**ရခြင်းသည် သဘာဝကျသည်မဟုတ်ပါလော။

**အာဏာရှင်ဆန်၍ နိုင်ထက်စီးနင်းပြောဆိုလုပ်ကိုင်တတ်သောခင်ပွန်းအ တွက်အကြံဉာဏ်** – ဖခင်လည်းဖြစ်**၍** ခင်ပွန်းလည်းဖြစ်သောကြောင့် သူ့**၌**သြဇာ အာဏာရာနှုန်းပြည့်ရှိသည်ဟူသော စိတ်သဘောမျိုး မရှိသောအိမ်ထောင်ရှင်၏ဘဝ အသက်တာသည် ပိုမိုသာယာစိုပြည်သောဘဝအသက်တာမျိုးဖြစ်လိမ့်မည်။ ယင်းကဲ့သို့သောသဘောထားမျိုး ကျင့်သုံးသောအိမ်ထောင်ရှင်သည် အိမ်ထောင်ကို စုစည်းသောဖခင်ဟူသော သူ့ရာထူးကိုအလွဲသုံးစား**ပြု**ရာကျသည်။ သင်သည်စိတ် တို**၍** အာဏာရှင် ဆန်ပြီးလျှင် မကြာခဏပင်တိကျသောဆုံးဖြတ်ချက်ချတတ်သော အရည် အသွေးကင်းမဲ့သည်ကိုပြသသောကြောင့် ယင်းအချိန်အခါမျိုး**၌** သင်၏ ပြောဆိုလုပ်ကိုင်သမျှသည် သင့်ဇနီးနှင့်သားသမီးတို့၏လိုအပ်ချက်နှင့် အံဝင် ခွင်ကျမဖြစ်ပေ။ သင်သည် အကြံအစည်တစ်ခုကိုထားရှိပြီးသောအခါ ယင်းကို **ပြု**ပြင်ပြောင်းလဲရန်ဆန္ဒမရှိပေ။ အများအားဖြင့် သင်ကျင့်သုံးနေသော လမ်းစဉ် သည် မှန်ကန်ခြင်းမရှိတတ်သောကြောင့် သင့်အနေဖြင့် ယင်းလမ်းစဉ် ကို**ပြု**ပြင် ပြောင်းလဲပစ်ရမည်။ သင့်အနေဖြင့် အလိုအပ်ဆုံးအရာမှာမေတ္တာ၊သည်းခံခြင်းနှင့် အပြောအဆိုအလုပ်အကိုင်တို့**၌** သင့်စိတ်**ကြို**က်ကိုသာပြောဆို လုပ်ကိုင်လိုသော ဆန္ဒမျိုးကို ရှောင်ရှားခြင်းဖြစ်သည်။ သင်ယခုလိုက်နာ ကျင့်သုံးနေသောလမ်း စဉ်သည် အိမ်ထောင်ကိုစုစည်းသောပုဂ္ဂိုလ်ဟူသော အမည်နာမနှင့်ကိုက်ညီ ခြင်းမရှိဘဲ သူတစ်ပါးတို့အားဖိနှိပ်**၍** စိတ်ညစ်အောင် **ပြု**လုပ်သောပုဂ္ဂိုလ်အနေဖြင့် ရပ်တည်နေလိမ့်မည်။အဘယ်ကိစ္စမျိုး**၌**မဆို သင့်လိုအင်ဆန္ဒအတိုင်း တစ်သဝေ မတိမ်း ဆောင်ရွက်ပေးရန်၊ အဓမ္မနည်းကိုအသုံး**ပြု**ရန်**ကြိုး**ပမ်းလျှင် သင်သည် ကြီးစွာ သောအန္တရာယ်ကို**ပြု**ပေလိမ့်မည်။ သင့်စိတ်ကူးဉာဏ်များတို့သည် မှန်ကန် လင့်ကစား ယင်းအဓမ္မနည်းကိုကျင့်သုံးခြင်းသည် မှားယွင်းသောလမ်းစဉ် ဖြစ်သည်။ သင်၏စီစဉ်ပုံတို့သည် ထူးဆန်းသောကြောင့် အခြေအနေသည် တင်းမာနေတတ်သည်။ ထိုကြောင့် သင်သည် မှားယွင်းသောအရာကို အဓမ္မမဆင်မခြင်**ပြု**လုပ်တတ်လေသည်။

သင့်အိမ်ထောင်ကိုကြည့်**ရှု**ကွပ်ကဲမှုနှင့်ပတ်သက်**၍** သင်သည် ထူးခြား သော**ရှု**ထောင့်မှကြည့်**ရှု**တတ်သည်။ သင့်အနီးတစ်ဝိုက်**၌**ရှိသောအခြား သောသူ တို့အား လွတ်လပ်ခွင့်မပေးဘဲ လွတ်လပ်စွာအဓမ္မဝါဒကိုကျင့်သုံးသည်။ သင်၏အိမ်ထောင်**၌** အိမ်ထောင်ဦးစီးအနေဖြင့်ရပ်တည်ရန် သင်**၌**လုံလောက်

သောအရည်အချင်းရှိသည်ဟုယူဆလျက်                    အလုပ်သမားတစ်ယောက်သည်
စက်တစ်ခုကိုသူအလိုရှိသည့်အတိုင်းလှည့်သကဲ့သို့ သင့်အိမ်ထောင်သား

တို့အား သင့်အနေဖြင့် စိတ်တိုင်းကျလုည့်နိုင်သည်ဟု ယုံကြည်နေသည်။ သင်သည်ဩဇာပေး**၍** အာဏာကိုလက်ကိုင်ထားသည်။ **ဤ**ကဲ့သို့**ပြု**လုပ်ခြင်း မျိုးကို ဘုရားသခင်သည် နှစ်သက်တော်မမူဘဲ ကြင်နာသောကောင်းကင် တမန်တို့ကိုလည်း စိတ်မကောင်းဖြစ်စေသည်။ သင့်အိမ်ထောင်တွင် သင် တစ်ဦးတည်းသာလျှင် ကိုယ်ပိုင်အုပ်ချုပ်မှု**ပြု**လုပ်တတ်သကဲ့သို့ ဆောင်ရွက် နေသည်။ သင်၏ဇနီးက သင်၏သဘောထားကိုကန့်ကွက်သောအခါဖြစ်စေ၊ သင့်ဆုံးဖြတ်ချက်များကိုဝေဖန်သောအခါဖြစ်စေ သင်သည်စိတ်ဆိုးတတ်သည်။

**စိတ်တို၍ညစ်ညူးတတ်သောခင်ပွန်းများ** – ခင်ပွန်းဖြစ်သူတို့၊ သင်တို့ဇနီးများအား သူတို့၏ဝိညာဉ်ရေးနှင့်ပတ်သက်သောဘဝအသက်တာ ဆောက်တည်ရေးအတွက် အခွင့်အရေးပေးကြပါ။ အများသောခင်ပွန်းတို့သည် ယင်းကိစ္စနှင့်ပတ်သက်**၍** တပူပူတညံညံဖြင့် ကလေးဆိုးများကဲ့သို့ ဖြစ်လာ တတ်ကြသည်။ လူကြီးဖြစ်လာသော်လည်း ကလေးစိတ်များဖျောက် ဖျက်ခြင်း မရှိကြသေးပေ။ ယင်းကဲ့သို့တပူပူတညံညံလုပ်ခြင်းအားဖြင့် သူတို့၏ဘဝအ သက်တာသည် ပိန်လိမ်ပုကွသွားသည့်တိုင်အောင် ကလေးဆိုးကြီး အကျင့်ဓလေ့ များကို ဆက်လက်ကျင့်သုံးတတ်ကြသည်။ ယင်းအခြေအနေသည် သူတို့ကိုယ် တိုင်ကိုသာမဟုတ်ဘဲ အခြားသောသူတို့အားထိခိုက်လေ သည်။ သူတို့သည် **ဣ**ရှမေလကဲ့သို့ လူတိုင်းကိုရန်သူဟုသဘောထား**၍** လူတိုင်းကသူတို့ရန်သူဟု သဘောထားလေသည်။

**အတ္တစိတ်ရှိ၍စိတ်ခက်ထန်သောခင်ပွန်း** – ဦးမည်း၏စိတ်သဘော ထားမျိုးသည် အိမ်ထောင်တွင်းသို့နေရောင်ခြည်တည်းဟူသော ပျော်ရွှင်သာယာ မှုမျိုးကို သွတ်သွင်းလာသောသဘောထားမဟုတ်ပေ။ အိမ်ထောင်သည် ယင်းပျော်ရွှင်သာယာမှုမျိုးကိုရရှိအောင် စတင်လုပ်ကိုင်ရာဒေသဖြစ်သည်။ **ဤ**ခင်ပွန်းမျိုးသည် လင်းရောင်ခြည်အစားမည်းမှောင်သောတိမ်သာလျှင် ဖြစ်သည်။ သူသည် သူ့မိသားစုတို့အား သူ့သဘောကျနှစ်သက်မှုကိုဖော်ပြရန် မလိုလားလောက်အောင်အတ္တစိတ်များလှသည်။ အထူးသဖြင့် သူ့ချစ်ခြင်း

နှင့်ကြင်နာသောလေးစားခြင်းကို ခံယူထိုက်သောသူ့ဇနီးနှင့်ပေါင်းသင်းဆက်ဆံမှုတွင် သူ့အတ္တစိတ်ကိုဖျောက်ဖျက်ခြင်းမရှိပေ။ သူသည်စိတ်ခက်ထန်သည်။ သည်းခံသောစိတ်မရှိပါ၊ အာဏာရှင်ဆန်သည်။ မကြာခဏပင်သူ့နှုတ်ထွက်စကားများသည်ခံပြင်း၍ သူ့စိတ်နေသဘောထားကို ပျော့ပျောင်းစေခြင်းအားဖြင့်သော်လည်းကောင်း၊ သူ့အမှားများကိုဝန်ခံခြင်းအားဖြင့်သော်လည်းကောင်း ကုသခြင်းမပြုသောဒဏ်ရာဒဏ်ချက်ကို တစ်ဖက်သား၏နှလုံးသားတွင်ပေါ်ပေါက်လာစေပါသည်။

ဦးမည်းသည် စိတ်နေသဘောထားပျော့ပျောင်းရန်လိုအပ်သည်။ သူသည် ရည်မွန်မှုနှင့်ယဉ်ကျေးမှုတို့ကိုမွေးမြူရန်လိုအပ်နေသည်။ အဘယ် နေရာ၌မဆို သူနှင့်တန်းတူဖြစ်သောဇနီးအပေါ်

ကြင်နာမှုနှင့်သိမ်မွေ့မှုရှိရန် လိုအပ်သည်။ သူမ၏နှလုံးသားပေါ်**၌** အ**ရ**ပ်ဆိုးသောအရိပ်ထိုးမည့်စကား တစ်လုံးတစ်ပါဒမျှကို မပြောသင့်ပေ။ **ပြု**ပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စကို သူ့အိမ်တွင်းမှစတင်ဆောင်ရွက်ရမည်။ သူသည်ချစ်တတ်သောစိတ်မျိုးကို မွေးမြူ**၍** ကြမ်းတမ်းခက်ထန်ယောင်ရှိသောစိတ်၊ ခံစားမှုကင်းသောစိတ်နှင့် ရက်ရောမှုမရှိသော စိတ်သဘောထားများကိုအောင်မြင်ရမည်။

စိတ်ခက်ထန်**၍**အတ္တစိတ်ရှိလျက် သည်းခံခြင်းတရားခေါင်းပါးသောခင်ပွန်းနှင့်ဖခင်ဖြစ်သူသည် သူ့ကိုယ်တိုင်ပျော်ရွှင်မှုနှင့်အိုးစားကွဲသည်သာမကသူ့အိမ်ထောင်သားများအားလုံးတို့အပေါ်တွင် မှောင်ရိပ်ကိုလွှမ်းစေသည်။ စိတ်အားငယ်**၍**ပိန်**ကြုံ**နေသောဇနီးနှင့် စိတ်ချမ်းသာမှုတို့နှင့်ကင်းဝေးနေသောသားသမီးများကို တွေ့မြင်ရသောမကောင်းကျိုးတို့ကို သူသည်ရိတ်သိမ်းရလိမ့်မည်။

**ငါတကောကော၍သည်းခံခြင်းကင်းသောခင်ပွန်း** – သင်သည်သင့်ဇနီးနှင့်သားသမီးတို့အား သင့်အလိုရှိသမျှကိုသာလိုက်လျောစေရန်မျှော်လင့်နေသည်။ ပြစ်တင်ဝေဖန်မှုအားကြီးနေသည်။ သင်တို့ကိုယ်တိုင်**၌**ပျော်ရွှင်တတ်သောသဘောထားမျိုးမွေးမြူ**၍** အိမ်ထောင်သားတို့အားကြင်နာစွာနှင့်သိမ်မွေ့စွာပြောဆိုဆက်ဆံလျှင် မိုးတိမ်များ၊ ဝမ်းနည်းခြင်းနှင့်စိတ်မချမ်းသာမှုများအစား ပျော်ရွှင်မှုလင်းရောင်ခြည်ကို သင်သည် သွတ်သွင်းယူဆောင်လာလိမ့်မည်ဖြစ်သည်။ သင့်အယူအဆသဘောထားများကို သင့်အနေဖြင့် စွဲလမ်းအားကြီးသည်။ သင်သည် တစ်ဖက်စွန်းရောက်သောအခြေအနေတွင်ရပ်တည်**၍** သင့်အိမ်ထောင်တွင် သင့်ဇနီး၏ဆုံးဖြတ်ချက် များအားသူ့နေရာနှင့်သူလက်ခံအားပေးရန် သင့်အနေဖြင့်ခွင့်**ပြု**ဖို့ဆန္ဒမရှိပေ။ သင်ကိုယ်တိုင်သင့်ဇနီးအပေါ်လေးစားမှုမရှိသည့်အပြင် မိခင်၏ဆုံးဖြတ် ချက်ကိုသားသမီးများအနေဖြင့် လေးစားမှုရှိရန်လည်း သွန်သင်ဆုံးမမှုမရှိပေ။ သင့်ဇနီးအား သင်နှင့်အဆင့်အတန်းတူသောနေရာတွင်ထားရှိခြင်း

မရှိဘဲ အိမ်ထောင်ဆိုင်ရာအုပ်ချုပ်ရေးကို သင်တစ်ဦးတည်းသာမောင်ပိုင်စီး**၍** လုပ်ကိုင်လျက်သာရှိသည်။ သင်**၌**ချစ်**၍**ကိုယ်ချင်းစာတရားသင်**၌**မရှိပေ။ သင်သည် အောင်မြင်ပုဂ္ဂိုလ်ဖြစ်**၍** သင့်အိမ်ထောင်**၌** ဘုရားသခင်၏ကောင်းချီး မိုးရေများကျဆင်းစေလိုလျှင် သင်သည် ယင်းကျင့်ကောင်းသီလများကို မွေးမြူ ကျင့်သုံးရပေမည်။

**ခရစ်ယာန်ဆိုင်ရာယဉ်ကျေးမှုကိုဂရုမစိုက်သောပုဂ္ဂိုလ်** — ကြင်နာခြင်း၊ ညှာတာခြင်းနှင့်ကိုယ်ချင်းစာတရားထားရှိခြင်းများကို ပျော့ညံ့ခြင်းဟု သင်သည် ယူဆလျက် သင့်ဇနီးအားကြင်နာယုယစွာဖြင့်ပြောဆိုဆက်ဆံလျှင် သင့်သိက္ခာ ကျသည်ဟုလည်း သင်သည်သဘောထားသည်။ ယောကျ်ားပီသ**၍** သိက္ခာရှိ သော **ဤ**ကိစ္စမျိုးတွင် သင့်အနေဖြင့်မှားယွင်းနေပြီတကား၊ ကြင်နာ သောအ ပြောအဆိုအလုပ်အကိုင်များကိုမလုပ်ဘဲထားရှိခြင်းသည် သင့်စာရိတ္တ၏ ပျော့ညံ့ ခြင်းနှင့်ချွတ်ယွင်းခြင်းကိုပြသည်။ သင့်အနေဖြင့် ပျော့ညံ့ခြင်းဟု သဘောထား သောအရာကို ခရစ်ယာန်တိုင်းကျင့်သုံးအပ်သည့် စစ်မှန်သော ခရစ်ယာန်ဆိုင် ရာကျင့်ဝတ်ဟု ဘုရားသခင်သည် သဘောထားတော်မူသည်။ ခရစ်တော်ကိုယ် တိုင်ပင် ယင်းကျင့်ဝတ်ကို လိုက်နာကျင့်သုံးတော်မူခဲ့သည်။

**ခင်ပွန်းများကိုချစ်ရမည်** — အကယ်**၍**ခင်ပွန်းသည် ရက်စက် ကြမ်း**ကြု**တ်သည်ဖြစ်စေ၊ ချေးများသည်ဖြစ်စေ၊ ဇနီး၏လုပ်ကိုင်သမျှကို မကျေမနပ်ဝေဖန်တတ်သည်ဖြစ်စေ သူသည်ဇနီး၏လေးစားမှုနှင့်ချစ်ခြင်းကို ကိုင်စွဲထားနိုင်လိမ့်မည်မဟုတ်ပေ။ သူမအတွက်လင်မယားဘဝသည် ငြီးငွေ့ ဖွယ်ရာဖြစ်လာလိမ့်မည်။ ခင်ပွန်းသည် သူ့ကိုယ်ကိုချစ်စရာမကောင်း အောင်**ပြု**လုပ်သည့်အတွက် ဇနီးသည် သူ့အားချစ်မည်မဟုတ်ပေ။ ခင်ပွန်း တို့အနေဖြင့် သတိဝီရိယရှိရမည်၊ နားထောင်တတ်ရမည်၊ စိတ်သဘောထား တည်ကြည်ရမည်၊ သစ္စာရှိရမည်၊ သနားတတ်ရမည်။ သူတို့သည် ချစ်တတ် ကြောင်းနှင့်ကြင်နာတတ်ကြောင်းကို အနေအထိုင်အ**ပြု**အမူအားဖြင့် ဖော်ထုတ်

ရမည်။ ခင်ပွန်းအနေဖြင့် မြင့်မြတ်သောစာရိတ္တ၊ စင်ကြယ်သောနှလုံးမှစသော ခရစ်ယာန်စစ်တိုင်း**၌** ရှိအပ်သောအရည်အသွေးရှိလျှင် လင်မယားဘဝတွင် ယင်းအရည်အသွေးများကိုဖော်ထုတ်**၍** ကျင့်သုံးရမည်။ သူ့ဇနီးသည် ကျန်းမာ ဝ**ဖြိုး၍** စိုးရိမ်ကြောင့်ကြမှုနှင့်ကင်းဝေးအောင်ထားရှိရန် **ကြိုး**ပမ်းရမည်။ သူသည် နှစ်သိမ့်သောစကားပြောရန်လည်းကောင်း၊ အိမ်ထောင်အသိုက်အဝန်းတွင် ငြိမ်းချမ်းသာယာမှုရှိစေရန်လည်းကောင်း အမြဲတမ်း**ကြိုး**ပမ်းမည်ဖြစ်သည်။

---ဝ---

# အပိုင်း (၁၀)

# အိမ်ထောင်၏ဘုရင်မကြီးဖြစ်သောမိခင်

## အခန်း ၃၈
# မိခင်၏ရာထူးနှင့်တာဝန်များ

**ခင်ပွန်းနှင့်တန်းတူဖြစ်သောဇနီး** – သူတို့၏ခင်ပွန်းများနှင့်တန်းတူဖြစ်သောသူများအနေဖြင့် အမျိုးသမီးတို့သည် သူတို့အတွက်ဘုရားသခင်သတ်မှတ်ထားရှိတော်မူသော မူရင်းရာထူးကိုထမ်းဆောင်သင့်ကြပေသည်။ အမည်အားဖြင့်မိခင်သာမဟုတ်ဘဲ မိခင်စစ်မိခင်မှန်များကို ကမ္ဘာသည်လိုအပ်လျက်ရှိသည်။ အမျိုးသမီးများ၏သီးခြားတာဝန်များသည် အမျိုးသားတို့၏သီးခြားတာဝန်များထက် ပိုမိုမြင့်မြတ်သန့်ရှင်းသည်ဟုဆိုလျှင် မှားလိမ့်မည်

မဟုတ်ပေ။ အမျိုးသမီးများသည် မိမိတို့လုပ်ငန်း၏မြင့်မြတ်သန့်ရှင်းမှုကို သိရှိနားလည်**၍** ဘုရားသခင်၏အင်အားနှင့်ကြောက်ရွံ့ခြင်းဖြင့် မိမိတို့၏ ဘဝအသက်တာတစ်လျှောက်လုံးဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ကြပါစေ။ **ဤ**လောကတွင်အသုံးကျမှုအတွက်လည်းကောင်း၊ ပိုမိုကောင်းမွန်သောကမ္ဘာ ကြီး**၌**နေထိုင်ရမှုအတွက်လည်းကောင်း မိခင်သည် မိမိ၏သားသမီးများကို သွန်သင်ဆုံးမပညာပေးကြပါလေစေ။

ဇနီးနှင့်မိခင်ဖြစ်သူသည် သူ့ခင်ပွန်းအပေါ်**၌** လုံးဝအားကိုးအားထားပြုခြင်းအားဖြင့် မိမိ၏အင်အားကိုအ**ရှုံး**ခံမှုမရှိစေရ။ သူမ၏စွမ်းရည်များကိုလည်း တိမ်**မြုပ်**မနေစေရ။ သူမ၏သီးခြားပုဂ္ဂလိကစွမ်းရည်များကို ခင်ပွန်း၏ ပုဂ္ဂလိကစွမ်းရည်များနှင့်ပေါင်းစပ်ထား**၍**မရနိုင်ပေ။ ဇနီးသည်ခင်ပွန်းနှင့် တန်းတူဖြစ်သည်ဆိုသောခံစားချက်ကိုရင်ဝယ်ပိုက်ထားလိုက်ပါက လင်မယားနှစ်ဦးတို့သည် ဘေးချင်းယှဉ်ရပ်လျက် သူတို့အသီးသီးဆိုင်ရာတာဝန်ကို သစ္စာရှိစွာအသီးသီးထမ်းဆောင်ကြရမည်။ သားသမီးတို့ အားပညာသင်ကြား ပေးရမည့် သူမ၏အငန်းအတာသည် ခင်ပွန်းအနေဖြင့်ထမ်းဆောင်ရသော တိုင်းပြည်တွင် မည်သည့်ရာထူးနှင့်မဆို တရားသူကြီးချုပ်၏ရာထူးပင်ဖြစ် လင့်ကစား နေရာတကာ**၌**ထပ်တူထပ်မျှမြင့်မြတ်သည်။

**အိမ်ထောင်၏ဘုရင်မကြီး** – ရာဇပလ္လင်ပေါ်**၌**ထိုင်ရသောရှင်ဘုရင် သည်မိခင်ဆောင်ရွက်ရသောအလုပ်ထက် အဆင့်အတန်းပိုမိုမြင့်မားသော အလုပ်ကိုလုပ်ကိုင်ရသည်မဟုတ်ပေ။ မိခင်သည် သူမ၏အိမ်ထောင် ဘုရင်မကြီးဖြစ်သည်။ သူမ၏သားသမီးတို့သည် ပိုမိုမြင့်မား**၍** သေခြင်း ကင်းသောဘဝအသက်တာကိုခံစားထိုက်သောသူများဖြစ်စေရန် သူတို့အကျင့် စာရိတ္တများကို ပုံသွင်းပေးနိုင်သောစွမ်းရည်များသည် မိခင်၏လက်တွင်း**၌** ရှိသည်။ ကောင်းကင်တမန်တစ်ပါးသည်သူမ၏အလုပ်ထက်ပို**၍**အဆင့်မြင့် သောအလုပ်ကို မတောင်းခံနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် **ဤ**အလုပ်ကို လုပ်ကိုင်ရာတွင် သူမသည် ဘုရားသခင်အတွက် အမှုတော်ကိုထမ်းဆောင် ခြင်းဖြစ်သည်။ သူမအငန်းအတာ၏မြင့်မားသောသဘာဝကိုသာ သူမအနေဖြင့် သိကျွမ်းပါလေစေ။ သူမသည် အားတက်လာပါလိမ့်မည်။ သူမအလုပ်အကိုင် ၏တန်ဖိုးကိုသိကျွမ်းစေ**၍** လောကအဆင့်အတန်းနှင့်ရင်ပေါင်တန်းမိအောင်ဆောင်ရွက်ရန်၊ စုံစမ်းသွေးဆောင်ခြင်းကိုကာကွယ်တားဆီးနိုင်ရန်သူမအား ဘုရား သခင်၏လက်နက်စုံကို ဝတ်ဆင်ပါလေစေ။ သူမ၏လုပ်ငန်းသည် ပစ္စုပ္ပန်ကာလနှင့်ထာဝရကာလအတွက်ဖြစ်သည်။

မိခင်သည် အိမ်ထောင်၏ဘုရင်မကြီးဖြစ်လျက် သားသမီးတို့သည် သူမ၏လက်အောက်ခံတိုင်းသူပြည်သားများဖြစ်ကြသည်။ သူမသည် သူမ၏အမိန့်ဖြင့်အိမ်ထောင်ကို လိမ္မာပါးနပ်စွာဖြင့်လည်းကောင်း၊ မိခင်ဘဝ၏

ဂုဏ်သိက္ခာရှိရှိဖြင့်လည်းကောင်း အုပ်ချုပ်ရမည်။ အိမ်ထောင်တွင် သူမ၏ ဩဇာသက်ရောက်မှုသည် အရေးပါအရာရောက်သောကဏ္ဍတွင်ရှိနေရမည်။ သူမ၏နှုတ်ထွက်စကားသည် ဥပဒေပညတ်ဖြစ်ရမည်။ သူမသည် ခရစ်ယာန် တစ်ဦးဖြစ်လျှင် ဘုရားသခင်၏ကွပ်ကဲမှု အောက်တွင် သူမသည် သားသမီး တို့၏လေးစားမှုကိုခံရမည်။

သားသမီးတို့သည်မိခင်အား သူတို့၏အလိုကိုထမ်းဆောင်နေသော ကျွန်မကဲ့သို့မဟုတ်ဘဲ သူတို့ကွပ်ကဲ**ညွှ**န်ကြား**၍** စာကြောင်းတစ်ကြောင်း ကြိုးတစ်ကြောင်း၊ ပညတ်တစ်ခုပြီးတစ်ခုသင်ကြားပေးသော ဘုရင်မအနေဖြင့် သဘောထားရကြမည်။

**တန်ဖိုးများကိုသရုပ်သကန်ပေါ်စေသောနှိုင်းယှဉ်ချက်** – မိခင် အနေဖြင့် သူမလုပ်ငန်း၏အရေးပါအရာရောက်ပုံကိုသတိမူခဲ**၍** အလုပ်အကိုင် ကိုတန်ဖိုးထားရာတွင် နိမ့်ကျလွန်းသောကြောင့် သူမ၏အလုပ်သည် ပျင်းရိ ဖွယ်ကောင်းသည်ဟု သဘောထားတတ်သည်။ သူမသည် တစ်ရက်ပြီး တစ်ရက်၊ ရက်သတ္တပတ်ပြီးတစ်ပတ် မည်သို့မျှအကျိုးထူးများမတွေ့ဘဲ သမား**ရိုး**ကျအတိုင်းသာ လုပ်ကိုင်နေရသည်။ တစ်နေကုန်သွား သောအခါ သူမအပြီးဆောင်ရွက်ခဲ့သော သေးငယ်သည့်ဆောင်ရွက်မှုအမြောက်အမြားကို ပြောပြနိုင်စွမ်းမရှိပေ။ သူမခင်ပွန်း၏ပြီးပြီးမြောက်မြောက်ဆောင်ရွက်ခဲ့မှုများ နှင့်နှိုင်းယှဉ် ကြည့်သောအခါ သူမဆောင်ရွက်ခဲ့သမျှ မည်သို့မျှအရာမထင် အကျိုးမသက်ရောက်ဟု သူမသဘောရလေသည်။

မကြာခဏဖခင်ဖြစ်သူသည် အိမ်သို့ပြန်လာသောအခါ သူ့ကိုယ်ကို စိတ်ကျေနပ်သောလေသံမျိုးဖြင့် တစ်နေ့တာအတွက် သူဘယ်ကဲ့သို့အောင်မြင် စွာဆောင်ရွက်ခဲ့မှုများကို ဝါကြွားစွာပြန်လည်ဖောက်သည်ချတတ်သည်။ ယခုအခါတွင် သူ့အားသူ့ဇနီးဖြစ်သူက ဝတ်တွားခယ**ပြု**စုရမည်ဖြစ်ကြောင်း ကို သူ့စကားများကပြသည်။ အဘယ်ကြောင့်ဆိုသော် သူမအနေဖြင့်ကလေး များကိုကြည့်**ရှုပြု**စုခြင်း၊ ထမင်းချက်ခြင်း၊ အိမ်ကိုထိန်းသိမ်းခြင်းမှအပ အခြားမည်သည့်အရာကိုမျှ ဖြစ်ဖြစ်မြောက်မြောက်လုပ်ကိုင်ခဲ့ရသောအရာ ဟူ**၍**မရှိပေ။ သူမသည် ရောင်းဝယ်ဖောက်ကားမှုကိုမလုပ်၊ ထွန်ယက်စိုက်ပျိုး မှုကိုမလုပ်၊ စက်ပစ္စည်းဆိုင်ရာလုပ်ငန်းတစ်ခုခုကိုလည်း လုပ်ကိုင်ခြင်းမရှိ။ ထိုကြောင့်သူမသည် မောပန်းသောအလုပ်တစ်ခုခုကိုလုပ်ကိုင်ခြင်းမရှိပေ။ သူ့ကိုယ်ကိုဖန်ဆင်းရှင်အနေဖြင့် သူသည် အမနာပဝေဖန် သည်၊ အပြစ်တင် သည်၊ ဩဇာပေးသည်။ မိခင်နှင့်ဇနီးအနေဖြင့် တစ်နေကုန်တစ်နေခန်း သူမ၏အလုပ်အကိုင်များကို တမောတပန်းလုပ်ကိုင်ခဲ့ရသော်လည်း သူမပြီးပြီးမြောက်မြောက် ဆောင်ရွက်ခဲ့မှုမရှိသည်ကို တွေ့မြင်ရသောကြောင့် အမှန် အားဖြင့် အားငယ်နေရသောအချိန်တွင် သူ့ခင်ပွန်းဖြစ်သူ၏အ**ပြု**အမူက သူ့အားပိုမိုစိတ်ဆင်းရဲစေလေသည်။

ပိတ်ဆို့ကာရံထားသောကန့်လန့်ကာကိုဖယ်ရှားပစ်လိုက်လျှင် ဖခင် ဖြစ်သူနှင့်မိခင်ဖြစ်သူတို့သည် တစ်နေ့တာလုပ်ကိုင်မှုကို ဘုရားသခင်တွေ့မြင် သကဲ့သို့ တွေ့မြင်ကြလျှင်လည်းကောင်း၊ လူတစ်ဦး၏လုပ်ကိုင်မှုကို အခြား လူတစ်ဦး၏လုပ်ကိုင်မှုနှင့် ဘုရားသခင်၏အနန္တမျက်စိတော်သည် ဘယ်ကဲ့သို့ နှိုင်းယှဉ်တော်မူသည်ကို တွေ့မြင်ကြလျှင်လည်းကောင်း ကောင်းကင်ဆိုင်ရာ ဖော်ပြမှုကို သူတို့နှစ်ဦးစလုံးတို့သည် အံ့ဩမဆုံးဖြစ်ကြမည်ဖြစ်သည်။

ဖခင်သည် မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုကို ပိုမို**၍**သမစိတ္တမျှသောသဘောဖြင့် ကြည့်**ရှု၍** မိခင်အနေဖြင့်လည်း သူမ၏အငန်းအတာများကို ဉာဏ်အမြော်

အမြင်ရှိစွာဖြင့်လည်းကောင်း၊ ဖွဲလုံ့လဖြင့်လည်းကောင်း၊ သည်းခံသောစိတ်ဖြင့်လည်းကောင်း၊ ဆက်လက်ထမ်းဆောင်ရန်အားသစ်အင်သစ်၊ သတ္တိသစ်များကိုရရှိလိမ့်မည်ဖြစ်သည်။ ယခုအခါတွင် သူမသည် သူ့လုပ်ငန်း၏တန်ဖိုးကိုသိရှိရပြီဖြစ်သည်။ ဖခင်အနေဖြင့် ပျက်စီးယိုယွင်း**၍**ပျောက်ကွယ်သွားမည့်အရာများနှင့်စပ်ဆိုင်**၍**လုပ်ကိုင်လျက်၊ မိခင်မူကား ယခုဘဝတွင်မကထာဝရကာလအတွက် စိတ်နှလုံးနှင့်စာရိတ္တများကိုပုံသွင်းပေးရသောအလုပ်ကိုလုပ်ကိုင်နေရသည်။

**ဘုရားသခင်သည်သူမအားအလုပ်ပေးတော်မူခဲ့သည်** – သူမ၏တာဝန်ဝတ္တရားများသည် ဘယ်မျှလောက်ကြီးမား**၍** ယင်းတာဝန်ဝတ္တရား များကိုသစ္စာရှိစွာဖြင့်ထမ်းဆောင်လျှင် ခံစားရမည့်ဆုလာဘ်သည် ဘယ်မျှလောက်ကြီးမားသည်ကို မိခင်တိုင်းသည်သိရှိကြလျှင် ဘယ်မျှလောက်ကောင်းမွန်လိမ့်မည်နည်း။

သူမ၏သွားရာလမ်းတွင်ရပ်တည်နေသော တာဝန်ဝတ္တရားများကိုဝမ်းမြောက်ဝမ်းသာစွာ ထမ်းဆောင်သောမိခင်သည် သူမအတွက် ဘဝအသက်တာများသည် တန်ဖိုးရှိသည်ဟူသောခံစားချက်မျိုးကို ရရှိလိမ့်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူမဆောင်ရွက်လုပ်ကိုင်ရန်အလုပ်ကိုဘုရားသခင်သည် သူမအားပေးထားတော်မူသည်။ **ဤ**လုပ်ငန်းကိုဆောင်ရွက်ရာတွင် သူမ၏စိတ်နှလုံးကိုသိမ်ဖျင်းသည့်အနေသို့ ရောက်ရှိစေရန်မလိုပေ။ သူမ၏ဉာဏ်အစွမ်းသတ္တိကိုလည်း အားအင်ချည့်နဲ့လာခွင့်**ပြု**ရန်မလိုပေ။

သားသမီးတို့အား ဘုရားသခင်၏အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကို**ပြု**လျက် ကျွေးမွေးရမည့်တာဝန်ကို မိခင်တို့အားဘုရားသခင်ကအပ်နှင်းထားတော်မူသည်။ သားသမီးတို့၏နုနယ်သေးသောစိတ်နှလုံး၏**ရှေ့**တွင်ဘုရားသခင်ကိုချစ်ခြင်းနှင့်ကြောက်ရွံ့ခြင်းကို အမြဲတမ်းထားရှိရမည်။ သူတို့အားဆုံးမသောအခါ သူတို့အားမိဘများကမဟုတ်ဘဲ ဘုရားသခင်ကိုယ်တော်တိုင်ကဆုံးမသည်ဟု သဘောထားကြရန်လည်းကောင်း၊ လိမ်လည်လှည့်ဖြား ခြင်း၊ သစ္စာမဲ့ခြင်းနှင့်မှားယွင်းမှုကျူးလွန်ခြင်းတို့ကို ကိုယ်တော်ရှင်သည်နှစ်သက်တော်မမူကြောင်းတို့ကိုလည်းကောင်း သူတို့အားပြောပြရမည်။ **ဤ**နည်းအားဖြင့် သားငယ်သမီးငယ်တို့၏စိတ်နှလုံးများသည် ဘုရားသခင်နှင့်

င်းနှီးစွာဆက်စပ်ဆက်သွယ်နေမှုကြောင့် သူတို့လုပ်ကိုင်သမျှနှင့်ပြောဆို သမျှ တို့သည် ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေဖို့ဖြစ်မည်။ နောက်နောင် များတွင် သူတို့သည် လေယူရာတိမ်းသောကျူပင်ကဲ့သို့ စိတ်ကိုင်းညွတ်ခြင်းနှင့်တာဝန် ဆောင်ရွက်ခြင်းစပ်ကြားတွင် စိတ်မခိုင်ယိမ်းယိုင်နေကြတော့မည် မဟုတ်ပေ။

သားသမီးတို့အား ယေရှုထံတော်သို့ပို့ဆောင်ခြင်းသည် တစ်ခုတည်း သောလိုအပ်ချက်သာမဟုတ်ပေ။ "ကျွန်ုပ်တို့၏သားသမီးတို့သည် အရွယ် ပျိုစဉ်တွင် ကြီးပွားသောပျိုးပင်ကဲ့သို့လည်းကောင်း၊ သမီးတို့သည် ဘုံဗိမာန် နည်းတူ ထုသောတိုက်ထောင့်ကျောက်တိုင်ကဲ့သို့လည်းကောင်း ဖြစ်ကြစေရန်" ဤသားသမီးများတို့ကို ခရစ်တော်၏တပည့်တော်များဖြစ်လာစေရန် ပညာ သင်ကြားပေး၍ ဆုံးမဩဝါဒလည်းပေးရမည်ဖြစ်သည်။ ဤပုံသွင်းပေး ရသောအလုပ် အချေးအချော်ကင်းစေခြင်းနှင့်ယဉ်ကျေးသိမ်မွေ့အောင်ပြုပြင် ပေးခြင်းတို့သည် မိခင်ဖြစ်သူ၏အင်နီးအတာဖြစ်သည်။ ကလေး၏စာရိတ္တ ကိုသန့်မာထွားကြိုင်းလာစေရမည်။ ထာဝရကာလကဲ့သို့ တည်မြဲသော သင်ခန်းစာများကို သားသမီးတို့၏နှလုံးသားပျဉ်ငယ်ပေါ်တွင် အက္ခရာတင် ထားရမည်။ ဤသန့်ရှင်းမြင့်မြတ်သောအလုပ်ကို လုပ်ကိုင်ရန်ပျက်ကွက် လျှင်လည်းကောင်း၊ အခြားအရာတစ်ခုခုအား အနှောင့်အယှက်ပြုခွင့်ပေးလျှင် လည်းကောင်း မုချပင်ဘုရားသခင်၏ငြိုငြင်တော်မူခြင်းကို ခံရပေလိမ့်မည်။ အကယ်၍ ခရစ်ယာန်မိခင်သည် ဘုရားသခင်နှင့်ရင်းနှီးသောဆက်သွယ်မှုရှိ၍ ကိုယ်တော်ရှင်၏ဝိညာဉ်တော်နှင့်ပြည့်ဝနေလျှင် သူမအနေဖြင့်လျစ်လျူရှု မည်မဟုတ်သော ဘုရားသခင်အပ်နှင်းထားတော်မူသည့်လုပ်ငန်းကို သူမ၏ လက်ထဲတွင်ရှိနေပေမည်။

**သူမအားပေးထားသောကြီးကျယ်ခမ်းနား၍ မြင့်မားသောစေခိုင်း ချက်** – တန်ဖိုးဖြတ်၍မရနိုင်သောအခွင့်အရေးများနှင့် တန်ဖိုးထိုက်သော စိတ်ဝင် စားဖွယ်များတို့ကို မိခင်တိုင်းတို့အားအပ်နှင်းထားတော်မူသည်။ မောပန်းငြီးငွေ့ ဖွယ်ဖြစ်သည်ဟု အမျိုးသမီးများကသဘောထားသောတာဝန် များကို ကြီးကျယ် ခမ်းနား၍မြင့်မြတ်သောလုပ်ငန်းဟု တွေ့မြင်သင့်ပေသည်။ မိမိ၏သြဇာသက် ရောက်မှုအားဖြင့် ကမ္ဘာကြီးအားမင်္ဂလာဖြစ်စေရန် မိခင်၏ အခွင့်အရေး ဖြစ်သည်။ ယင်းကဲ့သို့ပြုလုပ်ရာတွင် သူမကိုယ်တိုင်၏နှလုံးသား အတွက် ပျော်ရွှင်မှုကိုရရှိစေလိမ့်မည်။ နေရောင်ခြည်နှင့်မှောင်ရိပ်များကို ဖြတ်ကျော်၍ ဝမ်းမြောက်ဖွယ်သောအထက်အရပ်ဆီသို့ ပို့ဆောင်ပေးသော လမ်းခရီးတွင်

ဖြောင့်သောလမ်းများကို သူမ၏သားသမီးများအတွက် ဖန်တီး ပေးနိုင်သည်။ သို့ရာတွင် သူမကိုယ်တိုင်၏ဘဝလမ်းကြောင်းတွင် ခရစ်တော်

၏ဩဝါဒများကိုလိုက်နာကျင့်သုံးရန် **ကြိုး**ပမ်းမှသာလျှင် သားသမီးတို့**၌** ဘုရားသခင်ထားရှိတော်မူသောပုံစံအတိုင်း စာရိတ္တများကိုပုံသွင်းပေးနိုင်လိမ့် မည်ဖြစ်သည်။

ဘဝအသက်တာ၏ဆောင်ရွက်မှုအမျိုးမျိုးတို့၏ကြားတွင် မိခင်၏ အမြင့်မြတ်ဆုံးသောတာဝန်သည် သားသမီးတို့အတွက်ဆောင်ရွက်ရသော တာဝန်ဖြစ်သည်။ သို့ရာတွင် အတ္တစိတ်ကိုပြည့်စေရန်အတွက် **ဤ**တာဝန်ကို ဘေးဖယ်ထားသောအကြိမ်ပေါင်း ဘယ်မျှလောက်များခဲ့ပြီနည်း။ သားသမီး တို့၏ပစ္စုပ္ပန်နှင့်ထာဝရအကျိုးဖြစ်ထွန်းမှုအတွက် ဆောင်ရွက်ရန်တာဝန်ကို ဘုရားသခင်သည် မိဘတို့၏လက်ထဲသို့အပ်နှံထားတော်မူသည်။ သူတို့သည် အိမ်ထောင်ဆိုင်ရာအုပ်ချုပ်မှုကို နိုင်နင်းစွာဆောင်ရွက်**၍** ယင်းအိမ်ထောင် တို့သည် ဘုရားသခင်၏ဂုဏ်ကျေးဇူးတော်ကို ထင်ရှားစေသောဌာနများအဖြစ် သို့ရောက်ရှိစေရန် လမ်းပြပို့ဆောင်ကြရမည်။

**မိဘတို့၏တာဝန်ထက်ပိုမိုမြင့်မြတ်ကြီးမားသောအလုပ်မရှိပေ** – အကယ်**၍** အိမ်ထောင်ရှိသောအမျိုးသားတို့သည် အိမ်**၌**ကျန်ရစ်နေသော သားသမီးတို့အားကြည့်**ရှု**ထိန်းသိမ်းရန် ဇနီးတို့၏လက်**၌**အပ်နှံထား**၍** အလုပ် ခွင်သို့သွားရလျှင် အိမ်**၌**ကျန်ရစ်နေသောဇနီးသည်တို့သည် ခင်ပွန်း၏အလုပ် ကဲ့သို့ပင် အရေးပါအရာရောက်**၍** ကြီးမြတ်သောအလုပ်ကို လုပ်ကိုင်နေကြ သည်။ တစ်ဦးကအိမ်ပြင်ပသာသနာ**ပြု**အလုပ်ကိုလုပ်ကိုင်သည်။ တစ်ခါတစ်ရံ အိမ်တွင်းသာသနာ**ပြု**အလုပ်ကိုလုပ်ကိုင်ရသော ဇနီးသည်၏အလုပ်မှပေါ်ပေါက် လာသော စိုးရိမ်ကြောင့်ကြမှုများနှင့်ဝန်ထုပ်များသည် ဖခင်နှင့်ခင်ပွန်းဖြစ်သူ ရင်ဆိုင်ရသော စိုးရိမ်ကြောင့်ကြမှုနှင့်ဝန်ထုပ်များထက် အဆမတန်ပိုမိုကြီးလေး လေသည်။ သူမ၏အလုပ်သည်ပိုမိုကြီးလေး**၍** ပိုမိုအရေးပါအရာရောက်သည်။ ပွင့်ပွင့်လင်းလင်းသာသနာ**ပြု**လုပ်ငန်းကို လုပ်ကိုင်ရသောခင်ပွန်းသည် လူသား တို့၏ဂုဏ်**ပြု**ချီးကျူးခြင်းကိုခံရနိုင်သည်။ အိမ်တွင်းသာသနာ**ပြု**လုပ်ငန်းကို လုပ်ကိုင်ရသောဇနီးသည်မှာမူ လောက၏ချီးကျူးဂုဏ်**ပြု**ခြင်းကိုမခံရပေ။ သို့ရာတွင် အကယ်**၍**သူမသည် သူမ၏အိမ်ထောင်အကောင်းဆုံးအကျိုးဖြစ် ထွန်းမှုအတွက် လုပ်ကိုင်ဆောင်ရွက်လျှင် သားသမီးတို့၏အကျင့်စာရိတ္တကို ကယ်တင်ရှင်၏စာရိတ္တတော်အတိုင်း ပုံသွင်းပေးရန်**ကြိုး**ပမ်းလျှင် မှတ်တမ်း တင်သောကောင်းကင်တမန်များက သူမ၏နာမည်အား ကမ္ဘာပေါ်တွင်နာမည်

အကြော်ကြားဆုံးဖြစ်သော သာသနာပြုဆရာ၏နာမည်အနေဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်သည်။ လူသားတို့၏အမြင်တိုသော**ရှု**ထောင့်မျိုးမှ ဘုရားသခင်သည် အရာခပ်သိမ်းတို့ကိုတွေ့မြင်တော်မမူ။

သူမ၏အိမ်ထောင်သားတို့အား ခရစ်ယာန်ဘာသာထဲသို့သွတ်သွင်းပေးရန် မိခင်တို့သည် ဘုရားသခင်၏ကိုယ်စားလှယ်တော်များဖြစ်သည်။ သူမသည် ကျမ်းစာဆိုင်ရာဘာသာအယူဝါဒအတွက် ပုံသက်သေဖြစ်လျက် ယင်းဘာသာအယူဝါဒဆိုင်ရာ နေ့စဉ်တာဝန်များကိုထမ်းဆောင်မှုနှင့်ပျော်ရွှင်ခြင်းခံစားရမှုတို့တွင် ယင်းအယူဝါဒ၏ဩဇာသက်ရောက်မှုက ကျွန်ုပ်တို့အား ဘယ်ကဲ့သို့အုပ်ထိန်းထားရမည်ကိုပြသ**၍** ဘုရားသခင်ပေးသနားတော်မူသော၊ ဆုကျေးဇူးတော်ဖြစ်သော ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့်သာလျှင် သူတို့သည် ကယ်တင်ခြင်းသို့ဝင်စားနိုင်ကြသည်ကို သူမ၏သားသမီးတို့အား သင်ကြားပေးရမည်။ ကျွန်ုပ်တို့အတွက်နှင့်သူတို့ (သားသမီးများ) အတွက် ခရစ်တော်သည် ဘယ်ကဲ့သို့အဓိပ္ပါယ်ဆောင်သည်ကို အမြဲတမ်းသင်ကြားပေးခြင်းသည်လည်းကောင်း၊ ကယ်တင်ခြင်းစီမံကိန်းတွင်ဖော်ပြထားသော ကိုယ်တော်ရှင်၏ချစ်ခြင်း၊ ကောင်းမြတ်တော်မူခြင်းနှင့် က**ရု**ဏာထားရှိခြင်း တို့ကို အမြဲတမ်းသင်ကြားပေးခြင်းသည်လည်းကောင်း၊ နှလုံးသားပေါ်တွင် သန့်ရှင်းမြင့်မြတ်သောသိမှတ်စွဲလမ်းခြင်းကို ရရှိစေလိမ့်မည်ဖြစ်သည်။

ခရစ်ယာန်ဘာသာအယူဝါဒ၏စွမ်းရည်ကို လက်တွေ့ပြသမှုအတွက် သားသမီးတို့အားသင်ကြားပေးခြင်းသည် ဘုရားသခင်စီမံကိန်း၏အရေးပါအရာရောက်သောကဏ္ဍတစ်ခုဖြစ်သည်။ သားသမီးတို့သည် လောကထဲသို့ဝင်ရောက်သွားကြသောအခါ**၌** သူတို့နှင့်တွေ့ထိပေါင်းဖော်သောသူတို့အား မကောင်းမှုကိုမပြုဘဲ ကောင်းမှုပြုပေးတတ်စေရန် သင်ကြားပြသပေးဖို့မိဘများအပေါ်တွင် လေးသောတာဝန်သည် ရပ်တည်လျက်ရှိသည်။

**ဓမ္မဆရာနှင့်လက်တွဲဆောင်ရွက်သောအမှုထမ်း** – ဓမ္မဆရာသည် သူနှင့်စပ်ဆိုင်သောအလုပ်ကိုလုပ်ကိုင်ရသည်နည်းတူ မိခင်သည်သူမနှင့်ဆိုင်သောအလုပ်ကိုလုပ်ကိုင်ရသည်။ ကိုယ်တော်ရှင်၏ကောင်းချီးပေးခြင်းကို ခံစားစေရန် သားသမီးတို့အားမိခင်သည် ယေ**ရှု**ထံတော်သို့ခေါ်ဆောင်လာ ရမည်။ မိခင်သည် ခရစ်တော်မိန့်တော်မူထားသမျှကို နှလုံးသွင်းထား**၍** ယင်းအရာများကိုသားသမီးတို့အား တစ်ဆင့်သင်ကြားပေးရမည်။ သားသမီးတို့အား ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ကိုယ့်ကိုကိုယ်ချုပ်တည်းခြင်း၊ သန့်ရှင်းစင်ကြယ်စွာနေထိုင်ခြင်းနှင့် စနစ်တကျပြုမူလုပ်ကိုင်ခြင်းတို့ကို

ဆုံးမဩဝါဒပေးရမည်။ ဘုရားသခင်၏အမှုထမ်းများဖြစ်သော ဓမ္မဆရာတို့၏ဟောပြောသွန်သင်ခြင်းများကို လက်ခံနာယူလိုသောဆန္ဒမျိုးရှိအောင်

မိခင်များကသင်ကြားပေးရမည်။ အိမ်ထောင်ဆိုင်ရာလုပ်ငန်းတိုင်းတို့ကို ထမ်းဆောင်ရာတွင် ဘုရားသခင်သည် သူတို့အားပေးထားတော်မူသော စွမ်းရည်များကို တိုးတက်ကောင်းမွန်အောင်ပြုလုပ်၍ ကောင်းကင်ဘုံ၌ရှိသော အိမ်ထောင်တွင် ခေါင်းဝင်ကိုယ်ဆံ့ဖြစ်စေရန် ပြုပြင်ပေးနိုင်သောမိခင်များကို ဘုရားသခင်သည် အလိုရှိတော်မူသည်။

နှုတ်ကပတ်တော်ကိုသင်ကြားပေးသောသူထက် အိမ်ထောင်မှုဆိုင်ရာ လုပ်ငန်းကို သစ္စာရှိစွာဆောင်ရွက်ရသောသူက ကိုယ်တော်ရှင်အတွက်အမှုတော် ကို ပိုမိုဆောင်ရွက်ရာရောက်သည်။ စာသင်ကျောင်းမှဆရာ၊ ဆရာမ များကဲ့ သို့ပင် မိဘတို့သည် သားသမီးတို့၏ရှေးဦးဆရာများဖြစ်ကြသည်ကို သိရှိထား ရကြမည်။ လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုပ္ပစရိယ၊ မိနှင့်ဘဖြစ်သည်။

ခရစ်ယာန်မိခင်၏အသုံးဝင်မှုကို သူမ၏အိမ်ထောင်မှုဆိုင်ရာ ဘဝ အသက်တာကျဉ်းမြောင်းသေးသိမ်အောင် မပြုစေသင့်ပေ။ အိမ်ထောင်မိသားစု အသိုက်အဝန်းပေါ်၌ထားရှိခဲ့သော သူမ၏အကျိုးဖြစ်ထွန်းသည့်ဩဇာ သက်ရောက်မှုက သူ၏ရပ်ကွပ်နှင့်ဘုရားသခင်၏အသင်းတော်တွင် ပိုမို ကျယ်ပြန့်စွာအသုံးကျမှုကို ဖန်တီးပေးနိုင်သည်။ စေတနာဖြင့်ဆောင်ရွက် သောဇနီးအတွက် အိမ်ဂေဟာသည် အကျဉ်းထောင်မဟုတ်ပေ။

**သူမ၌ရာသက်ပန်စေခိုင်းချက်ရှိသည်** – အမျိုးသမီးများသည် မိမိတို့၏လုပ်ငန်းသန့်ရှင်းမြင့်မြတ်ကြောင်းကို အသိတရားရှိကြပါစေ။ ဘုရားသခင်၏ခွန်အားနှင့်ကြောက်ရွံ့ခြင်းအားဖြင့် သူတို့၏ရာသက်ပန်စေခိုင်း ချက်ကို အကောင်အထည်ဖော်ကြပါစေ။ သူတို့၏သားသမီးတို့သည် ဤ လောကအတွက်အသုံးကျသောသူများဖြစ်၍ သာ၍ကောင်းသောကမ္ဘာတွင် ဝင်စားထိုက်သောသူများဖြစ်ကြစေရန် မိခင်ဖြစ်သူက သူတို့အားသင်ကြား ပြသကြပါစေ။ ကျွန်ုပ်တို့သည် ခရစ်ယာန်မိခင်များကိုစကားပြောနေပါသည်။ မိခင်များအနေဖြင့် သင်တို့၏တာဝန်ကိုအသိတရားရှိ၍ သင်တို့၏စိတ်ကြိုက် ကိုမပြုလုပ်ဘဲ ဘုရားသခင်၏ဂုဏ်တော်ကိုချီးမွမ်းကြရန် သင်တို့အား ကျွန်ုပ် တို့တိုက်တွန်းပါရစေ။ ခရစ်တော်သည် မိမိစိတ်ကြိုက်ကိုမပြုလုပ်ဘဲ အစေခံ ၏သဏ္ဌာန်ယူတင်ဝတ်ဆောင်တော်မူခဲ့သည်။

ကမ္ဘာလောကကြီးသည် ညစ်ညမ်းသောဩဇာသက်ရောက်မှုတို့ဖြင့် ပြည့်နှက်လျက်ရှိသည်။ ဖက်ရှင်ထွင်မှုနှင့်ထုံးတမ်းစဉ်လာများကိုလိုက်စား မှုတို့သည် လူငယ်လူရွယ်တို့အား ခိုင်မာစွာချုပ်ကိုင်ထားလျက်ရှိသည်။ မိခင် သည် မိမိပြုအပ်သောတာဝန်ဖြစ်သော သွန်သင်ဆုံးမခြင်း၊ လမ်းပြပို့ဆောင် ခြင်းနှင့် မကောင်းမြစ်တားကောင်းရာညွှန်ပြခြင်းတို့ကို ထမ်းဆောင်ခြင်း

မပြုဘဲပျက်ကွက်လျှင် သူတို့၏သားသမီးတို့သည် မကောင်းမှုကိုလက်ခံ၍ ကောင်းမှုများကိုကျော်ခိုင်းကြမည်မှာ

ဓမ္မတာပင်ဖြစ်သည်။ မိခင်တိုင်းသည် "သူငယ်၌အဘယ်သို့ပြုရမည်ကို သွန်သင်တော် မူပါ" ဆိုသောပတ္တနာကိုပြု လျက် သူမတို့၏ကယ်တင်ရှင်ထံတော်သို့ မကြာခဏချဉ်း ကပ်ကြပါစေ။ သူမသည် ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်၌ ဖော်ပြထားသောညွှန်ကြား ချက်ကိုနာခံပါ။ သို့ပြုလျှင် သူမလိုအပ်သောဉာဏ်ပညာကို သူမအားပေး တော်မူမည်။

**ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်တူအောင်ထုလုပ်ခြင်း** – အထက်ကောင်း ကင်ဘုံတွင် ဘုရားသခင်သည် ကိန်းဝပ်တော်မူသည်။ ကိုယ်တော်ရှင်၏ရာဇပလ္လင် တော်မှအလင်းရောင်နှင့်ဘုန်းတန်ခိုးသည် အပြစ် ဒုစရိုက်၏လွှမ်းမိုးမှုကိုရုန်းကန်တွန်း လှန်ရန် မိမိသားသမီးများကိုပညာသင် ကြားပေးဖို့ကြိုးပမ်းသောသစ္စာရှိသည့် မိခင်ပေါ် တွင်ရပ်တည်နေသည်။ မိခင်၏ အရေးပါအရာရောက်သောလုပ်ငန်းနှင့် ပခုံးချင်းယှဉ်နိုင် သောအခြားလုပ်ငန်း သည်မရှိတော့ပေ။ ပန်းချီဆရာကဲ့သို့ပိတ်ကားပေါ်တွင်ဆွဲထားရန် သူမ၌ လုပသောပုံသဏ္ဍာန်တစ်ခုမျှမရှိပေ။ ကျောက်ဆစ်သမားကဲ့သို့ ကျောက်ပြား မှသဏ္ဍာန်တူတစ်ခုကို ထုလုပ်ခြင်းသည်လည်းမရှိပေ။ စာရေးဆရာကဲ့သို့ မြင့်မြတ် သောစိတ်ကူးဉာဏ်တစ်ခုကို ပြောင်မြောက်သောစကားလုံးများအားဖြင့် ဖော်ပြခြင်း မပြုရပေ။ တေးဂီတသမားလေးကဲ့သို့လည်း အလွန်သိမ်မွေ့ သောသဘောတစ်ခုကို တေးဂီတသံဖြင့်ဖော်ပြခြင်းမပြုရပေ။ ဘုရားသခင်၏ မစတော်မူခြင်းအားဖြင့် လူသား တို့၏စိတ်ဝိညာဉ်၌ ဘုရားသခင်၏သဏ္ဍာန် တော်ကိုထုလုပ်၍ ထွားကြိုင်းလာအောင် ပြုလုပ်ခြင်းသာလျှင် သူမ၏အငန်း အတာဖြစ်သည်။

ဤလုပ်ငန်းကိုနှစ်သက်သောမိခင်သည် သူမ၏အခွင့်အရေးများသည် တန်ဖိုး ဖြတ်၍မရဟု သဘောထားလိမ့်မည်။ သူမသည် သူမကိုယ်တိုင်၏ စာရိတ္တ၌လည်း ကောင်း၊ သူမသင်ကြားပြသသောနည်းလမ်းများ၌လည်းကောင်း သူမ၏သားသမီးတို့ အားဖြင့် အမြင့်မားဆုံးရည်စူးချက်ကို အင်တိုက်အား တိုက်ပြရန် ကြိုးပမ်းလိမ့်မည်။ သူမ၏သားသမီးများကိုသင်ကြားပြသရာတွင် သူမစိတ်၏အမြင့်မားအထက်မြက်ဆုံးစွမ်း ရည်များကို အသုံးပြုနိုင်ရန် သူမကိုယ်တိုင်၏စွမ်းရည်များပိုမိုကောင်းမွန်ထက်မြက် လာစေရန် အင်တိုက်အား တိုက်ဖြင့်လည်းကောင်း ကြိုးပမ်းလိမ့်မည်။ သူမလှမ်းသော ခြေလှမ်းတိုင်း တွင် "ဘုရားသခင်သည် ဘယ်ကဲ့သို့မိန့်ကြားထားတော်မူသနည်း" ဟူသော မေးခွန်းကို စိတ်ရောကိုယ်ပါမေးမြန်းကြည့်မည်ဖြစ်သည်။ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ဝီရိယရှိစွာဖြင့်လေ့လာလိမ့်မည်။ သူမ၏နိမ့်ချသော တာဝန်ကို ထမ်းဆောင်ရာတွင် သူမ၏တွေ့ကြုံခံစားခဲ့ရသော နေ့စဉ်ဘဝ အတွေ့အကြုံသည် ကယ်တင်ရှင်တစ်ပါးတည်း၏စစ်မှန်သောဘဝအသက်တာ ၏ရောင်ပြန်ဟပ်ခြင်းဖြစ်စေ ခြင်းငှာ သူမသည် ခရစ်တော်ကိုစေ့စေ့ကြည့်ရှု၍ အာရုံပြုမည်ဖြစ်သည်။

**သစ္စာရှိသောမိခင်အားတိမ်ကောပပျောက်ခြင်းမရှိသောစာစောင် တွင်မှတ်တမ်းတင်ထားသည်** –

မိမိကိုယ်ကိုငြင်းပယ်ခြင်းနှင့် မိမိကပ်တိုင် ကိုထမ်းခြင်းသည် ကျွန်ုပ်တို့ဆောင် ရွက်ရမည့်တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့ သည် ယင်းတာဝန်ကိုလက်ခံကြပါ မည်လား။ နောက်ဆုံးကြီးမားသော စုံစမ်းခြင်းကို ရင်ဆိုင်ကြသောအခါ ကျွန်ုပ်တို့အနေဖြင့်လိုအပ်သောကြောင့် တစ်ခဏချင်းတွင်ကိုယ်ကျိုးစွန့်**၍** ကျွန်ုပ်တို့၏နိုင်ငံတော်ကို ချစ်ခင်လေးစား သောစိတ်သဘောသည် ပေါ်ပေါက် ကြီးထွားလာလိမ့်မည်ဟု ကျွန်ုပ်တို့သည် မျှော်လင့်စောင့်စားနေရန်မလိုပေ။ အမှန်အားဖြင့် **ဤ**စိတ်သဘောများကို ကျွန်ုပ်တို့၏နေ့စဉ်အတွေ့အ**ကြုံ**နှင့်ပေါင်း စပ်**၍ ၎**င်းကိုပညတ်အားဖြင့်လည်း ကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း သားသမီးတို့၏စိတ်နှလုံးများ ထဲသို့ သွတ်သွင်းပေးရမည်။ **ဤ**သရေလလူမျိုး တို့ထဲမှ မိခင်ကိုယ်တိုင်တို့ သည် စစ်သည်တော်များမဟုတ်သော်လည်း လက်နက်စုံကိုဝတ်ဆင်**၍** ဘုရားသခင်၏တိုက်ပွဲများကို ရွပ်ရွပ်ချွံချွံတိုက်ခိုက် ပေးမည့်စစ်သည်တော်များ ကို မွေးထုတ်ပေးနိုင်ကြသည်။

မိခင်တို့၊ သင်တို့သားသမီးများ၏ကံကြမ္မာသည် အများအားဖြင့် သင်တို့၏လက်တွင်း**၌**ရှိသည်။ သင်တို့ထမ်းဆောင်ရမည့်တာဝန်ကို ပျက်ကွက် လျှင် သင်တို့သည် သင်တို့၏သားသမီးများကို ရန်သူ၏တပ်တွင်းသို့ရောက် ရှိစေလျက် ဝိညာဉ်များကိုဖျက်ဆီးရန် သူ၏ကိုယ်စားလှယ်ဘဝသို့ရောက်ရှိ စေလိမ့်မည်။ သို့ရာတွင် ဘုရားတရားမြဲသောပုံသက်သေနှင့် သစ္စာရှိစွာ စည်းကမ်းသေဝပ်အောင် **ပြု**ပြင်ပေးခြင်းအားဖြင့် သင်တို့သည် သားသမီး တို့အား ခရစ်တော်ထံသို့ပို့ဆောင်နိုင်**၍** ဝိညာဉ်ပေါင်းမြောက်မြားစွာကို ကယ်တင်ရာတွင် ကိုယ်တော်ရှင်၏တန်ဆာပလာများ ဖြစ်လာပေလိမ့်မည်။

ခရစ်ယာန်မိခင်တို့၏ဆောင်ရွက်မှုကို ဘုရားသခင်**၌**သစ္စာရှိစွာ ဆောင်ရွက်လျှင် ထာဝရကာလတည်မြဲလိမ့်မည်ဖြစ်သည်။ ဖက်ရှင်ကိုစွဲလမ်း သောသူတို့သည် ခရစ်ယာန်မိခင်၏လုပတင့်တယ်**ရူ**ချင်စဖွယ်ဖြစ်**၍** ထာဝရ ကာလတည်မြဲသောလက်ရာကို ဘယ်အခါမျှတွေ့မြင်ခြင်း (သို့မဟုတ်) နားလည်ခြင်းမရှိဘဲ သူမ၏ခေတ်မဆန်သောအယူအဆများနှင့် ဝတ်စား ဆင်ယင်မှုတို့ကို ပြောင်လှောင်ပြက်ရယ်**ပြု**လိမ့်မည်။ သို့ရာတွင် ကောင်း ကင်ဘုံရှင်အနန္တတန်ခိုးတော်ရှင်သည် ယင်းမိခင်၏နာမည်ကို တိမ်ကောပ ပျောက်ခြင်းမရှိသောစာစောင်တွင် မှတ်တမ်းတင်ထားတော်မူလိမ့်မည်။

**အချိန်များသည်အဖိုးထိုက်တန်သည်** – မောရှေ၏အနာဂတ် ဘဝအသက်တာတစ်ခုလုံးသည်လည်းကောင်း၊ **ဣ**သရေလလူမျိုး၏

ခေါင်းဆောင်အနေဖြင့် အကောင်အထည်ဖော်ခဲ့သော ကြီးမားသောစေခိုင်းချက်သည်လည်းကောင်း ခရစ်ယာန်မိခင်ဆောင်ရွက်ရသောတာဝန်၏အရေးပါအရာရောက်ခြင်းကို သက်သေခံသည်။ ဤအလုပ်နှင့်ပခုံးခြင်းယှဉ်နိုင်သောအခြားအလုပ်သည် မရှိတော့ပြီ။ သားသမီးများသည် ခရစ်ယာန်ဖြစ်လာစေရမည်ဟူသောရည်စူးချက်ဖြင့် မိဘတို့သည် သားသမီးများကို ငယ်စဉ်တောင်ကျေးကလေးဘဝမှစ၍ သွန်သင်ဆုံးမရကြမည်။ လောကီနိုင်ငံတစ်ခု တွင်ရာဇပလ္လင်ကိုအမွေခံစေရန်မဟုတ်ဘဲ ထာဝရကာလပတ်လုံး ဘုရားသခင်၏ဘုရင်များအနေဖြင့် အုပ်စိုးမည့်အုပ်စိုးရှင်များဖြစ်လာစေရန် သွန်သင်ဆုံးမပေးဖို့ သူတို့ကိုကျွန်ုပ်တို့မိဘများလက်သို့ အပ်နှင်းထားတော်မူသည်။

မိမိတို့၏အချိန်များသည် အဖိုးထိုက်တန်ကြောင်းကို မိခင်တိုင်းသိရှိပါလေစေ။ သို့ရာတွင် စာရင်းရှင်းသောနေ့များ၌ သူမ၏အလုပ်အကိုင် သည်စစ်ဆေးခြင်းကိုခံရမည်။ ထိုအခါ မြောက်မြားစွာသောအမျိုးသားနှင့်အမျိုးသမီးတို့၏ပျက်ကွက်မှုများနှင့်ပြစ်မှုတို့သည် မိမိတို့သားသမီးငယ်များကိုမှန်သောလမ်းထဲ၌လျှောက်လိုက်စေရန် လမ်းပြပို့ဆောင်ပေးရမည့်တာဝန်ကိုမသိခြင်းနှင့်ပျက်ကွက်ခြင်းတို့မှ ပေါ်ပေါက်လာသည်ကို တွေ့ရှိရလိမ့်မည်။ ၎င်းအပြင် ကမ္ဘာလောကကြီးအားဉာဏ်ပညာ၊ အမှန်တရားနှင့်သန့်ရှင်းခြင်းဆိုင်ရာအလင်းတရားကို ပေးကမ်းခြင်းအားဖြင့် ကောင်းကျိုးပြုသောသူတို့သည် သူတို့၏သြဇာသက်ရောက်မှုနှင့်အောင်မြင်မှုသည် ဆုတောင်းပေးသောခရစ်ယာန်မိခင်ကြောင့်ဖြစ်ကြောင်းကိုလည်း တွေ့ရှိရလိမ့်မည်။

———o———

## အခန်း ၃၉
## မိခင်၏သြဇာသက်ရောက်ခြင်း

**မိခင်၏သြဇာသက်ရောက်မှုသည်ထာဝရကာလသို့ရောက်ရှိခြင်း** – မိခင်၏အခြေအနေသည် ရိုးသားနိမ့်ကျပေလိမ့်မည်။ သို့ရာတွင် ဖခင်ဖြစ်သူ၏သြဇာသက်ရောက်မှုနှင့်ပေါင်းစပ်ထားလျှင် သူမ၏သြဇာသက်ရောက် မှုသည်ထာဝရကာလကဲ့သို့တည်မြဲ၏။ မကောင်းကျိုးဖြစ်ထွန်းမှုအတွက်ဘုရားသခင်မှအပ မိခင်၏စွမ်းရည်သည် ကမ္ဘာပေါ်တွင်အင်အားအကောင်းဆုံးဖြစ်သည်။

မိခင်၏သြဇာသက်ရောက်မှုသည် ပြတ်စဲခြင်းမရှိသော သြဇာသက်ရောက်မှုမျိုးဖြစ်သည်။ အကယ်၍ ယင်းသြဇာသက်ရောက်မှုသည် အမှန်ဘက်တွင်အမြဲတမ်းရပ်တည်နေလျှင် သူမသားသမီးတို့၏စာရိတ္တက သူမ၏

ကျင့်ဝတ်ဆိုင်ရာစိတ်အားထက်သန်မှုနှင့် သူမ၏တန်ဖိုးကိုသက်သေခံမည်ဖြစ်သည်။ သူမ၏ပြုံးရယ်ခြင်းနှင့် သူမ၏အားပေးစကားပြောကြားခြင်းတို့ သည် တစ်ဖက်သားအတွက် အားတက်ဖွယ်ဖြစ်လိမ့်မည်။ ချစ်ဖွယ်သောစကားတစ်လုံးနှင့်သဘောတူသောပြုံးရယ်ခြင်းတို့သည် သူမ၏သားသမီး ငယ်ထံသို့ နေရောင်ခြည်ကိုယူဆောင်ပေးလိမ့်မည်ဖြစ်သည်။

မိခင်၏ဩဇာသက်ရောက်မှုသည် သမ္မာတရားအတွက်သော်လည်းကောင်း၊ ကျင့်ကောင်းသီလအတွက်သော်လည်းကောင်းဖြစ်လျှင် ထို့အပြင် သူမသည် အထက်ကောင်းကင်မှဉာဏ်ပညာ၏လမ်းပြပို့ဆောင်မှုကိုရရှိလျှင် သူမ၏ဘဝအသက်တာသည် ခရစ်တော်အတွက် ဘယ်မျှလောက်အင်အားကောင်းသောအာနိသင်ဖြစ်လိမ့်မည်နည်း။ သူမ၏ဩဇာသက်ရောက်မှုသည် လက်ရှိအချိန်မှတစ်ဆင့် ထာဝရကာလသို့ရောက်ရှိသွားလိမ့်မည်။ မိခင်၏မျက်နှာထား၊ အပြောအဆိုများနှင့်အပြုအမူတို့သည် ထာဝရကာလ၌အသီးများသီး၍ သူမ၏ဩဇာသက်ရောက်မှုကြောင့် လူသူအများကယ်တင်ခြင်းသို့ဝင်စားရမည်။ သို့တည်းမဟုတ် ပျက်စီးခြင်းသို့ရောက်ရကြမည် ဆိုသောအချက်တို့သည် ဘယ်မျှလောက်စဉ်းစားဖွယ်ကောင်းသောအချက်များ ဖြစ်ဘိသနည်း။

သူမ၏သားသမီးများအား တာဝန်သိသိဖြင့် သင်ကြားပြသပေးရာတွင် သူမ၏ဩဇာသက်ရောက်မှုသည် ဘဝအသက်တာ၏ပြောင်းလဲမှုအရပ်ရပ်တို့ကိုဖြတ်ကျော်၍ အနာဂတ်ကာလတွင် မသေနိုင်သောဘဝသို့ရောက်ရှိသွားသည့်တိုင်အောင်စွမ်းဆောင်သည်ကို မိခင်သည်မစဉ်းစားမိပေ။ ကောင်းကင်ဘုံမှပုံစံတော်ကြီးဖြစ်တော်မူသော ကိုယ်တော်ရှင်၏စာရိတ္တမျိုးကိုသားသမီးတို့၌ရှိစေရန်ဆောင်ရွက်ခြင်းသည် သစ္စာရှိခြင်း၊ အင်တိုက်အားတိုက်ဖြစ်ခြင်းနှင့် ခွဲလုံ့လရှိခြင်းတို့ကို များစွာလိုအပ်ပေသည်။ သို့ရာတွင် ယင်းကဲ့သို့ဆောင်ရွက်ခြင်းသည် အကျိုးဖြစ်ထွန်းပေမည်။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်များကယ်တင်ရာတွင် စေတနာအပြည့်အဝဖြင့်ဆောင်ရွက်မှုရှိသမျှတို့ကိုဘုရားသခင်သည် အောင်မြင်စေတော်မူသောဘုရားဖြစ်သည်။

**သားသမီးတို့သည်မိခင်ပုံစံအတိုင်းဖြစ်ကြလိမ့်မည်** – ကမ္ဘာ မြေကြီးဆိုင်ရာနှောင်ကြိုးများအနက် ထောက်ထားညှာတာမှုအရှိဆုံးဖြစ်သော နှောင်ကြိုးသည် မိခင်နှင့်သူမ၏သားသမီးတို့ကို ချည်နှောင်ထားသော နှောင်ကြိုးဖြစ် သည်။ ဖခင်ဘဝအသက်တာနှင့်ပုံသက်သေထက် မိခင်၏ဘဝ အသက်တာနှင့်ပုံသက်သေကို ပိုမိုလျင်မြန်စွာသိမှတ်စွဲလမ်းတတ်သည်။ အဘယ်ကြောင့်ဆိုသော် ပိုမိုခိုင်မာ၍ ထောက်ထားညှာတာသောနှောင်ကြိုးက သူတို့ကိုချည်နှောင်ထားလေသည်။

မိခင်ကသူ့သားသမီးအားပေးကမ်းသောအမွေအနှစ်အပေါ်တွင် မိခင်

၏စိတ်ကူးနှင့်စိတ်၏ခံစားချက်တို့သည် ခိုင်မာသောသြဇာသက်ရောက်မှု ရှိလိမ့်မည်။ သူမသည် သူမကိုယ်တိုင်၏စိတ်ခံစားမှုများကိုသာ အာရုံစူးစိုက် လျှင်လည်းကောင်း၊ အတ္တစိတ်ကိုသာဦးစားပေးလျှင်လည်းကောင်း၊ သူမသည် စိတ်ဆိုးလွယ်၍ အဓမ္မစေခိုင်းတတ်လျှင်လည်းကောင်း သူမသားသမီးတို့၏ စိတ်နေသဘောထားက ယင်းအခြေအနေကိုသက်သေခံလိမ့်မည်။ ဤနည်းအားဖြင့် မြောက်မြားစွာသောသားသမီးတို့သည် အမွေအနှစ်အနေဖြင့် အပြစ်ဒုစရိုက်ကို ကျူးလွန်လိုက်စားတတ်သောစိတ်သဘောများကို လက်ခံ ရရှိခဲ့ကြသည်။ ဝိညာဉ်များ၏ရန်သူသည် ဤကိစ္စကိုအများသောမိဘများထက် ပိုမိုနားလည်သည်။ မိခင်ဖြစ်သောသူသည် သူ့အားခုခံတိုက်လှန်ခြင်း မပြုလျှင် သူမမှတစ်ဆင့် သူမ၏သားသမီးကိုဒုက္ခပေးနိုင်ကြောင်းကို သိရှိ သည့်အတိုင်း သူသည်သူမအား အမျိုးမျိုးသောစုံစမ်းသွေးဆောင်ခြင်းများကို ပေးလိမ့်မည်။ မိခင်၏တစ်ခုတည်း သောမျှော်လင့်ချက်သည် ဘုရားသခင်၌ ရှိသည်။ ခွန်အားနှင့်ကျေးဇူးတော်အတွက် ကိုယ်တော်ရှင်ထံတော်သို့ သူမ ချဉ်းကပ်နိုင်သည်။ သူမ၏ချဉ်းကပ်မှုသည် အချည်းနှီးမဖြစ်ရ။

သူမသားသမီးတို့၏ပတ်လည်တွင် ဝန်းရံလျက်ရှိသောအန္တရာယ် များကို ခွဲခြားသိမြင်ရန် မိခင်သည် အမြဲတမ်းနိုးနိုးကြားကြားရှိနေလိမ့်မည်။ သူမကိုယ်တိုင်၏စိတ်ဝိညာဉ်ကိုလည်း စင်ကြယ်သန့်ရှင်းသောအခြေအနေ၌ ထားရှိလိမ့်မည်။ သူမ၏စိတ်အခြေအနေနှင့်အခြေခံကျင့်ဝတ်များကို ဘုရားသခင် ၏နှုတ်ကပတ်တော်အတိုင်း စည်းမျဉ်းတကျဖြစ်အောင်ပြုလုပ်၍ သူမ၏တာဝန် ကိုကျေပွန်စွာဆောင်ရွက်လျက် သူမအားအမြဲတမ်းနှောင့်ယှက် မည့်သေးငယ်သော စုံစမ်းသွေးဆောင်ခြင်းများကို တွန်းလှန်ဖယ်ရှားပစ်ရမည် ဖြစ်သည်။

**သည်းခံတတ်သောမိခင်၊ အကျိုးပြုသောသြဇာသက်ရောက်မှု** –

တစ်နေ့တစ်နေ့တွင် ဒုက္ခရောက်နေသောသားငယ်သမီးငယ်တို့ထံမှ မေမေ၊ မေမေဟူသောအကူအညီတောင်းသည့် အော်ဟစ်ပြောဆိုသံများကို ကြားရ တတ်သည်။ သူတို့၏အော်ဟစ်တောင်းဆိုသံကိုလိုက်လျောရန် မိခင်သည် ဟိုလှည့်သည်လှည့်လုပ်ရသည်။ သားတစ်ယောက်သည် ဒုက္ခကိုရင်ဆိုင် နေရသည်။ သူ့ရုပ်ထွေးနေမှုနှင့်သူ့အားကယ်လွှတ်ရန် မိခင်၏ခေါင်းအေးအေး ဉာဏ်ကောင်းကောင်းဆောင်ရွက်ပေးမှုကို လိုအပ်နေသည်။ တခြားသား တစ်ယောက်မှာ သူပြီးပြီးမြောက်မြောက်လုပ်ဆောင်ထားသောအရာတစ်ခုကို အလွန်ပင်နှစ်သက်အားရဖြစ်နေ၍ သူကဲ့သို့သူ့မိခင်သည်လည်း နှစ်သက် အားရဖြစ်မည်ဟုယူဆချက်ဖြင့် သူ့ဆောင်ရွက်ခဲ့မှုကို သူ့မိခင်အားမပြော ပြဘဲမနေသင့်ဟု ယုံကြည်လေသည်။ မိခင်၏နှစ်သက်သဘောကျကြောင်း

ပြောသောစကားလုံးသည် နာရီပေါင်းများစွာ သား၏နှလုံးသားထဲသို့လင်း ရောင်ခြည်များ သွတ်သွင်းယူဆောင်လာလိမ့်မည်။ သူမ၏သားသမီးရတနာ

ကလေးများတွင် တန်ဖိုးရှိလှသောလင်းရောင်ခြည်များဆောင်သည့် စိတ်ပျော်ရွှင်ချမ်းမြေ့မှုရှိသောအခြေအနေမျိုးကို မိခင်အနေဖြင့်ဖန်တီးပေးနိုင်သည်။ မိခင်သည်သူတို့နှင့် အတူသွားလာနေထိုင်ရသောကာလသည် ကမ္ဘာပေါ်တွင် နေရောင်ခြည်အထွန်းလင်းဆုံးနေရာ (သို့မဟုတ်) အပျော်ရွှင်ဆုံးနေရာဌာန ဖြစ်စေရန် မိခင်သည် သားသမီးတို့နှင့် ခင်မင်ရင်းနှီးစွာ နှလုံးသားချင်းကို မေတ္တာကြိုးဖြင့် ချည်နှောင်ထားနိုင်သည်။

သို့ရာတွင် မကြာခဏပင် ဤ၊ဂရုစိုက်ရန်မလိုအပ်ဟု လက္ခဏာ ရှိသော အသေးအဖွဲမျိုးစုံစမ်းခြင်းများတို့သည် မိခင်ဖြစ်သူ၏သည်းခံတတ် သောစိတ်ကို ထိုးဆွပေးတတ်ကြသည်။ ဆော့သောလက်ရာများနှင့်အငြိမ် မနေတတ်သောခြေထောက် ကလေးများက မိခင်အတွက်အလုပ်များ၍ ရှုပ်ထွေး သောအခြေအနေကို ဖန်တီးပေးကြသည်။ သူမသည် သူမ၏စိတ်ကိုခိုင်မြဲ စွာချုပ်တည်းထားရသည်။ သို့မဟုတ်လျှင် သူမ၏နှုတ်မှအရေးပါအရာရောက် သောစကားလုံးတို့သည် သူမနှုတ်မှလွှတ်ခနဲထွက်သွားလိမ့်မည်။ သူမသည် အကြိမ်ကြိမ်အဖန်ဖန် သူမ၏ကိုယ်ကိုမေ့ထားရမလောက်ဖြစ်သော်လည်း သူမအားသနားကြင်နာတော်မူသောကယ်တင်ရှင်ကို တိုးတီးစွာပြုလိုက်သော ပတ္ထနာကြောင့် သူမ၏ကိုယ်ကိုသက္ခာရှိရှိဖြင့် ထိန်းထားနိုင်လေသည်။ သူမသည် ဒေါသသံမပါဘဲစကားပြောလေသည်။ သို့ရာတွင် ဟန့်တားထားခဲ့သော ပြင်းထန်သည့်စကားများနှင့် အောင်မြင်စွာထိန်းသိမ်းထားခဲ့သော အမျက်ဒေါသတို့ကိုသာ ပြောဆိုအသုံးပြုခဲ့လျှင် သူမ၏ဩဇာသက်ရောက်မှုသည် အဖတ်ဆယ်၍မရလောက်အောင် ပျက်စီးသွားပေမည်။

ကလေးများတို့သည် လျင်မြန်စွာသိတတ်မြင်တတ်သည်ဖြစ်သောကြောင့် သည်းခံသောစိတ်နှင့်ချစ်ဖွယ်သောလေသံတို့ကို ကလေးတို့၏မေတ္တာ အခိုးအငွေ့ များကို ခြောက်သွေ့ချုပ်ငြိမ်းစေသော သည်းခံခြင်းကင်းမဲ့၍ ဒေါသအလျောက်ပေးသောအမိန့်တို့မှ ခွဲခြားသိမြင်ကြသည်။ စစ်မှန်သောခရစ်ယာန်မိခင်သည် သူမ၏စိတ်တိုခြင်းနှင့်ကိုယ်ချင်းစာနာသောမေတ္တာ ကင်းမဲ့ခြင်းတို့အားဖြင့် သူမ၏သားသမီးတို့ အား မိမိအနားသို့မကပ်ဝံ့အောင် ပြုလုပ်လိမ့်မည်မဟုတ်ပေ။

**စိတ်နှင့်စာရိတ္တများကိုပုံသွင်းရန်** – အထူးသဖြင့် မိခင်ပေါ်တွင် ကြီးလေးသောတာဝန်ရပ်တည်နေသည်။ မိမိ၏အသက်သွေးအားဖြင့် သားသမီးများမွေးဖွားကြီးပြင်းလာအောင် မိခင်သည် သားသမီးတို့၏စိတ်နှင့်စာရိတ္တ များကို ပြုပြင်ပုံသွင်းပေးသော ဉာဏဗလနှင့်ဝိဉာဏဗလဆိုင်ရာ ဩဇာသက်ရောက်မှုတို့ ကိုလည်း ပေးကမ်းထားလေသည်။ တ္တသရေလလူတို့အား ကျွန်ဘဝမှကယ်လွှတ်ခဲ့ သော မောရှေကိုမွေးဖွားခဲ့သည့် ဟေဗြဲလူမျိုးမိခင် ယောခေဗက်သည် "ယုံကြည်ခြင်း အားဖြင့်

ဘုရင့်အမိန့်တော်ကိုမကြောက်ဘဲနေခဲ့သည်။ ဘုရားသခင်၏ညွှန်ကြားချက်ကိုခံရသောသား၊ မဖောက်ပြန်

သောတရားသူကြီး၊ ဣသရေလလူမျိုးတို့၏ဘာသာရေးစာသင်ကျောင်းများ တည်ထောင်ဖွင့်လှစ်ခဲ့သောပုဂ္ဂိုလ်ကြီးဖြစ်သောရှမွေလကိုမွေးဖွားခဲ့သူမှာ အမြဲ တမ်းဆုတောင်းပတ္ထနာပြုလေ့ပြုထရှိ၍ အတ္တစိတ်ကိုဖျောက်ဖျက်ပြီးလျှင် ကောင်း ကင်ဘုံမှနှိုးဆော်ချက်ကိုလက်ခံရရှိခဲ့သော ဟန္နပင်ဖြစ်သည်။ ကယ်တင်ရှင်၏ ရှေ့တော်ပြေးမိခင်ဖြစ်၍ နာဇရက်မြို့သူမာရိနှင့် ဆွေမျိုးအရင်း အချာအနေဖြင့် တော်စပ်သူမှာ ဧလိရှဗက်ပင်ဖြစ်သည်။

**မိခင်တို့သည်ကမ္ဘာ့ကျေးဇူးရှင်များဖြစ်သည်** – အမှန်တရားနှင့် ပြုပြင်ပြောင်းလဲမှုတို့ကိုလိုက်နာကျင့်သုံးရန် မဆုတ်မနစ်ဆော်ဩခဲ့သော ပုဂ္ဂိုလ်ကြီးများဖြစ်သည့်အပြင် လုပ်ရဲကိုင်ရဲသတ္တိခဲဖြစ်၍ စုံစမ်းသွေးဆောင် ခြင်းအမျိုးမျိုးတို့ကို ရင်ဆိုင်ခဲ့ရသော်လည်း မားမားမတ်မတ်ရပ်တည်ပြီးလျှင် လောကီဂုဏ်ဒြပ် (သို့မဟုတ်) မိမိ၏အသက်ထက်သမ္မာတရား၏သန့်ရှင်း သောအကျိုးထူးများနှင့် ဘုရားသခင်၏ဘုန်းတော်ကိုဦးစားပေးသောပုဂ္ဂိုလ်ကြီး များအတွက် မိခင်တို့၏ကျေးဇူးသည် ကမ္ဘာလောကကြီးအတွက် ဘယ်မျှ လောက်ကြီးမားသည်ကို သခင်ဘုရား၏နေ့ရက်က ဖော်ပြလိမ့်မည်။

မိခင်တို့၊ သင်တို့၏ဩဇာသက်ရောက်မှုနှင့်ပုံသက်သေတို့သည် သင်တို့သားသမီးတို့၏အကျင့်စာရိတ္တနှင့်ကံကြမ္မာအပေါ်ထိခိုက်မှုရှိသည်ကို သိရှိကြပါ။ သင်တို့၏ကြီးမားသောတာဝန်ကြောင့် သမ္မစိတ္တဖြစ်သောစိတ် မျိုးနှင့် စင်ကြယ်သောစာရိတ္တကိုမွေး၍ မှန်ကန်သောအရာ၊ ကောင်းသော အရာနှင့် လှပသောအရာတို့ကိုသာရောင်ပြန်ဟပ်စေပါ။

–––o–––

# အခန်း ၄၀
# မိခင်၏လုပ်ငန်းနှင့်ပတ်သက်၍အလွဲယူဆချက်

**မိမိ၏အလုပ်သည်အရေးပါအရာမရောက်ဟု မိခင်ယူဆတတ်**

**သည်** – မိခင်လုပ်ကိုင်ရသောအလုပ်သည် သူမအတွက်အရေးပါအရာ မရောက်ဟူ၍ မိခင်တို့သည် မကြာခဏပင်ယူဆတတ်ကြသည်။ သူမ၏ လုပ်ဆောင်ရသောလုပ်ငန်းမျိုးကို နှစ်ခြိုက်သဘောကျသူများ မရှိသလောက် ရှားပါးသည်။ သူမ၏မြားမြောင်လှသောစိုးရိမ်ကြောင့်ကြမှုများနှင့် ဝန်ထုပ် များကိုသိရှိကြသောလူဦးရေမှာလည်း နည်းပါးလှသည်။ သူမ၏နေ့ရက် ကာလမှာလည်း အသေးအမွှားလုပ်ဆောင်ချက်များဖြင့်သာ အချိန်ကုန်နေ၍ ယင်းအသေးအမွှားလုပ်ဆောင်ချက်များကိုလုပ်ကိုင်ရာတွင်လည်း သည်းခံ သောကြိုးပမ်းမှု၊ ကိုယ့်ကိုကိုယ်ချုပ်တည်းမှု၊ ဖြတ်ထိုးဉာဏ်သုံးစွဲမှု၊ ဉာဏ် ပညာရှိမှုနှင့်ကိုယ်ကျိုးမငဲ့သောမေတ္တာမျိုးများကို လိုက်နာကျင့်သုံးရန်လိုအပ် ပေသည်။ သို့စေကာမူ သူမဆောင်ရွက်ခဲ့သမျှကို ကြီးမားသောအောင်မြင် မှုအနေဖြင့် ဝါကြွားပြောဆိုခြင်းမပြုနိုင်ပေ။ သူမအနေဖြင့် အိမ်ထောင်၏ ဝေယျာဝစ္စများကို ချောချောမောမောဖြစ်အောင်သာလျှင် ပြုလုပ်ခဲ့သည်။ မကြာခဏပင်သူမသည် မောပန်းစိတ်ရှုပ်ထွေးလျက် သူမသည်သားသမီး တို့အား သနားကြင်နာတတ်သောလေသံမျိုးဖြင့် ပြောဆိုဆက်ဆံရန်လည်း ကောင်း၊ သားသမီးတို့အား၊ အားလပ်ချိန်မရှိသော်လည်း ပျော်ရွှင်ချမ်းမြေ့ စေရန်လည်းကောင်း၊ သူတို့အားမှန်သောလမ်းထဲ၌လျှောက်လိုက်စေရန် လည်းကောင်း သူမသည်ကြိုးပမ်းခဲ့သည်။ သူမအနေဖြင့် ဘာတစ်ခုမှပြီးပြီး မြောက်မြောက်လုပ်ကိုင်ခဲ့ခြင်းမရှိဟူ၍ ယူဆတတ်သည်။ သို့ရာတွင် ထိုကဲ့သို့ မဟုတ်ပေ။ ကောင်းကင်တမန်များက စိုးရိမ်ကြောင့်ကြမှုများသောမိခင်ကို စောင့်ကြည့်နေ၍ နေ့ရက်အစဉ်အတိုင်း သူမထမ်းဆောင်ရသောဝန်များကို မှတ်သားထားကြသည်။ သူမနာမည်ကို ကမ္ဘာလောကကြီးတွင်ကြားရမည် မဟုတ်သော်လည်း၊ ယင်းနာမည်ကို သိုးသငယ်တော်၏အသက်စာစောင်တွင် ရေးမှတ်ထားလျက်ရှိသည်။

စနစ်တကျစီစဉ်လုပ်ကိုင်ထိန်းသိမ်းထားသောအိမ်ထောင်တွင် လုပ်ကိုင်ဆောင်ရွက်သင့်သောအရာဟူသမျှကို မိမိကိုယ်တိုင်၏လက်များဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် အောက်ကျသည်ဟူသောသဘောမထားဘဲ ဇနီးကောင်း (သို့မဟုတ်) မိခင်ကောင်းသည် မိမိ၏တာဝန်ကိုဂုဏ်ရှိရှိဖြင့် လည်းကောင်း၊ ဝမ်းမြောက်သောစိတ်ဖြင့်လည်းကောင်း ဆောင်ရွက်လိမ့်မည်။

**သာသနာဆိုင်ရာလုပ်ငန်းထက်အောက်တန်းကျသည်ဟုသဘော**
**ထားတတ်ခြင်း** – မိခင်၏အလုပ်အကိုင်သည် ဘယ်မျှလောက်အရေးပါ

အရာရောက်သည့်လုပ်ငန်းဖြစ်ဘိသနည်း။ သို့စေကာမူ သာသနာဆိုင်ရာ လုပ်ငန်းကိုလုပ်ကိုင်လိုကြောင်း မိခင်တို့၏ညည်းတွားပြောဆိုသံကို ကျွန်ုပ် တို့ကြားရသည်။ သူတို့သည် နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့သွားရောက်၍ အမှုတော်ထမ်းနိုင်ခဲ့လျှင် သူတို့သည် အကျိုးရှိရာရှိကြောင်း တစ်ခုခုကို ပြုလုပ်ရသည်ဟူသော ခံစားချက်မျိုးရှိနေတတ်သည်။ သို့ရာတွင် အိမ်ထောင် ဆိုင်ရာတာဝန်များကိုထမ်းဆောင်နေရခြင်းသည် မောပန်းဖွယ်လည်းဖြစ်၍ ကျေးဇူးအတင်မခံရသောအလုပ်မျိုးဖြစ်သည်ဟူသော ခံစားချက်မျိုးမိခင်တို့၌ ရှိတတ်သည်။

သာသနာဆိုင်ရာအမှုတော်ထမ်းဆောင်ရန် ညည်းတွားပြောဆိုနေ သောမိခင်များအတွက် မိမိတို့၏အိမ်ထောင်၌မှာပင် သူတို့လုပ်ကိုင်လိုသော အလုပ်လုပ်ခွင့်ရှိသည်။ သူမတို့သားသမီးများ၏ဝိညာဉ်များသည် သာသနာပ လူတို့၏ဝိညာဉ်နှင့်ထပ်တူထပ်မျှပင် တန်ဖိုးရှိသည်မဟုတ်ပါလော။ သားသမီး တို့၏ကြီးထွားပြီးရင့်သန်လာသောစိတ်များကို ဂရုတစိုက်နှင့်ယုယစွာစောင့်ကြည့်၍ သူတို့၏စိတ်ကူးဉာဏ် များကို ဘုရားသခင်နှင့်ဆက်သွယ်ပေးရမည်မဟုတ်ပါလော။ ဤလုပ်ငန်းကိုချစ် တတ်၍ ဘုရားသခင်ကိုကြောက်ရွံ့ရှိသေသောစိတ် မိခင်လောက်ကျေပွန်စွာလုပ်ကိုင်နိုင်သောသူရှိပါသေးသလား။

ဘာသာရေးဆိုင်ရာလုပ်ငန်းကို တက်တက်ကြွကြွမဆောင်ရွက်ရလျှင် သူတို့သည် ဘုရားသခင်၏အလိုတော်ကိုဆောင်ရွက်ခြင်းမရှိကြဟု ယူဆကြသော သူအချို့ရှိကြသည်။ ဤသဘောထားသည်မှားယွင်းသည်။ လူတိုင်း ဘုရားသခင် အတွက်ဆောင်ရွက်ရန်အလုပ်ရှိသည်။ အိမ်ထောင်ကိုသာယာ ချမ်းမြေ့သောနေရာဖြစ်အောင်ပြုလုပ်ခြင်းသည် အံ့သြဖွယ်ကောင်းသောအလုပ် ဖြစ်သည်။ မည်မျှပင်နိမ့်ကျသောစွမ်းရည်ဖြစ်စေကာမူ ယင်းစွမ်းရည်ကိုရရှိ ထားသောပုဂ္ဂိုလ်သည် မိမိ၏စိတ်နှလုံးကို ဘုရားသခင်အားဆက်ကပ်ထား သူဖြစ်လျှင် သူ့အိမ်ထောင်သည် ဘုရားသခင်၏စိတ်တော်နှင့်တွေ့သော အိမ်ထောင်ဖြစ်လိမ့်မည်။ ဘုရားသခင်အတွက်စိတ်အားထက်သန်စွာ ဆောင်ရွက်မှုကြောင့် တောက်ပသောအလင်းရောင်သည် ထွန်းတောက်လိမ့် မည်။ အမျိုးသားအမျိုးသမီးတို့သည် သူတို့ကြားသိရသမျှသောအရာများကို စိတ်ရောကိုယ်ပါလိုက်နာကျင့်သုံးခြင်းအားဖြင့်လည်းကောင်း၊ ဘုရားသခင်၏ အမျက်တော်ရှိစေမည့်အနေအထိုင်မျိုးကိုရှောင်ရှား၍ ဘုရားသခင်အားကြောက်ရွံ့ ရိုသေသောဘဝမျိုး၌ကျင်လည်ရန် သားသမီးတို့အားသွန်သင်ဆုံးမခြင်းအားဖြင့်လည်းကောင်း၊ အမျိုးသားအမျိုးသမီးတို့သည် တရားဟောစင်မြင့်ပေါ်၌ ဓမ္မအမှုတော်ကိုထမ်းဆောင်နိုင်သည်။

ဆောင်ရွက်စရာရှိသမျှတို့ကို လိုလိုလားလားဖြင့်လည်းကောင်း၊ ပျော်ရွှင်သောစိတ်ထားအားဖြင့် ခင်ပွန်းတို့၏ဝန်ထုပ်များကို ကူညီထမ်းဆောင်၍ ဘုရားသခင်အတွက်သားသမီးတို့အား သွန်သင်ပေးခြင်းအားဖြင့်လည်း ကောင်းဆောင်ရွက်နေကြသောအမျိုးသမီးများသည် သာသနာပြုဆရာများပင်ဖြစ်ကြသည်။

**ဘာသာရေးဆိုင်ရာလုပ်ဆောင်မှုတို့သည် အိမ်ထောင်အားကြည့်ရှုထိန်းသိမ်း ရသောတာဝန်ကိုမပယ်ဖျက်စေသင့်ပေ** – မိခင်အနေဖြင့်ဖြစ်စေ၊ ဇနီးအနေဖြင့်ဖြစ်စေ သင်တို့၏တာဝန်ကိုလျစ်လျူရှုလျက် သင်၏လက်

ထဲသို့ အခြားသောလုပ်ငန်းတစ်ခုခုကိုအပ်နှင်းပေးရန် ဘုရားသခင်အား တောင်းဆိုလျှင် ကိုယ်တော်ရှင်သည် မိမိကိုယ်တိုင်တော်ကိုဆန့်ကျင်ဘက်ပြု၍ လုပ်ကိုင်တော်မူမည်မဟုတ်သည်ကို တထစ်ချမှတ်ထားပါ။ အိမ်ထောင်၌ဆောင်ရွက်ရမည့်ဝတ္တရားများကို ကိုယ်တော်ရှင်သည် သင့်အားညွှန်ပြထားတော်မူသည်။ သင့်အားအပ်နှင်းထားသောအလုပ်အကိုင်ထက် ပိုမိုကြီးကျယ်၍ ပိုမိုသန့်ရှင်းမြင့်မြတ်သောအလုပ်အကိုင်ရှိသေးသည်ဟူသော သဘောထားမျိုးထားရှိလျှင် သင်သည် လှည့်ဖြားမှုကိုခံနေရလေပြီ။ သင်၏ အိမ်ထောင်၌ သစ္စာရှိစွာဆောင်ရွက်လုပ်ကိုင်၍ သင်နှင့်ရင်းရင်းနှီးနှီးနီးစပ်လျက်ရှိသော သူတို့၏ဝိညာဉ်အတွက်တာဝန်ကိုထမ်းဆောင်လျှင် သင်သည် ခရစ်တော်အတွက်အမှုတော်ထမ်းရန် ပိုမိုကျယ်ပြန့်သောနေရာဌာနတို့တွင် အံဝင်ခွင်ကျဖြစ်လိမ့်မည်။ သို့ရာတွင် အိမ်ထောင်တွင် မိမိတို့၏တာဝန်ကို ထမ်းဆောင်ရန် ပျက်ကွက်သောသူတို့သည် အခြားသောဝိညာဉ်များအတွက် ဆောင်ရွက်ရန် အဆင်သင့်မဖြစ်သည်ကို တထစ်ချမှတ်ထားပါ။

သင်တို့၏အိမ်ထောင်၊ သင်တို့၏ခင်ပွန်းများနှင့်သားသမီးတို့ကို လျစ်လျူရှုထားရန် ဘုရားသခင်သည် သင်တို့အားခေါ်တော်မူသည်မဟုတ်ပေ။ ကိုယ်တော်ရှင်သည် ဘယ်သောအခါမျှ ယင်းကဲ့သို့ဆောင်ရွက်တော် မူခြင်း မရှိပေ။ ဘယ်အခါမျှဆောင်ရွက်တော်မူလိမ့်မည်မဟုတ်ပေ။ သင်တို့၏ အဖိုးထိုက်သောသိုးစုငယ်ကလေးနှင့် ကင်းကွာနေရသောအလုပ်မျိုးကို ဘုရားသခင်သည် သင်တို့အားပေးထားတော်မူသည်ဟု ဘယ်သောအခါမျှ မယူဆပါလေနှင့်။ မသင့်လျော်သောအပေါင်းအသင်းရောင်းရင်းတို့နှင့် ပေါင်းသင်းဆက်ဆံ၍ မိခင်အပေါ်ရှိသေလေးစားမှုမထားခြင်းအားဖြင့်အကျင့်ဖောက်ပြန်စေရန် သားသမီးတို့ကိုလွှတ်မထားပါနှင့်။ ယင်းကဲ့သို့လွှတ်ထားခြင်းသည် သင်၏အလင်းကိုမှားယွင်းစွာထွန်းလင်းနေစေခြင်းဖြစ်သည်။ ထို့ပြင်မက သင်တို့၏သားသမီးတို့အား ဘုရားသခင်၏အလိုတော်နှင့် ညီလျော်စွာကြီးထွားစေ၍ နောက်ဆုံး၌ကောင်းကင်နိုင်ငံတော်သို့ ဝင်စားနိုင်သောအခြေအနေသို့ ပို့ဆောင်ပေးရမည့်ကိစ္စကို သင်တို့၏ပေါ့လျော့မှုကြောင့် ပိုမိုခဲယဉ်းလေသည်။ ဘုရားသခင်သည် သင်တို့၏သားသမီးများကို ဂရုစိုက်တော်မူသောကြောင့် သင်တို့သည် သင်တို့ကိုယ်ကို ဘုရားသခင်၏သားသမီးဟုခေါ်ဆိုလျှင် သင်တို့၏သားသမီးတို့ကိုလည်း သင်တို့ဂရုစိုက်ကူရမည် ဖြစ်သည်။

သားသမီးများတို့၏ပထမအရွယ်များတွင် သူတို့သည် အကောင်းဟူသမျှဘက်သို့စိတ်ယိုင်နေစေရန် မိခင်တို့အနေဖြင့် အမြဲတမ်းလုပ်ကိုင်

ဆောင်ရွက်ခြင်း၊ စောင့်ကြည့်နေခြင်းနှင့်ဆုတောင်းခြင်းများ ပြုလုပ်ပေးရမည့် အချိန်ဖြစ်သည်။

ယင်းကဲ့သို့ပြုလုပ်ခြင်းကိုအဆက်မပြတ်စေရ။ မိခင်များအနေဖြင့် သာသနာပြု လုပ်ငန်းကိုလုပ်ကိုင်နိုင်စေရန် မိခင်များမျက်နှာစုံညီ စည်းဝေးကိုတက်ရောက် ခြင်းများနှင့် အပ်ချုပ်လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်ခြင်းများကိုပြုလုပ်ရန် စေခိုင်းခြင်းကိုခံရပေမည်။ သို့ရာတွင် သင်တို့ မရှိခိုက် သင်တို့၏သားသမီး များကို သစ္စာရှိစွာဖြင့်လည်းကောင်း၊ အရည် အချင်းပြည့်ပြည့်ဖြင့်လည်းကောင်း သင်ကြားပြသနိုင်သောပုဂ္ဂိုလ်များထားရှိ ရန် စီစဉ်၍မရနိုင်လျှင် သင်တို့အနေ ဖြင့် ဘယ်နည်းနှင့်မျှလျစ်လျူရှုနိုင်သော အခြားအလုပ်တစ်ခုကို ဘုရားသခင်က သင်တို့အားပေးထားကြောင်းကို သင်တို့က ယင်းစေခိုင်းချက်ကိုအဖြေပေးရန် သင်တို့၏တာဝန်ဖြစ်သည်။ သင်တို့၏သားသမီးငယ်များကို သင်ကြားပြသ ဆုံးမဩဝါဒပေး၍ ဘုရားသခင် ၏အလိုတော်နှင့်ညီလျော်သောအခြေအနေ၌ ရပ်တည်နေစေရန် မဆောင်ရွက် နိုင်လောက်အောင် အချိန်ကုန်လူပန်းစေမည့် အခြားအလုပ်များကို သင်တို့ သည်လုပ်ကိုင်ခြင်းမပြုနိုင်ပေ။ ခရစ်တော်နှင့်လက် တွဲဆောင်ရွက်သောပုဂ္ဂိုလ် အနေဖြင့် သင်တို့သားသမီးများကို ကိုယ်တော်ထံသို့ ယူဆောင်လာသောအခါ သူတို့သည်စည်းကမ်းသေဝပ်၍ သွန်သင်ဆုံးမခြင်းခံ ရပြီးသူများဖြစ်ရကြမည်။

သားသမီးများတို့၏အကျင့်စာရိတ္တပျက်ပြားမှုအတွက် မိခင်များတို့ သည် တာဝန်အရှိဆုံးဖြစ်သည်။ မိမိတို့၏သားသမီးများအား ကြည့်ရှု ထိန်းသိမ်းစောင့်ရှောက်သွန်သင်ဆုံးမခြင်းကို ဟန့်တားထားမည့် မည်သည့် သာသနာဆိုင်ရာလုပ်ငန်းကိုမဆို မိခင်အနေဖြင့်လက်မခံသင့်ပေ။ မိခင်အနေ ဖြင့် အကောင်းဆုံးလုပ်ကိုင်နိုင်သောအလုပ်သည် သူမ၏သားသမီးများကို သွန်သင်ဆုံးမခြင်းဖြစ်သည်။

သွန်သင်ဆုံးမပဲ့ပြင်မှုအတွက် မိခင်အပေါ်၌အမှီတံကဲပြုနေသော သူတို့အတွက် အချိန်ယူလုပ်ကိုင်ဆောင်ရွက်ပေးခြင်းအားဖြင့် မိခင်သည် အသင်းတော်အား အကောင်းဆုံးသောအကူအညီကိုပေးနိုင်သည်။

**ပိုမိုကျယ်ပြန့်သောသာသနာလုပ်ငန်းအတွက်ရည်မှန်းလုပ်ကိုင် ခြင်းသည်အချည်းနှီးဖြစ်သည်** – အချို့သောမိခင်များသည် သူတို့လုပ်ကိုင် ဆောင်ရွက်ရမည့် ရိုးရိုးဖြစ်သောတာဝန်များကိုလျစ်လျူရှု၍ သာသနာပြု ဆိုင်ရာလုပ်ငန်းများကိုလုပ်ကိုင်ရန် လိုလားကြသည်။ သားသမီးများကို လျစ်လျူရှုထားကြ၏။ အိမ်ထောင်သည် ပျော်ရွှင်သာယာချမ်းမြေ့မှုမရှိ။ ဆူပူငေါက်ငေါ်ခြင်းနှင့်ညည်းညူခြင်းတို့သည် မကြာခဏဖြစ်ပေါ်လာကြ သည်။ ထိုကြောင့် သားသမီးတို့အနေဖြင့် အိမ်ထောင်သည် နေထိုင်စရာ

မကောင်းဆုံးသောနေရာဖြစ်သည်ဟူသော စိတ်ဓာတ်မျိုးဖြင့်ကြီးထွားလာကြ သည်။ ထိုကြောင့်သူတို့သည် မိမိတို့အိမ်ထောင်မှထွက်ခွာသွားရမည့်အချိန် ကို စောင့်စားမျှော်လင့်နေကြလျက် အိမ်ထောင်၏ဆုံးမပဲ့ပြင်ခြင်းနှင့်မိခင် တို့၏ကြင်နာသောအကြံဉာဏ်များကိုမရရှိဘဲ ပြင်ပလောကကြီးထဲသို့ဝင်သွား ပြန်လျှင်လည်း စိတ်မပါ့တပါဖြင့်ဝင်ရောက်သွားကြသည်။

ဤနုနယ်သောနုလုံးသားတို့ကို မိမိတို့နှင့်ချည်နှောင်ထား၍ သူတို့အားမှန်ကန်စွာလမ်းပြပို့ဆောင်မှုကိုပေးမည်ဟူသော ရည်စူးချက်ကိုထားသင့်သောမိဘတို့သည် ဘုရားသခင်ကသူတို့အား ပေးကမ်းထားသောအခွင့်အရေးများကို ဖြုန်းတီးပစ်၍ သူတို့ဘဝအသက်တာ၏အရေးပါအရာအရောက်ဆုံးဖြစ်သော တာဝန်များကိုကျောခိုင်းလျက် ပိုမိုကျယ်ပြန့်သောသာသနာပြုဆိုင်ရာလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ရန် အချည်းနှီးမျှော်မှန်းရော်ရမ်းကြိုးပမ်းလျက်ရှိကြသည်။

---o---

# အခန်း ၄၁
# မိခင်ဘဝ၏မပြည့်စုံသောပုံစံများ

**မာတုရသေခြင်းခံရသူဟုယူဆထားသောသူ** – အိမ်ရှင်မဖြစ်သူ၏အကျိုးမဲ့သောညည်းညူမှုကြောင့်လည်းကောင်း၊ ရိုးသား၍ဟန်ဆောင်မှုကင်းသောအိမ်တွင်းရေးရာနှင့်သာ လုံးဝရင်ဆိုင်သောလုပ်ငန်းဆောင်တာ များကို သူမ၏ကျောခိုင်းမှုကြောင့်လည်းကောင်း အိမ်ထောင်များစွာတို့သည် များစွာစိတ်မချမ်းမသာသောအဖြစ်မျိုးကို ရင်ဆိုင်ကြရသည်။ သူမ၏စိုးရိမ်ကြောင့်ကြဖြစ်ရမှုနှင့် ဆောင်ရွက်ရမည့်တာဝန်များကို အခက်အခဲများအနေဖြင့်သဘောထားသည်။ ပျော်ရွှင်သောစိတ်ထားဖြင့်ဆောင်ရွက်လျှင် စိတ်ကြည်နူးဖွယ်ရာနှင့်စိတ်ဝင်စားဖွယ်ရာဖြစ်သည်သာမက အကျိုးလည်းဖြစ်ထွန်းသောလုပ်ငန်းသည် ငြီးငွေ့ဖွယ်ရာဖြစ်လာပါသည်။ သူမ၏ကျေးကျွန်ကဲ့သို့သောဘဝအသက်တာကို မနှစ်မြို့သောစိတ်ထားဖြင့်ကြည့်ရှုလျက် သူမကိုမာတုရသေခြင်းခံရနေသူဟု ယူဆလေသည်။

အိမ်ထောင်မှုဆိုင်ရာယန္တရားကြီး၏ဘီးများသည် အမြဲတမ်းချောမောစွာလည်ပတ်မည်မဟုတ်ဟု ဆိုခြင်းသည်မှန်ကန်ပေသည်။ ခန္တီပါရမီကို

စုံစမ်း၍ အားအင်ကိုကုန်ခန်းစေသောအရာမြောက်မြားစွာရှိသည်။ သို့ရာတွင် မိခင်များအနေဖြင့် ထိန်းမနိုင်သိမ်းမရဖြစ်သောအခြေအနေများသည် သူတို့၏ ပယောဂမဟုတ်သောကြောင့် မိခင်တို့၏ဘဝအသက်တာတစ်ခုလုံးဆိုင်ရာ တာဝန်များကိုထမ်းဆောင်ရာတွင် ပေါ်ပေါက်လာရသောအခြေအနေများက မိခင်တို့၏ထမ်းဆောင်မှုခြားနားစေသည်ကိုငြင်းပယ်ရန် အချည်းနှီးပင်ဖြစ် သည်။ သို့ရာတွင် အခြေအနေကိုအုပ်စိုးခွင့်ပေး၍ သူတို့အခြေခံကျင့်ဝတ် ကိုလည်း မှောက်လှန်ခွင့်ပြုလျှင်လည်းကောင်း၊ သူတို့သည်မောပန်းသော ကြောင့် သူတို့အားအပ်နှံထားသောတာဝန်အပေါ်သစ္စာမဲ့၍ သူတို့သိသော တာဝန်ကိုလျစ်လျူရှုထားလျှင်လည်းကောင်း သူတို့အပြစ်ဖြစ်လာသည်။

အခြားသောသူတို့သည် ကြိုးစားအားထုတ်မှုပြုရန် သည်းခံသော စိတ်နှင့် ကြံ့ခိုင်သောစိတ်ထားကင်းမဲ့မှုကြောင့် သူတို့အားနစ်မွန်းစေသော အခက်အခဲများကို မြင့်မြတ်သောစိတ်ထားနှင့် အောင်မြင်နိုင်နင်းကြသော ဇနီးသည်နှင့်မိခင်ဖြစ်သူ သည် သူမ၏တာဝန်ကိုထမ်းဆောင်ရာတွင် သူမ ကိုယ်တိုင်ကြံ့ခိုင်မှုရှိသည်သာမက စုံစမ်းသွေးဆောင်ခြင်းနှင့်ခလုတ်တံသင်း များကို အောင်မြင်နိုင်နင်းသော သူမ၏ အတွေ့အကြုံက သူမအားစကား အားဖြင့်လည်းကောင်း၊ ပုံသက်သေအားဖြင့်လည်းကောင်း သူတစ်ပါးတို့ကို အင်တိုက်အားတိုက်အထောက်အကူပေးနိုင်သော အရည်အသွေးနှင့်ပြည့်ဝ စေလေသည်။ မကောင်းသောအခြေအနေမျိုးတွင် လိုလေသေးမရှိအောင် ဆောင်ရွက်နိုင်သောသူတို့သည် ခက်ခဲသောအခြေအနေနှင့်စုံစမ်းခံရသော အခြေအနေမျိုးတွင် သူတို့၏အကျင့်စာရိတ္တသည် ပြောင်းလဲသွားဟန်လက္ခဏာ ရှိသည်။ သူတို့ရင်ဆိုင်ရသောဒုက္ခတို့၏ပမာဏအတိုင်း သူတို့သည်ဆုတ်ယုတ် မှုကိုရင်ဆိုင်ကြရသည်။ ကျွန်ုပ်တို့သည် အခြေအနေ၏ ခြယ်လှယ်မှုကိုခံရ သောဘဝမျိုးတွင် ကျင်လည်နေကြစေရန် ဘုရားသခင်သည် ရည်စူးတော် မူခြင်းမရှိခဲ့ပေ။

**အပြစ်မကင်းသောစိတ်မကျေနပ်မှုကိုရင်ဝယ်ပိုက်ထားခြင်း** – အိမ်ထောင်တွင်စွဲမက်ခင်တွယ်စရာတစ်ခုမျှပင် မတွေ့ရသောအခါ၌လည်း ကောင်း၊ အမြဲဆူပူကြိမ်းမောင်းခြင်းနှင့်ညည်းညူခြင်းတို့ကို ကြားနေရလျှင် လည်းကောင်း ခင်ပွန်းဖြစ်သူနှင့်သားသမီးတို့သည် ခွက်ခြင်ရောင်းသော အရက်ဆိုင်၌ဖြစ်စေ၊ စာရိတ္တပျက်ပြားစေသည့်ပျော်ရွှင်မှုပေးဟန်လက္ခဏာ ရှိသောနေရာများ၌ဖြစ်စေ၊ အိမ်နှင့်ဝေးလံသောနေရာများတွင် စိတ်ချမ်းသာ မှုကိုရှာဖွေတတ်ကြသည်။ အိမ်ထောင်၏တာဝန်များအားဖြင့် မအားမလပ် ဖြစ်နေမှုကြောင့် ဇနီးလည်းဖြစ်၊ မိခင်လည်းဖြစ်သောအိမ်ရှင်မသည် သူ့ခင်ပွန်းနှင့်သားသမီးတို့၏ရှေ့တွင် သူ့ထုံး

ခြားသောစိတ်ရှုပ်မှုနှင့်အခက် အခဲများကို ရေငုံနေခဲ့လင့်ကစား အိမ်ထောင်သည် သူတို့အတွက် သာယာ

နာပျော်ဖွယ်ဖြစ်သောနေရာအဖြစ်သို့ရောက်စေသော သူမပြုအပ်သောလောက ဝတ်ဆိုင်ရာလုပ်ငန်းများကို မကြာခဏပင်မစဉ်းစား၊ ဂရုမစိုက်ဘဲနေမိတတ် သည်။ စားရေးသောက်ရေးနှင့်ဝတ်စားဆင်ယင်မှုအတွက် သူမသည်လုံးပန်း နေစဉ်တွင် ခင်ပွန်းဖြစ်သူနှင့်သားတို့သည် ဧည့်သည်အာဂန္တုများကဲ့သို့ ဝင်ထွက်သွားလာနေကြသည်။

အိမ်ရှင်မသည် သူမ၏ပြင်ပတာဝန်များကို တိကျသေချာစွာ ထမ်းဆောင်နေကာမူ ကျွန်ဘဝနှင့်မခြားကျင်လည်နေရသော သူမ၏ဘဝ ကို အမြဲတမ်းညည်းညူပြောဆိုလျက် သူမအနေဖြင့် သတ်မှတ်ထားသော အမျိုးသမီးတို့၏အမြင့်မားဆုံးသော ဘဝအသက်တာနှင့်နှိုင်းယှဉ်ခြင်းအား ဖြင့် သူမထမ်းဆောင်နေရသောဝန်တာများနှင့် ကျဉ်းကျပ်မှုများကိုပုံကြီးချဲ့ ၍ပြောသော ဘဝအသက်တာမျိုးကို မျှော်လင့်တောင့်တနေစဉ်ပင်အပြစ် မကင်းသောကင်းမြီးများအတွက် အိမ်ထောင်တွင်သာယာပျော်ရွှင်မှုဟူ၍ ဗလာနတ္ထိမရှိအောင်ပြုလုပ်နေပါသည်။

**လောက၏မှားယွင်းမှုများဖြင့်မအားမလပ်ဖြစ်နေခြင်း** – မိဘများ နှင့်သားသမီးတို့အတွက် စာတန်သည် နှစ်မြို့ဖွယ်သောဆွဲဆောင်မှုများကို ပြင်ဆင်ထားရှိသည်။ မိခင်များအပေါ်လိမ်လည်လှည့်ဖြားမှုဖြင့် လွှမ်းမိုး ထားနိုင်လျှင် သူ့အတွက်များစွာအကျိုးဖြစ်ထွန်းလိမ့်မည်ကို စာတန်သည် သိရှိသည်။ လောက၏လုပ်နည်းလုပ်ဟန်တို့သည် လိမ်လည်လှည့်ဖြားမှုနှင့် စိတ်မချမ်းမသာမှုတို့ဖြင့် ပြည့်နှက်လျက်ရှိသည်။ သို့ရာတွင် ယင်းတို့ကို စွဲမက်ဖွယ်ဖြစ်အောင်လုပ်ထားပါသည်။ ကလေးများနှင့်လူငယ်လူရွယ်တို့ကို ကောင်းမွန်စွာထိန်းကျောင်းလျက် စည်းကမ်းတကျမထားရှိလျှင် သူတို့သည် လမ်းလွဲသို့လိုက်ကြလိမ့်မည်။ အတည်တကျဖြစ်သော အခြေခံကျင့်ဝတ် များလက်ကိုင်မရှိသောကြောင့် သူတို့သည် စုံစမ်းသွေးဆောင်ခြင်းကို တွန်းလှန်တားဆီးနိုင်ရန် ခက်ခဲပေလိမ့်မည်။

**မလိုအပ်သောဝန်ထုပ်များလက်ခံဆောင်ရွက်ခြင်း** – မိခင်အများ တို့သည် အလိုရှိအပ်သောအရာများကိုဆောင်ရွက်ခြင်းအားဖြင့် သူတို့၏ အချိန်ကို အသုံးပြုနေကြသည်။ သူတို့သည် အချိန်နှင့်လည်းကောင်း၊ အာရုံငါးပါးနှင့်ဆိုင်သောအရာများကိုလည်းကောင်း ရှိသမျှအချိန်ကိုပေး၍ ဆောင်ရွက်လျက် ထာဝရကာလဆိုင်ရာကိစ္စတို့ကိုကား စိတ်ကူးခြင်းမရှိကြပေ။ မြောက်မြားစွာသောကလေးသူငယ်တို့သည် မိဘတို့၏လျစ်လျူရှုထားမှုကြောင့် ကြမ်းတမ်း၍ယဉ်ကျေးမှုကင်းသောလမ်းစဉ်အတိုင်း ကြီးပြင်းလာ ကြသည်။

မိဘများအထူးသဖြင့် မိခင်တို့သည်သူတို့အား ဘုရားသခင်ပေးထားတော်မူသောအရေးကြီး၍ တာဝန်ကြီးသောအလုပ်ကိုဆောင်ရွက်ရန် မှန်ကန်သောအသိတရားရှိသောအခါ သူတို့နှင့်လုံးဝမသက်ဆိုင်သော သူတို့အိမ်နီးပါးချင်းတို့၏အကြောင်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေရန် အကြောင်းရှိမည်မဟုတ်ပေ။ သူတို့သည် တစ်အိမ်တက်ဆင်းသွားရောက်လျက် ဂုဏ်ရှိစွာစကားအရောင်းအဝယ်လုပ်မည်မဟုတ်ပေ။ သူတစ်ပါးတို့၏အပြစ်အနာအဆာများ၊ အပြောမှားအဆိုမှားများ၊ အိမ်နီးပါးချင်းတို့၏အပြောတစ်မျိုးအလုပ်တစ်မျိုးကိစ္စများကို ဋီကာချဲ့၍မြိန်ရှက်စွာစားမြုံ့ပြန်ကြလိမ့်မည်မဟုတ် ပေ။ သားသမီးတို့အားထိန်းသိမ်းကြည့်ရှုပြုစုရသောတာဝန်၏လေးလံပုံကို အာရုံပြုနေရသောကြောင့် သူတို့အိမ်နီးပါးချင်းများအား ကဲ့ရဲ့သင်္ဂြိုဟ်ပြော ဆိုရန်သူတို့အနေဖြင့်အချိန်ပင်မရကြပေ။

အမျိုးသမီးများသည် ခွန်အားနှင့်စိတ်ချမ်းသာမှုအတွက် ဘုရားသခင်အထံတော်မှငုံ့လင့်နေ၍ ကိုယ်တော်ကိုကြောက်ရွံ့ခြင်းဖြင့် သူတို့၏နေ့စဉ်ဝန်တာများကိုထမ်းဆောင်လျှင် သူမတို့ခင်ပွန်းများ၏လေးစားမှုနှင့်ယုံကြည်မှုတို့ကိုခံရ၍ မှန်ကန်စွာလုပ်ရည်ကိုင်ရည်ရှိသော စာရိတ္တကြံ့ခိုင်မှုမျိုးအပြည့်အဝရှိသည့် ဂုဏ်အသရေနှင့်ပြည့်စုံသော ယောကျ်ားကြီးများနှင့်မိန်းမကြီးများအဖြစ်သို့ ကြီးထွားရင့်သန်လာကြသည်ကို တွေ့မြင်ကြရလိမ့်မည်။ သို့ရာတွင် ပစ္စုပ္ပန်အခွင့်အရေးများကိုလျစ်လျူရှု၍ သူတို့ထမ်းဆောင်ရမည့် တာဝန်များတို့ကိုအခြားသောသူတို့၏ပခုံးပေါ်သို့ ပြောင်းရွှေ့ပေးသောမိခင် တို့သည် သူတို့၏တာဝန်များသည် ရှိရင်းအခြေအနေကာလတွင် ရပ်တည်နေသည်ကိုတွေ့မြင်၍ သတိတရားကင်းမဲ့စွာနှင့်ပေါ့လျော့စွာစိုက်ပျိုးခဲ့သောအရာကို များစွာစိတ်ဒုက္ခရောက်ခြင်းဖြင့် ရိတ်သိမ်းရကြလိမ့်မည်။ ဤဘဝအသက်တာတွင်ကြုံကြိုက်၍ ဖြစ်ခြင်းဟူ၍မရှိပေ။ ရိတ်သိမ်းမှုကိုစိုက်ပျိုးထားသောအရာက အဆုံးအဖြတ်ပေးသည်။

———o———

# အခန်း ၄၂
# မိခင်၏ကျန်းမာရေးနှင့်ပုဂ္ဂလိကအမူအရာ

**မိခင်၏ကျန်းမာရေးကိုထိန်းသိမ်းထားရမည်** – မိခင်၏ခွန်အားကိုယုယစွာထိန်းသိမ်းထားရမည်။ သူမ၏တန်ဖိုးရှိလှသောအင်အားကို ပင်ပန်းကြီးစွာဆောင်ရွက်ရသောလုပ်ငန်းများတွင်အသုံးမပြုဘဲ သူမ၏ စိုးရိမ်ကြောင့်ကြမှု

များနှင့်ဝန်ထုပ်များကို နည်းပါးစေရမည်။ မကြာခဏလိုပင် ခင်ပွန်းလည်းဖြစ်၍ ဖခင်လည်းဖြစ်သောပုဂ္ဂိုလ်သည် သူ့အိမ်ထောင်၏

ကောင်းစားရေးက သူ့အားနားလည်စေလိုသည့်လောကဓံတရားကို သူသည် ကျွမ်းကျင်စွာနားလည်ခြင်းမရှိပေ။ ပရိယေသနဝမ်းစာအတွက် လုံးပန်းနေရသောကြောင့်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းများဖောက်ချလုပ်ကိုင်နေရသည် ဖြစ်စေ အလွန်ပင်အရေးကြီးနေသောအချိန်တွင် သူမ၏ခွန်အားကိုဆုတ်ယုတ် စေ၍ ရောဂါအန္တရာယ်များစွဲကပ်စေသောဝန်ထုပ်ကြီးများကို သူမအပေါ် စိုးမိုးဖိနှိပ်ထားခွင့်ကို သူပြုလေသည်။

အိမ်ရှင်မအား မလိုအပ်သောအားအင်ကုန်ခန်းစေသောအရာဟူသမျှ နှင့်ကင်းဝေးစေ၍ ဘုရားသခင်ပေးသနားတော်မူသော ဘဝအသက်တာ ကျန်းမာခြင်းနှင့်ခွန်အားများကိုထိန်းသိမ်းထားရန် ဆောင်ရွက်ခြင်းသည် သူမ ကိုယ်တိုင်နှင့် သူမအိမ်ထောင်သားတို့၏ကောင်းကျိုးအတွက်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူမသည်

သူမ၏ကြီးမားသောအလုပ်အကိုင်ကြီး အတွက် သူမစွမ်းရည်၏အင်အားကို လိုအပ်ပေလိမ့်မည်။ အိမ်ထောင်၏ အလင်းနှင့်မင်္ဂလာဖြစ်သောကြောင့် သူမသည် အိမ်တွင်းလုပ်ငန်းဆောင်တာများကို ပျော်ရွှင်စွာနှင့်ပိပိရိရိရှိစွာ ဆောင်ရွက်ရန်၊ အားအင်ပြည့်ဖြိုးစေရန် အိမ်ပြင်ပတွင်အချိန်ယူ၍ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်သင့်ပေသည်။

**မိခင်တို့သည်ကျန်းမာမှုဆိုင်ရာဆော်ဩပြုပြင်ပေးသူများဖြစ်ရမည်** – ဘုရားသခင်၏ထာဝရအလိုတော်ကို မိခင်အားပြတ်ပြတ်သားသား ဖော်ပြထားပြီးဖြစ်သည်။ သူတို့သည် ပညတ်ထားခြင်းဖြင့်လည်းကောင်း၊ ကိုယ်တိုင်ပုံသက်သေအားဖြင့်လည်းကောင်း ကျန်းမာရေးဆိုင်ရာဆော်ဩပြုပြင်ပေးသူများဖြစ်ရမည်။ ဘုရားသခင်သည် လူသားတို့အထဲ၌စိုက်ထူ ထားသော ရုပ်ပိုင်းဆိုင်ရာဥပဒေပညတ်များကို ဘယ်သောအခါမျှချိုးဖောက်ခြင်းမပြုပါဆိုသော အခြေခံကျင့်ဝတ်ပေါ်တွင် သူတို့သည် ခိုင်မြဲတည်တံ့စွာ ခြေစုံရပ်နေသင့်ပေသည်။ ''ပညတ်တော်တိုင်းလိုက်လျှောက်ကြ'' ၍ သစ္စာရှိစွာခိုင်ခိုင်မြဲမြဲရပ်တည်လျက် မိခင်တို့သည် သူတို့၏ဖြောင့်မတ်သောလမ်းစဉ် နှင့် သူတို့သားသမီးများတို့၏မြင့်မြတ်သောစာရိတ္တများတို့တွင် လောကကြီးအားသူတို့၏အလင်းကိုထွန်းလင်းကြစေရန် ဘုရားအထံတော်မှစွမ်းရည်နှင့်ကျေးဇူးတော်ကို ရရှိကြမည်ဖြစ်သည်။

**အစားအသောက်တွင်ကိုယ်တိုင်ထိန်းချုပ်မှုရှိခြင်း** – မိခင်သည် အတတ်နိုင်ဆုံးကိုယ်ထိန်းချုပ်မှုရှိရန် လိုအပ်ပေသည်။ ယင်းလိုအပ်ချက် များကို အကောင်အထည်ဖော်နိုင်ရန် သူမသည် ကာယဗလအားဖြင့်လည်း ကောင်း၊ ဉာဏဗလအားဖြင့်လည်းကောင်း ချို့ယွင်းမှုရှိစေရန် တတ်နိုင်သမျှ ကြိုတင်သတိပြုရမည်။ သူမ၏ဘဝအသက်တာကို ဘုရားသခင်၏ပညတ် တော်နှင့်လည်းကောင်း ကျန်းမာမှုဆိုင်ရာဥပဒေပညတ်များနှင့်လည်းကောင်း၊ ညီလျော်စွာကြောင်းလမ်းမှုရှိရမည်။ အစားအစာသည် စိတ်နှင့်စိတ်နေသဘော ထားတို့ကိုအခြေခံအားဖြင့် ထိခိုက်မှုရှိသောကြောင့် သူမ၏အကြောအခြင် များတို့သည်ငြိမ်သက်၍ သူမ၏စိတ်သည် မှန်ကန်နေစေခြင်းငှာ ခန္ဓာကိုယ် လှုံ့ဆော်သောအစားအစာများမဟုတ်ဘဲ အားအင်ဖြည့်တင်းပေးသောအစား အစာများကိုမှီဝဲရမည်။ ထိုအခါ သူမ၏သားသမီးတို့၏ကွဲပြားသောဝါသနာ များကို အုပ်ထိန်းထားရာတွင်လည်းကောင်း၊ အိမ်ထောင်၏အုပ်ချုပ်ရေးကို မေတ္တာရှေ့ထား၍ တင်းကျပ်စွာကိုင်တွယ်ရာတွင်လည်းကောင်း သည်းခံ တတ်သောစိတ်ဖြင့်ဆောင်ရွက်ရန် ပိုမိုလွယ်ကူသည်ကို သူမတွေ့ရှိရလိမ့်မည်။

**ဘယ်အခြေအနေမျိုး၌မဆိုနေရောင်ခြည်ကိုထွန်းလင်းစေပါ** – စိတ်အားငယ်သောအခါ သူမ၏စိတ်ကိုထိန်းချုပ်ထားရန် မိခင်သည်တတ် နိုင်သည်၊ တတ်နိုင်သင့်ပေသည်။ သူမသည်နာဖျားမကျန်းရှိနေသောအချိန် မှာပင် သူမကိုယ်တိုင်ကိုဆုံးမပြုပြင်ထားလျှင် သူမသည်ကြည်လင်ပျော်ရွှင် မှုရှိလျက် တစ်ချိန်ကမခံမရပ်နိုင်ဟု ယူဆထားသောအသံဗလံများကို ခံနိုင် ရည်ရှိလာနိုင်သည်။ သူမ၏ချွတ်ယွင်းချက်များကို သူမ၏သားသမီးတို့အား မခံစားစေသင့်ပေ။ ၎င်းအပြင်၊ အိမ်ထောင်သည် သချိုင်းဂူနှင့်တူ၍ မိခင်၏ အိပ်ခန်းသည်လည်း ကမ္ဘာပေါ်တွင်ငြိုငြင်ဖွယ်ရာအဖြစ်ဆုံးနေရာဟူ၍ သားသမီးတို့အားသိနားလည်စေမည့် သူမ၏စိတ်ပျက်အားလျော့ခြင်းတို့ဖြင့်

သူတို့၏သိမှတ်လွယ်သောဦးနှောက်အား တိမ်ဖုံးမထားသင့်ပေ။ စိတ်အလို ဆန္ဒကိုအသုံးပြုပေးခြင်းအားဖြင့် စိတ်အကြောအခြင်တို့သည် ဒေါင်ဒေါင်မြည် အင်အားရှိလာကြသည်။ အများအားဖြင့် အလိုဆန္ဒ၏အာနိသင်သည် အကြော အခြင်များကိုငြိမ်သက်စေလိမ့်မည်။ သင်တို့၏သားသမီးများက သင်တို့အား မျက်မှောင်ကုတ်ဖြင့်မကြည့်ပါစေနှင့်။

**ခင်ပွန်းနှင့်သားသမီးတို့၏ဂါရဝပြုခြင်းကိုလေးစားရန်** – မိခင် ဖြစ်သောညီမတို့ အဝတ်အစားဝတ်ဆင်ကြသောအခါ ကျီးခြောက်ရုပ်ပုံစံဖြင့် ဝတ်စားမထားကြပါလေနှင့်။ ဧည့်သည်အာဂန္တုများ (သို့မဟုတ်) သူစိမ်း များအတွက်ထက် ခင်ပွန်းနှင့်သားသမီးများအတွက် ပိုမိုနှစ်ထောင်းအားရမှု ဖြစ်စေရမည့် ကိုယ့်အသားကိုယ့်ကိုယ်နေဟန်ထားနှင့်ပနံရသောအဝတ်အစား များကို ဝတ်ဆင်ကြပါ။ သူတို့အလုပ်များကိုလုပ်ကိုင်နေချိန်၌ဖြစ်စေ၊ သူတို့ ဝတ်စားဆင်ယင်ပုံကို သူတို့ခင်ပွန်းများနှင့်သားသမီးတို့သည် တွေ့မြင်ရ သောအချိန်၌ဖြစ်စေ ဘယ်ကဲ့သို့သောပုံစံမျိုးထွက်အောင်ဝတ်သည်မဆို အရေးမကြီးအကြောင်းမဟုတ်ကြောင်း အချို့သောမိခင်နှင့်ဇနီးဖြစ်သူတို့သည် ယူဆကြသော်လည်း သူတို့နှင့်လုံးဝတော်စပ်ခြင်းမရှိသော သူစိမ်းတစ်ရံဆံ တို့ရှုခင်းအတွက် ရှိုးကျကျဝတ်စားဆင်ယင်တတ်ကြသည်။ သူစိမ်းများ (သို့မဟုတ်) သာမန်မိတ်ဆွေများ၏လေးစားမှုနှင့်မေတ္တာထက် ခင်ပွန်းနှင့် သားသမီးများတို့၏လေးစားမှုနှင့်မေတ္တာကို ပိုမိုတန်ဖိုးထားရသည်မဟုတ်ပါ လော။ ခင်ပွန်းနှင့်သားသမီးတို့၏ပျော်ရွှင်မှုကို မိခင်နှင့်ဇနီးဖြစ်သူတို့အတွက် အခြားကိစ္စအားလုံးထက် ပိုမိုဦးစားပေးသင့်ပေသည်။

သင်တို့နှင့်သင့်လျော်သောအဝတ်အစားကိုဝတ်ဆင်ပါ။ ယင်းကဲ့သို့ ပြုလုပ်ခြင်းအတွက် သင့်သားသမီးတို့၏လေးစားမှုကို ပိုမိုခံရလိမ့်မည်။ သား သမီးတို့ကိုလည်း သင့်တင့်လျောက်ပတ်စွာဝတ်စားဆင်ယင်ပါ။ သပ်သပ် ရပ်ရပ်ဝတ်စားဆင်ယင်မှုကင်းမဲ့သောဘဝအသက်မျိုး၌ ကျင်လည်ခွင့်မပြုပါနှင့်။

**လူထုစိတ်သဘောထား၏ကျေးကျွန်ဘဝ၌မကျင်လည်ရ** – သူတို့ ၏အကျင့်ဓလေ့များ၊ ဝတ်စားဆင်ယင်ပုံနှင့်သဘောထားများပတ်သက်၍ လူသူအများကဘယ်ကဲ့သို့ထင်မြင်ကြမည်ကို လွန်စွာပင်စိုးရိမ်နေတတ်ကြသော မိခင်အမြောက်အမြားရှိသည်။ အများအားဖြင့် ယင်းမိခင်မျိုးတို့သည် သူတစ်ပါးကသူ့အပေါ်မည်ကဲ့သို့သဘောထားသည်ဆိုသော စိတ်ကူးဉာဏ် ၏ကျေးကျွန်ဖြစ်ကြသည်။ တရားစီရင်ခြင်းကိုခံရမည်ဖြစ်သော လူသတ္တဝါ

တို့သည် ဘုရားသခင်အားသူတို့ပြုအပ်သောဝတ္တရားကို စဉ်းစားစိတ်ကူးသည် ထက် အိမ်နီးချင်းတို့က သူတို့အပေါ်ဘယ်ကဲ့သို့သဘောထားကြပါမည်နည်း ဆိုသော စဉ်းစားစိတ်ကူးခြင်း၏အုပ်ထိန်းထားမှုကို ပိုမိုခံနေရသည်မှာ ဝမ်းနည်း ဖွယ်ကောင်းလှပေသည်။ ကဲ့ရဲ့သူများကိုရှောင်ရှားနိုင်ပြီး ကျွန်ုပ်တို့သည် ထုံးတမ်းစဉ်လာနှင့်ရင်ပေါင်တန်းမိစေရန် မကြာခဏပင်အမှန်တရားကို လက်လွှဲ လိုက်တတ်ကြသည်။

မိခင်တစ်ဦးအနေဖြင့် လူ့သဘောထား၏ကျေးကျွန်ဘဝသို့မသက် ဆင်းနိုင်ပေ။ အဘယ်ကြောင့်ဆိုသော်သူမသည် သူမ၏သားသမီးများကို ဤဘဝအသက်တာနှင့်တမလွန်ဘဝအသက်တာအတွက်ကိုပါ သူတို့အား သင်ကြားပို့ချပေးရမည့်တာဝန်ရှိသည်။ ဝတ်စားဆင်ယင်မှုတွင် မိခင်တို့သည် မလိုအပ်သောဝတ်စားပုံမျိုးဖြင့်ရှိုးပြရန် မကြိုးပမ်းသင့်ပေ။

**သန့်ရှင်းစင်ကြယ်မှုတွင်သင်ခန်းစာပေးရန်** – မိခင်တို့သည် အိမ်၌နေချိန်တွင် ညစ်ညမ်းသောအဝတ်အစားကိုဝတ်ဆင်လျှင် သူတို့၏ သားသမီးတို့အား သူတို့၏ပုံသက်သေကိုလိုက်၍ ညစ်ညစ်ပတ်ပတ်နေထိုင်ရန် သွန်သင်ပေးနေကြသည်။ စုတ်ပြတ်ညစ်ညမ်းဟောင်းနွမ်းသော အဝတ်အစား ပင်ဖြစ်စေ၊ ဘယ်ကဲ့သို့သောအဝတ်အစားမျိုးမဆိုဝတ်စားထားလျှင် ကောင်းလှ ပြီဟု မိခင်အများတို့ကထင်မှတ်ကြသည်။ သို့ရာတွင် မကြာမီပင် သူ့အိမ် ထောင်တွင် သူတို့၏သိက္ခာကျဆင်းသွားသည်။ သားသမီးတို့က သူတို့မိခင် ၏အဝတ်အစားနှင့် အခြားသောမိခင်တို့၏သပ်သပ်ရပ်ရပ်ဝတ်စား ထားသော အဝတ်အစားများကိုနှိုင်းယှဉ်ကြည့်လျက် သူတို့မိခင်အပေါ်ထားရှိ သောလေး စားမှုသည် အားပျော့သွားလိမ့်မည်။

မိခင်တို့၊ သင်တို့ကိုယ်ကို လူတကာကြည့်ရှုကောင်းအောင်ဝတ်စား ဆင်ယင်ကြပါ။ တန်ဖိုးကြီး၍မွမ်းမံခြယ်လှယ်ထားသောအဝတ်အစားမဟုတ်ဘဲ ကိုယ်နှင့်တော်၍ သန့်ရှင်းစင်ကြယ်သောအဝတ်အစားများကို ဝတ်ဆင်ကြပါ။ ဤနည်းအားဖြင့် သန့်ရှင်းစင်ကြယ်မှုတို့နှင့်ပတ်သက်၍ သင်တို့သည် သင်တို့ ၏သားသမီးတို့အား အမြဲတမ်းသင်ခန်းစာကောင်းများကို သင်ကြားနေကြမည် ဖြစ်ပါသည်။ မိခင်တိုင်းအတွက် သားသမီးတို့၏ချစ်ခြင်း နှင့်လေးစားခြင်းတို့ သည် တန်ဖိုးအရှိဆုံးအရာများဖြစ်သည်။ မိခင်ကိုယ်ခန္ဓာအပေါ်တွင် ဝတ်စား ဆင်ယင်ထားသမျှသောအဝတ်အစားတို့သည် စင်ကြယ်

ခြင်းနှင့်သပ်သပ်ရပ်ရပ်နေထိုင်ခြင်းတို့အတွက် သင်ခန်းစာပေးသောအရာများ ဖြစ်လျက် ယင်းဝတ်စားဆင်ယင်မှုသည်လည်း မိခင်တို့၏စင်ကြယ်သော အတွင်းစိတ်သဘောနှင့်ဒွန်တွဲမှုရှိရမည်။ ကလေးသူငယ်များတို့သည် သူတို့၏စိတ်ထဲတွင် အရာခပ်သိမ်း၌သင့်လျော်ခြင်းတို့နှင့် သင့်လျော်လျောက်ပတ်ခြင်းရှိသည်ကို စွဲမှတ်ထားကြသည်။ ညစ်ညမ်းသောဝတ်စားဆင်ယင်မှုနှင့် သပ်ရပ်မှုမရှိသောအခန်းများကို နေ့စဉ်တွေ့မြင်နေရလျှင် သန့်ရှင်းစင်ကြယ်စွာနေထိုင်ခြင်းနှင့်ပတ်သက်၍ သူတို့သည် ဘယ်ကဲ့သို့သင်ခန်းစာကောင်း များကို ရရှိနိုင်ကြလိမ့်မည်နည်း။ သန့်ရှင်းစင်ကြယ်သပ်ရပ်သောနေရာထိုင်ခင်း များတွင် နေထိုင်လျက်ရှိကြသော ကောင်းကင်ဆိုင်ရာဧည့်သည်တော်များအား သန့်ရှင်းစင်ကြယ်သပ်ရပ်မှုမရှိသောအိမ်ထောင်များသို့ ဖိတ်ခေါ်နိုင်ပါမည်နည်း။

သပ်ရပ်ခြင်းနှင့်စင်ကြယ်ခြင်းသည် ကောင်းကင်၏စည်းမျဉ်းဖြစ်သည်။ ဘုရားသခင်၏စီစဉ်ထားရှိမှုနှင့်ရင်ပေါင်တန်းမိစေရန် ကျွန်ုပ်တို့သည် သန့်ရှင်းသပ်ရပ်မှုရှိရကြမည်။

---o---

# အခန်း ၄၃
# မီးမဖွားမီဩဇာသက်ရောက်မှုများ

**အမျိုးသမီးများမိခင်ဖြစ်လာရန်အရည်အချင်းရှိသင့်သည်** – အမျိုးသမီးများသည် မိခင်များမဖြစ်လာမီ သည်းခံစိတ်များစွာရှိရန်လိုအပ်ပေသည်။ သူတို့အား ဤလုပ်ငန်းအတွက်သင့်လျော်၍ ဘုရားသခင်သည် စီမံခန့်ခွဲတော်မူသည်။ မိခင်သည် ခရစ်တော်နှင့်ဆက်သွယ်ထားခြင်းအားဖြင့် သူမ၏လုပ်ငန်းသည် အကန့်အသတ်မရှိဖြစ်လာသည်။ ယင်းလုပ်ငန်းကို နားလည်ရန် လူ့ဉာဏ်မမီပေ။ အမျိုးသမီး၏ရာထူးသည် သန့်ရှင်းမြင့်မြတ် သည်။ အိမ်ထောင်၌ခရစ်တော်ကိန်းဝပ်မှုသည် လိုအပ်ပေသည်။ အဘယ် ကြောင့်ဆိုသော် မိခင်လုပ်ငန်းက အိမ်ဂေဟာကိုဗေသလအရပ်အဖြစ်သို့ ပုံသွင်းပေးလိမ့်မည်။ ခင်ပွန်းနှင့်ဇနီးတို့သည် လက်တွဲဆောင်ရွက်ရမည်။ မိခင်တို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်၏ယဇ်ပလ္လင်ပေါ်တွင် အပ်နှံ ဆက်ကပ်ထားကြ၍ သူတို့၏သားသမီးရတနာများကိုလည်းမမွေးမီကပင်နှင့် မွေးပြီးချိန်တို့တွင် ဘုရားသခင်အားဆက်ကပ်အပ်နှံထားလျှင် ကျွန်ုပ်တို့၏

ကမ္ဘာကြီးသည် ဘယ်မျှလောက်ကောင်းမွန်သောကမ္ဘာကြီးဖြစ်လိမ့်မည်နည်း။

**မိးမဖွားမီသြဇာသက်ရောက်မှုများ၏အရေးပါအရာရောက်ပုံ** – မီးမဖွားမီသြဇာသက်ရောက်မှုအကျိုးကျေးဇူးများသည် အရေးမကြီးအရာမရောက်ဟု မိဘဖြစ်သူအများကသဘောထားကြသည်။ သို့ရာတွင် ဘုရားသခင်သည် ယင်းကဲ့သို့သဘောမထားပေ။ ဘုရားသခင်၏ကောင်းကင် တမန်တစ်ပါးက သတင်းစကားတစ်ခုကို တခမ်းတနားချပေးပုံက ယင်းသတင်းစကားကိုသတိအများဆုံးထား၍ စဉ်းစားဆင်ခြင်ကြောင်းကိုပြသသည်။

မာနော်၏ဇနီးဖြစ်သောဟေဗြဲလူမျိုးမိခင်အား မိန့်တော်မူသောကောင်းကင်တမန်၏စကားများတွင် "သို့ဖြစ်၍သတိပြုလော့"--- ငါပြောသမျှကိုမိန်းမရှောင်ရမည်ဆိုသောအချက်သည် မည်သည့်ခေတ်၌မဆိုရှိကြသောမိခင်အားလုံးတို့အား ဘုရားသခင်၏မိန့်တော်မူချက်ဖြစ်သည်။ ကလေးသူငယ်၏ကောင်းစားရေးကို မိခင်ဖြစ်သူ၏အကျင့်ဓလေ့တို့ကို ထိခိုက်မှုရှိလိမ့်မည်။ သူမ၏ရသာရုံများနှင့်တပ်မက်ခြင်းတို့ကို အခြေခံကျင့်ဝတ်၏ထိန်းချုပ်မှုအောက်တွင်ထားရှိရမည်။ သူမအားသားကိုမွေးဖွားခွင့်ပေးတော်မူရာတွင် သူမအတွက်ထားရှိတော်မူသော ဘုရားသခင်၏ရည်စူးချက်ကိုအကောင်အထည်ဖော်လျှင် သူမအနေဖြင့်ရှောင်ကြဉ်ရမည့်အရာများနှင့်သူမစွန့်လွှတ်ရမည့်အရာများရှိသည်။

လူငယ်လူရွယ်များတို့၏ခြေထောက်များအတွက် လောကကြီးတွင်ထောင်ချောက်အမြောက်အမြားရှိသည်။ မြောက်မြားစွာသောသူတို့သည် အတ္တစိတ်နှင့်ကာမဂုဏ်ခံစားလိုသောစိတ်တို့ ကြီးထွားလာသောဘဝမျိုး၌ကျင်လည်နေကြသည်။ သူတို့သည် ဖုံးအုပ်နေသောအန္တရာယ်ကိုဖြစ်စေ၊ သူတို့အတွက်ပျော်ရွှင်မှုပေးသောလမ်းဟု လက္ခဏာပေါ်နေသောကြောက်မက်ဖွယ်နိဂုံးချုပ်စေသည့် လမ်း၏အန္တရာယ်ကိုဖြစ်စေ ခွဲခြားသိမြင်နိုင်စွမ်းမရှိ ကြပေ။ ခံတွင်းအလိုနှင့်တပ်မက်ခြင်းတို့ကိုလိုက်စားသောကြောင့် သူတို့၏အင်အားများကုန်ခန်းသွား၍ သန်းပေါင်းများစွာသောသူတို့သည် ဤလောကအတွက်နှင့်နောင်တမလွန်ဘဝအတွက်ပါ ဆုံးရှုံးမှုကိုရင်ဆိုင်ကြရလေသည်။ မိမိတို့၏သားသမီးများသည် ဤစုံစမ်းသွေးဆောင်ခြင်းကိုရင်ဆိုင်ရမည်ဖြစ်

ကြောင်း မိဘများကသတိပြုသင့်ကြပေသည်။ အပြစ်ဒုစရိုက်ကိုတွန်းလှန် ရာတွင် အောင်မြင်မှုရှိစေရန် ကလေးသူငယ်မမွေးဖွားမီကပင် ပြင်ဆင်မှုကို စတင်ပြုလုပ်ပေးထားသင့်ပေသည်။

အကယ်၍သားမမွေးဖွားမီအချိန်၌ မိခင်ဖြစ်သူသည် စည်းမဲ့ကမ်းမဲ့ စားသောက်သွားလာနေထိုင်လျှင်လည်းကောင်း၊ သူမသည် အတ္တစိတ်များခြင်း၊ သည်းခံစိတ်ကင်းမဲ့ခြင်းနှင့် ကိုယ့်စိတ်တိုင်းကျကိုသာဆောင်ရွက်စေခြင်း စသောသဘောထားမျိုးကို မွေးမြူလျှင်လည်းကောင်း၊ ယင်းစိတ်သဘော ထားမျိုးတို့သည် မွေးဖွားလာသောသားငယ်တွင် ရောင်ပြန်ဟပ်နေမည် ဖြစ်သည်။ ဤနည်းအားဖြင့် မြောက်မြားစွာသောသူငယ်တို့သည် အောင်မြင် နိုင်နင်းရန်ခဲယဉ်းသလောက်ဖြစ်သော အပြစ်ဒုစရိုက်ကျူးလွန်သည့်အထုံ များကို အမွေအနှစ်အနေဖြင့် ခံယူကြလိမ့်မည်ဖြစ်သည်။

သို့ရာတွင် မိခင်သည် မှန်ကန်သောအခြေခံကျင့်ဝတ်များကို မဆုတ်မနစ်ကျင့်သုံးလျှင်လည်းကောင်း၊ သူမသည်မယုတ်မလွန်ဖြစ်သော လမ်းစဉ်ကိုကျင့်သုံး၍ သူ့စိတ်ဆန္ဒ၏အလိုကိုငြင်းပယ်လျှင်လည်းကောင်း၊ သူမသည် သနားကြင်နာခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့်အတ္တစိတ်ကင်းခြင်းတို့ကို လိုက်နာပြုကျင့်လျှင်လည်းကောင်း သူမသည် ဤမှန်မြတ်သောစိတ်သဘောထားများကို သူမွေးဖွားသည့်သားငယ်ကို လက်ဆင့်ကမ်းနိုင်လိမ့်မည်ဖြစ်သည်။

**မီးမဖွားမီကြည့်ရှုပြုစုခြင်းလိုအပ်ချက်များ** – သူမ၏သားသမီးများမဖွားမီ မိခင်၏ဘဝအသက်တာကို ခြားနားစွာထိန်းသိမ်းကြည့်ရှုခြင်း မပြုလုပ်ခြင်းသည် မှားယွင်းသောလမ်းစဉ်ဖြစ်သည်။ ဤအရေးကြီးသော ကိုယ်ဝန်ဆောင်နေချိန်တွင် မိခင်၏အလုပ်အကိုင်များကိုပေါ့ပါးစေရမည်။ သူ၏ကိုယ်ခန္ဓာအစိတ်အပိုင်းများထဲတွင် ကြီးမားသောပြောင်းလဲခြင်းများ ဖြစ်ပျက်လျက်ရှိသည်။ သူမသည်သွေးအားပို၍လိုအပ်နေသည်။ ထို့ကြောင့် လိုအပ်သောသွေးအဖြစ်သို့ပြောင်းလဲစေမည့် ခွန်အားအများဆုံးပေးသော အစားအစာများကို ပိုမိုမှီဝဲရန်လိုအပ်ပေသည်။ အင်အားရှိသောအာဟာရ များကို သူမသည်များများမှီဝဲခြင်းမရှိလျှင် သူမ၏ခန္ဓာအင်အားကို ထိန်းသိမ်း နိုင်ခြင်းမရှိဘဲ သူမမှမွေးဖွားလာသောကလေးသူငယ်သည် အားအင်ချည့်နဲ့ နေမည်ဖြစ်သည်။ ကိုယ်ဝန်ဆောင်၏ဝတ်စားဆင်ယင်ပုံကိုလည်း ဂရုစိုက်

ရမည်။ သူသည်အအေးမမိစေရန် ကိုယ်ခန္ဓာကိုသတိပြု၍ ကာကွယ်ထား ရမည်။ အမြဲတမ်းလုံလုံလဲလဲဝတ်ဆင်ထားရမည်။ မိခင်သည် အင်အားဖြစ်သောအစာအာဟာရများကို များများမမှီဝဲရလျှင် သူမ၏ရင်သွေးသည် အရည်အချင်းကောအရေအတွက်ပါ စံချိန်မမီဖြစ်နေလိမ့်မည်။ သွေးလည်ပတ်မှုသည်ညံ့ဖျင်း၍ သူမ၏ဝမ်းတွင်း၌ရှိသောသားငယ်သည်လည်း အလားတူချို့တဲ့မှုများရှိနေလိမ့်မည်။ သူ့ကိုယ်ခန္ဓာကိုအင်အားဖြည့်တင်းပေးရန်လိုအပ်သောသွေးအဖြစ်သို့ အစားကိုပြောင်းလဲပေးနိုင်သောအင်အားသည်ချည့်နဲ့နေမည်ဖြစ်သည်။ မိခင်နှင့်သားငယ်နှစ်ဦးစလုံးတို့၏ချမ်းသာမှုသည်ကောင်း၍နွေးသောဝတ်စားတန်ဆာနှင့် အားအင်ပြည့်ဖြိုးစေသောအစာအာဟာရဖြစ်သည်။

ကိုယ်ဝန်ဆောင်မိခင်၏ပတ်ဝန်းကျင်သည် သာယာနာပျော်ဖွယ်ဖြစ်နေစေရန် သတိကြီးစွာထား၍ ပြုပြင်ထားသင့်ပေသည်။ ဇနီးနှင့်မိခင်ဖြစ်သူ၏တာဝန်များကို ပေါ့ပါးနိုင်သမျှပေါ့ပါးအောင် အတတ်နိုင်ဆုံးစီမံပြုလုပ်ပေးရမည့်တာဝန်ရှိသူသည် ခင်ပွန်းနှင့်ဖခင်ပင်ဖြစ်သည်။ သူမ၏တာဝန်ကိုသူကိုယ်တိုင်အတတ်နိုင်ဆုံးကူညီထမ်းပိုးရမည်။ သူသည်ချစ်တတ်ရမည်၊ ရည်မွန်ရမည်၊ ကြင်နာရမည်၊ နူးညံ့သိမ်မွေ့ရမည်။ ဇနီးဖြစ်သူ၏လိုအပ်သမျှကိုအထူးသဖြင့် လိုက်လျောဆောင်ရွက်ပေးရမည်။ အချို့သောခင်ပွန်း တို့သည် သူတို့လက်သပ်မွေးမြူထားသောတိရစ္ဆာန်များကို ဂရုတစိုက်ရှိ သလောက် သားသမီးများမွေးပေးလျက်ရှိသော သူတို့၏ဇနီးသည်များကို ဂရုမစိုက်မိကြချေ။

**အစာစားလိုသောအလိုဆန္ဒတစ်ခုတည်းသည် ဘေးကင်းသောလမ်းညွှန်မဟုတ်ပေ** – သူတို့၏ထူးခြားသောကိုယ်ခန္ဓာအခြေအနေကြောင့် သူတို့အစာစားလိုသောဆန္ဒကို စည်းမဲ့ကမ်းမဲ့ဖြစ်စေလိမ့်မည်ဆိုသောယူဆချက်သည် မှန်ကန်သောသိမြင်တတ်သောဉာဏ်အပေါ်တွင်မဟုတ်ဘဲ ထုံးတမ်းစဉ်လာပေါ်တွင် အခြေပြုသောမှားယွင်းချက်တစ်ရပ်ဖြစ်သည်။ ကိုယ်ဝန်ဆောင်နေသောအချိန်တွင် အမျိုးသမီးတို့၏ခံတွင်းအရသာသည် အမှန်မရှိ၊ ပြောင်းလဲတတ်၍အာသာပြေစေရန် ခဲယဉ်းပေသည်။ ထုံးတမ်းစဉ်လာအရ ဆိုလျှင် သူမ၏ကိုယ်ခန္ဓာကိုလည်းကောင်း၊ သားအိမ်မှသားငယ်ကြီးထွားလာမှုကိုလည်းကောင်း အားအင်ဖြစ်စေမည်မဖြစ်စေမည်ကိုမစဉ်းစားဘဲ စားလိုသောအစားအစာကို စားသောက်ခွင့်ပြုထားသည့်အစားအစာသည် အားအင်ဖြည့်တင်းပေးသော အစားအစာမျိုးဖြစ်ရမည်။ သို့ရာတွင် အတိုင်းထက်အလွန်ကောင်းမွန်သော အမျိုးအစားမဖြစ်သင့်ပေ။ ရိုးရိုးဖြစ်သောအစားအစာကိုစားသောက်၍ စားသောက်သောအစားအစာ၏အမျိုးအစားကို

ဂရုတစိုက်ရွေးချယ်ရမည့်အချိန်သည် အရေးကြီးသောကိုယ်ဝန်ဆောင်နေသည့် အချိန်ဖြစ်သည်။



အခြေခံကျင့်စဉ်ကိုလက်ကိုင်ထားရှိ၍ ကောင်းမွန်စွာသွန်သင်မှုခံရ သောအမျိုးသမီးတို့သည် ကိုယ်ဝန်ဆောင်နေသောအချိန်တွင် အခြားသော အချိန်များထက် ရိုးရိုးဖြစ်သော အစားအသောက်ကို မှီဝဲကြလိမ့်မည်။ သူတို့ အပေါ်တွင်အခြားသောအသက်တစ်ချောင်းက အမှီတံကဲပြုနေသည်ကိုဆင်ခြင် ၍ သူတို့၏အကျင့်ဓလေ့ရှိသမျှတို့တွင် အထူးသဖြင့် စားရေးသောက်မှုတွင် သတိတရားထားရှိကြလိမ့်မည်။ သူတို့သည် အရသာရှိရုံသာဖြစ်သော်လည်း အာဟာရစိတ်ကိုလှုံ့ဆော်ပေးသည့်အစားအစာများကို မသုံးဆောင်သင့်ပေ။ ဆင်ခြင်တုံတရားကခွင့်မပြုသော အလုပ်အကိုင်အစားအသောက်များကို ပြုလုပ်စားသောက်အားပေးရန် တိုက်တွန်းပြုလုပ်တတ်သောအကြံပေးသမား များ မြောက်မြားစွာရှိကြသည်။ မိဘတို့၏ခံတွင်းအလိုလိုက်၍ စည်းလွတ် ကမ်းလွတ်စားမှုကြောင့် ရောဂါပါလာသောကလေးများတို့သည် မွေးဖွား လာကြသည်။ အစာကိုကြေညက်အောင်ပြုလုပ်ပေးသောအင်္ဂါအစိတ် အပိုင်းများက အစာကိုကြေညက်စေ၍ ကိုယ်ခန္ဓာမှမလိုအပ်သောအရာများကိုထုတ်ဖယ် ပစ်ရန် လုပ်ကိုလုပ်သင့်သည်ထက် ပိုမိုလုပ်ကိုင်ရလောက်အောင်အစာများကို အစာအိမ်ထဲသို့ သွတ်သွင်းပေးလျှင်လည်း ကိုယ်ဝန်ဆောင်သောမိခင်လောင်း သည် သူတို့ကိုယ်ကိုမတရားပြုလုပ်နေသည်သာမက သူမလွယ်ထားသော သားငယ်အတွက် ရောဂါများစွဲကပ်စေရန် လမ်းခင်းပေးခြင်းသာဖြစ်သည်။ ထိခိုက်နိုင်သောအလားအလာကိုမဆင်ခြင်ဘဲ ကိုယ်ဝန်ဆောင်သောမိခင်သည် စိတ်တိုင်းကျစားလိုသောအစာကိုစားလျှင် သူမသည် ပြစ်ဒဏ်ကိုခံရလိမ့် မည်။ သို့ရာတွင် သူမတစ်ဦးတည်း ယင်းပြစ်ဒဏ်ကိုခံရမည်မဟုတ်ပေ။ သူမ၏အပြစ်ကင်းသောသားငယ်သည် သူမ၏ဉာဏ်အမြော်အမြင်ကင်း မှုကြောင့် ယင်းပြစ်ဒဏ်ကိုပူးတွဲခံရမည်။

**ကိုယ်ကိုချုပ်တည်းခြိုးခြံမှုလိုအပ်ခြင်း** – ကိုယ်ဝန်ဆောင်နေသော မိခင်သည် ကိုယ်ခန္ဓာ၏လိုအပ်ချက်များကို ဘယ်အခါမျှလျစ်လျူရှုခြင်းမပြုရပေ။ အသက်နှစ်ချောင်းတို့သည် သူမအပေါ်၌အမှီတံကဲပြုနေသော ကြောင့် သူမ၏လိုအင်ဆန္ဒများကို ကြင်နာစွာလိုက်လျော၍ သူမ၏လိုအပ် ချက်များကို ရက်ရောစွာဖြည့်တင်းပေးသင့်ပေသည်။ သို့ရာတွင် ဤကိုယ်ဝန် ဆောင်နေသောအချိန်အခါမျိုးတွင် သူမသည် အခြားအရာအားလုံးထက် အစားအစာနှင့်အခြားကိစ္စတိုင်းတွင် ခန္ဓာအင်အားနှင့်ဉာဏအင်အားကို ယုတ်လျော့စေမည့်အရာများကို ရှောင်ကြဉ်သင့်ပေသည်။ ဘုရားသခင် ကိုယ်တော်တိုင်က အမိန့်ချထားတော်မူသည်မှာ ကိုယ်ဝန်ဆောင်မိခင်သည် ကိုယ့်ကိုကိုယ်ထိန်းချုပ်ခြိုးခြံမှုရှိရမည်။

အနာဂတ်ကာလလူကြီးဘဝအသက်တာတွင် မှန်ကန်သောအကျင့် စာရိတ္တ၏အခြေခံသည် သားသမီးမမွေးဖွားမီ မိခင်၏ခြိုးခြံချုပ်တည်းသော အကျင့်ဓလေ့များအားဖြင့် တည်တံ့ခိုင်မြဲခြင်းသို့ရောက်ရှိသည်။ ဤသင်ခန်းစာ ကိုလျစ်လျူရှု၍မနေအပ်ပေ။

**ဝမ်းမြောက်၍တင်းတိမ်ရောင့်ရဲသောစိတ်သဘောထားမျိုးကို မွေးမြူပါ** – မိခင်လောင်းသည် ဘယ်ကဲ့သို့သောပတ်ဝန်းကျင်အခြေအနေ တွင်ရပ်တည်နေရသည်မဆို

အမြဲတမ်းဝမ်းမြောက်တင်းတိမ်ရောင့်ရဲသော စိတ်သဘောထားကို မွေးမြူထားသင့်ပေသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည်

သူမမှမွေးဖွားလာသောကလေးသူငယ်၏အကျင့်စာရိတ္တနှင့်ကိုယ်ခန္ဓာတို့တွင် တစ်ဆယ်သောအကျိုးကျေးဇူးများဖြစ်ထွန်းမည်ကို အသိတရားထားရှိရမည်။ ဤမျှလောက်ဖြင့်လုံလောက်ခြင်းမရှိသေးပေ။ သူမသည် ဝမ်းမြောက်စွာ တွေးခေါ်မှုရှိသော အကျင့်ဓလေ့မျိုးမွေးမြူရမည်။ ဤနည်းအားဖြင့် ပျော်ရွှင်သောစိတ်သဘောထားမျိုးကိုရရှိ၍ ယင်းပျော်ရွှင်သောစိတ်သဘောထားသည် မိမိ၏အိမ်ထောင်သားများကိုသာမဟုတ်ဘဲ သူမ၏အပေါင်းအသင်းရောင်းရင်းများကိုလည်း ရောင်ပြန်ဟပ်စေလိမ့်မည်ဖြစ်သည်။ အထူးသဖြင့် သူမကိုယ်တိုင်၏ခန္ဓာကျန်းမာမှုသည် ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ အသက်နှင့်တိုက်ရိုက်ဆက်သွယ်နေသော အင်္ဂါအစိတ်အပိုင်းတို့သည် အင်အားကို ရရှိ၍ ကိုယ်ခန္ဓာအတွင်းသွေးလှည့်ပတ်သွားလာမှုသည် စိတ်ပျက်အားလျော့သောအခါမျိုး၌ နှေးကွေးစွာသွားလာမှုမျိုးမဟုတ်ဘဲ လျင်မြန်ဖျတ်လတ်မှုရှိလိမ့်မည်။ သူမ၏ဉာဏဗလနှင့်စာရိတ္တဗလတို့သည် သူမ၏ဖျတ်လတ်လျင်မြန်သောစိတ်သဘောထားအားဖြင့် အင်အားတောင့်တင်းခိုင်မာလာလိမ့် မည်။ အလိုဆန္ဒ၏အင်အားသည် စိတ်၌ဖြစ်ပေါ်လာသမျှသောအရာတို့ကို တွန်းလှန်နိုင်၍ အကြောအခြင်များကိုငြိမ်သက်သာယာစေလိမ့်မည်။ မိဘတို့ ထံမှအမွေခံထိုက်သော ယင်းအင်အားကိုမရရှိသော ကလေးသူငယ်များကို အတတ်နိုင်ဆုံးကြည့်ရှုပြုစုသင့်ပေသည်။ သူတို့၏ဘဝရပ်တည်မှုဆိုင်ရာဉပဒေပညတ်များကို သေချာစွာဂရုတစိုက်စောင့်ထိန်းစေခြင်းအားဖြင့် များစွာပိုမိုကောင်းမွန်သောအခြေအနေမျိုးကို ဖန်တီးပေးနိုင်ပေလိမ့်မည်။

### ငြိမ်သက်၍ယုံကြည်ကိုးစားတတ်သောစိတ်သဘောထားမျိုး

**မွေးမြူပါ** – မိခင်လောင်းသည် မိမိဝိညာဉ်အား ဘုရားသခင်၏မေတ္တာတော်၌ထိန်းသိမ်းထားရှိသင့်ပေသည်။ သူမ၏စိတ်သည် ငြိမ်သက်မှုရှိရမည်။ ယေရှု၏မေတ္တာနှင့်သူမသည်ခိုလှုံလျက် ခရစ်တော်၏အမိန့်တော်များကို လိုက်နာကျင့်သုံးရမည်။ မိခင်သည် ဘုရားသခင်နှင့်လက်တွဲဆောင်ရွက်သော ပုဂ္ဂိုလ်ဖြစ်ကြောင်းကို သူမသည်သတိပြုရမည်။

---o---

## အခန်း ၄၄
## ကလေးငယ်များကိုကြည့်ရှုပြုစုခြင်း

ကလေးငယ်များကိုကြည့်ရှုပြုစုသောမိခင်အတွက် မှန်ကန်သော

**သဘောထားများ** – မွေးကင်းစကလေးများအတွက် အကောင်းဆုံးအစား အစာသည် သဘာဝမွေ့မှပေးကမ်းသောအစာဖြစ်သည်။ ယင်းအစာကိုမလိုအပ် ဘဲမရမရှိမဖြစ်စေရ။ ကိုယ်ရေးကိုယ်တာအဆင်ပြေမှုအတွက်ဖြစ်စေ၊ ပေါင်းသင်း ဆက်ဆံမှုဆိုင်ရာပျော်ရွှင်မှုအ တွက်ဖြစ်စေ သူမ၏ကလေးသူငယ်များကို ကြင်နာစွာကြည့်ရှုပြုစုရသောဝတ္တရားမှ မိမိကိုယ် ကိုရုန်းထွက်ရန်ကြိုးပမ်းမှု သည် ရက်စက်သောလုပ်ရပ်တစ်ခုဖြစ်သည်။

မိခင်ထံမှနို့စို့ကလေးများက အာဟာရခံယူသောအချိန်သည် အရေးကြီးသော အချိန်ဖြစ်သည်။ မိခင်အများတို့သည် သူတို့၏နို့စို့ကလေးများကို နို့တိုက်ပြုစုကြည့်ရှု နေရချိန်တွင် အလုပ်ကိုတပင်တပန်းလုပ်ကိုင်နေရ၍ ချက်ပြုတ်ရသောကြောင့်လည်း သူတို့၏သွေးသည် အမြဲတမ်းပူလျက်ရှိသည်။ နို့စို့ကလေးများလည်း မိခင်၏သားမြတ် မှရရှိသော ချို့တဲ့သည့်အာဟာရ ကြောင့်သာမဟုတ်ဘဲ မိခင်၏ကိုယ်ခန္ဓာတစ်ခုလုံးကို အဆိပ်အတောက်ဖြစ် စေသော ကျန်းမာမှီဝဲခြင်းကိုအကျိုးမပြုသည့်အစားအစာများကို မိခင်ကမှီဝဲ ခဲ့သဖြင့် ကလေး၏သွေးသည်လည်း အဆိပ်အတောက်ဖြစ်မှုကြောင့် ကလေး သူငယ်၏အာဟာရသည် များစွာထိခိုက်ချို့ယွင်းပျက်ပြားရလေသည်။ နို့စို့ ကလေးသည် မိခင်၏စိတ်အခြေအနေအားဖြင့်လည်း ထိခိုက်မှုရှိနိုင်သည်။ မိခင်အနေဖြင့် စိတ်ပျော်ရွှင်မှု ကင်းမဲ့လျှင်လည်းကောင်း၊ စိတ်ဆိုးလွယ်လျှင် လည်းကောင်း နို့စို့ကလေး၏မိခင်ထံမှရရှိ သောအာဟာရသည် ပူစပ်ပူလောင် ဖြစ်လျက် အများအားဖြင့်လေထိုးနာ၊ အကြောဆွဲခြင်းများ စသောရောဂါ များကို ဖြစ်ပေါ်စေတတ်သည်။

ကလေးသူငယ်၏အကျင့်စာရိတ္တသည် သူ့မိခင်ထံမှရရှိသောအာဟာရ သဘာဝ၏ ထိခိုက်မှုကို အနည်းနှင့်အများခံရတတ်သည်။ ထို့အတွက်ကြောင့် နို့စို့သူငယ်ကိုကြည့်ရှုကျွေး မွေးနေရသောအချိန်တွင် မိခင်သည်ပျော်ရွှင်စွာ နေထိုင်လျက် သူမ၏စိတ်နေသဘောထားကို အုပ်အုပ်ထိန်းထိန်းထားရှိရန် ဘယ်မျှလောက်အရေးကြီးပေသနည်း။ ယင်းကဲ့သို့ပြုလုပ်ခြင်း အားဖြင့် ကလေး၏အစာသည် ယိုယွင်းမှုမှကင်းလွတ်လိမ့်မည်။ နို့စို့ကလေး၏စိတ်ကိုပုံသွင်း ရာတွင် သူမ၏သားငယ်ကိုကိုင်တွယ်ခြင်း၌ သူမလိုက်နာကျင့်သုံးသော ငြိမ်သက်၍တည် ကြည်သောလမ်းစဉ်သည် များစွာအကျုံးဝင်သက်ဆိုင်နေသည်။ ကလေးသည် ကြောက်လန့် တတ်၍စိတ်ဆိုးလွယ်လျှင်လည်း မိခင်၏သေချာ ၍စိတ်ရှည်ရှည်ဖြင့်ကိုင်တွယ်ဆောင်ရွက် ခြင်းသည် ငြိမ်သက်သာယာစွာပြုပြင် ပေးသောအာနိသင်ရှိ၍ နို့စို့ကလေး၏ကျန်းမာရေးအခြေ အနေသည် ပိုမို ကောင်းမွန်လာနိုင်လေသည်။

ကလေး၏ဘဝအသက်တာသည် ပိုမိုငြိမ်သက်ရီးသားလေလေ၊ ကာယဗလနှင့် ဉာဏဗလတို့၏ကြီးထွားနိုင်မှုအခြေအနေသည် ပိုမိုကောင်းမွန် လေလေဖြစ်သည်။ တစ်ချိန်လုံးမိခင်သည် ငြိမ်သက်သာယာစွာနေထိုင်ရန် ကြိုးပမ်းသင့်ပေသည်။

**ကလေးများငြိမ်သက်အောင်ပြုလုပ်ရာတွင် အစာကျွေးခြင်းသည် နည်းလမ်းကျသောအစားထိုးမှုမဟုတ်ပေ** – မတော်လျော်သောကြည့်ရှု ပြုစုခြင်းကြောင့် နို့စို့ကလေးသူငယ်များအား မရောက်သင့်သောအခြေအနေ သို့ရောက်ရှိစေကြသည်။ အကယ်၍ကလေးသည် ညည်းညူအော်ဟစ်နေလျှင် သူ့အားငြိမ်သက်သွားစေရန် အစာကိုကျွေးတတ်သည်။ အမှန်အားဖြင့် ကလေး၏ညည်းညူအော်ဟစ်ခြင်းမှာ အစာများသွားသောကြောင့်ဖြစ်ရာ မိခင်၏မှားယွင်းသောအကျင့်ဓလေ့များသာလျှင် တရားခံစစ်ဖြစ်သည်။ အစာများကိုကျွေးမွေးသင့်သည်ထက် ကျွေးမွေးခြင်းသည် အခြေအနေကိုပိုမိုဆိုးရွားစေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏အစာအိမ်သည် အစာပြည့်လွန်း နေပြီဖြစ်သည်။

ကလေးသူငယ်များအား ပုခက်တွင်းမှအစပြု၍ ခံတွင်းအလိုလိုက် စေရန် အများအားဖြင့်သွန်သင်ကျွေးမွေး၍ သူတို့သည် အသက်ရှင်ဖို့ စားသောက်ရန်မဟုတ်ဘဲ စားသောက်ဖို့အသက်ရှင်ရန် သွန်သင်ပေးကြသည်။ သားသမီးတို့၏ကလေးဘဝ၌ အကျင့်စာရိတ္တဆောက်တည်ရေးတွင် မိခင်တို့၏ဆောင်ရွက်မှုသည် များစွာအရေးပါအရာရောက်သည်။ ကလေးများ တို့သည် ခံတွင်းအလိုသို့မလိုက်ဖို့ချုပ်တည်းခြိုးခြံရန် သင်ကြားပေးနိုင်သည်။ သို့တည်းမဟုတ် သူတို့အား ခံတွင်းအလိုသို့လိုက်၍ အစားကြူးသူများဖြစ်လာစေရန် သင်ကြားပေးနိုင်သည်။ နေ့အချိန်တွင် မိမိ၏စီမံကိန်းများတချို့တစ်ဝက်ကို အကောင်အထည်ဖော်ရန် အစီအစဉ်ပြုလုပ်သည်။ ကလေး များသည် သူမအားဒုက္ခပေးသောအခါအချိန်ယူ၍ သူတို့၏ဝမ်းနည်းမှုများကို သက်သာစေ၍ သူတို့၏အာရုံများကို အပြောင်းအလွဲပြုလုပ်ပေးမည့်အစား သူတို့အားငြိမ်သက်စေရန် အစားအစာတစ်ခုကိုကျွေးမွေးထားလိုက်လေသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် ခေတ္တမျှမိခင်၏လိုတပြည့်သွားသော်လည်း နောက်ဆုံးတွင် အခြေအနေကိုပိုမိုဆိုးရွားစေလေသည်။ ကလေးသူငယ်များ၏အစာအိမ်များသည် အစားအစာကိုအလိုမရှိသော်လည်း အဓမ္မသွတ်သွင်းလိုက်လေသည်။ လုပ်သင့်လုပ်ထိုက်သောအရာမှာ မိခင်အချိန်ကိုအနည်းငယ်အသုံးပြု၍ ဂရုတစိုက်ဆောင်ရွက်ရန်သာဖြစ်သည်။ သို့ရာတွင် မိခင်အနေ ဖြင့် သူ့သားသမီးတို့၏စိတ်ပျော်ရွှင်မှုအတွက်အသုံးပြုရန် သူမ၏အချိန်ကို မမျှနိုင်လောက်အောင်တန်ဖိုးရှိလှသည်ဟု ယူဆကြလေသည်။ ဧည့်သည်များ၏ချီးကျူးမှုကိုခံယူရအောင် သူမ၏အိမ်ထောင်ပရိဘောဂမှစသောအရာ တို့ကို လှလှပပစက္ကူပဒေသာဖြစ်စေရန်စီစဉ်ခြင်းနှင့် အစားအစာများကို ဖက်ရှင်ကျကျချက်ပြုတ်ခြင်းတို့ကို သူမသားသမီးတို့၏ပျော်ရွှင်ခြင်းထက် ဦးစားပေးလေသည်။

**အစားအစာသည်အင်အားဖြစ်စေ၍စားချင်စဖွယ်ဖြစ်ရမည်၊ သို့ရာတွင်ရိုးရိုးဖြစ်ရမည်** – အစားအစာသည် မိခင်၏အချိန်ရှိသမျှကို အသုံးပြု၍ ချက်ပြုတ်ခြင်းမပြုရလောက်အောင် ရိုးရိုးဖြစ်စေရမည်။ ထမင်း စားပွဲပေါ်တွင် အင်အားဖြစ်စေ၍ စားချင်စဖွယ်ဖြစ်သောအစားအစာများကို တင်ထားရန် သတိပြုရမည်။ မှန်ပါသည်၊ သတိတရားကင်းမဲ့စွာ တည်ခင်းကျွေးမွေးလိုက် သောမည်သည့်အစားအစာမျိုးမဆို ကလေးများအတွက် သင့်လျော်သည်ဟု မယူဆပါနှင့်၊ ထမင်းစားပွဲပေါ်မှာတင်ထားရန်အတွက် ကျန်းမာခြင်းနှင့်မညီညွတ်သောအစားအစာများကို ချက်ပြုတ်ရန်လည်းကောင်း၊ ကမောက်ကမဖြစ်နေသောခံတွင်းအရသာကို အကြိုက်ဖြစ်စေရန်လည်းကောင်း၊ အချိန်ကိုလျော့နည်းနိုင်သမျှနည်းအောင်လုပ်ကိုင်ပြီးလျှင် ကလေးသူငယ် များ၏ပညာရေးနှင့်သင်ကြားပြသပေးရေးအတွက် အချိန်ကိုပိုမိုယူသင့်ပေသည်။

**နို့စို့ကလေးအတွက်အဝတ်အစားများပြင်ဆင်ခြင်း** – ကလေးအဝတ်ဝတ်ဆင်ရန် အဝတ်အစားများကိုပြင်ဆင်ရာတွင် ခေတ်ဆန်ရေးသို့တည်းမဟုတ် အများတကာတို့၏အံ့သြချီးကျူးခံရလိုခြင်းထက် ကလေး၏သက်သောင့်သက်သာဖြစ်မှုနှင့်ကျန်းမာမှုအတွက် အထောက်အကူဖြစ်ရေးကိုဦးစားပေး၍ ဆောင်ရွက်သင့်ပေသည်။ ကလေးများတို့ဝတ်စားဆင်ယင်ရန်အတွက် အဝတ်အစားများတို့တွင် ဇာထိုးပန်းချုပ်လုပ်ကိုင်ပေးခြင်းနှင့် လှလှပပဖြစ်အောင်လုပ်ကိုင်ပေးခြင်းအားဖြင့် မိခင်သည် အချိန်မကုန်သင့်ပေ။ ယင်းကဲ့သို့ပင်ပန်းခံခြင်းသည် သူမကိုယ်တိုင်ကျန်းမာခြင်းနှင့်သားငယ်သမီးငယ်တို့၏ကျန်းမာရေးကိုထိခိုက်သည့် မလိုလားအပ်သောလုပ်ငန်းမျိုးဖြစ်သည်။ နားနားနေနေနှင့်သင့်တော်လျော်ကန်သော ကိုယ်လက်လှုပ်ရှားမှု လိုအပ်နေသောအချိန်မျိုးတွင် သူမ၏မျက်စိများနှင့်အကြောအခြင်များကို များစွာထိခိုက်စေသည့် ကုန်းကွ၍ချုပ်လုပ်ရသောအလုပ်မျိုးကို ရှောင်ကြဉ် သင့်ပေသည်။

သူမဆောင်ရွက်သင့်သောအမှုကိစ္စများကို ဆောင်ရွက်နိုင်စေဖို့ သူမ၏ခွန်အားများကို သိမ်းဆည်းဖြည့်တင်းထားရမည့်တာဝန်ကို သူမအနေဖြင့် သိရှိထားနှင့်ပေသည်။

**ကလေးသူငယ်များအားသန့်ရှင်းစွာထားပါ၊ နွေးနွေးထွေးထွေးထားပါ၊**

**လေကောင်းလေသန့်ရရှိစေပါ** – နို့စို့ကလေးများအား နွေးနွေး ထွေးထွေးထား ရန်လိုအပ်ပေသည်။ သို့ရာတွင် အပူရှိန်ကြီးသောအခန်းများ ၌ ကလေးများအား ထားခြင်းသည် လေကောင်းလေသန့်ရရှိခြင်းကိုတားဆီး ထားသောကြောင့် မှား ယွင်းသောလမ်းစဉ်ဖြစ်သည်။

ကလေးသူငယ်များတို့၏ခန္ဓာအစိတ်အပိုင်းများကို အင်အားဆုတ်ယုတ် စေခြင်း (သို့မဟုတ်) အဆိပ်အတောက်ဖြစ်စေခြင်းကိုအားပေးသော မည်သည့် ကိစ္စမျိုးမှမဆို ကလေးများအားကင်းရှင်းနေစေသင့်ပေသည်။ ကိုယ်ခန္ဓာနှင့်ပတ် သက်၍ ခပ်သိမ်းသောအရာများကို မွေးကြိုင်သန့်ရှင်းနေအောင် ထိန်းသိမ်းထား ရှိရမည်။ ကလေးသူငယ်များကိုရုတ်တရက် (သို့မဟုတ်) ကြီးမားလွန်းသောအပူ ရှိန်ပြောင်းလဲမှုများမှကာကွယ်ထားရန် လိုအပ်သော် လည်း သူတို့သည်အိပ်ပျော် နေသောအခါဖြစ်စေ၊ နိုးနေသောအခါဖြစ်စေ၊ နေ့ဖြစ်စေ၊ ညဖြစ်စေ၊ သန့်ရှင်း၍ အင်အားပြည့်စေသော လေကောင်းလေသန့် ကိုရှူရိုက်စေရန် သတိပြုရမည်။

**ကလေးများနာဖျားမကျန်းရှိသောအခါကြည့်ရှုပြုစုခြင်း** – ကလေးသူငယ်များဖျားနာရခြင်းသည် အများအားဖြင့်စီမံအုပ်ချုပ်ကွပ်ကဲမှု မှားယွင်းမှုကြောင့်ဖြစ်ရသည်။ စားသောက်ရာတွင် အချိန်မမှန်ခြင်း၊ ချမ်းအေး သောညနေခင်းများတွင် အဝတ်အစားများလုံလုံလဲလဲဝတ်ဆင်ပေးထားမှုမရှိခြင်း၊ သွေးများကျန်းမာစွာဖြင့်လှည့်ပတ်သွားလာမှုရှိစေရန် ကိုယ်လက် လှုပ်ရှားမှုမ ရှိခြင်း၊ (သို့မဟုတ်) သွေးများသည် သန့်ရှင်းစင်ကြယ်စေရန် လေကောင်း လေသန့်ကောင်းမွန်စွာမရရှိခြင်းတို့သည် ယင်းဒုက္ခ၏အကြောင်း ရင်းများဖြစ်နိုင် သည်။ မိဘတို့အနေဖြင့် ဖျားနာရသောအကြောင်းရင်းကို ရှာဖွေလေ့လာ၍ အမြန်မနေးယင်းမှားယွင်းသောအခြေအနေများကို ပြုပြင်ပေးရမည်။

ရောဂါများကိုကာကွယ်ခြင်းသာမက ရောဂါများကိုကုသခြင်းနှင့်ပတ်သက်၍ မိဘတို့တွင်သင်ကြားလေ့လာရန် အခွင့်အရေးအပြည့်အစုံရှိသည်။ အထူးသဖြင့် မိခင်ဖြစ်သူသည် သူမ၏အိမ်ထောင်၌ ဖြစ်ရိုးဖြစ်စဉ် ဖျားနာခြင်းများကုသနည်းကိုသိရှိထားသင့်ပေသည်။ သူမ၏ဖျားနာနေသော ကလေးသူငယ်များအား ဘယ်ကဲ့သို့ကြည့်ရှုပြုစုပေးရမည်ကို သူမသိရှိသင့်ပေသည်။ သူစိမ်းတစ်ရံဆံများလက်သို့ လွှဲပြောင်းအပ်ထား၍ မဖြစ်နိုင်သော တာဝန်များကိုထမ်းဆောင်ရန် မိခင်၏မေတ္တာနှင့်အမြင်ရှည်ခြင်းက သူမအားသင့်လျော်သောအရည်အသွေးဖြင့် ပြည့်ဝစေသင့်ပေသည်။

---o---

# အခန်း ၄၅
# သားသမီးများအားသွန်သင်ဆုံးမခြင်းသည် မိခင်၏ပထမဦးဆုံးတာဝန်ဖြစ်ခြင်း

ဘုရားသခင်၏ငယ်ရွယ်သောကလေးများ၌ အသုံးပြုနိုင်သောအရာခပ်သိမ်းတို့ကို တွေ့မြင်တော်မူသည်။ သင့်လျော်သောသွန်သင်ဆုံးမမှုပေး လျှင်ကလေးသည်ကမ္ဘာလောကကြီးတွင် ကောင်းကျိုးပြုမည့် အင်အားတစ်ရပ်ဖြစ်လာနိုင်သည်။ မိခင်တို့သည် ကိုယ်တော်ရှင်၏စီမံကိန်းကို အကောင်အထည်ဖော်မည်မဖော်မည်ကိုလည်းကောင်း၊ ကလေး၏ပစ္စုပ္ပန်နှင့် ထာဝရပျက်စီးမှုအခြေအနေသို့ရောက်သည့်ကလေးအား အလိုလိုက်ခြင်းအား ဖြင့် ကိုယ်တော်ရှင်၏ရည်စူးချက်ကို ဖျက်ဆီးပစ်မည်ကိုလည်းကောင်း ကိုယ်တော်ရှင်သည် စိတ်ဝင်စားစွာဖြင့်စောင့်ကြည့်နေတော်မူသည်။ ဤမစ မဲ့ဖြစ်၍ အသုံးမကျမရေရာသောလူသားငယ်ကလေးတစ်ဦးအား ကမ္ဘာလောက ကြီးအတွက်ကောင်းကျိုးပြု၍ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေမည့် လူသားအဖြစ်သို့ ပြောင်းလဲပေးခြင်းသည် ကြီးမား၍မွန်မြတ်သောလုပ်ငန်း ဖြစ်သည်။ မိဘတို့သည် သူတို့နှင့်သူတို့၏သားသမီးတို့အတွက် ဆောင်ရွက် ပေးရမည့်စပ်ကြား ဘာတစ်ခုမျှကြားဝင်သပ်ထိုးခြင်းမပြုစေရ။

**ဘုရားသခင်နှင့်တိုင်းပြည်အတွက်လုပ်ငန်းတစ်ရပ်** – ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းသောသူတို့သည် ဖော်ထုတ်ပြောဆို၍မရနိုင်သောမျှော်လင့်စိုးရိမ်မှုဖြင့် သူတို့၏သားသမီးများကိုကြည့်ရှုလျက် သူတို့ရှေ့၌ ရှိနေသောတိုက်လှန်မှုတွင် ဘယ်ကဲ့သို့သောကဏ္ဍမှ သူတို့သည်ပါဝင်ဆင်နွှဲ ကြမည် ကို သိရှိလိုကြသည်။ စိုးရိမ်မကင်းဖြစ်သောမိခင်က မေးမြန်းလိုက်သည်မှာ "သားသမီးများသည် ဘယ်ကဲ့သို့ရပ်တည်ကြမည်နည်း။ သူတို့သည် ထာဝရကာလဆိုင်ရာ ဘုန်းတန်ခိုးကိုခံစားနိုင်စေရန် သူတို့၏ကဏ္ဍကို ထမ်းဆောင်နိုင်ဖို့ပြင်ဆင်မှုရှိစေရန် ကျွန်ုပ်တို့အနေဖြင့် ဘာကိုဆောင်ရွက် ပေးနိုင်သနည်း။ မိခင်တို့၊ သင်တို့အပေါ်၌ ကြီးလေးသောတာဝန်ရပ်တည် လျက်ရှိသည်။ သင်တို့အနေဖြင့် တိုင်းပြည်ဆိုင်ရာလုပ်ငန်းတစ်ခုခုကို ထမ်းဆောင်နေသောသူမဟုတ်လင့်ကစား ဘုရားသခင်နှင့်သင်တို့တိုင်းပြည် များအတွက် ကြီးမားသောလုပ်ငန်းကြီးတစ်ခုကို ထမ်းဆောင်နိုင်ကြသည်။ ယင်းလုပ်ငန်းကြီးမှာ သင်တို့သားသမီးများကို သွန်သင်ဆုံးမရကြမည်။ သူတို့သည်မကောင်းမှုဒုစရိုက်ကိုလိုက်စားလိုသောစိတ်မရှိဘဲ အခြားသောသူတို့အား မှန်ကန်သောအရာကိုပြုလုပ်စေရန်၊ သူတို့ဩဇာသက်ရောက်မှုအသုံးပြု စေမည့် အကျင့်စာရိတ္တမျိုးကိုမွေးမြူစေရန် သူတို့ကိုသင်တို့မစကူညီရကြမည်။ သင်တို့၏ယုံကြည်အားကြီးသောဆုတောင်းပတ္ထနာများအားဖြင့် ကမ္ဘာကို လှုပ်ရှားစေသောလက်မောင်းကို သင်တို့လှုပ်ရှားပေးနိုင်ကြမည်။

သားသမီးတို့အား ကလေးဘဝနှင့်လူငယ်ဘဝများတွင် ဆုံးမသွန်သင်ပေးရကြမည်။ အသုံးကျမှုအတွက်သားသမီးတို့ကို ပညာသင်ကြားပေးရမည်။ မိသားစုဘဝအတွက် လိုအပ်သမျှကိုဆောင်ရွက်ပေးရန် သူတို့အားဆုံးမသွန်သင်ပေးရမည်။ မိဘတို့သည် ကြင်နာသောအပြောအဆိုများနှင့် သဘောကျသောအသုံးအနှုန်းများကိုအသုံးပြုလျက် ယင်းတာဝန်များအား သာယာပျော်ရွှင်မှုအရှိဆုံးဖြစ်သော တာဝန်များဖြစ်စေရန်ဆောင်ရွက်ရကြမည်။

## အိမ်တွင်းမှုဆိုင်ရာဆုံးမပဲ့ပြင်မှုကို အများသောသူတို့ကလျစ်လျူရှုခြင်း

– ပညာသင်ပြသမှုဆိုင်ရာနည်းများတို့တွင် ဂုဏ်ယူပြောဆိုထားသော တိုးတက်မှုများရှိလင့်ကစား၊ ယခုအခါတွင် ကလေးသူငယ်များအား သွန်သင်ဆုံးမရာတွင် ဝမ်းနည်းဖွယ်ကောင်းသော ချွတ်ယွင်းချက်များရှိသည်။ အိမ်တွင်းဆိုင်ရာဆုံးမပဲ့ပြင်မှုကို လျစ်လျူရှုထားကြသည်။ မိဘများအထူးသဖြင့် မိခင်တို့သည် သူတို့၏တာဝန်ကိုမသိရှိကြပေ။ ဆုံးမပဲ့ပြင်ရန် သူတို့၌သည်းခံတတ်သောစိတ်မရှိကြပေ။ သူတို့လက်၌အပ်နှင်းထားသော သားငယ်သမီးငယ်တို့အား အုပ်ထိန်းထားနိုင်သောအသိပညာလည်း သူတို့၌မရှိကြပေ။

မိခင်တို့သည် သူတို့ထမ်းဆောင်ရမည့်တာဝန်ကိုထမ်းဆောင်ခြင်းမရှိ။ မိခင်ဘဝ၏ရပ်တည်မှုအပေါ် သစ္စာမစောင့်ဆိုသည်မှာ မှန်ရာပြော သစ္စာဖြစ်သည်။ ကိုယ်တော်ရှင်၏အင်အားဖြင့် ကျွန်ုပ်တို့မဆောင်ရွက်နိုင် သောအရာကိုဆောင်ရွက်ရန်လည်းကောင်း၊ ကျွန်ုပ်တို့ကိုယ်တိုင်အတွက်နှင့် ကျွန်ုပ်တို့၏သားသမီးများအတွက် အကျိုးပြုသောအရာတစ်ခုမျှပြုလုပ်ရန် လည်းကောင်း ဘုရားသခင်သည် ကျွန်ုပ်တို့အားစေခိုင်းတော်မမူပေ။

**မိခင်များသည်ဘုရားသခင်၏မစမှုကိုရှာဖွေကြရမည်** – မိခင်များသည် သူတို့၏တာဝန်များအရေးပါအရာရောက်ပုံကိုသိရှိကြလျှင် သူတို့ သည် ဆိတ်ကွယ်ရာအရပ်တွင် များစွာဆုတောင်းပတ္ထနာပြုလျက် သူတို့၏သားသမီးများအား ယေရှုရှင်ထံသို့တင်ပြ၍ သူတို့အားကောင်းချီးပေးတော်မူရန်တောင်းဆိုပြီးလျှင် သူတို့၏တာဝန်များကိုလည်း မှန်ကန်ကျေပွန်စွာထမ်းဆောင်နိုင်ဖို့ ဉာဏ်ပညာကိုပေးရန်အသနားခံသင့်ကြပေသည်။ သူတို့သားသမီးတို့၏စိတ်နေသဘောထားနှင့် အကျင့်ဓလေ့များကိုပုံသွင်းပေးရန်အခွင့်အရေးရှိသမျှကို တိုးတက်ကောင်းမွန်ပါလေစေ။ အကျင့်စာရိတ္တကြီးထွားရင့်သန်မှုကိုစောင့်ကြည့်လျက် အလွန်အမင်းထင်ရှားသောအပြုအမူများကိုအားပေးသင့်လေသည်။ မိမိကိုယ်တိုင်၏ဘဝအသက်တာအား သူမ၏သားသမီးရတနာများအတွက် စင်ကြယ်မြင့်မြတ်သောပုံသက်သေဖြစ်ပါလေစေ။

မိခင်ဖြစ်သူသည် မိမိ၏အလုပ်ကိုရဲစွမ်းသတ္တိဖြင့်လည်းကောင်း၊ အင်တိုက်အားတိုက်ဖြင့်လည်းကောင်းလုပ်ကိုင်လျက် သူမ၏ကြိုးပမ်းမှုအားလုံးတွင် ဘုရားသခင်၏အကူအညီကို အမြဲတမ်းအားကိုးအားထားပြုနေရမည်။ သူတို့ကိုယ်တိုင်၏ပျော်ရွှင်မှုကိုသာရှာဖွေခြင်းထက် သူတို့၏သားသမီးများ

တွင် အဆင့်ဆင့်စာရိတ္တမြင့်မားလာသည်ကို တွေ့မြင်ရသည်တိုင်အောင်လည်းကောင်း၊ ဘ၀အသက်တာတွင် ပိုမိုမြင့်မားသောရည်စူးချက်ကိုထားရှိသည်တိုင်အောင် သူမသည် ဘယ်အခါမျှကျေနပ်၍မနေသင့်ပေ။

ဆုတောင်းနေတတ်သောမိခင်၏ဩဇာသက်ရောက်မှုတန်ခိုးအာနိသင်ကို ခန့်မှန်းရန်ခဲယဉ်းလှပေသည်။ သူမသည် အရာရာတို့တွင် ဘုရားသခင်ကိုမျက်မှောက်ပြုသည်။ သူမ၏သားသမီးတို့အား ကျေးဇူးတော်ပလ္လင်တော်သို့ယူဆောင်သွား၍ သူတို့အားယေရှုရှင်လက်သို့အပ်နှံပြီးလျှင် သူတို့အားကောင်းချီးပေးရန် အသနားခံသည်။ ယင်းသို့သောဆုတောင်းပတ္ထနာတို့၏ဩဇာသက်ရောက်မှုသည် သားသမီးတို့အတွက် “အသက်စမ်းရေတွင်း” ဖြစ်သည်။ ယုံကြည်သောစိတ်ဖြင့်တောင်းသော ယင်းပတ္ထနာတို့သည် ခရစ်ယာန်မိခင်အတွက်အထောက်အပံ့နှင့်ခွန်အားဖြစ်သည်။ ကျွန်ုပ်တို့၏ သားသမီးများနှင့်အတူတကွဆုတောင်းပတ္ထနာပြုရသောတာ၀န်ကိုပျက်ကွက် ခြင်းသည် ကျွန်ုပ်တို့၏လက်လှမ်းမီသော အကြီးမားဆုံးကောင်းချီးမင်္ဂလာတစ်ခုကိုလည်းကောင်း၊ ကျွန်ုပ်တို့ဘ၀အသက်တာလုပ်ငန်း၏ရှုပ်ထွေးမှုများ၊ စိုးရိမ်ကြောင့်ကြမှုများနှင့် ၀န်ထုပ်များတို့လုံးပန်းနေချိန်တွင် အကြီးမားဆုံးအထောက်အကူတစ်ခုကိုလည်းကောင်း ဆုံးရှုံးလက်လွတ်ခြင်းဖြစ်သည်။

မိခင်ဆုတောင်းပတ္ထနာများ၏အာနိသင်ကို တန်ဖိုးဖြတ်၍မရနိုင်ပေ။ ကလေးဘ၀၏ပြောင်းလဲမှုများဖြစ်ပွားနေချိန်၌လည်းကောင်း၊ လူငယ်လူရွယ်တို့၏အန္တရာယ်များသောင်းကျန်းနေချိန်၌လည်းကောင်း သားသမီးတို့နှင့်ယှဉ်၍ဒူးထောက်လျက် ပတ္ထနာပြုသောမိခင်သည် သူမသားသမီးတို့၏ဘ၀အသက်တာအပေါ် သူမ၏ပတ္ထနာများဘယ်ကဲ့သို့ဩဇာသက်ရောက်မှုရှိခဲ့သည် ကိုတရားစီရင်သောအချိန်ရောက်သည်တိုင်အောင် သူမသိရှိမည်မဟုတ်ပေ။ မိခင်သည်ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏သားတော်နှင့်ဆက်သွယ် မှုရှိလျှင်သူမ၏ကြင်နာသောလက်သည် စုံစမ်းသွေးဆောင်ခြင်း၏ဆွဲဆောင် မှုမှသူ့သားအားတားဆီးထားနိုင်၍ သူမ၏သားသမီးအပြစ်ဒုစရိုက်တွင်ကျင်လည်ခြင်းမှ ကာကွယ်ထားနိုင်မည်ဖြစ်သည်။ တပ်မက်သောစိတ်တို့သည်စိုးမိုးမှုအတွက်တိုက်ပွဲဆင်နေချိန်တွင် မိခင်၏မေတ္တာ၊ ဟန့်တားခြင်း၊ စိတ်အားထက်သန်ခြင်းနှင့်ပြဋ္ဌာန်းချက်တို့၏ဩဇာသက်ရောက်မှုတို့၏စွမ်းအင်သည်ဝိညာဉ်အားအမှန်တရားဘက်တွင် အလေးချိန်စီးနေစေနိုင်သည်။

**ညှော်သည်အာဂန္တုများနှောင့်ယှက်သောအခါ** – မိခင်များသည်အချိန်ယူ၍ သားသမီးတို့နှင့်စကားပြောဆိုခြင်း၊ ဆုတောင်းခြင်းပြုလုပ်သင့်

ပေသည်။ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းသည် သားသမီးတို့နှင့်ရင်းနှီးမှုပြုလုပ်ရသောအချိန်ကို မည်သည့်အရာကမျှနှောင့်ယှက်ခွင့်မပြုသင့်ပေ။ ဧည့်သည်အာဂန္တုများအား သင်တို့အနေဖြင့်ပြောဆိုနိုင်သည်မှာ "ကျွန်ုပ်တို့ဆောင်ရွက်ရန် ကျွန်ုပ်တို့အားဘုရားသခင်သည် အလုပ်တစ်ခုကိုပေးထားတော်မူသည်။ ထိုကြောင့်ကျွန်ုပ်၌ သူတစ်ပါးအကြောင်းဆွေးနွေးပြောဆိုရန်အချိန်မရှိပါ။" မိဘတို့အနေဖြင့် ဘဝရပ်တည်ချိန်ကာလနှင့်ထာဝရကာလအတွက်ထမ်းဆောင်ရန် အလုပ်တစ်ခုရှိလေသည်ဆိုသောခံစားချက်ကို မွေးမြူထားသင့်ပေသည်။ သင်တို့၏သားသမီးများအားပြုအပ်သောဝတ်ကို ဦးစားပေးဆောင်ရွက်ရမည်။

ဧည့်သည်အာဂန္တုများထက်လည်းကောင်း၊ အခြားကိစ္စတစ်ခုထက်လည်းကောင်း သားသမီးများကိစ္စကို ပထမနေရာတွင်ထားရှိရမည်။ သင်တို့သားသမီး၏စောစောပိုင်းနှစ်များတွင် သူတို့အား သင်ပြုပြင်ပေးရမည့်လုပ်ငန်းကလျစ်လျူရှုနေခြင်းကို ခွင့်ပြုလိမ့်မည်မဟုတ်ပေ။ ဤစည်းကမ်းနည်းလမ်းကိုမေ့လျော့နေရမည့်အချိန်ကာလဟူ၍ သားသမီးတို့၏ဘဝအသက်တာတွင် မရှိပေ။

ဧည့်သည်အာဂန္တုများကိုဧည့်ခံနိုင်ရန် သားသမီးတို့အား အိမ်ပြင်ပသို့မသွားခိုင်းပါနှင့်။ သို့ရာတွင် ဧည့်သည်တို့ရှေ့တွင် ငြိမ်သက်စွာနှင့်လေးလေးစားစားနေထိုင်ရန် သင်ကြားပေးပါ။

**ကောင်းမြတ်ခြင်းနှင့်မြင့်မြတ်ခြင်းတွင် မိခင်များသည်ပုံသက်သေများဖြစ်ရမည်** – မိခင်တို့၊ သင်တို့၏တန်ဖိုးထိုက်လှသောအချိန်များကိုသတိထား၍အသုံးပြုကြပါ။ သင်တို့၏သားသမီးများသည် သင်တို့ဆုံးမသွန်သင်ပဲ့ပြင်ရန် နောက်ကျနေပြီဖြစ်သောအခြေအနေများသို့ ရောက်ရှိသွားနိုင်ကြသည်ကိုသတိရပါ။ သင်တို့သည် သူတို့အတွက် ကောင်းမြတ်ခြင်းရှိသမျှ၌လည်းကောင်း၊ စင်ကြယ်ခြင်းရှိသမျှ၌လည်းကောင်း၊ မြင့်မြတ်ခြင်းရှိသမျှ၌လည်းကောင်း ပုံသက်သေဖြစ်ရကြမည်။

သင်တို့သည် အခြားအရာခပ်သိမ်းတို့တွင်ပျက်ကွက်လျှင် ဤကိစ္စ၌သေချာစွာဆောင်ရွက်ပါ။ ပိပိရိရိဆောင်ရွက်ပါ။ သင်တို့၏သားသမီးတို့သည် အိမ်တွင်ဆုံးမသွန်သင်မှုကြောင့် သန့်ရှင်းစင်ကြယ်၍ ကိုယ်ကျင့်တရား နှင့်ပြည့်ဝလျှင်လည်းကောင်း၊ ကမ္ဘာလောကကြီးအတွက်ထားရှိသော ဘုရားသခင်၏ကောင်းမြတ်သောစီမံကိန်းတွင် အသေးနုပ်ဆုံးနှင့်အနိမ့်ကျဆုံး ဖြစ်သောနေရာတွင် ဝင်ရောက်အမှုထမ်းလျှင်လည်းကောင်း၊ သင့်ဘဝ အသက်တာသည် ဆုံးရှုံးသောဘဝအသက်တာဟူ၍ ဘယ်အခါမျှမခေါ်ဆိုနိုင်ဘဲ ဘယ်အခါမျှလည်း ဝမ်းနည်းဖွယ်ကောင်းသောဘဝအသက်တာဟူ၍ ပြန်လည်သတိရနေစရာအကြောင်းမရှိပေ။

၏ရောင်ပြန်ဟပ်ခြင်းကိုတွေ့မြင်နိုင်သောကြည့်မှန်ဖြစ်သည်။ ထိုအတွက် ကြောင့် ဤလေ့လာသင်ကြားကြသောကလေးများရှေ့တွင် မိခင်၏အပြော အဆိုနှင့်အပြုအမူများကို ဘယ်မျှလောက်ဆင်ဆင်ခြင်ခြင်နှင့်လည်းကောင်း၊ သတိကြီးစွာဖြင့်လည်းကောင်း ဆောင်ရွက်သင့်ပေသနည်း။ သားသမီးတို့၌ ကြီးထွားရင့်သန်နေစေလိုသော စာရိတ္တကောင်းဆိုင်ရာ အပြုအမူမျိုးတို့ကို မိခင်ကိုယ်တိုင်က မွေးမြူကျင့်သုံးရမည်။

**ကမ္ဘာ့ရည်စူးချက်၏စံချိန်ထက်မြင့်မားသောရည်စူးချက်ကို ထားရှိပါ** – မိခင်သည် ကမ္ဘာ့အတွေးအခေါ်၏ချုပ်ထိန်းမှုအောက်တွင်မရှိ စေရ။ ကမ္ဘာ့စံချိန်တွင်းနှင့်ရင်ပေါင်တန်းမိအောင်လည်း ကြိုးပမ်းဆောင်ရွက် မှုမရှိစေရ။ ဘဝအသက်တာ၏ကြီးမားသောရည်စူးချက်သည် ဘာဖြစ်သည်

ကို သူမကိုယ်တိုင်ဆုံးဖြတ်၍ ယင်းရည်စူးချက်ကိုအကောင်အထည်ဖော်နိုင် ရန် ကြိုးပမ်းရပေမည်။ အချိန်မရှိသောကြောင့် သူမ၏အိမ်တွင်းမှုကိစ္စအများ တို့ကို လျစ်လျူရှုထားရာတွင် ကြီးမားသောဆိုးကျိုးများကို ရင်ဆိုင်ရသော ဒုက္ခမှကင်း လွတ်နေပေမည်။ သို့ရာတွင် သူမ၏သားသမီးတို့အား သွန်သင်ဆုံးမပဲ့ပြင်ရ သောကိစ္စကို လျစ်လျူရှုထား၍မရနိုင်ပေ။ သူတို့၏ချွတ်ယွင်း သောအကျင့် စာရိတ္တများက သူမ၏သစ္စာမဲ့ခြင်းကိုကြေညာလိမ့်မည်။ သူမအနေဖြင့်ဆုံးမ ပဲ့ပြင်မှုမပြုရသော ကြမ်းတမ်းရိုင်းစိုင်းသည့်အပြုအမူများရှိသေ လေးစားခြင်း၊ နားထောင်ခြင်းကင်းမဲ့သော အပြုအမူအနေအထိုင်သည် သူမ၏ဂုဏ်ကိုထိခိုက်၍ သူမ၏ဘဝအသက်တာကိုခါးသီးစေလိမ့်မည်။ မိခင်တို့၊ သင်တို့သားသမီးများ ၏ကံကြမ္မာသည် သင်တို့၏လက်တွင်း၌ အများဆုံးရှိသည်။ သင်တို့၏တာ ဝန်ကိုဆောင်ရွက်ရာတွင်ပျက်ကွက်လျှင် သူတို့ကိုစာတန်၏လက်ထဲသို့အပ်နှံ လိုက်သောကြောင့် အခြားသောသူတို့၏ ဝိညာဉ်များကိုဖျက်ဆီးရန်အတွက် စာတန်သည် သင်တို့၏သားသမီးများကို သူ့ကိုယ်စားလှယ်များအနေဖြင့် အသုံးပြုလိမ့်မည်။ သို့တည်းမဟုတ် သင်တို့ ၏သစ္စာရှိစွာစည်းကမ်းတကျနေ ထိုင်မှုနှင့် ကောင်းသောပုံသက်သေပြမှုကြောင့် သူတို့သည်ခရစ်တော်ထံသို့ချဉ်း ကပ်ကြ၍ သူတို့ကတစ်ဖန်အခြားသောသူတို့ ပြုပြင်ပေးခြင်းအားဖြင့် သင်တို့မှ တစ်ဆင့်ဝိညာဉ်အများတို့သည် ကယ်တင် ခြင်းသို့ရောက်ရှိကြလိမ့်မည်။

**အကောင်းကိုမြေတောင်မြှောက်ပေးပါ။ အဆိုးကိုနှိပ်ကွပ်ပါ**– မိဘတို့သည် သူတို့၏သားသမီးတို့အား ကိုယ်တော်ရှင်၏မေတ္တာတော်နှင့် ကြောက်ရွံ့ခြင်းတို့တွင် ကြီးထွားရင့်သန်လာကြစေခြင်းအားဖြင့် ဘုရားသခင် နှင့်လက်တွဲဆောင်ရွက်ကြရမည်။ သူတို့၏သားသမီးများအား မှန်ကန်စွာ သွန်သင်ဆုံးမရန်လျစ်လျူရှုသည်ထက် ဘုရားသခင်အတွက် မနှစ်မြို့ဖွယ် ဖြစ်သောအရာသည်မရှိပေ။ ရန်သူတည်းဟူသောမာရ်နတ်သည် သူတို့အပေါ် ဩဇာလွှမ်းမိုးခြင်းမရှိစေရန် သားသမီးတို့၏အပြောအဆိုနှင့်အပြုအမူများကို သတိကြီးစွာဖြင့် စောင့်ထိန်းပေးရမည်။ ဘုရားသခင်၏ရည်စူးချက်ကိုဆန့်ကျင် ဘက်ပြုနိုင်ရန်၊ သူ့ဩဇာကိုသားသမီးတို့အပေါ်တွင်လွှမ်းမိုးစေရန် စာတန်သည် များစွာအလိုရှိနေလေသည်။ မိဘတို့သည် သူတို့၏သားသမီးများအတွက် ကြင်နာစွာဖြင့်လည်းကောင်း၊ စိတ်ဝင်စားစွာဖြင့်လည်းကောင်း၊ ယုယသိမ်မွေ့ စွာဖြင့်လည်းကောင်း လုပ်ကိုင်ဆောင်ရွက်၍ ကောင်းသောအပြုအမူ အလုပ် အကိုင်ဟူသမျှကို လုပ်ကိုင်ဆောင်ရွက်စေလျက် မကောင်းမှုဒုစရိုက် ဟူသမျှတို့ သည် သူတို့အကျင့်စာရိတ္တ၏တစ်စိတ်တစ်ဒေသဖြစ်မလာစေရန် နှိပ်ကွပ်ပေး ရမည်။

**စိတ်ကျေနပ်စွာဆောင်ရွက်ပြီးသောလုပ်ငန်းအတွက် ဝမ်းမြောက်ရွှင်လန်းခြင်း** – သားသမီးများသည် ဘုရားသခင်ချပေးထားတော်မူသော အမွေစားအမွေခံများဖြစ်၍ ကိုယ်တော်ရှင်ပိုင်တော်မူသော ယင်းရတနာကလေးများကို ကျွန်ုပ်တို့ကွပ်ကဲထိန်းသိမ်းစောင့်ရှောက်ရမှုအတွက် ကိုယ်တော်ရှင်နှင့်စာရင်းရှင်းရကြမည်ဖြစ်သည်။ သားသမီးတို့အားတပည့်တော်၊ တပည့်တော်မများဖြစ်လာစေရန် သွန်သင်ဆုံးမဩဝါဒပေးခြင်းသည် မိဘများအနေ ဖြင့် ဘုရားသခင်အတွက် အဆင့်အမြင့်ဆုံးဆောင်ရွက်ပေးနိုင်သောလုပ်ငန်း ဖြစ်သည်။ ယင်းလုပ်ငန်းကိုထမ်းဆောင်ရာတွင် သည်းခံသောစိတ်ဖြင့်လည်း ကောင်း၊ သတိဝီရိယရှိရှိဖြင့်လည်းကောင်း၊ အားကြိုးမာန်တက်ရှိရှိဖြင့်လည်း ကောင်း တစ်သက်ပတ်လုံးဆောင်ရွက်ရမည်။ ဤယုံကြည်ရာလွှဲအပ်ထား သောလုပ်ငန်းကို လျစ်လျူရှုလျှင် ကျွန်ုပ်တို့သည် သစ္စာမဲ့သောဘဏ္ဍာစိုး များဖြစ်နေကြလိမ့်မည်။

"ကျွန်ုပ်တို့အား ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူခဲ့သော သားသမီးများကိုကြည့်ပါလော့" ဟူ၍ မိဘများကဘုရားသခင်ထံဝမ်းမြောက်ဝမ်းသာစွာဖြင့် လျှောက်ထားပြောဆိုနိုင်သည်တိုင်အောင် သူတို့၏သားသမီးများအတွက် သူတို့သည်မေတ္တာဖြင့်လည်းကောင်း၊ ယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းဖြင့်လည်းကောင်း လုပ်ဆောင်ကြရမည်။

–––o–––

# အခန်း ၄၆
# မိထွေး

**မိထွေးအတွက်အကြံပေးချက်** – သားသမီးများရှိသောမုဆိုးဖိုတစ်ဦးနှင့်အိမ်ထောင်ပြုခြင်းသည် သင့်အတွက်ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်

လိမ့်မည်။ သင်သည် အတ္တစိတ်များလွှမ်းမိုးသောဘဝအသက်တာတွင် ရပ်တည်နေရမည့်အန္တရာယ်ကို ရင်ဆိုင်ခဲ့ရသည်။ နိုး၍လုပ်ကိုင်စေရန် လိုအပ်သောစာရိတ္တ၏တန်ဖိုးရှိလှသော ထူးခြားသောအရည်အသွေးများ သင်၌ရှိသည်။ သင်သည် စိတ်သဘောများနှင့်ဘယ်ကဲ့သို့ပြုစုဆက်ဆံရမည်ကို သင့်အား သင်ကြားပေးမည့်အတွေ့အကြုံမျိုးကို သင်၏အသစ်သောဆက်သွယ်မှုရရှိလိမ့်မည်။ ကလေးများကိုကြည့်ရှုပြုစုခြင်းမှာ မေတ္တာနှင့်ကြင်နာခြင်းတည်း ဟူသောသဘောတရားတို့သည် သန်မာထွားကြိုင်းလာလိမ့်မည်။ သင့် အိမ်ထောင်တွင် သင်ထမ်းရမည့်တာဝန်ဝတ္တရားများသည် သင့်အတွက် ကြီးမားသောကောင်းချီးမင်္ဂလာဖြစ်လိမ့်မည်။ ဤသားသမီးတို့သည် သင့်အတွက်အဖိုးထိုက်သောသင်ခန်းစာ စာအုပ်ကြီးဖြစ်လိမ့်မည်။ ယင်းသင်ခန်းစာများကို သင်သည်မှန်ကန်စွာဖတ်ရှုလေ့လာလျှင် သင့်အဖို့ကောင်းချီးမင်္ဂလာ များမြောက်မြားစွာရရှိစေလိမ့်မည်။ သားသမီးတို့အားကြည့်ရှုပြုစုခြင်းမှ နိုးကြားလာသောစိတ်ကူးဉာဏ်တို့သည် နူးညံ့သိမ်မွေ့ခြင်း၊ ချစ်ခြင်းနှင့် ကိုယ်ချင်းစာနာခြင်းတို့အား ထကြွလုပ်ဆောင်မှုရှိစေလိမ့်မည်။ ဤသားသမီး တို့သည် သင့်အသွေးအသား၏တစ်စိတ်တစ်ဒေသမဟုတ်သော်လည်း သူတို့၏ ဖခင်ဖြစ်သူနှင့်အိမ်ထောင်ပြုခဲ့သောကြောင့် သင့်အနေဖြင့်ချစ်ရမည်။ ထိန်းသိမ်း ကြည့်ရှုရမည့်သူများ၊ သွန်သင်ဆုံးမရမည့်သူများတို့ပြင် ကျွေးမွေးပြုစုရမည့် သူများဖြစ်လာလေပြီ။ သူတို့နှင့်ပေါင်းသင်းဆက်ဆံရခြင်းအားဖြင့် သင့်အတွက် အကျိုးရှိမည့်စိတ်ကူးဉာဏ်များနှင့် အကြံအစည်များကိုကျင့်သုံး စေလိမ့်မည်။ သင့်အိမ်ထောင်၌ရရှိရမည်ဖြစ်သောအတွေ့အကြုံအားဖြင့် သင်လုပ်ကိုင်ဆောင်ရွက်မှုကို ဖျက်လိုဖျက်ဆီးပြုလုပ်ရမည့်အတ္တစိတ်ကို ဖယ်ရှား၍၊ ပျော့ပျောင်းနူးညံ့စေ၍ အောင်မြင်ရန်လိုအပ်သောအကြံအစည် များကို ပြုပြင်ပြောင်းလဲပေးလိမ့်မည်။

နူးညံ့သိမ်မွေ့စွာဖြင့်လည်းကောင်း၊ ကိုယ်ချင်းစာနာစွာဖြင့်လည်း ကောင်း၊ ချစ်ဖွယ်သောစကားများဖြင့်လည်းကောင်း ဆက်ဆံမှုကိုလိုအပ် နေသောသူတို့နှင့်ပိုမိုရင်းနှီးစေရန်သင့်အနေဖြင့် ပိုမိုကြီးမားရင့်သန်သော စိတ်နူးညံ့သိမ်မွေ့ခြင်းနှင့်ကိုယ်ချင်းစာနာခြင်းတရားတို့ကို သန်မာထွားကြိုင်း လာစေရန် လိုအပ်နေပေသည်။ သင်၏သားသမီးများက ဤကျင့်ကောင်း သီလများကိုကျင့်သုံးစေရန်နှင့်သဘောထားကြီးကြီးထားစေရန် ကူညီမစ ကြလိမ့်မည်။ သူတို့နှင့်ခင်မင်ရင်းနှီးစွာပေါင်းသင်းဆက်ဆံခြင်းအားဖြင့် ဒုက္ခဝေဒနာခံစားနေရသောလူသားတို့အတွက် ဆောင်ရွက်ရာတွင် သင့်အား ပိုမို၍စေတနာ၊ မေတ္တာ၊ ကိုယ်ချင်းစာတရားများ မွေးမြူကျင့်သုံးရန်သိရှိ လာလိမ့်မည်ဖြစ်သည်။

**မေတ္တာစိတ်ကင်းမဲ့သောမိထွေးအတွက်ဆုံးမချက်** – သင်သည်

သင့်ခင်ပွန်းကိုမေတ္တာရှိ၍ သူနှင့်အိမ်ထောင်ပြုခဲ့လေပြီ။ သင်သည်သူနှင့်အိမ်ထောင်ပြုစဉ်က သူ့သားသမီးများအတွက် မိခင်၏တာဝန်များကို ထမ်းဆောင်ရန်ပဋိညာဉ်ပြုခဲ့လေပြီ။ သို့ရာတွင် ဤကိစ္စ၌သင်သည် အားတက် သရော မရှိပုံကို ကျွန်ုပ်တွေ့မြင်ခဲ့ရသည်။ သင်သည် ဝမ်းနည်းဖွယ်ကောင်း အောင်ချွတ်ယွင်းချက်ရှိသည်။ သင်သည် သင့်ခင်ပွန်း၏သားသမီးများကို ယုယပိုက်ထွေးခြင်းမရှိပေ။ အခြေအနေသည် လုံးဝပြောင်းလဲမှုမရှိလျှင်လည်း ကောင်း၊ သင့်ကိုယ်တိုင်နှင့်သင့်အုပ်ထိန်းမှုတွင် ပြုပြင်ပြောင်းလဲမှုမရှိလျှင် လည်းကောင်း ဤအဖိုးထိုက်တန်လှသောရတနာကလေးများသည် ဆုံးရှုံး ပျက်စီးကြရပေမည်။ သင်သည်စည်းကမ်းပေးရာတွင် မေတ္တာစိတ်မရှိ၊ မေတ္တာ တရားထားရှိကြောင်း လက္ခဏာပြသခြင်းလည်းမရှိပေ။

ယင်းချစ်ဖွယ်ကောင်းသောသားသမီးများအထူးသဖြင့် သူ၏ဘဝအသက်တာကို ခါးသီးအောင်ပြုလုပ်လျက်ရှိသည်တကား၊ ချစ်ခြင်း၊ ခင်မင်ယုယစွာဖြင့်ပိုက်ထွေးခြင်းနှင့်သည်းခံခြင်းတို့သည် အဘယ်မှာရှိသနည်း။ မေတ္တာထက်မုန်းတီးခြင်းသည် သင့်မသန့်ရှင်းသောစိတ်နှလုံး၌ ကိန်းအောင်းလျက်ရှိနေပြီတကား။ သင်၏နှုတ်မှချိုးကျိုးစကားနှင့်အားပေးစကားထက်ပြစ်တင်သောစကားများထွက်လာကြပြီတကား။ သင်၏အပြုအမူများ၊ သင်၏ခက်ထန်သောလုပ်ရပ်များ၊ သင်၏ကိုယ်ချင်းစာတရားကင်းမဲ့သောသဘာဝတို့သည် ထိုနုနယ်ပျော့ပျောင်းသောသမီးအတွက် နုနယ်သောအပင်ငယ်ကိုဖျက်ဆီးတတ်သော မိုးသီး၏ဒဏ်ကိုခံရသည်နှင့်တူလှသည်။ မိုးသီး၏ဒဏ်ကိုခံရသောအခါတိုင်း အပင်ငယ်သည်ကောက်ကွေး၍ ကျိုးပဲ့ကြေမွလျက်အသက်ပင်ဗလာနတ္ထိမရှိတော့ပြီတကား။

သင်၏အုပ်ချုပ်မှုသည် သင့်ကလေးများ၏မေတ္တာလမ်းကြောင်း၊ မျှော်လင့်ခြင်းလမ်းကြောင်းနှင့်ဝမ်းမြောက်ခြင်းလမ်းကြောင်းများကို ပိတ်ဆို့ထားပြီတကား။ သင့်သားသမီးမျက်နှာတွင် ဝမ်းနည်းခြင်းအမှတ်အသားသည်ပေါ်လွင်နေလျက် သင့်နှလုံးသားထဲတွင် ကိုယ်ချင်းစာတရားနှင့်နူးညံ့သိမ်မွေ့ခြင်းတရားများ နိုးကြားထကြွလာမည့်အစား၊ သည်းခံမှုကင်းမဲ့ခြင်းနှင့်မုန်းတီးခြင်းတို့သည် အစားထိုးဝင်ရောက်လာလေပြီတကား။ သင်၌ရွေးချယ်မှုရှိလျှင် ဤအခြေအနေကိုရှင်လန်းချမ်းမြေ့သော ဘဝအသက်တာသို့ပြောင်းလဲနိုင်သည်။

သားသမီးတို့သည် မိခင်မျက်နှာ၏အနေအထားကိုကြည့်ရှုလေ့လာကြသည်။ မေတ္တာရှိသည် (သို့မဟုတ်) မုန်းတီးခြင်းရှိသည်ကို သူတို့နားလည်ကြသည်။ သင်၏လုပ်ရပ်ကိုသင်သည်မသိပေ။ ဝမ်းနည်းသော

မျက်နှာငယ်ကလေးသည်လည်းကောင်း၊ ဒုက္ခအပြည့်အဝရှိသောနှလုံးသား ထဲမှထွက်ပေါ်လာသောသက်မချခြင်းသည်လည်း ကောင်းသောမေတ္တာနှင့်

သနားခြင်းကရုဏာကို တောင်းဆိုနေသည်မဟုတ်ပါလော။

**အလွန်အကြူးတင်းမာကျပ်တည်းခြင်း၏ဆိုးကျိုးများ** – မကြာမီက ကျွန်ုပ်အားဒေါ်သိုအကြောင်းကို ရုပါရုံတွင်ပြပါသည်။ သူမ၏မှားယွင်းမှု များကို သူမရှေ့တွင်တိကျစွာသရုပ်ပေါ်အောင်ဖော်ပြထားသည်။ သို့ရာတွင် နောက်ဆုံးအကြိမ်ကျွန်ုပ်တွေ့မြင်ရသောအချိန်တွင် သူမ၏မှားယွင်းမှုများ သည် ဆက်လက်ရပ်တည်နေသေးသည်ကိုလည်းကောင်း၊ သူမသည် သူမ ခင်ပွန်း၏ကလေးများအပေါ်အေးစက်စက်ဖြင့်ဆက်ဆံ၍ ကိုယ်ချင်းစာနာမှု လည်းမရှိပေပြီ။ ကြီးမားသောမှားယွင်းမှုများအတွက်ပါ ဆုံးမပဲ့ပြင်လေသည်။ အမြဲတမ်းအပြစ်ရှာခြင်းသည် မှားယွင်း၍ယင်းကာယကံရှင်၏နှလုံးသားထဲ တွင် ခရစ်တော်၏ဝိညာဉ်တော်သည် ကိန်းဝပ်ခြင်းမပြုနိုင်ပေ။ သားသမီး များတွင် ကျင့်ကောင်းသီလများကို နှစ်သက်သဘောကျကြောင်း အမူအရာ အားဖြင့် မပြသော်လည်း မှားယွင်းမှုတစ်ခုတည်းကိုပင် တွေ့မြင်သောအခါ "နင်ပဲငအေ" ဟု ပြောတတ်လေသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် ကလေးများအားစိတ် အားငယ်စေ၍ နားမထောင်ဘဲနေသောအကျင့်ဓလေ့ကို ပျိုးထောင် ပေးတတ် သည်။ ၎င်းအပြင် ကလေးများ၏နှလုံးသားထဲ၌ အပြစ်ဒုစရိုက် ကိုလှုံ့ဆော် ပေး၍ အမိုက်သရိုက်အညစ်အကြေးတည်းဟူသော အပြောအဆို နှင့်လုပ်ရပ် များကို မွေးထုတ်ပေးတတ်သည်။ အမြဲတမ်းဆူပူကြိမ်းမောင်းခြင်း ခံရသော ကလေးတို့တွင် "ဂရုစိုက်စရာမလိုပါဘူး" ဟူသော စိတ်သဘော ထားမျိုးကို ကိန်းအောင်းစေ၍ မည်ကဲ့သို့သောနိဂုံးချုပ်မှုမျိုးရှိသော်လည်း ဆိုးညစ်သော စိတ်လိုက်မာန်ပါပြုမှုမျိုးကို လမ်းခင်းပေးသည်။

ဒေါ်သိုအနေဖြင့် မေတ္တာနှင့်ကိုယ်ချင်းစာတရားများကို မွေးမြူထား သင့်ပေသည်။ သူမထိန်းသိမ်းကြည့်ရှုနေရသော မိခင်မဲ့ကလေးများအပေါ် နူးညံ့သိမ်မွေ့သောမေတ္တာမျိုးကို ရှာသွန်းပေးသင့်ပေသည်။ ယင်းကဲ့သို့ပြုလုပ် ခြင်းသည် ဘုရားသခင်ချစ်တော်မူသောကလေးများအတွက် မင်္ဂလာဖြစ်၍ သူတို့ကလည်း သူမအားမေတ္တာဖြင့်တုံ့ပြန်ကြလိမ့်မည်။

**နှစ်ထပ်ကွမ်းကြည့်ရှုပြုစုခြင်းလိုအပ်သောအခါ** – မေတ္တာစစ် မေတ္တာမှန်အရင်းခံသောနှလုံးသားကို ရင်ဝယ်ပိုက်ထားသောမိခင်နှင့် သေခြင်း အားဖြင့်ကွေကွင်းရသောသားသမီးတို့သည် မည်ကဲ့သို့မျှအစားမထိုးနိုင်သော ဆုံးရှုံးခြင်းမျိုးကို ရင်ဆိုင်ကြရသည်။ သို့ရာတွင် ယင်းကံခေသောသိုးစု ငယ်ကလေးကို ကြည့်ရှုပြုစုထိန်းသိမ်းရန် တာဝန်ယူသောမိထွေးသည် ယင်း ကလေးများအား ပိုမိုမေတ္တာတရားထားရန်နှင့် သူတို့၏မိခင်ရင်းထက်ပင်

ပိုမိုသည်းခံသောသဘောထား၊ ခြိမ်းခြောက်မှုရှောင်ကြဉ်သောသဘောထား များကို မွေးမြူကျင့်သုံးရန် နှစ်ထပ်ကွမ်းတာဝန်ရှိလေသည်။ ဤနည်းအား ဖြင့် သားသမီးတို့၏ကြီးမားသောဆုံးရှုံးမှုကြီးကို အစားထိုးနိုင်လိမ့်မည် ဖြစ်သည်။

---o---

# အခန်း ၄၇
# မိခင်တို့အတွက်ခရစ်တော်၏အားပေးစကား

**ယေရှုရှင်သည် ကလေးသူငယ်များတို့ကိုကောင်းချီးပေးတော် မူ၏ –** ခရစ်တော်၏လက်ထက်တွင် ကိုယ်တော်ရှင်အားကလေးသူငယ် များကိုကောင်း ချီးပေးရန် မိခင်တို့သည် သူတို့၏သားငယ်ရင်သွေးများကို ကိုယ်တော်ရှင်ထံ တော်သို့ခေါ်ဆောင်လာခဲ့တတ်ကြသည်။ ယင်းကဲ့သို့ပြုလုပ် ခြင်းအားဖြင့် မိဘတို့သည် ယေရှုရှင်ကိုယုံကြည်ကြောင်းပြသကြသည်သာမက သူတို့ကြည့် ရှုပြုစုရန် သူတို့၏လက်သို့အပ်နှင်းထားသော သားငယ် ရင်သွေးတို့၏ပစ္စုပ္ပန် နှင့်အနာဂတ်ကာလကောင်းစားရေးအတွက် သူတို့၌ ပြင်းပြသောဆန္ဒရှိကြောင်း ကိုလည်း ပြသကြသည်။ ယင်းကလေးသူငယ် များကို ဂရုတစိုက်ရှိရကောင်း လားဟူသောသဘောနှင့် မလိုအပ်သောဝင်ရောက် စွက်ဖက်မှုမျိုးဖြင့် တပည့် တော်များသည် ယင်းကလေးများ၏မိဘများအား ထွက်သွားစေရန်ပြောကြားကြ သောအခါ ကိုယ်တော်ရှင်သည် သူတို့အား ဆုံးမလျက် ယင်းကလေးသူငယ် များကိုပွေ့ပိုက်လာသောမိခင်တို့အား အထံ တော်သို့ချဉ်းကပ်နိုင်စေရန် လမ်း ဖယ်ပေးဖို့လူထုပရိသတ်တို့အား မိန့်တော် မူသည်။ ကိုယ်တော်ရှင်က “သူငယ် တို့ငါ့ထံတော်သို့လာသည်ကိုမဆီးတား ကြနှင့်။ ကောင်းကင်နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်သည်” ဟု မိန့်တော်မူလိုက်သည်။

မိခင်များတို့သည် ဖုန်ထူထပ်သောလမ်းများကိုကျော်၍ ကယ်တင်ရှင် အထံတော်သို့ချဉ်းကပ်ကြသောအခါ သူတို့၏သားငယ်ရင်သွေးများအတွက်

တိတ်ဆိတ်စွာပတ္ထနာပြုကြသောအချိန်တွင် မျက်ရည်များကဆင်း၍ တုန်လှုပ် နေသောနှုတ်ခမ်းများကို ကိုယ်တော်ရှင်သည် တွေ့မြင်တော်မူသည်။ တပည့် တော်များ၏ပြစ်တင်ပြောဆိုသံကို ကိုယ်တော်ရှင်သည်ကြားတော်မူ၍ သူတို့ ၏အမိန့်ပေးချက်နှင့်ဆန့်ကျင်ဘက်ဖြစ်သောအမိန့်တော်ကို ပေးတော်မူခဲ့သည်။ ကိုယ်တော်ရှင်၏မဟာကရုဏာတော်နှင့်ပြည့်ဝသောနှလုံးသားသည် ကလေး သူငယ်များကိုလက်ခံရန် ပွင့်လျက်ရှိတော်မူသည်။ ကလေးသူငယ်များ တစ် ယောက်ပြီးတစ်ယောက်ပွေ့ပိုက်လျက် ကောင်းချီးပေးနေတော်မူစဉ် တစ်ဦး သောကလေးက ရင်ခွင်တော်တွင်အိပ်မောကျနေသည်။ မိခင်များတို့အား သူတို့လုပ်ကိုင်ရသောလုပ်ငန်းနှင့်ပတ်သက်၍ ယေရှုရှင်ကအားပေး စကားမိန့် ကြားတော်မူသောအခါ သူတို့သည် ဘယ်မျှလောက်စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်သွားကြသနည်း။ ယင်းမေ့နိုင်ဖွယ်ရာမရှိသောအချိန်အခါကို ပြန်လည်ကြည့် ရှုသုံးသပ်ကြသောအခါ သူတို့သည် ယေရှုရှင်လက်တွေ့ ပြသခဲ့သောကောင်း မြတ်ခြင်းနှင့်ကရုဏာအတွက် ဘယ်မျှလောက်ဝမ်းမြောက် ဝမ်းသာဖြစ်ကြသ နည်း။ ကိုယ်တော်ရှင်၏နှုတ်တော်မှထွက်ပေါ်လာခဲ့သော ဝန်ထုပ်ကိုဖယ်ရှားပစ်၍ သူတို့အားအသစ်သောမျှော်လင့်ချက်နှင့်ခွန်အားကို ပေးလေသည်။ မောပန်းခြင်း သည် လုံးဝပျောက်ကွယ်သွားပြီဖြစ်သည်။

ဤသင်ခန်းစာသည် ခေတ်အမျိုးမျိုး၌ရှိသောမိခင်များအတွက် အား တက်ဖွယ်ကောင်းသော သင်ခန်းစာဖြစ်သည်။ သူတို့သည် အတတ်နိုင် ဆုံးနှင့် အကောင်းဆုံးလုပ်ဆောင်ပြီးနောက် သူတို့၏သားသမီးများကောင်းစားရေးအ တွက်ဆောင်ရွက်နိုင်သည်။ သူတို့အားယေရှုရှင်ထံတော်သို့ ပို့ဆောင်ပေးနိုင် သည်။ မိခင်၏ရင်ခွင်၌ရှိသော ကလေးသူငယ်များပင် ကိုယ်တော် ၏ရှေ့တော် တွင် အဖိုးတန်လှသည်။ သူမပေးကမ်းနိုင်သောအကူအညီ၊ မကမ်းလှမ်းနိုင် သောကျေးဇူးကရုဏာအတွက် သူမသည် မျှော်လင့်တောင့်တ၍ သူမကိုယ်တိုင် နှင့်သားသမီးများကို ခရစ်တော်၏ကရုဏာတော်နှင့်ပြည့်ဝသော လက်မောင်း တော်များသို့အပ်နှံသောအခါ ကိုယ်တော်ရှင်သည်လက်ခံ၍ ကောင်းချီးပေး တော်မူမည်။ ကိုယ်တော်သည်ငြိမ်သက်ခြင်း၊ မျှော်လင့်ခြင်း နှင့်ပျော်ရွှင်ခြင်းတို့ ကို မိခင်နှင့်ကလေးတို့အားပေးတော်မူသည်။ ဤအဖိုးတန် လှသောအခွင့်အရေး ကို မိခင်အားလုံးတို့အား ယေရှုရှင်ကခွင့်ပြုပေးကမ်း တော်မူမည်။

**ယေရှုရှင်သည်မိခင်တို့အားဖိတ်မန္တကပြုတော်မူလျက်ရှိသည်–**

ကောင်းကင်ဘုံရှင်အနန္တတန်ခိုးတော်ရှင်က

‘‘သူငယ်တို့ငါ့ထံသို့လာသည်ကို မဆီးတားကြနှင့်၊ ကောင်းကင်နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံ ဖြစ်သည်’’ ဟု မိန့်ကြားတော်မူခဲ့သည်။ ယေရှုရှင် သည် ကလေးသူငယ် တို့အား ကျမ်းပြုဆရာများထံကိုလည်း စေလွှတ်တော်မ မူပေ။ ဖာရိရှဲထံကို လည်းစေလွှတ်တော်မမူပေ။ အဘယ်ကြောင့် ဤပုဂ္ဂိုလ်ကြီး များက ကလေး သူငယ်တို့၏မိတ်ဆွေတော်ကြီးများဖြစ်သော ယေရှုရှင်ကိုငြင်း ပယ်ရန် သွန်သင် ပေးကြလိမ့်မည်ကို ကိုယ်တော်ရှင်သည် သိရှိတော်မူသည်။ ယေရှုထံတော်သို့ မိမိတို့၏ကလေးသူငယ်များကိုယူဆောင်လာသောမိခင်တို့သည် မိမိတို့၏ သားသမီးတို့ကို ခရစ်တော်ထံသို့ယူဆောင်လာကြပါလေစေ။ ဧဝံဂေလိတရား တော်ကိုဟောပြောကြသောဓမ္မဆရာတို့သည် ကလေးသူငယ်များ အားပွေ့ချီ ၍ ယေရှုရှင်၏နာမတော်အားဖြင့် ကောင်းချီးပေးကြပါစေ။ နုနယ် သော ရတနာကလေးများတို့အား နူးညံ့သိမ်မွေ့၍ မေတ္တာနှောသောစကားများကို ပြောပါ။ အဘယ်ကြောင့်ဆိုသော် ယေရှုရှင်သည် သိုးစုမှသိုးငယ်များကိုပွေ့ချီ၍ ကောင်းချီးပေးတော်မူခဲ့သည်။

မိခင်တို့သည် မိမိတို့၏ပြဿနာများနှင့်အတူတကွ ယေရှုရှင်ထံသို့ ချဉ်းကပ်ပါလေစေ။ သူတို့၏သားသမီးများအား အုပ်ချုပ်ကွပ်ကဲရာတွင် သူတို့ကိုကူမည့်လုံလောက်သောကျေးဇူးတော်ကို တွေ့ရှိကြလိမ့်မည်။ ကယ်တင်ရှင်၏ခြေရင်းတော်၌ မိမိ၏ဝန်ထုပ်များကိုချထားမည့်မိခင်တိုင်း အတွက် တံခါးများသည်ဖွင့်ထားလျက်ရှိသည်။ ကိုယ်တော်ရှင်၏ကောင်းချီး မင်္ဂလာများကိုခံစားစေရန် မိမိတို့၏သားငယ်သမီးငယ်များကို ကိုယ်တော်ရှင် ထံတော်သို့ပို့ဆောင်ရန် ကိုယ်တော်ရှင်သည်မိခင်များအား ယခုတိုင်အောင် ခေါ်ဖိတ်လျက်ရှိသေးပါသည်။ မိခင်၏ရင်ခွင်၌ပိုက်ထားသောကလေးသူငယ် သည်ပင် ဆုတောင်းပတ္ထနာပြုသော မိခင်၏ယုံကြည်ခြင်းအားဖြင့် အနန္တ တန်ခိုးရှင်၏အရိပ်တွင် ခိုလှုံနေနိုင်သည်။ နှစ်ခြင်းဆရာယောဟန်သည် မွေးစကပင်သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝလျက်ရှိသည်။ ကျွန်ုပ်တို့ သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့လျှင် ကျွန်ုပ်တို့၏သားငယ်ရတနာ များကို သူတို့၏အစောဆုံးအချိန်ကပင် သူတို့အားသန့်ရှင်းသောဝိညာဉ် ၏ပုံသွင်းမှု ကိုခံစားစေရန် မျှော်လင့်နိုင်ကြသည်။

## ကလေးငယ်တို့၏နှလုံးသားများသည်သိမှတ်လွယ်ကြသည်–

ခရစ်တော်ဘုရားသည် မိမိကိုယ်ကိုဂုဏ်မဲ့သောသူ၊ နှိမ်းပါးသောသူ၊ စိတ် ဒုက္ခကိုယ်ဒုက္ခရောက်သောသူတို့နှင့်ထပ်တူဖြစ်ကြောင်းကို ပြတော်မူသည်။ ကိုယ်တော်ရှင်သည် ကလေးသူငယ်များကိုပွေ့ချီတော်မူလျက် ကလေးတို့၏ အဆင့်အတန်းသို့သက်ဆင်းတော်မူသည်။ ကိုယ်တော်ရှင်၏အနန္တမေတ္တာ ဖြင့်ပြည့်ဝသောနှလုံးသားသည် သူတို့၏စုံစမ်းနှောင့်ယှက်မှုများနှင့် လိုအပ် ချက်များကိုနားလည်တော်မူ၍ သူတို့၏ပျော်ရွှင်မှုကို နှစ်သက်သဘောကျ တော်မူသည်။ လူနေထူထပ်သောမြို့ကြီး၏ဆူညံသောအသံဗလံတို့နှင့်ရှုပ်ထွေး မှုတို့ကြောင့် မောပန်းလျက်ကောက်ကျစ်စဉ်းလဲ၍ အပြစ်ရာတတ်သောသူတို့ နှင့်ဆက်သွယ်မှုကြောင့် ငြီးငွေ့နေတော်မူသော ကိုယ်တော်ရှင်သည် အပြစ် ကင်းမဲ့သောကလေးသူငယ်တို့၏အသိုက်အဝန်းတွင် စိတ်ငြိမ်သက်ချမ်းသာ မှုကို ကိုယ်တော်ရှင်သည် တွေ့ရှိတော်မူသည်။

ကိုယ်တော်ရှင်၏မျက်မှောက်တော်ကလေးသူငယ်တို့အား ဘယ်အခါမျှမောင်းနှင်ပစ်ခြင်းမရှိပေ။ ကောင်းကင်ဘုံရှင်အနန္တဘုန်းတော်သခင်သည် ကလေးသူငယ်တို့၏အသိဉာဏ် နှင့်ဆီလျော်သော ပြောကြားချက်များကိုပေးရန်လည်းကောင်း၊ ကိုယ်တော်ရှင် သည် သင်ကြားပေးလိုတော်မူသောသင်ခန်းစာများကို လွယ်ကူစေရန်လည်း ကောင်း ကိုယ်တော်ရှင်သည် ကလေးသူငယ်တို့၏နုနယ်၍တိုးချဲ့လျက်ရှိ သော စိတ်မြေဩဇာတွင် သူတို့၏ရင့်ရော်ကြီးထွားလာသောအရွယ်များတွင် ပေါက်ရောက်လာလျက် များစွာသောအသီးအနှံများကို ရိတ်သိမ်း စေမည့်အမှန်တရားမျိုးစေ့များကို ကိုယ်တော်ရှင်သည် စိုက်ပျိုးတော်မူခဲ့သည်။

ယင်းကလေးသူငယ်တို့သည် ကိုယ်တော်ရှင်၏အကြံပေးစကားကို လက်ခံ၍ ကိုယ်တော်ရှင်အား သူတို့၏ကယ်တင်ရှင်အနေဖြင့်လက်ခံမည်ကိုလည်းကောင်း၊ လောကီပညာတတ်များနှင့် စိတ်နှလုံးခိုင်မာသောသူတို့သည် ကိုယ်တော်ရှင်၏နောက်တော်သို့လိုက်မည့်လက္ခဏာမရှိဘဲ ဘုရားသခင်၏နိုင်ငံတော်သို့ဝင်စားခွင့်လည်း ရကြမည်မဟုတ်ကြောင်းကိုလည်းကောင်း ကိုယ်တော်ရှင်သည်သိရှိတော်မူသည်။ ကိုယ်တော်ရှင်ထံတော်သို့ချဉ်းကပ်၍ ကိုယ်တော်ရှင်၏အကြံပေးစကားတော်နှင့် ကောင်းချီးမင်္ဂလာကိုလက်ခံခြင်းအားဖြင့် ဤကလေးသူငယ်တို့သည် သူတို့၏နုနယ်ပျော့ပျောင်းသောစိတ် များတွင် ဘယ်အခါမျှပယ်ဖျက်၍မရနိုင်သော ကိုယ်တော်ရှင်၏ပုံသဏ္ဌာန် တော်နှင့်ကျေးဇူးတော်ကြွယ်ဝသောမိန့်တော်မူချက်များကို တံဆိပ်ရိုက်နှိပ်ထားပြီးဖြစ်သည်။ ဤခရစ်တော်၏အပြုအမူမှ ကျွန်ုပ်တို့ရယူနိုင်သော သင်ခန်းစာမှာ ငယ်ရွယ်သောသူတို့၏နှလုံးသားများသည် ခရစ်ယာန်ဘာသာအယူဝါဒဆိုင်ရာ သင်ကြားပို့ချချက်များကို ခံယူမှတ်သားထားလွယ်ခြင်း၊ ဘုရားတရားရှိသေကိုင်းရှိုင်းမှုနှင့် ကျင့်ကောင်းသီလများကျင့်သုံးမှုရှိစေရန်ဆွဲဆောင်ဖို့ခဲယဉ်းခြင်းမရှိခြင်းနှင့် လက်ခံရရှိထားပြီးဖြစ်သောအရာများကို ထိန်းသိမ်းထားရန် ခွန်အားရှိခြင်းတို့ဖြစ်သည်။

သူငယ်တို့ငါ့ထံသို့လာသည်ကို မဆီးတားကြနှင့်။ ကောင်းကင် နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်သည်။ ဤမွန်မြတ်လှသော မိန့်တော်မူချက်များကို မိခင်များသာမဟုတ်ဘဲ ဖခင်တိုင်းနှလုံးသွင်းထားရမည်။ မိမိတို့၏သားသမီးများကို ကိုယ်တော်ရှင်၏မျက်မှောက်တော်သို့ သွတ်သွင်းပေး၍ ခမည်းတော်ဘုရားသည် ကိုယ်တော်ရှင်၏ကောင်းချီးမင်္ဂလာများကို ယင်းသားသမီးတို့ကိုယ်စားပြုသော အိမ်ထောင်များပေါ်သို့သက်ရောက် စေရန်၊ ခရစ်တော်၏နာမတော်ကိုအမှီပြု၍ ဆုတောင်းပတ္ထနာပြုကြရန် ယင်း မိန့်တော်မူချက်များသည် မိဘတို့အတွက်အားပေးတိုက်တွန်းချက်ရှိသည်။ မိဘတို့ကအချစ်ဆုံးဖြစ်သောကလေးသူငယ်များသာမဟုတ်ဘဲ ဂရုတစိုက် သွန်သင်ဆုံးမမှုနှင့် ကြင်နာသောလမ်းပြပို့ဆောင်မှုကိုလိုအပ်နေသော ဆိုးပေ ကလေးများကိုပါ အထူးဂရုစိုက်၍ ထိန်းသိမ်းကြည့်ရှုပြုစုကြရမည်။

---o---